www.burmeseclassic.com

# [illegible]

ဗညားရှိန်း

digital Art Antt Bwere Zin

BURMESE CLASSIC .com

www.burmeseclassic.com

ဒုတိယအကြိမ်

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၁၅၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၇၂၇၀၆၀၇

မျက်နှာဖုံးဒီဖိုင်း ◆ အံ့ဖွယ်ဇင်

အတွင်းစာစီ ◆ မြစ်ခွဲဥစင်းကွန်ပျူတာ

ထုတ်ဝေသည့်လ ◆ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ

အကြိမ် ◆ ဒုတိယအကြိမ်

အုပ်ရေ ◆ ၅၀၀

ထုတ်ဝေသူ ◆ ဦးသန်းမြင့်(၀၁၀၄၀)၊လင်းလင်းစာပေ၊
အမှတ်(၄/၂၉)၊ မြဝတီမင်းကြီးလမ်း၊
၁၀-မိုင်ကုန်း၊ အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ◆ ဦးဇော်မင်း (Wizard)
အမှတ်(၁၉၈)၊ ၃၃-လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ် ◆ ဦးတိုးဝင်း (၀၂၄၃၁)၊
နေလရောင်အော့ဖ်ဆက်၊ (၉၆/ခ)၊
၁၁-လမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိ / စာအုပ်ချုပ် ◆ ပပစိုးနှင့်အဖွဲ့

တန်ဖိုး ◆ ၁၅၀၀/


# မညားရှိုင်း

---

## ခင်နှင်းယု

www.burmeseclassic.com

www.burmeseclassic.com



မှန်တိုင်းထန်သော ညမှာ လမင်းကို မမြင်ရပါ။

ချစ်သူတို့၏ ညများတွင် သာတတ်သော လမင်းသည် နောက်အိမ်တော် ဆောင်ရိပ်မှာ အိပ်၍များနေလေသလား။ ငှက်သံများက တိတ်ဆိတ်၍ ပန်းပွင့်လေးများလည်း ဝတ်လွှာကိုပိတ်ကာ ခိုက်ခိုက်တုန်နေကြသည်။

မှတ်သုံလေဝှေ့လိုက်တိုင်း မိုးသီးမိုးပေါက်များ သွန်ချသံ၊ သစ်ကိုင်းသစ်ရွက်များ တိုးဝှေ့လွင့်စဉ် ကျိုးကျသံများနှင့်အတူ ကလောညသည် အုန်းအုန်းညံ၍နေသည်။

မုန်တိုင်းသည် တစ်နာရီ ဘယ်နှမိုင်နှုန်းနှင့် တိုက်ခတ်နေသည် မသိပေမယ့် တစ်ချိန်ချိန်မှာတော့ စဲသွားပေမည်။ မလေးနု ရင်ထဲမှာလည်း မုန်တိုင်းတစ်ခု တိုက်ခတ်နေသည်။ တိုက်ခတ်နှုန်းကိုလည်း မသိ။ ဘယ်သောအခါ စဲမည်ဟုလည်း မပြောနိုင်ပါ။

မုန်တိုင်းထန်သောညကို မှန်ပြတင်းအထဲမှ မလေးနု မြင်နေရသည်။ သည်းထန်သော မိုးစက်များ သူ့ကို တစ်စက်မျှ မစင်ပါ။

လုံခြုံသော အိမ်ခန်းအတွင်းမှာ မီးလင်းဖိုဘေးတွင် အနွေးဓာတ်ကို ခိုလှုံ၍ မုန်တိုင်းညကို ရင်ဆိုင်ကြည့်နေနိုင်သည်မှာ သူ့ကြောင့်ဆိုသည်ကိုတော့ မလေးနု အလေးအနက် သတိပြုမိပါသည်။

မီးလင်းဖိုက မီးညွန့်က တလွန့်လွန့် လှုပ်ရှားနေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်သော မိုးဦးညက မီးရောင်ဟပ်နေသော သူ့မျက်နှာကို မလေးနု ငေးမောကြည့်နေမိသည်။

ယခုလို မလေးနုတစ်ယောက်တည်း အေးချမ်းစွာ ထိုင်နေနိုင်အောင် လုံခြုံမှု အာမခံချက်ပေးသော သူ့ကို မလေးနု ဘယ်တော့မှ မေ့မရပါ။

'မလေး၏ ဘဝအာမခံချက်ကို တစ်သက်လုံး တာဝန်ယူပါရစေတဲ့'

ဤစကားသံများသည် မလေးနုရင်မှာ လှိုင်းခတ်နေဆဲ။

★ ★ ★

- ၂ -

*ဒေါက်တာမလေးနု*

*၂၁၊ အင်းလျားလမ်း ရန်ကုန်။*

သူ့အမည်နှင့် လိပ်စာတပ်ထားသော စာအိတ်နှစ်အိတ်ကို ဒေါ်လေးသန်းက သူ့ကိုလာပေးသည်။ သူ ကလောကို ခွင့်နှင့်သွားနေစဉ် ဤစာများ ရောက်နေဟန်ရှိသည်။ ပထမစာအိတ်တစ်အိတ်ကို သူ ယူကြည့်လိုက်သည်။ စာအိတ်ထောင့်မှာ 'သက်မာ' ဟု ရေးထိုးထား၍ တင်သက်မာထံမှစာမှန်း သိရသည်။ တင်သက်မာက သူ့ထံ စာများ ရေးနေကျ။ ဒုတိယစာအိတ်မှာတော့ လိပ်စာမှတစ်ပါး ဘာမှရေးမထား၍ ဘယ်သူ့ဆီကမှန်း သူမသိပါ။

ခရီးပန်းလာ၍ အိပ်ချင်ပေမယ့် တင်သက်မာထံမှ စာအိတ်ကို ဖောက်ဖတ်လိုက်သည်။

*မလေး*

*သက်မာ ရန်ကုန်ပြောင်းရပြီ။ ရန်ကုန်ဆေးရုံကြီးကိုပဲ။ ရန်ကုန်ရောက်တော့ တိုင်ပင်စရာ အရေးကြီးလို့ မင်းဆီဖုန်းဆက်တော့ ကလောသွားနေတယ်လို့ ဒေါ်လေးက ပြောတယ်။ မလေးကို သက်မာ လာတွေ့ပါရစေ။ ဖုန်းနံပါတ် ပေးထားခဲ့တယ်။ ပြန်ဆက်ပါ။ ညပိုင်း ဆက်ရင် ပိုပြီးအဆင်ပြေတယ်။*

*ကျန်းမာပါစေ*

*သက်မာ*

www.burmeseclassic.com

www.burmeseclassic.com



တင်သက်မာတစ်ယောက် ဘာအရေးကြီးသည်မသိ။ တစ်ယောက်နှင့်တစ်ယောက် မတွေ့ခဲ့ရတာ ကြာပြီ။ သူ့ခင်ပွန်း ဒေါက်တာသန်းဦး မန္တလေးမှာ ဆုံးတော့လည်း မလေးနု မသွားနိုင်ခဲ့။ စာနှင့် တယ်လီဖုန်းနှင့်ပဲ တင်သက်မာကို အားပေးခဲ့ရသည်။ တင်သက်မာသည် ကလေးနှစ်ယောက်နှင့် အသက်သုံးဆယ်ကျော်လေးမှာ မုဆိုးမဖြစ် ကျန်ရစ်ခဲ့ရသည်။ သူတို့နှစ်ယောက်က ဆေးကောလိပ်မရောက်ခင် တက္ကသိုလ်မှာကတည်းက တွဲဖက်ဖြစ်သည်။ အထူးကုဆေးလိုင်းရွေးကြတော့ တင်သက်မာက မွေးဖွားဆေးဘက်လိုက်၍ မလေးနုက အိုင်ဂျီ ခေါ် သားဖွားမီးယပ် ပါရဂူဘွဲ့ကို ယူခဲ့သည်။

မလေးနု အင်္ဂလန်မှ သားဖွားမီးယပ် ပါရဂူဘွဲ့ယူပြီး အပြန်မှာ တင်သက်မာနှင့် ကိုသန်းဦးတို့ လန်ဒန်မှာ လက်ထပ်ကျန်ရစ်ကြသည်။ ဒေါက်တာသန်းဦး ခွဲစိတ်ပါရဂူဘွဲ့ရပြီးမှ မြန်မာပြည်ပြန်လာကြသည်။

ဘာလိုလိုနှင့် ကိုသန်းဦး ကွယ်လွန်ခဲ့သည်မှာ ငါးနှစ်ထဲသို့ ရောက်ခဲ့ပါပြီကော။ တင်သက်မာနှင့် သူ တွေ့လိုပါသည်။ ငယ်သူငယ်ချင်းနှစ်ယောက် မဆုံစည်းရတာ ကြာခဲ့ပြီ။ ဘဝဆိုတာ ဒီလိုပဲပေါ့လေ။ တင်သက်မာနှင့် ကိုသန်းဦးတို့ဘဝကို လက်တွဲဖြတ်သန်းချိန်တွင် သူ၏ တစ်ကိုယ်တော်တိုက်ပွဲကိုလည်း သူတို့သိမည်မဟုတ်။

ဒုတိယစာအိတ်ကို ဖောက်ဖတ်လိုက်ပြန်သည်။ သူ အံ့အားသင့်သွားသည်။ ဒီလက်ရေးကို မမှတ်မိပါ။ စာကိုဖတ်ကြည့်တော့မှ တရေးရေး သတိရလာသည်။

*မလေးနု*

*အင်္ဂလန်က ပြန်လာတာတော့ သိတယ်။ ကိုမျိုးခင် တိုက်ပွဲမှာကျတာလည်း သိပေမယ့် ရှိန်း မလာနိုင်ဘူး။ အမေရိက ရောက်နေလို့။ မလေးနုဆီ ဝမ်းနည်းကြောင်းစာပဲ ပို့နိုင်ခဲ့တယ်။ ရှိန်း မလေးနုသတင်းကို စုံစမ်းလျက်ပဲ။ ခုမှ ရန်ကုန်မှာ ရှိနေတယ်၊*



*ဦးလေး၊ အဒေါ်တွေနဲ့နေတယ် သိရပြီး လိပ်စာရလို့ ဒီစာရေးလိုက်တယ်။ ရှိန်း မလေးနုနဲ့ တွေ့ချင်တယ်။ ဖုန်းနံပါတ် စာထဲထည့်ရေးလိုက်တယ်။ တွေ့နိုင်မယ့်ရက်နဲ့ နေရာကို ချိန်းပါ။ တွေ့မှ အကြောင်းစုံတွေ ပြောကြတာပေါ့။ တက္ကသိုလ်နေ့ရက်တွေနဲ့ ကိုမျိုးခင်ကို သတိရလျက်ပဲ။*

*ရွှင်လန်းပါစေ*

*ဗညားရှိန်း*

မလေးနုသည် စာဖတ်ပြီး အံ့အားသင့်သွားသည်။ သက်မာ စာကတော့ ဖတ်ပြီး ငယ်သူငယ်ချင်းချင်း တွေ့ရမှာမို့ ပျော်သွားသည်။ ရှိန်း၏စာကိုဖတ်ပြီးတော့ သူ့ရင်ထဲမှာ အံ့သြခြင်း၊ ဝမ်းနည်းခြင်းတွေ တစ်ပြိုင်နက် ခံစားလိုက်ရသည်။ စာနှစ်စောင်စလုံးကိုသိမ်း၍ သက်မာကို ပထမပတ် တနင်္ဂနွေချိန်းလိုက်၍ ရှိန်းကို ဒုတိယ တနင်္ဂနွေနေ့ကို ချိန်းလိုက်သည်။ နေရာကတော့ သူ့အိမ်မှာပဲ ချိန်းလိုက်သည်။ ဦးလေးထွန်းဝင်းက ပထမအတွင်းဝန်အဖြစ် နိုင်ငံခြားသံရုံးများမှာ လုပ်ရင်းက သံမှူးဖြစ်တော့ အနားယူခဲ့သည်။ သူက ဦးလေး၏ဇနီး ဒေါ်လေးဒေါ်ခင်အေးသန်းဘက်က တော်ရသော တူမဖြစ်သည်။ ရန်ကုန် သူပြန်ရောက်တော့ သူတစ်ယောက်တည်းကျန်ခဲ့ ဒေါ်လေးသန်းတို့နှင့် ခေတ္တအတူနေရပေမယ့် သီးသန့်နေဖို့ သူ အစီအစဉ်ရှိသည်။ ဒေါ်လေးသန်းတို့မှာ ယင်းမာဝင်းဆိုသော သမီးလေးရှိ၍ သူ့မှာ အဖော်ရှိသည် ဆိုရမည်။ အိမ်မှာ သူ့ဧည့်သည်များကို တွေ့ဆုံခြင်းအတွက် ဒေါ်လေးသန်းတို့က မကန့်ကွက်ပါ။ လွတ်လပ်စွာ သီးခြားဧည့်ခန်းလေးမှာ တွေ့ဆုံခွင့်ရှိသည်။

ထို့ကြောင့် ယခုခေတ် ပေါ်များလာသော ရန်ကုန်မြို့ပြင်မှာ စားသောက်ဆိုင် အငယ်စားလေးများနှင့် ဟိုတယ်များ ရှိသော်ပေမယ့် သူ့အိမ်မှာပဲ ချိန်းဆိုလိုက်ခြင်းဖြစ်သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



တင်သက်မာကို တွေ့ရပြီ။

တင်သက်မာသည် စိုပြည်လှပနေဆဲ။ သူ့မျက်လုံးများသည် ချစ်သူနှင့် ကွေကွင်းရခြင်း ဆင်းရဲခံစားနေရပေမယ့် ကြည်လင်ဝင်းပနေဆဲဟု ထင်သည်။

ပိန့်ပိန့်သွယ်သွယ် အချိုးကျသောကိုယ်မှာ ပိုးပျော့ဝမ်းဆက် အစိမ်းရင့်ကို ဝတ်ထား၍ သွယ်သွယ်လျလျ ဖြစ်နေသည်။ ဖြူသောအသားကလည်း အဝတ်က အစိမ်းရင့်ဆိုတော့ ပိုပိုဝင်းပနေပုံရသည်။ သူငယ်ချင်းနှစ်ယောက် ခေါင်းရင်းဘက် ခြံပြင်မှာ သီးသန့်ထုတ်ထားသော ဧည့်ခန်းငယ်တစ်ခုမှာ တွေ့ကြသည်။ ဧည့်ခန်းသည် လင်း၍ ပန်းရနံ့များ ဝင်လာနိုင်အောင် ကျယ်ပြန့်သော ပြတင်းရှည်ကြီးတွေရှိသည်။ ပြတင်းပေါင်ပေါ်မှာ အစိမ်းရင့်ပန်းခက်များ သွယ်ထားသော ခန်းဆီးကြီးများက ဇေဘာဓောင်ရိပ်ကို ပေးနေသလိုပင်။

နှစ်ယောက်ဖက်၍ ဆိုဖာပေါ်ထိုင်ရင်း ရုတ်တရက် စကားမပြောနိုင်၊ ခွဲခွာနေခဲ့ရသော ရက်တွေကြာမြင့်သလို ခွဲခွာနေသော အချိန်တွေမှာ နှစ်ယောက်လုံး၏ဘဝကလည်း အပြောင်းအလဲတွေနှင့်။

တင်သက်မာသည် မလေးနုလက်ကို ဆုပ်ကိုင်ရင်း မျက်ရည်တွေဝိုင်းလာသည်။ မလေးနုကလည်း ငိုချင်သည်။

"ကလေးတွေရော နေကောင်းရဲ့လား"

မလေးနုက စကားစရသည်။

"နေကောင်းပါတယ်၊ သက်မာလည်း ကလေးတွေကြည့်ရအောင် အဒေါ်တစ်ယောက် ခေါ်ထားရတာပေါ့၊ မလေးနု ကလေးသွားတယ်ဆို"

"ဟုတ်တယ်၊ ဖေဖေတို့ မေမေတို့ အိမ်ပြန်ကြည့်ရသေးတယ်၊ အိမ်စောင့် ဦးသာဘော်တို့လင်မယားနဲ့ ထားခဲ့ရတာ၊ မလေးကလည်း ကလေးပြန်ချင်ပါတယ်၊ အလုပ်က ရန်ကုန်ပြောင်းရတာ၊ ဘစ်နေ့နေ့တော့ ကလေးအိမ်ကို ပြန်ရမှာပေါ့လေ၊ ဖေဖေ့ရဲ့ မြတ်နိုး



တဲ့ ဒီအိမ်ကို ပြန်ရအောင်လုပ်ပြီး မလေး ဆက်ထိန်းသိမ်းရမှာ"

တင်သက်မာသည် သက်ပြင်းလေး ရှိုက်လိုက်၏။ ပညာကိုယ်စီရှိကြ၍ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်၍သာ တော်တော့သည်။ သူ့အဖို့ ဘဝခြေလှမ်းအစပဲ ရှိသေးသည့်အချိန်မှာ ကလေးနှစ်ယောက်ရပြီး ကိုသန်းဦး ကွယ်လွန်ခဲ့သည်။

"ကဲ… ပြောလေ၊ မလေးကို တိုင်ပင်ချင်တယ်ဆိုတာ"

မလေးနုက စကားစလိုက်ရသည်။

"သက်မာလည်း တွေးမိတယ်လေ၊ မင်းဘဝ ကိုယ့်ဘဝ တစ်ယောက်နဲ့တစ်ယောက် အသိကြဆုံး၊ အရင်းနှီးဆုံးမို့ သက်မာ မလေးနုဆီ လာခဲ့တာ"

"ပြောပါလေ… မလေးမှာလည်း တစ်ယောက်တည်းပါ၊ မလေးနု ဒီမှာ ကြာကြာနေဖို့ စိတ်မကူးပါဘူး။ တစ်ခုခုတော့ လုပ်ရမယ်"

"အဆင်မပြေလို့လား"

"မဟုတ်ပါဘူး၊ မလေးက တွေးပူတတ်တယ်၊ ကဲပါ မလေး ကိစ္စက အရေးပေါ်မဟုတ်ဘူး၊ သက်မာကိစ္စပြော"

သက်မာသည် ခေတ္တမျှ ငြိမ်သက်သွားသည်။ စကားပြောရန် အားယူနေပုံရသည်။ ပြီးမှ သက်ပြင်းကို လေးတွဲ့စွာချလိုက်သည်။

"သက်မာ လက်ထပ်မလားလို့"

မလေးနုသည် သက်မာ ပခုံးလေးကို ဖျစ်ညှစ်လိုက်၏။ သူ့ရင်ထဲမှာတော့ တုန်လှုပ်သလိုပါပဲ။

"ကိုသန်းဦး သူငယ်ချင်းပါပဲ၊ သူက ဆန်စက်ပိုင်ရှင်ပေါ့၊ မလေး သူ့ကို မသိပါဘူး၊ သက်မာ တစ်နေ့မှ မိတ်ဆက်ပေးမယ်၊ သက်မာ ရန်ကုန်ဆေးရုံကြီး ပြောင်းရတော့ ပိုအဆင်ပြေတယ်၊ သူ့ဆန်စက်က ပဲခူးမှာ၊ ပဲခူးသားပဲ၊ နေတော့ ရန်ကုန်မှာ၊ သူက

www.burmeseclassic.com

www.burmeseclassic.com



မှဆိုးဖို၊ သားသမီးမရှိတော့ လွတ်လပ်ပါတယ်'

မလေးနုက ဘာမှပြန်မဖြေနိုင်။ သူ့ကို ငယ်သူငယ်ချင်းမို့ ယုံကြည်၍ ဖွင့်ပြောလာသူကို သူ ဘာအကြံဉာဏ်ပေးရပါ့။

'မင်းကို ကြိုတင်မတိုင်ပင်တဲ့အတွက် သက်မာကို ခွင့်လွှတ်ပါ၊ မင်းနဲ့ ကိုယ်နဲ့ကလည်း ဆုံစည်းဖို့မလွယ်ဘူးလေ'

သက်မာက တောင်းပန်နေသည်။

'ခွင့်လွှတ်ပါတယ် သက်မာ၊ တကယ်တော့ တို့ဘဝ တို့ ဆက်လျှောက်ကြရမှာ၊ တို့အခက်အခဲကို တို့ပဲသိတယ်၊ ဖြစ်လာကြုံလာတဲ့ ပြဿနာကိုလည်း ကိုယ့်ဘာသာ ဖြေရှင်းရမှာလေ၊ ပြင်ပလူတွေက ဝေဖန်ရုံသာ တတ်နိုင်တာ၊ တို့ဘဝအခက်အခဲကို ဘာမှ သိကြတာမဟုတ်ဘူး၊ အေး တစ်ခုပဲ၊ သက်မာ သူ့ကို လှိုက်လှိုက်လှဲလှဲ ချစ်ပါသလား၊ သူကရော ချစ်ပါသလား၊ ဒါ တစ်ခုတော့ တွေးရမယ်၊ မင်း ကလေးတွေအတွက်ပဲဖြစ်စေ၊ မင်းအတွက်ပဲဖြစ်စေ ချစ်ဖို့ကတော့ လိုတယ်၊ မ ခင်မှ ဥခင်တယ်ဆိုတဲ့စကား ရှိတယ်မို့လား'

သက်မာက ခေါင်းလေးတညိတ်ညိတ်လုပ်သည်။

'ဆိုပါတော့ မလေး၊ သက်မာကို သူကလည်း ချစ်ပါတယ်၊ သက်မာကလည်း ချစ်ပါတယ်၊ ကလေးတွေအပေါ်လည်း သူ သည်းခံနိုင်ပုံရတယ်၊ သူ့အိမ်ထောင်ဆိုးတော့ ကလေးမကျန်ရစ်ခဲ့ဘူး၊ သူက ကိုယ့်သားကို တော်တော်ချစ်တယ်၊ သမီးလေးအပေါ်မှာလည်း မဆိုးပါဘူး'

'ဒါပဲ အရေးကြီးပါတယ်လေ၊ မလေးမှာ ဘဝအကြောင်းကြောင့် လက်မထပ်လိုက်ရပေမယ့် မလေး အတွေးအခေါ်က အိမ်ထောင်ရေးမှာ ဘယ်အရွယ်ပဲဖြစ်ဖြစ် လက်ထပ်ရင် အချစ်ကတော့ ပါမှဖြစ်မယ်လို့ ယူဆတယ်၊ အချစ်တစ်ခုတည်းကို အဓိကထားရမယ်လို့တော့ မဆိုလိုပါဘူး'



မလေးနုက ဖြည်းညင်းစွာ ဆက်လက်ပြောပြသည်။

'ပြီးတော့ တို့က အသက် နှစ်ဆယ်မပြည့်ခင် ဆယ်ကျော်သက်တွေမှမဟုတ်ဘဲ၊ Emotion တစ်ခုတည်းနဲ့ လက်ထပ်လို့မဖြစ်သလို အားကိုးအားထားရဖို့ တစ်ခုတည်းနဲ့လည်း လက်ထပ်ရေးကို မစဉ်းစားသင့်ဘူး၊ သက်မာမှာ ကလေးနှစ်ယောက် ကြီးပြင်းအောင် မွေးရဦးမယ်၊ အသက်ကလည်း ငယ်ပါသေးတယ်၊ လက်ထပ်တာ ကောင်းပါတယ်၊ လုံခြုံမှုလည်း ရှိတာပေါ့၊ ဒါပေမဲ့ ကိုသန်းဦးထံက အချစ်မျိုး ရလိမ့်မယ်လို့တော့ မမှတ်ထားတာ ကောင်းတယ်၊ အေးလေ ကံတရားကလည်း ရှိပါသေးတယ်၊ ကိုသန်းဦးထက် တော်ချင်တော်မှာ'

သက်မာကလည်း တွေးရင်း နားထောင်နေပုံရသည်။

'ငယ်ချစ်တွေလိုတော့ ဘယ်ဟုတ်မလဲ မလေးရယ်၊ ဒါကိုတော့ ကိုယ်က ကြိုတွက်ထားပါတယ်'

'အေးပေါ့လေ... ဘာပဲဖြစ်ဖြစ် တို့နှစ်ယောက် ရန်ကုန်မှာ အတူတူနေရတော့ တိုင်ပင်စရာရှိ တိုင်ပင်ရတာပေါ့၊ မလေးတော့ အားတက်သွားတယ်'

မလေးနုသည် စကားပြောရင်းမှ တစ်စုံတစ်ခုကို သတိရသွားသလို စကားကြောင်းပြောင်းလိုက်သည်။

'မလေး ကလောကပြန်လာတော့ သက်မာ ဖာနဲ့အတူ စာတစ်စောင် ရောက်နေတယ်၊ ဘယ်သူ့ဆီကလဲ သိလား'

'ဟင့်အင်း'

'ရှိန်းဆီကလေ၊ ဗညားရှိန်း၊ သတိရသေးလား'

'သတိရတာပေါ့၊ တူးတူးဆန်းဆန်းပဲဟယ်၊ သက်မာနဲ့ အဆက်အသွယ်ပြတ်သွားတာ ကြာပြီ၊ နောက်မှ မန္တလေး အေးဝန်းရပ်က သက်မာသူငယ်ချင်း အေးအေးနဲ့လက်ထပ်ပြီး ရန်ကုန် ပြောင်းသွားတယ်ပဲကြားတယ်၊ အေးအေးနဲ့တော့ သက်မာက ခင်တယ်၊ မန္တလေးမှာ အေးအေးနဲ့ သက်မာက ဆယ်တန်းအထိ ကျောင်းနေ

www.burmeseclassic.com

www.burmeseclassic.com



ဖက်၊ သူက ဆယ်တန်းအောင်တော့ တက္ကသိုလ်ဆက်မတက်ဘူး၊ ဒါနဲ့ ရှိန်းက ဘာကိစ္စ မလေးကို ဆက်သွယ်တာလဲ'

'မသိဘူးလေ၊ တိုင်ပင်စရာရှိလို့ မလေးကို လိုက်ရှာနေတာ၊ ခုမှ လိပ်စာသိလို့ စာရေးလိုက်တာတဲ့၊ တို့လည်း အင်္ဂလန်က ပြန်လာကတည်းက မြန်မာပြည် အနှံ့သွားပြီး အလုပ်လုပ်လိုက်ရတာ၊ ခုမှပဲ ရန်ကုန်ရောက်တော့တယ်'

'မလေး သူနဲ့တွေ့မယ်ပေါ့'

'အေးလေ... ဘာကိစ္စဆိုတာ တွေ့မှသိရမှာပေါ့'

'ရှိန်း... ရှိန်း... ခုလည်း ချောတုန်းပဲလား မသိ၊ မလေး မှတ်မိသေးလား၊ အင်းလျားဆောင်မှာ တို့များနေတုန်းက ကိုမျိုးဇင် မလေးဆီလာရင် သူ အမြဲပါတယ်။ သူ့ကို ကျောင်းသူတွေ ငမ်းတာလေ'

'မှတ်မိပါတယ်ကွာ၊ ခုတော့ သူ့ရုပ်ရည် ဘယ်လိုနေလဲ မသိ၊ သူတို့နှစ်ယောက် အတော်ချစ်တာနော်၊ မလေးက ဇင့်ကိုမေးတယ်၊ ကိုယ့်ချစ်သူဆီလာတာ ဘာကြောင့် သူငယ်ချင်းကို ခေါ်လာခဲ့ရတာလဲဆိုတော့ ဇင့်ရဲ့ချစ်သူဟာ သူငယ်ချင်းနဲ့ အဆင်ပြေမှ ကောင်းတာပေါ့တဲ့၊ ဒါ့ကြောင့် ရင်းနှီးအောင် ခေါ်ခဲ့တာတဲ့၊ ဇင်က သည်းကို သည်းပါတယ်၊ တစ်ခါတလေ ခေါ်လာတယ်ဆို ဟုတ်သေး၊ မလေးဆီလာရင် ဒီ ရှိန်းက အမြဲပါလာတာ'

'ဘာလဲ... မင်းက နှစ်ယောက်တည်းပြောချင်တာ မပြောရလို့ ရှိန်း ပါလာတာ မကြိုက်တာလား'

'မဟုတ်ပါဘူးဟာ၊ နှစ်ယောက်တည်းကို မတွေ့ရဲလို့ အဆောင်ဧည့်ခန်းမှာပဲ တွေ့တာပေါ့၊ နှစ်ယောက်တည်းတွေ့ရဲရင် အင်းလျားကန် အလယ်ကျွန်းရော မြို့ထဲရော တွေ့နိုင်တာပေါ့'

သူတို့သည် ငယ်တုန်းက တက္ကသိုလ်ရက်များကို ပြန်သတိရနေသလို ငြိမ်သက်နေကြသည်။



'မလေးကလည်း တော်တော် rigid ဖြစ်တာပဲနော်၊ ကိုမျိုးဇင်ကလည်း မလေး အလိုလိုက်ပါတယ်၊ တခြား ရည်းစားတွေဆို မြို့ထဲတို့၊ ရုပ်ရှင်ရုံတို့ ချိန်းမှာ'

'အဲဒီလို နေခဲ့ကြလို့လည်း ခွဲခွာသွားရတဲ့ ခုအချိန်မှာ မလေး ဖြေနိုင်တာပေါ့၊ ရည်းစားအခဆင့်ထက် ရင်းရင်းနှီးနှီးနေခဲ့မိရင် ပိုပြီး တွယ်တာ၊ ပိုတွယ်တာတော့ ပိုပြီး စိတ်ထိခိုက်ရမယ်၊ ဇင်တစ်ယောက် ဘယ်ဘဝရောက်နေမလဲ မသိဘူးနော်၊ တို့ လူဖြစ်ရတဲ့ ဘဝကလည်း မငြိမ်းချမ်းလိုက်တာနော်'

မလေးနုက လွမ်းလွမ်းဆွေးဆွေး ပြောလာ၍ သက်မာက စကားကြောင်း ပြောင်းလိုက်သည်။

'သက်မာတို့ လက်ထပ်မယ့်ရက်မတိုင်ခင် မလေးကို လာခေါ်မယ်၊ တစ်နေရာရာမှာ ညစာစားရအောင်၊ ကိုယ့်အချစ်ဆုံး သူငယ်ချင်းနဲ့ ကိုယ်လက်ထပ်မယ့်သူကို မိတ်ဆက်ပေးရအောင်၊ သက်မာ ကလေးတွေကိုလည်း ခေါ်ခဲ့မယ်၊ ဒါနဲ့ မင်း ရှိန်းကိုတွေ့ဖို့ ချိန်းပြီးပြီလား'

မလေးနုက ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်သည်။

'ဒီလိုဆိုရင် သူ့ဖုန်းနံပါတ် သက်မာကိုပေးပါ၊ သက်မာ ချိန်းရင် ရှိန်းတို့လင်မယားကိုလည်း ဖိတ်ချင်လို့၊ ရှိန်းနဲ့လည်း တစ်ခါတည်း မိတ်ဆက်ပေးရတာပေါ့'

'ကောင်းတာပေါ့'

'ကဲ... ဒီလိုဆို သက်မာပြန်မယ်'

မလေးနုသည် သက်မာ ပခုံးကလေးကိုဖက်ကာ ကားရှိရာသို့ လိုက်ပို့သည်။ တရွေ့ရွေ့ လိမ့်ထွက်သွားသော ကားထဲမှ သူငယ်ချင်းကိုကြည့်ရင်း သူ လက်ဝှေ့ပြလိုက်သည်။ သူကတော့ နေရာမှ ရွေ့မရ။ သက်မာသည် ဘဝသစ်တစ်ခုကို စတော့မည်။ သတ္တိရှိသည် ဆိုရမည်ပေါ့။ သူကတော့ ရုပ်မြဲနေရာမှ ခြေတစ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ရွေ့၍မရသေးသလို သူ အခုထိ ရှေ့ခရီးအတွက် မပြင်ဆင်ရသေး။ သူ့ခြေထောက်သည် သက်မာလို သတ္တိမရှိလေသလား။ ခရီးသစ်ကို ခြေလှမ်းစဖို့ နှောင့်နှေးနေသည်။ ဒီလိုပဲ ကျောက်တိုင်ကြီးလို မြဲမြဲ ရပ်နေမည်ထင်ပါရဲ့။

တင်သက်မာ ပြန်သွားတော့မှ ရှိန်းကို မတွေ့ရသေးပေမယ့် ကိုမျိုးဇင်၊ ရှိန်းတို့နှင့် အတူနေခဲ့ရသော တက္ကသိုလ်၏ နေ့ရက်များသည် သူ့ရင်မှာ အသစ်မွေးဖွားလာပြန်သည်။

အိပ်ခန်းထဲ တန်းဝင်ခဲ့၍ ငြိမ်သက်စွာ လှဲနေမိသည်။ ရှိန်း၊ ကိုမျိုးဇင်၏ အချစ်ဆုံးသူငယ်ချင်း ရှိန်း၊ ရှိန်း၏ အချစ်ဆုံးသူငယ် ချင်း ကိုမျိုးဇင်။

သူတို့နှစ်ယောက်က တက္ကသိုလ်ကို မလေးထက်စော၍ ရောက်ကြသည်။ မလေးနနှင့်တွေ့တော့ ရှိန်းက ဘီအယ်လ်ဆက် တက်၍ ကိုမျိုးဇင်က အင်္ဂလိပ်စာ ဂုဏ်ထူးတန်းတက်နေသည်။ မလေးန တက္ကသိုလ်ရောက်တော့ သောင်းကျန်းမှုများ အေးစပြုပြီ။ မလေးန၏ အဆောင်ကိုလာတိုင်း ကိုမျိုးဇင်နှင့်အတူ ရှိန်းက ပါလာမြဲ ဖြစ်သည်။ အဆောင်သူတွေကပင် မလေးနကို နောက်သည်။

"မင်းရည်းစားက ကိုမျိုးဇင်လား၊ ရှိန်းလား၊ ဘယ့်နယ် မင်းတို့နှစ်ယောက်ချိန်းတွေ့တိုင်း ဒီ ရှိန်းဆိုတဲ့သူက ပါလာရတယ် လို့"

ဟုတ်တော့လည်း ဟုတ်သည်။ သူ့ချစ်သူ ဇင်သည် သူ့ဆီ လာသောအခါမှာတောင် သူ့သူငယ်ချင်း ရှိန်းကို ခွဲမထားခဲ့။ အမြဲ တမ်း ပါလာမြဲဖြစ်သည်။ ယခုတော့ ကိုမျိုးဇင် မရှိတော့ပြီ။ တစ် ယောက်တည်း လာမည့်ရှိန်းကို တွေ့ပါလျှင် သူ ဘယ်လိုနေ ဆိုင် ရပါမည်လဲ။

❖ ❖ ❖

- ၃ -

ရှိန်းကို တွေ့ရပြီ။

တင်သက်မာနှင့် ပြန်လည်တွေ့ရသော နေ့ထက် မလေးန ရင်ခုန်ရပါသည်။ ရှိန်းနှင့် မတွေ့ကြရသည်မှာ ဆယ်နှစ်ခန့်တော့ ရှိပြီ။ သူ့လက်ဖျားများ အေးစက်လာပါသည်။ ရှိန်းပုံရိပ်မှာ ကိုမျိုး ဇင် ထင်ဟပ်လျက်ရှိသည်။ မိန်းကလေးချင်းသာဆိုလျှင် ရှိန်းကိုဖက် ၍ ငိုမိမည်။ ယခုတော့ သူ ငြိမ်သက်စွာ ရပ်နေမိသည်။ လှုပ်ရှား ၍မရ။

ရှိန်းကိုယ်တိုင်ကလည်း တံခါးဝမှာ တောင့်တောင့်ကြီး ရပ်နေမိသည်။ မလေးနကို ပြန်တွေ့လျှင် ယခုလို စိတ်ထိခိုက်လိမ့် မည်ဟု သူ မထင်မိ။ မလေးနနောက်မှာ ကိုမျိုးဇင် ရပ်နေသလိုပင်။ မလေးန ဘယ်လိုခံစားနေရသည်ကို သူနားလည်ပါသည်။ မလေး ကသာ ခွင့်ပြုလျှင် မလေးန၏ ပခုံးကိုဖက်၍ လက်ဖျားကလေးများ ကိုဆုပ်နယ်ကာ မလေး၏ ကြေကွဲမှုကို သူ နှစ်သိမ့်မည်ဖြစ်သည်။

သူက ကျောင်းမှာ အတွဲမိန်းကလေးများနှင့်တွေ့တိုင်း ရွှ ဖက် နှုတ်ဆက်နေကျ။ သူ့မိန်းကလေးများကလည်း လိုက်ပျော်နေ ကျ။ ယခု သူ့ရှေ့တွင် မတုန်မလှုပ်ရပ်နေသူ မလေးနဆိုသူက သူ၏ ချစ်လှစွာသော သူငယ်ချင်း ကိုမျိုးဇင်၏ ချစ်သူ။ သူ့အပေါ်က် မိန်း ကလေးများနှင့် မတူသော ဘီးသန့်ပုံစံနှင့် အမျိုးသမီးတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်း တတွတ်တွတ်ပြောနေသော မလေးနုပုံစံနှင့် စရိုက်ကို သူသိပြီးသားပါ။ သူသည် စိတ်ကို ထိန်းလိုက်၏။

'မလေးနု နေကောင်းတယ်နော်'

ရှိန်းထံမှ အသံကြားမှ မလေးနုသည် အသက်ဝင်လာသလို လှုပ်ရှားလာသည်။

'ထိုင်ပါဦး ရှိန်း'

သူ့ရှေ့မှ ဆိုဖာမှာ ရှိန်းကို နေရာပေးလိုက်သည်။ ကျောင်းတုန်းကထက်တော့ အရွယ်ရင့်သွားပြီ ဆိုရမည်။ ဟိုတုန်းက ရှိန်းသည် မျက်လုံးတွေကပင် ရှိန်းလဲ့လဲ့၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်၊ ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေ ဂရုတစိုက် ရိတ်ထား၍ ပါးပြင်သည် စိမ်းနုနေသည်။ ပြုံးနေသော နှုတ်ခမ်းပါးက မြင်သူ မိန်းကလေးတွေကို ကြည်နူးစေသည်။

ကိုမျိုးဇင်နှင့် ယှဉ်လိုက်တော့ ခြောက်ပေနီးနီးမြင့်သော အရပ်အမောင်းကတော့ တူညီကြသည်။ ဒါပေမဲ့ ကိုမျိုးဇင်က အလုံးအဖန် ပို၍တောင့်သည်။ အသားကလည်း ရှိန်းလောက် မဖြူ။ အသားလတ်လတ်၊ မျက်လုံးများက အေးမြသော အရိပ်ငွေ့တွေ လွှတ်ပေးနေသလို မြင်ရသူကို ချမ်းငြိမ်းစေသည်။ ရှိန်း မျက်လုံးက ရမ္မက်အလျှံတွေ တောက်နေသလို ထင်ရသည်။

သူ့ချစ်သူ၏ အချစ်ဆုံးသူငယ်ချင်း ရှိန်းကို မလေးနု တွေ့နေရပြီ။

'မလေးနု နေကောင်းတယ်နော်' ဒုတိယအကြိမ် ထပ်တူ မေးခွန်းကို ရှိန်းထံမှ ကြားရသည်။

'နေကောင်းပါတယ် ရှိန်း၊ ရုတ်တရက်ဆိုတော့ မလေး စိတ်မထိန်းနိုင်သလို ဖြစ်သွားလို့ပါ'

အခန်းထဲသို့ မိန်းကလေးတစ်ယောက် ဝင်လာကာ ဖျော်ရည်ဖန်ခွက်ကို ရှိန်း၏ စားပွဲရှေ့မှာ ချသွားသည်။



'သောက်ပါဦး ရှိန်း'

မလေးက ကိုယ်တိုင် ဖန်ခွက်ကိုယူ၍ ကမ်းပေးလိုက်သည်။

'ကျေးဇူးပဲ မလေး၊ ရှိန်း နားလည်ပါတယ်၊ ရှိန်းနဲ့ ပထမဆုံး ပြန်တွေ့ချိန်မှာ မလေး ဘယ်လိုခံစားရမယ်ဆိုတာ သိပါတယ်၊ ရှိန်းတောင် ကိုမျိုးဇင်ကို ဘယ်တော့မှ မေ့မရခဲ့ဘူး၊ ဇင်ကျဆုံးတယ်ဆိုတဲ့ သတင်းရတော့ သတင်းစာထဲ လိပ်စာအတိုင်း စာထည့်လိုက်တယ်၊ မလေး ရလား'

'ရပါတယ်၊ ကျေးဇူးတင်ပါတယ် ရှိန်း၊ အဆက်အသွယ်ပြတ်သလိုဖြစ်သွားတာ မလေးအပြစ်ပါပဲ၊ ရှိန်းရဲ့စာကို ဖေဖေတို့က မလေးရှိရာ အင်္ဂလန်ကို ပို့ပေးတယ်၊ မလေး ဝမ်းနည်းကြောင်းစာတွေ ဘယ်သူ့ဆီမှ ပြန်စာမပို့ခဲ့ပါဘူး'

'ဘယ်လိုဖြစ်ရတာလဲ'

'ရှိန်းနဲ့ခွဲပြီး သူ ဗိုလ်သင်တန်း တက်သွားဟယ်လေ၊ ဗိုလ်သင်တန်းဆင်းတော့ သူက လက်ထပ်ချင်ပေမယ့် မလေးက ဖေဖေတို့ဆန္ဒအတိုင်း အင်္ဂလန်သွားပြီး ဘွဲ့လွန်တက်ချင်တာနဲ့ မလေးပြန်လာမှ လက်ထပ်ဖို့ စီစဉ်လိုက်ပါတယ်၊ မသွားခင် မလေးတို့ စေ့စပ်သွားတယ်'

'စေ့စပ်တာလည်း သတင်းစာထဲတွေ့ရလို့ သူ့ဆီ စာရေးလိုက်သေးတယ်၊ ဒီအချိန်က ရှိန်း အမေရိကမှာ ရှိနေတယ်'

'မလေးက ပြန်ဖို့ တစ်နှစ်လောက်လိုသေးတယ်လေ၊ အဲဒီအချိန်မှာ ဇင် ဘော်ဘင်တိုက်ပွဲမှာ ကျသွားတယ်လို့ ဖေဖေတို့က သတင်းပို့တာပဲ'

မလေးအသံက တိမ်ဝင်သွား၍ စကားဆက်မပြောနိုင်သေး။ ရှိန်းက ဖျော်ရည်ကို တစ်ကျိုက်ချင်း ဖြည်းညင်းစွာသောက်၍ နားထောင်နေရာမှ…

www.burmeseclassic.com

www.burmeseclassic.com



‘ကံတရားပေါ့’ ဟု ဆိုသည်။

‘ရှိန်း မြန်မာပြည် ရှိနေတုန်းကတောင် သောင်းကျန်းမှုတွေ တော်တော်ငြိမ်သက်သွားပြီ၊ ဒါကြောင့် ရှိန်းက လုပ်ငန်းတွေစတာ၊ အခုဟာက သောင်းကျန်းမှု အဖျားခတ်တဲ့ဒဏ်ကို မျိုးဇင် ခံသွားရတာပဲ၊ ဘော်ဘင်က ပဲခူးရိုးမမှာ ကွန်မြူနစ် အကြွင်းအကျန်တွေ ရှင်းလင်းရာမှာ ဇင် ပါသွားတယ်ထင်တယ်’

‘မလေးလည်း မသိပါဘူး ရှိန်းရယ်၊ အင်္ဂလန်မှာ ဘွဲ့လွန် အတွက် စာသင်နေရတာ၊ အကုသိုလ်ဟာ လုံးခြင်း ဘယ်တော့မှ မလာဘူးဆိုတာ မှန်တယ် ရှိန်း’

‘ဘာကိုပြောတာလဲ’

‘နောက် ခြောက်လလောက်ကြာတော့ ဖေဖေနဲ့ မေမေ မြစ်ကြီးနားကိုအသွား မိုးညင်းမှာ မီးရထားမိုင်းဗုံးထိပြီး ဆုံးသွားကြတယ်လို့ မလေးဆီ သတင်းရောက်လာတာပဲ’

‘ဗျာ… ဖြစ်မှဖြစ်ရလေ၊ ဒါတော့ ရှိန်း မသိလိုက်ဘူး၊ မလေးအဖြစ်ကလည်း ဆက်တိုက်လို ဖြစ်သွားကြတယ်နော်’

‘ဟုတ်တယ် ရှိန်း၊ မလေးချစ်သူတွေအားလုံး မလေးကို ခွဲခွာသွားကြပြီ၊ ပထမတော့ တကယ်ပါပဲ၊ စိတ်ဓာတ်ကျပြီး မြန်မာပြည်ကို ပြန်မလာချင်ဘူး၊ အထူးကုဘွဲ့ယူပြီး အင်္ဂလန် ဒါမှမဟုတ် တခြားတိုင်းပြည်တစ်ခုခုမှာ အခြေချတော့မလို့၊ နောက်တော့ စဉ်းစားတယ်လေ၊ ဇင် သူ့တိုင်းပြည်ကို ဘယ်လောက်ချစ်သလဲဆိုတာ ရှိန်း အသိပါ’

‘သိပါတယ်၊ တက္ကသိုလ်တပ်ရင်း ဝင်ကတည်းက ငါ ကျောင်းထွက်ရင် တပ်မတော်ကိုပဲ ဝင်မယ်တဲ့၊ ရှိန်းကိုလည်း ဆွယ်သေးတယ်၊ ရှိန်းက စစ်လည်း မတိုက်ရဲ၊ တောလည်း မခိုရဲဘူး’

ရှိန်းက မလေးနုစကားကို ဝင်ထောက်လိုက်သည်။

‘မလေး စဉ်းစားတယ်၊ မလေးက အစိုးရရဲ့ အထောက်



အပံ့မယူခဲ့တော့ အစိုးရထဲမှာ အလုပ်ကို ပြန်ဝင်မလုပ်လည်း ရတယ်၊ ဒါပေမဲ့ ခုနပြောသလို စဉ်းစားပြီးမှ ဇင် အသက်ပေးချစ်ခဲ့တဲ့ တိုင်းပြည် အတွက် မလေး တစ်ခုခုလုပ်ပေးမှ မလေး ဇင့်ကိုချစ်ရာကျမယ်လို့ သဘောပေါက်တယ်၊ ဇင်လည်း ဖြစ်ရာဘဝက ကျေနပ်မှာပါ၊ ဒါ့ကြောင့် မြန်မာပြည်ပြန်လာပြီး တောင်ပေါ်ဒေသ ဆေးရုံတွေကို တောင်းယူပြီး အလုပ်လုပ်ခဲ့တာ၊ သူတို့ရဲ့ ရိုးသားသန့်စင်တဲ့စိတ်ဓာတ် လေးထဲကို ရောဝင်ရင်း ဇင့်ကို လွမ်းတဲ့အလွမ်းတွေကို မလေး ဖြေခဲ့တာပါ ရှိန်း’

မလေးနုသည် စကားကို ဆက်မပြောနိုင်တော့ဘဲ ရပ်လိုက်သည်။ နှုတ်ခမ်းကိုကိုက်ကာ စိတ်ကို တင်းနေပုံရသည်။ မျက်လုံးက ပြတင်းအပြင်ကိုကြည့်နေသည်။ ရှေ့ဆက်၍လည်း စကားမပြောချင်တော့။

ရှိန်းက သက်ပြင်းချလိုက်သည်။

‘ကဲ… ပြီးခဲ့တဲ့ အတိတ်တွေကို မေ့ပစ်ပါတော့လို့တော့ ရှိန်း မဆိုလိုပါဘူး၊ ဘယ်တော့မှ မမေ့နိုင်တဲ့အဖြစ်တွေ၊ အခု ရှိန်း လာတာက မလေးနဲ့ တိုင်ပင်စရာရှိလို့၊ မလေးရင်ထဲမှာ ရှိန်း စကားတွေ နားထောင်ဖို့ သက်သောင့်သက်သာ ရှိလာပါပြီနော်’

ရှိန်းသည် လူတစ်ယောက် အခြေအနေကို အကဲခတ်၍ စကားပြောကောင်းသူတစ်ယောက် ဖြစ်သည်။ ကိုမျိုးဇင်နှင့် ယှဉ်လိုက်လျှင် ကိုမျိုးဇင်က စကားနည်းသည်။ မလေးနုသည် မျက်လုံးများကို ရှိန်းဘက်သို့ လှည့်လိုက်သည်။

‘အဆင်သင့်ရှိပါတယ် ရှိန်း၊ မလေးကို တိုင်ပင်နိုင်ပါတယ်’

မလေးနုသည် တည်ငြိမ်စွာ စကားပြောနိုင်အောင် သူ့စိတ်ကို ထိန်းလိုက်သည်။

‘ရှိန်းစကားကို နားမထောင်ခင် ရှိန်းနဲ့ ကိုမျိုးဇင် တစ်ယောက်နဲ့တစ်ယောက် ထားရှိတဲ့ သဘောထားကို ရှိန်း ပြောပါရစေ၊ မလေး

www.burmeseclassic.com

www.burmeseclassic.com



သိသင့်သလောက် သိပြီးပါပြီ၊ ရှိန်းရဲ့အစ်ကိုက ကွန်မြူနစ်တော်ပြန်ပေါ့၊ ရှိန်းဟာ ငယ်ငယ်ကတည်းက အစ်ကိုတွေဆီက ကွန်မြူနစ်ဝါဒအကြောင်းကို ကျောင်းစာလို လေ့လာခဲ့သူပါ၊ ဒါပေမဲ့ ရှိန်း ကွန်မြူနစ်လည်းမဟုတ်ဘူး၊ လက်နက်ကိုင်ရမှာကြောက်လို့ တောလည်းမခိုဘူး၊ စစ်တပ်ထဲလည်း မဝင်ဘူးဆို ပိုမှန်မယ်၊ သောင်းကျန်းသူတွေ စတော့ မျိုးခင် တက္ကသိုလ်တပ်ရင်းကို ဝင်တယ်၊ ဘာပဲပြောပြော ရုန်းကုန်ကာကွယ်တဲ့အထဲမှာ မျိုးခင်လို တက္ကသိုလ်တပ်ရင်းက လူတွေပါခဲ့တယ်၊ ရှိန်း လမ်းတွေမပိတ်ခင် အညာပြန်ခါနီးတော့ မျိုးခင်က မေးတယ်၊

ရှိန်း ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပြောပါ၊ မင်း မန္တလေး ရောက်ရင် တောခိုမှာလားတဲ့၊

ရှိန်းရဲ့အစ်ကိုဟာ ကွန်မြူနစ်တစ်ယောက်၊ တောတွင်းနဲ့ အဆက်အသွယ်ရှိတယ်၊ နောက်လည်း အစ်ကိုက တောခိုသွားတာပါပဲ၊ ရှိန်းက ပြန်ပြောလိုက်တယ်၊

ရှိန်း တောမခိုပါဘူး၊ လက်နက်မကိုင်ရဲတာ အမှန်၊ ဒါပေမဲ့ လက်နက်ကိုင်ရဲတောင် စနစ်တစ်ခုကို ပြုပြင်ပြောင်းလဲဖို့၊ အာဏာလက်ထဲရောက်ဖို့ လက်နက်ကိုင်ရမယ်ဆိုတဲ့ အယူအဆကို ရှိန်း မယုံကြည်ဘူးလို့၊ ပြီးတော့ မျိုးခင် မင်းနဲ့ငါ သိပ်ချစ်တာ၊ မင်းက ကျောင်းထွက်ရင် တပ်မတော်ဝင်မှာ၊ ငါက တောခိုပါပြီတဲ့၊ တိုက်ပွဲတစ်နေရာရာမှာ မင်းနဲ့ကိုယ် ရင်ဆိုင်တွေ့ရင် ငါ မင်းကို သတ်ရဲမှာမဟုတ်ဘူး၊ မင်းအပေါ် ငါချစ်တာ ကွန်မြူနစ်တွေသုံးတဲ့စကားလုံး Comrade အချစ်နဲ့ ချစ်တာ၊ ကွန်မြူနစ်စကားဆန်ပေမယ့် တခြား စကားလုံး မသုံးချင်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် သေရေးရှင်ရေးအထိ သစ္စာရှိစွာနဲ့ အသက်ထက်ဆုံး ချစ်သွားရမယ့် လူတွေလို့၊ သူ့ကို ရှိန်းက ခွဲလာခါနီး ဒီလိုပဲ ပြောခဲ့တယ်၊ အဲဒီတော့ ရှိန်းထားတဲ့ သဘောထား၊ ရှိန်းရဲ့အချစ်ကို မလေး ပထမ



နားလည်စေချင်တယ်၊ တချို့က ရှိန်းတို့နှစ်ယောက် တပူးတွဲတွဲနေလို့ ယောကျ်ားချင်း အချစ်တော်တွေလို့တောင် အထင်လွဲခံရတယ်၊ ဒါပေမဲ့ ရှိန်း ပြောရဲတယ်၊ ရှိန်း ခု လက်ထပ်ထားတဲ့ မိန်းမထက်တော့ မျိုးခင်ကို ပိုချစ်တယ်၊ မလေး ဒါကိုတော့ သဘောပေါက်ပါတယ်နော်'

'မလေး တက္ကသိုလ်မှာကတည်းက ရှိန်းနဲ့ ခင့်ရဲ့ ဆက်ဆံရေးကို နားလည်ပါတယ်'

မလေးနုက ရှိန်းဆက်မည့် စကားကို မျှော်လင့်ရင်း စိတ်ဝင်စားစွာ ပြောလိုက်သည်။ ရှိန်းသည် ရီဝေသော မျက်လုံးများဖြင့် မလေးနုကိုကြည့်ရင်း သက်ပြင်းကို ဖြည်းညင်းစွာချလိုက်သည်။

'အခု မျိုးခင် မရှိတော့ဘူး၊ ရှိန်းရဲ့ အချစ်ဆုံးသူငယ်ချင်း သေသည်အထိ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိစွာနဲ့ အနစ်နာခံလာတဲ့ သူငယ်ချင်း မျိုးခင်၊ သူမရှိတဲ့နောက် သူ့ချစ်သူ မလေးနု အပေါ်မှာ ရှိန်းဟာ ခင့်ကိုချစ်တဲ့ Comrade ရဲဘော်အနေနဲ့ မလေးနုကို ဆက်လက်စောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ ယူဆတယ်'

မလေးနုသည် မျက်လုံးလေး အနည်းငယ်ကျယ်သွားသည်။ ရုတ်တရက် တုံ့ပြန်စကားဆိုဖို့ ကြိုးစားနေစဉ် ရှိန်းက စကားဆက်သည်။

'မလေးနုဟာ ပညာတတ် ဘိလပ်ပြန် ဆရာဝန်တစ်ယောက်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေနိုင်တယ်ဆိုတာ ရှိန်း သိတယ်၊ အခု ရှိန်းတိုင်ပင်မယ့်အကြောင်းက မလေးနုအတွက်ချည်း သက်သက် မဟုတ်ပါဘူး၊ ရှိန်းဆန္ဒကို အကောင်အထည်ဖော်ရာမှာ မလေးနုရဲ့ ကူညီမှုလိုတယ်'

မလေးနုသည် သူ့အရည်အချင်းကို အသိအမှတ်ပြုသည့် အကြောင်း စကားဆိုလာလေတော့ သူ နည်းနည်းစိတ်သက်သာရာ ရသွားသည်။ သူသည် သူတစ်ပါးကို အားကိုးမှု လောကကြီးမှာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်တည်နိုင်မည့် မိန်းမတစ်ယောက်မှ မဟုတ်ဘဲ။

"ရှိန်းဆန္ဒကို ပြောပါလေ၊ ဇင့်ရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ ရှိန်းဆန္ဒကို ကူညီဖို့ မလေးမှာလည်း တာဝန်ရှိပါတယ်"

ရှိန်းသည် ခေတ္တစဉ်းစားနေပြီးမှ စကားဆက်သည်။

"မလေးဟာ မြန်မာပြည်နဲ့ အဆက်ပြတ်နေတယ် ဆိုရမယ်၊ အင်္ဂလန်က ပြန်လာတော့လည်း တောင်ပေါ်ဒေသတွေပဲ သွားနေတာကိုး၊ ရှိန်းလည်း အလုပ်လုပ်နေရတော့ မြန်မာပြည်မှာ ခြောက်လလောက်၊ နိုင်ငံခြားမှာ ခြောက်လလောက်နေဖြစ်တယ်၊ များသောအားဖြင့် အမေရိကနဲ့ ဂျပန်မှာ နေတယ်၊ ရှိန်းအလုပ်က မော်တော်ကားကုမ္ပဏီ၊ မော်တော်ကား အရောင်းအဝယ်လုပ်ရုံတင် မဟုတ်ဘူး၊ ခေတ်မီ ဝပ်ရှော့ (work shop) တစ်ခုလည်း ရန်ကုန်မှာ ထောင်ထားတယ်၊ ရှိန်း မော်တော်ဟောက်စ်နဲ့ ရှိန်း ဝပ်ရှော့ပေါ့၊ ခေတ်မီကရိန်းစက်တွေနဲ့လုပ်ရတော့ ရှိန်းဝပ်ရှော့က နာမည်ကြီး၊ ဝင်ငွေလည်း ကောင်းပါတယ်၊ ကားအရောင်းအဝယ်လည်း ကောင်းပါတယ်၊ ပြီးတော့ ရန်ကုန်အနောက်ပိုင်းမှာ "ရှိန်းစူပါမားကက်" ဆိုပြီး ထူထောင်ထားတယ်၊ ဝင်ငွေက ကောင်းပါတယ်"

အခုထိ ရှိန်းပြောသော စကားတွေထဲမှာ စူပါမားကက်ရော၊ ကားကုမ္ပဏီရော မလေးနှင့် ဘာမှမပတ်သက်သေးပါ။ ဆရာဝန်တစ်ယောက်အနေနှင့် ဘယ်လိုများ သက်ဆိုင်ပါလိမ့်။ မလေးက ရှိန်းစကားကို ပိုမိုစိတ်ဝင်စားလာသည်။

"ရှိန်းရဲ့ ဝပ်ရှော့မှာ အလုပ်လုပ်တဲ့ သူငယ်လေး ကိုထွေးဆိုတာ ကားကို ကရိန်းနဲ့တင်ရင်း ရုတ်တရက် ကရိန်းလည်ပြီး သူ့ခေါင်းနဲ့ရိုက်မိပြီး ဒဏ်ရာရသွားတယ်၊ ခေါင်းမှာဆိုတော့ စိုးရိမ်ရတာနဲ့ ရှိန်းကိုယ်တိုင် ဆေးရုံကြီးတင်ရတယ်၊ ဆေးရုံပေါ်မှာ လိုအပ်တဲ့ဆေးနဲ့ သွေးသွင်းဖို့ ပိုက်တို့၊ အသားနဲ့ကပ်တဲ့ ပလာစတာကအစ



လူနာရှင်က ဝယ်ပေးရတယ်၊ အားလုံး ဆေးကုသဖို့ ရှိန်း တာဝန်ယူပါတယ်၊ ဒါ ရှိန်းတို့ကုမ္ပဏီရဲ့ ချမှတ်တဲ့မူပဲ၊ ရှိန်းက ငါးသိန်း မ,တည်တယ်၊ အလုပ်သမားတွေက သူတို့လခရဲ့ တစ်ဆယ်ရာခိုင်နှုန်း ထည့်ဝင်ပြီး ဘဏ်မှာအပ်ထားတယ်၊ ထိခိုက်ဒဏ်ရာ၊ အနာတရရော နာမကျန်းကိစ္စတွေပါ ရန်ပုံငွေသဘောပေါ့၊ စုစုပေါင်း အလုပ်သမားက ကားကုမ္ပဏီပါဆို ငါးဆယ်လောက်ရှိတာပဲ၊ နှစ်စဉ် အလုပ်သမားတွေကို ဆုပေးကြတဲ့အခါမှာလည်း ရန်ပုံငွေအချိုးကျ ထည့်ဝင်ရသေးတယ်၊ ဒါက သူတို့ထွက်ချင်ရင်ဖြစ်ဖြစ်၊ အနားယူရင်ဖြစ်ဖြစ် ရင်းနှီးစားသောက်ဖို့ ပေးနိုင်အောင်ပါ၊ ခုန သူငယ်လေးကိစ္စမှာ ရှိန်းရန်ကုန်ဆေးရုံကြီး နေ့တိုင်းရောက်တော့ အဆောင်တိုင်းလိုလို အပြင်အဝင်ဝမှာ စာရေးထားတယ်၊ **ကျေးဇူးပြု၍ အောက်ပါပစ္စည်းများကို လှူဒါန်းနိုင်ပါသည်**တဲ့၊ တစ်ခါသုံးဆေးထိုးအပ်၊ အသက်ကယ်ဆေး၊ အကြောဆေးများ၊ Drip-set များ၊ ပတ်တီး စသည်ဖြင့်ပေါ့လေ၊ အဲဒါတွေ အလှူခံထားတယ်၊ ရှိန်းလည်း ထိခိုက် ဒဏ်ရာရအခန်းမှာ လှူခဲ့ပါတယ်၊ ရှင်းရှင်းပြောရရင် ရှိန်းတို့လို ငွေကြေးတတ်နိုင်တဲ့သူတွေ သူဌေးတွေ နေထိုင်မကောင်းဖြစ်ရင် သျှင်ပါကူ၊ ပါရဂူ၊ ကန်တော်ကြီးဆေးရုံ စတဲ့ ဆေးခန်းတွေမှာ ဆေး ကုသနိုင်တယ်၊ အနည်းဆုံးက သိန်းဂဏန်းပဲ၊ ရှိန်းရဲ့ အလုပ်သမားလေးအပါအဝင် ဆင်းရဲသားတွေ တကယ်ရောဂါဖြစ်လာရင် မလွယ်ဘူး၊ ငွေကို ရေလိုမသုံးနိုင်ရင်တော့ ရန်ကုန်ဆေးရုံကြီးကို အားကိုးရတယ်၊ ဒါ မလေး သိပါတယ်၊ ရန်ကုန်ဆေးရုံကြီးမှာလည်း ပစ္စည်းဆေးဝါး မလုံလောက်ဘူး"

"ဟုတ်ကဲ့ သိပါတယ်"

"ရှိန်းတို့လို ကုမ္ပဏီပိုင်ရှင်တွေကိုလည်း တိုက်တွန်းပါတယ်၊ ဆေးရုံကြီးကို ဆေးနဲ့ ဆေးပစ္စည်းတွေ လှူဖို့၊ ဒါပေမဲ့ ရှိန်း စိတ်ကူးတစ်ခုရတယ်၊ ရှိန်းကို မေမေတို့ မန္တလေးမှာ အမွေခွဲစဉ်က ရှိန်းဟာ မယူသေးဘဲ နောက်မှယူမယ် ပြောဟယ်၊ အားလုံး အမွေခွဲပြီးပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ သေခါနီးမှ ရှိန်းကိုယူဖို့ပြောတော့ ဗိုလ်တထောင်မှာ ငါးထပ်တိုက်တစ်လုံးဝယ်ပေးဖို့ ပြောလိုက်တယ်၊ ဝယ်ပေးခဲ့တယ်၊ မေမေကတော့ မမနဲ့အတူ မန္တလေးမှာပဲ နေကြတယ်၊ ဒီတိုက်ကို ရှိန်းဆေးခန်း၊ ဆေးတိုက်ဆိုပါတော့၊ ဖွင့်ချင်တယ်၊ မလေး အဲဒီမှာ ကူရလိမ့်မယ်'

မလေးနုက စကားမဆိုသေး။ ဆက်ပြောဖို့ ခေါင်းညိတ်ပြသည်။ ရှိန်း ဖျော်ရည်ဖန်ခွက်ကို လက်စသတ်ရင်း ဆက်ပြောသည်။

'ရှိန်းရဲ့ ဆေးတိုက်မှာ အပေါ်နှစ်ထပ်က ချမ်းသာတဲ့လူတွေအတွက် ငွေကို တခြားဆေးခန်းတွေလို ယူမယ်၊ အကျလည်းထားမယ်၊ ပထမတန်းစားမှာ အိပ်ခန်းအပိုတစ်ခု ထားပေးမယ်၊ ထမင်းဟင်းလည်း စားမယ်ဆို ဆေးတိုက်က တာဝန်ယူကျွေးမယ်၊ အရင် ရန်ကုန် ဆေးရုံကြီး Private ခန်းလိုပေါ့၊ သူတို့ဘာသာသူတို့ စားရင်လည်း ပြီးရော၊ ဒုတိယတန်းစားအခန်းကတော့ သီးသန့်အပိုအခန်း မပါတော့ဘူး၊ လူနာရယ်၊ လူနာစောင့်တစ်ယောက်ရယ်နေဖို့ ခုတင်နှစ်လုံးပေးမယ်၊ အကုန်လုံး ရေချိုးခန်း၊ အိမ်သာတွဲလျက်ပေါ့၊ အောက်ထပ်တစ်ခန်းမှာ အခမဲ့ ဆင်းရဲသား လူနာတွေအတွက် ရောဂါအလိုက် အခန်းခွဲခြားထားတာလွဲလို့ အခန်းမကြီး တစ်ခုတစ်ခုထဲမှာ ခုတင်တွေ တန်းစီထားမယ်၊ အိမ်သာ၊ ရေချိုးခန်းတွေ သီးသန့်ထားပေးမယ်၊ အဲဒီမှာလည်း အစားအစာ၊ ဆေးဝါးကအစ ရှိန်း ဆေးတိုက်က အကုန်အကျခံမယ်၊ အနည်းဆုံး လူနာလေးဆယ်တော့ ဆံ့မယ်လေ၊ အဲဒီဆေးတိုက်မှာ အုပ်ချုပ်ရေးမှူးအဖြစ် မလေး တာဝန်ယူစေချင်တယ်၊ မလေးရဲ့ ဘာသာရပ်ဖြစ်တဲ့ အိုဂျီအထူးကုဖို့ သားဖွားမီးယပ်ဌာနမှာ ဆရာဝန်တစ်ယောက်အနေနဲ့လည်း တာဝန်ယူပါ၊ ဒီအတွက်လခ သီးသန့်ပေးမယ်၊ တခြား ချမ်းသာတဲ့ ငွေကြေးခန်းကို တတ်နိုင်တဲ့ လူနာတွေဆီက ကုသခ၊ ခွဲစိတ်ခတွေကိုယူပြီး ဆရာဝန်တွေကို



ရောဂါအလိုက် ခွဲပေးဦးမယ်၊ ရှိန်းလုပ်မှာက ချမ်းသာတဲ့လူတွေဆီက ငွေယူမယ်၊ ဆင်းရဲတဲ့လူတွေကို အလကားကုမယ်၊ လိုအပ်တာ ရှိန်း ကိုယ်ပိုင်ငွေက စိုက်မယ်၊ ရှိန်းရဲ့ကုမ္ပဏီတွေက အမြတ်မနည်းပါဘူး၊ ဒီကိစ္စ မလေး သဘောတူလား'

မလေးနုသည် ခပ်တွေတွေလေး စဉ်းစားနေသည်။ ရှိန်းရည်ရွယ်ချက်ကတော့ ကောင်းပါသည်။ အကောင်အထည်ဖော်ဖို့ကတော့ တော်တော်မလွယ်သောကိစ္စ၊ ပြီးတော့လည်း သူ့ဘက်က စဉ်းစားဖို့ အချိန်ယူချင်သေးသည်။

'ရှိန်းရည်ရွယ်ချက်နဲ့ လုပ်ငန်းကို မလေး မူအားဖြင့်တော့ သဘောတူပါတယ်၊ ဒါပေမဲ့ မလေး စဉ်းစားဖို့တော့ အချိန်ပေးစေချင်ပါတယ်'

'ရပါတယ်၊ မလေး စဉ်းစားပါ၊ အသေးစိတ်အချက်အလက်တွေလည်း နောင်တော့ စဉ်းစားရမှာပေါ့၊ မလေးမှာက ဆရာဝန်မိတ်ဆွေ သူငယ်ချင်းတွေရှိတော့ ရောဂါအလိုက် အထူးကုဆရာဝန်ကြီးတွေရော ဆရာဝန်ငယ်လေးတွေပါ စုစည်းဖို့ မလေးအနေနဲ့လွယ်မယ်လေ၊ ဒါ့ကြောင့် မလေးကို အကူအညီတောင်းတာ၊ ငွေရေးကြေးရေးကတော့ မပူနဲ့၊ ရှိန်း မတည်မယ်'

'ကျေးဇူးပါပဲ ရှိန်း၊ ဒီလကုန်လောက် မလေး အကြောင်းပြန်နိုင်မှာပါ၊ တစ်ခုပဲ၊ ဒီဆေးတိုက်ကြီး ထူထောင်ဖြစ်ရင် ချမ်းသာတဲ့လူတွေက ဆင်းရဲချင်ယောင်ဆောင်မှာပဲ စိုးရတယ်'

'စိတ်ချ မလေး၊ ဒီကိစ္စတွေအတွက် ရှိန်း အသေးစိတ်စဉ်းစားပြီးသား၊ ကဲ... မလေး၊ ရှိန်း အချိန်ယူတာ များသွားပြီ၊ ပြန်ခွင့်ပြုဦး'

'ရှိန်းကို တွေ့ဖို့ မလေး ချိန်းပါ့မယ်'

ရှိန်း နေရာမှထ၍ မလေးပါထလိုက်ကာ ကားရှိရာအထိ လိုက်ပို့လိုက်သည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

## - ၄ -

ထိုညနေက ရှိန်း အိမ်ပြန်ရောက်တော့ မိုးချုပ်စပြုပြီ။ သူ့ကား ဆင်ဝင်အောက်ရောက်လျှင် ဦးပြုံးက သံဆွဲတံခါး လာဖွင့်ပေးသည်။ သူသည် တန်းတန်းမတ်မတ် လှေကားရှိရာသို့သွားသည်။ လှေကားထစ်များကို တက်နေစဉ် အောက်ထပ် ထမင်းစားခန်းမှ ဆူဆူညံညံ အသံတွေ ကြားနေရသည်။ သူက လှည့်မကြည့်။ လှေကားထစ်များကို ဆက်တက်၍ အိပ်ခန်းထဲဝင်သွားသည်။ ရေမိုးချိုး အဝတ်အစားလဲကာ ဆင်ဝင်ဘက်သို့ ထွက်လာသည်။ ဆင်ဝင်မှာ မီးဖွင့်ထားသည်။ ထိုင်နေကျ ကုလားထိုင်မှာ သက်သောင့်သက်သာ လှဲလိုက်သည်။ ဦးပြုံးသည် ဝီစကီ၊ ဆော်ဒါပုလင်းနှင့် ရေခဲများ၊ အမြည်းများကို သူ့ရှေ့မှာလာချကာ အဆင်သင့် ရောစပ်ပေးသည်အထိလုပ်ကာ အိမ်ထဲပြန်ဝင်သွားသည်။

ကောင်းကင်သည် ရီမှောင်စပြုလာပြီ။ မိုးကုပ်စက်ဝိုင်းမှာ ကြယ်လေးများ လင်းလက်စပြုလာပြီ။ ခပ်လှမ်းလှမ်းတစ်နေရာမှာ လခြမ်းပဲ့ကလေးသည် ကွေးကွေးကလေး အိပ်စက်နေသည်။

သူသည် အရက်ဖန်ခွက်ကို တစ်ငုံငုံလိုက်သည်။ လခြမ်းကွေးလေးလိုပဲ၊ သူလည်း တစ်ကိုယ်တော်။ အိမ်ထဲရှိ သားသမီး၊ ဇနီးအေးတို့နှင့် ခပ်လှမ်းလှမ်းပါပဲ။ သူ တစ်နေကုန် ကားကုမ္ပဏီ၊ ကားပြင်ရုံနှင့် ရုပါးမားကက်ကို ပြေးလွှားကူးသန်းနေရသည်။ တစ်နေကုန်တော့ အပြင်းအထန် အလုပ်လုပ်ခဲ့ပေမယ့် ညနေနားချိန်ရောက်



လျှင်တော့ သောက်တော်ရေဘူးနှင့် သူအဖော်လုပ်ကာ ဒီဆင်ဝင်ခန်းမှာ အနားယူသည်။

သူတစ်လအတွက် အိမ်သုံးစရိတ် တစ်သိန်းကို အေးအေးလက်ထဲထည့်လိုက်သည်။ သူ့တာဝန် ကျေပြီပဲပေါ့။ တစ်ခါတစ်ရံ ညဥ့်နက်မှ အိမ်ပြန်ရောက်သည်။ သူသည် အဆိုကျော် မြရည်ဦးဆီမှာ အချိန်ဖြုန်းတတ်သည်။ တစ်ခါတစ်ရံတော့လည်း အပျိုကြီး သန္တာလှိုင်ဆီ သွားတတ်သည်။ လွန်ခဲ့သည့် ငါးနှစ်ကတော့ အေးအေးက ဆူညံဆူညံလုပ်သည်။ ယခုတော့လည်း ဘာမှမပြောတော့။ သူတို့နှစ်ယောက် တစ်အိမ်တည်းနေပေမယ့် သီးသန့်တစ်ခန်းစီအိပ်ကြသည်။ မေးထူး ခေါ်ပြောပဲပေါ့။ စကားရှည်ရှည်ပြောလျှင် ရန်စကားတွေ ပါလာကြမည်။ အဆောင်တော်ကူးဖို့ကိုတော့ သူ မစဉ်းစား။

ယနေ့တော့ သူ အိမ်အပြန် စိတ်ချမ်းသာလာသည်။ မြရည်ဦးဆီ သွားမည်လုပ်ပြီးမှ အိမ်ကို တန်းပြန်ခဲ့သည်။ မလေးနှင့် စကားပြောခဲ့သော ညနေခင်းကို ကြည်နူးစွာ ပြန်လည်တသနေမိသည်။ သာယာချမ်းမြေ့ဖွယ်ကောင်းသော ညနေခင်းလေး။ သူချစ်သော သူငယ်ချင်းမျိုးဇင်နှင့် ပြန်လည်တွေ့ခဲ့ရသလိုပင်၊ သူငယ်ချင်း၏ ကြည်လင်အေးမြသော မျက်နှာ မလေးမှာ ထင်ဟပ်နေတော့သည်။

ကျောင်းတုန်းက မြင်ခဲ့ရသော မလေး၏ မျက်လုံးများသည် မျက်ခုံးမွေးထူထူနက်နက်အောက်မှာ ရည်လဲ့ရွှန်းပနေသည်။ ယခုတော့လည်း ဆွေးရိပ်သန်းနေပြီထင်ပါရဲ့။ ရီဝေညို့မှိုင်းနေသလိုပင်။ တက္ကသိုလ်မှာ တနင်္ဂနွေ၏ ညနေခင်းများတိုင်း သူ မျိုးဇင်နှင့်အတူ မလေးအပေါ်မှာ ရှိနေခဲ့သည်။ မလေးနှင့် မျိုးဇင်တို့နှစ်ယောက် စကားပြောသည်က နည်းသည်။ သူကသာ နိုင်ငံရေးအယူအဆတွေရော၊ အဆောင်သူအကြောင်းရော ရွှန်းရွှန်းဝေပြောလျှင် သူတို့နှစ်ယောက်က ရယ်မောနေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့လည်း မျိုးဇင်က စကားပြောနည်းသလောက် စာရေးရင်တော့ မလေးဆီ စာအရှည်ကြီး ရေးတတ်သည်။ တစ်ပတ် တစ်ခါ တွေ့ရပေမယ့်လည်း တွေ့ပြီးတိုင်း မျိုးဇင်သည် မလေးဆီ စာရေးတတ်သည်။ မျိုးဇင် စာရေးသည်ကိုမြင်တိုင်း…

'မင်းတို့နှစ်ယောက် ရည်းစားထားတာကလည်း ပျင်းစရာကြီး'

သူကပြောလျှင် မျိုးဇင်က ပြုံးနေသည်။ သူကတော့ မျိုးဇင်နှင့် လိုက်ရသော တန်ဂ်နွေနွေမှတစ်ပါး သူ့အဆက် အဆောင်သူတစ်ယောက်ယောက်နှင့် အလှည့်ကျချိန်း၍ မြို့ထဲသွားတတ်သည်။ သူ့မိဘတွေက ချမ်းသာသည်။ ထိုစဉ်က ငွေတန်ဖိုးနှင့် တစ်လသုံးရာပို့သည်မှာ မနည်းပါ။ သို့သော် သူ့မှာ အဆက်တွေကို ကျွေးရမွေးရ၊ လက်ဆောင်ပေးရနှင့် လောက်သည်မရှိ။ လကုန်ခါနီးလျှင် မျိုးဇင်မိဘများက ရန်ကုန်မှာ ရှိသည်။ မျိုးဇင်က အမြဲလိုလို သူ့လိုသလောက်ပေးသည်။

သူ့မှာ ဘာမှပူပင်စရာမရှိ။ မျိုးဇင်နှင့် ကျောင်းမှာ မခွဲလို၍ ဘီအေအောင်ပြီး ဘီအယ်လ်ဆက်တက်ခြင်း ဖြစ်သည်။ ဝတ်လုံလုပ်ရန် ရည်ရွယ်ချက်မရှိ။ ထိုစဉ်က ဦးတည်ချက်မရှိသလိုပါပဲ။ မျိုးဇင်ဆန္ဒအတိုင်း စာကြိုးစားရမည်ဆို၍သာ သူ မျိုးဇင်နှင့်အတူ စာကျက်၊ သင်တန်းမှန်မှန်တက်သည်။ အောင်မှတ်ကောင်းကောင်းနှင့် အောင်ပေမယ့် တက္ကသိုလ်နယ်မြေမှာ ကျူတာတို့၊ ပါမောက္ခတို့ လုပ်ရန်လည်း သူ့မှာ ရည်ရွယ်ချက်မရှိ။

ဖေဖေက မန္တလေးက ဆီစက်ကို သူ့သမီးအမျိုကြီးကို ဦးစီးစေသည်။ မုံရွာမှ စောင်စက်ကိုတော့ သားအကြီးဆုံးကို ဦးစီးစေသည်။ သူ့ကိုတော့…

'မင်းကျောင်းက ထွက်ရင်တော့ ဖေဖေ့စောင်စက်ကို ဦးစီးစေချင်သည်' ဟု ပြောဖူးသည်။



ဖေဖေပြောစဉ်က သူ ဆယ်တန်းပဲရှိသေးသည်။ စီးပွားရေးကိုလည်း သူ စိတ်မဝင်စား။ ဆူပူသောင်းကျန်းမှုတွေ မဖြစ်ခင်အချိန်က သူ့အစ်ကိုအကြီးဆုံး ကိုဖေယျကို မုံရွာရှိ စောင်စက်ကို လွှတ်လိုက်ခြင်းဖြစ်သည်။ ဒေါင်းနှစ်ကောင် စောင်စက်မှ ထွက်ရှိသော ဗွမ်းစောင်တွေက ဗန္ဓုလစောင်တွေထက် အရည်အသွေးကောင်းသည်။ ဖေဖေနှင့် ကိုကြီးတို့ ပြောသံတွေသာ သူနားထောင်သည်။ သူက ဘာတစ်လုံးမှ ဝင်ရောက်မစွက်ဖက်ခဲ့ပါ။ သူက အိမ်မှာ အငယ်ဆုံးဖြစ်၍ ဖေဖေတို့ လုပ်ငန်းတွေမှာ မပါဝင်ခဲ့ခြင်း ဖြစ်ကောင်းဖြစ်မည်။ ဖေဖေကလည်း သူ့ကို ဘာတာဝန်မှ မပေးခဲ့။

ဖေဖေ့ပြောစကားတွေကိုတော့ အမြဲ ကြားယောင်နေမိသည်။ ကိုကြီးဖေယျသည် ထိုစဉ်က မန္တလေးကွန်မြူနစ်ပါတီတွင် အမာခံတစ်ယောက်ဖြစ်သည်။

သူ၏ ကွန်မြူနစ်တရားများ၊ ကွန်မြူနစ်ဝါဒဆိုင်ရာ စာအုပ်များကို ရှိန်းက နားယဉ်နေပြီ။ စာအုပ်များကိုလည်း ဆယ်တန်း မအောင်ခင်ကတည်းက ဖတ်ရှုခဲ့သည်။ သို့သော် သူ့အဖေဖြစ်သူကို ဘာမှမဆွေးနွေးခဲ့။ အစ်ကိုကြီးကလည်း ထိုစဉ်က သိပ်အရာမသွင်းခဲ့ပါ။ ကိုကြီးဖေယျ လက်ထပ်ပြီး မုံရွာစောင်စက်ကို ဦးစီးရန်သွားတော့ ဖေဖေ၏ အမှာစကားတွေကို သူကြားရသည်။

'ဖေဖေဟာ မန္တလေးမှာ ဆီစက်ပိုင်ရှင်တစ်ယောက်၊ မုံရွာမှာ စောင်စက်ပိုင်ရှင်၊ မင်းတို့ ကွန်မြူနစ်တွေအမြင်နဲ့ ဖေဖေဟာ ဓနရှင်တစ်ယောက်၊ အခု မင်းသွားမယ့် စောင်စက်မှာ ဖေဖေ့လုပ်ငန်းတွေကို မင်း မြင်ရမယ်၊ ဖေဖေကတော့ မင်း ဝါသနာပါတဲ့ ကွန်မြူနစ်ဝါဒကို မလေ့လာဘူး၊ ကြားဖူးနားဝတော့ရှိတယ်၊ ဒါပေမဲ့ ဖေဖေ့စောင်စက်ကို မင်းရောက်တဲ့အခါ ဖေဖေဟာ ဘယ်လိုလူမျိုးဆိုတာ မင်းသိမယ်၊ အလုပ်သမားတွေအတွက် သိပ်မကျပ်ပေမယ့် သန့်ရှင်းတဲ့တန်းလျားတွေ ဖေဖေ ဆောက်ပေးတယ်၊ အရေးကြီးဆုံး

www.burmeseclassic.com

www.burmeseclassic.com



အိမ်သာပဲ၊ ရေလောင်းအိမ်သာ ဆောက်ပေးရုံတင်မဟုတ်၊ သုံးပုံကိုပါ သင်တန်းပေးတယ်၊ အလုပ်သမားတွေဆိုတာ တောရွာကလာတာများတော့ များသောအားဖြင့် တောထိုင်တဲ့ဓလေ့ရှိတယ်၊ ထရံကာအိမ်သာသုံးရင်လည်း ထရံဝါးကိုချိုးပြီး တုတ်ခနောင်းလုပ်တော့ အိမ်သာလည်း ပျက်တယ်၊ အခု ဖေဖေလုပ်ပေးတဲ့ ရေလောင်းအိမ်သာမှာ တုတ်သုံးမှာစိုးလို့ ရေနဲ့ ဘယ်လိုသုံးရမယ်ဆိုတာ ဖေဖေ အလုပ်သမားခေါင်းကို သင်ကြားဖို့ တာဝန်ပေးတယ်၊ ဖေဖေက တစ်လတစ်ခါ စစ်ဆေးခဲ့တယ်၊ ခုတော့ ဟန်ကျပါပြီ၊ သူတို့အတွက် ရန်ပုံငွေ ဖေဖေက မတည်ပြီး သီးသန့်ထားတယ်၊ သူတို့လစာထဲက အချိုးကျပါဝင်ပြီး သာရေး နာရေး သုံးစေတယ်၊ သူတို့သားသမီးတွေ ပညာရေးအတွက် တစ်နှစ်တစ်ခါ ဆုကြေးပေးပြီး သားသမီးဦးရေအလိုက် ဖေဖေ ပေးခဲ့တယ်၊ ဖေဖေ့စောင်စက်မှာ အလုပ်ထွက်ရင် ရင်းနှီးစားဖို့ အမြဲ ငွေရင်းထုတ်ပေးနိုင်အောင် ရန်ပုံငွေရှိတယ်၊ ပြီးတော့ ဖေဖေ့အလုပ်သမားတွေနဲ့ သူတို့သားသမီးတွေအတွက် စာကြည့်တိုက်လည်း ဖေဖေ လုပ်ထားတယ်၊ ကစားကွင်းရှိတယ်၊ ဖေဖေ ဘာတွေလုပ်ထားတယ်ဆိုတာ သားသိအောင် ပြောထားတာ၊ ဖေဖေက အလုပ်သမားကိစ္စကို အရေးထားသလို ဖေဖေ့စက်ကထွက်တဲ့ စောင်အရည်အသွေးကိုလည်း အမြဲ အလေးထားတယ်၊ မင်းတစ်ခါမှ လှည့်မကြည့်တဲ့ စောင်စက်ကို မင်း ဦးစီးရမယ်"

ဖေဖေပြောလည်း ပြောစရာပါပဲ။ ကိုကြီးကလည်း မန္တလေးမှာ သူ့ပါတီလုပ်ငန်းတွေနဲ့ မအားလေတော့ ဖေဖေ့စောင်စက်ကို လှည့်မကြည့်။ ခု လက်ထပ်ပြီးမှပဲ တာဝန်အရ သွားရပေတော့မည်။ ကိုကြီးဖေယျ မုံရွာထွက်သွားတော့ သူလည်း ဆယ်တန်းအောင်၍ ရန်ကုန်တက္ကသိုလ်တက်ရန် ထွက်လာခဲ့သည်။ ကိုကြီးဖေယျက မုံရွာမှာ ပါတီကိစ္စကို ဆက်လက်ဆောင်ရွက်သည်။ မကြာခင်ပါပဲ သောင်းကျန်းသူတွေထလာတော့ ကိုကြီးလည်း တောခို၊ သူတို့လည်း



ကျောင်းတွေပိတ်၍ မန္တလေးပြန်လာရသည်။

တက္ကသိုလ် ရောက်ကတည်းက မျိုးဇင်နှင့်တွေ့ပြီး ရင်းနှီးကျွမ်းဝင်ခဲ့ကြသည်။ ညီအစ်ကိုအရင်းလို သူတို့နှစ်ယောက် ချစ်ကြသည်။ သောင်းကျန်းမှုတွေကြောင့် ကျောင်းပိတ်၍ သူတို့နှစ်ယောက် ခွဲခွာနေရသည်ပဲ ရှိသည်။ သောင်းကျန်းသူတွေအေး၍ ကျောင်းများပြန်ဖွင့်ချိန်မှာတော့ သူသည် မျိုးဇင်နှင့်မခွဲ။ ကျောင်းပိတ်တောင် မျိုးဇင်အိမ် လိုက်နေတတ်သည်။ တစ်ခါတလေမှ အိမ်ပြန်တတ်သည်။ ဖေဖေ့လုပ်ငန်းတွေလည်း အခြေအနေအရ ပြည်သူပိုင် အသိမ်းခံခဲ့ရသည်။ ကိုကြီး တောတွင်းမှပြန်လာတော့ စောင်စက်လည်းမရှိ။ ဆီစက်လည်းမရှိ။ ကိုကြီးတို့လင်မယားကို ဖေဖေက အိမ်တစ်လုံးနှင့် ငွေရင်း အမွေအဖြစ် ခွဲဝေပေးခဲ့သည်။

ယခု ဈေးကွက်စီးပွားရေး ဖွင့်ချိန်မှာ သူက ရန်ကုန်မှာ မော်တော်ကားကုမ္ပဏီ ထူထောင်လျက်ရှိသည်။ ကိုကြီးက မုံရွာမှာပဲ အညာထွက်ကုန် ပဲတွေကို နိုင်ငံခြားပို့သည့် အလုပ်လုပ်နေသည်။ ပဲခွဲစက်တစ်ခုလည်း ထူထောင်ထားသည်။

ဖေဖေ ဆုံးသွားပေမယ့် ဖေဖေ့စကားကိုတော့ သူ မမေ့။ ဖေဖေ့စောင်စက်မှာ အလုပ်သမားတွေအပေါ် ဖေဖေထားသော မူဝါဒအတိုင်း သူ အခု မော်တော်ကားပြင်ရုံမှာရော၊ ကုမ္ပဏီမှာရော၊ စုပါမားကက်မှာရော အလုပ်သမားတွေအပေါ်မှာ ကျင့်သုံးသည်။ တစ်လတစ်ခါ အလုပ်သမားများအားလုံး စည်းဝေး၍ လိုအပ်ချက်များကို အကြံဉာဏ်တောင်းယူခဲ့သည်။

ဘယ်လောက်ပဲ အလုပ်များများ သူ့ရင်ထဲမှာ အလုပ်ထဲနစ်မြုပ်နေ၍ မပင်ပန်းသလိုပါပဲ။ သို့သော် အလုပ်နားချိန်မှာတော့ သူ့ သတိအရဆုံးက မျိုးဇင်ပါပဲ။ ကျောင်းကတည်းက သူ့ ရင်ခွင်လှန်လက်လွှန်ကိစ္စတွေရှိလျှင် မျိုးဇင် သူ့ကို ထိန်းခဲ့သည်။ သူက သွားလေရာ ရည်းစားထားတတ်သူဆိုတော့···

www.burmeseclassic.com

www.burmeseclassic.com



'ရှိန်း မျက်နှာများတာကို ကိုယ်ဘာမှ မပြောပါဘူး၊ ဒါပေမဲ့ ရှိန်း လက်ထပ်မယူမချင်း မိန်းမတစ်ယောက်ကိုတော့ နယ်မလွန်စေချင်ဘူး၊ ဒါကိုတော့ စောင့်ထိန်းပါ'ဟု ပြောတတ်သည်။

'ရည်းစားထားတယ်ဆိုကတည်းက ရည်းစားအဆင့်လောက်တော့ တို့ရ ထိရမှာပေါ့၊ ဒါတော့ မျိုးဇင်ကို ရှိန်း မညာပါဘူး၊ မင်းနဲ့ မလေးနဲ့လိုတော့ ဒုက္ကူလနဲ့ ပါရိကာ မလုပ်နိုင်ဘူးကွ'

သူက ရယ်စရာပြန်ပြောတတ်သည်။

'ရည်းစားအဆင့်မှာတော့ ဒီလိုပဲနေရမှာပဲ၊ လက်ထပ်ပြီးရင်တော့ ဒုက္ကူလနဲ့ ပါရိကာလို တို့နှစ်ယောက် မနေပါဘူးကွာ၊ တို့က ပုထုဇဉ်တွေပါ၊ ငါ မလေးကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းအသိဆုံး၊ မလေးက ပထမအချစ်ဆုံး၊ မလေးပြီးရင် ရှိန်းကို ကိုယ် အချစ်ဆုံး၊ ငါ ချစ်သူကိုချစ်သလောက် လေးစားရမယ်၊ မလေးနဲ့ရဲ့ သိက္ခာကို ရိုသေလေးစားဖို့ ငါ့မှာ တာဝန်ရှိတယ်၊ ဒီတော့ ထိန်းသိမ်းရတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ကံတရားဆိုတာ မပြောနိုင်ဘူး ရှိန်း၊ တို့နှစ်ယောက် ဘယ်လိုပဲချစ်ချစ် ကံကြမ္မာ မဆုံစည်းလို့ မပေါင်းရရင် ငါ့ချစ်သူဟာ သန့်ရှင်းစင်ကြယ်စွာ ကျန်ရစ်စေချင်တယ်၊ နောက်တစ်ယောက်ကို လက်ထပ်ဦးတော့၊ ငါ့ချစ်သူဟာ သန့်စင်သောကိုယ်နဲ့ တခြားတစ်ယောက်ကို လက်ထပ်စေရမယ်၊ ဒါ့ကြောင့် ငါစောင့်ထိန်းခဲ့တာပါ ရှိန်း၊ မိန်းမတစ်ယောက်ကို တကယ်ချစ်လာရင် ကိုယ် မလေးအပေါ်မှာ ထားရှိတဲ့ စိတ်ထားမျိုး မင်းရင်မှာ အလိုလိုဖြစ်ပေါ်လာမှာပါ'

မျိုးဇင်သည် သူ့ကို စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပြရင်းဆုံးမတတ်သည်။ သူသည် မျိုးဇင်က ဒီလိုစကားဆိုတိုင်း သူ၏အဆောင်သူ မိန်းကလေးများကို တွေးကြည့်မိသည်။ သူသည် ဘယ်မိန်းကလေးကို နှစ်နှစ်ကာကာ မျိုးဇင်က မလေးအပေါ်ချစ်သောအချစ်နှင့် ချစ်ခဲ့ပါသလဲ။ သူတွေးတိုင်း ဘယ်မိန်းကလေးကိုမှ



သတ်မှတ်မရခဲ့။ သူ မိန်းကလေးတစ်ယောက်ယောက်နှင့် တွေ့ရတိုင်းပျော်သည်။ ပျော်ရတာ တစ်ခုပဲရှိသည်။

'အေးလေ… တစ်နေ့နေ့တော့ ဇင်ပြောတဲ့အချစ်မျိုး ရှိန်းရင်မှာ ဖြစ်ပေါ်လာမှာပါ'ဟု သူက ဖြေခဲ့သည်။ ပြီးတော့ ဆက်မေးသည်။

'နေပါဦး မျိုးဇင်၊ ထောင့်ငါးရာအချစ်နဲ့ မင်း မလေးကို ချစ်ခဲ့တာပဲ၊ ပါးလေးတောင် မနမ်းရက်တာ ရှိန်း အံ့သြလို့'

'ဟုတ်ပါတယ်၊ ထောင့်ငါးရာအချစ်ပါ၊ ဒါပေမဲ့ ရည်းစားဘဝမှာတော့ တို့ ရာဂစိတ်ထားလို့ မဖြစ်ဘူးလေ၊ ငါးရာနှစ်ဆယ့်ရှစ်ထက်လည်း ပိုပါတယ်၊ ထောင့်ငါးရာအထိ မရောက်ပေမယ့် ငါ့အချစ်က သန့်စင်လို့ ငါ တန်ဖိုးထားရတာ၊ ချစ်သူကို တန်ဖိုးထားလို့ပဲ ငါ့အချစ်ကို ဂဏန်းနဲ့ရော ဒီဂရီနဲ့ရော တိုင်းတာဖော်ပြလို့ မဖြစ်ဘူး'

မျိုးဇင်၊ မျိုးဇင်။ သူ့နှိမိတ်စကား ဆိုခဲ့လေသလား။ မျိုးဇင်တစ်ယောက် လက်ဖျားနှင့် မထိရက်၊ ပါးလေးတောင် မနမ်းရက်သော မလေးကို ထားရစ်ခဲ့ရကာ တိုက်ပွဲတစ်နေရာမှာ ကျဆုံးခဲ့ပြီ။ ရှိန်းရင်ထဲမှာလည်း အချစ်တစ်ခု ကျဆုံးခဲ့ရသလိုပါပဲ။ သူ အေးအေးကို လက်ထပ်ပြီးတော့လည်း သူ၏ရင်မှာ ဟာနေသောအချစ်ကို အေးအေးက အစားမဖြည့်နိုင်ခဲ့။ အေးအေးကို သူချစ်၍ လက်ထပ်ခဲ့သည်ဟု ထင်ပေမယ့် တကယ်တမ်း ရေရှည်ခရီးကို ရောက်လာလေလေ အေးအေးသည် သူနှင့် တဖြည်းဖြည်း ဝေးလာသည်။ အေးကအငြိမ်းစား အရေးပိုင်သမီး၊ သူ့အလိုအတိုင်း ဖေဖေနှင့် မေမေတို့က လူကြီးစုံရာနှင့် လက်ထပ်ပေးစားခဲ့သည်။ ယခု သမီးသုံးယောက် သားသုံးယောက်၊ စုစုပေါင်း ခြောက်ယောက်ရလာသောအခါ ပို၍ အေးအေးနှင့် အလှမ်းဝေးလာသည်။ ခုနေခါ မျိုးဇင် ရှိစေချင်သည်။ မျိုးဇင်ရှိနေလျှင် သူ့ရင်ထဲမှာ ဟာနေသော အချစ်ကွက်လပ်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြဆွေးနွေးနိုင်သည်။ အချစ်ဆိုတာ အိပ်ရာပေါ်မှာ မရှိပါလား မျိုးဇင်ရယ်ဟု သူ ညည်းညူမိသည်။ အိပ်ရာပေါင်းများစွာမှာ မိန်းမပေါင်းများစွာနှင့် သူအိပ်ခဲ့ပေမယ့် သူ့ရင်မှာ အချစ်ဆိုသောအရာကို ဘယ်မိန်းမကမှ မဖြည့်ဆည်းနိုင်ခဲ့သည်ကို ကြာလေ သူ သဘောပေါက်လာလေလေ။ သူ့စိတ်လေတိုင်း အရက်ကို အဖော်လုပ်တတ်လာသည်။ ညနေတိုင်း အရက်သမားကြီးလုံးလုံး ဖြစ်လာသည်။

ယခု ညနေမှာလည်း အရက်သမားတို့ ထုံးစံအတိုင်း မူးလာတော့ ငိုချင်သည်။ နောက်ထပ် ဖန်ခွက်လက်ကျန်ကို မော့လိုက်ရင်း မျက်ရည်များ တွေတွေကျလာသည်။ တစ်ခါတစ်ရံ သူသည် ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ တစ်ဖက်တွင် စီးပွားရေးအောင်မြင်မှုတွေ ရသလောက် တစ်ဖက်မှာ စာရိတ္တပိုင်းမှာ သူ ကျဆုံးခဲ့ပြီ။ ဒီလိုဖြစ်စေသည်ကို ဝမ်းနည်းစိတ်ဖြစ်ရပေမယ့် အလုပ်ကပြန်ချိန်ကျတော့ မြရည်ဦးဆီ သို့မဟုတ် တစ်ယောက်ယောက်ဆီကို ခြေဦးလှည့်စမြဲ။ အိမ်ရောက်တော့လည်း တစ်ကိုယ်တော် အရက်ပွဲ ကျင်းပမြဲ။

'မျိုးဇင်ရယ် ရှိန်းကိုကယ်ပါဦး'

သူသည် မျက်ရည်တွေစီးကျရင်း တီးတိုးရေရွတ်မိသည်။

'ရှိန်း'

ရုတ်တရက်ခေါ်သံကြောင့် သူ အံ့အားသင့်သွားသည်။ သူ့ရှေ့မှာ အေးအေးက မတ်တတ်ရပ်လျက်။

'အောက်ကိုများ ဆင်းကြည့်ပါဦး၊ ဘာတွေဖြစ်နေလဲလို့'

သူသည် လက်ထဲမှ အရက်ဖန်ခွက်ကို ချလိုက်၏။

'ဘာတွေဖြစ်နေလို့လဲ'

'ဆယ့်နှစ်နာရီထိုးနေပြီလေ၊ ဝဏ္ဏရော၊ အာကာရော အရက်ပွဲ မသိမ်းသေးဘူး၊ တစ်ယောက်နဲ့တစ်ယောက် ထိုးကြတာ အာကာ လဲနေပြီ'

သူက ခေါင်းခါလိုက်သည်။

www.burmeseclassic.com



'မင်းဘာသာမင်း ကြည့်ရှင်း၊ ဒါ မင်းရဲ့သားတွေ၊ တစ်နေ့လုံး ပင်ပန်းလာတယ်၊ ဒီရန်ပွဲကို ရင်မဆိုင်ချင်ဘူး'

အေးအေးသည် မျက်နှာကြီးရဲသွားသည်။

'ဩော်… သူတို့က ရှင့်သားတွေ မဟုတ်ဘူးပေါ့၊ အေးလေ… အဖေလုပ်တဲ့လူတောင် အရက်မသိမ်းသေးတာ၊ သားတွေ မသိမ်းတာ အဆန်းမဟုတ်ပါဘူး'

'မင်း ငါသောက်တာကို စကားထဲထည့်မပြောနဲ့၊ ငါက ဘဝပျက်အောင် သောက်တဲ့လူ မဟုတ်ဘူး၊ မင်းသားတွေလို အရက်ကျေးကျွန်ဖြစ်နေတာ မဟုတ်ဘူး'

သူ့အသံက ဘယ်လောက်အော်သည်မသိ၊ အေးအေးသည် အခန်းထဲ ပြေးဝင်သွားသည်။

'ဘာဖြစ်လဲ မေမေ၊ ဖေဖေ အော်လိုက်တာ'

'ထုံးစံအတိုင်းပေါ့၊ သူ့သားတွေ ရန်ပွဲကို ဆင်းပြီးမဖြေဘူးတဲ့လေ၊ သေကြပစေ'

အေးအေးသည် သူ့အိပ်ခန်းရှိရာသို့ တန်းဝင်သွားသည်။ ဖြူပြာရှိန်းက အောက်ထပ် ထမင်းစားခန်းရှိရာသို့ ဆင်းသွားသည်။ ဝဏ္ဏရှိန်းသည် ကုလားထိုင်ပေါ်မှာ ထိုင်၍ စားပွဲပေါ်ခေါင်းတင်ကာ မူးနေပုံရသည်။ ခေါင်းမထူနိုင်။ အာကာရှိန်းက ကြမ်းပေါ်ပက်လက်ကြီး။ ပုလင်းတွေ၊ ဖန်ခွက်တွေက ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေသည်။

ဒီမြင်ကွင်းသည် ဖြူပြာရှိန်းအတွက် မဆန်း။ မြင်နေကျမို့ ရိုးနေသည်။ ဦးပြူးကို လှမ်းခေါ်လိုက်သည်။

'ဦးပြူး ဝဏ္ဏကို အိပ်ခန်းထဲတွဲခေါ်သွားတော့'

ဝဏ္ဏသည် ဦးပြူးခေါ်သွားရာသို့ ဒယီးဒယိုင်နှင့် လိုက်သွားသည်။ သတိရပုံတောင် မပေါ်။ အမူးလွန်နေပုံရသည်။

'မကြည်သန်း လာဦး'

ဖြူပြာက အိမ်ဖော်ကလေးမလေးကို ခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သွား… ဦးထွန်းတို့လင်မယားကို သွားခေါ်လိုက်'

သူသည် ကြမ်းပေါ်လဲနေသော အာကာအနား ဒူးထောက်ထိုင်လိုက်၏။ နဖူးမှာ အတိုးခံရ၍ မျက်လုံးပိတ်နေအောင် ရောင်နေတော့သည်။ ပါးစပ်ကလည်း အရက်နံ့တွေ တထောင်းထောင်း။ သူလည်း သတိရှိပုံမရ။ ဦးထွန်းတို့လင်မယား ဝင်လာသည်။

'ကဲ… ဦးထွန်း၊ အာကာကို ထူပါဦး၊ ဝဏ္ဏရဲ့ ခြေရင်းခန်းကို ခေါ်သွား၊ ဒီည နှစ်ယောက်အတူ သိပ်လို့မဖြစ်ဘူး၊ တစ်ခန်းစီသိပ်မှ၊ ဦးထွန်း စောင့်အိပ်၊ ခေါ်သိန်းမေက အခန်းကိုရှင်းလိုက်'

ဦးထွန်းသည် အာကာကိုတွဲယူ၍ အခန်းထဲသွင်းလိုက်သည်။ မကြာခင် ရေနွေးဇလုံကိုယူ၍ ဖြူပြာရှိန်း ဝင်လာသည်။ အာကာ ခုတင်ဘေးရှိ စားပွဲခုံပေါ်တွင် ရေနွေးဇလုံကို ချလိုက်၏။ သူ့မောင်လေး၏ နဖူးပေါ်မှ ဆံပင်များကို ဖယ်လိုက်သည်။ မျက်နှာသုတ်ပဝါငယ်ကို ရေနွေးဇလုံတွင် နှစ်၍ ရေညှစ်ပြီး နဖူးပေါ်မှ ဖူးရောင်နေသည်ကို ကြပ်ထုပ်ထိုးပေးသည်။

'ဦးထွန်းရယ်… သူဇာကိုပြော၊ ဆေးဗီရိုထဲက အိုင်အိုဒင်း ယူခဲ့ပါလို့'

ဦးထွန်း အပြင်ထွက်သွားသည်။ မမူးလျှင် အသက်နှစ်ဆယ်ကျော်ရှိသေးသော သူ့မောင်လေးသည် ဖြူဖြူချောချောနှင့် ချစ်စဖွယ်လူငယ်လေးတစ်ယောက်။ ခုတော့ အရက်ရှိန်ဖြင့် မျက်နှာကြီးကနီရဲ၊ အဖုတွေ အသိမ့်တွေနှင့် ကြည့်မကောင်း။ အရက်သမားမျက်နှာသည် ဘယ်လိုချောချော အရက်ဝင်လာလျှင် ကျက်သရေမရှိတော့။ ဖြူပြာက ရေနွေးတဘက်နှင့် အညိုအမည်းဒဏ်ရာတွေကို ကြပ်ထုပ်ထိုးနေရင်း တဖြည်းဖြည်းနှင့် အာကာ သတိရလာသည်။ သူဇာရှိန်းလာပေးသော အိုင်အိုဒင်းကို အညိုအမည်းစွဲ၍ ရောင်နေသော နေရာတွေကို လူးပေးနေသည်။ သူဇာရှိန်းက ဇလုံထဲမှ ရေနွေးကို လဲပေးသည်။



'မမ သက်သာလာပါပြီ'

အာကာက စကားစပြောသည်။

'အာကာတို့ဟာ မလွန်လွန်းဘူးလား၊ ဆယ့်နှစ်နာရီလည်း ထိုးနေပြီ၊ သောက်ပွဲလည်း မပြီး၊ အေးအေးသောက်တာလည်းမဟုတ်၊ ရန်ဖြစ်ကြနဲ့၊ မမ သိပ်စိတ်ညစ်တာပဲ'

'ဒီဝဏ္ဏက လူပါးဝတာကိုး'

'မင်းက လူပိန်လေး၊ သူတို့းတော့ ခံရတာပေါ့၊ ဒီအရက်ကို မသောက်နဲ့ပြောလည်း မရဘူး၊ ကဲ… အိပ်တော့၊ ဦးထွန်း ဒီည အာကာနဲ့အိပ်ပေးပါ၊ တံခါးလည်း ချက်ထိုးထား၊ ဟိုကောင် အမူးပြေရင် ဝင်လာဦးမယ်၊ မမ သွားမယ်၊ လာ သူဇာ'

ဖြူပြာရှိန်းနှင့် သူဇာရှိန်းသည် အခန်းအပြင် ထွက်သွားကြသည်။ ဖြူပြာနောက်သို့ သူဇာက တိတ်ဆိတ်စွာ လိုက်သွားသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်။ အပေါ်ထပ် ခြေရင်းဘက် သူတို့အိပ်ခန်းရှိရာသို့ ဝင်သွားကြသည်။

သူတို့ညီအစ်မသုံးယောက်စလုံး တစ်ခန်းတည်း အတူအိပ်ကြသည်။ ခေါင်းရင်းဘက်နှစ်ခန်းမှာ ဖေဖေနှင့် မေမေက တစ်ခန်းစီအိပ်ကြသည်။ ဖြူပြာနှင့် သူဇာ အခန်းထဲဝင်သွားတော့ မူရာရှိန်းကို ခုတင်ပေါ် ငုတ်တုတ်ကြီးတွေ့ရသည်။

'မူရာ နိုးနေလား'

မူရာက ခေါင်းညိတ်ပြသည်။ သူဇာသည် သူ့ခုတင်ရှိရာသို့သွားကာ စိတ်ပျက်လက်ပျက် လှဲချလိုက်သည်။ ဖြူပြာကတော့ မအိပ်နိုင်သေး။ မူရာ့အနားကို ကပ်သွား၏။

'ညီမလေး ဆေးတစ်လုံးတော့ သောက်လိုက်ဦးနော်'

သူသည် ဆေးကိုယူကာ မူရာကို ဆေးတစ်လုံးတိုက်လိုက်၏။ စားပွဲပေါ်မှ ဖန်ချိုင့်က ရေကိုငှဲ့ကာ မူရာ့ကို ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေး အိပ်တော့နော်'

မူရာသည် ရေဖန်ခွက်ကိုလှမ်းယူကာ သောက်လိုက်ရင်း ဖြူပြာကို ခပ်ငေးငေးလေး ကြည့်နေသည်။ မူရာ၏ ဤလို အကြည့်မျိုးကို ဖြူပြာ မကြိုက်။ မျက်လုံးလေးများက ကြေကွဲသလို၊ ဝမ်းနည်းသယောင်၊ အားကိုးရာမဲ့နေသလို ဖြူပြာ့ကိုမကြည့်ဘဲ အဝေးကို မျက်နှာလွှဲလိုက်သည်။

'ကဲ... ညီမလေး အိပ်နော်'

မူရာ့ကိုယ်လေးကို အသာကိုင်၍ အိပ်ရာပေါ်လှဲလိုက်သည်။

'မျက်စိလေးမှိတ်၊ အဲ... ဟုတ်ပြီ၊ မမ အနားက စောင့်နေမယ်'

မူရာသည် မျက်လုံးလေးမှေးကာ ငြိမ်သက်နေသည်။ မကြာမီ အိပ်ပျော်သွားမှာပါပဲ။ ဖြူပြာတိုက်လိုက်သည့်ဆေးက အိပ်ဆေးပဲ။ သူဇာသည် သူ့ကို ကျောပေးကာ အိပ်နေသည်။ ခုတင်သုံးခုမှာ မူရာ့ခုတင်က အလယ်က၊ သူဇာလည်း အိပ်ပျော်ချင်မှ ပျော်မည်။ ဖြူပြာက ဘာမှမမေးတော့။ သူတို့အိမ်၏ ညဦးများသည် ဘာ့ကြောင့်များ သာယာချမ်းမြေ့ခြင်း မရှိပါလိမ့်။ သူသည် အိပ်တော့မည်လုပ်ပြီးမှ မေမေ့အခန်းကို ကြည့်မိသည်။ မီးရောင်က လင်းနေဆဲ။ သူ မေမေ့အခန်းဘက်သို့ ကူးသွား၏။ ညင်သာစွာ တံခါးကိုဖွင့်လိုက်သည်။

'မေမေ မအိပ်သေးဘူးလား'

အေးအေးသည် ခုတင်ပေါ်လှဲနေရာမှ သမီး ဝင်လာသည်ကို လှမ်းကြည့်လိုက်သည်။

'မအိပ်နိုင်သေးဘူး၊ နည်းနည်း ရင်ခံသလားလို့'

'ဆေးသောက်လိုက်ပါလား မေမေ'

ဖြူပြာသည် ခေါင်းရင်းစားပွဲသို့သွားကာ ဆေးပြားတစ်ပြားယူခဲ့၍ ဆေးကို လှမ်းပေးလိုက်သည်။ အေးသည် ဆေးကိုယူသောက်ကာ အိပ်ရာပေါ် ပြန်လှဲလိုက်သည်။



'ဖြူပြာ သွားအိပ်တော့လေ'

'မေမေ အိပ်ပျော်တဲ့အထိ ဖြူပြာ စောင့်နေမယ်၊ တော်ကြာ နှလုံးပြန်ခုန်လာမှာစိုးလို့'

အေးအေးသည် သက်ပြင်းချလိုက်ကာ မျက်စိမှိတ်ထားလိုက်သည်။ လက်ထပ်ပြီးစကတော့ သူနေမကောင်းလျှင် ရှိန်းက ဆေးတိုက်နေကျ။ လေးနှစ်အတွင်း သီဟရှိန်း၊ ဖြူပြာနှင့်၊ သူဇာကိုမွေးပြီးတော့ ရှိန်းလက်များသည် သူ့ထံကို ဆေးယူမလာတော့ပါ။

ဆေးတင်မဟုတ်၊ ကြင်နာယုယမှုများကိုလည်း မယူလာတော့ဆိုလျှင် ပို၍မှန်မည်။ လုပ်ငန်းများ ချဲ့ထွင်၍ ရှိန်းအလုပ်များလာတာလည်း မှန်သည်။ အပြင်မှာ ခြေလှမ်းကလည်း များလာသည်။ ရူပါများကက်ဖွင့်စဉ်က သူ့ကို ဖွင့်ပွဲလိုက်ဖို့ ခေါ်သေးသည်။ သူကလည်း စိတ်မပါ။ ရှိန်းလုပ်ငန်းတွေ တိုးချဲ့လာသည်နှင့်အမျှ သူ့အပေါ် စိတ်ဝင်စားမှုနည်းလာသည်ကိုလည်း မကျေနပ်။ အလုပ်ကြောင့်ဆို တော်သေး။ ကျန်အချိန်တွေမှာ ရှိန်းသည် အပြင်မှာ အချိန်ဖြုန်းလာသည်ကို သူ နားမလည်နိုင်ပါ။ လက်ထပ်ပြီးစကတော့ သူ ရှိန်းနောက်လိုက်လာ၍ ရန်ကုန်မှာ အိမ်ခန်းတစ်ခု ငှားနေရသည်။ သူလက်ထပ်စဉ်က အချိန်ကို သတိရလာပြန်သည်။ သူက လက်ထပ်ပွဲအခမ်းအနားကို မန္တလေးရှိ ဟိုတယ်ကြီးတစ်ခုခု ဒါမှမဟုတ် မြို့တော်ခန်းမမှာ ပြုလုပ်စေချင်သည်။ သူ့ဆန္ဒကို ရှိန်းကိုပြောပြသည်။ သူ့မိဘတွေအနေနှင့် အရေးပိုင်တော့ အရေးပိုင်ပါပဲ။ အရေးပိုင် ဦးစမ်းမောင်၊ ဒေါ်လှေးလေးခင်ဟူသော ဂုဏ်သာရှိသည်။ ပင်စင်ယူတော့ ဟန်ပဲကျန်သည်။ သူတို့မှာ စုပြီးဆောင်းပြီး ဒေးဝန်းရပ်က အိမ်နှင့်ဝင်းပဲ ရှိသည်။ ဒါ့ကြောင့် လက်ထပ်ပွဲမှာ တစ်ဦးဘည်းသော သမီးပေမယ့် သတို့သမီးဘက်က စိန်တစ်ဆင်စာတို့ဘာတို့ဆိုသည်ကို အထက်စီးနှင့်မပြောနိုင်။ ကိုယ့်သမီးကို တင့်တောင့်တင့်တယ် လာစောင်းသည်ကိုပဲ ကျေနပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရှိန်းက အေးဆန္ဒကို မေမေ့ကို ပြောပြသည်။ မေမေက ရှိန်းကို လက်ထပ်ပြီး ဝပ်ရှော့မှာ နေချင်၍မဖြစ်။ ရန်ကုန်မှာ အိမ်ခန်း သပ်သပ်ငှားပေးရဦးမည်။ ရှိန်းလုပ်ငန်းများ ချဲ့ထွင်ပေးရန် ငွေရင်း ငွေနှီးလည်း ပေးရဦးမည်ဖြစ်၍ လက်ထပ်ပွဲအတွက် ငွေအကုန်အကျ သိပ်မခံနိုင်ပါ။ အေးတို့အိမ်တွင် နံနက် လက်ထပ်ပွဲလုပ်၍ ရှိန်းတို့အိမ် မဟာဗေယျာဘုံ ရပ်ကွက်ဝင်းထဲတွင် ဧည့်ခံပွဲလုပ်ပေးမည်ဟု ပြောသည်။ ဒီအတိုင်းပဲ လုပ်ပေးခဲ့သည်။ မိခင်ကိုရင်ဆိုင်၍ သူ့ဆန္ဒကို ရအောင် တောင်းဆိုဖို့ ရှိန်း မလုပ်ရဲသည်ကို အေးက မကျေနပ်။ အစစ ရှိန်းမေမေက လွှမ်းမိုးလွန်းသည်ထင်သည်။ လက်ဖွဲ့ပစ္စည်း အနေနှင့် ရှိန်းမေမေက အေးကို စိန်နားကပ်တစ်ရန် လက်ဖွဲ့လိုက်သည်။

ရန်ကုန်ရောက်လာတော့ အေးအထင်သည် ပို၍ပီပြင်လာသည်ဟုထင်သည်။ ရှိန်းအလုပ်တိုက်သွားကာနီး၍ အေးက ပုဆိုး အင်္ကျီထုတ်ပေးတိုင်း…

'မေမေထည့်ပေးတဲ့ ဗန်းမော်ဆင် ပန်းရောင်နဲ့ အဖြူကွက်လေးပေးပါ'

အေးသည် သူထုတ်ထားသော လုံချည်များကို ပြန်ယူကာ ရှိန်းအကြိုက် ထုတ်ပေးရသည်။ တစ်ခါမဟုတ်၊ နှစ်ခါမဟုတ် အကြိမ်ကြိမ်ဆိုသလိုပါပဲ။

'မေမေထည့်ပေးတဲ့ ဆိတ်ခွန်လုံချည် မန်ကျည်းစေ့ကွက် အဝါနဲ့ အနက် အဲဒါ ထုတ်ပေးပါ'

'ဒီမှာ အေးပေးတဲ့လုံချည် ဘာလို့မဝတ်တာလဲ'

'မကြိုက်လို့ပေါ့'

ရှိန်းကလည်း ပြောင်ပြောင်ပဲ ပြောသည်။

'မေမေရွေးတဲ့အဆင် ကြိုက်လို့ပေါ့'

အေးရင်ထဲမှာ ကသိကအောင့်က လုံချည်က စလာခဲ့သည်။



များသောအားဖြင့် ရှိန်းမေမေ ဒေါ်အေးသွယ်ကလည်း သားကြိုက်တတ်သော လုံချည်ဆင်များကို ဝယ်၍ပို့တတ်သည်။ သူ့ယောက္ခမသည် ပုဆိုးဝတ်သည်အထိ ပါလာသည်ကို အေးက မကျေနပ်။ လုံချည်ပြဿနာမှမပြီးသေးခင် ထမင်းစားပွဲမှာ ပြဿနာစလာပြန်သည်။

'မေမေချက်တာနဲ့လည်း မတူဘူးကွာ'

'ဘယ်တူမလဲ၊ ဒါက သန်းရှင်ချက်တာ'

အေးကလည်း တုံးတိတိ။ အမှန်လည်း သန်းရှင် ချက်ခြင်းပဲ ဖြစ်သည်။ အေးသည် အိမ်ထောင်သက် လေးနှစ်ရောက်သည်အထိ မီးဖိုမဝင်ပါ။ တစ်ခါတစ်ရံမှ ဝင်ချက်တော့လည်း ဟင်းချက်သည်မှာ အဆီအငေါ်မတည့်နိုင်ပါ။ ဟင်းဆိုတာ ချက်နေကျမှလည်း အဆင်ပြေသည်။

'အခုထိ ဟင်းမချက်တတ်သေးဘူးလား'

'ချက်တတ်လည်း မချက်ချင်ဘူး'

အေးကလည်း တဲ့တိုး ပရိယာယ်မသုံးဘဲ ဖြေသည်။

'ဘာဖြစ်လို့လဲ'

ရှိန်းက အံ့သြသွားသည်။

'တစ်ခါလာ မေမေချက်တဲ့ဟင်း၊ မေမေချက်တဲ့ဟင်းမှ စားကောင်းတယ်ဆိုတော့ အေး မချက်ချင်ဘူး'

'ဒါကတော့ မေမေက ငယ်ကတည်းက အတူနေလာတော့ မေမေချက်တာက ခံတွင်းတွေ့တာပေါ့၊ အေးက ကြိုးစားပြီး ချက်ပါလား၊ မေမေ့လက်ရာ မီလာမှာပေါ့'

အေးသည် နေရာတိုင်းမှာလိုလို ယောက္ခမအရိပ်ကြီး စိုးမိုးနေသည်ဟုထင်သော အထင်မှာ ထမင်းစားပွဲကိုပါ ရောက်လာသည်။ သူကလည်း အိမ်မှာ တစ်ဦးတည်းသောသမီး။ ထမင်းချက်နှင့် စားပွဲထိုးနှင့် နေလာသူဖြစ်သည်။ မီးဖိုချောင် မဝင်ခဲ့ဖူးပါ။ ဒီမှာတော့လည်း ရှိသည်။ ယခု ရှိန်း စားသောက်ချိန်မှာ ခံတွင်းမတွေ့သည်ကို ချက်

www.burmeseclassic.com

www.burmeseclassic.com



တော့အခု ချက်ကျွေးရမှာက ယောက္ခမ မဟုတ်ဘူး၊ မင်းလင်
မမီဘူ ချက်ကျွေးရမှာ
လည်း ရှိန်းသည် မင်းတွေ ငါတွေနှင့် အော်ကြီးဟစ်ကျယ်ပြော
မမီပါ။ က်သွားတော့သည်။
မိခင်အ အေးသည် သိမ်မွေ့သော အိမ်ထောင်ရေး၏ အကွေ့အလှည့်
လုံချည်လက်တွေ့ကြုံရသောအခါ သူ မကိုင်တွယ်တတ်။ သူ့စိတ်
သော အချစ်ကို အားကိုးသည်။ ရှိန်းသည် သူ့ကိုချစ်၍ယူလာသည့်
အတွက် အချစ်သည် ကြုံလာသောပြဿနာများကို ဖြေရှင်းနိုင်လိမ့်
မည်ထင်သည်။ ပြီးတော့လည်း သမီးရည်းစား ချစ်သူဘဝမှာ ချစ်သူ
လက်မလွှတ်အောင် ထိန်းဖို့လိုသည်ဟု ထင်ခဲ့သည်။ လက်ထပ်ပြီးမှ
ပိုင်ဆိုင်လာပြီဖြစ်၍ ရှိန်းအချစ်ကို ယုံစားသည်။ အချစ်အားကိုးနှင့်
သူဆိုးသမျှ ခွင့်လွှတ်လိမ့်မည်ထင်ပေမယ့် အိမ်ထောင်သက်ကြာလာ
သောအခါ အချစ်သည် အိမ်ထောင်ကို ထိန်း၍မထားနိုင်ပါ။ နားလည်
မှု၊ အပေးအယူ၊ စေတနာများကသာ ယိုင်နဲ့လာသောအချစ်ကို ကျား
ကန်ပေးသည်ကိုလည်း အေး သတိမရမိ။

သားကြီး သီဟရှိန်းမွေးလာတော့ ကျောင်းထားချိန်မှာ ရှိန်း
တစ်လပေးသော ငါးထောင် မလောက်ဆိုကာ အေးက ယောက္ခမ
ပေးသောနားကပ်ကို ရောင်းချလိုက်သည်။ မမျှော်လင့်ဘဲ ဤမီးစက
ဟုန်းဟုန်းတောက်လာခဲ့သည်။

'မင်းလောက် မိုက်မဲတဲ့မိန်းမ မရှိဘူး၊ ဒါလောက် တုံးရ
သလား၊ ငွေမလောက်ရင် ငါ့ကို တိုင်တိုင်ပင်ပင် ပြောပေါ့၊ အခု
တော့ ငါ့အမေပစ္စည်းကို လုပ်ရက်တယ်'

'အမေ့ပစ္စည်းထိတော့ နာတယ်ပေါ့လေ၊ အဲဒီလိုနာအောင်
တမင်လုပ်တာ'

အေးစကားသည် ရှိန်း ရင်ကို ပစ်ဆောင့်သည်။ အမေကို
ချစ်သူ လေးစားသူရင်မှာ မီးဟုန်းဟုန်းတောက်ခဲ့သည်။ အေးနားကင်



ကို လက်ဝါးနှင့် ရိုက်လိုက်သည်။ ဒီကတည်းက သူတို့ရန်ဖြစ်လျှင်
လက်ပါလာသည်။ 'လင်မယားရလျှင် ဘယ်တော့မှ လင်အရိုက်မခံ
ရအောင်နေပါ၊ ရိုက်စရှိလျှင် လင်၏လက်သည် သွေးစွန်းလေတော့
ရိုက်စရှိလျှင် ရိုက်တတ်သည်' ဆိုသော အိမ်ထောင်ရေးနီတိကိုလည်း
အေး ကြားဖူးမည်မထင်ပါ။ အေးက သူနိုင်သည့်အပိုင်းမှ ကိုင်သည်။
လက်ထပ်ပြီး နှစ်တိုင်း ရှိန်းက သီတင်းကျွတ်လျှင် မန္တလေးပြန်ကာ
နှစ်ဖက်မိဘများကို ကန်တော့သည်။ အေးနားထင်ကို ရှိန်း ရိုက်ပြီး
ကတည်းက အေးသည် သီတင်းကျွတ်တွင် မန္တလေးမလိုက်။ သူ့ဘာ
သာသူ တစ်ယောက်တည်းပဲသွားသည်။

ဒီကတည်းက ရှိန်းသည် အေးစက်သော လက်များနှင့်ပင်
အေးထံကို ကမ်းလှမ်းခြင်းမပြုပါ။

လုပ်ငန်းများတိုးချဲ့၍ မေမေဝယ်ပေးသော အိမ်ခန်းလေးမှ
ပြောင်းရွှေ့ကာ ခြောက်မိုင်ခွဲရှိ ခြံနှင့်တိုက်ကို ဝယ်ပြီးတော့လည်း
သူတို့အိမ်ထောင်ရေးအခြေအနေက ပြောင်းလဲမှုမရှိပါ။

အထူးသဖြင့် ထမင်းပွဲမှာ မျက်နှာချင်းမဆိုင်ကြသည်က
သူတို့၏ သဘောကွဲလွဲမှုကို ပိုမိုကွာဟလာစေပါသည်။

ရှိန်းသည် ပညာတတ်ပေမယ့် ဒေးလ်ကာနက်ဂျီစာအုပ်ကို
ဖတ်ဖူးမည် မထင်။ ဒေးလ်ကာနက်ဂျီက လက်တွေ့လား ဘာလား
မသိ၊ ဇနီးက ဟင်းချက်ကျွေးလျှင်···

'ခင်ချက်တာ သိပ်ကောင်းတာပဲ၊ မောင် လျှာလည်သွား
ပြီ' ဟု ဇနီးကို ချီးကျူးစကားပြောလိုက်ပါ။ မိန်းမများသည် လင်
သည်ထံက ဒီလိုစကားမျိုးကြားရလျှင် မိမိလက်ကိုပင်ဖြတ်ပြီး ထင်း
စိုက်ကာ ယောကျ်ားကို ချက်ကျွေးမည်တဲ့။

ရှိန်းကတော့ အေး ဟင်းချက်ကျွေးတိုင်း···

'အသုံးက နည်းနည်းမှမကျဘူး' ဟု ဆိုလေတော့လည်း
အေးက ဘယ်တော့မှ မီးဖို မဝင်တော့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## - ၅ -

မလေးနှအတွက် စဉ်းစားစရာတွေက အများကြီး။ အင်္ဂလန်ကို စာသွားသင်နေစဉ်ကလည်း ဖေဖေ၊ မေမေတို့နှင့်အတူနေခဲ့သော ကလောအိမ်ကြီးကို ခဏခဏ အိပ်မက်မက်ခဲ့ရသည်။ ဖေဖေသည် သစ်တောဝန်ထောက်တစ်ယောက် ဖြစ်သည်။ သူပင်စင်မယူခင်ကတည်းက စိတ်ရှည်လက်ရှည် ပုံစံဆွဲ၍ဆောက်ခဲ့သော အိမ်ကြီး၊ ဗိုကုန်းအနောက်တောင်ကုန်းပေါ်မှာ ကျယ်ဝန်းသော ခြံကြီးအလယ်မှာ အိမ်ကြီးကမားမားစွင့်စွင့်။

ပုံစံသည် ရှေးဆန်ပေမယ့် အထဲမှာက ကျွန်းသစ်များဖြင့် အခန်းဖွဲ့ထားသည်မှာ ဖိတ်ဖိတ်တောက်နေသည်။ မဟော်ဂနီရောင်လှေကားသည် အိမ်ကြီး၏ ကျက်သရေပင်။ အပေါ်ထပ်မှာ အိပ်ခန်းနှစ်ခန်း၊ ရေချိုးခန်း၊ အိမ်သာ တွဲလျက်။ ဖေဖေတို့က ခေါင်းရင်းဘက်မှာ အိပ်၍ သူက ခြေရင်းခန်းမှာ အိပ်သည်။ အလယ်မှာ ကျယ်ပြန့်သော အခန်းကျယ်ကြီးတစ်ခုနှင့် အိမ်ဦးတွင် ဘုရားခန်းရှိသည်။

အောက်ထပ်မှာက ထမင်းစားခန်း၊ ဧည့်ခန်းနှင့် ဧည့်သည်အတွက် အိပ်ခန်းတစ်ခု၊ ရေချိုးခန်း၊ အိမ်သာ တွဲလျက်ပဲဖြစ်သည်။ အိပ်ခန်းများနှင့် ဧည့်ခန်း၊ ထမင်းစားခန်းများမှာ ခေါင်းတိုင်နှင့်အုတ်မီးဖိုများ ဆောင်းရာသီအတွက် ရှိသည်။ သစ်တောဝန်ထောက်ဆိုပေမယ့် ယခုလို အိမ်ကြီးမျိုးကို လခစားတစ်ယောက်အနေနှင့်



မဆောက်နိုင်ပါ။ သစ်လုပ်ငန်းပိုင်ရှင် ဦးစောထီးနှင့်အတူတွဲ၍ သစ်အရောင်းအဝယ်မှာ ရှယ်ယာထည့်ထား၍သာ ဖေဖေ ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မေမေ၏ လက်ဝတ်လက်စားတချို့ကိုလည်း ထုခွဲ၍ ပါဝင်ခဲ့သည်။

"ဖေဖေ့ရဲ့တာဝန်ထမ်းဆောင်နေစဉ်အတွင်းမှာ ဖေဖေ့သိက္ခာကို ထိပါးမယ့်ကိစ္စ ဖေဖေ ဘာမှမလုပ်ခဲ့ဘူး၊ ဒီအိမ်ကြီးကိုလည်း မေမေ့လက်ဝတ်လက်စားတချို့ ထုခွဲပြီးတဲ့ငွေရယ်၊ ဖေဖေ ရှယ်ယာဝင်ထားတဲ့ အမြတ်ငွေရယ်နဲ့ ဆောက်ခဲ့တာ၊ ဖေဖေ မိန်းမ မပွေဘူး၊ အရက်မသောက်ဘူး၊ မကစားဘူး၊ ဒါ့ကြောင့် မေမေ့အနေနဲ့ စုစည်းမိတာ၊ ဒီအိမ်အတွက် ရောင်းချလိုက်ရလို့ သမီးအတွက်တော့ လက်ဝတ်လက်စား အမွေများများ မချန်နိုင်ခဲ့ဘူး၊ ဒီတစ်လုံးတည်း စိန်နားကပ်ကလေးတစ်ရန်တော့ မေမေ ပေးနိုင်တယ်၊ ဒါပေမဲ့ သမီးကို ပညာအမွေနဲ့ ဒီအိမ်ကြီးတော့ ပေးခဲ့နိုင်မယ်၊ သမီးတစ်သက် ဖေဖေ၊ မေမေတို့အိမ်ကြီးကို စောင့်ရှောက်ပါ"

မေမေက သူ့ကို စိန်နားကပ်လေးပေးစဉ်က ပြောခဲ့ဖူးသည်။ တစ်ဖက် တစ်ရတီ စုစုပေါင်း နှစ်ရတီရှိသည်။ သူတို့အချိန်မှာ အင်္ဂလိပ်စာကို ငါးတန်းရောက်မှ သင်ကြားရပေမယ့် ယခင် ကင်းဝုဒ် (King's wood) ကျောင်းမှ ဆရာကို သီးသန့်ခေါ်ယူ၍ သူ့ကို ကျူရှင်ပေးခဲ့သောကြောင့် သူ ဆယ်တန်းမှာ အင်္ဂလိပ်စာနှင့် သချာ်ၤ နှစ်ဘာသာဂုဏ်ထူးရခဲ့သည်။ ဒါ့ကြောင့် သူ ဆရာဝန်ဘွဲ့ မြန်မာပြည်မှာရယူပြီး အင်္ဂလန်ကို သွားရောက်ပညာသင်ကြားသောအခါ အင်္ဂလိပ်စာရော စကားပြောပါ အခက်အခဲမရှိခဲ့ပါ။

ဒါပေမဲ့ သူ့ကို ကိုယ့်စရိတ်နှင့်ကိုယ် အင်္ဂလန်သွား၍ ပညာသင်ပေးရသောကြောင့် ဖေဖေတို့မှာ ငွေနှစ်သိန်းလောက်ကြွေးတင်ခဲ့သည်။ ယခု ဖေဖေ ပင်စင်ယူပြီးမှ သစ်လုပ်ငန်းဦးစောထီးနှင့် စပ်တူလုပ်ရာတွင် ငွေလေးသိန်း အကြွေးရှိသည်။ ဖေဖေသည်

www.burmeseclassic.com

www.burmeseclassic.com



သစ်လုပ်ငန်းအတွက် မိုးညှင်းတက်ရာတွင် လင်မယားနှစ်ယောက်လုံး မိုင်းဗုံးထိ၍ ကွယ်လွန်ခဲ့သည်။ ကြွေးခြောက်သိန်းအတွက် အိမ်ကြီးကို ဦးစောထီးထံ အပေါင်ထားခဲ့သည်။ ဦးစောထီးက သဘောကောင်းပါသည်။ နှစ်ကျပ်အတိုးနှုန်းနှင့် ဆပ်ခွင့်ပြုသည်။ အရင်းကိုလည်း ရက်အကန့်အသတ်မထားပါ။ ရွေးနိုင်မှ ရွေးဖို့ပြောသည်ကိုပဲ ကျေးဇူးတင်ရသေးသည်။ မဆပ်နိုင်ပါက အိမ်ကို သိမ်းမည်ဆိုလျှင် ဘာများတတ်နိုင်ပါမည်နည်း။

သူသည် အတိုးငွေများကိုတော့ မှန်မှန်ဆပ်နိုင်ခဲ့သည်။ ဘယ်လိုပင်ဖြစ်ပါစေ၊ သူ့ဖေဖေနှင့် မေမေ အမွေပေးခဲ့သော ဒီအိမ်ကြီးကိုတော့ ဆက်လက်ထိန်းသိမ်းရန် တာဝန်ရှိသည်။ သူ့ကို သုံးမကုန်သော ပညာအမွေ ဖေဖေတို့က ပေးခဲ့ပြီပဲ။ စီးပွားရေးအနေနှင့် သူ့လစာပဲရှိသည်။ အပြင်ဆေးခန်းတွေကိုလည်း တောင်ပေါ်ဒေသတွေမှာ မဖွင့်ခဲ့။ အင်္ဂလန်က ပြန်ကတည်းက အစိုးရဆီမှာ အမှုထမ်းလာသည်မှာ ငါးနှစ်ကျော်ရှိပြီဖြစ်၍ သူ ထွက်ခွင့်တောင်းလျှင် ရနိုင်သည်။ တချို့သူများလို နိုင်ငံခြား ပညာတော်သင်သွားပြီး နိုင်ငံခြားမှာ အခြေချသည်မှမဟုတ်ဘဲ။ သက်ဆိုင်ရာ သူ့ဆရာသမားများကို ချဉ်းကပ်ခွင့်တောင်းရဦးမည်။

ပထမဦးဆုံးကတော့ ဦးလေးထွန်းဝင်းနှင့် ဒေါ်လေးသန်းတို့ကိုပဲ သူ ဖွင့်ဟတိုင်ပင်လိုက်သည်။ ရှိန်း၏ အစီအစဉ်များကို သူပြောပြတော့ ဒေါ်လေးသန်းက စဉ်းစားနေသည်။ ဒေါ်လေးသန်းက ဖေဖေ့အောက် ညီမ။ ဖေဖေ့မှာ မောင်နှမနှစ်ယောက်ပဲရှိသည်။

"ဒီသူငယ်ကိုတော့ ဒေါ်လေးသန်း ရင်းရင်းနှီးနှီးမသိဘူး၊ မလေးအနေနဲ့ ဗညားရှိန်းဟာ ကျောင်းနေဖက်သူငယ်ချင်းတွေ၊ စိတ်ချရတယ်ဆိုရင် လုပ်စေချင်တယ်၊ အစိုးရဆီမှာလည်း မလေး တာဝန်ထမ်းဆောင်ပြီးပြီပဲ၊ မလေးမှာ ကိုကိုကြီးရဲ့အကြွေးတွေ ဆပ်ဖို့တာဝန်ရှိတယ်၊ သူ သံယောဇဉ်ကြီးမားခဲ့တဲ့ ဒီအိမ်ကြီးကို ကြွေးနဲ့ထိုးအပ်



ရတဲ့ အဖြစ်မျိုးလည်း အဖြစ်မခံနိုင်ဘူးဆိုတော့ မလေး စီးပွားရေး တစ်ခုခုတော့ လုပ်ရမယ်"

"ဖေဖေ့ရဲ့ ဒီအိမ်ကြီးကိုတော့ မလေးအသက်နဲ့လဲ စောင့်ရှောက်ရမယ်၊ ပြီးတော့ ဒီအိမ်တစ်ခုတည်းအတွက် တင်တဲ့အကြွေး မဟုတ်ဘူးလေ၊ မလေး ပညာသင်စရိတ်လည်း ပါတယ်ဆိုတော့ ဒီကြွေးဆပ်ဖို့ မလေးမှာ တာဝန်ပိုရှိပါတယ်"

"ဟုတ်တယ်၊ အခုအလုပ်က မလေးတတ်ထားတဲ့ ပညာနဲ့လည်း ဆက်စပ်နေတော့ မလေး ပျော်မယ်၊ တခြား ကုန်သည်သဘော စီးပွားရေးအလုပ်မျိုးဆိုရင် မလေး ကိုယ့်ပညာကို အသုံးမချရတော့ စိတ်လည်း ပျော်မှာမဟုတ်ဘူး၊ ကိုယ်သင်ထားတဲ့ ပညာတွေ အလကားဖြစ်မယ်"

ဒေါ်လေးသန်းက သဘောတူညီကြောင်း ထောက်ခံချက်ပေးပေမယ့် အနားတွင်ထိုင်နေသော ဦးလေးထွန်းဝင်းကတော့ သတိပေးလေသလား၊ ကန့်ကွက်သလား တိတိကျကျ မပြောနိုင်သော စကားကို ဆိုသည်။

"ဒီဆေးတိုက်ကို မလေးနဲ့ ဒီသူငယ် စပ်တူထူထောင်မှာလား"

"စပ်တူဆိုပါတော့၊ ဒါပေမဲ့ မလေးမှာ ငွေရင်းမှမရှိဘဲ၊ မလေးက လုပ်အားရှယ်ယာဝင်ရမှာပေါ့၊ အုပ်ချုပ်ရေးမှူးတာဝန်ယူရမယ်၊ ဒီအုပ်ချုပ်ရေးမှူးလုပ်တဲ့အတွက်လည်း သီးသန့်လခယူပါတဲ့၊ ဆေးတိုက်မှာ ဆေးရုံအုပ်ကြီး သတ်သတ်ထားမယ်လေ၊ ဆေးရုံအုပ်ကြီးကတော့ ရောဂါ၊ လူနာနဲ့ ဆေးဝါး တာဝန်ယူရမှာ၊ မလေးကတော့ မလေးလူနာရော မီးဖိုအလုပ်သမားကအစ ဆေးတိုက်တစ်ခုလုံးက တာဝန်ဆိုပါတော့"

"မလေးအလုပ်က တာဝန်ကြီးလိုက်တာ၊ မင်း ပင်ပင်ပန်းပန်းမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်တစ်ယောက်အဖို့ ပင်ပန်းတယ်ဆိုတာ မရှိပါဘူး ဦးလေးရယ်၊ နယ်စပ်ဒေသနဲ့ တောင်တန်းဒေသတွေပေါ်မှာ တစ်ခါ တစ်ခါ ဆေးရုံရှိယ်ဆိုပြီး ရုံးအဖွဲ့မတောင့်တော့ ကိုယ်ပဲ ဆရာဝန်၊ ကိုယ်ပဲ သူနာပြု၊ တစ်ခါတလေ သန့်ရှင်းရေးတောင် ဝင်လုပ်ရတာပါ၊ အခု ဆေးတိုက်မှာတော့ လုပ်အားရှယ်ယာဝင်တယ်ဆိုပေမယ့် မလေး အကျိုးအမြတ်အပေါ်မှာ ခံစားခွင့်မယူပါဘူး၊ အုပ်ချုပ်ရေးမှူးလခယူမယ်၊ မလေးကုသတဲ့ သားဖွားမီးယပ် လူနာတွေအပေါ်မှာ စေတနာခန်းကတော့ ဘယ်ဆရာဝန်မှ အခကြေးငွေ မယူဘူး၊ ငွေကြေးခန်းက တတ်နိုင်တဲ့လူနာတွေဆီက ကိုယ်ကုသတဲ့ ရောဂါအလိုက် ငွေယူမယ်၊ ဒါဆို တော်ပြီ"

"တခြား Business တစ်ခုခု၊ အခု ကုန်သွယ်ရေးလုပ်ငန်းဆိုပါတော့၊ ဦးလေးလုပ်ရင်ရော မလေး ဝင်ပါမလား"

မလေးနုသည် ခေတ္တမျှ စဉ်းစားနေသည်။

"ခုန ဒေါ်လေးသန်း ပြောသလိုပါပဲ ဦးလေးရယ်၊ မလေး အလုပ်မှာ မလေး ဝါသနာပါဖို့ စိတ်ဝင်စားဖို့ လိုတယ်၊ ကိုယ်တတ်ထားတဲ့ပညာ ခေါက်ထားပြီး တခြားစီးပွားရေးတစ်ခု လုပ်ဖို့ဆိုတာကတော့ စိတ်မဝင်စားရင် အောင်မြင်မယ်မထင်ဘူး"

"ဦးလေးက မလေး သိပ်မပင်ပန်းဘဲ အကျိုးအမြတ် ပိုမိုခံစားရတဲ့ အလုပ်တစ်ခုခု လုပ်စေချင်လို့"

"ကျေးဇူးပါပဲ ဦးလေးရယ်"

ဦးလေးက မပင်ပန်းစေချင်လို့ပဲ ဆိုသည်။ သူ့လုပ်ငန်းကို မလုပ်ရဟု မဆိုလေတော့ သူကလည်း ကျေးဇူးစကားပဲဆိုရသည်။ ကုန်သည်လုပ်ငန်းကိုတော့ သူ စိတ်မဝင်စားပါ။

ဦးလေးနှင့် ဒေါ်လေးသန်း ဆန္ဒကိုယူပြီး သူ အလုပ်ထွက်ဖို့ အစီအစဉ်များလုပ်ခဲ့ကာ ကလောကို ခေတ္တထွက်လာခဲ့သည်။

အိမ်ကြီးကိုမြင်ရတော့ ပိုမို၍ လွမ်းဆွတ်တသစရာပါပဲ။



ပင်ကိုက ကျယ်သောအိမ်ကြီးမှာ တစ်ယောက်တည်း ဝင်သွားလိုက်တော့ ပို၍ကျယ်လာသလို ထင်ရသည်။ သူသည် တစ်ခန်းဝင် တစ်ခန်းထွက် လိုက်ကြည့်မိသည်။

ဖေဖေကလည်း အလုပ်ကိစ္စနှင့် တစ်မြို့ပြီးတစ်မြို့ ပြောင်းနေရသည်က များသည်။ သူကလည်း ကျောင်းနေရလေတော့ ဘော်ဒါမှာ အနေများသည်။ ဘွဲ့ရပြီး အင်္ဂလန်ကိုလည်း ပညာတော်သင်သွားရပြန်သည်။ သူ အင်္ဂလန်သွားဖို့ ဖေဖေနှင့် မေမေ့ကို ကန်တော့တော့…

"သမီး အင်္ဂလန်က ပြန်လာရင်တော့ ခင်မေအေးရေ၊ တို့ မိသားစု စုစုစည်းစည်း ဖေဖေ့ရဲ့အိမ်ကြီးမှာ နေရတော့မယ်၊ ဒီလို မိသားစုဆုံစည်းရမယ့် အချိန်ကိုပဲ ဖေဖေ မျှော်လင့်မိတယ်၊ အစိုးရဝန်ထမ်းဆိုတာ ငယ်ငယ်က ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရသမျှ အထူးသဖြင့် တို့သစ်တောဝန်ထမ်းတွေမှာ အိုလာရင် အခုလို အေးအေးဆေးဆေး အနားယူဖို့အိမ်လိုတယ်၊ မဟုတ်ဘူးလား ခင်မေအေး"

ဖေဖေက ဇနီးဖြစ်သူကို ယခုလိုပြောခဲ့လေတော့ သူလည်း ဖေဖေတို့နှင့် အတူနေရမည့်အချိန်ကိုပဲ မျှော်လင့်တောင့်တခဲ့သည်။ အင်္ဂလန်လို မိသားစု စုစည်းမှုမရှိသော ပတ်ဝန်းကျင်ကို တွေ့ရလေလေ ဖေဖေတို့ မေမေတို့နှင့် အတူနေခဲ့ရသော အချိန်များကို လွမ်းဆွတ်လေပဲ။ အင်္ဂလန်မှာက ဆယ့်ရှစ်နှစ်ကျော်လျှင် သားသမီးတွေက ခွဲသွားကြပြီ။ သူတို့ဘာသာ သူတို့ အလုပ်လုပ်၊ မိဘတွေက သီးခြားနေသည်။ နေမကောင်း၍ ဆေးရုံတက်လျှင်လည်း ပန်းစည်းလေးပို့၊ ပါးလေးလာနမ်းလိုက်လျှင် ပြီးပြီပဲ။ မိဘတွေ မွေးနေ့ပွဲမှာလည်း ဆုတောင်းကတ်ပြားလေး ပို့လိုက်လျှင် ကျေနပ်ကြသည်။ တွေးတွေးနွေးနွေး ပွေ့ပွေ့ပိုက်ပိုက် ယုယုယယမရှိ။ သူက ဆေးရုံမှာလည်း အလုပ်လုပ်လေတော့ တစ်ခါတစ်ရံ အထီးကျန် အဘိုးအို၊ အဘွားအို၊ တချို့ မအိုသေးဘဲ အထီးကျန်သော မိဘများကိုမြင်လျှင် စာနာမိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဖေဖေတို့ မေမေတို့ကိုပဲ သတိရသည်။ သူ ဆရာဝန်ဘွဲ့ယူပြီးစ ကများ…

"ဖေဖေ့ကို သမီးရဲ့ ပထမဆုံးလူနာအဖြစ် ကုစမ်း" ဟုဆိုသည်။ ထိုစဉ်က ဖေဖေသည် သစ်တောမှရလာသော ငှက်ဖျားအခံရှိ၍ ငှက်ဖျားတက်လာချိန်ဖြစ်သည်။ သူက ယုယုယယနှင့် ဆေးထိုး၊ ဆေးပေးလုပ်လျှင် ဖေဖေက တပြုံးပြုံးနှင့် ပီတိဖြစ်နေသည်။ သူ ကျောင်းမှပြန်လာလျှင် မေမေနှင့်အတူ မီးဖိုဝင်ရလေတော့ ချက်ပြုတ်ပြီး ထမင်းစားပွဲမှာ…

"ဒါ သမီးကိုယ်တိုင် ချက်တာ" ဆိုလျှင် ဖေဖေတစ်ယောက်အားပါးတရစားသည်။ နံနက် ကော်ဖီစားပွဲမှာတောင် ဦးဘသာတို့ ဒေါ်မြတို့ကို သူမခိုင်း။ ကိုယ်တိုင် ဖေဖေတို့ကို ကော်ဖီဖျော် စားပွဲထိုးခဲ့သည်။

တစ်နေ့တော့ ဒီလို မိသားစု စုစုစည်းစည်း နေခဲ့ရလိမ့်မည်ဟု မျှော်လင့်ခဲ့သော တစ်နေ့သည် သူ့အဖို့ ဘယ်တော့မှ ရောက်လာမည်မဟုတ်တော့ပါ။

"သမီး လက်ထပ်ပွဲကျရင်လည်း အိမ်ကြီးပေါ်မှာ လက်ထပ်မယ်၊ ညစာခံပွဲကို ခြံထဲမှာ လုပ်မယ်၊ ဖေဖေက လက်မှတ်ထိုးတာတွေ၊ လက်ထပ်စာချုပ်တွေ ဝါသနာမပါဘူး၊ ဖေဖေနဲ့ မေမေလည်း လက်ချင်းဆက်ပြီး လက်ထပ်ခဲ့တာ၊ အခမ်းအနား မလုပ်နိုင်ရင်နေ၊ ဟိုဘက်မိဘ ဒီဘက်မိဘပါရင် ပြီးရောပဲ၊ လက်ထပ်ပွဲလေးတော့ ကျင်းပစေချင်တယ်၊ သမီးကို ဖေဖေတို့ ဆုံးမခဲ့ပြီပဲ၊ ပညာလည်း ပေးခဲ့ပြီ၊ ဒီပညာ အသိဉာဏ်နဲ့ သမီး ရွေးချယ်ခဲ့ကဲ့ ချစ်သူကို ဖေဖေတို့ လက်ခံမယ်"

ဒီကတိစကားနှင့်ပဲ သူ့ဖေဖေနှင့် မေမေသည် သူရွေးချယ်ခဲ့သော ကိုမျိုးဇင်ကို လက်ခံကာ ဒီအိမ်ကြီးပေါ်မှာ စေ့စပ်ကြောင်းလမ်းပွဲလေး လုပ်ပေးခဲ့သည်။ သူတို့မရှိသည့်နောက် သူတို့၏ တစ်ဦးတည်းသော သမီးသည် သူ့ချစ်သူနှင့် ဒီအိမ်ကြီးမှာ နေရစ်ခဲ့ရမည်ပေါ့။



သူ သက်ပြင်းချလိုက်မိသည်။ မေမေ နံနက်တိုင်း ဘုရားရှိခိုး ပရိတ်ရွတ်ခဲ့သော ဘုရားခန်းထဲကို ဝင်လိုက်သည်။ ဘုရားကို ဦးချလိုက်၏။ မြတ်စွာဘုရားသခင်၏ မျက်နှာတော်သည် တည်ငြိမ်အေးချမ်းလျက်ရှိသည်။

"ချစ်သမီး လောကကြီးမှာ မကြံဘဲနဲ့လည်း ဖြစ်တတ်တယ်၊ ကြံလျက်နှင့်လည်း ပျက်တတ်တယ်လို့ ငါဘုရား ဇနက္ကမင်းဖြစ်စဉ်က ဥဒါန်းကျူးရင့်ခဲ့ဖူးတယ်" ဟု ပြောနေသလိုပင်။ မလေးနုမှာတော့ ဘုရားဝတ်ပြုရင်း မျက်ရည်တွေ တွေတွေကျလာသည်။ ဘုရားခန်းမှ ခွာ၍ ဆင်ဝင်ကိုထွက်လိုက်သည်။ ဆင်ဝင်ပေါ်မှ ဝင်းဝကို မျှော်ကြည့်မိသည်။ ခြံစည်းရိုးနှင့်ယှဉ်၍ တစ်ပင်နှင့်တစ်ပင် ခပ်လှမ်းလှမ်းခွာကာ စိုက်ထားသော ထင်းရှူးပင်ကြီးတွေက ကြံ့ခိုင်မြင့်မား၍ လေတွင် ယိမ်းနွဲ့နေသော ရွက်မွှားလေးများသည် အတိတ်၏ သာယာသော ဤအိမ်ကြီးအကြောင်းကို တေးညည်းနေသော်လည်း ဆွေးမြည့်တမ်းတသံ နှောနေသည်။

ဒေလီပန်းခင်းများ ကက္ကရူ၊ သရက်ထည်၊ ပန်းချဉ်ပေါင်တွေကို အကွက်ကျ စိုက်ပျိုးထား၍ အပေါ်မှစီးကြည့်လျှင် ပန်းကော်ဇောလို ဖြစ်နေရသည်။ ယူကလစ်ပင်လုံးဖြူကြီး၏ အောက်ခုံတန်းလေးမှာ ကိုမျိုးဇင်နှင့်သူ စေ့စပ်သော ညနေခင်းက စကားတွေ အများကြီးပြောသည်။ ညဘက် လဝန်းသည် အရှေ့တောင်တန်းပေါ်မှ ကျော်၍ မြင့်တက်လာသည်အထိ သူတို့နှစ်ယောက် ခုံတန်းလေးပေါ်မှာ ရှိခဲ့သည်။

"လက်မထပ်သေးဘဲ သူစိမ်းယောကျ်ားရဲ့ အနမ်းကို မလေး လက်မခံနိုင်ဘူးဆိုပေမယ့် ဒီနေ့ ဇင်နဲ့ မလေး စေ့စပ်ပွဲအထိမ်းအမှတ်အဖြစ် မလေးပါးကို နမ်းပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ထာဝစဉ် ချစ်သူ၏ကြွေနွေကို ထိန်းသိမ်းစောင့်စည်းခဲ့သော ကိုမျိုးဇင်ဆန္ဒကို ထိုညက မလေးနု လိုက်လျောခဲ့ပါသည်။ ထိုနေ့ညက မလေးနုပါးကို ညင်သာစွာနမ်းခဲ့သော ကိုမျိုးဇင်၏အနမ်းသည် ပထမဆုံးနှင့် နောက်ဆုံးအကြိမ် ဖြစ်သည်ကို သူတို့နှစ်ယောက် မသိခဲ့ပါ။ တစ်ခြံလုံးပေါ်ကို လရောင် စိမ့်ယိုကျလာ၍ လေတွင် ထင်းရှူးရနံ့နှင့် ပန်းရနံ့များ သင်းပျံ့နေသည်။ ထင်းရှူးရွက်မွှားလေးများသည် လေတွင် ဝဲပျံလှုပ်ရှား၍…

'တစ်ယောက်မျက်နှာ တစ်ယောက်မြင်ရင် ချစ်သမျှသဘော လှစ်ဟာမပြော သိနိုင်တယ်' ဆိုသော သီချင်းလေးကိုသီဆိုကာ ချစ်သူတို့ တွေ့ပွဲကို ကောင်းချီးပေးနေပုံရသည်။ အမှန်လည်း မလေးနုသည် စကားတစ်လုံးမှ မဆိုမိ။ ရွှန်းပဝင်းလက်သော မျက်လုံးများက ကိုမျိုးဇင်ကို စူးစိုက်ကြည့်ရင်း သူ၏နက်ရှိုင်းသော အချစ်ကို ဖော်ပြလျက်ရှိပါသည်။ ကိုမျိုးဇင်သည် မလေးနုပခုံးကို ဆွဲယူကာ ရင်ခွင်ထဲသွင်းလိုက်သည်။ မလေးနု နဖူးပြင်ကို သူ့နှုတ်ခမ်းနှင့် ဖိထားသည်။

'မလေးကို ဇင် မခွဲချင်ဘူး'

ကိုမျိုးဇင်က တီးတိုးပြောဆိုလိုက်သည်။

'မလေးလည်း မခွဲချင်ပါဘူး၊ မလေး အင်္ဂလန်က ပြန်လာတော့ လက်ထပ်မယ်၊ ဒီတော့ ဇင်နဲ့ မလေး မခွဲရတော့ဘူး'

သူတို့နှစ်ယောက်သည် တစ်ယောက်လက် တစ်ယောက် တင်းကျပ်စွာ ဆုပ်ထားမိသည်။

ယခုတော့ သေမင်းသည် ဆုပ်ထားသော မလေးလက်ထဲမှ ချစ်သူလက်ကို နုတ်ယူသွားပါပကော။

❦ ❦ ❦

- ၆ -

အိမ်ရှေ့မှာ ကားထိုးရပ်သံ မလေးနု ကြားလိုက်သည်။ ညီမဝမ်းကွဲ ယင်းမာဝင်းက ကားရောက်လာကြောင်း သူ့ကို လာပြောသည်။ သူ အဆင်သင့်ပြင်ဆင်ပြီး၍ အိမ်ရှေ့ထွက်လိုက်သည်။ ကားပေါ်တက်မည်လုပ်တော့ အံ့အားသင့်သွားသည်။ ကားထဲမှာ ကားမောင်းသည့်နေရာမှာ ရှိန်းတစ်ယောက်တည်း။ ဘယ်သူမှမပါ။

'လာ… ရှေ့က တက် မလေး၊ တင်သက်မာက ဖုန်းဆက်ထားတယ်၊ မလေးကို ဝင်ကြိုပါဆိုလို့'

ရှိန်းက ကားတံခါးဖွင့်ပေးသည်။ မလေးနုက ကားပေါ်တက်ရင်း ရှိန်း၏ဇနီး မပါဘူးလားဟု မေးချင်သည်။ မေးရကောင်းမလား၊ မမေးရ ကောင်းမလား သူ စဉ်းစားနေသည်။ တင်သက်မာက သူကျွေးသော ထမင်းစားပွဲတက်ရန် ရှိန်း လာကြိုမည်ဟု ကြိုတင်ဖုန်းဆက်ထားသည်မှာ အမှန်။ ဒါပေမဲ့ သူထင်သည်က ရှိန်းတို့လင်မယား လာကြိုမည်ထင်ခဲ့သည်။ ယခုတော့ ရှိန်းတစ်ယောက်တည်း။ သူသည် တစ်ယောက်တည်း လိုက်ခဲ့ရသည်ကို စိတ်မလုံသလိုပင်။ သူ့ဇနီးသည် ဘာ့ကြောင့် မပါသည်ကိုလည်း မမေးရဲ။ ရှိန်းက သူ ဘာတွေးနေသည်ကို သိပုံမပေါ်။ တင်သက်မာအကြောင်းပဲ ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလေးနဲ့ တင်သက်မာက သူငယ်ချင်းဆိုတော့ ရှိန်းလည်း တင်သက်မာကို ခင်ပါတယ်၊ ကိုယ့်ဇနီးနဲ့လည်း သူငယ်ချင်းပဲ၊ သူ အိမ်ထောင်ပြုမယ်ဆိုတော့ ရှိန်းတော့ ဝမ်းသာတယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ဆုံးရတာ တော်တော်ဆိုးတယ်၊ ပြီးတော့ ကလေးနှစ်ယောက်ကလည်း ကျန်သေး၊ မလေး သူယူမယ့်လူကို မြင်ဖူးလား"

"ဟင့်အင်း… မမြင်ဖူးဘူး၊ ခု ထမင်းစားပွဲမှာ တွေ့ရမှာပဲ"

"အေးကွယ်… လူကောင်းဖြစ်ပါစေ ဆုတောင်းပါတယ်၊ သူ့ခမျာ သူ့ချစ်သူနဲ့ လက်ထပ်ရတော့လည်း ကြာကြာမပေါင်းရ၊ ခက်တာပဲနော်၊ အကြာကြီးပေါင်းနေရတဲ့ လူတွေကျတော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ချင်မှ ချစ်ကြတာ၊ တော်တော် စိတ်ပျက်စရာကောင်းတဲ့ အိမ်ထောင်ရေး"

ရှိန်းက သူ့ကိုယ်တွေ့နှင့် သူပြောသော်လည်း သူတို့အိမ်တွင်းရေးကို မသိသော မလေးသည် ဘာတစ်လုံးမှ ဝင်ရောက်မဆွေးနွေး။ ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

"မလေးတို့ကျပြန်တော့လည်း စေ့စပ်ထားရင်းက မျိုးဇင်ဆုံးရတယ်၊ လက်တောင် မထပ်လိုက်ရဘူး၊ တစ်ခါတစ်ခါ ရှိန်းဒီကောင်ကို သိပ်လွမ်းတာပဲ၊ အိမ်မှာ အဆင်မပြေလေ သူ့ဆီပြေးသွားချင်တယ်၊ ဘာပဲဖြစ်ဖြစ် ရှိန်း ပြဿနာတစ်ခုခုဖြစ်လာရင် ဇင်က ဖြေရှင်းပေးနေကျ၊ မလေးက ပိုလွမ်းမှာပေါ့လေ"

သူ့ဘာသာ တစ်ယောက်တည်းပြောရင်း ပြည်လမ်းပေါ်ရှိ ဟိုတယ်အငယ်စားလေးတစ်ခု၏ ဝင်းထဲ ရောက်လာသည်။ တိတ်ဆိတ်အေးဆေး၍ လူရှင်းသောနေရာလေး ဖြစ်သည်။ စားသောက်ခန်းရှေ့မှာ တင်သက်မာနှင့် ကိုအောင်ဝင်းက ဆီးကြိုသည်။ ကလေးနှစ်ယောက်ကို တစ်ယောက်စီ လက်ဆွဲထားကြသည်။

"ရှိန်း… အေး မပါဘူးလား"

တင်သက်မာက မေးလိုက်သည်။



"ဘယ်တုန်းကများ ခင်ဗျားသူငယ်ချင်းက ရှိန်းနဲ့အတူ ပွဲတက်လို့လဲ၊ သူမတက်ရင် တက်တဲ့လူနဲ့ ရှိန်းက တွဲမယ်"

ရှိန်းပြောသံကြားတော့ မလေးနု ခြေလှမ်းတုံ့သွားသည်အထိ ဣန္ဒြေပျက်သွားသည်။

"လာ… မလေး၊ သူက တင်သက်မာနဲ့ လက်ထပ်မယ့်လူ ကိုအောင်ဝင်း၊ ရှိန်းနဲ့လည်း မိတ်ဆက်ပေးရဦးမယ်"

တင်သက်မာ စကားဝင်ပြောလိုက်၍ မလေးနု ပြန်ထိန်းနိုင်သည်။ ကိုအောင်ဝင်းကလည်း ရှိန်းကို လက်ဆွဲနှုတ်ဆက်ကြ၍ ထမင်းစားပွဲ ပြင်ထားရာ သီးသန့်အခန်းထဲ ဝင်သွားကြသည်။ သားလေးက တင်သက်မာနှင့် ကိုအောင်ဝင်းကြားမှာ ထိုင်၍ သမီးလေးက မလေးနုနှင့် တင်သက်မာကြားမှာ ထိုင်သည်။

စားရင်းသောက်ရင်း စကားတွေ ပြောကြသည်ကတော့ အစုံပါပဲ။ ကိုအောင်ဝင်းသည် သားလေးကို တယုတယ ဟင်းများထည့်ပေးသည်။ ကြင်နာယုယပုံရသား။ လူက အသားဖြူဖြူဝဝ၊ တင်သက်မာထက် ပုပုံရသည်။ နဖူးကျယ်ကျယ်၊ မျက်နှာဝိုင်းဝိုင်း၊ မျက်လုံးကတော့ နည်းနည်းအနက်ရောင်ဖျော့သည်။ ကော်ဖီရောင်ဟုလည်း မဆိုသာ။ မျက်ခုံးမွေးကတော့ ထူသည်။ နှုတ်ခမ်းပါးလေးနှင့် ပြုံး၍ စကားပြောတတ်သည်ကတော့ ချစ်ခင်ဖွယ်ကောင်းပါသည်။

စားရင်းသောက်ရင်း တစ်ယောက်အကြောင်း တစ်ယောက်ပြောကြရင်းမှ ရှိန်းကတော့ ထုံးစံအတိုင်း ပွင့်ပွင့်လင်းလင်း အသံကျယ်ကြီးနှင့် ပြောချင်ရာစွတ်ပြောနေတတ်သည်။

"တင်သက်မာလည်း စဉ်းစားပေါ့၊ ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ကျပေမယ့် ရှိန်းရဲ့ ဆေးခန်းမှာလည်း အချိန်ပိုင်းထိုင်ပေါ့၊ ခင်ဗျားသူငယ်ချင်း မလေးနုကို မေးကြည့်၊ ရှိန်း အစီအစဉ်တွေ ပြောထားတယ်။ တကယ်လို့များ ရှိန်း လုပ်ငန်းအောင်မြင်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



အစိုးရအလုပ်က ထွက်လိုက်ဗျာ၊ ကျွန်တော် လခကောင်းကောင်း ပေးမယ်၊ နှစ်စဉ်လည်း ဆုကြေးပေးမယ်၊ ဒီလို ကိုအောင်ဝင်း'

ရှိန်းသည် သူစီစဉ်ထားသော ရှိန်းဆေးကုခန်းအကြောင်းကို ရှင်းလင်းပြောပြနေသည်။

'ကိုအောင်ဝင်းကလည်း သဘောတူတယ်မို့လား'

'တူပါတယ်ဗျာ၊ ဆင်းရဲသားတွေ ရောဂါဖြစ်ရင် သေဖို့ပြင်ပဲ၊ ဆေးဖိုးဝါးခကြီး၊ အတူးကု ဆရာဝန်ခ အားလုံးပါပဲ၊ ရှိန်းဆေးကုခန်းကြီးအောင်မြင်ရင် ကျွန်တော့်ဆန်စက်က အလုပ်သမားတွေအတွက်လည်း အားကိုးပါရစေ'

'စိတ်ချ… ကျွန်တော့်တာဝန်ထား၊ ဝိုင်းလည်း ကူကြပါဗျာ၊ တင်သက်မာဟာ မလေးနုရဲ့ အချစ်ဆုံးသူငယ်ချင်း ဖြစ်သလို မလေးနုနဲ့ စေ့စပ်ထားတဲ့ ဗိုလ်မျိုးဇင်က ကျွန်တော့်သူငယ်ချင်း အချစ်ဆုံးပဲ၊ ဒီကောင် တိုက်ပွဲကျတာ ကျွန်တော့်မှာ သိပ်ဆုံးရှုံးသွားတာပဲ၊ ကျွန်တော့်ကိုထိန်းတာ သူဗျ၊ ကိုအောင်ဝင်း တင်သက်မာကို လက်ထပ်တာ ကျွန်တော် ဝမ်းသာတယ်၊ ရာသက်ပန် စောင့်ရှောက်ပါဗျာ၊ ကျွန်တော်တို့တွေဟာ မောင်နှမတွေလို ခင်ကြပါတယ်၊ ကျွန်တော်ကလည်း မျိုးဇင်ချစ်သူ မလေးနုကို စောင့်ရှောက်ဖို့ တာဝန်ရှိတယ်'

မလေးနုသည် လက်ကျန်လိမ္မော်ရည်ကို သောက်ရင်း ရှိန်းစကားကြောင့် ဖျတ်ခနဲ ရှိန်းမျက်နှာကို လှမ်းကြည့်လိုက်သည်။ စားပွဲထိုးများက နောက်ဆုံးစားပွဲကို သိမ်းစပြုပြီ။ သူ တစ်စုံတစ်ရာ ပြန်ပြောမည်လုပ်နေစဉ်…

'ရှိန်း လိုအပ်တာပြောပေါ့၊ တင်သက်မာ ကူဖို့ အဆင်သင့်ပါ၊ ကိုအောင်ဝင်းကလည်း ကူညီပါလိမ့်မယ်၊ ကဲ… ရှိန်း၊ မော်တော်ဝပ်ရှော့လို အလုပ်သမားတွေ သာရေးနာရေးလည်း ဆန်စက်မှာ ဘယ်လိုလုပ်သင့်တယ်ဆိုတာ ရှိန်းနဲ့ ကိုအောင်ဝင်း ဆွေးနွေးပေါ့'



တင်သက်မာ ဝင်ပြောလိုက်ပြန်၍ မလေးနု ဘာမှမပြောတော့ပါ။ စိတ်ထဲမှာတော့ ရှိန်းစကားကို မကျေနပ်။ အားလုံး နှုတ်ဆက်၍ ကားပေါ်တက်ကြသည်။ သိပ်ညဉ့်မနက်သေး။ ဆယ်နာရီကျော်လောက်ပဲ ရှိသေးသည်။ မလေးနုသည် ကားပေါ်ထိုင်ရင်း နှုတ်ခမ်းကြီးစူနေသည်။ သူ့မျက်နှာထား ဘယ်လိုနေသည်ကို ရှိန်းသိမည်မထင်။ စကားတစ်လုံးမှမပြောဘဲ လိုက်လာသည်။

'ကိုအောင်ဝင်းက သဘောကောင်းပုံရတယ်နော်၊ မလေး… ရှိန်းရဲ့အစီအစဉ်တွေ တင်သက်မာကို ထပ်ပြောပြဦးနော်'

ရှိန်းကသာ ပြောသည်။ မလေးနုက မလှုပ်။

'ဘာဖြစ်နေလဲ၊ စကားတစ်လုံးမှ မပြောဘူး'

'မပြောချင်ဘူး၊ ရှိန်းက စကားပြောတာ မဆင်ခြင်ဘူး၊ ဘာတွေပြောလဲ မသိဘူး၊ ကိုအောင်ဝင်း ခင်ဗျား တင်သက်မာကို ရာသက်ပန်စောင့်ရှောက်ပါဗျာ၊ ကျွန်တော်ကလည်း ကျွန်တော့်သူငယ်ချင်း မျိုးဇင်ရဲ့ချစ်သူ မလေးနုကို စောင့်ရှောက်ဖို့တာဝန်ရှိတယ်ဆိုတော့ ရှိန်းစကားက ဘယ်ရောက်သွားလဲ'

မလေးနုက ခပ်ဆောင့်ဆောင့် ပြောလိုက်သည်။

'ဩော်… မလေး စိတ်ဆိုးတာကိုး၊ ရှိန်းပြောတာ မမှန်ဘူးလား၊ မှန်တာပြောတာ၊ ရှိန်းမှာ တာဝန်ရှိတယ်၊ ရိုးရိုးပြောတာပါ မလေးရယ်၊ အတွေးမခေါင်ပါနဲ့၊ ရှိန်းက တဲ့တိုးပြောတတ်တာ'

'တော်… ရှိန်း၊ ရှိန်း စကားပြောရင် သတိထားပြော၊ မလေးနဲ့ ရှိန်းက ရှေ့လျှောက်ပြီး လက်တွဲအလုပ်လုပ်ကြရမှာ'

'သတိထားပါမယ်၊ သတိထားပါ့မယ်၊ ကတိပေးပါတယ်ဗျာ၊ လုပ်ငန်းကြီးကိုတော့ မထိပါးလိုက်ပါနဲ့'

ရှိန်းက ရယ်ရယ်မောမော ပြောလိုက်ရင်း အိမ်အထိလိုက်ပို့သည်။

www.burmeseclassic.com

www.burmeseclassic.com

- ၇ -

ရှိန်း ဆေးတိုက်ဖွင့်ရန်နှင့် မလေးနု အလုပ်ဝင်လုပ်တော့မည့်အကြောင်း၊ အစိုးရအလုပ်ကပါ ထွက်မည့်အကြောင်းများကို မလေးနုသည် မတော်လိုက်ရသော ယောက္ခမကြီးများဖြစ်သည့် ဦးအေးကြူ ဒေါ်ခင်ထားတို့ကို သွားရောက်ပြောပြရသည်။ သူတို့က သော်မဆင်မှာ နေသည်။ ကိုမျိုးဇင်၏အထက် သမီးမြသွေးတစ်ယောက်ပဲရှိသည်။ ကိုမျိုးဇင် ကွယ်လွန်ပြီးနောက် ကိုမျိုးဇင်မိဘများနှင့် အဆက်အသွယ်မပြတ်ဘူးဆိုပေမယ့် သူက တောင်တန်းဒေသတွေမှာ အနေများ၍ တစ်ခါတစ်ရံမှ တွေ့ဖြစ်သည်။ မတွေ့ရတာလည်းကြာ ယခုပြန်တွေ့ချိန်မှာ သားကိုယ်စား မလေးနုကို လှိုက်လှိုက်လှဲလှဲ ဧည့်ခံကြသည်။ ထမင်းပါကျွေး၍ မလေးနုမှာ စိတ်ကျေနပ်အောင် စားရသည်။ ယောက်မ အပျိုကြီးကလည်း သူ့ကိုကြည့်တိုင်း မျက်ရည်လေးလည်လည်နှင့် မောင်ဖြစ်သူကို သတိရပုံရသည်။

ထမင်းစားပြီး လက်ဖက်၊ ရေနွေးကြမ်း၊ ငါးခြောက်ဖုတ်များ စားကြတော့မှ မလေးက ရှိန်း သူ့ဆီလာသည့်အကြောင်း၊ ရှိန်း ဆေးတိုက်ဖွင့်၍ သူက အုပ်ချုပ်ရေးမှူးလုပ်မည့်အကြောင်းများကို ပြောပြသည်။

"အဲဒါ ဖေဖေတို့ မေမေတို့ကို မလေး လာပြီးတိုင်ပင်တာပါ"



မလေးက စကားကို အဆုံးသတ်လိုက်သည်။ ဦးအေးကြူကလည်း အညာမုပဲများကို နိုင်ငံခြားပို့နေသူဖြစ်သည်။

"ခု စီးပွားရေးနယ်မှာတော့ ရှိန်း အတိုးတက်ဆုံး ဆိုရမယ်၊ ခုတော့လည်း သူ့ စီးပွားရေးကိုလုပ်တာ စနစ်တကျရှိသားပဲ၊ ကုန်သည်အလုပ်ဆိုတာ စနစ်ကလည်း ရှိဦးမှ၊ ဒီသူငယ် ငယ်ငယ်ကတော့ အလုပ် ဟုတ်တိပတ်တိ လုပ်မယ့်ပုံ မဟုတ်ဘူး၊ ကျောင်းပိတ်ရက်တွေ တစ်ခါတစ်ခါ မန္တလေးမပြန်ဘူး၊ အိမ်လာနေတယ်၊ စကားပြောရင် ဟော့ဟော့ဒိုင်းဒိုင်း စိတ်ပျော်လက်ပျော်လည်း နေတတ်တယ်၊ မောင်မျိုးဇင်ကဖြင့် သူ့သူငယ်ချင်းကို သိပ်ချစ်တာ၊ အရက်အနံ့မခံတဲ့လူ သူ့သူငယ်ချင်း သောက်မယ်ဆိုတော့ ထမင်းစားခန်းထဲမှာ အမြည်းနဲ့ကိုတိုက်တာ၊ ဖေဖေတို့က နိုင်ငံခြားသား ဧည့်သည်တွေနဲ့ ဆက်ဆံရတော့ အိမ်မှာ အရက်သာထားတယ်၊ ဖေဖေလည်း မသောက်တတ်ဘူး၊ သားလည်း မသောက်ဘူး"

မလေးနု စိတ်ထဲမှာတော့ ရှိန်း အရက်သောက်တတ်သည်ဆိုတော့ အလုပ်တွဲလုပ်ရမည်ကိုပင် ခပ်လန့်လန့်ဖြစ်သွားသည်။ ဒေါ်ခင်ထားက စကားဆက်ပြန်သည်။

"ဘာပဲဖြစ်ဖြစ်ပေါ့၊ မေမေကတော့ သမီး ရန်ကုန်မှာ အမြဲရှိနေတယ်ဆိုတော့ ဝမ်းသာတယ်၊ ဖေဖေတို့ မေမေတို့ ကျန်းမာရေးအတွက်လည်း သမီး ဆေးတိုက်ရှိနေတော့ စိတ်ချရတာပေါ့၊ ဘာပဲဖြစ်ဖြစ် သမီး မေမေတို့ကို အဆက်အသွယ်မဖြတ်တာ ဝမ်းသာပါတယ်၊ သမီးမှာလည်း မိဘတွေမရှိ၊ တောင်တန်းဒေသတွေကို တစ်ယောက်တည်းသွားနေတော့ တောင်တန်းသားတွေအတွက် အကျိုးရှိတာမှန်ပေမယ့် သားအမိတစ်တွေ ပြောပြောနေရတယ်၊ သမီးတစ်ယောက်တည်း စိတ်မချဘူးလို့၊ သမီး အခက်အခဲရှိရင် မေမေတို့ကို ဖွင့်ပြောပါ"

မလေးနုမှာ မတော်လိုက်ရသော ယောက္ခမများဖြစ်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူ့အပေါ် သမီးအရင်းသဖွယ် သဘောထားကြသည်ကို သိရတော့ ကြည်နူးသလိုလိုနှင့် ဝမ်းနည်းသွားသည်။ သွားလေသူ ကိုမျိုးဇင်နှင့် ဖေဖေ မေမေတို့ကို သတိရသွားသည်။ သူ့မျက်လုံးထဲမှာလည်း မျက်ရည်တွေ ဝဲလာသည်ကို ဦးအေးကြူ ရိပ်မိပုံပေါ်သည်။ နှစ်သိမ့်စကားပြောဆိုလိုက်၏။

"ဖြစ်လာတဲ့အကြောင်းတွေကတော့ တို့ ဘယ်တတ်နိုင်မလဲ နော်၊ ကိုယ်ဖြစ်ချင်သလိုသာ ဖြစ်ရမယ်ဆိုရင်တော့ အနတ္တဆိုတဲ့ တရားကို ဘုရား မဟောခဲ့ဘူး၊ ဖြစ်လာတာကို တို့က ကြည့်ရင်ဆိုင်ရမှာပေါ့၊ သဘာဝလိုပေါ့၊ နေ ရှိတယ်၊ နေပူရမလားလို့ ပြောလို့ရမလား၊ ပူတဲ့နေကို ကြည့်အသုံးချ၊ ကိုယ့် ကိုယ်အတွက်လည်း အပူမဟပ်အောင် ကြည့်ကာကွယ်ရတာပဲ၊ မိုးရွာမယ်၊ လေမုန်တိုင်းတိုက်လာရင်လည်း လေတွေ မိုးတွေ သဘာဝကို တားလို့ ဘယ်ရမလဲ၊ တို့ကသာ ကြည့်ကာကွယ်ရမှာပဲ၊ နေမိုးဆိုတာ လောကမှာ ရှောင်မရသလို ချစ်တဲ့သူတွေနဲ့ ခွဲရ၊ မချစ်တဲ့သူနဲ့အတူ နေရတာတွေလည်း ဘယ်ရှောင်လို့ရမလဲ၊ အေး... ကိုယ့်ကိုယ်သာ အန္တရာယ်မဖြစ်အောင် ကြည့်ကာကွယ်ရမှာပဲ"

ဖေဖေက သူ့စကား အဆုံးသတ်၏။ ယောက်မကြီးကတော့ မျက်ရည်မလည်တော့၊ ပြုံးရွှင်လာသည်။

"မလေးရှိလာတော့ အတော်ပဲ၊ မမကြီးက ချူချာတာနဲ့ ဆရာဝန်ခ ကုန်လိုက်တာ မပြောနဲ့"

မလေးကလည်း ကြိုးစားပြုံးလိုက်သည်။

"စိတ်ချပါ မမကြီးရယ်၊ မလေး မမကြီးတို့မိသားစု ကျန်းမာရေးကို တာဝန်ယူပါတယ်၊ မလေးက ကလောသူဆိုတော့ အအေးကြိုက်တယ်၊ တောင်တန်းဒေသတွေမှာလည်း အေးတော့ မလေး နေရတာ ပျော်ပါတယ်၊ အခု ရန်ကုန်ရောက်တော့လည်း မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းပြန်ဆုံရတော့ တစ်မျိုးပျော်လာပါတယ်"



"ဒါနဲ့ ဖေဖေ ရှိန်းက မိန်းမနဲ့လား"

အပျိုကြီးပီပီ စပ်စုတာလား၊ စိတ်မချသည်လား မသိ။ မမြသွေးက မေးလိုက်သည်။

"ငါ့သမီးကလည်း အိမ်တွင်းပုန်းပီပီပဲ မေးလိုက်တာ၊ ဒီအရွယ်ကျမှ အိမ်ထောင်မပေါက်လို့ ဘယ်မျောက်လဲ ပြောရမယ်၊ ရှိပါ့၊ သားတို့ မဈေးစပ်ခင်ကတည်းက သူက မိန်းမယူပြီးပြီ"

မမြသွေးက တွေတွေလေး စဉ်းစားသလို လုပ်ပြီးမှ...

"တီဗီတွေမှာ ရှိန်းကုမ္ပဏီက သန်းဘယ်လောက်လှူတယ်၊ ဘာညာနဲ့ ခဏခဏတွေ့ရတယ်၊ ရှိန်းပဲတွေ့တယ်၊ သူ့မိန်းမ မတွေ့ပါဘူး"

"ဟုတ်တယ်... မေမေတို့ဆီ သူ သီတင်းကျွတ် လာကန်တော့တာတောင် သူတစ်ယောက်တည်းပဲ၊ သူ့မိန်းမ ခေါ်မလာဘူး၊ စကားလည်း စပ်ပြီး တယ်မပြောဘူးနော် ကိုအေးကြူ"

"အေးပေါ့လေ... သူကြည့်ရတာ အိမ်ထောင်ရေး သိပ်အဆင်ပြေပုံမရဘူး၊ သားနဲ့ တက္ကသိုလ်နေကတည်းက ဒီကောင်က ရည်းစားများများရယ်လို့ သားကပြောတယ်"

ဖေဖေက ရယ်၍ပြောလိုက်တော့ မေမေကပါ ရောရယ်သည်။ မရယ်နိုင်သူက မမြသွေး။

"တစ်ခုတော့ မလေး သတိထားပေါ့၊ ရှိန်းနဲ့ အတူတွဲလုပ်မယ်ဆိုရင် ကိုယ်က အပျို၊ သူက အရက်လည်းသောက် မိန်းမလည်း မွေဆိုတော့ သတိထားပေါ့"

"သမီးကလည်း၊ ဟဲ့... နှစ်ယောက်တည်းတွဲလုပ်ရမှာမှ မဟုတ်ဘဲ၊ ဆရာဝန်တွေ အများကြီး၊ မလေး အပြောအရ မလေးသူငယ်ချင်း တင်သက်မာလည်း ရှိမှာပဲဟာ၊ မစိုးရိမ်စမ်းပါနဲ့၊ မလေးရေ၊ ငါ့သမီးက အိမ်ထဲက အိမ်ပြင်မထွက်၊ သူကဘာလည်း ကောင်း၊ ငွေတစ်ပြားမရှာရဘဲ အဆင်သင့် အားလုံးပြည့်စုံနေသူဆိုတော့ အပြင်

www.burmeseclassic.com

www.burmeseclassic.com



မှာ မိန်းကလေးတွေ ဘယ်လိုရှာဖွေစားသောက်ရတယ်ဆိုတာ မသိဘူး၊ ရုံးတွေမှာ ကုမ္ပဏီတွေမှာ လမ်းပေါ်မှာ မိန်းကလေးတွေ အန္တရာယ်ကြား အလုပ်လုပ်ရတာ သမီးများသိရင် ဟင်း… မလေးကို အလုပ်လုပ်ခိုင်းမှာတောင် မဟုတ်ဘူး"

"ဖေဖေကလည်း သမီးက စိုးရိမ်လို့ပြောတာပါ"

မမြသွေးက ပြန်ပြောသည်။ စိတ်သက်သာအောင် မလေးနုက ဝင်ပြောရသည်။

"မလေး အစစ သတိထားပါ့မယ် မမကြီးရယ်"

"အေးပေါ့လေ… ဘာပဲဖြစ်ဖြစ် ဖေဖေတို့ရှိပါတယ် သမီးရယ်၊ မလေး ခုလို လာတိုင်ပင်တာလည်း ဖေဖေတို့ ဝမ်းသာတယ်၊ အကြံဉာဏ်လိုရင် ဘာပဲဖြစ်ဖြစ် အခက်အခဲရှိရင် အကြောင်းကြားပေါ့"

"ကျေးဇူးပါပဲ ဖေဖေရယ်၊ မလေးလည်း ပြန်လိုက်ဦးမယ်"

သားအမိ သားအဖ သုံးယောက်စလုံး ကားပေါ်အထိ လိုက်ပို့ကြသည်။

အိမ်ရောက်တော့ မလေးနု ရင်ထဲမှာ ဦးအေးကြူတို့ ပြောစကားတွေ ပြန်စဉ်းစားနေမိသည်။ ဖေဖေက စကားပြော လိမ္မာသား။ "မိန်းကလေးတွေ အန္တရာယ်ကြားမှာ အလုပ်လုပ်နေကြသတဲ့"

မမကြီးကတော့ အပျိုကြီးပီပီ "မလေးက အပျို၊ ရှိန်းက အရက်လည်းသောက်တယ်၊ မိန်းမလည်း ပွေတော့ သတိထားတဲ့"

"သမီးတစ်ယောက်တည်း တောင်တန်းဒေသမှာ စိတ်မချဘူး၊ ခုလည်း အခက်အခဲ ဘာရှိရှိ မမေတို့ကို ပြောပါ"

သူတို့အားလုံး စကားများက သူ့ကို စေတနာနှင့် ပြောကြခြင်းပါ။ ဒါပေမဲ့ သူလုပ်ရမည့် လုပ်ငန်းမှာ အန္တရာယ်တော့ရှိသည်ဟု ဆိုလိုကြခြင်းပါပဲ။ မမကြီး မမြသွေးလို သူများ ထမင်းခူးထားသည်ကို အဆင်သင့် လက်ဆေးစားဖို့ မိန်းမတိုင်းမှာ ကံကြမ္မာမပါ



ပါ။ ရှေးသရောအခါ ဗာရာဏသီမင်း လက်ထက်ကလိုလည်း…

"ခြေဖဝါးတော်နုနု သွေးခြည်တွေ အကုန်ဥကုန်ပါပြီ မောင်ဆောင်ဘုရား" ဆို၍ လင့်အပေါ်ကိုပဲ လုံးဝမှီခိုနေရသည့်ခေတ်မှ မဟုတ်ပေဘဲ။ အလုပ်လုပ်စဉ် တွေ့ရမည့် အခက်အခဲ အန္တရာယ်တွေဆိုသည်က ဖေဖေပြောသလိုပဲ သဘာဝဘေးအန္တရာယ်တွေပဲပေါ့။ တွေ့ကြုံရင်ဆိုင်ရမည်ပဲ။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်ဖို့သာ အရေးကြီးသည်။ ဘဝခရီးဆိုသည်မှာ မလျှောက်ချင်လို့ လွှဲဖယ်ရသည်မဟုတ်။ အောင်မြင်သည်၊ ကျဆုံးသည်ဆိုသည်မှာ ကံတရားအပေါ်တည်သလို ကိုယ့်အရည်အသွေးအပေါ်မှာလည်း ရာခိုင်နှုန်းပြည့် တည်သည်ပဲ။

မလေးနုအဖို့တော့ ခရီးသစ်တစ်ခုကို စရပြီ။

www.burmeseclassic.com

www.burmeseclassic.com

## - ၈ -

ရှိန်းဆေးတိုက် မဖွင့်ခင် တစ်ပတ်ကတည်းက စည်းကမ်းသတ်မှတ်ချက်များနှင့် အလုပ်တာဝန် ခွဲဝေသည်များကို အသေးစိတ်ရေးဆွဲပြီးကြပြီ။ တာဝန်ထမ်းဆောင်ရမည့် ဆရာဝန်ကြီးများပါ ပါဝင်ဆွေးနွေးရေးဆွဲကြခြင်းဖြစ်သည်။ မလေးနုက စည်းကမ်းထဲတွင် တစ်ချက်ဖြည့်စွက်သည်။ ဆေးတိုက်ပိုင်ရှင် ဗညားရှိန်းကအစ ဆေးတိုက်မှာတာဝန်ထမ်းဆောင်သူ ဆရာဝန်များ၊ သူနာပြု အမျိုးသားရော အမျိုးသမီးများနှင့် တံခါးစောင့်ပါမကျန် တာဝန်ထမ်းဆောင်နေစဉ် အရက်မသောက်ရဟူသော အချက်တစ်ချက်ဖြည့်စွက်သည်။

အဆုတ်နာ အထူးကုဆရာဝန်ကြီး ဦးကျော်လှိုင် တင်ပြချက်ကိုတော့ ရှိန်းက လိုက်နာရသည်။

"ကျွန်တော့်ကိုယ်တွေ့ တင်ပြပါရစေ၊ အစိုးရက ဆင်းရဲသားလူနာတွေကို ဆေးထုတ်ပေးပြီး ကုသပါတယ်၊ အောင်ဆန်းဆေးရုံကြီးမှာ တက်ရောက်ကုသတဲ့ တချို့ သူဌေးလူနာတွေက ဆင်းရဲချင်ယောင်ဆောင်ပြီး ဆေးအလကားရအောင်လုပ်ပါတယ်၊ အခု ဦးဗညားရှိန်းဆေးတိုက်က စေတနာခန်းမှာ ဆင်းရဲသားတွေအတွက် ဆေးဝါးအခမဲ့ကုသခွင့်ရတာ အင်မတန်ကောင်းပါတယ်၊ ဒါပေမဲ့ ဆင်းရဲချမ်းသာ လူနာကို ဘယ်လိုရွေးမလဲ"



ရှိန်းက သူ့ကို အချိန်ပေးဖို့ ခွင့်တောင်းပြီး သူ့လူများဆီမှာ အကြံဉာဏ်တောင်းသည်။ ကားဝပ်ရှော့ အလုပ်သမားလူငယ်တွေက အလွှာပေါင်းစုံမှ ဖြစ်သည်။ ဖျတ်လတ်သည်။ သူတို့က ကူညီမည်ဆိုသည်။ ရှိန်းက လူနာစုံစမ်းရေး လူငယ်အဖွဲ့ ဖွဲ့သည်။ အရေးပေါ်လူနာမှတစ်ပါး လူနာကုသရန် ရောက်လာလျှင် လူနာနေရပ်ကိုယူထား၍ ရပ်ကွက်အလိုက် သက်ဆိုင်ရာ လူငယ်လေးများက ဆင်း၍စုံစမ်းရမည်။ ရပ်ကွက်လူကြီးကိုလည်း အကူအညီတောင်းခံ၍ ထိုလူငယ်လေးများ၏ အစီရင်ခံစာအရ လူနာကို လက်ခံရမည်ဖြစ်သည်။ လောလောဆယ်တော့ သူ့အစီအစဉ်ကို ဆရာဝန်ကြီးများက လက်ခံပါသည်။ ထိုအစီအစဉ်ထက်ကောင်းသော အကြံဉာဏ် ပေးနိုင်ပါလျှင်လည်း လုပ်ဆောင်ဖို့ လမ်းဖွင့်ပေးထားသည်။

ရှိန်းဆေးတိုက် အပေါ်ဆုံးထပ်မှာ ဗညားရှိန်းနှင့်တကွ ဆရာဝန်များ၊ သူနာပြုများ နားနေခန်းကို ရေချိုးခန်း အိမ်သာတွဲလျက်တစ်ခန်းစီ လုပ်ပေးထားသည်။ အနားယူအခန်းမှာတောင် အရက်မသောက်ဖို့ တားမြစ်ထားသည်။

ဖွင့်ပွဲနေ့ကတော့ အပေါ်ဆုံးထပ် အလယ်ခန်းမတွင် ဧည့်သည်များနှင့် ဆရာဝန်ကြီးများ လူနာဆောင်များကို လှည့်လည်ကြည့်ရှုသည်။ အပေါ်ဆုံးထပ်က ဆရာဝန်များနားနေခန်း၊ အလယ်နှစ်ထပ်က ငွေကြေးခန်းများဖြစ်၍ ပထမထပ်က အခမဲ့ကုသဆောင်လူနာခန်းများကို လိုက်လံပြသည်။ အခမဲ့ကုသဆောင်ကို စေတနာခန်းဟု အမည်ပေးထားသည်။ အောက်ဆုံးထပ်မှာ ဆရာဝန်ကြီးများ၏ အပြင်လူနာ စမ်းသပ်ခန်းများနှင့် ဓာတ်ခွဲခန်းများ ထားသည်။

ဧည့်သည်များ ပြန်သွားတော့မှ အပေါ်ဆုံးထပ် ခန်းမကြီးသို့ ဆရာဝန်များနှင့် အမှုထမ်းများအား ရှိန်းက ဖိတ်ခေါ်လိုက်သည်။ စားပွဲထိပ်မှာ ရှိန်းကထိုင်၍ ဘေးတစ်ဖက်တစ်ချက်ရှိ သူနာပြုသားသမီးများနှင့် အားလုံး မိတ်ဆက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက ကျွန်တော့်သမီးအကြီးဆုံး ဖြူပြာရှိန်း'

ဖြူပြာက မတ်တတ်ရပ်ပြပြီး ဦးညွတ်၍ ပြန်ထိုင်လိုက်သည်။ ဖြူပြာသည် အသားဖြူတာတစ်ခုပဲ ရှိန်းနှင့်တူသည်။ ပုပုဝဝ မျက်လုံးလေးမှေးမှေးနှင့် နှုတ်ခမ်းကတော့ ချစ်စရာပြုံးနေသည်။ နှာတံက သွယ်သွယ်စင်းစင်း၊ အမူအရာက အေးဆေးပုံရသည်။

'သူက ဒီနှစ်ပဲ ဘီကွမ်းအောင်ပါတယ်၊ သူ့အောက်က မူရာက ကျန်းမာရေးမကောင်းလို့ ဒီပွဲကို မတက်နိုင်ပါဘူး၊ ကဲ… တတိယသမီးက သူဇာ'

သူဇာသည် ထိုင်ရာမှထ၍ ဖြူပြာလိုပဲ ဆရာဝန်များကို ဦးညွတ်၍ ပြန်ထိုင်သည်။ သူဇာက အရပ်မြင့်၍ ရှိန်းမျက်နှာပေါက်နှင့်ဆင်သည်။ ဒါပေမဲ့ အသားကျတော့ ဖြူပြာလောက် မဖြူ။ အသားလတ်လတ်ဟု ဆိုရမည်။ ရှိုးတိုးရှန့်တန့်နှင့် ရှက်ပြုံးလေး ပြုံးနေသည်။

'သူဇာကတော့ ဒီနှစ်မှ တက္ကသိုလ်ရောက်ပါတယ်၊ ကဲ… ဝဏ္ဏရှိန်း ထပါဦး၊ သူက အခုရှိတဲ့အထဲမှာ ကျွန်တော့်ရဲ့ စတုတ္ထ မြောက်သား၊ ပထမဆုံးသား သီဟရှိန်းက ကွယ်လွန်သွားပါပြီ'

ဝဏ္ဏရှိန်းက ထပြသည်။ သူ့ရုပ်ကလည်း မျက်ခုံးမွေးထူ တာကလွဲ၍ ရှိန်းနှင့်မတူ။ ပိန်ကပ်ကပ်၊ အရပ် မနိမ့်မမြင့်၊ အသား ညိုညို၊ နှာတံမပေါ်တပေါ်နှင့် မျက်လုံးက ရီဝေဝေ ဖြစ်နေသလိုပင်။ ဝဏ္ဏရှိန်း ထိုင်လိုက်မှ ရှိန်းက စကားဆက်သည်။

'အာကာရှိန်း ထ၊ သူက ကျွန်တော့်သား အငယ်ဆုံးပဲ'

အာကာက ထပြသည်။ သူသည် အရပ်မမြင့်ပေမယ့် ဝဏ္ဏ ရှိန်းလိုပဲ ဖြူဖြူနွဲ့နွဲ့။ တောင့်တောင့်တင်းတင်း မရှိ၊ မျက်လုံးက စင်းစင်း၊ နှာတံတော့ ပေါ်သည်။

'ဝဏ္ဏရှိန်းရော၊ အာကာရှိန်းရော တက္ကသိုလ်မရောက်ကြ သေးဘူး၊ ကျွန်တော့်သားသမီးအားလုံးကို ဆရာဝန်ကြီးများ ဆရာမ



များလက်ထဲ အပ်ပါတယ်၊ နောင်ကို ကျွန်တော့်မိသားစုနဲ့ ဒီဆေးတိုက် မှာ တာဝန်ထမ်းဆောင်နေသူတွေ ဆက်ဆံရမှာမို့လို့ပါ၊ နောင်လည်း တစ်လတစ်ခါ ကျွန်တော်တို့ တွေ့ဆုံပြီး လုပ်ငန်းအောင်မြင်မှုတွေ၊ အခက်အခဲတွေကို တင်ပြဆွေးနွေးကြတာပေါ့၊ အားလုံး ပြန်နိုင်ပါပြီ'

ဆရာဝန်များအားလုံး ထပြန်သွားကြပြီး မလေးနုနှင့် တင် သက်မာပဲ ကျန်ရစ်သည်။ ရှိန်း သားသမီးတွေပါ ထမည်လုပ်တော့ မှ မလေးနုက ရှိန်းကိုပြောသည်။

'ရှိန်း ဖြူပြာဟာ ဘီကွမ်းအောင်ပြီး အလုပ်လည်းမဝင် သေးဘူးဆိုရင် ရုံးအဖွဲ့မှာ စာရင်းကိုင်ခန့်ပါလား၊ ငွေရေးကြေးရေး မှာ ကိုယ့်ထဲက လူရှိတော့ ကောင်းတာပေါ့'

'သမီးသဘောပဲလေ'

ရှိန်းကဆိုတော့ ဖြူပြာက ပြုံးလိုက်သည်။

'အစဆိုတော့ ဖြူပြာကို ဘယ်သူ အလုပ်သင်ပေးမလဲ'

'ရုံးအုပ်ကြီးလည်းရှိတယ်၊ လုပ်သက်ရင့်တဲ့ စာရင်းကိုင် ဦးဘမောင်လည်း ရှိပါတယ်၊ တွဲလုပ်ရမှာပါ။ ဖြူပြာကို သင်ပေး မှာပေါ့၊ လုပ်မယ်မဟုတ်လား'

'လုပ်ကြည့်မယ်လေ၊ အန်တီ မလေးလည်း ရှိမယ်မဟုတ် လား'

'ရှိမှာပါ'

မလေးနုက ပြောလိုက်၏။

'ဒါပါပဲ မလေး၊ တို့ သွားနားတော့မယ်'

'ကဲ… ကလေးတို့၊ အန်တီသက်မာလည်း သွားမယ်နော်'

သူတို့နှစ်ယောက် ရှိန်းတို့ သားအဖတွေကို နှုတ်ဆက်၍ နားနေခန်းကို လျှောက်လာကြသည်။ မလေးနုအခန်းကို နှစ်ယောက် စလုံး ဝင်လိုက်သည်။ ခုတင်ပေါ် မလေးနုက ပစ်လှဲလိုက်သည်။ တင်သက်မာက ခုတင်ဘေး ကုလားထိုင်မှာ ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မလေးနုသည် မျက်နှာကြက်ကို မော့ကြည့်ရင်းမှ တင်သက်မာကို လှမ်းမေးသည်။

'သက်မာ ဒီနေ့ပွဲမှာ သတိထားမိလား'

'ဘာသတိထားရမှာလဲ'

'ရှိန်းက ဒီပွဲမှာ ဘာလို့ သူ့ဇနီးကို မခေါ်ခဲ့တာလဲ'

သက်မာက တွေသွားသည်။

'သက်မာလည်း မသိဘူး၊ အေးနော် ဟုတ်ပါရဲ့၊ စဉ်းစားစရာပဲ'

မလေးနုသည် တင်သက်မာဘက်ကို ပြန်လှည့်လိုက်သည်။

'မင်း သတိပြုမိလား၊ သက်မာ လက်မထပ်ခင်က မလေးတို့ကို ထမင်းကျွေးတဲ့ညလေ၊ မလေးကို ရှိန်းလာခေါ်မယ်ဆိုတော့ သူ့ဇနီးပါ ပါမယ်ထင်တာ၊ သူတစ်ယောက်တည်း လာခေါ်တယ်၊ သက်မာ ရှိန်းဇနီးကို မဖိတ်ဘူးလား'

'ဖိတ်ပါတယ်၊ သက်မာက အေးအေးနဲ့ ပိုရင်းနှီးတာ၊ အေးအေးကို ကိုက်ရိုက် ဖုန်းနဲ့ဆက်လိုက်တယ်၊ ရှိန်းကိုပါ ပြောလိုက်ပါလို့၊ ရှိန်းက လာမယ့်အကြောင်း ကိုယ့်ကိုပြန်ပြောတော့ ရှိန်းလာရင် မလေးကိုပါ ခေါ်ခဲ့ဖို့ မှာတာ'

'အေးကွယ်… ဒီလောက်ကြီးကျယ်တဲ့ လုပ်ငန်းကြီးတစ်ခု ဖွင့်ပွဲမှာ သူ့ဇနီး ပါရမှာပေါ့၊ သူ့သားသမီးတွေနဲ့တော့ ဆရာဝန်ကြီးတွေနဲ့ မိတ်ဆက်ပေးသား'

'သက်မာ ရန်ကုန်ပြောင်းလာမှ ဖုန်းနဲ့ပဲ ဆက်သွယ်မိတယ်၊ အေးက ဖိတ်ပါတယ်၊ ကိုယ်လည်း မအားလို့ မသွားရဘူး'

'မလေးစိတ်ထဲမှာ တစ်မျိုးချည်းပဲ၊ ဇင့်ရဲ့မိဘတွေကို မလေး သွားတိုင်ပင်တုန်းကလည်း ဖေဖေတို့က ပြောတယ်၊ ဟိုဗီမှာ ရှိန်းကုမ္ပဏီက အလှူငွေထည့်တ ာပါရင် ရှိန်းတစ်ယောက်တည်း၊ သူ့မိန်းမ ဘယ်တော့မှ မပါဘူးတဲ့'



တင်သက်မာ စဉ်းစားရင်း ငြိမ်သက်နေသည်။

'မလေး တစ်ခုပြောချင်တယ်၊ အခု သက်မာ မလေးတို့ဆေးတိုက်မှာလုပ်တာ အချိန်ပိုင်းပေါ့၊ တကယ်လို့ မလေးတို့ဆေးတိုက် တိုးတက်လာတယ်ဆိုရင် သက်မာ အစိုးရအလုပ်ကထွက်ပြီး ရှိန်းဆေးတိုက်မှာ အချိန်ပြည့် မလေးနဲ့အတူ သက်မာ လုပ်စေချင်တယ်'

'စဉ်းစားပါ့မယ် မလေး'

'ရှိန်း ရည်ရွယ်ချက်က ကောင်းပါတယ်၊ မလေး ယူထားတဲ့တာဝန်က အုပ်ချုပ်ရေးမှူးဆိုတော့ အားလုံး တာဝန်ရှိတယ်၊ ပြီးတော့ ရှိန်းက ငွေကြေးခန်းကို အခယူ ထမင်းကျွေးမယ်၊ စေတနာခန်းကို အခမဲ့ထမင်းကျွေးမယ်ဆိုတော့ မီးဖိုပါ မလေး တာဝန်ယူရမယ်၊ မလေးကိုယ်ပိုင်အလုပ်အတွက် သားဖွားမီးယပ်လူနာကို ကုသရုံတင်မဟုတ်၊ ပြင်ပလူနာခန်းမှာလည်း တစ်ပတ်နှစ်ခါ ထိုင်ပေးရမယ်ဆိုတော့ မလေး နားချိန်မရှိဘူး၊ ဒါလောက် ကျယ်ပြန့်တဲ့တာဝန်ကို မလေး ထမ်းဆောင်တဲ့နေရာမှာ သက်မာ အနားမှာရှိစေချင်တယ်လေ၊ တို့နှစ်ယောက် တိုင်တိုင်ပင်ပင်ပေါ့၊ တမင် မလေးက ငွေစာရင်းဌာနမှာ ဖြူပြာကို ခွဲထည့်ထားတာ၊ ငွေရေးကြေးရေးကိစ္စမှာ ရှိန်းမိသားစုထဲက တစ်ယောက်ယောက်ရှိနေတော့ တို့ လုပ်ရတာ စိတ်သန့်တယ်လေ'

'အေးပါလေ… မလေး အစီအစဉ်ကို သက်မာ သဘောကျပါတယ်၊ မလေး တာဝန်ကြီးတာကိုလည်း နားလည်ပါတယ်၊ ရှိန်း သမီးလေးတွေကိုကြည့်ရတာ အေးအေးဆေးဆေးပါပဲ၊ သူ့ဇာက ရှက်ကိုးရှက်ကန်းနဲ့၊ ဖြူပြာက ပွင့်လင်းပုံရတယ်၊ သူ့သားတွေကို သတိထားမိလား'

'တင်ပြစရာ စာရွက်စာတမ်းတွေ ကြည့်နေတာနဲ့ သူတို့ကို သေသေချာချာ မကြည့်မိဘူး၊ ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



"ဒီအရွယ်မှာ လူငယ်တစ်ယောက်ရဲ့ မျက်လုံးက ဒီလိုမနေရဘူး၊ ခုတော့ မျက်သားက နီရဲရဲ၊ မျက်လွှာကလည်း စင်းလို့၊ တောက်တောက်ပပ မရှိဘူး၊ နှစ်ယောက်စလုံး အသားတွေက မွဲခြောက်ခြောက် ဖြူဖပ်ဖြူရော်နဲ့၊ မဟုတ်ခါမှလွဲရော၊ နံပါတ်ဖိုးပုံစံတွေ"

"မလေး ဒီတစ်ခါ ညှိုသွားပြီ၊ ကျန်းမာရေးမကောင်းဘူးလို့ပဲထင်တာ"

"အေးကွာ… သူတို့မိသားစုနဲ့လည်း သက်မာက အနေဝေးနေတာ၊ အေးကတော့ မန္တလေးရောက်တိုင်း ကိုယ့်ဆီဝင်ပါတယ်၊ သက်မာ ကိုအောင်ဝင်းနဲ့ မိတ်ဆက်ပေးဖို့ ညစာဖိတ်တော့လည်း သူ့ကို ဦးတည်ဖိတ်တာပဲ၊ ဘာလို့မလာလဲ မသိဘူး၊ အေးဆီကို ကိုယ်သွားလည်ဦးမယ်လေ၊ ကဲ… သက်မာပြန်မယ်"

သက်မာထွက်သွားတော့ မလေးနု၏ ကိုယ်က နားပေမယ့် စိတ်က မနားပေ။ သူတို့ ဆေးတိုက်ဖွင့်ပွဲကို ရှိန်းဇနီး မလာ။ ရှိန်းကလည်း စကားထဲထည့်မပြော။ သမီးလတ် နေမကောင်း၍ မလာနိုင်သည်ကိုတောင် ဆရာဝန်များအား တောင်းပန်စကားပြောဖြစ်သည်။

ဘုရား မ,လို့ ရှိန်းတို့အိမ်ထောင်ရေးသည် သူတို့ဆေးတိုက်လုပ်ငန်းမှာ အနှောင့်အယှက်မဖြစ်ပါစေနှင့်။

♚ ♚ ♚

## - ၉ -

တင်သက်မာ လာမည်ဟု ဖုန်းဆက်ပြောကတည်းက အေးအေးက ဝမ်းသာနေသည်။ နံနက်စာ ထမင်းကျွေးဖို့ ဦးပြူးကို စီစဉ်ခိုင်းထားသည်။ သူကလည်း ဘယ်ကိုမှမထွက်ချင်၊ တစ်ယောက်တည်း အိမ်ထဲကုပ်နေသူဆိုတော့ တင်သက်မာလာလျှင် စကားပြောဖော်ရတော့မည်။ မန္တလေးက တင်သက်မာ ပြောင်းလာစကလည်း ဖုန်းဆက်သည်။ တင်သက်မာ ကိုအောင်ဝင်းနှင့် လက်မထပ်ခင် ညစာ ထမင်းကျွေးပွဲလေးလုပ်တုန်းက သူ့ကို ဖုန်းဆက်ဖိတ်ခေါ်ပေမယ့် ရှိန်းကို အရှုံ့ဘိုက်ချင်၍ သူမသွား။ တင်သက်မာက လက်ထပ်ပွဲကို အကျဉ်းရုံးကျင်းပ၍ ဧည့်ခံပွဲမလုပ်သောကြောင့် သူ မသွားဖြစ်။ တင်သက်မာသည် ကလေးနှစ်ယောက်ရပြီးမှ လက်ထပ်ရသော ကိုအောင်ဝင်းက နောက်အိမ်ထောင်ဖြစ်၍ ကြီးကြီးကျယ်ကျယ် ဧည့်ခံပွဲမလုပ်ခြင်းဖြစ်သည်။ လက်ထပ်ပွဲလုပ်တောင် သူသွားချင်စိတ်မရှိပါ။

ဧည့်ခန်းမှာ တင်သက်မာကိုစောင့်ရင်း စီးကရက် တစ်လိပ်ပြီးတစ်လိပ် ညှိသောက်နေသည်။ ဒီအိမ် ဧည့်ခန်း၊ ပြီးတော့ အိပ်ခန်း၊ တစ်ခါတစ်ရံ ထမင်းစားခန်းကိုတောင် မဆင်း၊ အိပ်ခန်းထဲမှာ ထမင်းယူစားသည်။ ဘယ်သူနဲ့မှလည်း မတွေ့ချင်၊ ဘာကိုမှလည်း မျှော်လင့်ချက်မရှိသလို စိတ်ကုန်နေသည်။

"မမကြီး ဧည့်သည်ရောက်လာပြီ"

ဦးပြူးအသံကြားမှ အေးသည် အခန်းဝကိုကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တင်သက်မာ မားမားကြီး ရပ်နေသည်။ ကားဆိုက်သံ မကြားမိအောင် သူ့စိတ်တွေ လွင့်နေသည်။

'လာ လာ သက်မာ၊ အေး စောင့်နေတာ ကြာပါပြီ၊ ဝမ်းသာလိုက်တာကွယ်'

ပါးစပ်ကသာ ဝမ်းသာသည်ဆိုပေမယ့် လူက ထိုင်ရာမှ မထ၊ တင်သက်မာကိုသာ လက်လှမ်းကြိုသည်။ နှစ်ယောက် ထိုင်ဆိုဖာပေါ်က သူ့ဘေးမှာ တင်သက်မာက ထိုင်လိုက်သည်။ အေးသည် တင်သက်မာမျက်နှာကို အထူးအဆန်း တစ်ကိုယ်လုံး အပြန်အလှန်ကြည့်သည်။ ပြီးတော့ မျက်ရည်တွေဝဲလာသည်။ မျက်ရည်စတွေနှင့် ပြုံးပြန်သည်။ တင်သက်မာ လက်များကို ဆုပ်နယ်နေသည်။ စကားတစ်လုံးမှ ပြောမထွက်။ သက်မာက စီးကရက်ဆေး စွဲနေ၍ ဝါနေသော အေးလက်များကို ကြည့်ရင်း...

'ဘာဖြစ်နေတာလဲ အေး၊ သက်မာကို စိုက်ကြည့်နေလိုက်တာ'

'ဝမ်းသာလွန်းလို့ပါ၊ အေးဆီကို ဘယ်သူမှမလာဘူး'

'အေးကရော တင်သက်မာ ကိုအောင်ဝင်းနှင့် လက်မထပ်ခင် ထမင်းစားဖိတ်တော့ မလာဘူး၊ သက်မာကိုယ်တိုင် ဖိတ်တာပဲ၊ ရှိန်းတစ်ယောက်တည်း လာတယ်'

အေးသည် ခပ်တွေတွေလေး ငေးနေပြန်သည်။

'ဘယ်မှလည်း မသွားဖြစ်ပါဘူး'

'နေမကောင်းလို့လား'

'နေမကောင်းတာလည်း ပါတယ်၊ စိတ်ကိုက်မသွားချင်တာ'

'နေပါဦး၊ တခြား မသွားချင်နေ၊ ရှိန်း ဆေးတိုက်ဖွင့်တုန်းက လာသင့်တာပေါ့၊ ဒီလောက်ကြီးကျယ်တဲ့လုပ်ငန်း'

အေးသည် မဆိုးမခန့်လေးပြုံးနေသည်။ သက်မာက အေးမျက်နှာကို အထူးအဆန်းသဖွယ် ကြည့်နေသည်။



'ရှိန်း ဆေးတိုက်ထက် ကြီးမားတဲ့ ရှိန်း မော်တော်ကားကုမ္ပဏီ၊ ရှိန်း ရူပါမားကတ်တွေ ဖွင့်တုန်းကတောင် အေး မတက်ပါဘူး၊ ဘာလုပ်မလဲ၊ ဦးဗညားရှိန်းကြီးကိုသာ ကြိုဆိုဧည့်ခံကြမှာ'

'ဟဲ့... ဘယ်ဟုတ်မလဲ အေးရယ်၊ မင်းဟာ ရှိန်းဇနီး၊ အေးက အိမ်ရှင်အနေနဲ့ ဧည့်ခံရမှာပေါ့'

'ဟို ရူပါမားကက်က အရောင်းစာရေးမတွေနဲ့လည်း မတွေ့ချင်ပါဘူး၊ မော်တော်ကားကုမ္ပဏီကရော ဒီဝပ်ရှော့က အကောင်တွေနဲ့လည်း မတွေ့ချင်ဘူး'

သက်မာက အေးစကားကို အံ့သြနေသည်။

'ဘာဖြစ်လို့'

'အရောင်းစာရေးမတွေဆိုတာ တော်ကြာ မင်းတို့ ရှိန်းရဲ့ ခြေတော်တင်ခံကြမှာ၊ ဒီဟာမတွေလည်း မတွေ့ချင်ပါဘူး၊ ဝပ်ရှော့က ကောင်တွေက ဘယ်ကလဲမသိ၊ ကလေကချေတွေ။ သူက အိမ်ခေါ်လာ ထမင်းကျွေးချင်တယ်၊ ရူပါမားကက်က ကောင်မတွေကိုလည်း ခေါ်လာချင်တယ်၊ အေးက သူတို့ထမင်းစားပွဲမှာ ဝင်မထိုင်တော့နောက်လည်း ရှိန်းက ခေါ်မလာတော့ဘူး၊ ပြီးရော၊ အေးလည်း သူ့ကုမ္ပဏီတွေကို ဘယ်တော့မှမသွားဘူး'

'အပြင်မှာကျွေးတာမှ မဟုတ်ဘဲ၊ အိမ်မှာကျွေးတာ ကောင်းတာပေါ့၊ မဟုတ်သေးပါဘူး အေး၊ အရောင်းစာရေးမလေးတွေကို ရှိန်းက ခြေတော်တင်နေလို့လား'

'အို... အခုမတင်လည်း တစ်နေ့တင်မှာ၊ ရှိန်းအကြောင်း မင်းတို့ မသိပါဘူး၊ သက်မာ ရန်ကုန်ပြောင်းလာတော့...'

'မေမေ'

ဧည့်ခန်းထဲသို့ လူငယ်တစ်ယောက်ဝင်လာ၍ အေး စကားစ ပြတ်သွားသည်။ လူငယ်က အဝတ်အစားလဲထားသည်။ သက်မာက ထိုလူငယ်ကို ရှိန်း ဆေးခန်းဖွင့်ပွဲတုန်းက မြင်ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငွေတစ်ထောင်လောက်ပေးပါ၊ သား အပြင်သွားမလို့'

'ထိုင်ဦးလေ၊ မေမေ ငွေသွားယူဦးမယ်၊ သက်မာ သားကို သိလား၊ သူက ဝဏ္ဏရှိန်း၊ သားကြီးရော အန်တီသက်မာကို သိလား'

'ရှိန်းဆေးတိုက်ဖွင့်ပွဲနေ့က တွေ့ဖူးပါတယ်'

သက်မာကလည်း ပြုံးလိုက်ရင်း ပြန်ပြော၏။

'အဲဒီနေ့က ရှိန်းက သူ့သားသမီးတွေနဲ့ ဆရာဝန်တွေ ဆရာမတွေနဲ့ မိတ်ဆက်ပေးတယ်'

'ဟုတ်လား မိတ်ဆက်ပေးတယ်လား၊ သား… ဒီက ပေါက်တာတင်သက်မာက မန္တလေးမှာ မေမေနဲ့ ငယ်သူငယ်ချင်း၊ ကဲ… စကားပြောရစ်ကြဦး၊ ငွေသွားယူဦးမယ်'

တင်သက်မာတို့ကိုထားရစ်၍ အေး အပြင်ထွက်သွားသည်။ မကြာခင် ပြန်ဝင်လာ၍ ဝဏ္ဏရှိန်းကို ငွေတစ်ထောင်ပေးလိုက်သည်။

'သွားဦးမယ် အန်တီ'

တင်သက်မာကို နှုတ်ဆက်ကာ ဝဏ္ဏရှိန်းက ထွက်သွားသည်။ ဦးပြုံးက ထမင်းပြင်ပြီးကြောင်း လာပြော၍ သူငယ်ချင်းနှစ်ယောက် ထမင်းစားခန်းထဲ ဝင်လာသည်။

'ဦးပြုံး ဘာချက်လဲ' အေးက မေးလိုက်သည်။

'ကိုထွန်းကို ဈေး မှာလိုက်တယ်၊ ဆိတ်ကလီစာတစ်ခုပဲ မရတာပါ၊ ငါးဖယ်သုပ်၊ ဘူးသီးဟင်းခါး၊ ငါးမြင်းဟင်းဆီပြန်၊ ငါးပတ်ငါးပိလည်း အညာချက် ချက်ထားပါတယ်၊ တို့စရာ အစုံပဲ၊ ပုစွန်ထုပ်ကြီးဆီပြန်လည်း ပါတယ်'

'ကဲ… သက်မာ ထိုင်၊ အားရပါးရစားနော်၊ ထမင်းချက် တွေလက်ရာ မဆိုးပါဘူး'

အိမ်ဖော် မကြည်သန်းက ထမင်းဟင်း လိုက်ထည့်ပေးသည်။

'ဟင်းတွေကလည်း စုံတယ်နော်၊ ပုစွန်ထုပ်ကြီးဆို တောင်ရှစ်ရာ တစ်ထောင်ဈေးရှိတာ၊ ဒါလောက် အဖိုးတန်တာတွေ မကျွေးပါနဲ့ သူငယ်ချင်းရာ၊ တို့အညာသူက အညာငါးပိချက်နဲ့ တို့စရာစုံစုံဆို ရပါတယ်'

'စားစမ်းပါ သက်မာရယ်၊ ဘာဈေးတွေ ဘယ်လောက်ဖြစ်နေလဲ အေး မသိပါဘူး၊ ဈေးလည်း အေးမသွားဘူး၊ ဝင်လည်း မချက်ဘူး၊ သူငယ်ချင်းကိုကျွေးတာ ဘယ်လောက်ကုန်ကုန်၊ ဝဏ္ဏတို့ ဘစ်ခါဖြန့်း မရှိဘူး၊ ခု ဝဏ္ဏထွက်သွားရင် တစ်ထောင်ပဲ၊ အာကာက ပြန်လာရင် အမြည်းနဲ့ မူးဦးမှာ၊ ကြာတော့ မတတ်နိုင်ဘူး၊ အပြင် မသောက်ပြီးရောဆိုပြီး အိမ်မှာ တိုက်၊ ညကျ သောက်ကြစားကြ၊ ကဲ… ဒါတွေထားချိတ်၊ စားမှာ စားစမ်း'

သက်မာသည် စားရင်း တွေးနေမိသည်။ အေး ပြောပုံက လေးလေးနက်နက် မရှိ။

'သက်မာတို့ ရှိန်းက အိမ်မှာ စားချင်မှစားတာ'

'နေပါဦး၊ သက်မာတ် ရှိန်း သက်မာတို့ ရှိန်းနဲ့၊ အေးစကားပြောပုံကလည်း၊ ရှိန်းက အေးယောကျ်ားပဲဟာ'

'ဟဲ… ဟဲ… အေး လင်ပေမယ့် အေး မပိုင်ပါ၊ သူက အေးဆိုတဲ့မိန်းမကိုတောင် ညားသာထားတာ၊ သူက ရုံရှေ့တော်တွေဆီကို အဆောင်ကူးတာ'

အေး စကားမဆက်ခင်…

'မမကြီး… မမကြီး… မြန်မြန်လာပါ' ဟုခေါ်ကာ ဦးပြုံး ထမင်းစားခန်းထဲ အရေးကြီး ပြေးဝင်လာသည်။ အေးအေးသည် ကမန်းကတန်း ထလိုက်သွား၍ တင်သက်မာက လိုက်သွားရသည်။ မီးဖိုကိုဖြတ် အပြင်ထွက်၍ ကားဂိုဒေါင်ဆီသို့ ဦးပြုံးက ရှေ့ကပြေး နောက်မှ အေးက လိုက်သည်။ တင်သက်မာကလည်း ဘာမှန်းမသိ အပြေးအလွှား လိုက်သွားသည်။ ကားဂိုဒေါင်ထဲမှာ ရှန်းကန်နေသော မိန်းကလေးတစ်ယောက်ကို ယောကျ်ားကြီးတစ်ယောက်နှင့် မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်က ချုပ်ကိုင်ဆွဲထားရင်း ချော့မော့နေကြသည်။

'မေမေ လာနေပြီ၊ မူရာ မေမေ လာနေပြီ'

ယောက်ျားကြီးက အော်ပြောနေစဉ် အေးသည် မိန်းကလေး ရှိရာ ပြေးသွား၍ နဖူးကို ပါးနှင့်အပ်ထားသည်။

'သမီး မူရာ သတိထားလေ၊ မေမေ လာပြီ'

မိန်းကလေးသည် အနည်းငယ် ငြိမ်သက်သွားပေမယ့် သည်းထန်စွာ ငိုကြွေးနေသည်။

'ကိုကိုကြီးနဲ့ ဒီမှာ အတူနေမယ်၊ ကိုကိုကြီးရေ'

ကလေးမလေးက သံကုန်ဟစ်အော်ရင်း ငိုနေသည်။

'သမီးရဲ့ ဒါက ကားဂိုဒေါင်ကြီး၊ ဘယ်မှာနေလို့ဖြစ်မလဲ၊ ကိုကိုကြီးက အိမ်ပေါ်မှာ၊ လာ မေမေနဲ့ လိုက်လာခဲ့၊ ဦးထွန်းနဲ့ ဒေါ်သိန်းမေ သမီးကိုပွေ့၊ လာ လာ အိမ်ပေါ်သွားရအောင်'

မူရာကို ပွေ့ချီခေါ်ကာ အိမ်ထဲသွင်းလာကြသည်။ အိမ်ထဲ ရောက်မှ အိမ်ပေါ်အိပ်ခန်းကို သယ်သွားသည်။ ခုတင်ပေါ်လှဲနေရင်း အငိုက မတိတ်။ အေးက ပျာယာခတ်နေသည်။

'အေး သူက ဖြစ်နေကျလား'

သက်မာက မေးလိုက်သည်။

'ဟုတ်တယ်၊ အိပ်ခန်းတံခါးကို ဘယ်သူဖွင့်ပေးလဲ၊ ဒီ ဂိုဒေါင်ကို မသွားပါစေနဲ့ဆိုတာ၊ ဂိုဒေါင်တံခါးကိုရော ဦးထွန်းတို့က ဘာလို့ဖွင့်တာလဲ'

'ကားဘီးအဟောင်းတွေ ဒရိုင်ဘာက လိုချင်လို့ ထုတ်ယူပြီး မပိတ်ခဲ့တာ မမ'

သက်မာသည် အေးအေးလက်ကို တင်းတင်းဆုပ်ရင်း…

'ဒါတွေထားလိုက်၊ တစ်ခုခုလုပ်မှ၊ သက်မာ ဆေးအိတ် ဒရိုင်ဘာကို ပြန်ယူခိုင်းလိုက်မယ်'

သက်မာက ဖုန်းဆက်ကာ ကားကိုပြန်လွှတ်၍ ဆေးအိတ်



ယူခိုင်းရသည်။ မူရာ့ဘေးတွင် အေးနှင့် သက်မာတို့ ထိုင်၍နှစ်သိမ့်နေ ရသည်။ အကျိုးအကြောင်း လူနာရှေ့တွင် ဘာမှမမေးရဲသောသက်မာ မှာ မူရာလက်လေးကိုသာ ညင်သာစွာ ဆုပ်နယ်ပေးနေရသည်။

'ကိုကိုကြီးက ဘယ်သွားနေလဲ၊ အပေါ်ထပ်မှာလည်း မရှိ ဘူး မေမေ'

'အပြင်ထွက်သွားတယ်လေ၊ မကြာခင် ပြန်လာမှာ၊ သမီး က စောင့်နေပေါ့၊ မေမေ မှာထားတယ်မို့လား၊ အပေါ်ထပ်က အောက်မဆင်းနဲ့ဆိုတာ'

'ကိုကိုကြီးက ကားဂိုဒေါင်ထဲကို လာခဲ့တဲ့ ခေါ်နေလို့'

သက်မာ ဒေါ်သိန်းမေ နားနားကပ်၍ လိမ္မော်ရည်အေးအေး ဖျော်ဖို့ မှာလိုက်ရသည်။ လိမ္မော်ရည်ရောက်လာမှ မူရာကို ချော့တိုက် ရသည်။ မူရာသည် လိမ္မော်ရည်ဝင်သွားမှ အသက်ရှူနည်းနည်းမှန် လာသည်။ နဖူးမှစို့နေသော ချွေးများကို သက်မာက လက်ကိုင်ပဝါ နှင့် သုတ်ပေးနေသည်။

'ဒါက မေမေ့သူငယ်ချင်း ဒေါက်တာ တင်သက်မာ၊ သမီး နေကောင်းအောင် ဆေးကုပေးမှာ'

'သမီးက နေကောင်းပါတယ်၊ မေမေတို့က ကိုကိုကြီးနဲ့ အတူမနေရဘူးတဲ့'

ပြောရင်း မူရာက ငိုတော့သည်။ မကြာခင် ဆေးအိတ် ရောက်လာ၍ နှလုံးခုန်နှုန်းနှင့် သွေးများတိုင်းတာ၍ ဆေးတစ်လုံး သက်မာက ထိုးပေးလိုက်သည်။ တဖြည်းဖြည်း မူရာ ငြိမ်သက်သွား ကာ အိပ်ပျော်သွားသည်။ မကြည်သန်းကို မူရာအနားမှာ ထားခဲ့ကာ သက်မာက အေးကို အိပ်ခန်းအပြင် ခေါ်ခဲ့သည်။ အပြင်ဘက် ဧည့်ခန်းမှာ ထိုင်မိတော့မှ သက်မာက အကြောင်းစုံမေးကြည့်ရသည်။

'သက်မာရေ… ဒီအကြောင်းကို အေး မပြောချင်ဘူး၊ ဖြစ်နေကျပဲ၊ သူ့ကိုကုတဲ့ စိတ်ကျန်းမာရေးဆေးရုံ ဆရာဝန်ဒေါ်မေ

www.burmeseclassic.com

www.burmeseclassic.com



မေသန်း ရှိပါတယ်၊ ခုလောလောဆယ် မင်းရှိနေလို့ မခေါ်တာ’

အေးသည် ငိုင်တွေနေသည်။ ပြီးတော့မှ မျက်ရည်ပေါက်တွေ တွေတွေကျလာသည်။

‘အေး… မင်းတို့ အတွင်းရေးကို သက်မာ မသိချင်ပါဘူး၊ ရောဂါဖြစ်ရင်းကို သိချင်လို့မေးတာ၊ ပြောဖို့မသင့်ရင် စိတ်ညစ်ခံပြီး မပြောနဲ့’

‘မဟုတ်ပါဘူး၊ ဆရာဝန်တစ်ယောက်အနေနဲ့ရော သူငယ်ချင်းအနေနဲ့ရော အေးက ပြောပြရမှာပေါ့၊ တို့အကြောင်းသိရင် အေးမှားတယ်လို့ ပြောကြမှာပါ၊ ခုတော့ ပြောစရာပေါ့’

အေးသည် ချုံးပွဲချငိုပြန်သည်။ သက်မာက တော်တော်စိတ်ညစ်သွားသည်။ ဆက်၍ မမေးချင်တော့ပေ။

‘အေးမှာ ဖြူပြာထက်အကြီး သီဟရှိန်းဆိုတဲ့ သားအကြီးဆုံးရှိတယ်၊ ရှိန်းကလည်း အရပ်အမောင်း ရုပ်ရည်ကစပြီး သူနဲ့တူလို့ သိပ်ချစ်တယ်၊ အေးကလည်း သားဦးဆိုတော့ ချစ်တယ်လေ၊ လိုလေသေး မရှိထားပေးတယ်၊ ဘာမဆို လိုတရနေတော့ သီဟရှိန်းဟာ တဏ္ဍသိုလ်လည်းရောက်ရော အပေါင်းအသင်းလည်း ပါတယ်၊ ဘိန်းဖြူရှူတော့တာပဲ၊ တစ်နေ့ ရဲကမိလို့ ဖမ်းသွားပြီး ရဲဘက်ပို့တယ်၊ လွတ်လာတော့လည်း ပြန်ရှူ၊ နောက်ဆုံး ကျန်းမာရေးထိလာပြီး ဒီဆေးမရ မနေနိုင်တော့ဘူး၊ အပြင်လွှတ်ထားပြန်ရင်လည်း ရဲနဲ့မိမှာစိုးလို့ ဒီဂိုဒေါင်အဟောင်းထဲမှာ လှောင်ထားရတာ၊ ဘယ်လိုက ဘယ်လိုဆေးထိုးအပ်ရလဲ မသိ၊ တစ်နေ့မှာ ဘိန်းဖြူဆေးရည် ဘယ်လောက်သွင်းအကြောထဲသွင်းလဲ မသိဘူး၊ အပ်တန်းလန်းနဲ့ သေနေတာပဲ’

အေးအေးသည် စကားဆက်မပြောနိုင်သေး။ သက်မာကဆက်လက်ပြောဖို့ မတိုက်တွန်းတော့။

‘သူ့အလောင်းကို ဒရိုင်ဘာက စမြင်တော့ အော်ဟစ်ခေါ်နဲ့ ဆူညံသွားတာပေါ့၊ အိမ်သားတွေ ပြေးအကြည့်မှာ မူရာလည်း



ပါတယ်၊ သူ့အစ်ကိုကို သူက သိပ်ချစ်တာ၊ အပ်တန်းလန်းနဲ့သေတာမြင်ကတည်းက စိတ်ဖောက်သွားတာ၊ ဒီဂိုဒေါင်ဘက် သူ့ကို မသွားစေရဘူး၊ ဒီနေ့ ဘယ်လိုဖြစ်လဲ မသိဘူး’

အေးက နီဂုံးချုပ်လိုက်သည်။

‘အပျိုဖော်ဝင်စ မီးယပ်ပေါ်ချိန်မတွေ့ဘာတွေမှာ စိတ်ထိခိုက်စရာတွေ့ရင် ဒီလိုပဲ ဖြစ်တတ်တယ်၊ ကုရင် ရနိုင်ပါတယ်၊ အားမငယ်ပါနဲ့၊ သတိတော့ထားပေါ့၊ ဒေါက်တာမေမေသန်းက တော်ပါတယ်’

‘ခုတလော ငြိမ်နေတာ၊ ဒီနေ့မှ သူ့အခန်းကို အေးကလည်း မပိတ်မိဘူး၊ မနက်က သူဇာ ကျောင်းထွက်သွားတော့ ဖွင့်ပစ်ခဲ့တယ်ထင်တယ်’

အေးက ပြောရင်း သက်ပြင်းကြီးချလိုက်သည်။

‘မူရာ့စိတ်ထဲက သူ့အစ်ကို ဂိုဒေါင်ထဲမှာ ရှိနေတယ်၊ သူ့ကိုခေါ်နေတယ်လို့ပဲ စိတ်ဖောက်လာရင် ပြောတာပဲ၊ သီဟရှိန်း မကျွတ်ဘဲ ဂိုဒေါင်ထဲရှိနေလား မသိ’

‘မဟုတ်ဘူး အေး၊ အဲဒီလို ပေါက်ကရမတွေးနဲ့၊ ပယောဂတွေ ဘာတွေနဲ့ သွားမကုနဲ့၊ ဒါမျိုးဟာ စိတ်ချွဲရောဂါခေါ်တယ်၊ သွေးရိုးသားရိုးပါ၊ သီဟရှိန်းက ဂိုဒေါင်ထဲမှာမှ မရှိဘဲ’

သက်မာက သူငယ်ချင်း၏ အတွေးအခေါ်ကို ရှင်းပြနေရသည်။

‘ဒီဂိုဒေါင်ဟောင်းကို အေးလည်း မကြည့်ချင်ဘူး၊ ဖြစ်နိုင်ရင် မီးရှို့ပစ်ချင်တယ်’

‘အေးကလည်း ဘာဖြစ်လို့လဲ၊ ကြုံကြုံဖန်ဖန်’

‘သက်မာ ဘာသိလို့လဲ၊ သူတို့အဖေက သူ့သား သီဟရှိန်းသေရတာ အေးတရားခံ၊ အေးအလိုလိုက်လို့ဆိုပြီး အေးကို ဒီကတည်းက အဆောင်မကူးဘူး၊ အေးကလည်း သူနဲ့တွဲပြီး ဘယ်ပွဲမှမတက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဘာရမလဲ ပြန်ဘက်တိုက်တာပေါ့၊ အေးဘက်က စဉ်းစားကြည့် စမ်း၊ သားလည်းသေရ၊ လင်ကလည်းပစ်တယ်၊ သား မုန့်ဖိုးတောင်းတော့ ပေးမိတာပဲ၊ ဒါ အေးအပြစ်လား၊ သားသေလို့လည်း တစ်ကြောင်း၊ ဒီဂိုဒေါင်က ပြဿနာစလာလို့ အေးက မီးရှို့ပစ်ချင်တာ'

သက်မာက အခြေအနေကို ရိပ်မိစပြုလာပါပြီ။ ဖြစ်လာသော ပြဿနာကို လေ့လာသုံးသပ်ရာမှာ အတွေးများ အမြင်များလာပြီဆိုတော့လည်း ပြဿနာ၏ အဖြေမှန် မရနိုင်တော့ပါ။ အာကာရှိန်းတို့၊ ဝဏ္ဏရှိန်းတို့ကို မြင်စကတည်းက သက်မာ မသင်္ကာခဲ့။ သက်မာ ရောက်စ ညှိခန်းမှာထိုင်စဉ်က ဝဏ္ဏရှိန်း တောင်းငွေကို အေးက အလွယ်တကူ ထုတ်ပေးခဲ့သည်။ သူတို့အိမ်တွင်းရေး ဝင်ရောက်မစွက်ဖက်လိုပေမယ့် ရှိန်းနှင့် အေးတို့ အိမ်တွင်းရေးက စိတ်ပျက်ဖွယ်ရာဆိုသည်ကို သူ နားလည်လိုက်ပါသည်။ အခြေအနေအရပ်ရပ်ကို အသေးစိတ် မသိဘဲနှင့်တော့ ဘယ်သူ့အပြစ်ဆိုသည်ကို ကောက်ချက်မချနိုင်သေး။ သူငယ်ချင်းထံ ပျော်ပျော်ရွှင်ရွှင် ထမင်းစားလာခဲ့သည့်ခဏမှာ ဖြစ်ပျက်ပေါင်းစုံ သူတွေ့ခဲ့ရသည်။

'ဘာပဲဖြစ်ဖြစ် အရေးပေါ်ဆိုရင် သက်မာကို အကြောင်းကြား၊ အိမ်ဖုန်းရော ဆေးရုံကြီးဖုန်းပါ ပေးခဲ့မယ်၊ ဖြစ်ပြီးတာတွေအတွက် အေး စိတ်မညစ်ပါနဲ့၊ ကျန်တဲ့ သားတွေသာ ထိန်းပေတော့၊ စီးကရက်လည်း လျှော့သောက်လေ'

'ထိန်းစရာ မလိုပါဘူး၊ နှစ်ယောက်စလုံး ဘိန်းသမားတွေ အရက်သမားတွေ ဖြစ်နေပြီ၊ တက္ကသိုလ်တောင် မရောက်ကြသေးဘူး၊ ဟား… ဟား… ဟား… ဟား… တရားခံမကြီးလေ၊ သားတွေကို ဖျက်ဆီးတဲ့ မိအေး'

အေးက ကယောင်ကတမ်းလို အော်နေ၍ သက်မာက ချော့ရသည်။

'အေးအော်သံ မူရာကြားရင် လန့်နေဦးမယ်၊ တော်တော့'



'မတော်နိုင်ဘူး သက်မာ၊ အာကာဆိုတဲ့ ကောင်က ပြုပြင်ထိန်းသိမ်းရေးစခန်း ငှက်အော်စမ်းကို ဘယ်နှခေါက်ရှိပြီလဲ ရောက်တာ၊ ဝဏ္ဏကတော့ ရဲဘက်စခန်း ပြန်၊ ရပ်ရည်တွေသာ ကြည့်တော့၊ သူတို့ကလည်း မိခင်အချစ်ကို နားမလည်ပါဘူး၊ တောင်းတဲ့ပိုက်ဆံ မရရင် မအေကို ဆဲချင်သေးတာ'

သက်မာသည် ကလေးတွေအခြေအနေ ဒါလောက်ဆိုးဝါးနေသည်ဟု မထင်ပေ။ ယခုတော့ ထင်တာထက် ဆိုးနေပါပကော။

'သူငယ်လေးတွေကို ဆေးရုံမှာ ကြပ်ကြပ်မတ်မတ်ထားကုရင် ရပါတယ်၊ သက်မာ ရှိန်းနဲ့ တိုင်ပင်ပါဦးမယ်'

'အမယ်လေး… ဆေးရုံက ထွက်ထွက်ပြေးတာ ဘယ်နှခါရှိပြီလဲ၊ ဆရာဝန်တွေက အေးတို့သားဆိုရင် လက်မြှောက်ပြီ'

ပြောပြောဆိုဆို အေးသည် စီးကရက်ကိုမီးညှိကာ အားရပါးရ ရှိုက်ဖွာလိုက်သည်။

'စီးကရက် စွဲနေပြီပေါ့' သက်မာက မေးလိုက်သည်။

'စွဲပြီလေ'

'အရက်တင် မဟုတ်ဘူး၊ စီးကရက်လည်း အသည်းကင်ဆာ ဖြစ်တတ်တယ်'

'အသည်းကင်ဆာ ဖြစ်မဖြစ်တော့ မသိဘူး၊ ခုတော့ နှလုံးရောဂါရနေပြီ၊ ဆေးမသောက်ဘဲ အိပ်မရဘူး၊ မပူစမ်းပါနဲ့ သူငယ်ချင်းရာ၊ မိအေးသေတော့ အေးတာပဲ၊ ဒီကောင်တွေလည်း နှိပ်စက်စရာ အမေမရှိဘူး၊ မင်းတို့ရှိန်းလည်း အပြစ်တင်စရာ မိန်းမ မရှိဘူး၊ သူ တွဲချင်တာတွေနဲ့ တွဲ'

'အေးရယ် ဘာတွေလျှောက်ပြောနေလဲ၊ သားတွေ ဖြစ်ပြီးတာထား၊ သမီးလေးတွေ ကျန်တာ ထိန်းရဦးမယ်'

သက်မာစကားကို မကြားသလို အေးက ငူငူကြီးထိုင်ကာ စီးကရက်မီးခိုးကို မှုတ်ထုတ်ရင်း မီးခိုးတန်းကို ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်မာသည် စိတ်မောသွားသည်။

'ကဲ... သက်မာပြန်ဦးမယ်၊ ကိစ္စရှိရင် ဆက်'

'လိုက်ပို့မယ်'

'မလိုက်ပို့ပါနဲ့၊ မှုရှာ့အနားမှာ အေး နေဦးလေ'

အေးသည် ဒယီးဒယိုင်ထကာ မှုရှာ့ခုတင်ဘေးမှာ စီးကရက်ကို ဆက်ဖွာနေသည်။ သားကြီး သီဟရှိန်းကို ပြန်လည်သတိရလာသည်။ အမှတ်ရစရာတွေ တသီကြီး၊ သီဟရှိန်း မွေးစတုန်းကများ ယုံနိုင်စရာမရှိ၊ ရှိန်းသည် ယခုလို လုပ်ငန်းတွေ တိုးချဲ့ခြင်းမပြုသေး၍လားမသိ၊ အေး သီဟရှိန်းကိုမွေးပြီး ဆေးရုံကဆင်းလာချိန်မှာ အေး ဆပ်ပြာမကိုင်ရ။

'သားရဲ့အနှီးတွေ၊ ရှိန်းကိုယ်တိုင် လျှော်မယ်၊ သန့်ရှင်လျှော်လို့ မစင်ရင် ကလေးကျန်းမာရေးနဲ့ညီမှာမဟုတ်ဘူး'

ရှိန်းက ကလေးအနှီး ကိုယ်တိုင်လျှော်သည်။ နံနက်ဘက်အလုပ်မသွားခင် ကလေးကို ရေနွေးနှင့် ရေချိုးပေးပြီးမှ အနှီးနှင့် သေသေချာချာထုပ်၍ အေးလက်ထဲ ထည့်သည်။ ပထမ သားဦးဆိုလျှင် မိခင်တောင် အချိုးကျအောင် အနှီးမထွေးတတ်၊ ရှိန်းက ထွေးထားလိုက်သည်မှာ ဗိုင်းတောင့်လေးအတိုင်းပဲ။ အေး စားမကောင်းမှာစိုး၍ မီးဖိုထဲလည်း သူကိုယ်တိုင် ဝင်ချက်သည်။

'ရှိန်းလေ မီးနေသည် ဟင်းခါးဆိုတာ ဘယ်လိုချက်ရတယ်ဆိုတာ မေးလာခဲ့တယ်၊ မြန်မာလို အဲဒီဟင်းခါးသောက်မှ နို့ကောင်းကောင်းထွက်သတဲ့'

ဘယ်သူ့ဆီက ဘယ်လိုမေးလာမှန်း မသိ၊ ငါးခူငါးပိကောင်နှင့် ငရုတ်ကောင်းနိုင်နိုင်၊ ကြက်သွန်ဖြူများများ ထည့်ချက်ထားသော မီးနေသည်မှာင်းခါးက သောက်၍ကောင်းသည်။ အေးက နို့ထွက်ကောင်း၍ပဲ ထင်သည်။ သီဟရှိန်းသည် တစ်ပွေ့တစ်ပိုက် ဖြူဖြူထွားထွားကြီး၊ ချစ်စရာကောင်းသော ကလေး။ ရှိန်းက အလုပ်က



ပြန်လာလျှင် သားကို လက်ကမချ၊ အေးသည် ထိုစဉ်ကတည်းက ရှိန်းအချစ်ကို စိတ်ချသည်။ ယုံသည်။ ရှိန်းသည် သားသံယောဇဉ်ချီတွယ်လာလေတော့ သူ့အပေါ် ပိုမိုတွယ်တာလာပြီဟု အိမ်ထောင်ရေးခိုင်မာမှုကို သူ စိတ်ချလက်ချ ဖြစ်သွားသည်။

ကလေးကြီးလာလည်း ရှိန်းပြန်လာလျှင် သားကိုသာ ထိုးပေးလိုက်သည်။ သူ့ဘက်ကတော့ မီးဖိုဝင်ဖို့ ရှိန်းကို ဂရုစိုက်ဖို့သတိမရ။ အိမ်ထောင်ရေးဆိုသော မာယာတောက နားလည်ဖို့ခဲယဉ်းပါဘိ။ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်ဆိုသော စကားသည် ရှိခဲ့သည်။ အိမ်ထောင်ရေးကလည်း ကြိုတင်ခန့်မှန်း၍မရသော၊ ကျယ်ပြောသော မာယာတောတစ်ခုပါပဲ။ အေးသည် တော၏မာယာကို မသိသူလို လမ်းစပျောက်ခဲ့ရခြင်းပါပဲ။ တောအုပ်ဝင်စက ပန်းပွင့်များမွေး၍ စမ်းရေအေးက တသွင်သွင်၊ ငှက်ကလေးများ၏ တေးသံက ချိုလေတော့ ဒီလိုပဲ သာယာမှုတွေ တောတွင်းတစ်လျှောက် ရှိလိမ့်မည်ထင်သည်။ နက်ရှိုင်း၍ သိရခက်သော တောဝက်န္တကို အေး မမျှော်မှန်းခဲ့။

သီဟရှိန်း ကျောင်းထားစဉ် ပြဿနာက စလာခဲ့ချိန်။ ရှိန်းကလည်း လုပ်ငန်းတွေ တိုးချဲ့ချိန်နှင့် ရှိန်း ယခင်လို အိမ်ကို ဂရုမစိုက်နိုင်၊ မောလာတော့လည်း အဆင်သင့် အဆင်ပြေသော ထမင်းပွဲကို စားချင်သည်။ အေးက ဖန်တီးမပေးနိုင်။ သား သီဟရှိန်း တက္ကသိုလ်ရောက်ပြီး သေတော့ ပြဿနာ ပေါက်ကွဲတော့သည်။

အေးကတော့ နောက်ကလေးတွေလည်း မွေးလာ၍ သတိမထားမိပေမယ့် ရှိန်းသည် သူ့ထံကို အခေါင်မကူးတော့။ အပြင်မှာ ရှိန်းသတင်းများ သိုးသိုးသန့်သန့် ကြားလာရသည်။ ရုံးအမှုထမ်း အမျိုးသမီးတစ်ယောက်နှင့် တွဲနေသတဲ့။ ရှိန်း ဒါလောက် အပြောင်းအလဲမြန်လိမ့်မည်မှာ သူမထင်၊ အစက လူပြောသူပြောပါပဲ။ တစ်နေ့ ဈေးဝယ်ထွက်ရင်း ရုပ်ရှင်ရုံဘက်အသွား၊ ရုပ်ရှင်ရုံထဲမှ စုံတွဲထွက်

www.burmeseclassic.com

www.burmeseclassic.com



လာသော ရှိန်းတို့နှစ်ယောက်ကို သူ ရင်ဆိုင်လိုက်သည်။

‘အေးမှာ ကားပါတယ်လေ၊ သမီးတို့ ဖေဖေ၊ ဘယ်ကို လိုက်ပို့ရမှာလဲ’

သူက စတင်နှုတ်ဆက်လိုက်သည်။ ရှိန်းကို တစ်ခါမှ သမီးတို့ဖေဖေဟု သူမခေါ်ပါ။ ဒါပေမဲ့ ရှိန်း လက်တွဲထားသော အမျိုးသမီးသိအောင် တမင် ရှိန်းသည် ကလေးတို့အဖေ၊ သူ့လင်မှန်းသိအောင် မထ္ထာပ်တိုင် တက်ပြလိုက်ခြင်းဖြစ်သည်။ ရှိန်းက အမျိုးသမီးလက်ကိုဖြုတ်လိုက်ရင်း မျက်နှာကြီး နီရဲသွားသည်။ အမျိုးသမီးကလည်း မျက်စိမျက်နှာ ပျက်နေသည်။ အေးက အားလုံးသိပါတယ်ဟူသော အမူအရာနှင့် မထိတထိ ပြုံးနေသည်။

‘သမီးတို့ကို သွားကြိုမလို့၊ သမီးတို့ဖေဖေပါ လိုက်ခဲ့ပါ၊ ဒီက ညီမ်ကို အိမ်အထိလိုက်ပို့လိုက်ပေါ့’

‘မလိုဘူး၊ ရှိန်းမှာ ကားပါတယ်’

ရှိန်းက အမျိုးသမီးလက်ကို ဆောင့်ဆွဲကာ လူအုပ်ထဲ တိုးဝင်သွားသည်။ အေးက ရှိန်း ကားတစ်စီး သတ်သတ်ယူထားသည်ကို မသိသည်မှ မဟုတ်ဘဲ၊ တမင် အရွဲ့တိုက်ခြင်းဖြစ်သည်။

အိမ်ကျတော့ ရန်ဖြစ်လိုက်သည်မှာ ဝက်ဝက်ကွဲ။ တစ်အိမ်သားလုံး မကြားချင်အဆုံး။

‘ငါ ဘယ်သူနဲ့တွဲတွဲ၊ မယားငယ်မယူရင် ပြီးရောမို့လား’

‘ဒါ မယားငယ်ပဲ၊ အေးမသိဘဲယူရင် မယားငယ်ပဲမှတ်’

‘မင်း သိပ်မိုက်ရိုင်းတယ်’

‘ဟား… ဟား… အမျိုးသမီးကို ပါးဆွဲမချတာပဲ ကျေးဇူးတင်ဦး’

ရှိန်း၏အော်သံ၊ အေး၏ ကွေ့သမှု ရိုက်ခွဲသံတွေနှင့် တင်းအိမ်လုံး ပွက်ပွက်ညံသွားသည်။

ခုတော့ သားတွေကိုရော လင်ကိုပါ သူမကြည့်ချင်၊ စိတ်



ကုန်နေသည်။ စီးကရက်သည်သာ သူ့အဖော်။ တစ်နေ့ အနည်းဆုံး အလိပ် နှစ်ဆယ့်ငါးလိပ်လောက် ကုန်သည်။

သူကတော့ သီဟရှိန်းကအစ သားတွေကို ပညာကောင်းကောင်းပေးချင်၍ အ.ထ.ကတစ်မှာ ထားခဲ့သည်။ သားတွေကို ကာကွယ်ချင်သောစိတ်က အစစမျှားနေသည်။ အတန်းပိုင်ဆရာမထံမှ Report Card လာတိုင်း၊ သူ့ဘာသာ လက်မှတ်ထိုး၍ ပြန်ပို့သည်။ ရှိန်းကို မပြ။ မပြရဲ၍ဆိုလျှင် ပိုမှန်မည်။ သားတွေ ကျောင်းတစ်ရက်ပျက်၍ ဆရာမက အကြောင်းကြားလည်း သူကသာ သွားတွေ့သည်။ ရှိန်းကို ပြောမပြခဲ့ပေ။ သားတွေအတွက်တိုးတက်မှုက လစဉ်အစီရင်ခံစာမှာ မပြ၊ အတန်းငယ်မှာပင် ကျရှုံးသောဘာသာက အနည်းဆုံး သုံးဘာသာဆိုတော့ ရှိန်း သားများကို ရိုက်မှာဆူမှာစိုး၍ သူ မပြခြင်းသာဖြစ်သည်။ ကျူရှင်ပေးလည်း သားတွေအခြေအနေက မတိုးတက်။ ပထမနှစ် သီဟရှိန်း ဆယ်တန်းကျတော့ ရှိန်းက ဆူသည်။

‘ငါ မသက်ာလို့ ကျောင်းအုပ်ဆရာမကြီးဆီ တိုက်ရိုက်ဖုန်းဆက်တယ်၊ Report Card တွေ ကြည့်ချင်တယ်ဆိုတော့ မင်း လက်မှတ်ထိုး ပြန်ပို့တယ်ဆို’

အေးကို မေးလိုက်သည်။

‘ဟုတ်တယ်’

‘အခြေအနေမကောင်းရင် ငါ့ကိုပြောပေါ့၊ နည်းလမ်းရှာရမယ်၊ ငါက မနေ့က ကျောင်းကို တိုက်ရိုက်သွားတယ်၊ ဆရာမကြီးနဲ့ဆွေးနွေးတော့လည်း မှန်မှန်ပို့သတဲ့၊ ကျောင်းပျက်ရင်လည်း မိဘကို အကြောင်းကြားတယ်ဆို၊ ဘာလို့ ငါ့ကို မင်းမပြောလဲ’

‘အေးသွားရင် ပြီးတာပဲမို့လား’

‘မပြီးလို့ပေါ့၊ မပြီးလို့၊ ခု မင်းရဲ့သား စာမေးပွဲကျပြီ၊ မလိုချင်ဘူး၊ ကျူရှင်လည်း ပေးရဲ့သားနဲ့၊ မင်းကြပ်ကြပ်မတ်မတ်လိုလုပ်၊ သားတွေလုပ်တာ ဖုံးထား၊ တစ်နေ့ မင်း ဒုက္ခတွေ့မယ်’

www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် ထိုနှစ်က သူငယ်ချင်း ကျောင်းဆရာနှင့် ဆရာမ လင်မယားထံ သီဟရှိန်းကို အပ်တော့မှ နောက်နှစ် ဆယ်တန်းအောင်သည်။ ဝဏ္ဏရှိန်းနှင့် အာကာရှိန်းတို့ကျတော့ သူ နိုင်ငံခြားသွားနေရသည်က များ၊ ပြီးတော့ သီဟရှိန်း ဘိန်းစွဲပြီး သေကတည်းက ရှိန်းသည် အေးကို ပြန်လှည့်မကြည့်တော့ပေ။ အာကာရှိန်းကတော့ ဘိန်းကိုသာရှုသည်။ မအေးကိုရန်မလုပ်။ ဝဏ္ဏရှိန်းကတော့ငွေမရလျှင်

'ခင်ဗျားကြီး... ခင်ဗျား လင်ပေးတဲ့ငွေတွေ ဘယ်ထားလဲ၊ မပေးရင် အသိပဲ' ဟု ခြိမ်းခြောက်တတ်သည်။

'အေး မင်းတို့ကို မေမေက ကြိတ်ပေး၊ မင်းတို့ဘက်က ကာကွယ်ခဲ့ရတယ်၊ မင်းတို့ကလည်း အမေကို အကောင်းမထင်ဘူးပေါ့'

သားအငယ်တွေနှင့်လည်း အဆင်မပြေတော့ပါ။ မျက်နှာချင်းဆိုင်လျှင် သားတွေနှင့်လည်း ရန်ပွဲပါပဲ။

သူ့မျက်လုံးထဲမှာ အပ်တန်းလန်းနှင့် သေနေသော သားအလောင်း၊ ငယ်စဉ်ကလို ဖြူဖြူထောင်ထောင်မောင်းမောင်း မဟုတ်၊ ခြောက်သွေ့ပိန်ညှော်ကာ ညှဉ်းသိုးသိုးဖြစ်နေသော ဆံပင်ရှည်နှင့် သား၏ရုပ်က တွေးလိုက်တိုင်း သူ့မျက်လုံးထဲမှာ ပေါ်လာလျှင် ရင်ထဲမှာ နာကျင်သွားသည်။ မအေးဆိုတော့ ပို၍ခံစားရသည်။ ဒါပေမဲ့လည်း စိတ်ဖြေရာဖြေကြောင်းရယ်လို့ မိန်းမသားဆိုတော့ အပြင်မှာ ဖြေစရာမရှိ။ တစ်နေ့ တစ်နေ့ စီးကရက်များ တစ်လိပ်ပြီး တစ်လိပ် ထိုင်သောက်နေသည်။

ရှိန်းကလည်း အပြင်မှာ တစ်ယောက်ပြီးတစ်ယောက် ထည်လဲတွဲရင်း အိမ်ထောင်ရေးအဆင်မပြေလို့၊ သားသေလို့ဟူသော စိတ်ဒုက္ခတွေကို အကြောင်းပြသည်။

အေးသည် နောက်ကို ပြန်မတွေးချင်လည်း မရ။ မွေးပျောက်ပစ်ပေမယ့် သူ့ရင်ထဲမှာ အမြဲ သားကို ဆုံးရှုံးရမှု၊ လင်သည်၏



ပစ်ပယ်မှုတွေက ဒဏ်ရာဒဏ်ချက်ရကာ တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာသည်။ ထစ်ခနဲဆို သူ ရန်ဖြစ်ချင်သည်။ ခြောက်မိုင်ခွဲ တိုက်ကြီးကို ပြောင်းလာမှ သားများနှင့်မဟုတ်လျှင် လင်နှင့် တစ်နေ့ တစ်နေ့ ရန်ပွဲဖြစ်နေသည်။ သူတို့ကြားမှာ နေ့စဉ်လိုလို ရန်ပွဲများကို ရင်ဆိုင်နေရသူက ဖြူပြာပါပဲ။

အချိန်ကြာလာလေလေ အေးနှင့် ရှိန်းတို့၏ အိမ်ထောင်ရေးသည်.အက်ကြောင်းရာ ရေးရေးထင်ရာမှ ထင်ထင်ရှားရှားဖြစ်လာသည်။ သီတင်းကျွတ် ရှိန်း ပြန်နေကျ မန္တလေးပြန်လျှင် မိဘများကို ကန်တော့ပွဲတွင် အေးသည် သူ့မိဘဆီတောင် မလိုက်တော့။ ရှိန်းသာ သားသမီးများနှင့် သွားသည်။

ရှိန်းသည် ဖေဖေနှင့် မေမေကို ကန်တော့ပြီး မေမေနှင့် နှစ်ယောက်တည်း စကားပြောနေသည်။

'သားတော့ အေးကို သိပ်စိတ်ပျက်ပြီ မေမေ၊ ဒီလိုပုံနဲ့တော့ တွဲကြမှပဲ ဖြစ်မယ်'

ရှိန်းက သီဟရှိန်းအကြောင်းကို အားလုံးပြောပြသည်။

'ကျွန်တော့်သားကြီးဟာ လူတော်လူကောင်း ဖြစ်နိုင်ပါတယ်၊ ကျွန်တော်လည်း ကြပ်မတ်ပေးမယ့် အလုပ်က တစ်ဖက်မို့လား၊ ပြီးတော့ အေးက အချစ်လွဲနေတယ်၊ သူ့သားတွေ လိုသလောက်ငွေပေးတယ်၊ ကျောင်း Report Card ကျွန်တော့်ကို မပြတာ အဆိုးဆုံးပဲ၊ သားတွေ အခြေအနေကို ကျွန်တော့်ကို အသိပေးရမှာပေါ့၊ သီဟရှိန်းဟာ အသေဆိုးသေရတာ၊ ရောဂါနဲ့မှ မဟုတ်ဘဲ'

မေမေကတော့ ငြိမ်သက်စွာ နားထောင်နေသည်။

'အေးပေါ့... သီဟရှိန်းကိစ္စကတော့ လွန်သွားပြီ၊ ဝဏ္ဏနဲ့ အာကာကို သတိထား၊ ယောက်ျားလေးတွေ ဒီဆေးစွဲရင် ဘဝဆုံးတာပဲ'

'ကျွန်တော်လည်း သတိထားတာပဲ မေမေ၊ အနီးကပ် မိခင်

www.burmeseclassic.com

www.burmeseclassic.com



က အထိန်းသိမ်းမတတ်တော့ ခက်တယ်'

မေမေက သူပြောသမျှ ငြိမ်သက်စွာ နားထောင်နေသည်။

'သားတွေလည်း အထိန်းသိမ်းမတတ်၊ သူ ထမင်းမချက်တတ်ဘူးဆိုလို့ ကျွန်တော် မေမေ့ဆီက ထမင်းချက်ခေါ်ယူရတာလည်း မေမေ အသိပဲ၊ ကျွန်တော် လိုချင်တာက အစက ဘယ်သူတတ်မလဲ၊ သင်ယူရတာပေါ့၊ ကျွန်တော်ငယ်ငယ်က အငယ်ဆုံးသားမို့လို့ ဆိုးတယ်၊ ဘာမှ မလုပ်ချင်ဘူးလို့ ဖေဖေကလည်း ထင်တယ်၊ ကျွန်တော် ကျောင်းထွက်တော့ ဖေဖေ ဘယ်လိုလုပ်လဲ၊ လေ့လာပြီး ကြိုးစားတာပဲ၊ လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု အောင်မြင်လာတယ်၊ မေမေ အသိ၊ ဒီလုပ်ငန်းတွေ ထားလိုက်၊ သီဟရှိန်းကို မျက်နှာမြင်တုန်းက ကျွန်တော်ကိုယ်တိုင် သားဖွားခန်းလိုက်သွားပြီး ဆရာမတွေကို မေး၊ ကလေးထွေးနည်းရအောင် သင်တယ်၊ ကဲလေ ယောကျ်ားပေမယ့် ကျွန်တော့်သားကို ကျွန်တော် အနှီးနဲ့ထွေးပေးတယ်၊ အေးက မလုပ်တတ်ဘူး၊ ပြီးတော့ ဝပ်ရှော့က ဆရာမြင့်ဆောင်းရဲ့ မိန်းမကြီးကိုမေးပြီး မီးနေသည် ဟင်းခါးချက်နည်းမေး၊ ကျွန်တော်ကိုယ်တိုင် အေးကို ချက်ကျွေးတယ်၊ နို့ကောင်းကောင်းထွက်မှ ကလေး ဝအောင် စို့ရအောင်လို့၊ ကျွန်တော့်အဆိုးပဲ မေမေတို့ထင်နေမှာစိုးလို့ ကျွန်တော်ပြောပြတာ၊ ဆိုလိုချင်တာက ကြိုးစားရင်ရတယ်ပြောတာ၊ အခုတော့ ကျွန်တော်ကြိုးစားတာ တစ်ဝက် အေးက လိုက်မလာဘူး၊ သူမလုပ်တတ်တာပဲ ထိုင်ပြောနေတာပဲ၊ ကြာတော့ ကျွန်တော် သည်းမခံနိုင်ဘူး'

'တစ်ခုကလည်း'

မေမေက စကားမဆက်ဘဲ ခဏရပ်၍ စဉ်းစားနေသည်။

'ဘယ်လိုလဲ မေမေ'

'သားတို့ အိမ်ထောင်ရေးက မေမေပေးစားတာ မဟုတ်ဘူး၊ သားတို့ဘာသာ ချစ်လို့ယူတာ၊ ပြီးတော့ အေးက တစ်ဦးတည်းသမီး၊ အစိုးရလခစားပတ်ဝန်းကျင်မှာ ကြီးလာတာ၊ ဒါကို သားသိသားပဲ၊



သူတို့နယ်က မေမေတို့ ကုန်သည်လောကလို မကျယ်ပြန့်ဘူး၊ အမြင်ကျယ်ရာမှာလည်း ကွာခြားသွားကြတယ်၊ အေး အမြင်ကျဉ်းတာတွေ အမြော်အမြင်နည်းတာတွေ အပြစ်တင်နေတာထက် သားက သူ့ကို နားလည်အောင်ကြိုးစားရမယ်'

'ကျွန်တော်က'

'အေးလေ··· မေမေဆိုချင်တာက သားက ပညာရေးမှာ အမ်အေအောင်ထားတာ၊ သူက ဆယ်တန်းရယ်၊ ပညာအရည်အချင်းမှာ သားကသာတယ်၊ အဲဒီတော့ သားကိုယ်တိုင်က သူ့ကိုသင်ကြားရမယ်၊ လက်တွဲခေါ်ယူရမှာပေါ့၊ မေမေတောင် ခုချိန်အထိ ဖေဖေနဲ့ အတူတွဲပြီး လုပ်ငန်းတွေလုပ်ရာမှာ မှားတယ်ထင်တာတွေ့ရင် မေမေ့ကို ဖေဖေက ဆုံးမတာပဲ'

'မေမေက အိမ်က ဆီစက်ကို မမနဲ့ ဦးစီးနေတာကို၊ သူက ဘာလုပ်လို့လဲ၊ မီးဖိုလည်း မဝင်၊ ကျွန်တော်က ဆုံးမရအောင် ကလေးခြောက်ယောက်အမေ ဖြစ်နေပြီပဲ၊ ဒီအရွယ်ကျမှ မဆုံးမချင်တော့ဘူး၊ ကျွန်တော် အခု ရန်ဖြစ်ရင် လက်ပါလာပြီ'

'ဒီလိုတော့ မလုပ်ပါနဲ့ သား၊ သူများ သားသမီးကို ပေါင်းမရလောက်အောင် ဆိုနိုင်၊ ခက်ခဲဖြစ်ရင် သူ့မိဘလက်ထဲ ပြန်အပ်ပါ၊ ပါးရိုက်လား နှက်လားတော့ မလုပ်နဲ့၊ ဖေဖေနဲ့ မေမေ လက်ထပ်သက် အနှစ်ငါးဆယ်ကျော်လာခဲ့ပြီ၊ ဖေဖေဟာ တစ်ခါမှ မေမေ့ကို လက်ဖျားနဲ့မတို့ဖူးဘူး၊ သဘောကွဲလွဲတာ မရှိဘူး မဟုတ်ဘူး၊ ရှိလည်း ဖေဖေက အေးအေးပြောပြတာပဲ'

'မေမေတို့ကလည်း မေမေတို့မိန်းမတွေဘက်ကပဲ ကာကွယ်ပြောနေတယ်'

'မဟုတ်ဘူး သား၊ ဒီမိန်းကလေးကို မေမေ ပေးစားတာမှ မဟုတ်ဘဲ၊ ကာကွယ်ရအောင်က သားချစ်လို့ သားယူထားတာ'

'ခုတော့ ချစ်လို့မရတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ကလေးငယ်တစ်ယောက်လို စွတ်ပြောနေသည်။

"သြော်… ခက်ပါလား၊ တစ်နေ့နေ့ ပြန်ချစ်လာမှာပေါ့၊ မေမေ တစ်ခုပဲ သားကို ကတိတောင်းချင်တယ်၊ ဘယ်လိုပဲ သဘော ကွဲလွဲ ကွဲလွဲ အငယ်အနှောင်းတော့ မထားပါနဲ့"

မေမေ သူ့သတင်းတွေ ကြားသည်ထင်သည်။ သူသည် အငယ်အနှောင်းကို တရားဝင်မယူခဲ့ပါ။ ဒါပေမဲ့ မေမေက ဒါလောက် အေးအပေါ် ကောင်းပါလျက်နှင့် မေမေ့အပေါ် နားမလည်နိုင်သော အေးကို သူ ခွင့်မလွှတ်နိုင်ပါ။

"တစ်ခု မေမေ နောက်ဆုံးမေးချင်တယ်"

မေမေ ဘာမေးချင်သည်ကို သူ စိတ်ဝင်စားစွာ နားထောင် နေပါသည်။

"သားလိုချင်တာတွေ၊ ဖြစ်ချင်တာတွေ သားပြောခဲ့ပြီ၊ အေး ထံက သား မရနိုင်တာတွေပေါ့"

"ဟုတ်ပါတယ်"

"သားကရော အေးလိုချင်တာတွေ ဘာတွေ ပေးခဲ့နိုင်သလဲ ဆိုတာလည်း ပြန်စဉ်းစားကြည့်ပါဦး"

"ကျွန်တော့်အနေနဲ့ လုပ်ငန်းကိုင်ငန်းတွေ မတိုးတက်ခင်က တစ်လ ငါးထောင်ရှာပေးခဲ့တယ်၊ အခု တိုးတက်လာချိန်မှာ ကလေး တွေကလည်း များလာတော့ တစ်လတစ်သိန်း သူ့လက်ထဲ ထည့်ခဲ့ တယ်၊ ကျွန်တော် ယောကျ်ားတစ်ယောက်အနေနဲ့ တာဝန်ကျေပါ တယ်"

"ဟုတ်ပြီ၊ ဖြည်းဖြည်းစဉ်းစားပါ၊ ငွေဟာ အချစ်မှမဟုတ် ဘဲ၊ ငွေပေးရင် ပြီးရောဆိုရင် ပြည့်တန်ဆာတွေလို ဖြစ်နေမှာပေါ့၊ မိန်းမတွေဟာ သူတို့ယောကျ်ားအချစ်ကို သေတဲ့အထိ ခံယူချင်ကြ တယ်၊ သူတို့ကပဲ ရှာကျွေးပါရစေ၊ သူတို့နှလုံးသားကို နာကျင်အောင် လုပ်တဲ့လူကိုတော့ မလိုချင်ဘူး၊ သားကရော အေးအပေါ်မှာ နှလုံး



သားရေးရာနဲ့ ပတ်သက်ပြီး စောင့်စည်းထိန်းသိမ်းခဲ့ရဲ့လား"

ရှိန်း ငိုင်နေသည်။ သိဟာရှိန်း ဆုံးပြီးကတည်းက သူ ခြံခုန်ခဲ့သည်ကို မေမေလည်း ကြားမှာပေါ့။ နောက်တော့ သူသည် တစ်ခြံပြီးတစ်ခြံ ခုန်ခဲ့သည်ကို မေမေ ရည်ညွှန်းဟန်တူသည်။ မေမေ့ ကိုတော့ သူ မလိမ်ချင်ပါပေ။

"ကျွန်တော် အပျော်တော့ မိန်းမတွေနဲ့ ဆက်ဆံခဲ့ပါတယ်၊ မေမေပြောသလို တရားဝင် အငယ်မယူပါဘူး"

"အငယ်တို့ အကြီးတို့ဆိုတာ ပညတ်အခေါ်အဝေါ်ပါ၊ မေမေဆိုလိုချင်တာက အကြီးနာမည်ခံပြီး ဒီယောကျ်ားအချစ်ကို မရတော့ရော ဒီမိန်းမ နှလုံးသား ဘယ်လောက်နာကြည်းမလဲ၊ တရား ဝင်မယူလည်း ကိုယ့်ယောကျ်ားက ကိုယ့်ကိုပစ်ပယ်ပြီး တခြားမိန်းမ နဲ့ ဆက်ဆံနေမှတော့ အငယ်အနှောင်းယူတာနဲ့ အတူတူပဲ သားရေ၊ မိန်းမတွေ နာကြည်းလာရင် လက်စားချေတတ်တယ်၊ လက်စားချေ တယ်ဆိုတာ ဓားကြီးနဲ့ထိုးသတ်မှ လက်စားချေတာ မဟုတ်ဘူး၊ ကိုယ့်ယောကျ်ား စိတ်ဓာတ်ထိခိုက်အောင် တစ်နည်းတစ်လမ်း လုပ် လာတတ်ကြတယ်၊ သူကိုယ်တိုင်က မလုပ်လည်း မယားအပေါ် သစ္စာမစောင့်စည်း ဖောက်ပြန်တဲ့လူကို သူ့အလုပ်က သူ့ကို ပြစ်ဒဏ် ပေးတတ်တယ်၊ မယားကလည်း လင်အပေါ် သစ္စာမရှိရင် ဖြစ်တတ် တာပဲ၊ မေမေ မသေခင် သားတို့ အိမ်ထောင်ရေးအတွက် စိတ်မချမ်း သာစရာသတင်း မကြားပါရစေနဲ့"

မေမေက သူ့ကို သမာသမတ်ကျစွာ ဆုံးမခဲ့သည်။ သူချစ် သော သားမို့လို့ သားဘက်ကလိုက်ပြီး မဆုံးဖြတ်ခဲ့ပါ။ မေမေ့စိတ် ရင်းကို အေး သိစေချင်ပါသည်။ သူ မေမေ့ကို နှုတ်ဆက်ရင်း ကန်တော့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## - ၁၀ -

ဆေးတိုက်၏ အရှိန်မှာ ခြောက်လအတွင်းမှာတော့ တိုးတက်မှု အခြေအနေကို မပြ။ ငွေစာရင်းကလည်း ထည့်ဝင်ငွေကသာ များနေသည်။ လည်ပတ်မှု မရှိသေး။ မလေးနုသည် ငွေစာရင်းများကိုကြည့်နေစဉ်-

'အန်တီမလေး လက်မှတ်ထိုး'

ငွေသွင်းငွေထုတ်များကို ဖြူပြာက သူ့ကို လက်မှတ်ရေးထိုးနိုင်းသည်။

'ဖြူပြာကို အန်တီမလေး အလုပ်လုပ်ဖို့ခေါ်တော့ ဖြူပြာဝမ်းသာသွားတယ်၊ မေမေကတော့ အိမ်မှာ နေစေချင်တယ်၊ ဖြူပြာက သမီးအကြီးဆုံးမို့လား၊ ဒါပေမဲ့ အိမ်မှာနေရတာ စိတ်ညစ်တော့ ဖြူပြာကလည်း အလုပ်လုပ်ချင်နေတာနဲ့ အတော်ပဲ'

'စိတ်ညစ်တယ်'

'ဘာဖြစ်လို့ စိတ်ညစ်တာလဲ'

ဘာမှမသိသော မလေးနုက မေးလိုက်တော့ ဖြူပြာသည် စကားကြောင်း ပြောင်းလိုက်သည်။

'ပျင်းတာပေါ့လေ၊ ဖေဖေ့ကိုလည်း ဒီစာရင်းတွေ ပြရမှာပေါ့နော် အန်တီမလေး'

'လချုပ်စာရင်းပြရင် တော်ပါပြီ'

စာရင်းစာအုပ်များကို ဖြူပြာလက်အပ်ရင်း မလေးနုက ပြောလိုက်သည်။ ဖြူပြာ အပြင်သို့ထွက်သွားပြီး မကြာခင် ဆူဆူ



ဆူဆူနှင့် ထဘီနီဆရာမလေး ဦးဆောင်၍ အခန်းထဲသို့ လူတစ်စုဝင်လာကြသည်။ တစ်ယောက်က ဂိတ်စောင့် ကိုအောင်သန်း၊ ကိုအောင်သန်းနောက်မှာ ကုလားဆင် အမျိုးသမီးတစ်ယောက်။

'ကဲ... လာကြ၊ ထိုင်ကြဦး'

သူနာပြုဆရာမလေးမှာ စေတနာခန်းမှဖြစ်၍ မလေးနုကို အရိုအသေပြုပြီးမှ ထိုင်သည်။

'ဘာဖြစ်လာကြတာလဲ'

ကိုအောင်သန်းနှင့် ကုလားမလေးက မထိုင်။

'ကိုင်း... ကိုအောင်သန်းဖြစ်တာတွေအားလုံး ပြောပြလိုက်လေ၊ မမကို ရှင်းပြလိုက်ပါ'

သူနာပြုဆရာမလေးက ပြောလိုက်မှ ကိုအောင်သန်းက ကုလားမလေးဘက် လှည့်လိုက်သည်။

'ညွှန့်ရီ နင့်ခြင်း စားပွဲပေါ်တင်'

ကုလားမလေးသည် ပလတ်စတစ်ခြင်းကို စားပွဲပေါ်တင်လိုက်သည်။

'အဝတ်ဖုံးထားတာ ဖွင့်ပြလေ'

ကုလားမလေးက အဝတ်စဖွင့်လိုက်တော့ အောက်မှာ ကြက်ဥတွေ ပေါ်လာသည်။ မလေးနုသည် မတ်တတ်ရပ်၍ ကြက်ဥများကိုကြည့်ရင်း အဓိပ္ပာယ်ကို နားမလည်။

'အဲဒါ ဘာဖြစ်တာလဲ ကိုအောင်သန်း'

'သူ ရှင်းပြလိမ့်မယ်'

ကုလားမလေးသည် စကားပြောမထွက်၊ ကြောက်နေပုံရသည်။

'ဆရာဝန်မကြီးကို ပြောလိုက်လေ၊ နင်ရှင်းမပြရင် နင့်ကို ဖမ်းနိုင်တယ်'

ကိုအောင်သန်းက ခြိမ်းခြောက်လိုက်မှ ကုလားမလေး အသံထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကြက်ဥတွေ ကျွန်မ လာကောက်တာပါ၊ ကြက်ဥပြုတ်ပြီးသား ဒီဆေးခန်းမှာ ခြောက်ကျပ်နဲ့ ရတယ်ဆိုလို့ ကျွန်မ လာလာကောက်တာ တစ်လရှိပါပြီ၊ ဒီနေ့မှ ဒီလူနဲ့တွေ့လို့ ကျွန်မကို ဒီခေါ်လာတာ'

မလေးနုသည် ရုတ်တရက် နားမလည်။

'တို့ဆေးခန်းက ကြက်ဥရောင်းတယ်'

ပြဿနာက မရှင်း၍ မလေးနက ကုလားထိုင်ပေါ် ထိုင်ချကာ မေးလိုက်သည်။

'ထိုင်ပြီး အေးအေးဆေးဆေး ပြောကြစမ်း'

'ဒီလိုပါ မမ'

သူနာပြု ဆရာမလေးက ရှင်းပြသည်။

'နေ့တိုင်း နံနက်စောစော စားဖို့ ပေါင်မုန့် ကြက်ဥနဲ့ စားဖို့ ကော်ဖီကို စေတနာခန်းလူနာတွေအတွက် ကျွန်မတို့ ပေးတယ်လေ၊ တည့်တဲ့ လူနာတွေအတွက်လည်း နံနက်စောစောစာအတွက် ခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ကြာဆံကြော်ကျွေးတယ်၊ မတည့်တဲ့ လူနာတွေအတွက် ပေါင်မုန့် ကြက်ဥပြုတ်ပေးတယ်။ အဲဒါ တချို့လူနာတွေက မစားဘူး၊ ကြက်ဥကို စုထားပြီး တစ်လုံးခြောက်ကျပ်နဲ့ ရောင်းစားတယ်'

'ဘုရားရေ'

မလေးနုသည် ဘုရားတမိသည်။

'မင်းကို ဘယ်သူဝင်ခွင့်ပြုလဲ'

'နံပါတ်ခြောက် ခုတင်က လူနာရှင်က ဆက်သွယ်ပေးတာပါ၊ ဒီလူနာကို လာတွေ့ရင်း အဆက်ရသွားတာပါ၊ ကျွန်မ ဒီကြက်ဥကို အပြင်မှာ ပြန်သွင်းတော့ တစ်ဆယ်ရပါတယ်၊ လူနာတိုင်းကတော့ ပြန်မရောင်းပါဘူး၊ ဒါပေမဲ့ လူနာငါးယောက် နှစ်ရက်စုထားရင် ကြက်ဥဆယ်လုံးရပါတယ်၊ ခုအပတ် လူနာများတော့



အလုံးသုံးဆယ်ရတယ်'

မလေးနုသည် ငိုင်ကျသွားသည်။ ဖြစ်မှဖြစ်ရလေ။ ဘယ်လိုတွေမှန်း မသိ။ ဒီပြဿနာကို ဘယ်လိုကိုင်တွယ်ရပါ့။

'ကဲ… ကိုအောင်သန်း၊ မညွန့်ရီကို ခေါ်သွား၊ မှတ်ပုံတင်ပါ မှတ်ထား၊ နောက်ကို ဝင်ခွင့်မပြုနဲ့၊ မင်းလည်း ကြက်ဥကောက်ဖို့ ဒီဆေးခန်းကို နောက် ဘယ်တော့မှ မလာနဲ့နော်၊ နောက်လာရင် မင်းကို ရဲလက်အပ်မယ်၊ ခုတော့ မင်း ငွေနဲ့ဝယ်ထားတဲ့ ကြက်ဥမို့ တို့ ပေးလိုက်ပါတယ်၊ နောင်ကို ကြက်ဥလည်း သိမ်းမယ်၊ လူလည်း ဖမ်းမယ်၊ နပ်စ် နေရစ်ခဲ့၊ ကိုအောင်သန်းတို့ သွားတော့'

ကိုအောင်သန်းနှင့် ကုလားမလေး ခြင်းဆွဲကာ ထွက်သွားတော့သည်။

'ဘယ်လိုဖြစ်တာလဲ နပ်စ်ရယ်၊ ပြောပြစမ်းပါဦး'

နပ်စ်မလေးကလည်း သက်ပြင်းချ၏။

'ကျွန်မ တွေးရသလောက် နံနက်စာ စောစောအတွက် စေတနာခန်းမှာ ကြက်ဥပေါင်မုန့် မှန်မှန်ပေးတယ်လေ၊ မုန့်ဟင်းခါးတို့ ဘာတို့ မကျွေးတဲ့အခါလည်း ကြက်ဥပေါင်မုန့်ကတော့ မှန်မှန်ကျွေးတယ်၊ လူနာတွေက မုန့်ဟင်းခါးတို့၊ ခေါက်ဆွဲတို့ ကျွေးချိန်မှာတော့ ထားမရတော့ စားပစ်တယ်၊ ကြက်ဥကျတော့ သူတို့ဝေစုရတာ စုထားတယ်၊ ပြီးတော့ ဒီလို လာကောက်တဲ့ ကုလားမဆီ ပြန်ရောင်းတဲ့သဘောပဲ၊ တစ်နေ့ ခြောက်ကျပ်ဆို ကြက်ဥတစ်လုံး တစ်လုံး စုထားတော့ လေးငါးရက် ငွေသုံးဆယ်လောက်ရတယ်၊ ဆင်းရဲသားတွေအတွက် ငွေသုံးဆယ်ဟာ မနည်းဘူး၊ သူ့မိသားစုကို တစ်ပတ်တစ်ခါ ငွေပြန်ပေးနိုင်တယ်၊ ခုတင်ခြောက်လူနာက ကုလားမလေးကို လာဆက်တာ၊ ကုလားမကလည်း အပြင်မှာ ကြက်ဥတစ်လုံး ဆယ့်တစ်ကျပ်နဲ့ ပြန်ရောင်းတော့ ကိုက်တယ်'

ဆရာမလေးက သိသလောက် ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'စီးပွားဖြစ်နေလိုက်ကြတာ'

မလေးနုက ညည်းကွားလိုက်ရင်း ဆက်ပြောသည်။

'ဒီပြဿနာကို လပတ်အစည်းအဝေးအထိ မစောင့်ဘဲ အရေးပေါ်တင်ပြမှပဲ နပ်စ်ရယ်၊ တစ်ခုလည်း တို့ စောင့်ကြည့်ဦးမှ၊ တို့ပေးတဲ့ဆေးတွေ လူနာတွေ သောက်ရဲ့လား၊ ဘာဖြစ်လို့လဲဆို ဆေးပေးချိန်မှာ ဆရာမလေးတွေက လူနာတွေလက်ထဲပဲ ထည့်သွားတာ၊ သူတို့သောက်တာမှ စောင့်မကြည့်နိုင်ဘဲ'

မလေးနုစကားကြောင့် ဆရာမလေးပါ တွေသွားသည်။

'ဟုတ်တယ် မမ၊ ဆေးလည်း သတိထားမှ၊ ကျွန်မတို့က လည်း ပေးပေးရုံပဲ ဝေပေးသွားတာ၊ စောင့်မကြည့်နိုင်ဘူးလေ'

'အေး… မမတို့ စည်းဝေးပြီး လူနာတွေ ဆေးမှန်မှန် မသောက်တာကအစ ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားကြမယ်လေ၊ ပြီးတော့ မင်းတို့ကို ပြောမယ်၊ ကဲ… သွားနိုင်ပြီ'

ဆရာမလေး ထွက်သွားတော့ မလေးနုသည် တော်တော် လေး စိတ်ပျက်သွားသည်။ သူ့ရင်ထဲမှာ ဒီပြဿနာ ဘယ်လိုရှင်းရပါ့ ဆိုတာကိုပဲ တွေးနေမိသည်။ ရုံးအလုပ်တွေကို စိတ်မဝင်စားနိုင်တော့ပေ။

'မလေးနု'

အခန်းဝမှ သူ့အမည်ကိုခေါ်၍ ဝင်လာသူက ဒေါက်တာ ကျော်လှိုင်၊ အဆုတ်နာ (ရင်ခေါင်းဆိုင်ရာ) အထူးကု ဆရာဝန်ကြီး ဖြစ်သည်။

'ဟာ… ဆရာကြီး၊ ကြွပါ'

မလေးနုသည် ထ၍ အရိုအသေပေးလိုက်ရင်း ဆရာဝန် ကြီး ထိုင်မှ ကုလားထိုင်မှာ ပြန်ထိုင်သည်။

'မလေးနုကို ဝမ်းနည်းသတင်း ပေးရဦးမယ်'

ဆရာကြီးက တိုင်တိုင်ချင်း ပြောလိုက်သည်။

'ဘာသတင်းများလဲ ဆရာကြီး'



'ဟို လွန်ခဲ့တဲ့ ခြောက်လလောက်က မလေးနု ဆရာတို့ ဆေးရုံကို လူနာတစ်ယောက် လွှဲပေးခဲ့တယ်၊ မှတ်မိမယ်တော့ မထင် ဘူး၊ အဆုတ်နာ လူနာမှတ်တမ်းထဲ ပြန်ကြည့်ရင် သိမယ်၊ သူ့နာမည် က ကိုမြအောင်၊ သူ့ရောဂါက curable case ပါပဲ၊ ကုလို့ရနိုင်တယ်'

လူနာတွေများ၍ မလေးနုသည် စဉ်းစားနေသည်။ အဆုတ် နာ လူနာများကို အပြင်လူနာအဖြစ် ဆရာဝန်ကြီး ဦးကျော်လှိုင်ကိုယ် တိုင် တစ်ပတ်နှစ်ခါ ရှိန်းဆေးကုခန်းမှာ ကြည့်ပေးသည်။ ဆေးရုံတင် သင့်သော သူများကို သူ့ထောက်ခံစာနှင့် အောင်ဆန်းအဆုတ်နာကု ဆေးရုံကြီးကို ပို့ပေးသည်။ လူနာအတွက် စားသောက်စရိတ်ငွေ နှင့် ဆေးဝါးခကို ရှိန်းဆေးကုခန်းက ကျခံပါသည်။

'မလေး မမှတ်မိသေးဘူး၊ ပြန်ကြည့်ပါ့မယ် ဆရာကြီး၊ သူ့အတွက် ဘာလုပ်ပေးရမလဲ'

မလေးနုက ပြန်မေးလိုက်သည်။

'ဘာမှလုပ်ပေးဖို့ မလိုတော့ဘူး၊ သူ ဆုံးသွားပြီ'

'ဘုရားရေ… ဘာများ ချို့ယွင်းလို့ပါလိမ့်၊ ဒီလူ့ case က ဆေးဝါးလုံလောက်ရင် သေနိုင်တဲ့ case မဟုတ်ဘူး၊ ကုလို့ ရနိုင်တယ်လို့ ဆရာကြီး ပြောတယ်လေ'

'မလေးတို့ ရှိန်းဆေးကုခန်းဘက်က မချို့ယွင်းပါဘူး၊ ဆေး ဝါးနဲ့ ငွေအလုံအလောက် ရပါတယ်၊ ဆရာလည်း စိတ်မကောင်း ဘူး၊ ဒါလောက် အစားအစာ ဆေးဝါး လုံလောက်ပါလျက်နဲ့ ဒီလူ တိုးတက်မှု မရှိဘူး၊ အခုလို ဆုံးသွားတဲ့အထိ ဖြစ်ရတာ ဘာဖြစ်လို့ လဲလို့ ဆရာဝန် ဆရာမတွေရော တာဝန်ရှိတဲ့ လူတွေကို စုံစမ်းခိုင်း ရတယ်။ မလေးနုရေ စိတ်မကောင်းမဖြစ်နဲ့၊ သူ့မိသားစုအတွက် သူ့အသက်ကို စတေးတာ၊ sacrific လုပ်လိုက်တာပဲ'

မလေးနုသည် ထိတ်လန့်သွားသည်။

'ဘယ်လိုဖြစ်ရတာလဲ ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်လည်း သိပ်စိတ်ထိခိုက်တယ်၊ ကိုယ်တို့ပေးတဲ့ တီဘီ ဆေးတွေက အကောင်းစား၊ အိုက်စိုနက်စ်၊ ရီဖင်ပိုင်စင် ဖရာဇီနမိုက်၊ စထရက်တိုမိုင်စင်၊ သိုင်ရာစက်တက်ဓာတ်ဆိုတာတွေက တရုတ်လုပ်လည်း မပေးဘူး၊ ဂျာမဏီနဲ့ ဆွစ်ဇာလန်က ထုတ်တဲ့ ဆေးတွေ၊ သူ့ကို ပေးသမျှဆေး မသောက်ဘဲ အပြင်ထုတ်ရောင်းတယ်၊ ရတဲ့ ပိုက်ဆံ အိမ်က လူနာလာမေးရင် ပေးတယ်လေ၊ ဆေးတွေက အကောင်းစားဆိုတော့ ငွေက မြက်မြက်လေးရတယ်၊ ဆေးမသောက်တော့ ခုတော့ သေရော'

'ဖြစ်မှဖြစ်ရလေ ဆရာကြီးရယ်'

'ဟုတ်တယ်၊ ဒီလူသေတော့ သူ့အိမ်က မိန်းမက ငိုတယ်၊ ဆေးရုံပေါ်မှာ ဆေးကုခံရင်းတောင် လုပ်ကျွေးသွားတဲ့ ကျေးဇူးရှင်ကြီးတဲ့၊ ဒီငိုပုံက အဓိပ္ပာယ်ရှိလို့ ဆရာလည်း လာစုံစမ်းနိုင်းတာ၊ ဆေးရုံမှာက ပွဲစားတွေ ခြေချင်းလိမ်နေတာ၊ လူနာရှင်လိုလို လူနာမေးသလိုလိုနဲ့ ဆေးပြန်ထုတ်ရောင်းတာကို ဝယ်တယ်လေ၊ သူတို့က အပြင်မှာပြန်ရောင်း အလုပ်ဖြစ်နေကြတာ၊ အဲဒီကိစ္စ နမူနာထားပြီး ဆေးရုံမှာ ဆေးရုံအုပ်ကြီးပါ တိုင်ပင်ပြီး ဆေးပွဲစားတွေကို စစ်ဖို့၊ ပြီးတော့ သူနာပြုလေးတွေကို တောင်းပန်ပြီး တာဝန်ပိုပေးရတာပေါ့၊ ဆေးကို လူနာလက်ထဲ ထည့်ရုံတင်မဟုတ်ဘူး၊ ချက်ချင်း သောက်မသောက် စောင့်ကြည့်ပါ၊ လူနာကို ရှေ့နဲ့ ဆေးတိုက်ပြီးမှ လူနာ့အနားက ခွာပါလို့ သူနာပြုဆရာမလေးတွေကို မေတ္တာရပ်ခံရတယ်'

ဆရာကြီးက ရှည်လျားစွာရှင်းပြသည်။ မလေးနုရင်ထဲ အတော်မောသွားသည်။ သူသည် ကြက်ဥကိစ္စကို သတိရသည်။

'ခုပဲ မလေးတို့ ဆေးတိုက်မှာလည်း ပြဿနာပေါ်လို့'

မလေးနုသည် ဆရာဝန်ကြီး ဦးကျော်လှိုင်အား ကုလားမနှင့် ကြက်ဥပြဿနာကို ရှင်းလင်းပြောပြသည်။ မလေးနု စကားဆုံးတော့ ဆရာဝန်ကြီးက ခေါင်းတညိတ်ညိတ်လုပ်နေသည်။



'ဟုတ်ပါ့ လေးနုရေ၊ အဆုတ်နာ အပြင်ဆေးပေးဌာနမှာတော့ ဆေးလည်း ရှေ့တင်တိုက်ရတယ်၊ ဆေးလှူတဲ့၊ အစားအစာလှူတဲ့ အလှူရှင်တွေရှိတယ်၊ ဒီတော့ သူနာပြုဆရာမလေးတွေမှာ ကြက်ဥ၊ နွားနို့ကို ရှေ့မှာတင် တိုက်ရတယ်၊ နို့မို့ရင် ဆင်းရဲတဲ့လူတွေက အိမ်သယ်၊ အိမ်က သားသမီးတွေ ကျွေး၊ မင်းတို့ဆေးခန်းလို ကြက်ဥအပြုတ်လည်း ပြန်ရောင်းပေါ့လေ၊ သူတို့လည်း ပညာပေးပြီး အမျိုးမျိုး တရားဟောရတယ်ကွယ်'

ဆရာကြီးမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှုတ်ခမ်းပေါ်ပေါ် လူချောတစ်ယောက်ဖြစ်သလို စကားပြောလည်း ကောင်းသည်။

'မလေးတော့ ဒီကိစ္စကို လပတ်အစည်းအဝေးအထိ မစောင့်ဘဲ ရှိန်းကို ဖုန်းဆက်ခေါ်ပြီး မလေးနဲ့ ဆရာကြီး တင်ပြရင်ကောင်းမယ်၊ ဆရာကြီး သန်ဘက်ခါ တနင်္ဂနွေ အားလား၊ ခေတ္တကြွနိုင်ပါသလား'

'အားပါတယ်၊ အချိန်သာ ဖုန်းနဲ့ဆက်လိုက်လေ၊ ကိုင်း… သွားတော့မယ်၊ ရှိန်းဆေးခန်းက ပို့တဲ့ ကျန်တဲ့လူနာတွေတော့ အခြေအနေ တိုးတက်ပါတယ်၊ စတက်ဖ် (staff) နဲ့ အစီရင်ခံစာတွေ ပို့လိုက်မယ်၊ ကိုမြအောင်အတွက်တော့ ဆောရီးပဲ မလေး၊ ကဲ… သွားမယ်'

ဆရာကြီးကို အခန်းဝအထိ မလေးနုက လိုက်ပို့သည်။ စားပွဲဆီပြန်လာရင်း ရှိန်းထံ ဖုန်းဆက်လိုက်သည်။ အရေးပေါ်ကိစ္စရှိ၍ တနင်္ဂနွေနံနက် လာဖို့ဖြစ်သည်။ ရှိန်းက အချိန်ကို ကိုးနာရီသတ်မှတ်၍ ဆရာဝန်ကြီး ဦးကျော်လှိုင်ထံ ပြန်ချိန်းလိုက်သည်။

တနင်္ဂနွေနေ့ ကိုးနာရီမှာတော့ အရေးပေါ်ဖြစ်၍ ဌာနဆိုင်ရာ ဆရာဝန်အားလုံး မလို။ အဆုတ်နာက ဆရာကြီး ဦးကျော်လှိုင်၊ မလေးနု၊ ဂိတ်စောင့်၊ သူနာပြုဆရာမကြီးနှင့် ဆရာမလေးများပဲ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ပထမ ဆရာကြီးဦးကျော်လှိုင်က ကိုမြအောင် သေဆုံးရခြင်းကိစ္စကို တင်ပြ၍ ဒုတိယ မလေးနုက စေတနာဆေးခန်းရှိ ကြက်ဥကိစ္စကို တင်ပြသည်။ နိဂုံးမှာတော့ . . .

'ဆေးတိုက်ပိုင်ရှင် ဦးဗညားရှိန်းလည်း အခြေအနေအရပ်ရပ်ကို သိပြီဆိုတော့ ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲလို့ စုပေါင်းတိုင်ပင်ရအောင် အရေးပေါ် အစည်းအဝေးခေါ်ပြီး တင်ပြရတာပါ' ဟု ပြောလိုက်သည်။

ဗညားရှိန်းက ထ၍ စကားစတင်ပြောသည်။

'ကျွန်တော် ဒီဆေးခန်းကို စေတနာနဲ့ တည်ထောင်တာပါ၊ တစ်ဖက်ကလည်း အရှည်တည်တံ့အောင် ချမ်းသာတဲ့လူနာတွေထားပြီး ထိုက်တန်တဲ့ ငွေယူတယ်၊ ဆင်းရဲတဲ့လူနာကို အခမဲ့ ဆေးဝါးရော အစားအစာရော ထောက်ပံ့ခဲ့တယ်၊ ငွေကြေးမလည်ပတ်သေးခင် စေတနာခန်းအတွက် လိုငွေကို ကျွန်တော့်မော်တော်ကားကုမ္ပဏီက အမြတ်ငွေထဲက ပံ့ပိုးခဲ့တယ်၊ အခုလို အပြုအမူတွေ့ရတော့ ဝမ်းနည်းစရာပဲပေါ့၊ စဉ်းစားကြည့်တော့လည်း ဆင်းရဲခြင်းရဲ့ ဝေဒနာပေါ့၊ ဆင်းရဲတော့လည်း မပြုသင့်တာကို ပြုကြတယ်၊ ဒီဆေးဝါး အစားအစာဟာ စားရမှာ၊ မစားဘဲပြန်ရောင်းတယ်ဆိုတာ မလုပ်သင့်ဘူးလို့လည်း အမှန်ကို မတွေးနိုင်တော့ဘူး၊ ဒီတော့ ကျွန်တော်တို့ဟာ သူတို့ကောင်းကျိုးအတွက် စည်းကမ်းကြပ်မတ်ရတော့မှာပေါ့၊ ခုန ဆရာဝန်ကြီးဦးကျော်လှိုင် အဆုတ်နာကုဆေးရုံမှာ လုပ်သလို လူနာတွေကို ဆေးကြပ်မတ်တိုက်ရမယ်၊ ဒီကိစ္စအတွက် သူနာပြုဆရာမကြီး ဒေါ်အေးအေးမြင့်က သူနာပြုဆရာမကလေးများကို ညွှန်ကြားပေးပါ၊ ဆေးတင်မဟုတ်၊ ခုန ကြက်ဥလိုဟာမျိုး တကယ်စားမစား စောင့်ကြည့်ပေးပါ၊ အချိန်ကုန်တယ်လို့ မညည်းညူစေချင်ဘူး၊ ကျွန်တော့်ဆေးခန်း တိုးတက်လာတာနဲ့အမျှ အချိန်ပိုလုပ်ရတဲ့ သူနာပြုဆရာမလေးတွေ၊ စားပွဲထိုး၊ ထမင်းချက်တွေအတွက် နှစ်စဉ်



ဆုကြေးပေးဖို့ အစီအစဉ်ရှိပါတယ်၊ ကျွန်တော် မေတ္တာရပ်ခံချင်တာကတော့ ဒါပါပဲ'

တာဝန်ခံ သူနာပြုဆရာမကြီး ဒေါ်အေးအေးမြင့်က တာဝန်ယူပြီး သူ့အခက်အခဲအချို့ကို တင်ပြသည်။

'ငွေကြေးခန်းလို စေတနာခန်းက လူနာတွေ စပါယ်ရှယ်နပ်စ် မထားနိုင်ဘူး၊ ဒီတော့ စေတနာခန်းက သူနာပြုဆရာမလေးတွေဟာ လူနာကို ရေပတ်တိုက်တာကအစ လုပ်ပေးပါတယ်၊ အခု ရန်ကုန် ဆေးရုံကြီးမှာတောင် ယခင်ကလို လူနာများကို ရေပတ်တိုက်မပေးပါဘူး၊ စပါယ်ရှယ်နပ်စ်ကလွဲလို့ အခု ကျွန်မတို့ လူနာလည်းပြုစုရ၊ ဆေးလည်းစောင့်တိုက်ရ၊ အစာလည်း စောင့်ကျွေးရမယ်ဆိုတော့ ဆရာမလေးတွေ ဦးရေတိုးချဲ့ခန့်ထားဖို့ ကျွန်မ တောင်းဆိုပါတယ်'

ဆရာမကြီး ပြောသမျှ ပြန်လည်ဆွေးနွေးကြ၍ ဆရာမကြီး တောင်းဆိုသည်ကို လိုက်လျောဖို့ ဆုံးဖြတ်လိုက်ကြသည်။ အစည်းအဝေးပြီး၍ အားလုံးပြန်ကုန်ကြတော့ မလေးနုနှင့် ရှိန်း နှစ်ယောက်တည်း ကျန်ရစ်သည်။

'မလေး ပြောပြတော့ ရှိန်းဖြင့် မယုံနိုင်လောက်အောင်ပဲ၊ လူတွေ ဒါလောက်ပဲ ဆင်းရဲကြတယ်နော်'

ရှိန်းက စားပွဲပေါ်လက်တင်ရင်း ညည်းလိုက်သည်။

'ဒီဆေးရုံမှာ မလေးလုပ်တော့မှ ဆင်းရဲချမ်းသာ ကွာဟလာတာကို တွေ့လာရတယ်၊ အပေါ်က ငွေကြေးခန်းကျတော့လည်း လူနာအတွက်ရော လူနာလာမေးကြသူတွေအတွက်ရော ပျော်ပွဲစားထွက်သလား အောက်မေ့တယ်၊ ချိုင့်ကြီးချိုင့်ငယ်နဲ့ သယ်လာပြီး စားလိုက်ကြတာ၊ စေတနာခန်းကျတော့လည်း ဆေးရုံကပေးတဲ့ ဆေးနဲ့ အစာကို ပြန်ရောင်းစားရတဲ့အထိ ဆင်းရဲကြတယ်'

'မတတ်နိုင်ဘူး မလေး၊ ဒီလို အခြေအနေထဲက တစ်နေ့

www.burmeseclassic.com

www.burmeseclassic.com



တို့လုပ်ငန်း အောင်မြင်ရမှာပေါ့၊ အောင်မြင်တယ်ဆိုတာ ငွေကြေးကို ပြောတာ မဟုတ်ဘူး၊ စေတနာခန်းက လူဘယ်နှယောက် ရောဂါ ကုသပျောက်ကင်းတယ်ဆိုတဲ့ အပေါ်မှာ တွက်ကြည့်ပြီး များလာလေလေ တို့ အောင်မြင်တယ်လို့ ပြောရမယ်၊ စိတ်မပျက်ပါနဲ့၊ ရန်ကုန်ဆေးရုံကြီးမှာလည်း အရင်က အစားအစာ ပေးတယ်၊ လူနာဝတ်ဖို့ ဆေးရုံယူနီဖောင်း၊ အဝတ်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်၊ ခြင်ထောင်၊ စောင်ကအစ ပေးတယ်၊ အခု လူနာကလည်း များလာတယ်၊ ပေးထားတဲ့ အိပ်ရာခင်း၊ စောင်တွေ လူနာတွေက ဆင်းရင် ခိုးခိုးသွားတာ၊ အခုဆို ဘာမှမပေးတော့ဘူး၊ အခု ရှိန်းက အရင်ဆေးရုံကြီးအတိုင်း လူနည်းနည်းနဲ့ သိပ်သိပ်သည်းသည်း စကြည့်တာ၊ မလေးရယ် အခက်အခဲတွေ့ရင် သည်းခံပေါ့"

"မလေးက စိတ်ရှည်ပါတယ်၊ ဆင်းရဲလို့ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့တော့ မဟုတ်ဘူး ရှိန်း၊ မသိတတ်တာတွေလည်း ပါမယ်"

"အေးလေ… မသိတာနဲ့ မရှိတာလည်း တွဲလျက်ကိုး၊ မလျှလို့မရှိ၊ မရှိလို့မလျှဆိုသလို မရှိလို့ မသိ၊ မလုပ်သင့်တာ လုပ်တာပေါ့၊ အဲဒါ သူတို့ကို ပညာပေးဟောပြောရမှာပေါ့"

"မလေး စကားပြောတဲ့အလုပ်တော့ မလုပ်ချင်ဘူး၊ တစ်လတစ်ခါ သူနာပြုဆရာမကြီးတွေက လူနာဆောင်တွေမှာ ပညာပေးဟောပြောတာတွေ လုပ်ပါစေ"

"အေးပါလေ… မလေးကသာ စိတ်မပျက်ပါနဲ့"

"ဒါဆို မလေး သွားမယ်"

"မသွားနဲ့လေ၊ ရှိန်းလိုက်ပို့မယ်၊ တခြား သွားစရာရှိသေးလား"

"မရှိပါဘူး၊ အိမ်ပဲ ပြန်ရမှာ"

ရှိန်းသည် မလေးနုကို အိမ်အထိ လိုက်ပို့လိုက်သည်။ ရှိန်း



ကား ခြံထဲကိုဝင်လာချိန်မှာ ဦးလေးဦးထွန်းဝင်းခြံထဲမှာ လမ်းလျှောက်နေသည်ကို တွေ့ရသည်။ ရှိန်းသည် မလေးနုကိုထားခဲ့ကာ ပြန်ထွက်လာခဲ့သည်။ မလေးနု အိမ်ထဲဝင်မည့်ဆဲဆဲ ဦးလေးထွန်းဝင်းက အနားရောက်လာသည်။

"မလေးကလည်း တနင်္ဂနွေတောင် မနားရဘူးနော်"

"အစည်းအဝေးရှိလို့ပါ ဦးလေး"

မလေးနုက ပြောကာ အိမ်ထဲဝင်လာခဲ့သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## - ၁၁ -

မလေးနုသည် ခြံထဲမှာထိုင်ကာ ညနေဆည်းဆာအလှကို မမြင်ဖူးသလို ငေးကာကြည့်နေမိသည်။ တကယ်လည်း မမြင်ခဲ့ရသည်မှာ ကြာပြီဆိုလျှင် ယုံစရာမရှိ။ တစ်ခါမှ ညနေစောစော အိမ်ပြန်ရောက်သည် မရှိခဲ့ပေ။ ဒီတစ်ညနေပဲ စောပြန်ခဲ့ရသည်။ ကိုယ့်ဂျူတီကုန်ဆုံးပေမယ့် ရုံးကိစ္စ၊ မီးဖိုဆောင်ကိစ္စ၊ ငွေရေး ကြေးရေးကိစ္စတွေနှင့် အရေးကြီးလူနာရှိတော့လည်း အိမ်ကို စောစောမပြန်နိုင်။ လူနာရှင်တချို့၏ တွေ့ဆုံမေးမြန်းချက်များကိုလည်း ကျေနပ်အောင် ရှင်းလင်းပြောဆိုနေရ၍ ကိုယ်ပိုင်အချိန် လုံးဝမရှိသလောက်ပါပဲ။ ဒေါ်လေးသန်းတို့ခြံက ကလောခြံလောက် မကျယ်ပေမယ့် ပင်ပုလေးတွေများသည်။ အိမ်ဘေးတွင် သစ်ခွစင်ရှိ၍ သစ်ခွပန်းမျိုးစုံများကို ဒေါ်လေးက ဂရုစိုက်ပုံရသည်။ သူလည်း အနားယူသည်။ တစ်နေ့ ကလောအိမ်ကြီးတွင် သစ်ခွပန်းများ စုဦးမည်။ သစ်ခွပန်းပင်များကို ကြည့်ရင်း စိတ်က ဆေးခန်းရောက်သွားပြန်သည်။ ရှိန်းဆေးတိုက် ငါးနှစ်ခရီးမှာတော့ ငွေရေးကြေးရေး လည်ပတ်လာပြီဟု ဆိုရမည်။

"အန်တီမလေး၊ ဖေဖေ့ကို ဖြူပြာတို့ ပြောနိုင်ပြီ၊ ဒီလကစပြီး ဆေးတိုက်ကို ဖေဖေတို့ မော်တော်ကားကုမ္ပဏီက ငွေဖြည့်ဖို့ မလိုတော့ဘူး၊ ဖြူပြာတို့ဘာသာ လည်ပတ်နိုင်ပြီ"

နွဲ့လယ်က ဖြူပြာစကားကို သတိရမိသည်။ ဖြူပြာသည် ကြာလာတော့လည်း အလုပ်မှာ စိတ်ဝင်စားလာသည်။ ဒီလိုပဲဖြစ်ရ



မည်။ အရှည်ကျတော့ ဒီဆေးတိုက်သည် သူတို့မိသားစုပိုင်၊ သူတို့ ဦးစီး၍ လည်ပတ်အောင် လုပ်ရမည်ပဲဖြစ်သည်။ မလေးနုအဖို့ သူ့ကိုယ်ကျိုးအတွက်လည်း ပါသည်။ ဒီဆေးတိုက် အရှည်တည်တံ့ခိုင်မြဲဖို့အတွက်လည်း ကြိုးစားပေးရမည်။ ဆေးရုံကြီးများလို မဟုတ်။ ပုဂ္ဂလိကပိုင်ဖြစ်၍ Business ခေါ် ကုန်သည်လုပ်ငန်းလည်း ပါသည်ဆိုရမည်။ ကိုယ့်ဆေးခန်းကို လူနာများ စိတ်ဝင်စားအောင်၊ ကုသချင်စိတ်ရှိအောင် ဆက်ဆံရေးကအစ သူကိုယ်တိုင်လည်း သတိထားရသည်။ တာဝန်ခံ ဆရာဝန်လေးတွေ ဆရာမတွေကို လူနာအပေါ် ဆက်ဆံရေးနှင့်တကွ လူနာရှင်တွေအပေါ် ဆက်ဆံရေးပါ ပြေလည်ဖို့ သူမှာ သတိပေးရသည်။ အထူးသဖြင့် ငွေကြေးခန်းက ငွေကြေးတတ်နိုင်သူတွေ ဖြစ်သည့်အတိုင်း တစ်ခါတစ်ရံ စကားပြောလျှင် အထက်စီးနှင့် စကားပြောတတ်သည်။ ဆရာဝန်သည် သူတို့ လူနာကို ကယ်တင်မည့်သူဆိုသည်ကို မေ့၍သွားတတ်သည်။ တစ်ခါတစ်ခါတော့လည်း ဆရာဝန်က ဆေးကုဆေးပေးပဲ တတ်နိုင်သည်။ သူတို့အမြင်မှာ ဆရာဝန်ဆိုတာ ငွေပုံပေးလျှင် လူနာကို ဗိုကုသည်ဟူသော အထင်မျိုးနှင့် ငွေပုံပေးကာ ဆက်ဆံတတ်၍ မနည်းရှင်းလင်းရသည်။ စေတနာခန်းမှာတော့ ယခင်လက လူနာတစ်ယောက် အဆင်းတွင် ခြင်ထောင်ကို တိတ်တဆိတ်ယူသွားသည်ကလွဲ၍ ယခင်လို ဆေးများ၊ အစားအစာများ ခိုးယူသည့်ကိစ္စ မပေါ်တော့ပါ။

အေးမြသော လေများသည် ပန်းရုံများဆီမှ မလေးနုကို တိုက်ခတ်လာသည်။ ဩော်... ညနေခင်းအလှကို ကြည့်နေသည်ဆိုတာတောင်မှ စိတ်က ဆေးခန်းကို ရောက်နေသည်။ သူ့အတွေးကို သတိရကာ တစ်ယောက်တည်း ပြုံးမိသည်။ ခုံတန်းနှင့် ခပ်လှမ်းလှမ်းတွင် နွေစံပယ်တို့ ပွင့်နေသည်မှာ ဖွေးဖွေးလှုပ်နေသည်။ နေခြည်နွဲ့နွဲ့သည် ဆည်းဆာကို နှုတ်ဆက်အနမ်းပေးလျက်ရှိသည်။ ယင်းမာဝင်းသည် ညနေတိုင်း စံပယ်ပန်းများကို ခူးနေကျ။ ယနေ့ သားအမိ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး အပြင်သွားနေကြသည်။

"မလေး… ဆေးခန်းက ဒီနေ့ပြန်လာတာ စောပါလား"

ဦးလေးထွန်းဝင်းက အနားရောက်လာကာ ခုံစွန်းတွင် ထိုင်လိုက်သည်။

"ဟုတ်တယ်၊ ဒီနေ့ အားတယ်ဆိုရမှာပေါ့"

"မလေး အလုပ်ကလည်း ညဂျူတီမဟုတ်လည်း စောစောကို အိမ်ပြန်တာ မတွေ့ပါဘူး၊ ပင်ပန်းလှတယ်"

"အခွင့်အရေးရတုန်း လုပ်ရတာကို၊ ငယ်ရွယ်တုန်း လုပ်နိုင်တုန်းမှာ လုပ်ရတာပဲ၊ မလေးအဖို့ ပင်ပန်းတယ်လို့ မဟုတ်ပါဘူး"

ဦးလေးထွန်းဝင်းသည် အတန်ကြာ တိတ်ဆိတ်နေသည်။ ပြောင်စပြုနေသော နဖူးကို ဘေးကဆံပင်များနှင့် ဖုံးအုပ်၍ ဖြီးထားသည်။ အမြဲလို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နေပုံမှာ အငြိမ်းစားသံတမန်ပီသသည်။ ပြုံးထော့ထော့နှုတ်ခမ်းက စကားပြောလျှင် သိမ်မွေ့လှသည်။ လူက ခန့်ခန့်ချောချော၊ နဖူးနည်းနည်းပြောင်တာပဲ ဆိုစရာရှိသည်။ အသက်ခြောက်ဆယ်ကျော်ဆိုတော့ ဒါလောက်တော့ ရှိမှာပါပဲ။ ရွယ်တူတွေနှင့်စာလျှင် အရွယ်တင်သည်ဟု ဆိုရမည်။

"မလေးက ဘာလို့ ဒါလောက် ကြိုးစားနေရတာလဲ၊ တစ်ယောက်တည်းဟာ"

တိတ်ဆိတ်နေရာမှ ဦးလေးအသံက ပေါ်လာသည်။ မလေးသည် ရိုးသွတ်သော အမူအရာနှင့် ပြန်ပြောသည်။

"မလေးကတော့ တစ်ယောက်တည်းပေါ့၊ ဒါပေမဲ့ မလေးကို အင်္ဂလန်ပို့ပေးတာရယ်၊ ဖေဖေတို့ သစ်လုပ်ငန်းလုပ်တဲ့အတွက်ရယ် တင်နေတဲ့အကြွေးတွေလည်း ဆပ်ရသေးတာပေါ့၊ ဖေဖေက လုပ်ငန်းအဆုံးမသတ်ခင် ဆုံးသွားတော့ ဒီငွေတွေ မလေးမှာ ဆပ်ဖို့တာဝန်ရှိပါတယ်"

"အလုပ်မဝင်ခင်က မလေး ပြောပြဖူးပါတယ်၊ ဒါပေမဲ့



ကိုယ်ပင်ပန်း စိတ်ပင်ပန်း သိပ်မခံနဲ့ပေါ့၊ ပြီးတော့ ဒီညနေ အပြင်မထွက်ခင် ခင်အေးသန်းက ပြောတယ်၊ ဒရိုင်ဘာ ခွင့်တစ်လယူမယ်တဲ့၊ ဦးလေးက နောက်တစ်ယောက် မငှားနဲ့တော့၊ တစ်လတော့ ဦးလေးပဲ မောင်းမယ်လို့ ပြောလိုက်တယ်၊ မလေး ဆေးတိုက်အပြန် ဦးလေး လာကြိုမယ်လေ"

ဦးလေးက သူ့ကိုမကြည့်ဘဲ ပြောနေသည်။ မလေးနုကတော့ ဦးလေးမျက်နှာကို ပြန်ကြည့်မိသည်။

"ဒုက္ခမခံပါနဲ့ ဦးလေးရယ်၊ မလေး မိုးချုပ်ရင် တခြားဆရာဝန်အဖော်တွေနဲ့ လမ်းကြုံလိုက်လို့ ရပါတယ်၊ သိပ်ညဉ့်နက်တော့လည်း ဆေးတိုက်မှာ အိပ်လို့ရပါတယ်"

"အို… ဦးလေး ကြိုပါ့မယ်၊ ညအချိန်မတော် သူများလိုက်ပို့ရတာ မကောင်းပါဘူး"

ဦးလေးက စကားပြောရာမှ ထသွား၍ ပန်းခင်းများကို လျှောက်ကြည့်နေသည်။ နေခြည်ဖျော့ဖျော့ ရုပ်သိမ်းသွားပြီဖြစ်၍ အနောက်ဘက် ကောင်းကင်တွင် နှင်းဆီရိပ်ပဲ ကျန်ရစ်သည်။

မလေးနု ထိုင်နေစဉ် ဒေါ်လေးသန်းတို့ ပြန်ရောက်လာ၍ ဆီးကြိုရန် ဆင်ဝင်အောက်သို့ ထွက်သွားသည်။ ယနေ့ ညစာမှာတော့ ဒေါ်လေးသန်းတို့မိသားစုနှင့် သိုက်သိုက်ဝန်းဝန်း ထမင်းစားဖြစ်သည်။

"ခင်အေးသန်း မလေးကို ကိုကိုပြောလိုက်ပြီ၊ ညဘက်ဆေးတိုက်အပြန် ကိုကို လာကြိုမယ်လို့"

ဦးလေးထွန်းဆင်းက ညနေက စကားကို ထမင်းဝိုင်းမှာ ပြောသည်။ ဒေါ်လေးကတော့ ခပ်အေးအေးပါပဲ။ ဘာမှမကန့်ကွက်ပါ။

နောက်နေ့တွေမှာ မလေးနုကို နေ့တိုင်းလိုလို ကြိုရသည်မဟုတ်ပါ။ ညဉ့်နက်သော နေ့များမှာမှ သူက ကြိုရန် ဖုန်းဆက်လိုက်သည်။ အပြန်စောသောနေ့တွင်တော့ သူငယ်ချင်းဆရာဝန် ကားကြုံတွေနှင့် လိုက်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးထွန်းဝင်း လာကြိုတိုင်း ယင်းမာဝင်းက ပါလာတတ်သည်။ ထိုနေ့က လူနာတစ်ယောက်ကို ခွဲစိတ်ပြီး အခြေအနေစောင့်ကြည့်နေချင်သေးသည်နှင့် မလေးနု စောစောမပြန်ဘဲနေသည်။

လူနာက သားအိမ်ခေါင်းကင်ဆာဖြစ်သည်။ ဒီလူနာကို စတင်လက်ခံကတည်းက သူ့အတွက် ပဟေဠိဖြစ်နေသည်။ စတင်တွေ့သောနေ့က လူနာက အပျိုကြီးဟု ဆိုသည်။ သူစမ်းလိုက်တော့ အပျိုမဟုတ်၊ ရောဂါက ခွဲစိတ်ကုသရမည်။ ခွဲစိတ်ပြီးပါက အခြေအနေကိုကြည့်၍ ဓာတ်ကင်ဖို့ သက်ဆိုင်ရာ ကင်ဆာဆရာဝန်ကြီးကို လွှဲပြောင်းပေးရမည် ဖြစ်သည်။ အမျိုးသမီးက တင်ဖွံ့ဖွံ့၊ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မဂိုကုလားဆင်ရုပ် ဖြစ်သည်။ မျက်နှာချောသည်ဟု မပြောနိုင်ပေမယ့် ကိုယ်လုံးကိုယ်ပေါက်လှသူတစ်ယောက်ဖြစ်သည်။ စမ်းသပ်ပြီး၍ လူနာက မလေးနု ရုံးခန်းထဲလိုက်လာ၍ကာ လိုအပ်သည်များကို မေးနေဆဲ ဖြူပြာ စာရင်းစာအုပ်တစ်အုပ်နှင့် ဝင်လာသည်။ ဖြူပြာသည် လူနာအမျိုးသမီးကို မြင်မြင်ချင်း…

‘အန်တီလှိုင် ဘာလာလုပ်တာလဲ’ဟု နှုတ်ဆက်လိုက်သည်။

‘ဖြူပြာရော ဘာလာလုပ်လဲ၊ အန်တီက ဒီက ဒေါက်တာနဲ့ ခွဲရမှာလေ’

လူနာအမျိုးသမီးက မလေးနုကို လက်ညှိုးထိုးပြရင်း ပြောသည်။

‘စိတ်ချပါ… ဖြူပြာတို့ဆေးခန်းက အစစအဆင်ပြေပါတယ်၊ ဖြူပြာက ဒီဆေးတိုက်မှာ စာရင်းကိုင်လေ၊ အန်တီလှိုင်ဆေးရုံတက်မှာ မေမေ့ပြောလိုက်ဦးမယ်’

‘အေးအေးကို ဒုက္ခမပေးပါနဲ့ကွယ်၊ ဒေါက်တာက ပြောတယ်၊ မစိုးရိမ်ရပါဘူးတဲ့၊ ကဲ…ဒေါက်တာ တနင်္လာနေ့ကျမှပဲ လှိုင်ပစ္စည်းတွေယူပြီး လာတော့မယ်၊ အင်္ဂါနေ့ ခွဲမှာနော်၊ သွားလိုက်ဦးမယ်’

‘ကောင်းပါပြီ’



မလေးနုက လူနာထွက်သွားရာကိုကြည့်ရင်း ဖြူပြာ့လက်ထဲမှ စာအုပ်ကို လှမ်းယူသည်။ ဖြူပြာက မပေးသေးဘဲ ကုလားထိုင်မှာ ထိုင်လိုက်သည်။

‘အန်တီမလေး အဲဒီ အန်တီလှိုင့်ရောဂါက ဘာရောဂါလဲ’

‘သားအိမ်ခေါင်းကင်ဆာ’

‘ဒီတစ်ခါ ဘာဖြစ်လို့လဲ မသိဘူး၊ ဖေဖေ့ကို မပြောဘူး’

‘ဖြူပြာတို့ဖေဖေနဲ့ အန်တီလှိုင်က သိလို့လား’

ဖြူပြာက နှာခေါင်းရှုံ့လိုက်သည်။

‘အန်တီမလေးကလေ ဟိုတောင်ပေါ်ဒေသတွေမှာ အနေများပြီး ရန်ကုန်ရောက်တော့လည်း ဆေးခန်းထဲ ခေါင်းမြှုပ်ထားတာ အောက်နေပြီ၊ ခေတ်မမီဘူး’

‘ဘာပြောတယ်’

မလေးနု ဖြူပြာပြောပုံကို သဘောကျစွာ ရယ်နေသည်။

‘ဆိုပါတော့လေ၊ အန်တီမလေးက ခေတ်မမီဘူး၊ အဲဒါနဲ့ အန်တီလှိုင်နဲ့ ဘာဆိုင်လဲ’

ဖြူပြာက မျက်နှာထားတစ်မျိုး။ သရော်ဟန်လား၊ ရယ်ချင်ဟန်လား မပြောတတ်ပေ။

‘သူက မိုလ်ချုပ်ဈေးမှာ စိန်ကုန်သည် ဒေါ်သန္တာလှိုင်တဲ့၊ ဖေဖေနဲ့ ဖြစ်နေတာ ကြာပြီ’

‘ဘာ…’

မလေးနု အံ့သြသွားသည်။

‘ဟုတ်ပါ့… ဖေဖေနဲ့ မေမေက ကိုကိုကြီးဆုံးတော့ ရန်ဖြစ်ပြီးကတည်းက ဖေဖေလေ ဒီသန္တာလှိုင်နဲ့ ညားနေတာ၊ တိတ်တိတ်ပုန်းပေါ့၊ တစ်ခုတော့ရှိတယ်၊ ဖေဖေက keeping လား၊ သူက ဖေဖေ့ရဲ့ keeping လားတော့ မပြောတတ်ဘူး’

ဖြူပြာက ရယ်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖေ့မယားငယ်အကြောင်းကို ဖြူပြာသည် ရယ်၍ပြောနိုင်သည်ကို မလေးနု နားမလည်။ ပြီးတော့လည်း ဒီအမျိုးသမီးကို ဖြူပြာတို့အမေ သိပုံရသည်။ "မေမေ့ကို ပြောလိုက်မယ်"တဲ့။ ဖြူပြာ ပြောပုံကိုလည်း မလေးနု စိတ်မှာ မရှင်း။

"မင်းမေမေကရော ဒီအမျိုးသမီးနဲ့ ရှိန်း ဖြစ်နေတာကို သိလား"

"သိပ၊ သူတို့ဇာတ်ထုပ်က အဆန်း၊ အန်တီလှိုင် မေမေ့ဆီကို ဝင်ထွက်ပြီး ပထမတော့ ပတ္တမြားရင်ထိုး၊ နောက် လက်ကောက်ဆွဲကြိုး မေမေ့ကို ပေးတယ်၊ ဟဲ… ဟဲ… ဖေဖေ့ကို ယူခပေးတာပေါ့"

"မင်းမေမေက ယူတယ်"

"ယူတယ်လေ၊ အလကားပေးရမယ့်အတူတူ တန်ရာတန်ကြေး ယူရမယ်တဲ့၊ လင်ငှားခပေါ့တဲ့၊ မေမေက ပြောတယ်"

"ဟယ်… ဖြူပြာ ဘာတွေပြောနေလဲ"

"ဖြူပြာရဲ့ မောင်တွေကလည်း လူပွေတွေပဲဟာ၊ သတင်းစုံ သူတို့ဆီက ရတယ်၊ ဖြူပြာကိုဆိုလည်း သမီး၊ သမီးနဲ့ ဖူးဖူးမှုတ်နေတာ၊ ဖြူပြာက သူပေးတဲ့လက်ဆောင်တော့ မယူပါဘူး၊ သူ့ဇာက တော့ မရဘူး၊ သူ့အဖေ မယားငယ်ဆိုပြီး ကြည့်မရဘူး၊ မယားငယ်လို့ မကြေညာပေမယ့် မယားကြီးရှိရက်နဲ့ယူရင် မယားအငယ်ပဲပေါ့"

ဖြူပြာထံမှ သတင်းစုံကြားရတော့ မလေးနုက တော်တော်စိတ်ပျက်မိသည်။ သူ့လူနာတွေနှင့် သူ ခေါင်းမဖော်နိုင်သော အချိန်မှာ အပြင်လောက ဇာတ်ထုပ်က အစုံပါပဲ။ ဒါပေမဲ့ သူ့အတွက်ကတော့ ဆေးကုသရင်း သိရသော ဒေါ်သန္တာလှိုင်ကို အပျိုမဟုတ်မှန်း သူသိပြီးဖြစ်သည်။ သူတို့ဘဝကို သူလေ့လာရန်မဟုတ်၊ ရောဂါကို ပျောက်အောင်ကုသရန်သာ သူ့တာဝန်ဖြစ်သည်။ ပြီးတော့ သားအဖတွေကြားမှာ သူ့ထင်မြင်ချက် တစ်စုံတစ်ရာကို ပြောလိုက်လျှင် ဖခင်



အပေါ် ဖြူပြာတို့ အထင်သေးလျှင် မကောင်း၊ သူတို့ဘာသာ သိသည်ကတော့ သူ့ပယောဂမပါပါ။

"ကဲ…အန်တီမလေး ဘာလုပ်ရမလဲ၊ ဖြူပြာလာတဲ့ ကိစ္စပြော"

ဖြူပြာသည် မလေးနု လက်မှတ်ထိုးစရာရှိသည်များကို ပြ၍ လက်မှတ်များရယူကာ ပြန်ထွက်သွားသည်။ မလေးနုကတော့ ရှိန်းမိသားစုကြီး၏ ဖရိုဖရဲဇာတ်ထုပ်ကိုတွေးရင်း တစ်စတစ်စ စိတ်ပျက်လာသည်။

ဒေါ်သန္တာလှိုင်ကို ခွဲရသောနေ့က တင်သက်မာက မေ့ဆေးဆရာဝန်အဖြစ် တာဝန်ယူ၍ နှစ်ယောက်သား ခွဲစိတ်ကုသခဲ့သည်။ ခွဲသောနေ့က အခြေအနေ စိတ်မချ၍ မလေးနု ညအထိစောင့်နေခြင်းဖြစ်သည်။

ဆရာဝန်အချင်းချင်းဆိုတော့ တင်သက်မာနှင့်တော့ နှစ်ယောက်ပြောဖြစ်ကြသည်။ ဖြူပြာ ပြောစကားတွေပါ မလေးနုက ပြောပြသည်။ တင်သက်မာကလည်း အေးအေးထဲ သူသွားလည်စဉ် အကြောင်းတွေ ပြန်ပြောပြသည်။

"တို့နှစ်ယောက်ကလည်း သက်မာက မန္တလေးမှာ အနေများ၊ မလေးက တောင်ထွန်းဒေသတွေမှာ အနေများပေ့ဟလည်း ဒီရှုပ်ကုန်ဇာတ်ထုပ်တွေ ဘယ်သိမလဲလေ"

"အေးကွယ်… မလေးကတော့ ရှိန်းကိုရော သားတွေရော နှမြောလိုက်တာ"

"ခက်သားလား မလေးရယ်၊ အိမ်ထောင်ဆိုတာ မပြုရင်လည်း ကောင်းတယ်၊ ပြုမိရင်တော့ အိမ်ထောင်ရေးပညာကို နားလည်ရမှာပေါ့၊ မိဘလက်ထက် ဘယ်လိုနေခဲ့တယ် ဘာတယ်ဆိုတဲ့ ဘဝကို အရေခွံချွတ်ပစ်ခဲ့ရတယ်၊ ယောကျ်ားတစ်ယောက်ရဲ့ မယားအဖြစ်ဆိုတာ ဘဝတစ်ခုလေ"

"မင်းဆိုလိုချင်တာက ဖေဖေက အရေး[illegible]သမီးရဲ့ ဘဝကို

www.burmeseclassic.com

www.burmeseclassic.com



ခမေ့နိုင်ဘူးလို့ ဆိုလိုချင်တာလား'

'ဟုတ်တယ်'

'တစ်ခုလည်း စဉ်းစားကြည့်၊ မိန်းမတစ်ယောက်ဟာ ချစ်လို့ ယောကျ်ားတစ်ယောက်ကို ယူခဲ့ပြီပဲ၊ ပေ်မယားဘဝရောက်တဲ့အခါ အံမဝင် ခွင်မကျတာလေးတွေ ရှိမှာပေါ့၊ အကုန်လုံး စိတ်တူသဘောတူဖြစ်ဖို့ဆိုတာ ရှားပါတယ်၊ မတူတဲ့ကြားက သည်းခံခွင့်လွှတ်နေသွားကြရတာပဲ၊ ရှိန်းဘက်ကရော ဘာတွေချို့ယွင်းသလဲဆိုတာ မင်း အေးဆီကရော ဖြူပြာဆီကရော သိခဲ့ပြီပဲ'

'ဟုတ်ပါတယ်လေ၊ ဒါပေမဲ့လည်း ဒီလို ရှိန်းဖြစ်လာလို့ ကွာနိုင်တာမှ မဟုတ်တော့လည်း ပြန်လည်အဆင်ပြေဖို့ နည်းလမ်းရှာရမှာပေါ့'

'ဟုတ်တော့ ဟုတ်ပါတယ်လေ၊ သက်မာက အိမ်ထောင်ရှင်၊ မလေးထက် အိမ်ထောင်ရေးသဘောကို ကိုယ်တွေ့နားလည်ပါတယ်၊ ဒါပေမဲ့ မလေးသဘောပြောရရင် အေးအဖို့ ကိုယ့်လင်ဟာ တစ်ချိန်တစ်ခါ မှားတာလည်းမဟုတ်၊ တခြားမိန်းမတစ်ယောက်ကို နှစ်ရှည်လများ ပေါင်းသင်းနေတာကို လက်ပိုက်ကြည့်နေရတဲ့ မိန်းမတစ်ယောက် နှလုံးသားကရော ဘယ်လိုခံစားရမလဲ၊ သက်မာ ကိုယ်ချင်းစာကြည့်လေ'

'ဟုတ်တယ်လေ၊ ဖြစ်လာတဲ့တစ်နေ့ ကိုယ်တို့မိန်းမတွေဘက်ကပဲ ခံရတယ်လို့ သက်မာကလည်း ဆိုလိုတာပါ၊ မယားငယ်ယူမှန်းသိလို့ မဏ္ဍာပ်တိုင်တက်ပြလည်း သူတို့ အရှက်ခွဲတယ်ဖြစ်ဦးမယ်၊ မသိမသာ လျစ်လျူရှုနေရအောင်ကလည်း တစ်ခါလည်း မဟုတ်၊ မတော်တဆ တစ်ရက်တလေ ဖြစ်တာလည်း မဟုတ်တော့ ရင်ထဲမှာ ခံစားရတာဟာ ကြာတော့လည်း ပေါက်ကွဲလာတာပေါ့၊ အေးလည်း ဒီလိုပါပဲ'

မလေးနုကတော့ သက်မာစကားကို စဉ်းစားနေသည်။



သက်မာက အေးတို့အိမ်ထောင်ရေးအကြောင်းတွေ ဆက်ပြောကာ ပြန်သွားသည်။ ထိုနေ့ညက အခြေအနေ စိတ်ချလောက်ပြီဆိုမှ လက်ထောက်ဆရာဝန်နှင့် စပါယ်ရှယ်နပ်စ်ကို မှာစရာရှိတာ မှာထား၍ အိမ်ကိုလာကြိုဖို့ ဖုန်းဆက်လိုက်ရသည်။ ခွဲစိတ်ကုသပြီးသော ညများတွင် အိမ်မှာပဲ နှစ်နှစ်ခြိုက်ခြိုက် အိပ်ချင်သည်။ ဆေးခန်းမှာဆိုတော့ စိတ်က လူနာထံကိုပဲ ရောက်နေသည်။

ထိုနေ့က ဒေါ်သန္တာလှိုင် တစ်ယောက်တည်းမဟုတ်။ တခြား အမျိုးသမီးသုံးယောက်ပါ ခွဲစိတ်ခဲ့၍ သူ နည်းနည်းပင်ပန်းနေသည်။ အိမ်မှ ကားလာကြိုပြီကို ဂိတ်စောင့်လေး လာပြော၍ သူ ဆင်းလာခဲ့သည်။ ကားပေါ်ရောက်တော့ ကားထဲမှာ ဦးလေး တစ်ယောက်တည်း။

'ဦးလေး··· ယင်းမာဝင်းရော'

'ခင်အေးသန်း နေမကောင်းလို့ စောင့်နေရစ်တယ်'

မလေးနုသည် ဘာမှမပြောဘဲ တက်နေကျ နောက်မှတက်မည်အလုပ်···

'မလေး ရှေ့ကိုလာခဲ့လေ၊ ကားမောင်းရင်း စကားပြောရတာပေါ့'

မလေးနုသည် ဘာပြန်ပြောရမှန်းမသိ။ ငြင်းပယ်ဖို့ ရိုင်းရာကျမည်စိုး၍ ရှေ့မှာထိုင်လိုက်သည်။ ပြည်လမ်းအတိုင်း မောင်းလာ၍ အင်းလျားလမ်းဘက်ကို ကားကမချိုး၊ ရှေ့ဆက်မောင်းသွားသည်။

'ဦးလေး ဘယ်သွားမလို့လဲ'

'စားသောက်ခန်းလေး တစ်ခုခု သွားစားရအောင်၊ မလေး ပင်ပန်းလာတယ်၊ အပန်းဖြေရတာပေါ့'

'မလိုပါဘူး ဦးလေး၊ မလေး သိပ်နွမ်းတာတော့ မှန်တယ်၊ အိမ်မှာပဲ နားချင်တယ်၊ ပြီးတော့ ဒေါ်လေးသန်းလည်း နေမကောင်းဘူး၊ မလေး ပြန်ကြည့်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မလေးနဲ့ စိတ်ထဲမှာ သံသယတွေ ဝင်လာသည်။ ဦးလေး မျက်နှာကို ရှေ့ကားမှ မီးတစ်ချက်ဝင့်လာမှ မြင်ရသည်။ ဦးလေးက ကားကို အတင်းမောင်းလျှင် သူ ဘယ့်နှယ့်လုပ်ရပါ့။

'စိတ်အေးအေးထားပါ မလေး၊ ခင်အေးသန်း ဘာမှမဖြစ်ပါဘူး' ဦးလေးက သံတမန် လေအေးလေးနှင့်ဆိုသည်။ ဦးလေး စကားကြားတော့မှ မလေးနဲ့ သံသယစိတ် ပိုကြီးလာသည်။

'ဒီလိုဆို ဦးလေး ညာတာပေါ့၊ ဘာလို့ မလေးကို ညာခေါ် ရတာလဲ၊ ဘယ်ကိုသွားမလို့လဲ၊ မလေး မလိုက်နိုင်ဘူး'

မလေးက ကြောက်အားလန့်အား ပြောလိုက်သည်။

'ညာတာ မဟုတ်ပါဘူး၊ တစ်ခုခုစားရင်း အေးအေးဆေး ဆေး စကားပြောချင်လို့'

'အိမ်မှာလည်း အေးအေးပြောလို့ရတာပဲ'

'အိမ်မှာ ပြောလို့ မရလို့ပေါ့ မလေးရယ်'

မလေးနုသည် ရိပ်မိလိုက်ပါပြီ။ အတင်းကားကိုရပ်ခိုင်းကာ မလေးနဲ့ ဆင်းပြေးမည် ကြံမိသည်။ ဦးလေးက အတင်းကြမ်းလျှင် စတီရာရင်ကို ဆွဲလှည့်၍ ကားဘယ်ကိုပဲတိုက်တိုက်၊ သေရင်လည်း နှစ်ယောက်စလုံး သေပဲဟု တွေးမိသည်။ နောက်မှ သူ သတိရသည်။ သေတောင် သူတို့သတင်းက သူများ အထင်လွဲစရာ။ သူသည် သံတမန်ကို သံတမန်လိုပဲ ဆက်ဆံရမည်ကို သတိရလိုက်သည်။

'ဦးလေးရယ်… မလေးကို အိမ်ပြန်ပို့ပါ၊ မလေး လူမှာတွေ ခွဲစိတ်ခံရလို့ သိပ်ပင်ပန်းနေပါတယ်၊ မလေးကို ငဲ့ပါဦး၊ ဒီနေ့တော့ မလေး ပြန်ပါရစေ၊ အိမ်မှာ တစ်နေ့နေ့ ဦးလေး ပြောချင်တာပြော၊ အိမ်မှာ ပြောမရရင် မလေးကို ကြိုက်တဲ့နေရာချိန်းပါ၊ မလေး အခု ပင်ပန်းလွန်းလို့ပါ'

ဦးလေးက ကားဆက်မောင်းရင်းက တွေးနေပုံရသည်။

'မလေး ကတိတည်နော်၊ ကဲ… ကားပြန်လှည့်မယ်'



ဦးလေးက ကားပြန်လှည့်၍ အိမ်ဘက်ဆီဆက်မောင်းသည်။

'ဦးလေးပြောချင်တာ တစ်စိတ်တစ်ဒေသတော့ ပြောမယ်၊ မလေးမှာ တင်ရှိနေတဲ့ အကြွေးတွေ ဦးလေးဆပ်လို့ မဖြစ်ဘူးလား'

မလေးနုသည် မဖြစ်ဘူးဟူ၍ ခါးခါးသီးသီး ပြောလိုက်လျှင် ကားကို ပြန်လှည့်မှာ ကြောက်သည်။ နောက်မှပဲ ကြည့်ရှင်းတော့မည်။

'အချိန်တွေ ရှိပါသေးတယ် ဦးလေး၊ တဖြည်းဖြည်း စဉ်းစားကြတာပေါ့၊ ဦးလေး ဒီလို စေတနာရှိတာ မလေး ကျေးဇူးတင်ပါတယ်'

'ဦးလေး စေတနာတွေကို မလေး သိစေချင်တယ်၊ မလေးကို ဦးလေး ရာသက်ပန် တာဝန်ယူချင်တယ်'

မလေးနုသည် တုတ်တုတ်မျှ မလှုပ်ရဲ။ ရင်ထဲမှာတော့ ကြောက်လိုက်တာ အလွန်ပဲ။ တဒိတ်ဒိတ် ရင်ခုန်ကာ လက်ဖျားတွေ အေးစက်လာသည်။

'မလေး စဉ်းစားပါ့မယ် ဦးလေးရယ်'

ကား ခြံဝင်းထဲဝင်လာမှ မလေးနဲ့ စိတ်အေးရတော့သည်။ ဒေါ်လေးသန်းကို ဣန္ဒြေမပျက် နှုတ်ဆက်ပြီး အိပ်ခန်းထဲတန်းဝင်သည်။ ယင်းမာဝင်း အိပ်ရာဝင်လာပေးသော နို့ကိုတောင် မသောက်မိ။ ထိုညက အိပ်ခန်းကို သတိနှင့် ချက်သေသေချာချာထိုးကာ အိပ်ဆေးသောက်၍ အိပ်လိုက်ရသည်။

နံနက်တွင် ဦးလေး မျက်နှာကို မကြည့်ချင်။ နံနက်စာ ထွက်မစားရင်လည်း ဣန္ဒြေပျက်ရာကျမည်။ ဆေးတိုက်ကိုလည်း သွားရဦးမည်။ စိတ်တင်းကာ နံနက် ကော်ဖီစားပွဲတွင် ဒေါ်လေးသန်း တို့နှင့်ထိုင်ကာ သံတမန်ပြုံးကြီးကိုကြည့်ရင်း ရင်ထဲမှ အော့နှလုံးနာ မိသော်လည်း သူ မနည်းဟန်လုပ်နေရသည်။ ပြီးတော့မှ ဆေးတိုက် ကို ထွက်လာရသည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## - ၁၂ -

'အမလေး သက်မှာရယ်၊ တကယ့်ကို တကယ့်ကို မလေးလေ တစ်ခါတည်း သေလိုက်ချင်တာ စတီရာရင်ကို ဆွဲတော့မလို့၊ စိတ်ကို ပြန်ထိန်းမိလို့၊ ဒီနေ့ မင်းနဲ့တွေ့ရတာ'

မလေးနုသည် ညက ဦးလေးနှင့် အဖြစ်ကို သက်မှာကို ပြန်ပြောပြနေသည်။

'အဲဒီတော့ မင်း ဘယ်လိုလုပ်မယ် စိတ်ကူးလဲ'

သက်မှာက မေးလိုက်၏။

'မလေး ဒီဆေးတိုက်မှာပဲ နေတော့မယ်၊ အလုပ်တွေများလို့ အိမ်မှာ မနေတော့ဘူးလို့ ဒေါ်လေးသန်းကို အကြောင်းပြမယ်၊ မနက်ကတော့ တတ်နိုင်သလောက် ပစ္စည်းတွေ စုထားခဲ့ပြီးပြီ၊ မလေး ပစ္စည်းတွေသွားယူရင် သက်မှာ အတူလိုက်ခဲ့ပါ၊ ဒီအိမ်ကြီးမှာ မလေး မနေရဲတော့ဘူး၊ ဒီနေ့ကို ပြောင်းမယ်၊ ဦးလေးရဲ့ သံတမန်ပြုံးကြီးကို ကြောက်တယ်၊ အမယ်လေး ဦးလေး သိမ်းပိုက်တာခံရရင် ဒေါ်လေးသန်းကို မလေး ဘယ်လိုမျက်နှာချင်းဆိုင်ရမှာလဲ သက်မှာရယ်၊ မင်း လိုက်ခဲ့နော်'

မလေးနု အမူအရာမှာ အလွန်ထိတ်လန့်နေပုံရသည်။ သက်မှာက လိမ္မော်ရည်အေးအေးကို ဆရာမလေးတစ်ယောက်ကို မှာလိုက်ရသည်။ ရောက်လာတော့မှ မလေးနုကို ပေးလိုက်သည်။

'ရော့... သောက်ဦး၊ စိတ်အေးအေးထား၊ သက်မှာ ညနေကျ မလေးနဲ့အတူလိုက်ခဲ့ပါ့မယ်၊ ဒေါ်လေးသန်းက စိတ်ကောင်းမှာ မဟုတ်ဘူး'



'အမယ်လေး... သူ့စိတ်မကောင်းတာက အခုခဏ၊ သူ့လင်ကြီးက ငါ့ကို သိမ်းပိုက်မှ မလေးကို လင်ခိုးမလို့ စွပ်စွဲမှာ မလေး ကြောက်တယ်၊ နောင်ခါမှ နောင်ပြဿနာ ဖြေရှင်းမယ်၊ မင်းလည်းပါတယ်၊ ငါပြောင်းမယ်ဆိုတာ ဒေါ်လေးသန်းကို အခု ကြိုဆက်လိုက်မယ်၊ ညနေ ငါ့ပစ္စည်းတွေ သွားယူတော့ သူတို့ မလေးကို ဘယ်လိုမှမတားနိုင်ပါဘူး၊ မလေးကိုယ်ကို ကာကွယ်ဖို့ လုပ်ရတာ'

'ရော့..၊. သောက်လိုက်ဦးဆို'

သက်မှာပေးသော လိမ္မော်ရည်ကို မလေးနု ယူသောက်လိုက်သည်။

'မလေးမှာလည်း မလေးဒုက္ခပေါ့လေ၊ မင်း ပြောင်းနေမယ်ဆို ဆေးတိုက်အဖို့တော့ သိပ်ကောင်းတာပဲ၊ ရှိန်းကို ပြောပြဦးပေါ့'

'ပြောမယ်လေ၊ ရှိန်းကို ဖုန်းဆက်လိုက်မယ်'

'ကဲ... လိမ္မော်ရည် ဝင်သွားပြီ၊ စိတ်ငြိမ်သွားပြီလား၊ မလေးကိစ္စပြောတာနဲ့ သက်မှာကိစ္စ မပြောရဘူး'

'သက်မှာက ဘာပြောမလို့လဲ'

'တို့နှစ်ယောက်မှာ တို့နှစ်ယောက်ပဲ တိုင်ပင်စရာရှိတယ်၊ စိတ်အေးအေးထားပါလေ၊ သက်မှာကလည်း မလေးလိုပဲ ကြိုတင်ကာကွယ်တာပါ'

သက်မှာစကားက ထူးဆန်းနေ၍ မလေးနုက ငြိမ်သက်စွာ နားထောင်နေသည်။

'ပြောလေ သက်မှာ၊ ဘာပြောမလို့လဲ'

'သက်မှာ သုပ်သက်လည်း များပါပြီ၊ မလေးတို့ သက်မှာတို့က နိုင်ငံခြားပညာသွားယူပြီး ကိုယ့်တိုင်းပြည် ကိုယ်ပြန်လာတဲ့ လူတွေဆိုတော့ ဒါလောက် အစိုးရတာဝန် ထမ်းဆောင်ရင် တော်ပြီလေ၊ သက်မှာ ဆေးရုံကြီးက ထွက်ခွင့်တောင်းမလို့'

မလေးနုသည် သက်မှာ ဆက်ပြောမည်ကို စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစိုးရအလုပ်က ထွက်မယ်ဆိုပါတော့'

'အေး… ထွက်ပြီး ရှိန်းဆေးတိုက်မှာပဲ လုပ်မယ်စိတ်ကူးတယ်'

'ဟယ်… တို့သူငယ်ချင်းနှစ်ယောက် အတူလုပ်ရမှာပေါ့၊ မလေး အားရှိလိုက်တာ၊ ဒါနဲ့ သက်မာက ဘာကိုကာကွယ်တာလဲ'

သက်မာသည် စကားအတန်ကြာ မပြောဘဲ ငြိမ်သက်နေသည်။ ပြောစရာတွေက များ၍ ဘယ်ကစပြောရမှန်း မသိသလို ဖြစ်နေသည်။ သူသည် မလေးနှကိုတော့ အကြောင်းစုံ ပြောရတော့မည်။

'မလေးကို သက်မာ ပြောခဲ့ဖူးတယ်၊ အိမ်ထောင်ပြုမယ်ဆိုရင် အိမ်ထောင်ရေးပညာ နားလည်မှုဆိုတာ'

'ရှင်းပါဦး'

'အေးအေး အိမ်ကို ခုတလော သွားဖြစ်တယ်၊ ဝင်ထွက်လုပ်တော့မှ အေးနဲ့ ရှိန်းတို့ရဲ့ အိမ်ထောင်ရေးကို သက်မာ သိရတယ်၊ အေးက အိမ်ထောင်ရေးပညာကို နားမလည်ဘူး၊ သူ့ဘက်က ပျော့ညံ့ချက်တွေက အများကြီးဆိုတော့ ရှိန်းက အထိန်းအချုပ်မရှိဖြစ်သွားတာပေါ့၊ တို့က တစ်ဖက်တစ်လမ်း စီးပွားရှာနေတဲ့ မိန်းမတွေလေ၊ အေးက ဘာမှစီးပွားရှာဖို့ မလိုဘူး၊ လင့်လုပ်စာ ထိုင်စားနေရက်နဲ့ သူက အိမ်ကိုလည်း မထိန်းနိုင်၊ သားသမီးလည်း မထိန်းနိုင်တော့ ရှိန်းက စိတ်ပျက်သွားတာ'

'ရှိန်းကလည်း ပွေတာတွေ ပါမှာပေါ့'

'အေးလေ… နှစ်ဦးစလုံးမှာ အပြစ်မကင်းဘူးပေါ့၊ သူတို့ကိုကြည့်ရင်း သက်မာ သင်ခန်းစာရတယ်၊ မလေးက အိမ်ထောင်နဲ့မဟုတ်တော့ အိမ်ထောင်အကြောင်း မသိဘူး၊ အေးက စီးပွားရေးလည်း မစွမ်းဆောင်နိုင်၊ အိမ်ကိုလည်း 'သာယာအောင်မလုပ်လို့ ရှိန်းကလည်း အပြင်မှာ အပျော်ရှာတယ်၊ ရှိန်းကိုယ်တိုင်ကလည်း တက္ကသိုလ်မှာကတည်းက တို့သိတယ်၊ မျက်နှာများများ၊ သက်မာ



ည်း အေးအေးကို တတ်နိုင်သလောက် ဝင်ထိန်းပေးတာပဲ၊ ခု က်မာလက်ကို မီးလောင်လာပြီ'

'ဘာပြောတယ် သက်မာ၊ မလေး နားမလည်ဘူး'

'သက်မာ ပြောပြပါ့မယ်၊ ငွေကြေးတတ်နိုင်တဲ့ မိန်းမကို ယူထားထား၊ ငွေကြေးမရှာနိုင်တဲ့ မိန်းမကို ယူထားထား၊ သူတို့ ယောကျ်ားတွေ သဘောကတော့ တစ်သဘောတည်းပဲ၊ သူတို့ မော န်းလို့ပြန်လာရင် အပန်းဖြေစရာရင်ခွင် ရှိရမယ်လေ'

'ဆိုပါတော့'

'သက်မာတို့ ဆရာဝန်ဆိုတာ မလေးသိတဲ့အတိုင်း စေတနာ ားလေ ကိုယ့်ကိုယ်ပိုင်အချိန်ကို လူနာကို ပေးရလေပဲ၊ သက်မာ စိတ်ထဲမှာ အလုပ်တာဝန်နဲ့ လူနာအပေါ် စေတနာလည်း ထားတယ်၊ ပြီးတော့ သက်မာက သားသမီးနှစ်ယောက်လည်း ပါတယ်၊ အကြီး ကောင်က ဒီနှစ် ရှစ်တန်း၊ ဒါ့ကြောင့် ကိုယ့်ကလေးနှစ်ယောက် အတွက်လည်း ငွေကြိုးစားရှာတဲ့သဘောနဲ့ အစိုးရအလုပ်ရော ဂျီပီ အနေနဲ့ မလေးတို့ ဆေးတိုက်မှာပါ အလုပ်ဖိလုပ်တယ်၊ ခုတော့ သတိရလာတယ်၊ အေးဟာ သူ့သားတွေကို ဖိဖိစီးစီးမအုပ်ထိန်းနိုင်လို့ သားတွေ ပျက်စီးရပြီ၊ သက်မာမှာ ဒီသားကို အပျက်မခံနိုင်ဘူး၊ တဖြည်းဖြည်း ဒီကောင်လည်း အရွယ်ရောက်တော့မယ်၊ ဒီတော့ ကိုယ့်သားကို အချိန်ပိုပေးရမယ်၊ သက်မာ သားကို ကျောင်းမှာကို စောင့်သင့် စောင့်ရမယ်၊ ပျက်စီးတယ်ဆိုတာ ဒီအရွယ်က စတာပဲ၊ ဖြစ်ပြီးမှ အေးလို ယူကျုံးမရအဖြစ်မခံနိုင်ဘူး၊ ဒုတိယ ကိုအောင်ဝင်း'

'ကိုအောင်ဝင်းက ဘာဖြစ်လို့လဲ'

သက်မာသည် ရုတ်တရက် ပြန်မဖြေသေး၊ နှုတ်ခမ်းလေးကို ကိုက်ခါ တွေဝေနေသည်။

'ပြောပါဦးဟာ မင်းကလည်း၊ ဘာလို့ ရပ်နေတာလဲ'

'ဘယ်ကစရမှန်း မသိလို့၊ ခုနပြောသလို ဆရာဝန်အနေနဲ့ အချိန်မပေးနိုင်တာမှာ သက်မာက ဆေးရုံကြီးရော ရှိန်းဆေးတိုက်

www.burmeseclassic.com

www.burmeseclassic.com



ရော ပြေးနေရတော့ ကိုအောင်ဝင်းအတွက် အချိန်မပေးနိုင်ဘူး၊ ခုတလော သက်မာကလည်း အိမ်စောစော မပြန်နိုင်၊ ကိုအောင်ဝင်း ပဲခူးဆန်စက် သွားသလိုလိုနဲ့ ဆန်စက်လည်း မရောက်၊ ခြေလှမ်းပျက်နေတယ်၊ သူ့သူငယ်ချင်းတွေက ဆန်စက်မှာရှိတယ်ဆိုတော့ လိုက်တာ မတွေ့တာက များတယ်၊ ဒီတော့ သက်မာက စုံစမ်းရပြီလေ၊ သတင်းရတာကတော့ ကောင်မလေးငယ်ငယ်တစ်ယောက်နဲ့ တွဲနေတယ်တဲ့'

'ဟော… မင်း အဲဒီတော့ ဘယ်လိုလုပ်မလဲ'

မလေးနုက မျက်လုံးလေးပြူးကာ မေးလိုက်သည်။

'ဒါကြောင့်ပေါ့၊ စွပ်စွဲလား၊ ရန်ဖြစ်လားဆိုရင် အေးလိုဖြစ်မယ်၊ အေးက စွပ်စွဲတာ မယုံသင်္ကာများတယ်လို့ ရှိန်းက အပြစ်ဖို့တယ်၊ သူတို့ယောကျ်ားဆိုတာ ဖောက်ပြန်နေတာမှန်ရင်တောင် ပြောင်ဖွင့်ပြောတာ မကြိုက်ဘူး၊ ဒီတော့ သက်မာ မသိယောင်ဆောင်နေမယ်၊ အလိမ္မာသုံးရမှာပေါ့၊ အစိုးရအလုပ်က ထွက်၊ ရှိန်းဆေးတိုက်မှာ အချိန်ပိုင်းလုပ်တော့ ဝင်ငွေလည်းရတယ်၊ ကိုယ့်ပညာကိုလည်း အဆုံးမခံနိုင်ဘူး၊ ဒီမှာပဲလုပ်တော့ အိမ်ကို အချိန်ပိုပေးနိုင်တယ်၊ သားကိုလည်း ထမင်းပို့သလိုနဲ့ စောင့်ခေါ်မယ်၊ သူငယ်ချင်းတွေနဲ့ သားကို အလစ်ပေးလို့မဖြစ်ဘူး၊ ကိုအောင်ဝင်းနဲ့လည်း စက်ထဲသွားတာကအစ အတူတွဲလိုက်ပေးရမှာပေါ့၊ ကိုအောင်ဝင်းကိုလည်း အလစ်ပေးလို့မရဘူး၊ သူတို့ သာယာမှုကို သက်မာ ဦးစားပေးရမယ် မလေး၊ သက်မာက အိမ်ထောင်ပြုမိပြီကိုး'

သက်မာစကားဆုံးတော့ မျက်နှာမရွှင်။ မလေးနုအဖို့တော့ အသက်ရှူကျပ်သလို ဖြစ်သွားသည်။

'မလေး ဒါကြောင့် လင်မလိုချင်တာ၊ ဓင့်ကို ချစ်လွန်းလွန်းလို့ မမေ့နိုင်လို့ဆိုတာတော့ အကြောင်းရင်းပေါ့၊ ကျန်တဲ့အကြောင်းက မလေး ယောကျ်ားတွေကို ဘယ်လိုနားလည်ရမလဲ၊ ခေတ်ကို လိုက်မမီတော့ဘူး၊ မလေး အယူအဆနဲ့ ပြောင်းလဲလာတဲ့ လူမှု



ဆက်ဆံရေးနဲ့က သိပ်ကွာဟနေပြီ၊ အေးကို ကိုယ်လည်း တစ်ခါမှ မမြင်ဖူးပါဘူး၊ အေးကျတော့ လင်ကိုရော သားသမီးကိုရော မထိန်းတတ်လို့ ရှိန်းက အပျော်ရှာသတဲ့၊ ဒေါ်လေးသန်းကျတော့ရော၊ ပညာလည်းတတ်၊ အေးလည်း အေးဆေးတယ်၊ သူ့အိမ်ကိုရော လင်ကိုရော ပြုစုဂရုစိုက်လိုက်တာ၊ ဒါနဲ့လည်း ဦးလေးဟာ မလေးဘက်ကို ဘာလို့ ခြေလှမ်းလှမ်းလာတာလဲ'

'အတောမသတ်နိုင်တဲ့ ကာမဂုဏ် ဆန္ဒတွေပေါ့၊ ဒါတွေကို ကြည့်ပြီး မလေးကတော့ တစ်ကိုယ်တည်းကို၊ သက်မာတို့ကျတော့ ကိုယ့်လင်ကို ဘယ်လိုထိန်းရမလဲဆိုတဲ့ သင်ခန်းစာကို ပိုလေ့လာရတယ်၊ ကွာလည်း မကွာနိုင်၊ ချစ်လို့ယူထားတာ'

'ဒါကြောင့် သက်မာ ကိုအောင်ဝင်းကို လက်ထပ်မယ်ဆိုတော့ ကိုသန်းဦးလိုတော့ နားလည်မှုပေးနိုင်လိမ့်မယ် မဟုတ်ဘူးလို့ မလေး သတိပေးတာ'

'သက်မာရဲ့ ပထမချစ်သူ ကိုသန်းဦးကို မမီနိုင်ဘူးဆိုတာကို သက်မာ ခံယူထားလို့ အခု မပေါက်ကွဲတာပေါ့၊ ကိုသန်းဦးက ဆရာဝန်၊ သက်မာလည်း ဆရာဝန်ဆိုတော့ ဆရာဝန်ဘဝကို တစ်ယောက်နဲ့တစ်ယောက် စာနာနိုင်ကြတယ်၊ ကျောင်းနေတုန်းလည်း တို့ ဆေးကျောင်းသူဟာ စာပိုကြိုးစားရတော့ မိန်းမ မပီနိုင်ဘူး၊ လက်ထပ်ပြီးသည်း လူနာက တစ်မျိုး၊ တစ်နေ့ထက်တစ်နေ့ တိုးတက်လာတဲ့ ဆေးပညာကို လိုက်မမီမှာစိုးလို့ လေ့လာရတာက တစ်မျိုးနဲ့ မိသားစုကို အချိန်မပေးနိုင်ပြန်ဘူး၊ ဆရာဝန်အချင်းချင်းဆိုတော့ နားလည်မှုနဲ့ ခွင့်လွှတ်နိုင်တာပေါ့'

'အေးလေ… သက်မာရယ်၊ အချိန်တွေ နောက်မကျသေးပါဘူး၊ မလေး ရှိန်းဆီ ဖုန်းဆက်လိုက်ဦးမယ်'

သက်မာက ခေါင်းညိတ်ပြလိုက်သည်။ နံနက်ပိုင်းဖြစ်၍ မော်တော်ကားကုမ္ပဏီကို ဆက်လိုက်သည်။

'ရှိန်းကို စကားပြောပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



အတွင်းရေးမှူးကလေးမလေးက ရှိန်းထံ ဆက်ပေးလိုက်သည်။

‘မလေး စကားပြောနေပါတယ် ရှိန်း’

‘ပြောလေ မလေး’

‘ဒီနေ့ကစပြီး မလေး ရှိန်းဆေးတိုက်ကို ပြောင်းနေမယ် အဲဒါ ခွင့်တောင်းတာပါ’

‘ဝမ်းသာလိုက်တာ မလေးရယ်၊ ရှိန်းဖြစ်စေချင်တာ ကြာပြီ၊ ရှိန်းဟာ ကိုယ်ကျိုးတစ်ခုတည်းကြည့်တယ်လို့ ထင်မှာစိုးလို့ မပြောတာ၊ လိုအပ်တာ ပြော’

‘မလိုပါဘူး၊ ညနေကျမှ သက်မာနဲ့ ပစ္စည်းတွေ သွားသယ်မယ်’

‘ညနေကျ ထွန်းမောင်နဲ့ ကားပို့လိုက်မယ်၊ ကားယူသွား’

‘ကျေးဇူးပဲ ရှိန်း၊ ဒါပါပဲ’

မလေးက ဖုန်းချလိုက်သည်။

‘နောက်နေ့တွေမှ သက်မာ ရှိန်းကို အစိုးရအလုပ်က ထွက်မယ်ဆိုတာ ပြောတော့မယ်နော် မလေး’

သက်မာက ပြောလိုက်သည်။

‘အေးပေါ့… သူက တို့နှစ်ယောက်ကို နွားတစ်ရှဉ်းရတယ် ထင်ထားတာ၊ ညနေ မင်းရှိနေနော်’

ညနေ ထွန်းအောင်က ကားမောင်း၍ မလေးနှင့် သက်မာ အိမ်ပြန်လာခဲ့သည်။ ထင်တဲ့အတိုင်းပါပဲ။ ဒေါ်လေးသန်းက မျက်နှာမကောင်း။ ယင်းမာဝင်းက မျက်ရည်လည်နေသည်။ ဦးလေးကတော့ လွတ်သွားသည့် သားကောင်ကို မချင့်မရဲကြည့်နေသော မုဆိုးမျက်လုံး။

‘မလေး ဒေါ်လေးသန်းတို့ကို မှီခိုနေရတာ စိတ်ချမ်းသာပါတယ်၊ ပြန်ရသွားရ ဆေးကုရတာ တစ်ခုတည်း မဟုတ်ဘူး အုပ်ချုပ်ရေးမှူးတာဝန်ဆိုတာ ဆေးရုံအုပ်ကြီးထက်တောင် တာဝန်ကြီး



လို့ မလေး ဆေးတိုက်မှာနေဖို့ ဆုံးဖြတ်ရတာပါ’

‘ဒါပေမဲ့ ဒါလောက်မြန်မြန် မပြောင်းသင့်ဘူးပေါ့၊ ဒေါ်လေးကို ကြိုတင်အသိပေးသင့်ပါတယ်’

ဒေါ်လေးက ဝမ်းနည်းစကားဆိုသည်။ မလေးသည် မျက်လွှာအောက်ချနေမိ၏။ ခုချိန်မှာ ဦးလေး မျက်နှာကို ကြည့်ချင်လိုက်တာ၊ မကြည့်ရဲ။

‘ဒေါ်လေး စိတ်ဆင်းရဲမှာစိုးလို့ အနီးကပ်မှပြောရတာ မလေးကို ခွင့်လွှတ်ပါ၊ အချိန်မရွေး မလေးကို ဘာကိစ္စရှိရှိ အကြောင်းကြားပါ၊ မလေး ကန်တော့ပါရစေ’

မလေးက ဦးလေးကို အရင်ကန်တော့ပြီးမှ ဒေါ်လေးကို ကန်တော့သည်။ ဦးလေးက ဘာဆုတွေပေးနေသည်မသိ။ ဒေါ်လေးသန်းကတော့ မျက်ရည်တွေတွေကျရင်းက ဆုတောင်းကို တီးတိုးရွတ်နေသည်။

‘မမလေးကို ယင်းမာ ကန်တော့ပါတယ်’

ယင်းမာ ကန်တော့တော့မှ မလေးနှ ငိုဖြစ်တော့သည်။

‘ဒေါ်လေးရေ မလေး မိသားစုနဲ့ နေချင်ပေမယ့် ဘာလို့ထွက်သွားရတယ်ဆိုတာ ဘယ်တော့မှ ဖွင့်ပြောလို့ရမှာ မဟုတ်ဘူး’

သူသည် ရင်ထဲမှာ တီးတိုးရေရွတ်ရင်း ပစ္စည်းများသယ်ကာ ဒေါ်လေးသန်းတို့အိမ်မှ ထွက်ခွာလာခဲ့သည်။ ဆင်ဝင်အောက်ရပ်နေသော သားအမိ သားအဖသုံးယောက်ကို မလေး လက်ဝှေ့နှုတ်ဆက်ရင်း သံတမန်ပြုံးကြီး၏ အမှောင်ဝေ့နေသော မျက်နှာကို နောက်ဆုံး ကြည့်လိုက်မိသည်။

⁂ ⁂ ⁂

www.burmeseclassic.com

www.burmeseclassic.com

## - ၁၃ -

တင်သက်မာ အစိုးရအလုပ်က ထွက်လာပြီး ရှိန်းဆေးတိုက်မှာ အချိန်ပြည့်လုပ်ကတည်းက မလေးနုမှာ တအားတက်သည်။ အချိန်အပြည့်ဆိုသော်လည်း ရှိန်းနှင့် ဆေးရုံအုပ်ကြီးတို့ညှိ၍ တင်သက်မာကို အချိန်စာရင်း ခွဲပေးကြသည်။ အိမ်ကိစ္စလည်း မလစ်ဟင်းအောင် ဆေးတိုက်မှာလည်း လုပ်နိုင်အောင် နားလည်မှုနှင့် လုပ်ပေးကြ၍ တင်သက်မာမှာ အဆင်ပြေလာသည်။

ခွဲစိတ်ဆရာဝန်နှင့် မေ့ဆေးဆရာဝန်ဆိုတော့လည်း သူငယ်ချင်းနှစ်ယောက် ခွဲစိတ်ခန်းကထွက်လည်း အတူတူ၊ စားလည်းအတူတူ ဖြစ်သည်။ မလေးနုလည်း တဖြည်းဖြည်းနှင့် ဦးလေးထွန်းဝင်းကိစ္စကို မေ့စပြုလာသည်။ ဘုရားတန်ခိုးတော်တွေပဲ။ အချိန်မီ သူမကာကွယ်လိုက်လျှင် နောက်ဆက်တွဲ အဖြစ်ဆိုးတွေက မတွေးဝံ့ပေ။

တစ်နေ့ သူနှင့် တင်သက်မာ ခွဲစိတ်ပြီးမှ စားကြ၍ နံနက်စာကိုလည်း ဆေးတိုက်က ကျွေးသည်။ ညဂျူတီကျလျှင်လည်း ညစာကျွေးသည်။ သူတို့နှစ်ယောက် ထမင်းစားမည်ဟု ဖွန်း ခက်ရင်းကိုင်ရုံရှိသေးသည်။ ဦးပြုံးက ထမင်းချိုင့်ကြီးဆွဲကာ ဖြူပြာနှင့်အတူဝင်လာသည်။ သူတို့နောက်မှာ ရှိန်းက ပါလာသည်။

'အတော်ပဲဟေ့၊ မလေးတို့လည်း အခုမှ စားရတယ်၊ ကိုယ်လည်း ဒီမှာစားမယ်လို့ ဦးပြုံးကို ပြောလိုက်လို့၊ ကဲ… ဦးပြုံး ပြင်၊ တို့အိမ်ကလက်ရာကို မလေးတို့စားကြည့်'



ရှိန်းက ပြောပြောဆိုဆို စားပွဲထိပ်မှာထိုင်ကာ နေရာယူလိုက်သည်။ ဖြူပြာတို့က ပန်းကန် ဖွန်းခက်ရင်းတွေ ပြင်ကြသည်။

'ဆေးတိုက်က ဦးစံမောင် လင်မယားလက်ရာနဲ့ တို့အိမ်က ဦးထွန်းမောင် လင်မယားလက်ရာ ပြိုင်ရတာပေါ့၊ ဖြူပြာ မင်းအန်တီတို့ကို ဟင်းလိုက်ထည့်ပေး'

ဖြူပြာက ပုစွန်ထုပ်ကြီးဆီပြန်များကို တင်သက်မာနှင့် မလေးနုတို့ ပန်းကန်ထဲ ထည့်ပေးသည်။ ချဉ်ပေါင်ဟင်း တစ်ပန်းကန်ဆီလည်း လိုက်ချပေးသည်။ ရှိန်းသည် အားရပါးရစားရင်း ပျော်နေပုံရသည်။

'ဖြူပြာ… ဖေဖေက အဲဒီလို သိုက်သိုက်ဝန်းဝန်း ထမင်းစားချင်တာ၊ သက်မာရေ ယုံလား၊ တို့အိမ်မှာ ထမင်းစားပွဲက ဒီလိုဘယ်တော့မှ မရှိဘူး၊ တစ်ယောက်တစ်ကွဲ၊ ဟို မေမူးတွေနဲ့လည်း ကိုယ်က အတူမစားချင်၊ သူတို့ အမေနဲ့လည်း မျက်နှာချင်းမဆုံချင်တော့ အိမ်မှာကို မစားတော့ဘူး၊ နောက်ဆို ဦးပြုံး… ထမင်းချိုင့် ဆေးတိုက်ကိုယူခဲ့၊ ဒီမှာ ကျွန်တော် အမြဲစားမယ်'

မလေးနုမှာ ရှိန်းစကားကြောင့် ထင့်ခနဲဖြစ်သွားသည်။ ရှိန်း၏ ပျော်ရွှင်သောစိတ်ကိုတော့ အနှောင့်အယှက်မပေး ါ။

'မလေးတို့ရော အိမ်မှာ ဘယ်လိုနေလဲ မသိ၊ ရှိန်းတို့ဖေဖေကတော့ ထမင်းစားဝိုင်းဟာ မိသားစုဆုံရာ၊ တွေ့ဆုံဆွေးနွေးရာ၊ ထွေးထွေးနွေးနွေး ပြုစုတဲ့နေရာတဲ့၊ သူက သားသမီးတွေနဲ့ စုံစုံညီညီ မေမေနဲ့အတူစားလေ့ရှိတယ်၊ ဆုံးမစရာရှိ ထမင်းဝိုင်းမှာ ပြေပြေပြစ်ပြစ် ပြောပြတယ်၊ တစ်ခါတလေ ခရီးထွက်နေမှ တကွဲပြားစားရတာ၊ ကိုကြီးဇေယျ ကောခိုသွားတုန်းကဆို ဖေဖေရယ် အမြဲထမင်းဝိုင်းမှာပြောတယ်၊ 'ဒီကောင်ကြီး အစားဆင်းရဲရှာတော့မယ် နဲ့ တသသပဲ၊ အဲဒီလို ထမင်းဝိုင်းကို ရှိန်းက သိပ်သတိရတာ၊ မေမေကလည်း ဘယ်လောက် ထမင်းချက်ရှိရှိ သူကိုယ်တိုင် မီးဖိုမှာ

www.burmeseclassic.com

www.burmeseclassic.com



ဟင်းစီမံရမှ ကျေနပ်တယ်၊ ဖေဖေကလည်း မေမေ ဟင်းပြင်တာဆိုမှ စားတယ်၊ ကဲ··· စားကြစမ်း၊ နောင် အိမ်ထမင်း အိမ်ဟင်းစားချင်ကြရင်လည်း ကြိုပြော၊ ဖြူပြာကို မှာလိုက်'

ဖြူပြာသည် ငှက်ပျောသီးနှင့် ပန်းသီးကို အချိုပွဲပြင်ကာ ထည့်ပေးနေသည်။ ရှိန်းသည် ထမင်းစားပြီးမှ ပန်းသီးကို ခက်ရင်းငယ်နှင့်ယူစားရင်း စကားဆက်ပြောပြန်သည်။

'မလေး ဆရာမလေးတွေကိုပြော၊ ရှိန်း အခန်းထဲမှာ ခုတင်တစ်လုံးထိုးဖို့၊ ပြီးတော့ အခန်းလွတ်၊ သူနာပြုတွေ နားနေတဲ့အခန်းမှာ ရှိသေးလား'

'ရှိပါတယ် ရှိန်း'

မလေးနုက ဖြေလိုက်သည်။

'အဲဒီမှာ အမျိုးသမီးနှစ်ယောက်အတွက် ခုတင်ပြင်ထားပါ၊ ဖြူပြာ အိမ်က ခေါင်းအုံးတို့၊ မွေ့ရာခင်းတို့၊ ခေါင်းအုံးစွပ်တို့ ယူခဲ့'

မလေးမှာ အဓိပ္ပာယ်နားမလည်။

'ကဲ··· သက်မာ ငှက်ပျောသီးစားလေ၊ နက်ဖြန် ကိုကြီးဖေယျတို့လာမယ်'

တင်သက်မာကို ရှိန်းက လှမ်းပြောလိုက်သည်။ ရှိန်းအစ်ကိုအကြီးဆုံး ကိုဖေယျာရှိန်းကို တင်သက်မာ သိသည်။ တင်သက်မာအစ်ကိုများနှင့် မန္တလေးမှာ ကျောင်းနေဖက်ဖြစ်သည်။

'ဟုတ်လား တခြားဘယ်သူတွေ ပါဦးမှာလဲ'

'မေမေနဲ့ မမ ပါမယ်လေ၊ မေမေ့ရောဂါကို မလေး အပ်ရမှာပဲ၊ သန်ဘက်ခါ မနက်လောက် ရောက်မယ်၊ ထွန်းမောင်နဲ့ ရှိန်း သွားကြိုမယ်'

မလေးနုသည် သစ်သီးများကို တိတ်ဆိတ်စွာခွာနေသည်။ ရင်ထဲမှာတော့ မျိုးစုံတွေးနေသည်။ သူ့အမေကို ဘာ့ကြောင့် အိမ်မှာ မတည်းစေရတာလဲ မသိ။ ရောဂါပြုရမည်ဆိုတော့ တစ်ခါတည်း



ဆေးတိုက်မှာပဲ တည်းခိုဖို့ စီစဉ်ခြင်းလည်း ဖြစ်နိုင်သည်။ ဘာမှ မေးမနေတော့ပေ။ ရှိန်း ပြန်သွားတော့မှ သက်ဆိုင်ရာ သူနာပြုဆရာမလေးကို တာဝန်ပေးလိုက်သည်။ တင်သက်မာကလည်း အိမ်ပြန်သွားတော့ စကားမစပ်မိကြတော့ပေ။

ရှိန်းမေမေများ ရောက်လာသော နံနက်မှာ မလေးက ပြင်ပလူနာခန်းမှာ ထိုင်နေရ၍ မတွေ့ရပေ။ ဆယ့်တစ်နာရီလောက်ကျမှ သူ့ရုံးခန်းကို ပြန်လာခဲ့သည်။ ရုံးခန်းထဲမှာ လူတစ်ယောက်နှင့် တင်သက်မာ သူ့ကို စောင့်နေသည်။

'ဟော··· မလေး လာပြီ'

တင်သက်မာက အားရဝမ်းသာ နှုတ်ဆက်လိုက်သည်။ မလေးနုသည် သူ့ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

'ကဲ··· ကိုကြီးဖေယျ၊ ဒါ သက်မာရဲ့ သူငယ်ချင်း မီးယပ်နဲ့ သားဖွားအထူးကုဆရာဝန်မကြီး ဒေါက်တာမလေးနုပဲ'

မလေးနုသည် ကိုဖေယျဆိုသူကို ပြုံး၍ပြလိုက်သည်။

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ရှိန်းက ပြောထားလို့ နာမည်တော့ ကြားဖူးနေပါတယ်၊ မန္တလေးမှာလည်း ဆရာဝန်အသိတွေ ရှိပါတယ်၊ ရှိန်းက သူ့အမေကို သူပဲ အနားကပ်ပြုစုချင်သေးတယ်၊ ဆေးကုပေးချင်တယ်ဆိုလို့ ခေါ်လာရတာ၊ ဒေါက်တာ့ကိုပဲ အပ်ရမယ် ထင်ပါရဲ့'

'ဟုတ်ကဲ့··· ဒီနေ့တော့ ခရီးပန်းမယ်၊ နားကြပါစေဦး၊ မလေးတို့ နက်ဖြန်မှပဲ စမ်းသပ်ကြည့်မယ်'

မလေးနုက ပြောလိုက်သည်။

'ရုံးအလုပ်ပြီးတော့ ဒေါ်ဒေါ်သွယ်တို့ကို သက်မာနဲ့ မလေး သွားနှုတ်ဆက်မယ်လေ၊ ဒါနဲ့ ကိုကြီးဖေယျကို မေးရဦးမယ်'

တင်သက်မာသည် ကိုဖေယျဘက် လှည့်လိုက်သည်။

'ဒေါ်ဒေါ်သွယ်တို့က ဘာလို့ အိမ်မှာမတည်းတာလဲ၊ စပ်စုတယ်လို့ မထင်ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေယျက ပြုံးလိုက်သည်။ ကိုဇေယျသည် ရှိန်းလိုပဲ အရပ်ထောင်ထောင်မောင်းမောင်းပေမယ့် အသားက ညိုသည်။ ရှိန်းလို မျက်နှာမချို၊ ခပ်တင်းတင်းပေမယ့် သဘောကောင်းပုံရသည်။ နှာတံလည်း ရှိန်းလောက်မပေါ်။ မျက်လုံးမျက်ခုံးကတော့ ယောကျ်ားပီသပါသည်။ မေးရိုး နည်းနည်းကားသည်။

'တင်သက်မာနဲ့က မောင်နှမလိုနေလို့ ပြောရဦးမယ်၊ ကိုယ်လည်း ရန်ကုန်လာရင် ဘယ်တော့မှ သူ့အိမ်မှာ မတည်းဘူး၊ ရှိန်း မော်တော်ကားဝပ်ရှော့အပေါ်ထပ်မှာ တည်းတယ်၊ ပထမဆုံး ကိုယ်ရန်ကုန်ဆင်းလာတော့ အလင်းဝင်ပြီးပေမယ့် ဘာမှ မည်မည်ရရ မလုပ်ရသေးဘူး၊ နောက်တော့ ဖေဖေကလည်း အမွေခွဲပေးတာနဲ့ အလုပ် ဘာလုပ်ရမယ်ဆိုတာ စုံစမ်းရအောင် ရန်ကုန်ဆင်းလာတာ၊ အဲဒီတုန်းက ရှိန်း အိမ်မှာတည်းပါတယ်၊ ဘာ့ကြောင့်မှန်း မသိ၊ အေးက ငါတို့ကို ဆီးမကြို၊ ထမင်းဝိုင်းမှာလည်း လာမထိုင်ဘူး၊ တစ်ခုတော့ရှိတယ်၊ ကိုယ်နဲ့အတူ ဟောပြန် ရဲဘော်နှစ်ယောက်လည်း ပါလာတယ်၊ သူတို့လည်း အလုပ်ကလေး ဘာလေးပြန်စဖို့ ရန်ကုန်မှာ လာကြည့်တာ၊ ကိုယ့်ရဲဘော်တွေကို အစေခံတန်းလျား အပေါ်ထပ်မှာ နေရာပေးတယ်၊ ရှိန်းက အဲဒီတုန်းက ဝပ်ရှော့ မော်တော်ကားကုမ္ပဏီပဲ လုပ်သေးတာ၊ စူပါမားကက်တွေ ဘာတွေ မလုပ်သေးဘူး၊ ပြန်သာလာရော၊ သူ့မိန်းမနဲ့ မတွေ့ခဲ့ရဘူး၊ တို့ မန္တလေးကပဲဟာ မသိတဲ့လူချင်းမှ မဟုတ်ဘဲ သက်မာရယ်'

'အေးက စိတ်ရောဂါ နည်းနည်းရှိတယ်ထင်တယ်၊ သူ့ကိုတော့ ခွင့်လွှတ်ပါ ကိုကြီးရယ်၊ သားတွေကလည်း ဆိုးတယ်'

'အဲဒီသားတွေ သူက ဖျက်နေတာ၊ သားတွေ လိုသလောက် ပိုက်ဆံတောင်းရင် သူက ပေးတာပဲ၊ တစ်နေ့ သူက ကိုယ်တို့ကို အဖက်မလုပ်ပေမယ့် သူ့သားနဲ့သူ ဧည့်ခန်းမှာ ရန်ဖြစ်နေလို့ ကိုယ်က ဝင်ပြောရသေးတယ်၊ ဝဏ္ဏဆိုတဲ့ကောင် သဘောင်းသလောက်မရ



လို့ အမေကို ဆဲတယ်လေ၊ ဒါနဲ့ ကိုယ်က ဧည့်ခန်းထဲဝင်သွားပြီး 'ဟေ့ကောင် တို့မျိုးရိုးမှာ အမေကို ပြန်ဆဲတာ မရှိဘူး၊ ရှိသေရတယ်၊ ထိုင်ရှိခိုး၊ မရှိခိုးရင် ငါ လက်သီးနဲ့ထိုးမယ်' ဆိုတော့မှ ဆောင့်ဆောင့်အောင့်အောင့်ရှိခိုးပြီး အပြင်ထွက်သွားတယ်၊ အဲဒါများ ကိုယ့်ကို စကားတစ်လုံးမှ ပြန်မပြောဘဲ အေးက အပေါ်တက်သွားတယ်လေ၊ တော်ပြီ၊ အဲဒီကတည်းက 'ရှိန်း၊ မင်းမိန်းမက ဘာဘာဝင်ကိုင်တာလဲ မသိ၊ ငါတို့က အစုတ်အပြတ်ဗဟုတ်ဘူး၊ မင်းအိမ်မှာလည်း မတည်းဘူး၊ တည်းခိုခန်းပြောင်းမယ်' ဆိုတော့ ရှိန်းက ကားဝပ်ရှော့အပေါ်ထပ် ပြောင်းပေးတယ်၊ ထမင်းတော့ အပြင်မှာဝယ်စားပါတယ်၊ သူ့ကြောင့် တို့ မန္တလေးသားတွေ နာမည်ပျက်ပါတယ်ကွာ၊ တို့ မန္တလေးသူ မန္တလေးသား ဒီလိုမရိုင်းပါဘူး၊ အခု မေမေက ဆေးကုခံရမှာ ဒီဆေးတိုက်မှာ ကြာမယ်၊ သူသိတတ်ရင် လာပလေ့စေ၊ သူ့အိမ်တော့ တို့မသွား၊ ကဲ… သွားစရာရှိသေးတယ်၊ ဒေါက်တာလည်း နှုတ်ဆက်ပါတယ်၊ ခွင့်ပြုပါဦး'

'မလေးတို့ တော်ကြာ ဒေါ်ဒေါ်ကို သွားတွေ့ပါမယ်'

မလေးက ထ၍နှုတ်ဆက်ရင်း ပြောလိုက်ပါသည်။ ကိုဇေယျထွက်သွားမှ မလေးနှင့် တင်သက်မာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။

'ဘယ်လိုလဲ မင်းသူငယ်ချင်းက'

မလေးနုက ဆိုလိုက်သည်။

'သက်မာလည်း ဘယ်သိပါ့မလဲ မလေး၊ ဆယ်တန်းအထိတော့ တူတူနေခဲ့ကြတာပါ၊ အရေးပိုင်သမီးဆိုတော့ သူ့လိုပဲ အရာရှိ သမီးတွေနဲ့တော့ ရောရောဝင်ဝင်ပါပဲ၊ သက်မာကလည်း သူ့ကိုချွေ ရေး မျိုးရေးကိစ္စ ပြေသလောက် ပြေပါစေလို့၊ အေးမှာ စိတ်ရောဂါ ရှိတယ်လို့ ပြောလိုက်ရတာ'

မလေးနုသည် တွေတွေလေး ငေးနေသည်။ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်လိုနားလည်ရမှန်း မသိပေ။

"အေးပေါ့လေ… တို့ သိရသလောက် ရှိန်းကလည်း ခြေမငြိမ်၊ သားတွေကလည်း ဖောက်ဆိုတော့ စိတ်နောက်သွားတယ် မဆိုနိုင်ပေမယ့် ပုံမှန် normal တော့ မဟုတ်တော့ဘူးပေါ့"

"တို့ချည်းမို့ ပြောတာ၊ အေးကလည်း အေးပဲ၊ ယောက်ျားဘက်က အမျိုးဆို သူဆက်ဆံပုံက ရိုင်းကိုင်းတယ်၊ သက်မာက တော့ မန္တလေးအသိတွေဆီက သတင်းတွေ ကြားနေပါတယ်၊ ခုတော့လည်း ယုံရတော့တာပေါ့၊ ဗေဒင်အရဆို ရှိန်းက သောကြာပျက်တယ် ထင်တယ်"

သက်မာက အရွှန်းဖောက်လာသည်။

"ဆိုပါဦး ဗေဒင်ဆရာမကြီးရယ်"

"အိမ်ထောင်ရေးမှာ ယောက်ျားမှာ သောကြာဂြိုဟ်နေ ဖြိုဟ်ထားကောင်းရတယ်၊ မိန်းမမှာ အင်္ဂါတဲ့၊ ယောက်ျားမှာ သောကြာညံ့ရင် မယားကောင်းမရဘူး၊ သူတို့ကိုယ်တိုင်လည်း မိန်းမပွေတယ်၊ အဆက်များတယ်"

"ဒါတော့ မင်းပဲ ရှိန်းဇာတာ ကြည့်ပေတော့၊ ကဲ… တို့ သွားပြီး အဘွားကြီးကို နှုတ်ဆက်ရအောင်"

သူတို့နှစ်ယောက် သူနာပြုဆရာမလေးတစ်ယောက် အဖော်ပြု၍ ဒေါ်အေးသွယ်အခန်းကို သွားကြသည်။

"ဒေါ်ဒေါ်သွယ်၊ ဒါက ဒေါ်ဒေါ့်ကိုကုမယ့် ဒေါက်တာ မလေးနု၊ မလေး ဒေါ်ဒေါ်က ရှိန်းရဲ့မေမေ၊ ဟိုဘက်က ရှိန်း မမလေး၊ ဒေါ်မေလှရှိန်း"

မလေးနုသည် ပြုံး၍နှုတ်ဆက်လိုက်သည်။ ဒေါ်အေးသွယ်မှာ ရှိန်းနှင့်တူသည်။ အသားဖြူဖြူ ချောချောကြီးဖြစ်သည်။ အသားအရေကတော့ အိုမင်း၍လည်းတစ်ကြောင်း၊ ရောဂါကြောင့်တစ်ကြောင်း လျော့ရိလျော့ရဲ ဖြစ်နေသည်။ အတော်လေး ပိန်သည်။



ဒေါ်မေလှရှိန်းနှင့် ကိုဇေယျာရှိန်းတို့မှာ အဖေဘက် တူပုံရသည်။ ရှိန်းတို့အဖေကို မလေးနုက မမြင်ဖူးပေ။

"အားမငယ်ပါနဲ့ ဒေါ်ဒေါ်၊ ဒီနေ့ ကောင်းကောင်းနားပါ၊ နက်ဖြန် မလေးတို့ စမ်းသပ်ကြည့်ပါ့မယ်၊ မလေးတင် မဟုတ်ပါဘူး၊ မလေးထက်တော်တဲ့ ဆရာဝန်ကြီးတွေလည်း ရှိပါတယ်၊ လိုအပ်တာ ရှိရင် ပြောပါ"

"ကျေးဇူးတင်ပါတယ် သမီးရယ်"

မလေးနုမှာ သမီးဟု အခေါ်ခံလိုက်ရ၍ ကြည်နူးသလိုဖြစ်သွားသည်။ စကားပြောနေကြဆဲ ဖြူပြာနှင့် သူဇာ ဝင်လာသည်။

"မေမေကြီး"

သူဇာက အဘွားကို ပွေ့ဖက်နှုတ်ဆက်လိုက်သည်။

"အန်တီလှရော နေကောင်းတယ်နော်"

အဒေါ်လုပ်သူဘက်ကိုလည်း လှည့်၍နှုတ်ဆက်ပြန်သည်။

"ကဲ… မလေးတို့ကို ခွင့်ပြုပါဦး"

အဘွားနှင့် မြေးများကို ထားခဲ့၍ မလေးနုတို့ ပြန်လာခဲ့သည်။

နေ့တိုင်းလို သူဇာက ချိုင့်ကြီးချိုင့်ငယ်နှင့် ဘွားအေဖြစ်သူနှင့် ကိုဇေယျာရှိန်း၊ မေလှရှိန်းတို့အတွက် ထမင်းလာပို့သည်။ ညနေစာကိုတော့ ဒရိုင်ဘာ လာပို့သည်။ သူဇာက တစ်နေ့လုံးနေကာ ညစာ ဘွားအေကိုကျွေးပြီးမှ ဖြူပြာနှင့် အတူပြန်သည်။

မလေးနု ဒေါ်လေးသွယ်အခန်းကို သွားရောက်တိုင်းလိုလို ရှိန်းကို အမေ့အနားမှာ တွေ့ရသည်။ ထမင်းစားချိန် တစ်ခါဆုံတော့လည်း ရှိန်းသည် အမေ့ကို ဟင်းထည့်ပေး၊ ကိုယ်တိုင် အနားတွင် ယပ်ခတ်ပေးနေသည်။

"မေမေ စားချင်တာပြောနော်၊ ဦးထွန်းတို့က မေမေ ဘာကြိုက်တာ သိပြီးသား"

www.burmeseclassic.com

www.burmeseclassic.com



ရှိန်းသည် စကားတပြောပြောနှင့် အမေနှင့်အတူ ထမင်းဝင်စားသည်။

"ရှိန်းရဲ့အိမ်က ထမင်းချက် ဦးထွန်း၊ ဒေါ်သိန်းဖေတို့လင်မယားလည်း မေမေတို့ မန္တလေးက ပို့ပေးတာ၊ မလေးတို့ ဒီဆေးတိုက်အတွက် ဦးစံမောင်တို့ လင်မယားကတော့ ဖေဖေ့ မုံရွာဆန်စက်က အနားယူထားတဲ့ လင်မယားလေ၊ မေမေ ကျွန်တော်တို့ဆေးတိုက်က ထမင်းဟင်းလည်း စားချင်တာပြော၊ ဖြူပြာ ယူပေးလိမ့်မယ်"

"တော်ပါပြီကွယ်၊ မေမေလည်း သိပ်မစားနိုင်ပါဘူး"

မလေးမှာ သားအမိနှစ်ယောက် အပြန်အလှန်စကားပြော၍ ကြည်နူးနေသော မျက်နှာများကိုကြည့်ကာ အံ့သြနေသည်။ ရှိန်းသည် အမေကို အတော်ချစ်သူပဲ။ မလေးနက လိုအပ်သော စမ်းသပ်စစ်ဆေးချက်များကို လုပ်ပြီး၍ သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် တိုင်ပင်ပြီး အကျိုးအကြောင်းကို ဒေါ်မေလှရှိန်းကို လာရောက်ပြောခြင်းဖြစ်သည်။

အချိုပွဲများ စားသောက်ပြီးသော် ဒေါ်အေးသွယ်မှာ များများမစားနိုင်ပါ။ ဖြူပြာတို့ သူနာတို့က စားပွဲပြင်ပေးရုံပဲ။ အနားကပ်ထိုင်၍ ကျွေးနေသူက ရှိန်းဖြစ်သည်။

အမေကို ထမင်းကျွေးပြီးမှ ရှိန်းသည် ခုတင်ရှိရာ တွဲခေါ်သွားပြီး ခုတင်ပေါ်ပွေ့တင်ကာ နားခိုင်းသည်။ ပြီးမှ မလေးနနှင့် ဒေါ်မေလှ စကားပြောရာနေရာသို့ ရှိန်း လာရောက်နားထောင်သည်။

"ကဲ... ဆိုစမ်း မလေး၊ ဆရာဝန်ကြီးတွေက ဘာပြောလဲ"

မလေးနသည် အကြောင်းစုံတော့ နောက်မှပြောတော့မည်။ ဒေါ်အေးသွယ်ရှေ့မှာ မပြောချင်။

"ဒေါ်ဒေါ့ကိစ္စက ခွဲဖို့မလိုပါဘူး၊ ဆေးအလုံအလောက်ပေးလိုက်မယ်၊ မန္တလေးမှာတော့ သူနာပြုဆရာမတစ်ယောက် ငှားဖို့လိုမယ်၊ နေ့တိုင်း သားအိမ်ဆေးပေးဖို့ပါပဲ၊ ရှိန်း... ပြီးတော့ မလေးအခန်းလိုက်ခဲ့လေ"



မလေးနသည် ရှိန်းတို့ မောင်နှမနှစ်ယောက်ကို ပြောပြီး ခုတင်ပေါ်မှာနားနေသော ဒေါ်အေးသွယ်အနားကို သွားလိုက်သည်။

"ဒေါ်ဒေါ် အားရှိအောင် နားဖို့လိုပါတယ်၊ ဆေးစားရင်း သက်သာသွားရင် ခွဲဖို့မလိုတော့ပါဘူး၊ ဆရာဝန်ကြီးတွေကလည်း အခြေအနေကို စောင့်ကြည့်နေချင်သေးတယ်"

ဒေါ်အေးသွယ်မှာ မလေးနစကားကြားတော့ ဝမ်းသာသွားသည်။ အသက်ရှစ်ဆယ် ကျော်လာပြီဆိုတော့လည်း ခွဲစိတ်ရမှာကို ကြောက်သည်။

"ကျေးဇူးတင်ပါတယ် သမီးရယ်"

"ကဲ... ဒါဆို မလေး သွားလိုက်ဦးမယ်"

"အေး... အေး"

မလေးနက ဒေါ်မေလှရှိန်းကိုပါ နှုတ်ဆက်၍ သူ့အခန်းသို့ ပြန်ခဲ့သည်။ မကြာခင် ရှိန်းက နောက်မှလိုက်လာသည်။

"ကဲ... မလေး၊ အခြေအနေကို ပြောပါဦး"

မလေးနသည် ကုလားထိုင်မှာ ထိုင်လိုက်ရင်း ရှိန်းကိုကြည့်မိသည်။ ရှိန်းက မထိုင်နိုင်။ သူ့အမေအတွက် စိတ်ပူပုံရသည်။

"ရှိန်းမေမေက အသက်ကြီးတော့ ခွဲစိတ်လို့ မသင့်တော်ဘူး၊ လူငယ်ဆိုရင်တော့ ခွဲစိတ်ပြီး သားအိမ်ထုတ်ပစ်ရမှာ၊ သွေးတိုးကလည်း ရှိတယ်လေ၊ အခု သားအိမ်က သွေးဆင်းတာရပ်အောင် ဆေးလည်းပေးမယ်၊ အနာကို နေ့တိုင်းဆေးပေးဖို့ သူနာပြုဆရာမ ငှားထားပေါ့၊ နာရင်လည်း ဆေးထိုးဖို့ရော ဆေးသောက်ဖို့ပါ ပေးလိုက်ပါ့မယ်၊ ဟိုမှာလည်း ရှိန်းတို့ ဆရာဝန်အသိတွေဆီ မလေး စာရေးပေးလိုက်မယ်"

"ဒီလိုနဲ့ပဲ သွားတော့မှာပေါ့၊ ကင်ဆာပဲလား"

မလေးနက ခေါင်းညိတ်ပြလိုက်သည်။ ရှိန်းသည် စားပွဲရှေ့ထိုင်ရင်း တစ်စုံတစ်ခု စဉ်းစားနေပုံရသည်။ ပြီးတော့မှ သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးချကာ မလေးနုကို ကြည့်ပြန်သည်။

‘ဒီဆေးတိုက်တော့ မလေးနဲ့ ထားခဲ့ဖို့ ကိုယ်စိတ်ချတယ်’

‘ဘာပြောတယ် ရှိန်း’

‘ဒီဆေးတိုက်က မလေးတို့ဘာသာ လည်ပတ်နေတာပဲ၊ ရှိန်းက အကြံဉာဏ်ပေးရုံပဲ၊ မော်တော်ကားကုမ္ပဏီနဲ့ စူပါမားကက်ပဲ မှန်နေဂျာတွေနဲ့ တိုင်ပင်ကြည့်ရဦးမယ်’

‘ရှိန်း ဘာလုပ်ချင်လို့လဲ’

‘မေမေ့ကို မန္တလေးအရောက် ရှိန်း လိုက်ပို့ချင်တယ်၊ ပြီးတော့ မေမေ့အနား ရှိန်းနေပေးမလားလို့’

‘ကောင်းတာပေါ့လေ၊ ရှိန်း နိုင်ငံခြားသွားနေတဲ့အခါ လုပ်ငန်းတွေကို ဒီလိုပဲ ထားခဲ့ရတာပဲဟာ၊ ဒေါ်ဒေါ်အနားမှာ ရှိန်းရှိသင့်တာပေါ့’

‘မင်း ဖွင့်မပြောပေမယ့် ဒါဟာ မေမေ့ရဲ့ နောက်ဆုံးအချိန်ဆိုတာ ရှိန်း သိပါတယ်’

ရှိန်းက တိုးတိုးပြောရင်း ငိုင်ကျသွားသည်။ အမြဲလိုလို ပျော်ပျော်ရွှင်ရွှင်နှင့် ဟော့ဟော့ဒိုင်းဒိုင်း ပြောတတ်သော ရှိန်းကို ဒီတစ်ခါပဲ ငေးငေးငိုင်ငိုင်တွေ့ဖူးသည်။

‘နိုင်ငံခြား သွားကုရင်ရော’

‘ကုထုံးက ဒါပဲလေ၊ ခွဲရရင်တောင် ဓာတ်ကင်တော့လည်း အသွားကြီးအနေနဲ့ ခံနိုင်ရည်ရှိမရှိ ကြည့်ရဦးမယ်၊ အသက်က ကြီးတော့ အကြောင်းမထူးဘူး ရှိန်း၊ ဒီမှာက သမီးတွေ သားတွေ သိုက်သိုက်ဝန်းဝန်းနဲ့ မြန်မာလူကြီးဆိုတာ နေမကောင်းရင် သူတို့နားမှာ ဆွေမျိုးသားသမီး ဝိုင်းနေမှ ကြိုက်တာ၊ နိုင်ငံခြားမှာဆို သူ အားငယ်တဲ့ရောဂါ ပိုဆိုးမယ်၊ အလွန်ဆုံး သမီးပဲ လိုက်နိုင်မှာ၊ နောက်ဆုံးအချိန် သူ့မွေးရပ်မြေမှာပဲ ကောင်းပါတယ်’

မလေးနုက ရှင်းပြလိုက်သည်။



‘သွားမယ် မလေး’

ရှိန်းသည် နှုတ်ဆက်ကာ အခန်းထဲမှ ဖြည်းညင်းစွာ ထွက်သွားသည်။ မကြာခင် တင်သက်မာနှင့်အတူ ဖြူပြာနှင့်သူဇာ ဝင်လာသည်။

‘အန်တီမလေး... သူဇာတို့နဲ့အတူ ထမင်းစားရအောင် လာခေါ်တာ’

သူဇာသည် ရှိုးတိုးရှန့်တန့် အမူအရာ မဟုတ်တော့ပေ။ မလေးနု လက်မောင်းကိုဖျစ်၍ ရင်းရင်းနှီးနှီး ပြောနေသည်။

‘ရှိန်း ခုနဲ ဒီအခန်းထဲက ထွက်သွားတယ်၊ မင်းအခြေအနေကို ပြောလိုက်လား’

တင်သက်မာက မေးလိုက်၏။

‘အေးလေ... ပြောလိုက်တယ်၊ သူလည်း စိတ်ကောင်းပုံမရဘူး’

‘ဘာဖြစ်လို့လဲဟင်၊ အန်တီမလေး’

သူဇာက မေးလိုက်သည်။

‘မင်းတို့ မေမေကြီးရောဂါက လွန်နေပြီ၊ အလွန်ဆုံး ခြောက်လပဲ၊ ဒေါ်ဒေါ်ကိုတော့ မပြောပါဘူး၊ ရှိန်းကို ဖွင့်ပြောရတာပေါ့’

မလေးနုက ရှင်းပြလိုက်သည်။ သူဇာက မျက်နှာညှိုးသွားသည်။

‘ရှိန်းက ပြောတယ်၊ သူ မန္တလေးကို လိုက်သွားပြီး ပြုစုမယ်တဲ့’

‘ဟုတ်လား၊ ရှိန်း သူ့မေမေကို တော်တော်ချစ်တယ်နော်’

တင်သက်မာက ပြောလိုက်ရင်း ဖြူပြာဘက်ကို လှည့်မေးပြန်သည်။

‘အသွားကြီး ဒီရောက်နေတာ တစ်ပတ်ကျော်လာပြီ၊ ဖြူပြာ မင်းတို့အမေ ဘာဖြစ်လို့လဲ၊ မလာဘူး’

www.burmeseclassic.com

www.burmeseclassic.com



ဖြူပြာသည် စားပွဲပေါ် လက်ထောက်၍ သက်ပြင်းလေး ချသည်။

'ဖြူပြာလည်း စိတ်ညစ်ပါတယ်၊ ဖေဖေကလည်း မေမေ့ကို မကြိုက်တာ၊ မေမေကြီးတို့ ဒေါ်ဒေါ်လှတို့လာရင် ဟက်ဟက်ပက် ပက်မရှိဘူး'

'နေပါဦး ဖြူပြာ၊ မေမေကြီးတို့ကလည်း အိမ်မှာ ဘာလို့ မတည်းတာလဲ' သူဇာက မေးပြန်သည်။

'ဦးကြီးဗေယျာရှိန်း တစ်ခါလာလည်တုန်းက မေမေနဲ့ ပြဿနာဖြစ်တာနဲ့ ဦးကြီးကလည်း ဖြူပြာတို့အိမ်မှာ မတည်းစေချင် တာထင်တယ်၊ ဖေဖေနဲ့ မေမေ အဲဒီတုန်းက တော်တော်ရန်ဖြစ်တာ'

'ရန်မဖြစ်တာများ ဘယ်တုန်းကရှိလို့လဲ၊ သူဇာမြင်တာ တော့ မျက်နှာချင်းဆိုင်ရင် ရန်ဖြစ်တာပဲ'

'အေးလေ… ဒီတော့ ဖြူပြာနဲ့ သူဇာက မေမေနဲ့ ဖေဖေ့ ကြား ဝင်ထိန်းပေးကြပေါ့ကွယ်၊ ခုလိုကိစ္စဆို မေမေ ဒီဆေးတိုက် လာအောင် လှည့်ပတ်ချော့မော့ ပြောကြပေါ့'

တင်သက်မာက ဖြူပြာကို ပြောလိုက်သည်။ ဖြူပြာ ခေါင်း လေးငုံ့ စဉ်းစားနေသည်။

'အန်တီသက်မာရယ်၊ ဖေဖေနဲ့ မေမေက မချစ်သလိုပဲနော်၊ အန်တီမလေးရော ဘယ်လိုထင်လဲ'

သူဇာက တင်သက်မာတစ်လှည့်၊ မလေးနုတစ်လှည့် ကြည့် ရင်း မေးသည်။

'အန်တီမလေးက ဘယ်သိပါ့မလဲကွယ်'

'ဟဲ့… သူဇာရယ်၊ သူတို့ချစ်လို့ ယူကြတာပဲ၊ ခုမှ ဘာဖြစ် လဲ မသိဘူး၊ အန်တီသက်မာက မင်းတို့မေမေနဲ့ ငယ်ငယ်က ကျောင်း နေဖက်ပဲ၊ တက္ကသိုလ်ကို အန်တီရောက်တော့ ခွဲသွားတော့ ဝေးသွား တာပေါ့လေ'



'ဖေဖေကလည်း ပွေတာကိုး'

သူဇာက အမေ့လူထင်သည်။ အမေ့ဘက်က ကောက်ချက် ချသည်။

'မေမေကလည်း မေမေပဲ၊ အိမ်မှာ ဖေဖေခြေငြိမ်အောင် မထိန်းနိုင်ဘဲ နားတော်တော်ပူတာ၊ သူ့သားတွေနဲ့ ဆူဆူဆူဆူပဲ၊ ဖြူပြာတောင် ဒီမှာ အလုပ်ဝင်တော့မှ နားအေးတယ်'

ဖြူပြာက အဖေ့ဘက်က ကာကွယ်သည်။

'သူဇာ လင်ယူရင်တော့ အဲဒီလို ရန်မဖြစ်ချင်ပါဘူးနော် အန်တီမလေးရယ်၊ ဒါနဲ့ အန်တီမလေးက ဘာလို့ အပျိုကြီးလုပ်နေတာ လဲ၊ အသက်လေးဆယ်ပြည့်တော့မယ်'

သူမက မလေးဘက်လှည့်ကာ ရယ်ကျဲကျဲနှင့် မေးလိုက် သည်။ မလေးနုက ပြုံးနေသည်။

'အန်တီသက်မာ၊ ဘာဖြစ်လို့ အန်တီမလေး အပျိုကြီးလုပ် နေတာလဲ မသိဘူးလား၊ အန်တီမလေးကလည်း ရုပ်လည်းလှ၊ ပညာ လည်း တတ်၊ သဘောလည်းကောင်းရက်နဲ့ ချစ်သူတစ်ယောက် တောင် မရှိဘူးလား'

'ဘာလုပ်မလို့ ပုလိပ်စစ် စစ်နေတာလဲ'

မလေးနုက သူဇာ့လက်ချောင်းလေးများကို ဆုပ်နယ်ရင်း ပြန်မေးသည်။

'အချစ်ဆိုတာ ဘာလဲဆိုတာ အန်တီမလေးကို မေးချင်လို့ ပေါ့၊ အချစ်အကြောင်းကို သိလို့၊ အချစ်အပေါ် စိတ်နာစရာ စိတ်ကုန် စရာဖြစ်လို့ အပျိုကြီးလုပ်နေတာလား၊ အချစ်အကြောင်းကို လုံးဝမသိ လို့ ဒေါ်ဒေါ်လှတို့လို အပျိုကြီးလုပ်နေတာလား၊ ပြောပြစမ်းပါ၊ အိမ်မှာက မေမေနဲ့က ဘာစကားမှ ပြောမရဘူး၊ သူ့စီးကရက်ကြီး တစ်လိပ်ပြီးတစ်လိပ် သောက်နေတာ'

သူဇာ၏ စကားဆုံးတော့ သက်မာက ဝင်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ… ဖြူပြာရော သူဇာရော ထမင်းသွားစားကြစို့၊ လာကြ၊ အချစ်အကြောင်း အန်တီသက်မာက ပြောပြမယ်၊ မင်းတို့ အန်တီမလေးက အလုပ်များတယ်"

သူဇာက လျှာလေးထုတ်ပြပြီးမှ မလေးနုဖူးကို နမ်းကာ ဖြူပြာနှင့်အတူ သက်မာနောက်လိုက်သွား၍ မလေးနုမှာ ထွက်ပေါက်ရသွားသည်။ တကယ်ပင် ထမင်းမစားနိုင်သေး။ ရုံးအလုပ် လက်စသတ်ရန်တွေ ကျန်သေးသည်။

တင်သက်မာ ထမင်းစားခန်းထဲရောက်မှ သူဇာတို့ကို ထိုင်နိုင်းလိုက်ရသည်။ ထမင်းစားရင်း စကားပြောနေကြသည်။

"မင်းတို့ အန်တီမလေးကို ဘာတွေမေးနေတာလဲ"

"ဖြူပြာ မမေးပါဘူး၊ အဲဒီသူဇာက ဘာမှန်းမသိဘူး၊ ပေါက်ကရတွေ မေးနေတယ်"

ဖြူပြာက သူဇာ့ကို ငေါက်လိုက်သည်။

"အချစ်အကြောင်းမေးတာ ဘာဖြစ်လဲ၊ ဖြူပြာရော မသိချင်ဘူးလား၊ သူက အန်တီမလေးလို အပျိုကြီးလုပ်မှာ ထင်တယ်"

"အချစ်ဆိုတာ မေးစရာမလိုဘူး၊ အလိုလိုသိလာတာ"

ဖြူပြာ၏အဖြေကို သူဇာက တခိခိနှင့်ရယ်နေသည်။

"ဖြူပြာ သိနေပြီထင်တယ်၊ ကဲ… အန်တီသက်မာ ပြောပြစမ်းပါ၊ ဘာလို့လဲ အန်တီမလေးကို အချစ်အကြောင်းမေးတာ မမေးရဘူးလား"

သူဇာက တောင်းဆိုလိုက်သည်။

"သူ့မှာက ချစ်သူနဲ့ပတ်သက်ပြီး စိတ်ထိခိုက်ရဖူးလို့"

သူဇာရော ဖြူပြာပါ လူငယ်တွေပီပီ တင်သက်မာပြောပြသော မလေးနု အချစ်အကြောင်းကို စိတ်ပါဝင်စားစွာ နားထောင်ကြသည်။ တင်သက်မာက တက္ကသိုလ်မှာနေကတည်းက မလေးနှင့် ကိုမျိုးဇင် ချစ်ခဲ့ကြသည်ကအစ ကိုမျိုးဇင် တိုက်ပွဲကျသွားသည်အထိ



ပြောပြသည်။ မလေးနု၏ ကြေကွဲဖွယ်အချစ်ဇာတ်လမ်းကို ညီအစ်မနှစ်ယောက် နားထောင်ရင်း ထမင်းစားလို့ ဘယ်လိုပြီးသွားသည်ကိုပင် မသိကြတော့ပေ။ အချစ်အကြောင်းကို ငယ်ရွယ်သူတွေအနေနှင့် သိချင်သည်ပဲဖြစ်သည်။

ထိုနေ့ညက ပြန်ကာနီး သူဇာသည် မလေးနု အိပ်ခန်းထဲ ဝင်လာသည်။ မလေးနုသည် ခုတင်ပေါ် လှဲနေဆဲဖြစ်သည်။ တံခါးမှာ ချက်ချမထား၍ အလွယ်တကူဝင်၍ရသည်။

"အန်တီမလေး… သူဇာ ဝင်လာပြီ"

"လာလေ"

သူဇာသည် မလေးခုတင်ဘေး ထိုင်လိုက်သည်။

"ဖြူပြာက ပြောလို့၊ အန်တီမလေးကို တောင်းပန်လိုက်ဦးတဲ့"

"ဘာတောင်းပန်ရမှာလဲကွယ်"

"မနက်က အချစ်အကြောင်း မေးမိတာလေ"

ဟု ပြောလိုက်သည်။

"သူဇာ တောင်းပန်ပါတယ်၊ အန်တီမလေး စိတ်အနှောင့်အယှက် ဖြစ်သွားလားဟင်၊ အန်တီသက်မာက အန်တီမလေးအကြောင်း ပြောပြလို့ အန်တီမလေးအတွက် စိတ်မကောင်းပါဘူး"

"တောင်းပန်စရာ မလိုပါဘူးကွယ်၊ အန်တီမလေးလည်း စိတ်မဆိုးပါဘူး"

သူဇာသည် တစ်စုံတစ်ခု စဉ်းစားနေပုံရသည်။ အတန်ကြာမှ သက်ပြင်းလေးချကာ…

"ဒီလိုဆို အန်တီမလေး ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူးလား"

သူဇာက မေးလိုက်သည်။ မလေးနုက သူဇာကိုလှည့်ကြည့်လိုက်ကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ သိချင်တာလဲ"ဟု ပြန်မေးလိုက်သည်။

"သူဇာ သိချင်လို့ပါ"

"အိမ်ထောင်ရေးဆိုတာ ရင်ထဲက အချစ်နဲ့လည်း ဆိုင်တယ်၊ ကံတရားနဲ့လည်း ဆိုင်တယ်၊ လှိုက်လှိုက်လှဲလှဲ ချစ်ပေမယ့်လည်း ကံတရားတို့ နဖူးစာတို့ဆိုတာ မပါရင် မညားကတ်ဘူး၊ တစ်ခါတလေတော့လည်း ရင်ထဲက လှိုက်လှိုက်လှဲလှဲမရှိရင်လည်း လူတစ်ယောက်ကို မချစ်ချင်ဘူးလေ၊ ကံဆိုတာကလည်း အံ့သြစရာကောင်းတယ်၊ အန်တီသက်မာတို့ ကြည့်ပါလား၊ သူတို့လင်မယား သိပ်ချစ်ကြတာ၊ ငယ်ရည်းစားတွေ၊ ဟော... ကလေးနှစ်ယောက်ရတော့ ကိုသန်းဦး သေသွားရော၊ အန်တီမလေးအဖို့ကတော့ ကံတရားက ဖန်တီးလာလို့ မလွဲမရှောင်သာလို့ အိမ်ထောင်ပြုရင်တော့ ပြုမိမှာပါပဲ၊ အခုထိတော့ စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ဘယ်သူ့မှ ချစ်လို့မရသေးဘူး၊ စကားအကုန်ပြောလို့ မဖြစ်သေးဘူးလေ၊ တစ်နေ့နေ့ အန်တီမလေးက အခြေအနေရဖြစ်ဖြစ်၊ ချစ်သူ နောက်တစ်ယောက်ပေါ်လာလို့ဖြစ်ဖြစ် အိမ်ထောင်ပြုချင်ပြုမှာ"

"အိုကေ... သူဇာ ဒါသိချင်တာ၊ သူဇာတို့ ပြန်တော့မယ်နော်၊ အချစ်ဆိုတာ ရင်ထဲမှာ ဘယ်တော့မှ မသေဘူးမို့လား"

သူဇာက ပြောရင်း မလေးကိုနှုတ်ဆက်ကာ ပြန်သွားတော့သည်။ မလေးအတွက်တော့ သူဇာ့စကားများကြောင့် အတိတ်ကို လွမ်းဆွတ်တသစရာ ဖြစ်လာပြန်ပါသည်။ ထိုနေ့ ညဦးက ကောင်းကောင်းအိပ်၍မရတော့ပါ။

❦ ❦ ❦

# - ၁၄ -

တစ်လခန့် ရန်ကုန်မှာနေပြီး ရှိန်း၏မိခင်နှင့် အစ်မဖြစ်သူ မန္တလေး ပြန်သွားကြ၍ သူဇာနှင့် ရှိန်းပါ မန္တလေးကို လိုက်သွားကြသည်၊ ဖြူပြာက လိုက်ချင်သည်။ လိုက်လို့မဖြစ်သေး။ ဆေးတိုက်စာရင်းများကတစ်ဖက်၊ အိမ်မှာလည်း မူရာနှင့် မောင်နှစ်ယောက် ပြဿနာ၊ သူတို့နှင့် မေမေ့ကို တစ်ယောက်တည်းထားခဲ့၍ မဖြစ်သေး။ စိတ်ထဲမှာတော့ သူမလိုက်တောင် မေမေ့ကို မန္တလေး လိုက်စေချင်သည်။ ဒီအချိန်သည် ဖေဖေ့အတွက် လိုအပ်သောအချိန်မှာ မေမေ ဖေဖေ့အနားမှာ ရှိသင့်သည်။ ဖြူပြာသည် မေမေ့ကို စကားစကြည့်သည်

"မန္တလေးကို မေမေ လိုက်သွားဖို့ကောင်းတယ်"

အေးက ဖြူပြာ့စကားကို မကြားသလို ဖွာထုတ်လိုက်သော မီးခိုးတန်းကို တမျှော်တခေါ် ငေးကြည့်နေသည်။

"ဖေဖေကလည်း လာစေချင်မှာ၊ မေမေကြီး ဆေးခန်းတက်ဖို့ လာတော့လည်း မေမေက တစ်ရက်တောင် မေမေကြီးကို သွားမကြည့်ဘူး၊ ဘာဖြစ်လို့လဲ"

"နေပါဦး... နေမကောင်းဘူးဆိုတာ သူက ငါ့ကို ဘာဖြစ်လို့မပြောသလဲ"

"ဩော်... မေမေကလည်း ပြောနေဖို့လိုသေးလား၊ ဖြူပြာတို့ မေမေ့ကိုလည်းပြော၊ ထမင်းပို့၊ ပျာယာခတ်နေတာ၊ ဖေဖေကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တိုင် ပြောမှဆိုတော့ ဒါက နာရေး၊ မပြောဘဲနဲ့ကို မေမေက အလိုက်တသိသွားရမယ်'

'အောင်မယ်… မဖြူပြာ၊ ညည်းက အမေလား၊ ငါက အမေလား၊ ပြောစမ်းပါဦး၊ တိုက်ရိုက် ငါ့ကိုမပြောရင် ငါ မသွားဘူး၊ ငါနေမကောင်းတော့ ဖြူပြာတို့ ဖေဖေက လက်ဖျားနဲ့တို့လို့လား၊ သူ့အမေကျတော့ ပွေ့ပွေ့ပိုက်ပိုက် ပြုစုမှာ ငါမကြည့်ချင်ဘူး၊ မန္တလေးမှာကတည်းက သိတယ်၊ အမေ ထမင်းစားမယ်ဆို ပျာနေတာ၊ သူက ခွံ့ပေးမတတ်'

'မေမေကလည်း မေမေကြီးကို ဒီလိုပြုစုရင် ဖေဖေ့ကလည်း မေမေ့ကို ပြုစုမှာပေါ့၊ မေမေတောင် သမီးတို့ ဖေဖေတို့ပြုစုတာကို ခံချင်သေးတာပဲ၊ သူ့သားပြုစုတာကို မေမေကြီးကလည်း ကြိုက်မှာပဲ၊ ဖေဖေကလည်း မေမေကြီးကို သူပြုစုသလို မေမေကိုယ်တိုင်က ပြုစုတာ လိုလားမှာပေါ့'

'သူ့အမေမှာ ဂရုစိုက်မယ့်လူတွေ ပြည့်လို့၊ ဆေးတိုက်တစ်ခုလုံး ရှိန်း ဖင်မနေကြတာ၊ ဟိုကောင်မကိုလည်း နည်းနည်းမှ မကြည့်ချင်ဘူး'

'ဘယ်ကောင်မလဲ'

'ဟို မလေးနှုဆိုတာ၊ နင့်အဖေက ဆေးတိုက်တစ်ခုလုံးအပ်ထားတာ ငါ အားလုံးသိတယ်'

ဖြူပြာမှာ အံ့အားသင့်သွားသည်။ အေးကို ပြန်ကြည့်နေမိသည်။ ရောဂါများ ထလာပြန်ပြီလား။ စကားပြောတာလည်း နင်တွေ ငါတွေနှင့် ဖြစ်လာသည်။

'အန်တီမလေးက ဆရာဝန်အနေနဲ့ မေမေကြီးကို လူနာတစ်ယောက်လို ဂရုစိုက်တာပါ၊ မေမေ့အနေနဲ့က ယောက္ခမတစ်ယောက်ကိုး၊ ဂရုစိုက်ချင်တဲ့စိတ် ဖေဖေ့မှာ ရှိမှာပေါ့'

'မလိုပါဘူး၊ မလိုပါဘူး၊ ညည်းတို့အဖေက ဘယ်တုန်းက



မေမေ့ကို လူရာသွင်းလို့လဲ'

'ဖြူပြာသိရသလောက် ရှုပါမားကက်ဖွင့်တုန်းက မေမေမလိုက်ကတည်းက ဖေဖေကလည်း မေမေ့ကို ဘယ်မှမခေါ်တော့တာ၊ ဒီပွဲတွေ တက်ချင်တက်၊ မတက်ချင်နေ၊ မေမေကြီးကိစ္စ၊ ဖေဖေ ပြောပြော မပြောပြော မေမေက အလိုက်တသိ သွားစေချင်တယ်၊ ဖြူပြာ့ကို စိတ်မဆိုးပါနဲ့၊ ဖြူပြာက အဖေနဲ့ အမေ အဆင်ပြေစေချင်လို့ စေတနာနဲ့ ပြောတာပါ'

အေးသည် ဘာမှ ပြန်မပြောသေး။ လက်တွေ တုန်လာကာ ပါးစပ်ကလည်း အသံမထွက်ဘဲ တစ်ခုခုရွတ်ဆိုနေသလိုပင်။ မျက်နှာကလည်း တစ်စုံတစ်ခုကို ခံပြင်းနေသလို၊ ဖြူပြာ့ကို ရှူးရှူးစိုက်စိုက်ကြည့်နေသည်။ ဖြူပြာက လေသံကို တတ်နိုင်သမျှ အေး၍ ဆက်ပြောသည်။

'အခု အချိန်ရသေးတယ် မေမေ၊ မန္တလေးကို လိုက်မယ်မို့လားဟင်၊ ဖြူပြာနဲ့ အတူသွားရအောင်လေ'

'လိုက်သွားရအောင် သူ့အမေက ဘာဖြစ်နေလို့လဲ'

'သားအိမ်ကင်ဆာ၊ သားအိမ်ထုတ်ပစ်ရအောင်လည်း အသက်ကကြီးတော့ ခွဲစိတ်ဒဏ် မခံနိုင်ဘူး၊ ဒါ့ကြောင့် ဆေးပဲပေးပြန်လွှတ်လိုက်ရတာ၊ ဆရာဝန်တွေက ခြောက်လပဲခန့်မှန်းတယ်၊ တခြားရောဂါ တစ်ခုခုက မဖောက်ရင်၊ အပြုအစုလည်းကောင်း၊ သီလရှိသေးရင်တော့လည်း ပိုခံမှာပေါ့လေ၊ ဒါ့ကြောင့် ဖေဖေက သူ့မေမေရဲ့ နောက်ဆုံးအချိန်ဆိုပြီး ကိုယ်တိုင်လိုက်သွားတာ'

'ဒါလောက်ဖြစ်နေတာ သူက ငါ့ကို ပြောဖို့သင့်တယ်၊ အစစ တိုင်တိုင်ပင်ပင်မယားရယ်လို့ မေမေ့ကို နေရာမထားပါဘူးဟင်း… လူရာကိုမသွင်းဘူး၊ ဒီဆေးတိုက် တစ်ခုလုံးဖွင့်တာတောင် မေမေ့ကို ဘာတစ်လုံးမှ မတိုင်ပင်ဘူး'

ဖြူပြာကတော့ အကြောင်းသိပြီး ဖြစ်သည်။ ဖေဖေသည်

www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို သမီးဖြစ်သူ သူ့ကို ပြောထားပြီးသား၊ ရုပါမားကက်ဖွ
စဉ်က အေးကို တိုင်ပင်တော့လည်း ရုပါမားကက် အရောင်းစာရေး
မလေးတွေကို ဖေဖေ ခြေတော်တင်ချင်လို့ဟူသော စွပ်စွဲချက်ကြော
ဖေဖေက နောက်ပိုင်း ဘာကိုမှ မေမေ့ကို မတိုင်ပင်ခြင်းဖြစ်သည်

'ထားပါတော့ မေမေ၊ အခုက နာရေးကိစ္စလေ၊ ဖေဖေ့
မေမေတစ်ယောက်လုံး နေမကောင်းတဲ့ကိစ္စ'

'ဟုတ်ပါတယ်၊ သူ့အမေ ဆေးခန်းတင်ထားတုန်းက အိ
မှာလည်း ဧည့်သည်တွေ ရောက်နေတယ်လေ၊ ဖေဖေ စစ်ကိုင်းမှာ
အရေးပိုင်လုပ်တော့ တိုင်းမင်းကြီးက ဦးစိန်ချော၊ သူ့သမီးနဲ့ မေမေ
က သိပ်ခင်တာ၊ သူ့သမီး အိမ်လာတည်းတော့ မေမေက ဂရုစိုက်
ရတာ ါ'

အေးအေးလေသံက ပြောင်းသွားပြန်သည်။

'ဟုတ်ပါတယ်၊ ဧည့်သည်ထားခဲ့ပြီး တစ်ရက်တလေတော့
မေမေ သွားသင့်တယ်၊ ခုလည်း မန္တလေးကို လိုက်သင့်တယ်
အချိန်မီပါသေးတယ် မေမေ'

ဖြူပြာ စကားဆုံးတော့ အေးအေးက မတုန်မလှုပ် ငူငူကြီး
လုပ်နေပြန်သည်။

'ဟိုကောင်မကပဲ အရေးပါနေတာ၊ အခုလည်း သူ့အဖေ
ရန်ကုန်မှာ ဆေးကုမှာကို မေမေ့ကို ကြိုတင်ပြီး ဘာလို့မပြောလဲ
ဒီကောင်မကို အရင်ပြောတယ်၊ အဲဒီကောင်မကို ကြည့်မရဘူး၊ သူ့
ဒေါက်တာမဆိုတော့ တစ်ပန်းသာနေတာ၊ မေမေနေမကောင်းရင်
အဲဒီဆေးတိုက်မတင်နဲ့၊ အသေခံမယ်'

ဖြူပြာသည် အမေကို နားမလည်သလို ကြည့်နေသည်

'ဆေးတိုက်ကို တဖြည်းဖြည်းနဲ့ အပိုင်စီးလာမှာ၊ ငါမသိ
ဘူးအောက်မေ့လို့၊ ပြီးတော့ နင်တို့အဖေကို သိမ်းပိုက်မှာ'

ဖြူပြာက စိတ်ပျက်သွားသည်။



'ဟာ… မေမေကလည်း မေမေရယ်၊ သူများသ‥သမီး
လိုမပြောပါနဲ့၊ အန်တီမလေးက မေမေကြီးကိုကုရမယ့် ဆရာဝန်
ဆိုတော့ ဖေဖေက လူနာရောဂါကို အန်တီမလေးနဲ့ အရင်တိုင်ပင်
တာပေါ့၊ မေမေ အန်တီမလေးကို အထင်မလွဲပါနဲ့၊ ဖေဖေနဲ့ အန်တီ
လေး ဒီဆေးတိုက်မှာ လက်တွဲလုပ်မှ ဖေဖေ အရက်လည်း အလွန်
အကျွံမသောက်တော့ဘူး၊ ဟိုမိန်းမတွေနဲ့လည်း မတွေ့တော့ဘူးဆိုတာ
မေမေ သတိထားမိလား'

'အေးပေါ့… ဒီကောင်မ တစ်ကောင်လုံး ဆေးတိုက်ရှိနေ
တာ၊ တခြားသွားဖို့ လိုသေးလား၊ နင်တို့အဖေက အဲဒီဟာမ ပြော
ထားတော့ နားထောင်တယ်၊ အရက်မသောက်နဲ့ဆို မသောက်ဘူး၊
မိန်းမ မပွေနဲ့ဆို မပွေဘူး၊ ငါ့စကားတော့ နားမထောင်ဘူး၊ ဘယ်
သောက်ခံပြင်းစရာကောင်းလဲ'

'ခက်လိုက်တာနော်'

ဖြူပြာက ခေါင်းကုတ်လိုက်ရင်း…

'ပြောပုံပြောနည်းကရော လိုသေးတယ်လေ၊ မေမေ ဖေဖေ့
ကိုများ ဘယ်တုန်းက အေးအေးဆေးဆေး ပြောဖူးလဲ'

'မယားငယ်လေသံနဲ့တော့ မပြောတတ်ဘူးဟေ့'

'ပြောပြန်ပြီ မေမေကလည်း၊ အန်တီမလေးက ဒီဆေးတိုက်
ထောင်ကတည်းက ဆရာဝန်တွေ အလုပ်သမားတွေအားလုံး အရက်
သောက်ရဘူးလို့ စည်းကမ်းလုပ်ထားတော့ ဖေဖေကလည်း ဒီစည်း
ကမ်းကို လိုက်နာရလို့ ဆေးတိုက်မှာ အရက်မသောက်တာ၊ ဧည့်
သည့်ခံပွဲမှာလောက်ပဲ သောက်တယ်၊ အန်တီမလေးကို ကျေးဇူးတင်
သင့်တာယ်'

'ဘာ… ငါ့လင်အပိုင်စီးမယ့်မိန်းမကို ငါက ကျေးဇူးတင်ရ
မလား'

'မေမေက ပြောရင်း လွန်လာပြီ၊ အလုပ်ရှိသဘော ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com



ကို အန်တီမလေးက ဆက်ဆံနေရတာ၊ အန်တီသက်မာကို မေးကြည့်ပေတော့၊ မေမေပြောသလိုပဲ ဖြစ်နေတယ်ပဲထား၊ မေမေ အန်တီသန္တာ လှိုင်ကျတော့ အိမ်ကိုတောင် ဝင်ထွက်ခွင့်ပြု၊ အန်တီလှိုင်ပေးတဲ့ လက်ဆောင်တွေတော့ယူပြီး'

'နင်တို့ ဘာနားလည်လို့လဲ၊ လင်ကို အလကားပေးရမယ့် အတူတူ တန်ရာတန်ကြေး ယူရတယ်လေ၊ လင်ငှားခ'

ရင့်သီးသော စကားလုံးတွေကြောင့် ဖြူပြာ စိတ်ညစ်သွားသည်။ စကားမဆက်ချင်တော့။

'နင်တို့အဖေက ငါ့ကို ဘာပေးလို့လဲ'

အေးအေးသည် လက်ထဲမှ ဆေးလိပ်ကို ပြာခွက်ထဲ ဆောင့်ချိုးချလိုက်သည်။ ဖြူပြာက ဆက်ပြောလျှင်လည်း အချိုးမပြေတော့၍ မပြောချင်တော့ပေ။ တစ်လတစ်သိန်းငွေကို ဖေဖေက ဖြူပြာက တစ်ဆင့် မေမေ့ကို ပေးနေကျ၊ ဖြူပြာအသိပင် ဖြစ်သည်။ အမေတစ်ယောက်လုံး၏ ထင်မြင်ယူဆချက် လွဲနေသည်ကို သူ ဘယ်လိုမှ ပြော၍မရသည်ကိုသာ စိတ်ညစ်နေသည်။ လင်ကို ငှားစားနေရသော သဘောဖြစ်နေသည်။ မေမေ့စကားလုံး သုံးပုံကို မကြိုက်၊ အန်တီမလေးအပေါ် မေမေ့အယူအဆ သဘောထားကိုလည်း မကြိုက်။ အန်တီတင်သက်မာကိုသာ ဆေးတိုက်ရောက်မှ အကူအညီတောင်းယူတော့မည်။ သူ့အသွား၏ နောက်ဆုံးအချိန်ကို အေး မသွားပါက ဖေဖေနှင့် မေမေ ကွာဟချက် ပိုမိုကြီးမားလာတော့မည်ကို ဖြူပြာ သိပါသည်။

ဆေးခန်းရော်ကတော့ တစ်ယောက်နှင့်တစ်ယောက် တွေ့ဖို့ အလုပ်မအားကြ၊ နံနက်စာ စားချိန်တွေကလည်း မတူ။ ယနေ့လည်း ခွဲစိတ်ခန်းကို မလေးနှင့် ဝင်ရတော့ နေ့လယ်စာ နှစ်ချက်တီးမှ စားရသည်။ မလေးနှင့်က ထမင်းစားပွဲမှာ တင်သက်မာကို ပြောပြနေသည်။



'ညက ရှိန်းဆီက ဖုန်းလာတယ်၊ ဒေါ်ဒေါ်အခြေအနေ မကောင်းဘူး၊ မလေး လိုက်လာပါတဲ့'

'ဟုတ်လား လိုက်သင့်တာပေါ့၊ မင်း လိုက်မယ်မို့လား'

တင်သက်မာက ထမင်းစားရင်း ပြန်မေးလိုက်သည်။

'မိတ်ဆွေတစ်ယောက်အနေနဲ့ရော မလေးရဲ့ အလုပ်ရှင်ရဲ့ အမေအနေနဲ့ သွားသင့်ပါတယ်၊ ဒါပေမဲ့ သက်မာ မင်းတို့က မလေးကို လိုက်ခိုင်းတာထက် ရှိန်းဇနီး ကို လိုက်ခိုင်းဖို့သင့်တယ်၊ မလေး မသွားချင်လို့ မဟုတ်ပါဘူး၊ လူနာတစ်ယောက်အနေနဲ့ သွားချင်ပါတယ်၊ ဟိုမှာလည်း ဆရာဝန်ကြီးတွေ ရှိတာပဲ'

'မလေးကို ရှိန်းက အားကိုးတာပေါ့'

'အားကိုးတယ်'

'အေးလေ… ဘာပဲဖြစ်ဖြစ် ရှိန်းက မလေးကို အစစ အားကိုးတယ်'

'သက်မာရယ်'

မလေးက စကားမဆက်ဘဲ ထမင်းဆက်စားနေသည်။ မကြာခင် ဖြူပြာ ဝင်လာသည်။

'အန်တီတို့နှစ်ယောက်ကို စောင့်လိုက်ရတာ'

ဖြူပြာသည် ထမင်းဝိုင်း ဝင်ထိုင်လိုက်သည်။

'ဖြူပြာ စားပြီးပြီလား'

'ပြီးပြီ၊ အန်တီသက်မာကို ဖြူပြာ ပြောချင်တာကတော့ မေမေ့ကို နားချပါဦး'

ဖြူပြာက အရင်းမရှိ အဖျားမရှိ ပြောလိုက်သည်။

'ဘာကိုလဲ' သက်မာက မေးလိုက်၏။

'မန္တလေးကို လိုက်သွားသင့်ဘယ်လေ၊ မမေကြီး အခြေအနေက နေ့လား ညလားဆိုတော့ ဖြူပြာ မေမေနဲ့အတူ မန္တလေး လိုက်သွားချင်တယ်၊ ဖြူပြာတစ်ယောက်တည်း သွားရင်ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုအချိန်မှာ မေမေလိုက်မလာရင် ဖေဖေက ပိုစိတ်ဆိုးမှာ၊ အန်တီ သက်မာ သူငယ်ချင်းကို အန်တီ လိုက်ပြောပါဦး'

မလေးနုရော တင်သက်မာပါ ငေးကြောင်ကြောင်နှင့် ခဉ်းစားနေစဉ် အခန်းစောင့်သူငယ်လေးက လာခေါ်သည်။

'အန်တီမလေးကို ဖုန်းလာနေပါတယ်'

မလေးနုက ဂဏန်းကတန်း အခန်းပြင်ထွက်သွားသည်။ သူတို့ချည်းကျန်တော့မှ ဖြူပြာက စကားပြန်စသည်။

'မေမေ့ကို အန်တီသက်မာ သွားပြောမယ်မို့လား'

'တို့ အခုပဲ ပြောနေတာ၊ ညက ရှိန်း ဖုန်းဆက်တယ်တဲ့၊ မလေး လိုက်လာဖို့၊ အန်တီသက်မာက သွားဖို့ တိုက်တွန်းနေတာ'

'ဟာ... မဖြစ်ဘူး မဖြစ်ဘူး အန်တီသက်မာ၊ မေမေက အန်တီမလေးကို အထင်လွဲနေတာ၊ ဖေဖေတာ သူ့ဆီ ဖုန်းမဆက်ဘဲ အန်တီမလေးဆီကို ဆက်မှန်းသိရင် မိုးမီးလောင်မှာ၊ ခုပဲ မေမေနဲ့ စကားပြောလာတာ၊ မေမေကလေ'

ဖြူပြာသည် သက်မာနားနားကိုကပ်ကာ သူ့အမေ မလေးကို စွပ်စွဲသမျှ ပြောပြနေဆဲ အပြင်မှ ခြေသံကြား၍ စကားစရပ်လိုက်သည်။ မလေးနုသည် ဖြည်းညင်းစွာ ဝင်လာ၍ ထိုင်ချရင်း ပြောလိုက်သည်။

'ဖြူပြာရေ ဆောရီးပဲ၊ မင်းတို့ မေမေကြီး ခုမနက်ပဲ ဆုံးသွားပြီ၊ ခု ဖုန်းက သူဇာ မန္တလေးက ဆက်တာ'

'ဟင်...'

ဖြူပြာရော တင်သက်မာပါ ငိုင်သွားကြသည်။

'အန်တီသက်မာ ခု ဖြူပြာနဲ့ အိမ်လိုက်ခဲ့ပါ၊ မေမေ့ကို နားချပါဦး၊ အန်တီမလေး ဖြူပြာနဲ့ မေမေ မန္တလေးလိုက်ဖို့ ကားဖြစ်ဖြစ် မီးရထားဖြစ်ဖြစ် ရရာနဲ့ စီစဉ်ပေးဖို့ စာရေးကြီးဦးသက်ထွန်းကို ပြောပေးပါ'



တင်သက်မာမှာ ထမင်းဆက်မစားတော့ဘဲ ဖြူပြာနှင့် လိုက်သွားရတော့သည်။ မလေးနုအဖို့ အဘွားကြီးဆုံးသည့်အတွက် စိတ်မကောင်းပါ။ ဒါပေမဲ့ မဆုံးခင်က ရှိန်း မန္တလေးလိုက်လာဖို့ ခေါ်သည်ကိုတော့ သူမသွားချင်၊ စိတ်က အလိုလိုထင့်နေသည်။ ယခုတော့ မန္တလေးသွားဖို့ ပြဿနာက အလိုလို ဖြေရှင်းသွားပြီ။ အသက်ဆိုင်ဆုံး ဒေါ်အေးအေးသွားခြင်းက ပို၍သင့်မြတ်သည်မဟုတ်ပါလား။ ဖြူပြာနှင့် အေးတို့သွားဖို့အတွက် လက်မှတ်စီစဉ်နေစဉ် သက်မာထံက ဖုန်းလာပြန်သည်။

'မလေး အခြေအနေက သိပ်တင်းမာနေတယ်၊ အေးက သမှတော့ မလိုက်တော့ဘူးတဲ့လေ၊ သူ့ရဲ့ အတွေးအခေါ်တွေက မှန်တော့ဘူး၊ သက်မာနဲ့ ဖြူပြာပဲ လိုက်သွားတော့မယ်၊ လက်မှတ် စီစဉ်လိုက်တော့၊ ဒါပဲ ကိုယ်အချိန် မရှိဘူး၊ အိမ်ကိုလည်း ပြောရဦးမယ်'

သက်မာက ဖုန်းချလိုက်၏။

မလေးနုသည် ဘာမှပြန်မပြောနိုင်တော့ပါ။ ထိုနေ့ညက သီယိုအိပ်စ်ပရက်စ်နှင့် ဖြူပြာနှင့် သက်မာ မန္တလေး လိုက်သွားကြသည်။ ရှိန်းဆေးတိုက်ပိုင်ရှင် ဦးဗညားရှိန်း၊ ဒေါ်အေးအေးတို့၏ ခင်ကြီးဆုံး၍ ဝမ်းနည်းကြောင်းသော ရှိန်းဆေးတိုက်အနေနှင့် သတင်းစာထဲ မလေးနုက ထည့်လိုက်ရသည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## - ၁၅ -

"ဒါ ဘာ သဘောလဲ ဒေါ်အေးအေး"

ရှိန်းက မီးဝင်းဝင်းတောက်နေသော မျက်လုံးများနှင့် အေးကိုကြည့်ကာ ပြောနေသည်။ မတ်တတ်ရပ်နေသော ရှိန်းကို အေးက မကြည့်။ Dream bed ပက်လက်ကုလားထိုင်မှာ မှီ၍ စီးကရက်ကို ရှိုက်ဖွာကာ အဝေးကို ငေးနေသည်။ ရှိန်းပြောသမျှ မကြားသလို လုပ်နေသည်။

"ဟော့··· ငါပြောနေတယ်လေ"

ရှိန်းက မခံချင်သလို အော်လိုက်သည်။

"ဘာပြောမလို့လဲ၊ ပြောမှာ ပြော"

အေးက လှည့်မကြည့်။

"မင်းက ဘာဖြစ်နေရတာလဲ၊ မေမေ နေမကောင်းတော့လည်း မကြည့်၊ အခု မန္တလေးမှာ ဆုံးတော့လည်း လိုက်မလာ၊ ဘာဖြစ်နေရတာလဲ"

"လာဖို့ မလိုဘူးလေ၊ ဘယ်သူကရော ဒီမိန်းမကို ဂရုတစိုက် လူရာသွင်းပြောလို့လဲ"

"ငါကပြောမှ မင်းက သိရမှာလား၊ ဒါလောက် လူတွေ ယောက်ျားယက်ခတ်နေတာ၊ သမီးတို့ကလည်း ပြောသားပဲ"

"မလိုချင်ဘူး၊ ရှိန်းဆိုတဲ့ လင်တစ်ယောက်က လူရာသွင်းပြီး မပြောရင် အေးဆိုတဲ့ မိန်းမတစ်ယောက်ကလည်း သိတောင် မသိချင်ယောင်ဆောင်နေမယ်"



"အေး··· တော်ပြီ၊ အခု မင်းသိအောင် ဖွင့်ပြောမယ်၊ ငါ ဒီအိမ်မှာ မနေဘူး၊ မင်းဘာသာမင်း နေရစ်၊ ငါ မင်းကို ပေးမြဲ တစ်လတစ်သိန်း သမီးကတစ်ဆင့် ပေးမြဲပေးမယ်၊ ဒါပဲ"

ရှိန်းက ခြေသံပြင်းပြင်းနှင့် အခန်းထဲမှ ထွက်သွားသည်ကို အေးက လှည့်၍ပင်မကြည့်ပေ။ ရှိန်းက ဆေးတိုက်ကို ပြောင်းဆင်းလာကတည်းက ပင်ပန်းသူမှာ ဦးပြုံး။ ဦးပြုံးသည် အိမ်ကိုလည်း ဦးစီးရသည်။ ရှိန်းကြိုက် တတ်သည်များကို ချက်ပြုတ်၍ ဆေးခန်းကို လိုက်ပို့ရသေးသည်။ သူဇာကတော့ ဦးပြုံးနှင့် နံနက်တိုင်းလိုလို အဖေကိုလာတွေ့ပြီးမှ ကျောင်းသွားသည်။

"ကျွန်တော် ဆေးတိုက်က ဟင်းထမင်းတွေ စားနိုင်တယ်၊ ဦးပြုံးသက်သက်ဒုက္ခခံပြီး လာမပို့နဲ့"

"မဟုတ်ဘူး ရှိန်း၊ မေမေကြီး ဒီဆေးခန်း လာတက်တုန်းက ဦးပြုံး လာတွေ့တဲ့အခါတိုင်း ပြောတတ်တယ်၊ ငါ့သားကို စားရေးသောက်ရေး ဂရုစိုက်ပါတဲ့၊ သားက အကောင်းကြိုက်တယ်၊ သူ့မိန်းမကလည်း မစီမံတတ်တော့ မောင်ပြုံး ဂရုစိုက်ပါလို့ တဖွဖွ မှာတယ်၊ ဒါ့ကြောင့်ပါ၊ မေမေကြီး သေသွားတော့ မေမေကြီးစကားကို ပိုနားထောင်ရတာပါ"

ရှိန်းသည် သက်ပြင်းကြီးချလိုက်သည်။

"ကျွန်တော့်အပေါ်မှာဗျာ၊ မေမေတို့ ဦးပြုံးတို့ထားတဲ့ စေတနာတစ်ဝက် အေးကထားရင် ကျွန်တော် ကျေနပ်ပါပြီ"

ဦးပြုံးက ရှိန်း၏ ခံစားရချက်ကိုလည်း နားလည်ပါသည်။ သို့သော်လည်း သားသမီးတွေ ကြီးလာမှ ယခုလို တကွဲတပြားနေသည်ကိုလည်း မကြိုက်ပါ။

ဖြူပြာတို့ သူဇာတို့ကိုလည်း ဦးပြုံးက ပြောပြသည်။

"သမီးတို့လည်း မင်းတို့မေမေကို တဖြည်းဖြည်းနားချပါ၊ အသက်တွေလည်း ကြီးလာပြီ၊ တကွဲတပြားနေတာ မကောင်းဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ အိမ်ပေါ်ပြန်တက်အောင်လို့ ဦးပြုံး ကြိုးစားမယ်၊ မင်းတို့ဘက်ကလည်း မေမေ့ကို ပြောကြဦးလေ'

ဖြူပြာနှင့် သူ့ဇာကလည်း စိတ်ညစ်သည်။ မေမေက ယခုတလော စကားပြောလျှင် သူ့ရောဂါက ထချင်သလိုလို၊ ရင်တုန်လာသလိုလို၊ လူက ကတုန်ကယင်ဖြစ်လာကာ စကားပြောလျှင် ဟစ်အော်လာတတ်၍ ဘာမှမပြောကြတော့ပေ။ အေး ချစ်သည်ဆိုသော သက်မာကိုပင် ရှိန်းဆေးတိုက်ကမို့ မကုချင်တော့ဆို၍ မခေါ်ရပါ။ သို့သော် တင်သက်မာက ခဏခဏလာကြည့်သည်။ အရေးအကြောင်းဆို ခေါ်ဖို့ နှလုံးရောဂါ ဆရာဝန်ကြီး ဒေါ်ချိုချိုအေးနှင့်ပါ ဆက်သွယ်ပေးထားသည်။

ဦးပြုံးက ဆေးတိုက်မှ ပြန်လာတိုင်း ရှိန်းအခြေအနေကို အေးကို ပြောပြတတ်သည်။

'အခုလေ ဆရာက မမရဲ့၊ စူပါမားကက်တို့ ကားကုမ္ပဏီက ပြန်လာတယ်ဆို ဆေးတိုက်ကိုရောက်လာရော၊ ညနေခင်း အရင်လိုလည်း မသောက်တော့ဘူး'

ရှိန်း အနေအထိုင် ပြင်လာသည်ကြားလျှင် အေး စိတ်ပျော့ပျောင်းလို ပျော့ပျောင်းငြား ဦးပြုံးက ပြောပြသည်။

'ဘာလဲ ဟိုဆေးတိုက်မှာ နှစ်ပါးကြည်နေရတော့ ဒီအရည်ဘယ်သောက်တော့မလဲ'

ဦးပြုံးမှာ အေးစကားကြားတော့ မျက်လုံးပြူးသွားသည်။ ရှေ့စကား မဆက်နိုင်တော့။ မီးဖိုထဲဆင်းသွားကာ သူ ရင်ဖွင့်ရသည်။

'ငါတော့ စိတ်ညစ်တယ် မောင်ထွန်း၊ ညနေ အရက်ပွဲလုပ်မပေးရတော့ဘူးလို့ မမကို ပြောပြရင် စိတ်ပြေမလားလို့ ပြောပြလည်း မမက တင်းနေတုန်းပဲ'

ဦးပြုံးသည် စိတ်ပျက်လက်ပျက် ညည်းညူနေသည်။

'ကျွန်တော်တို့ ပို့တဲ့ ထမင်းတွေရော ဆရာစားလားဗျ'



'စားပါတယ်၊ သူ့ထုံးစံ ဆရာဝန်တွေ ဆရာမတွေ ခေါ်ကျွေး၊ အလုပ်သမားလေးတွေ ခေါ်ကျွေးပေါ့'

ဒေါ်သိန်းမေကလည်း စိတ်ပျက်သွားသည်။

'ဆရာ ချမ်းသာတာကလည်း ဓိမ်မရှိလိုက်တာ၊ ဟိုအဆိုကျော်တွေဆီ ဆရာ သွားသွားနေတာကိုလည်း မမအေးက မကျေနပ်ဘူးထင်ပ'့ သူ့အမြင် ပြောလိုက်သည်။

'အေး… မင်းက မိန်းမတွေး တွေးတာပေါ့လေ၊ ဆရာအပြင်မထွက်အောင် ခြေငြိမ်စေချင်ရင် မင်းတို့အစ်မကလည်း ဆရာ့ကို အစားအသောက်ကအစ ဂရုစိုက်ရတယ်၊ ဘာမဆို ကိုယ်ကသည်းခံရင် တစ်နေ့ ကိုယ့်လင်သား ကိုယ့်ဆီ ပြန်လာတာပဲ၊ ရုပ်ရည်တစ်ခုတည်း မဟုတ်ဘူး၊ လင်နဲ့မယား ရေရှည်ကျတော့ အစားအသောက် အပြုအစု အိမ်ထောင်အထိန်းအသိမ်းနဲ့ လင်ကို ထိန်းရတယ်၊ မေမေကြီးများ ကြည့်စမ်း၊ သေသာသွားရော တို့ဘယ်လောက်ရှိရှိ ဆရာကြီး အစားအသောက်ကို ကိုယ်တိုင်စီမံတာ'

ဦးထွန်းကလည်း သူ့အမြင် သူ့အယူအဆကို ယောကျ်ားတစ်ယောက်အနေနဲ့ ဝင်ပြောပြန်သည်။ သူတို့က ရန်ကုန်မလာခင်ဒေါ်အေးသွယ်အိမ်မှာ နေခဲ့ဖူးကြသည်။

'အခု ဆရာက အဲဒီမိန်းမတွေဘက်လည်း ခြေဦးမလှည့်တော့ဘူးလို့ ငါက စိတ်ပြေလိုပြေညား ပြောတော့ ဆေးတိုက်မှာ ဟိုဟာမရှိနေလို့လို့ ပြောပြန်ရော၊ စိတ်ပျက်တယ်ကွာ'

'ဘယ်ဟာမလဲ' ဒေါ်သိန်းမေက မေးပြန်သည်။

'ဟို ဆရာဝန်မ မလေးနု'

'မင်းကလည်း စပ်စုပြန်ပြီ၊ မင်းလည်း မိန်းမပဲ၊ မိန်းမချင်းက ဆရာ့ကို ကြိုက်ပါ့မလား၊ ထင်ကြေးနဲ့တော့ လင်ကို အရမ်းစွပ်စွဲနေတာ မဟုတ်သေးပါဘူး'

ဦးထွန်းက ငေါက်လိုက်၍ ဒေါ်သိန်းမေက ငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဇာနှင့် ဖြူပြာကတော့ ဆေးတိုက်ရောက်တော့ အဖေ ထမင်းစားချိန် ဂရုစိုက်ကြ၊ အိမ်ရောက်တော့လည်း အေး ကျန်းမာရေးကို ပို၍ဂရုစိုက်ကြရသည်။ တင်သက်မာကိုတော့ ဆေးတိုက်မှာ တွေ့တိုင်း အေးအကြောင်း ညီအစ်မတွေ ပြောဖြစ်ကြသည်။ ယခုတလော နှလုံးရောဂါကု ဆရာဝန် ဒေါ်ချိုချိုအေး ပြောစကားအရ အေး၏အသည်းကို ဆရာဝန်ကြီး ဦးခင်မောင်ဝင်းထံပြရန် ညှိကြားသည်။ ခက်သည်က ရှိန်းဆေးတိုက်က ဆရာဝန်များနှင့် အေးက မကုလိုပါ။

တင်သက်မာကလည်း ဆေးရုံကြီးကထွက်ပြီး ဆေးတိုက် တာဝန်ယူပေမယ့် တစ်ပတ်မှာ သုံးရက်ပဲ ဆေးတိုက်ကို လာနိုင်သည်။

'အန့်တီသက်မာကလည်း ဆေးတိုက်ကို အရင်လို နေ့တိုင်း မလာဘူး၊ ဘာဖြစ်လို့လဲ'

ထမင်းစားစဉ်တွေ့တော့ သူဇာက မေးလိုက်သည်။

'အိမ်ကို ဂရုစိုက်ရသေးတယ်၊ သားလည်း ကျောင်းကြို ရတယ်၊ သမီးတို့ အန့်ကယ်ဝင်း ဆန်စက်သွားရင်လည်း သူကြိုက်တတ်တာ ချက်ပြုတ်ပြီး သူနဲ့အတူ အန့်တီသက်မာ လိုက်သွားရတယ်၊ ဆန်စက်က လူတွေချက်တာ ကိုအောင်ဝင်းက သိပ်မကြိုက်ဘူး'

'အန့်တီသက်မာကတော့ ဦးလေးဝင်းကို ရပြီးလည်း ဂရုစိုက်တာပဲနော်'

ဖြူပြာက ပြောပြန်သည်။ တင်သက်မာက ညီအစ်မနှစ်ယောက်ကိုကြည့်ရင်း အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဘာမှအတွေ့အကြုံမရှိသော အပျိုစင်နှစ်ယောက်ကို သနားသွားသည်။

'သမီးတို့လည်း တစ်နေ့ ယောကျ်ားယူမှာပဲ၊ ယောကျ်ားဆိုတာ သမီးရည်းစားဘဝ မပိုင်မဆိုင်လို့ ပူရတယ်လို့ များသောအားဖြင့် မိန်းကလေးတွေက ထင်ကြတယ်၊ လက်ထပ်ပြီး ကိုယ်ပိုင်လာတော့မှ သာပြီး ပူပန်ရသေးတယ်'



'တကယ်' သူဇာက အချစ်အကြောင်း စိတ်ဝင်စားသူပီပီ စိတ်ဝင်စားစွာ မေးလိုက်သည်။

'ဟုတ်တယ်... အိမ်ထောင်ပြုပြီးမှ ကိုယ့်အပေါ် သာယာအောင် ပိုကြိုးစားရတယ်၊ အစားအသောက် အပြုအစု ကိုယ့်ထက် တော်တဲ့ မိန်းမနဲ့တွေ့ရင် ကိုယ့်ယောကျ်ားက အဲဒီမိန်းမဘက် ပါသွားတော့ ကိုယ်ပဲ ဒုက္ခရောက်တာ၊ အန့်တီသက်မာလည်း အလုပ်ကို လျှော့လိုက်ရတယ်လေ၊ ခုဆို ဆန်စက်လည်း အတူလိုက်သွား၊ သူအစားအသောက်မဆင်းရဲအောင် ဂရုစိုက်ရတာပေါ့၊ ဒါ့ကြောင့် မင်းတို့ဆေးခန်းမှာ အချိန်ပြည့် မလုပ်နိုင်တာ'

'အချစ်အကြောင်း သိချင်တဲ့ မိန်းမ၊ အန့်တီသက်မာ စကား မြဲမြဲမှတ်ထား' ဖြူပြာက ညီမကို လက်ညှိုးငေါက်ငေါက်ထိုးကာ ပြောလိုက်သည်။

'လက်ထပ်ပြီးတော့သည်း စိတ်မချရဘူးဆိုပါတော့လေ'

သူဇာက သူ့အတွေးလေးနှင့်သူ ညည်းညည်းညူညူ ပြောလိုက်သည်။

'အန့်တီမလေးလို အပျိုကြီးလုပ်နေနိုင်လည်း အကောင်းသား'

သူဇာက ပြောတော့...

'မင်းက အပျိုကြီးမလုပ်နိုင်လို့လား'

ဖြူပြာက မေးလိုက်သည်။

'အန့်တီမလေးကိုယ်တိုင်က ပြောတယ်လေ၊ သူကိုယ်တိုင်တောင် စကားကုန်အောင် မပြောဘူးတဲ့၊ တစ်နေ့ ချစ်တဲ့သူနဲ့တွေ့ရင် ယူမှာတဲ့'

သူဇာက ပြောလိုက်သည်။ မကြာခင် သူတို့ စကားပြောနေရာသို့ မလေးနု ဝင်လာသည်။

'သက်မာ ဘာတွေ စကားကောင်းနေလဲ၊ ဧည့်ခန်းမှာ ကိုအောင်ဝင်း စောင့်နေတယ်၊ မင်းကို လာကြိုတာ'

www.burmeseclassic.com

www.burmeseclassic.com



မလေးနုက ပြောလိုက်တော့ တင်သက်မာက ပျာသွားသည်

"ဟယ်… ချစ်ချစ်ကြီး ရောက်နေ ကိုး၊ စောင့်နေရတာ ကြာပြီလားမသိ၊ ကဲ… အန်တီသက်မာ သွားလိုက်ဦးမယ်၊ တာ့တာ"

တင်သက်မာက ပြောပြောဆိုဆို အပြေးအလွှား ထွက်သွား၍ သူဇာနှင့် ဖြူပြာတို့ ရယ်မောကျန်ရစ်သည်။

မလေးနုကတော့ ဝမ်းသာသည်။ တင်သက်မာ ဆေးတိုက် လာသော နေ့တိုင်းလိုလို ကိုအောင်ဝင်းက ဂရုတစိုက် လာကြိုခြင်း လာပို့ခြင်းမှာ တင်သက်မာကို အရေးပေးသော သဘော။ တဖြည်း ဖြည်းနှင့် လင်မယားဆက်ဆံရေးက အခြေအနေ တိုးတက်လာသည် ကို ပြနေသည်။ ဖြူပြာတို့ကတော့ ဘာမှမသိပါ။ မလေးနုအတွက် တော့ ယခုလို တင်သက်မာတို့ ဇနီးမောင်နှံ အဆင်ပြေလာကြခြင်း မှာ စိတ်ချမ်းသာစရာ ဖြစ်ပါသည်။ ဘာလိုလိုနှင့် သူတို့ဆေးခန်း သည် သက္ကရာဇ် ၂၀၀၀ မှာ ဆယ်နှစ်ပြည့်တော့မည်။ ဆယ်နှစ်ပြည့် အထိမ်းအမှတ်ကို တခမ်းတနားလုပ်ဖို့ သူ စိတ်ကူးနေသည်။ ဒါပေမဲ့ လည်း သုံးနှစ်လောက်လိုသေးသော ကာလမှာ အဖြစ်အပျက်တွေ အများကြီးဖြစ်နိုင်သည်။ ဘာပဲဖြစ်ဖြစ် အခြေအနေသည် ယခုထက် တိုးတက်ဖို့ရှိသည်။ တစ်စုံတစ်ရာ ဆိုးဆိုးဝါးဝါး ဖြစ်စရာမရှိဟု မလေးနုက ထင်သည်။

ဆေးတိုက်အနေနှင့် ရှိန်း နိုင်ငံခြားသို့သွားတိုင်း ဆရာဝန်များ နှင့် ညှိနှိုင်းကာ ခေတ်မီဆေးကုသသည့် ကိရိယာများ ဝယ်လာသည်။ မြန်မာပြည်မှာ ဆရာဝန်များ အရည်အချင်း မညံ့ပါ။ နိုင်ငံခြားမှာ သွားလုပ်သော ဆရာဝန်တိုင်းလိုလို နိုင်ငံခြားသား ဆရာဝန်နှင့် တန်းတူလိုက်နိုင်ရုံသာမက သာသည့်လူ၊ ထူးချွန်သည့်လူများတောင် ရှိသည်။ တစ်ခုပဲ။ မြန်မာပြည်မှာ ကုသရာတွင် ခေတ်မီဆေးပစ္စည်း ကိရိယာနှင့် ဆေးဝါးမလုံလောက်တာ တစ်ခုပဲ ချို့ယွင်းချက်ရှိသည်။

ရှိန်းက ဆေးတိုက်က လိုသမျှပစ္စည်းကို ဝယ်၍လာကာ



ဖြည့်ဆည်းသည့်အတွက် ရှိန်းဆေးတိုက်က နာမည်ကောင်းထွက်လာ သည်။ စေတနာခန်းကလည်း တစ်နှစ် အနည်းဆုံး လူနာငါးသိန်း လောက် လုံးဝ အနာပျောက်ကင်း၍ ကျန်ငါးသိန်းက နာတာရှည် လူနာပေမယ့် သက်သာရာရကြသည်။ အထူးသဖြင့် အဆုတ်နာ လူနာတွေအဖို့ ရောဂါနုသေးသော လူနာတစ်ရာလျှင် ကိုးဆယ်နီးနီး ဆေးဝါးအလုံအလောက် ရရှိ၍ ပျောက်ကင်းကြသည်။

ဒါပေမဲ့ ရှိန်းသည် ဌာနဆိုင်ရာမှ ဆရာဝန်ကြီးများ အစီ ရင်ခံစာ တက်လာတိုင်း သေသေချာချာ ဖတ်ရှုသည်။ စေတနာခန်း မှာ ဖြစ်ပွားသော လူနာများ၏ ရောဂါကို သူ စိတ်ဝင်စားစွာ ဖတ်ရှု သည်။ များသောအားဖြင့် ငွေကြေးခန်းက ဆီးချို၊ သွေးတိုး၊ နှလုံး စသည်ဖြင့် အဆီအအိမ့်စား၍ ဖြစ်သောရောဂါများ၊ ဆေးလိပ်သောက် များ၍၊ အရက်သောက်များ၍ ဖြစ်တတ်သော အသည်းခြောက်ရောဂါ၊ အစာအိမ်ရောဂါများ အဖြစ်များသည်။ အဆုတ်နာဖြစ်ပေမယ့် ကုသ ၍ ပျောက်ကင်းကြသည်ပဲ ဖြစ်သည်။ လုံလောက်သော ဆေးဝါး အာဟာရတွေ ရရှိနိုင်သူတွေဖြစ်သည်။

စေတနာခန်းက လူနာတွေကတော့ ဆင်းရဲနာခေါ်ရမည်။ အဆုတ်နာက ပထမလိုက်၍ ငှက်ဖျားက ဒုတိယလိုက်သည်။ ကိုယ်ခံ အားနည်းကျဆင်းရောဂါက တတိယလိုက်သည်။

ရှိန်း မကျေနပ်သည်က များသောအားဖြင့် ကုသ၍ လုံးလုံး ပျောက်ကင်းသော အဆုတ်နာနှင့် ငှက်ဖျားရောဂါ လူနာများ တချို့ ပြန်၍ဖြစ်ကြသည်။ တချို့လည်း အပြင်လူနာအဖြစ်နေ၍ ဆေးတောင်း သောက်ရာမှ မသက်သာဘဲ ရောဂါတိုးကာ သေဆုံးရသူတွေပါ စာရင်းဇယားအရ များလာသည်။

လပတ်အစည်းအဝေးတွင် ရှိန်းက ထိုကိစ္စကို တင်ပြတော့ အဆုတ်နာဆရာဝန်ကြီးများနှင့် ငှက်ဖျားရောဂါ ဆရာဝန်ကြီးများက အကြံဉာဏ်ပေးသည်။ ရောဂါရှင်များလိပ်စာ ဆေးတိုက်မှာရှိ၍ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ယူ တွေ့ဆုံမေးမြန်းဖို့။

ဒုတိယ အစိုးရဆေးရုံများတွင် ရပ်ကွက်တိုင်းရှိ ဒေသန္တရဆေးရုံများမှ သူနာပြုဆရာမများက အဆုတ်နာနှင့် ငှက်ဖျားရောဂါရှင်များကို လိုက်လံတွေ့ဆုံ၍ ရောဂါအခြေအနေ စစ်ဆေးသလို ရှိန်းဆေးကုခန်းမှဖွဲ့စည်းထားရသော လူငယ်ကလေးများကို စေလွှတ်၊ လူနာစာရင်းအရ လိပ်စာအတိုင်း တွေ့ဆုံစေဖို့၊ လူနာများ၏ တကယ်နေရသော အိမ်ပတ်ဝန်းကျင်အခြေအနေနှင့် အလုပ်အကိုင် အစားအသောက်ကိုပါ စုံစမ်းကာ အစီရင်ခံစာတင်ဖို့ တင်ပြကြသည်။

တက်လာသော အစီရင်ခံစာအပေါ်မှာတည်၍ ရှေ့ဆက်ဘာလုပ်ရမည်ကို ဆွေးနွေးရန် အကြံပြုလာသည်။

မလေးနုသည် လူနာစုံစမ်းရေးအဖွဲ့မှ လူငယ်မောင်တွေးနှင့်အတူ သူတာဝန်ကျသော လူနာ ကိုစိန်မောင်ထံ ထွက်လာခဲ့သည်။ ကိုစိန်မောင်က အဆုတ်နာရောဂါကုသရာမှ ပျောက်ကင်း၍ ဆေးတိုက်မှဆင်းသွားပြီး ပြန်ဖြစ်သူ။ သူ့လိပ်စာက အတိအကျမရှိ။ မဟာသိပ္ပံဘုန်းကြီးကျောင်းမှတစ်ဆင့် ပေးထားသည်။ သူတို့သည် သင်္ကန်းကျွန်းအရှေ့ဘက်အဖျားရှိ မဟာသိပ္ပံဘုန်းကြီးကျောင်းကို အရင်ဝင်မေးရသည်။

ကျောင်းထိုင်ဘုန်းကြီးသည် ရပ်ကွက်ထဲမှ ထင်ရသော ကလေးများကို စာသင်ပေးနေသည်။ မူလတန်းသားများ ဖြစ်ဟန်တူသည်။ ကလေးများကတော့ သပ်သပ်ရပ်ရပ်၊ မျက်နှာမှာ သနပ်ခါးဝါဝါ ဘဲကျားလေးတွေနှင့်။ အဝတ်အစားက သစ်လွင်တောက်ပခြင်းမရှိသော်လည်း သပ်ရပ်သည်။

ဘုန်းကြီးကို မလေးနုတို့ ဝင်ကန်တော့ပြီး မကြာခင် အတန်းဖြုတ်လိုက်သည်။ မလေးနုက လူနာဟောင်း ကိုစိန်မောင်ကို တွေ့လိုကြောင်း အကျိုးအကြောင်း ဆရာတော်ဘုရားကို လျှောက်သည်။

"စိန်မောင်ဆိုရင် နို့ဆီခွက်ဝယ်တဲ့ ဒကာထင်တယ်၊ ကျောင်းသားလေးတစ်ယောက်ကို အခေါ်ခိုင်းလိုက်မယ်"



ဘုန်းကြီးက မိန့်၏။

"တပည့်တော်တို့နှင့် ကျောင်းသားလေးကို ထည့်လိုက်ပါ၊ တပည့်တော်တို့က သူဘယ်လိုနေတယ် ထိုင်တယ်ဆိုတာ သိချင်လို့ပါ"

* * *

"မမ ကြွပါ၊ ကြွပါ" ဟု ဆိုကာ ထိုသူက ကွပ်ပျစ်မှထကာ ဆီးကြိုသည်။

မလေးနုသည် ကွပ်ပျစ်ပေါ်ထိုင်လိုက်၏။ တဲဝမှ အုတ်ခဲသုံးလုံးနှင့် မီးမွှေးဖိုနှင့် ဒန်အိုးဟောင်းတစ်ခုပဲ တွေ့ရသည်။ ဝါးလုံးတန်းမှာတော့ ပုဆိုးစုတ်တစ်ထည်၊ ဝါးကွပ်ပျစ်မှာ ခေါင်းအုံးဟောင်းလေးတစ်လုံးပဲ ရှိသည်။

"မမ ဘာကိစ္စရှိလို့လဲ၊ ကျွန်တော် ပြင်ပဆေးပေးခန်းမှာ ဆေးလာယူပါတယ်၊ ခုတလော မအားလို့"

မလေးနုသည် လူနာတွေများ၍ မမှတ်မိပေမယ့် ထိုသူက မလေးနုကို သိနေသည်။

"ကိုစိန်မောင် တီဘီပြန်ဖြစ်နေတယ်လို့ ဆရာကြီးဦးကျော်လှိုင် အစီရင်ခံစာထဲမှာ ပါလာလို့ ကျွန်မတို့ ဆေးတိုက်ပိုင်ရှင် ဦးဗညားရှိန်းက ဘာ့ကြောင့်ဆိုတာ စုံစမ်းခိုင်းတယ်လေ၊ ဆေးမှန်မှန်တော့ သောက်တယ်မဟုတ်လား"

"ဟုတ်ပါတယ်"

ကိုစိန်မောင်က ရှေ့မဆက်ပါ။ ကိုစိန်မောင်သည် အသားဝါဖျော့ကာ ကိုယ်အလေးချိန် ကျနေပုံရသည်။ ပါးရိုးတွေငေါထွက်ကာ မျက်တွင်းက ချိုင့်နေသည်။ ဒါလောက် မြင်ကွင်းနဲ့ပဲ မလေးနုက ဆရာဝန်တစ်ယောက်ပဲ သိပါပြီ။ ဆေးဝါးတစ်ခုတည်းနှင့် လူနာဟောင်းတစ်ယောက် သို့မဟုတ် နာလန်ထလူနာတစ်ယောက်အတွက်

www.burmeseclassic.com

www.burmeseclassic.com



မလုံလောက်ပါ။ ဆေးဝါးဆက်စားပြီး အာဟာရက လူတစ်ယောက်အတွက် လုံလောက်သော အစားအစာလိုသည်။

'ကိုစိန်မောင် တစ်ယောက်တည်းနေလား'

မလေးနုက မေးလိုက်သည်။

'သားလေးတစ်ယောက်ရှိတယ်၊ ကျွန်တော် ဒီနေ့ နည်းနည်းနေမကောင်းလို့ နို့ဆီဘူးခွံဝယ်ဖို့ လွှတ်လိုက်တယ်'

'ကဲ… ဆေးခန်းကို နောက်အပတ် ဆေးယူရင်း ဆရာဝန်ကြီး ဦးကျော်လှိုင်နဲ့တွေ့ပါနော်၊ ဆရာကြီးက တနင်္လာနဲ့ ကြာသပတေးရှိတယ်လေ၊ ကျွန်မ ပြန်ဦးမယ်၊ ဒီမှာ ငွေငါးရာပေးခဲ့မယ်'

မလေးနုသည် လက်ပွေ့အိတ်ထဲမှ ငါးရာတန်တစ်ရွက်ဖျာပေါ်ချပေးခဲ့၍ အဖော်သူငယ်လေးနှင့် ပြန်လာခဲ့သည်။ အဖော်သူငယ်မောင်ထွေးနှင့်အတူ ဘုန်းကြီးကျောင်းသို့ အပြန် ဝင်ကန်တော့သည်။

'ဒကာမလေး တွေ့ချင်တဲ့လူနဲ့ တွေ့ခဲ့ရဲ့လား'

'တွေ့ခဲ့ပါတယ်ဘုရား'

'သူက ဘာရောဂါလဲ'

'တီဘီအဆုတ်နာရောဂါပါ ဘုရား၊ တပည့်တော်တို့ဆေးခန်းမှာ လာကုနေပါတယ်၊ ပျောက်သွားလိုက် ပြန်ဖြစ်လိုက်မို့ လာကြည့်တာပါ'

'ကျေးဇူးတင်ပါတယ် ဒကာမလေးရယ်၊ ဒီရပ်ကွက်က နာမည်ကတော့ ဘုဝမြင့်ရိပ်သာ၊ လူတွေက ဆင်းရဲသားချည်းပဲ၊ ကုမယ်ဆို တစ်ရပ်ကွက်လုံး ကုရမှာ၊ ဘုန်းကြီးက ရောဂါမကုတတ်တော့ ရပ်ကွက်ကလေးတွေကိုပဲ စာသင်ပေးရတယ်'

'စာသင်ပေးတာလည်း ကောင်းပါတယ်ဘုရား၊ ရပ်ကွက်ကို ကူညီရာရတာပေါ့၊ သူ့ရောဂါကတော့ ရောဂါပျောက်ပြီးပေမယ့် လုံလောက်တဲ့ အာဟာရ မရလို့ပါပဲ'



ဘုန်းကြီးခမျာ သက်ပြင်းချလိုက်သည်။

'အစပထမက သက်ဆိုင်ရာ ရပ်ကွက်ကို နေရာချပေးစဉ်ကတော့ မဆိုးဘူး၊ သန့်သေးတယ်၊ နောက်တော့ တဲအိမ်တွေက တဖြည်းဖြည်း ပျက်စီး၊ ပြုပြင်ဖို့လည်း မတတ်နိုင်တော့ အိမ်သာနဲ့ ရေမြောင်းရေပုပ်တွေနဲ့ မသန့်ရှင်းတော့ဘူး၊ ဘုန်းကြီးတို့ကတော့ ဘုန်းကြီးဒကာ ဒကာမတွေလှူတဲ့ ဆန်နဲ့ အသားဆန်ပြုတ် အဖိတ်နေ့တိုင်း ကလေးတွေကို ကျွေးရတယ်၊ ဒါပဲ တတ်နိုင်တယ်ကွယ်'

'ခွင့်ပြုပါဘုရား၊ တပည့်တော်လည်း ပြန်လိုက်ပါဦးမယ်'

မလေးနုက ဘုန်းကြီးကို ကန်တော့ကာ အဖော်သူငယ်ကလေးနှင့် ပြန်လာသည်။ လမ်းမှာ သူငယ်ကလေးကို ပြန်လွှတ်၍ ဘော်မဆင်ရှိ ယောက္ခမကြီးများအိမ်ကို ဝင်လိုက်သည်။ အဘွားကြီးအဘိုးကြီးက ဝမ်းသာအားရ ဆီးကြိုကြသည်။

'မလေး ဒီမှာ ထမင်းစားသွား' ဟု မမြသွေးက ပြောသည်။

'မစားအားသေးပါဘူး မမရယ်၊ မလေးလည်း လမ်းကြုံတာနဲ့ ဝင်လာတာ၊ ရန်ကုန်မှာသာ နေတယ်ဆိုတာ ဖုန်းနဲ့ပဲ မမတို့ကို တွေ့ရတာ၊ မလေးက မလာနိုင်ဘူး'

'ဒါ ရန်ကုန်ရောက်လာရင် ဒီအတိုင်းပဲ ဖြစ်ရမယ်၊ မလေးဘယ်ကလှည့်လာလဲ၊ ကဲ… ကော်ဖီတိုက်ဟေ့'

ဦးအေးကြူက ပြောလိုက်သည်။ မလေးနုသည် ရှိန်းနှင့် ဆရာကြီးများ ဆွေးနွေးကြပုံနှင့် သူ့လူနာတစ်ယောက်ကို လာတွေ့သည့်အကြောင်းရော၊ ကိုစိန်မောင်၏ အခြေအနေကိုပါ ပြောပြသည်။

ဦးအေးကြူက တွေတွေလေး စဉ်းစားနေသည်။ အဘွားကြီးနှင့် မမြသွေးတို့က ကော်ဖီများ၊ မုန့်များ လာချပေးသည်။

'ကဲ… သမီး၊ သောက်ရင်း စကားပြော'

အဘွားကြီးက ကော်ဖီပန်းကန် လှမ်းပေးသည်။ မလေးနုသည် ကော်ဖီပန်းကန်လှမ်းယူရင်း စကားဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မလေးဖြင့် ဒီရပ်ကွက်ဖျက်ပြီး တစ်ခါတည်း တိုက်တန်းလျားသာ ဆောက်ပေးလိုက်ချင်တယ်၊ အိမ်သာသန့်သန့်နဲ့ ဆောက်ပေးချင်တယ်၊ ခု ရပ်ကွက်က လေကောင်းလေသန့်က မရ၊ အာဟာရက ချို့တဲ့နဲ့၊ ဒီလူနာ ပြန်ဖြစ်မှာပေါ့'

'ဖေဖေ စဉ်းစားရတာ ရှိန်းကို ပြောပြလိုက်မယ်နော်၊ ဟို ၁၉၅၄ လောက်က ဆိုရမယ်၊ ရန်ကုန်ဆေးရုံကြီးမှာ လူနာစောင့်ရှောက်ရေးအဖွဲ့ဆိုတာ ရှိတယ်၊ ကြက်ခြေနီအဖွဲ့ မဟုတ်ဘူးနော်၊ သူတို့က လခနဲ့ အလုပ်လုပ်တယ်၊ ဒီအဖွဲ့က ဆင်းရဲသားလူနာတွေကို တွေ့ဆုံရတယ်၊ အခြေအနေကို လေ့လာရတယ်၊ လူနာဟာ အိမ်ထောင်ဦးစီးလား၊ မှီခိုလား၊ ဦးစီးဆိုရင် သူဆေးရုံတက်နေစဉ် သူ့အိမ်က ဘာနဲ့စားနေလဲ၊ အကုန်စုံစမ်းရတယ်၊ ဆေးရုံက ဆင်းသွားလည်း သူ စီးပွားရေး ဘာပြန်လုပ်သလဲဆိုတာကအစ စုံစမ်းရတယ်'

'စုံစမ်းပြီး ဘယ်လိုဖြေရှင်းပေးလဲ'

မလေးနက မေးလိုက်သည်။

'အဲဒီတုန်းက ဒေါ်ခင်စီထင်တယ်၊ ဖေဖေ မှတ်မိသေးတယ်၊ သူတို့က လူနာရဲ့ အိမ်သားတွေ လူနာဆေးရုံတက်နေစဉ် ဝင်ငွေရဖို့ အလုပ်တစ်ခုခု စီစဉ်ပေးတယ်၊ လူနာကိုယ်တိုင်လည်း ရောဂါပျောက်ကင်းပြီး ဆေးရုံကဆင်းရင် အလုပ်မရှိရင် ဈေးရောင်းဖို့ ငွေရင်းငွေနှီး ထုတ်ပေးတယ်၊ အဲဒီအဖွဲ့ကို လူနာများ စောင့်ရှောက်ရေးအဖွဲ့လို့ပဲ နာမည်ပေးထားတယ်ထင်တယ်၊ ဖေဖေလည်း သိပ်မမှတ်မိတော့ဘူး၊ ဒေါ်ခင်စီသာ သူက အမေရိကက အပြန် ဖေဖေ့ကို သူ့လုပ်ငန်းတွေ ရှင်းပြလို့ သိရတာ၊ သူနဲ့လည်း အခု အဆက်အသွယ် မရတော့ဘူး'

'ဟုတ်ပါတယ် ဖေဖေရယ်၊ ဆင်းရဲတဲ့ ရောဂါပါပဲ၊ လုံလောက်တဲ့ အာဟာရရယ်၊ တိုက်ကြီးမဟုတ်တောင် ကျန်းမာခြင်းနဲ့ ညီတဲ့ တဲလေးဖြစ်ဖြစ် လူတစ်ယောက်အတွက် လိုတယ်လေ၊ ခုတော့



ရပ်ကွက်ကိုက ရောဂါပိုးတွေ ပေါက်ပွားစရာ ဖြစ်နေတယ်၊ ရေစီးရေလာမကောင်း၊ အိမ်သာနံ့က နံ၊ ဝါးထရံက အအေးလည်း မလုံ၊ အာဟာရက မလုံလောက်၊ ဖေဖေပြောတာကိုလည်း မလေး ရှိန်းကို ပြောပြပါ့မယ်၊ ရှိန်း တစ်ယောက်တည်းတော့ ဖြေရှင်းနိုင်မယ် မထင်ဘူး၊ အစိုးရက ပါမှ ဖြစ်မယ်ထင်တယ်၊ ဒေါ်ခင်စီတို့အဖွဲ့က အစိုးရ လက်အောက်ကလား'

'ဟုတ်တယ်၊ သူက လခနဲ့လုပ်နေတာပဲ'

မလေးနုသည် ကော်ဖီသောက်ပြီး မတော်လိုက်ရသော ယောက္ခမ၊ ယောက်မများကို နှုတ်ဆက်ကာ ဆေးတိုက်သို့ ပြန်လာခဲ့သည်။

ရှိန်း စေလွှတ်သော သူငယ်လေးများနှင့်တကွ မလေးနုပါ သူတို့လူနာတွေ၏ နေရထိုင်ရပုံ အသေးစိတ် အစီရင်ခံစာ လပတ်အစည်းအဝေးမှာ တင်ပြကြသည်။

လူနာများ အခြေအနေက အဆုတ်ရောဂါတင် မဟုတ် ငှက်ဖျားရောဂါကလည်း ဒုတိယ လိုက်လာသည်။ ငှက်ဖျားက ပျောက်သွားလည်း ရေစီးရေလာမကောင်းသော ရပ်ကွက်မှာ ခြင်များ ပေါက်ဖွားလွယ်၍ ငှက်ဖျားအခံရှိသူကို ကိုက်ရာမှ တခြားလူကို ကိုက်ရင်း ငှက်ဖျားက ကူးစက်သွားသည်။ ဖြစ်ပြီးသူကိုလည်း ပြန်ဖြစ်သည်။ တောတောင်ထူထပ်သော ဒေသတွင်မှမဟုတ် ရန်ကုန်မြို့လယ်ခေါင်မှာ ငှက်ဖျားရောဂါက ချဉ်းနင်းဝင်ရောက်လာသည်။ ကာကွယ်ခြင်းအဆင့်ကို ဟောပြောလည်း ခြင်က ကိုယ့်အိမ်ဩောင်ရေအိုးအောက်မှာ ပေါက်ပွားနေသည်မှ မဟုတ်၊ ရပ်ကွက်အတွင်းရှိ ရေဗွက်ရေအိုင်များနှင့် အိမ်ရှေ့ရေမြောင်းများမှာ ရေက ဝပ်နေခြင်းက ခြင်ပေါက်ပွားဖို့ ဖြစ်နေသည်။ မိုးတွင်းဆို သာဆိုးသေးသည်။ အိမ်သာရေနှင့် မြောင်းပုပ်ရေရောကာ အနံ့အသက်က ဆိုး၊ ခြင်ကဆါနှင့် ငှက်ဖျားပိုးကို ဘယ်ကမှ ဖိတ်ခေါ်စရာမလို၊ ရပ်ကွက်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ် ငှက်ဖျားပိုးများဖြစ်သည်။

မလေးနုက အစီရင်ခံစာများအပြီးမှာ ဦးအေးကြူ၏ လူနာစောင့်ရှောက်ရေးအဖွဲ့အကြောင်း တင်ပြသည်။

ဆရာဝန်ကြီးများအနေနှင့် တစ်စုံတစ်ရာ ဆုံးဖြတ်ချက်မချနိုင်။ ဖြစ်လာသောကိစ္စက ရပ်ကွက်မသန့်ရှင်းမှု၊ နေအိမ်များ စနစ်တကျမရှိခြင်း၊ စီးပွားရေးမခိုင်၍ အာဟာရချို့တဲ့ခြင်းဖြစ်သည်။

စေတနာခန်းမှာ ရောဂါကုသခံယူနေစဉ် ဆရာဝန်များက လုံလောက်သော ဆေးဝါးကုသမှု အပြည့်အဝပေးနိုင်သည်။ အာဟာရနှင့် ဆေးဝါးကိုလည်း လူနာများအတွက် ဆေးတိုက်က စေတနာခန်းအနေနှင့် ကူညီနိုင်ခြင်းဖြစ်သည်။ ဆေးရုံက ဆင်းသွားသည်အထိ ဦးအေးကြူပြောသော စီးပွားရေးအကူအညီဆိုသည်မှာ များစွာသော ဆင်းရဲသား လူနာများအတွက် ဆရာဝန်ကြီးများလည်း မကူညီနိုင်၊ ရှိန်းတစ်ယောက်တည်းနှင့်လည်း မတတ်နိုင်ပါလေ။ ရှိန်းကလည်း ငိုင်၍ စဉ်းစားနေသည်။ ဆရာဝန်တစ်ယောက်က နောက်ဆုံး အဆုံးအဖြတ်ပေးလိုက်သည်။

'ကျွန်တော်တို့အထဲက အဖွဲ့ငယ်လေးဖွဲ့ပြီး ဦးအေးကြူပြောတဲ့ လူနာစောင့်ရှောက်ရေးအဖွဲ့တွေထဲက တစ်ယောက်ယောက်ရှိသေးရင်ပေါ့လေ၊ ရှာဖွေတွေ့ဆုံ၊ သူတို့ ဘယ်လိုလုပ်သလဲဆိုတာ အကြံဉာဏ်ယူသင့်တာပေါ့၊ ခုကိစ္စကို လောလောဆယ် မဆုံးဖြတ်သေးဘဲ ရွှေ့ဆိုင်းထားပါ'

အများသဘောတူ ရွှေ့ဆိုင်းလိုက်ရသော်လည်း လက်တွေ့မှာ နာလန်ထ လူနာပြဿနာကို မဖြေရှင်းနိုင်ကြ၍ အတော်ပင်စိတ်ပင်ပန်းကြရသည်။

ရှိန်းကိုယ်တိုင် ဒီကိစ္စ မဖြေရှင်းနိုင်၍ မကျေနပ်ပါ။ သို့သော်ဤကိစ္စက တစ်ယောက်အားနှင့် ယူ၍မရနိုင်သော ကိစ္စဖြစ်သည်ကို ရှိန်း သဘောပေါက်၍ အားမတန် မာန်လျှော့လိုက်ရပါသည်။

❀ ❀ ❀

- ၁၆ -

မလေးနု အားချိန်ရသော ဗုဒ္ဓဟူးနေ့လယ်မှာ ကိုအောင်ဝင်းနှင့် တင်သက်မာက နေ့လယ်စာစားဖို့ လာခေါ်ကြသည်။ မလေးနုအဖို့လည်း ဆေးခန်းမှာ တကုပ်ကုပ်နှင့် ခေါင်းမဖော်နိုင်။ တစ်ချိန်လုံးလိုလို သူ့စိတ်ရော ခန္ဓာကိုယ်ရော မြုပ်နှံထားရသည်။ ယခုလည်း နာလန်ထနှင့် ပြန်ဖြစ်သော လူနာများအတွက် ဖြေရှင်းမရနိုင်သော ပြဿနာကြောင့် မလေးနု ဦးနှောက်ခြောက်နေသည်။

တင်သက်မာတို့ ဇနီးမောင်နှံခေါ်ရာ မြို့ပြင်ရှိ မြယမုံနာဟိုတယ်လေးသို့ လိုက်လာခဲ့သည်။ ဟိုတယ်၏အတွင်းဘက် သီးသန့်စားသောက်ခန်းလေးမှာ သူတို့သုံးယောက် အစားအစာများ မှာယူစားသောက်ကြသည်။ မလေးနု အကဲခတ်မိသမျှ တင်သက်မာသည် အခြေအနေကို အချိန်မီ ထိန်းသိမ်းနိုင်ပုံရ၍ ကိုအောင်ဝင်းကလည်း သူ့ခြေလှမ်းကို ပြင်လိုက်သည် ထင်သည်။ အစားအသောက်များကို တယုတယ တင်သက်မာ-ပန်းကန်ထဲသို့ ထည့်ပေးရုံမက ယုယုယယ ကြင်ကြင်နာနာ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုနေပုံတွေမှာ မလေးနုကို မုဒိတာပွားစေပါသည်။

'မလေးလည်း ကျွန်တော်တို့နဲ့ ခုလို ခဏခဏထွက်ပေးပါဗျာ၊ သံပတ်ပေးထားတဲ့ အရုပ်ကြီးလို မရပ်မနား လုပ်မနေပါနဲ့၊ သံပတ်တောင် ပြတ်ထွက်မယ်၊ လူဆိုတော့ ဦးနှောက်ခြောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးဖြစ်တော့မယ်၊ ခင်ဗျားသူငယ်ချင်း တင်သက်မာလည်း ဆေးရုံကြီးက ထွက်လိုက်ပေလို့၊ နို့မို့ရင် ဟိုပြေးဒီပြေးနဲ့ တစ်ခါမှ မနားရဘူး၊ ကျွန်တော့်ကိုတောင် လှည့်မကြည့်နိုင်ဘူး'

ကိုအောင်ဝင်းက စားသောက်နေသည်ကို လက်စသတ်ရင်း ပြောလိုက်သည်။

'အခု သက်မာက ကိုအောင်ဝင်းကို ဂရုစိုက်လာပါတယ်နော်'

မလေးနုက ပြောလိုက်တော့ လင်မယားနှစ်ယောက် ရယ်မောလိုက်ကြသည်။

'ကိုယ်တို့ ဒီမှာ လာစားတော့ ရှိန်းကို သတိရတယ်ကွာ၊ ကိုဝင်းတို့လက်မထပ်ခင် ထမင်းကျွေးတော့ ရှိန်းပါတယ်နော် သက်မာ'

'ဟုတ်တယ်လေ'

သက်မာက ဖြေလိုက်သည်။

'ဒီလူက စကားပြောပွင့်လင်းတယ် ချစ်စရာကြီး၊ အခု တလော ခြေငြိမ်နေတယ်'

'သူ့အမေဆုံးပြီး စိတ်မကောင်းတာလည်း ပါတယ်၊ အလုပ်ကလည်းများတော့ အလုပ်ပိနေလို့'

မလေးက ဖြေလိုက်သည်။

'နောက် တို့များ တစ်ခါလောက် မလေးကိုခေါ်ပြီး ဦးနောက်ရှင်းရင် ရှိန်းကိုပါခေါ်ခဲ့ပါ သက်မာရယ်'

သက်မာက ခေါင်းညိတ်ပြ၍ ဘီလ်ကို ရှင်းလိုက်သည်။

သူတို့သုံးယောက် ဟိုတယ်ထဲမှထွက်ကာ ကားရှိရာသို့ လာကြသည်။ ကိုအောင်ဝင်းက ကားသော့ဖွင့်ကာ ကားတံခါးကိုဖွင့်ပေးသည်။ သက်မာက မလေးနုနှင့် နောက်မှာပဲ အတူထိုင်သည်။ ကိုအောင်ဝင်းက ကားကို နောက်ဆုတ်၍ အပြင်ဝင်းဝသို့ ထွက်မည် အလုပ် ကားတစ်စီး ဟိုတယ်ထဲသို့ ဝင်လာသည်ကို မလေးနု တွေ့လိုက်သည်။



ရှေ့မှ ကားတစ်စီးခံနေ၍ မလေးနုတို့ ထွက်မရသေး။ မလေးနုမျက်လုံးများက ဝင်းဝမှ နောက်ဝင်လာသောကားကို မျက်စိ ရောက်နေသည်။ ကားက အက်စ်အီး လီမိတက် အဖြူရောင် ၉/က။ ဟိုတယ်ရှေ့ရောက်၍ အစောင့်သူငယ်မလေးက ကားတံခါးဆင်းဖွင့် သောအခါ ဆင်းလာသူနှစ်ယောက်ကို မလေးနု မြင်လိုက်တော့ အံ့အားသင့်သွားသည်။

'သက်မာ ကြည့်စမ်း၊ သူဇာ့ကို တွေ့လိုက်လား'

မလေးနုက သက်မ ပခုံးပုတ်ကာ အလန့်တကြားပြောနေ သည်။ ကိုအောင်ဝင်းကတော့ ရှေ့ကကား ထွက်သွားပြီဖြစ်၍ ခြံဝကို ကားမောင်းသွားရသောကြောင့် သူတို့နှစ်ယောက် ပြောနေသည်များ ကို နားမလည်။

'တွေ့တယ်၊ သူ့ကောင်က မဆိုးဘူး၊ ဖြူဖြူထောင်ထောင် မောင်းမောင်း လူချောပဲ၊ ကောင်မလေးထက် ကြီးပုံရတယ်'

'အိမ်က သိရဲ့လား မသိဘူး၊ ဖြူပြာ့ကိုတော့ ပြောပြရဦး မယ်'

'အောင်မယ်… အပျိုကြီးမရယ်၊ ရည်းစားချိန်းတွေ့ပါတယ် ဆိုမှ အိမ်ကို ပြောပါ့မလား'

'ခင်ဗျားတို့နှစ်ယောက် ဘာပြဿနာ ဖြစ်နေကြလဲ'

ကိုအောင်ဝင်းက ကားမောင်းရင်း မေးလိုက်သည်။

'သူဇာ သူ့အဆက်နဲ့ ဟိုတယ်ထဲဝင်သွားတာတွေ့လိုက်လို့'

'ဒါများ အဆန်းလိုက်လို့'

'ဆန်းရတယ် ကိုဝင်းရေ၊ မိန်းကလေးမွေးရတာ ကိုယ့်မှာ လည်း သမီးနဲ့၊ နောက်မကြာဘူး၊ သက်မာတို့ လေးငါးနှစ်ဆို သမီး အရွယ်ရောက်လာပြီ၊ ပူရတော့မယ်၊ ကောင်းတဲ့လူတွေ့ရင် တော်ပါ သေးရဲ့၊ ခုခေတ်က ဆေးသမားလေးတွေ ပေါသနဲ့'

ကိုအောင်ဝင်းက ဘာမှဆက်မပြောဘဲ ကားကို ဂရုစိုက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းသွားသည်။ သူငယ်ချင်းနှစ်ယောက်လည်း ကားနောက်မှာ စကားမပြောနိုင်ကြ။ တင်သက်မာက သမီးအရွယ်ရောက်မည့်အချိန်ကို တွေးပူမိသလို မလေးနုကလည်း သူ့ဇာတ်အကြောင်းကို ဖြူဖြူတို့ကို အသိပေးဖို့ တွေးလာသည်။ ဘာပဲဖြစ်ဖြစ်လေ ရှိန်း၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေအနေနဲ့ပဲဖြစ်ဖြစ် သူ့ဇာတ်အကြောင်း ရှိန်းကို ဖွင့်၍ ပြောသင့်သည်ဟုလည်း သူတွေးနေသည်။ တစ်ယောက်ယောက်ကိုတော့ ပြောပြရမည်။ တိုင်တောခြင်း မဟုတ်။ အခြေအနေကို ထိန်းသိမ်းပေးဖို့လိုသည်။ ကိုအောင်ဝင်းက မလေးနုကို ဆေးတိုက်မှာချခဲ့၍ လင်မယားနှစ်ယောက် ပြန်သွားကြသည်။

ထိုနေ့ညတွင် မလေးနု အားနေသည်။ ညဂျူတီလည်း မရှိ၍ သူ တိုက်ရှေ့ဝရန်တာကို ထွက်နေလိုက်သည်။ လဝန်းသည် ကောင်းကင်မှာ ပြည့်လုဆဲဆဲ ရွှန်းပနေသည်။ သူ့အနေနှင့် ရန်ကုန်မြို့မှာ ဒီလိုညမျိုး တွေ့ရဖို့ခဲယဉ်းလှသည်။ အထူးသဖြင့် သူတို့လို ဆရာဝန်တွေ လှပသောညကို တွေ့ဖို့ အခွင့်အရေးက ကြုံတောင့်ကြုံခဲလှသည်။ နေ့ရှိသ၍ အလုပ်မှာ ကိုယ်ရောစိတ်ရော မြှုပ်နှံထားရသည်။ ရရှိသော နေ့အားတစ်ရက်မှာလည်း လူမှုသူမှု အပြေးအလွှားလုပ်ရသေးသည်။

သူ့အလုပ်က အစိုးရအလုပ်ဆို တော်သေး။ ကိုယ်ပိုင်အလုပ်လို ဖြစ်နေလေတော့ မလုပ်ချင်၍ ထိုင်နေမှပဲ။ လုပ်မယ်ဆို အလုပ်က အဆင်သင့်။

သူသည် ပက်လက်ကုလားထိုင်ပေါ် ထိုင်ရင်း မိုးပြာထက်ရှိ လဝန်းကို ငေးကြည့်ကာ ထိုညလေး ကုန်ဆုံးသွားမည်ကို နှမြောနေသလိုပင်။

ချစ်သူနှင့် သူ ကလော၏ညတွင် လဝန်းကို မြင်ရပြီးကတည်းက သူသည် လသာသောညကို မတွေ့မကြုံလိုပါ။ ကျဆုံးသွားတော့ လသာညကို တမင်ရှောင်ခဲ့သည်။ ယခုတော့လည်း ညဦးလေညင်းက ဝရန်တာပေါ် ကျော်ဖြတ်၍ ဖြည်းညင်းစွာ သူ့ကို တွေ့ထိလာသည်။ ဖြာကျနေသော လရောင်အောက်မှာ အိမ်ခေါင်မိုးဖြူဖြူများ အိပ်ပျော်နေသလိုပင်။ ကလောညလိုတော့ တောရိပ်တောတန်းတွေအပေါ်မှာ စိမ့်ယိုကျလာသော လရောင်ခြည်မျှင်တန်းတွေကို မမြင်နိုင်ပါ။ ရန်ကုန်ညတွင် တိုက်အောက်မြေပြင်ပေါ်ရှိ လမ်းပေါ်မှ ကားများအသံသည် တစ်ချက်တစ်ချက် အပေါ်သို့ လွင့်ပျံလာသည်။



နေ့စဉ်နှင့်အမျှ ဆရာဝန်ဆိုသူထံသို့ လူကောင်းက မလာပါ။ ရောဂါတစ်စုံတစ်ခု ခံစားရ၍သာ လာကြခြင်းဖြစ်သည်။ ဆေးရုံမှာလုပ်လည်း မနက်မိုးလင်းကတည်းက ရောဂါမျိုးစုံနှင့် ထိခိုက်အနာတရတွေကို လှည့်လည်ကြည့်ရသည်။ ခွဲစိတ်ကုဆရာဝန်တွေဆိုသာဆိုးသေး။ နံနက်ရှစ်နာရီက သွေးသံရဲရဲတွေ ကိုင်ရ တွယ်ရ၊ ဖြတ်ရ တောက်ရနှင့် နေ့လယ်မှပြီးသည်။

ကိုယ်ကုသလိုက်သည့် လူနာက ရောဂါပျောက်ကင်းသွားလျှင် စိတ်ချမ်းသာမှု ပီတိကို ခံစားရ၍သာ ပင်ပန်းနွမ်းနယ်မှု ပျောက်ကင်းသွားရသည်။ တကယ်တော့ ဆရာဝန်အလုပ်သည် စေတနာထားလေလေ မသက်သာလေ။ လူတချို့အမြင်ကတော့ ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများအဖြစ် ဂုဏ်ယူစရာ အားကျစရာပါပဲ။ ငွေရေးကြေးရေးလည်း ပြေလည်နေကြသည်။ တချို့ ဆရာဝန်များမှာတော့ ကိုယ်စိတ်ပင်ပန်းရသည်ကို ငွေနှင့် ဘယ်လိုမှ တန်ဖိုးဖြတ်၍ မရနိုင်ပါ။ ဒီအထဲများ ကိုယ့်လူနာ ဆုံးပါးသွားလျှင် ပြီးပါလေရော၊ စိတ်မချမ်းသာမှုက ဖြစ်ရသေးသည်။

မလေးနုစိတ်မှာ နေ့လယ်ခင်းက ထမင်းစားပွဲလေးကို ပြန်ရောက်သွားပြန်သည်။ သူငယ်ချင်း တင်သက်မာ၊ သူ့ခမျာ လိုအပ်သည်ဆိုရမည်။ ဆရာဝန်အလုပ်ကို ဇောက်ချလုပ်လိုပေမယ့် အိမ်ထောင်နှင့် မိန်းမသားဆိုတော့ လင်သားကို ဦးစားပေးဖို့ သူ့မှာ အချိန်တစ်ဝက် စွန့်လွှတ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ယူပြီးမှတော့ ကြင်နာချစ်ခင် ယုယရမှာပဲ ဖြစ်သည်။ နှစ်ယောက်နေလာသည့်နောက် တစ်ယောက်အကျိုး တစ်ယောက် မထိခိုက်အောင်တော့ ကြိုးစားရမည်ပဲပေါ့။ မလေးနုသည် တင်သက်မာတို့ ဇနီးမောင်နှံမျက်နှာကို မြင်ယောင်ကာ ကြည်နူးမိသည်။ သူတို့မျက်နှာကို ပြန်တွေးရင်း ကဗျာလေးတစ်ပုဒ်ကို သတိရသည်။ ကြာပြီဖြစ်၍ စာသားများကိုတော့ လုံးစေ့ပတ်စေ့ သတိမရတော့။ အဓိပ္ပာယ်ပဲ သတိရသည်။ ကဗျာအမည်က 'မုဒိတာ' ဆိုတာကိုတော့ မှတ်မိသည်။ ကဗျာက ဆိုသည်။

'ကုမုဒြာကြာဆိုတာ ရှိသတဲ့၊ လမင်း ဝင်းပလာသောအခါ လရောင်ခြည်နှင့် ထိတွေ့မှ ကုမုဒြာကြာက ပွင့်လာသည်တဲ့၊ လမင်းသည် ကောင်းကင်ဖွား၊ ကုမုဒြာကြာက မြေမှာ ပေါက်ဖွားသူ၊ လမင်းရောင်ခြည်ရွှန်းပလာမှ ကုမုဒြာကြာပွင့်သည်ဆိုတော့ ကောင်းကင်နှင့် မြေကြီးထိသည့် သာဓကပါပဲ၊ ထိုညသည် လှပသောည၊ ကျက်သရေမင်္ဂလာ ရှိသောည၊ 'လမင်းနှင့် ကြာ' ချစ်သူနှစ်ယောက်တို့ တွေ့ဆုံသော၊ အေးမြချမ်းငြိမ်းသောည၊ ထိုညများကို စာဆိုက မုဒိတာ ပွားမိပါသည်တဲ့၊ တိတ်ဆိတ်ညင်သာစွာ ကြာပွင့်လွှာတို့ ပွင့်ချိန်မှာ ညငှက်လေးများသည် ညကို ကောင်းချီးပေးသောတေးများကို သီဆိုနေကြပေသည်။ သန်းခေါင်ယံလေက မွှေးပျံ့သော ပန်းရနံ့များကို သယ်ယူလာကာ ချစ်သူနှစ်ဦး တွေ့ဆုံပွဲကို ဘိသိက်သွန်းပေတော့မည်၊ ကြာဝတ်လွှာမှ ထုတ်လွှင့်သော အချစ်မွှေးရနံ့များသည် လဝန်းထံ ရောက်သည်အထိ မွှေးပျံ့သည်တဲ့။

စာဆိုမှာတော့ ချစ်သူနှစ်ဦးတို့ တွေ့ဆုံသောညကို မုဒိတာ ပွားရုံပဲ ပွားနိုင်သည်။ သူ့ချစ်သူနှင့် သူ ဘယ်တော့မှ မတွေ့ဆုံနိုင်တော့ပါဟု ကဗျာလေးအဓိပ္ပာယ်က ဖွင့်ပြထားသည်။ မလေးသည် ဝင်းပသော လမင်းကို စူးစိုက်ကြည့်မိသည်။ သူလည်း စာဆိုလိုသာ ကဗျာဉာဏ်ရှိလျှင် ဖွဲ့ချင်ပါရဲ့။ သူ၏ အချစ်ညများတွင်လည်း



လမင်းသည် ဘယ်တော့မှ သာတော့မည် မဟုတ်ပါ။

'မလေးနု'

အတွေးတွင် နစ်မြောနေသော မလေးနုက လန့်သွားသည်။ သူ့ကို ခေါ်လိုက်သူမှာ ရှိန်း။

ရှိန်းသည် မလေးနုနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

'ဘာတွေ တွေးနေတာလဲဟင် ညဉ့်နက်ပြီ၊ မအိပ်သေးဘူးလား'

မလေးနုသည် ရှိန်း လာစကားပြောသည်ကို မကြိုက်။ ဒီလိုညနက်ချိန်မှာ ချစ်သူနှစ်ဦးအတွက် အချိန်ကောင်းဖြစ်ပေမယ့် ရှိန်းနှင့် မလေးနု တွေ့ကြခြင်းကို ပတ်ဝန်းကျင်က မြင်ပါလျှင် မလေးနုသည် စိုးရိမ်စိတ်ဝင်သွား၍ စကားပြန်ရန် တုံ့နှေးနေသည်။

'မလေးအားတဲ့ နေ့မို့လို့ နားနေတာပါ'

'ရှိန်းလည်း ဒင်နာဝေ ခ်ခုကအပြန် မလေး တွေ့ချင်တာနဲ့ လှဖေခေါ်ခိုင်းလိုက်တော့ ဝရန်တာမှာရှိတယ်လို့ သူနာပြုဆရာမလေးက ပြောလိုက်လို့လာတာ၊ ဟုတ်ပါရဲ့ လက သာလိုက်တာ၊ တို့လည်း အလုပ်တွေနဲ့ ပတ်ချာလည်နေလိုက်တာ၊ လသာတဲ့ည အရသာကို မခံစားမိဘူး'

ရှိန်းကလည်း လမင်းကို မော်ကြည့်ရင်း ပြောလိုက်သည်။

'ဘာကိစ္စရှိလို့လဲ၊ မနက်မှ ပြောရောပေါ့'

မလေးနုက လွှတ်ခနဲ ပြောလိုက်မိသည်။

'မလေး အနှောင့်အယှက်ဖြစ်သွားလား၊ ရှိန်းဟာ နားနေမှန်း မသိလို့၊ ဆောရီး'

'မဟုတ်ပါဘူး'

မလေးသည် ညအချိန်ကြီး မသင့်တော်ဆိုသည်ကို ပြောမထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဟိုဒင်း သိပ်အရေးကြီးသလားလို့၊ အရေးမကြီးရင် အေး အေးဆေးဆေးပြောလို့ ရလို့ပါ'

မလေးနုသည် ဣန္ဒြေဆည်ကာ ပြောလိုက်သည်။ ရှိန်းသည် မလေးနုကို ပြန်ကြည့်လိုက်၏။

'ဟုတ်ပါရဲ့၊ ရှိန်း မေ့သွားတယ်၊ မန္တလေးအိမ်မှာဆို ည ဘက်နားချိန်မှ မိသားစု အေးအေးဆေးဆေး စကားပြောကြ၊ ဆွေးနွေး စရာရှိ ဆွေးနွေးရတာ၊ အိမ်ကို သိပ်လွမ်းတာပဲ၊ ဆောရီး မလေး၊ ရှိန်းက မလေးကို အိမ်သားတစ်ယောက်လို သဘောထားမိလို့ မနက် မှ အေးအေးဆေးဆေး ပြောတော့မယ်၊ တကယ်တော့ ရှိန်းဟာ Home ဆိုတဲ့ မိသားစုအချစ်အိမ် မရှိတဲ့လူ၊ Homeless ပေါ့နော်၊ မလေးရဲ့ အချိန်ကို အနှောင့်အယှက်ပေးသလို ဖြစ်သွားတယ်'

သူသည် တစ်ယောက်တည်း။ မလေးနုကို မကြည့်၊ ကောင်းကင်ကို မော်ကြည့်နေပြန်သည်။ ကောင်းကင်ပြာနောက်ခံနှင့် ခန့်ညားသော ယောကျ်ားတစ်ယောက် မျက်နှာ၊ လမင်းရောင်က မျက်နှာပေါ် ရွှန်းပနေသည်။ မလေးသည် ရှိန်းမျက်နှာရိပ်ကို ငေးနေမိ သည်။

'ဒီလိုည• မေမေ့ကို သိပ်သတိရတယ်၊ မေမေ့ရဲ့အငွေ့၊ မေမေ့ရဲ့အရှိန်အဝါက လမင်းရောင်လို အေးချမ်းတယ်၊ လသာတဲ့ည လို ချစ်ဖို့ကောင်းတယ်၊ မေမေ့မျက်နှာကို မြင်ရရင် အဲဒီလို ခံစားရ ပေမယ့် အေးကို မြင်ရတဲ့အခါတိုင်း ရှိန်းရင်မှာ ပူပန်တယ်၊ မျိုးတူ မိန်းမနှစ်ယောက်ဟာ ရှိန်းကို ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ ခံစားမှု နှစ်ခုကိုပေးတယ်'

ရှိန်းက လမင်းရှိရာ ငေးမော၍ ရေရွတ်သလို ပြောနေရာ မှ မလေးနုကို ပြန်ကြည့်လိုက်သည်။ မလေးနုသည် ဘာပြန်ပြော ရမှန်း မသိ။

'ရှိန်း နောက်နေရမယ့်အချိန်တွေမှာတော့ မေမေ့လို အအေး



ခာတ်ပေးမယ့်သူ မရှိတော့ဘူးပေါ့၊ မေမေ့လို ကိုယ့်အပေါ် စာနာ မယ့်သူ၊ ကြင်နာမယ့်သူ၊ နားလည်မယ့်သူ ဆိုပါတော့လေ၊ မလေးက တစ်ယောက်တည်းမို့လို့ အထီးကျန်ဝေဒနာကို ခံစားရတာ၊ ရှိန်းက တစ်ယောက်တည်း မဟုတ်ပါဘူး၊ မယားတွေ၊ သားသမီးတွေနဲ့ ငွေကြေးဆိုတာလည်း သောက်သောက်လဲ၊ လုပ်ငန်းကိုင်ငန်းတွေနဲ့၊ ဒါပေမဲ့ ကိုယ် ကြာလေ တစ်ယောက်တည်းလိုပဲ၊ တစ်ယောက်တည်း ဆိုတဲ့အသိက ရှိန်းရဲ့ရင်ကို ဖျစ်ညှစ်ထားသလိုပဲ၊ ပေါ့ပါးမသွားဘူး၊ မကြည်လင်ဘူး၊ အမြဲပဲ လေးလေးကြီးဖြစ်နေတယ်၊ မလေး ဒီလိုဖြစ် လားဟင်၊ အို… မလေးလည်း ကိုယ့်ခံစားမှုကို စာနာနိုင်မှာ မဟုတ် ပါဘူး၊ ကိုယ် သွားမယ်'

ရှိန်းသည် သူ့ဗကား သူရပ်ကာ တိုက်ခန်းထဲ ပြန်ဝင်သွား တော့သည်။ မလေးနုသာ တစ်ယောက်တည်း ကျန်ရစ်သည်။

နောက်နေ့မှာတော့ မလေးနုသည် ညက ရှိန်းနှင့် ဝရန်တာ တွင် တွေ့ကြကြောင်းကို တင်သက်မာလာတော့ ပြောပြရသေးသည်။ တင်သက်မာကတော့ တစ်စုံတစ်ရာ ထူးခြားသည့်အမူအရာ မပြပါ။

'သက်မာရယ်… တို့အလုပ်တွေ အောင်မြင်ပါရဲ့၊ ငွေရေး ကြေးရေးလည်း လည်ပတ်လာလို့ မလေး ဝမ်းသာပါတယ်၊ အရှုံး မရှိတော့ဘူးလေ၊ ဆင်းရဲသားလူနာတွေ ရောဂါပျောက်သွားတိုင်း တို့အောင်မြင်မှုကို ပီတိဖြစ်မိပါတယ်၊ မလေး အလုပ်မှာ စိတ်ပျော် လာပေမယ့် ညကလို ရှိန်းနဲ့ မလေး ခဏခဏဆုံမိကြရင် သူများ ပြောစရာ ဖြစ်မှာစိုးတယ်၊ ရှိန်းကလည်း ဘာလို့အိမ်မပြန်တော့တာလဲ'

'သူ့မေမေ ဆုံးပြီးကတည်းက အေးနဲ့ပိုပြီး စိတ်သဘော ကွဲကြတယ်လို့ ဖြူပြာက ပြောတယ်၊ အကြီးအကျယ် ရန်ဖြစ်ကြတာ တဲ့၊ ရှိန်းက တစ်ခါတည်း ဆေးခန်းပြောင်းလာတာ'

'အေးပေါ့၊ သူ့ဆေးခန်း သူပြောင်းပိုင်ခွင့်ရှိတယ်၊ ဒါပေမဲ့ ကိုယ်ကရှိနေတော့ မသင့်တော်ဘူး၊ ပြီးတော့ သူ့ဇနီးနဲ့က ပဋိပက္ခဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာတာဆိုတော့ သူ့ဖနီးစိတ်ထဲ တစ်စုံတစ်ရာ သံသယဝင်လာရင် မကောင်းဘူး'

'ဟာ… အေးက သူ့ယောက်ျားကို အမြဲတမ်း သံသယဝင်နေတဲ့ရောဂါ ရှိနေတာပဲ၊ မလေးကလည်း ကိုယ်ရှိပါတယ်၊ မပူစမ်းပါနဲ့၊ မြန်မာစကား ရှိတယ်မို့လား၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မရွေ့ဘူးဆိုတာ'

'ဟုတ်တော့ ဟုတ်တယ်'

မလေးနုသည် သက်ပြင်းတစ်ချက်ချရင်း ဆက်ပြော၏။

'မလေးမှာ intuition ခေါ်မလား၊ ကြိုပြီး အလိုလိုသိနေသလို စိတ်ထင့်တဲ့အလေ့ရှိတယ်၊ မလေး ဒေါ်လေးသန်းတို့ အိမ်ပြောင်းစက အစစအဆင်ပြေပါတယ်၊ ဒါပေမဲ့ ကြာကြာနေလိုတဲ့စိတ် မရှိဘူး၊ ဘာမှန်း မသိဘူး၊ တစ်ခုခုထင့်နေတယ်၊ မကြာဘူး၊ ဦးလေးက နောက်တော့ ဖောက်လာရော၊ ခုလည်း ဒီဆေးခန်းကို မလေးဆန္ဒနဲ့ ပြောင်းလာတာ၊ ဘာမှ စိတ်မထင့်ဘူး၊ အခု ရှိန်းက ပြောင်းလာတော့ မလေးစိတ်မှာ တစ်မျိုးပဲ၊ တို့နှစ်ယောက် ဘာမှမဖြစ်ပေမယ့် မလေးကို ပတ်ဝန်းကျင်က အတင်းပြောမှာ၊ စွပ်စွဲမှာစိုးတယ်'

သက်မာသည် မလေးနုကို ပြုံးကြည့်ရင်း…

'အဲဒီတော့ မင်းက ဘာလုပ်ချင်လို့လဲ' ဟု မေးလိုက်သည်။

'မလေး တစ်နေရာပြောင်းချင်ပြန်ပြီ'

'ဟာ… မလေးကလည်း သူများပြောမှာကြောက်လို့ပြောင်းနေရရင် မင်း တစ်သက်လုံး ပြောင်းနေရမှာ၊ လူတွေဆိုတာ အတင်းအဖျင်းပြောဖို့ ဝါသနာပါတာတဲ့၊ တီးတိုးပြောကြ၊ ဝါဒဖြန့်ကြတာ Whispering campaing ဆိုတာ စစ်တိုက်တဲ့နေရာမှာတောင် သုံးတာ'

'သူ့နာလို ရွာထက်ဝက်၊ ကိုယ့်နာလို ရွာထက်ဝက်ဆိုတာ



ရှိတယ်လေ၊ တို့လုပ်ငန်းဟာ မွန်မြတ်တယ်၊ အောင်မြင်တယ်ဆိုပေမယ့် မနာလိုသူကတော့ ရှိမှာပဲ'

'အောင်မြင်လေ မနာလိုလေပေါ့'

'အဲဒါ သူတို့က တီးတိုးဝါဒါဖြန့်ကြရာက သူ့မိန်းမကြီးဆီနားပေါက်၊ သူ့မိန်းမက မလေးကို လာရန်တွေ့မှဖြင့် မလေး ကြောက်တယ်ကွယ်'

'မင်းကလည်း ဒီဆေးတိုက်မှာ ဒီလို စေတနာနဲ့ ဘယ်သူအချိန်ပြည့်လုပ်မလဲ၊ မလေး စေတနာကို သူ့စွာ့ဆိုပေါ့၊ မင်းစေတနာနဲ့ လုပ်ရည်ကိုင်ရည်ကြောင့် ရှိန်းကလည်း မင်း အားကိုးတာပေါ့'

သက်မာက မလေးနုကိုသာ အားပေးနေရသည်။ ဖြူပြာမန္တလေးမသွားပင် သူ့ကိုပြောသွားသော စကားများကို သတိရသည်။ အေးကိုယ်တိုင်က မလေးနုအပေါ် မကျေမနပ်ဖြစ်နေသည်ကိုသာ မလေးနု သိပါလျှင်…

'ဘာပဲဖြစ်ဖြစ် မလေးရယ်၊ သက်မာရော မင်းရော ဒီဆေးတိုက်မှာ လုပ်နေတာ လခစားအနေနဲ့ ငွေရေးကြေးရေးထက် ရှိန်းတို့မိသားစုကို မိသားစုလို ပူးပေါင်းဆောင်ရွက်ပေးနေတာ ရှိန်းရော၊ သူ့သမီးတွေရော အသိပဲ၊ ဒါကို မကျေနပ်လည်း သူ့မိန်းမကိုယ်တိုင်ဆေးတိုက်ကို ဦးစီးပေါ့၊ ကိုယ်ကိုယ်တိုင်လည်း အရည်အချင်းမရှိ၊ သူများလုပ်တာကို ထိုင်ကြည့်၊ ဝန်တိုနေတာတော့ ဂရုမစိုက်စမ်းပါနဲ့၊ ဖြူပြာတစ်ယောက်လုံး တို့နဲ့အတူ လုပ်နေတာပဲ၊ စိတ်အေးအေးထားစမ်းပါ၊ မလေး မရှိရင် တို့လည်းမလုပ်ဘူး'

သက်မာ ပြောစကားကြောင့် မလေးနု ငိုင်သွားသည်။

'သက်မာ မင်းအသိပဲ၊ မလေး သက်တမ်းတစ်လျှောက်လုံးမှာတစ်ပေါက်အစွန်းခံခဲ့တာ မဟုတ်ဘူး၊ အခုအရွယ်ကျမှ သူစိုးပေါ်ပြောလာမယ့် အဖြစ်တွေ ဖြစ်လာမှာစိုးတယ်၊ ဒါ့ကြောင့် မလေးတစ်နေရာပြောင်းချင်တယ် ပြောတာ'

www.burmeseclassic.com

www.burmeseclassic.com



'ပြောင်းပြောင်း၊ တစ်သက်လုံး ပြောင်းနေရမှာ၊ မလေးကို တရားမဟောချင်ပေမယ့် ကိုယ်နဲ့ မင်းက ပြောစရာရှိ ပြောရမှာပဲ၊ မင်းက အာနန္ဒာနဲ့ တူနေပြီ'

'ဘာဖြစ်လို့ အာနန္ဒာနဲ့ တူရမှာလဲ'

'ကိလေသာကင်းစင်နေတဲ့ မြတ်စွာဘုရားက မာဂဏ္ဍီကို မလိုချင်ဘူးလို့ ပြောလိုက်တာ၊ သူ့အဖေကတစ်ဆင့် မာဂဏ္ဍီကသိတော့ ဘုရားကို မကျေနပ်ဘူး၊ ဘုရားသခင် သူတို့ရွာထဲ ဆွမ်းခံကြွလာရင် ရွာသားတွေကို မြှောက်ပေးပြီး ဆဲနိုင်းတာပဲ၊ အာနန္ဒာကလည်း ဘုရားနဲ့အတူကြွရတာကိုး၊ ကြာကြာအဆဲခံရပါများတော့ အာနန္ဒာက ဘုရားကို လျှောက်ထားတယ်၊ တပည့်တော်တို့ တခြားရွာသွားပြီး ဆွမ်းခံရအောင်ဘုရားတဲ့၊ ဘာဖြစ်လို့လဲလို့ မြတ်စွာဘုရားကမေးတော့ 'မာဂဏ္ဍီပုဏ္ဏေးမှာ တပည့်တော်တို့ ဆွမ်းခံကြွလာတိုင်း ဆဲရေးတာကို မခံနိုင်ပါဘူး'လို့ ပြန်လျှောက်တယ်၊ ဒီကော့ မြတ်စွာဘုရားက...

'ချစ်သားအာနန္ဒာ နောက်တစ်ရွာပြောင်းလို့ နောက်ရွာမှာ နောက်မာဂဏ္ဍီတစ်ယောက်နဲ့ တွေ့ရင် တို့ဘယ်ပြေးမလဲတဲ့'

သက်မာ စကားဆုံးတော့ မလေးနုက ရယ်သည်။

'မရယ်နဲ့လေ၊ နေရာတိုင်းမှာ မာဂဏ္ဍီတွေရှိတယ်ကွ၊ နောက်တစ်နေရာမှာ မာဂဏ္ဍီနဲ့တွေ့ရင် မင်း ဘယ်ပြေးမလဲ'

'ကျေးဇူးတင်ပါတယ်၊ တရားဟော ဆရာမကြီးရယ်၊ မလေးကလည်း တွေးပူရတာလေ'

သူ့စကားမှ မဆုံးခင် ဧည့်သည်ရောက်လာသည်ဆို၍ ဧည့်ခန်းဘက် ထွက်လာရသည်။ ဧည့်ခန်းမှာထိုင်နေသည်က သူ့ဖောက်သည် မစိန်အေး။

'နေကောင်းရဲ့လား'

မလေးနုက ကုလားထိုင်မှာ ထိုင်ရင်း မေးလိုက်သည်။



ကြည့်ရတာ ကျန်းကျန်းမာမာရှိပုံရသည်။ ကိစ္စတစ်ခုခု ပြောချင်ဟန်ရှိသည်။ သူ့မျက်နှာက ပြုံးစေ့စေ့မျက်နှာထားနှင့်။ မလေးနုကို ကြည့်နေသည်။ မျက်နှာထားပြုံးနေသည်က မစိန်အေး၏ အမှတ်တံဆိပ်။ ဟုတ်ပါ့၊ ဘယ်လောက် စိတ်ညစ်စိတ်ညစ် မစိန်အေး ပြုံးပြုံးနေတတ်သည်က အတုယူစရာပါပဲ။ မစိန်အေးသည် ရာသီလိုက်ပေါ်သော သီးနှံ၊ သရက်သီး၊ မင်းကွတ်၊ နာနတ်၊ သစ်တော်သီး စသည်များကို ဖောက်သည်ယူကာ ခေါင်းပေါ်ရွက်ရောင်းသော ဈေးသည်၊ ပုဇွန်တောင်ဈေးတဲ့သို့ သူမတိုးနိုင်၍ ခေါင်းရွက်ကာ အိမ်များရှိရာ လိုက်ရောင်းသည်။

မလေးနု၏ ဖောက်သည်ဆိုသည်မှာ ဈေးဗန်းကြီးရွက်ရင်းမှ တစ်နှစ်တစ်ခါ အပြေးအလွှား လာရောက်၍ ကလေးမွေးတတ်သောကြောင့် မလေးနု၏ဖောက်သည် ဖြစ်နေခြင်းပါ။ မလေးနုက သရက်သီးဝယ်စား၍ မဟုတ်။

အုံ့ဩစရာကောင်းသည်က သရက်သီးဗန်းရွက်၍ သူ လမ်းပေါ်မှာ အမြဲရှိသည်။ မွေးချိန်ခဏလေးဟော့ ဆေးခန်းရောက်လာတတ်သည်။ ယခုလည်း ဘာကိစ္စမှန်း မသိ၊ မွေးချိန်တော့ မဟုတ်ပါ။ ခေါင်းပေါ်မှာ သရက်သီးဗန်းလည်း မရှိ။

'မမဆီလာတာ ကိစ္စလေးတစ်ခုရှိနေလို့၊ ဒီမှာ သရက်သီးရင်ခွဲတွေ ကောင်းလွန်းလို့၊ ခေါင်လုံးကြီးတွေ မမဖို့ ယူလာတယ်'

မစိန်အေးက ဆင်းသာ ဆင်းရဲသည်။ ဒီလို လက်ဖွာသည့် အကျင့်ကလည်း ရှိသေးသည်။ သူမွေးဖွားတိုင်း မလေးနုကို ငွေမပေးနိုင်ပေမယ့် သူရောင်းသော သစ်သီးများထဲမှ တစ်မျိုးမျိုး ပေါ်ဦးပေါ်ဖျား မလေးနုကို လာပေးတတ်သည်။ စားပွဲပေါ် သရက်သီးခြင်းကို တင်လိုက်သည်။ သူ့ခေါင်းမှာ ဗန်းရွက်လာသည်ကို မတွေ့ရလျှင် မလေးနုက သံသယဖြစ်နေသည်။ မွေးဖွား၍သော်လည်း ကောင်း၊ အရင်းအနှီးမရှိ၍သော်လည်းကောင်း သူ့ခေါင်းပေါ်မှာ ဈေး

www.burmeseclassic.com

www.burmeseclassic.com



ဗန်းက လွတ်နေခြင်းဖြစ်သည်။ ကျန်အချိန်တွေမှာတော့ ခေါင်းပေါ်မှာ ဈေးဗန်းရွက်ရမြဲ။ ဈေးဗန်းကြီး ခေါင်းမှာရှိသလို ဗိုက်ထဲမှာ ကလေးကလည်း ပြတ်သည်မရှိ၊ ပြတ်လှ တစ်နှစ်ပဲ။

'နေကောင်းပါတယ် မမရဲ့၊ ကလေးတွေ ကျောင်းဖွင့်တော့ ကျောင်းအပ်ရ၊ သူတို့အဖေ နေမကောင်းလို့ ကျွန်မ ငွေရင်းထဲက ပါသွားလို့၊ ငွေတစ်ထောင်လောက် မမဆီ ခဏလာယူတာပါ၊ သရက်သီးတွေရမှာမို့'

ပြုံးစေ့စေ့နှင့် မစိန်အေးက သူ့ကိုကြည့်နေသည်။ ပါးစုံ့ပြဲပြဲက ညိုညို၊ အိအိဖောင်းဖောင်း။ လူကလည်း ဝဝဖိုင့်ဖိုင့်နှင့် ချစ်စရာတော့ ကောင်းသား။

'မမ ငွေကို သရက်သီးရောင်းပြီး ပြန်ဆပ်ပါ့မယ်၊ ငွေက အရေးအကြောင်းဆို မှထားပါတယ်၊ မမ သိတဲ့အတိုင်း တစ်ယောက်မွေးရင် ပါသွားပြန်ရော၊ သူ့အဖေ ပန်းရံလုပ်တာက သူစားတာနဲ့ ကုန်တာ'

'အဲဒီတော့လည်း မမွေးအောင်လုပ်ပါလို့ မလေး ခဏခဏ ပြောတာလည်း မရဘူး၊ မစိန်အေးက နားမှမထောင်ဘဲ၊ အဆန်းပဲ၊ ဒီဆေးခန်းမှာ တွေ့ရတာ ချမ်းသာတဲ့လူတွေက ကျွေးနိုင်မွေးနိုင်ရယ်နဲ့ ကလေးမလိုချင်၊ မစိန်အေးတို့ကျတော့လည်း ကလေး ဘာလို့ များများယူချင်ရတာလဲ'

မလေးနုက ကရုဏာဒေါသောနှင့် ပြောလိုက်သည်။

'မလိုချင်ချင် လိုချင်ချင် သူ့ဟာသူရနေတာ မမလည်း သိသားနဲ့'

မစိန်အေးပြောပုံက အပြုံးမပျက်။

'အဲဒါ မရအောင်လုပ်ပါလို့ သားဝေးအောင် နည်းမျိုးစုံ မလေး ရှင်းပြပြီးပြီ၊ မစိန်အေးတို့က စကားနားမထောင်ဘူး၊ ကိုယ်မွေးလာတဲ့ ကလေး ကျွေးနိုင်ဖို့လည်း အရေးကြီးတယ်'



'ကျွန်မယောကျ်ားက သဘောမှမတူတာ'

'သဘောသာ မတူတယ်၊ ဒီကလေးတွေ ဝအောင်ကျွေးဖို့လည်း သူလည်း မရှာနိုင်ဘူး၊ မစိန်အေးကသာ ဝတာ၊ မစိန်အေး ကလေးတွေ ဒီဆေးခန်းရှိပေလို့၊ ချူချာလိုက်တာ လွန်ရော၊ ပိန်လှီနေတာ၊ သားဝေးတော့ သူတို့ကိုလည်း ကောင်းကောင်းကျွေးနိုင်တယ်၊ လူကြီးလည်း ကျန်းမာတယ်၊ ပိန်ချည်ချူချာတာတွေ မွေးနေတော့လည်း ဆေးဖိုးနဲ့ကုန်တာ၊ ကိုယ့်ယောကျ်ားကိုယ် နားလည်အောင်ပြောပြ၊ အခုပဲ ဘယ်နှယောက်'

'ငါးယောက်၊ ခု ဗိုက်ထဲမှာ တစ်ယောက်၊ သုံးယောက်က သေတယ်လေ၊ စုစုပေါင်း ရှစ်ယောက်ပေါ့'

မလေးနုကိုကြည့်ရင်း မစိန်အေး ပြောလိုက်သည်။

'ရော့… ငွေတစ်ထောင်ယူသွား၊ ဒီကလေး မွေးပြီးရင်တော့ တော်တော့'

မလေးနု ပြောပြောဆိုဆို လှမ်းပေးသော ငွေကိုယူ၍ မစိန်အေးက နှုတ်ဆက်ကာ ထွက်သွားတော့သည်။ ဘယ်လိုပဲ နားလည်အောင်ပြောပြော မစိန်အေးက သဘောမပေါက်နိုင်၊ သူ့ကလေးတွေကိုလည်း သူပြန်မကြည့်နိုင်။ ဈေးဗန်းခေါင်းရွက်ကာ ပြေးလွှားရင်း ကလေးမွေးနေရလေတော့ ပြန်ကြည့်ချိန်မရ။ အကြီးဆုံးချိုမက မိန်းကလေးဖြစ်နေ၍ တော်သေး၊ အငယ်များ ပြန်ထမ်းကာ အိမ်မှာ တတ်သလောက် မှတ်သလောက် ချက်ကျွေးသည်။ သူ့အောက် အငယ်တွေ ကျောင်းထားသည့်အရွယ်ပင် ရောက်ပြီ။ ချိုမက ကျောင်း မနေနိုင်သေးပါ။

ချိုမသည် ဆေးခန်းကို လမ်းပေါက်နေပြီ။ မစိန်အေးမပါလည်း လာတတ်သည်။ သူ၏ ခါးပေါ်မှာက ကလေးတစ်ယောက် ယောက်ပါမြဲ။ မောင်လေးဖြစ်ဖြစ်၊ ညီမလေးဖြစ်ဖြစ် ပါလာတတ်သည်။ မလေးနုက တစ်ဆင့်ဆက်သွယ်ပေး၍ ကလေးကုဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သန်းအေးနှင့် ချိုမက အဆက်အသွယ်ရပြီးပြီ၊ ဆေးလာယူပြီးတိုင်း မလေးနုကို နှုတ်ဆက်ပြီးမှ ပြန်သည်။

"ဟဲ... ဆိုစမ်း၊ ဒီတစ်ခါ မောင်လေးက ဘာဖြစ်ပြန်လဲ"

"ဝမ်းသွားလို့"

မလေးနုအမေးကို ချိုမက ဖြေသည်။

"အစားမှားလား"

"အန်တီ ဒေါ်ခင်သန်းအေးကပြောတော့ နို့ဆီမကောင်းလို့တဲ့"

"ဩော်... မစိန်အေးက သူဌေးမဆိုတော့ ကလေးကို နို့မတိုက်ဘူးလား"

"အမေက ညပဲတိုက်နိုင်တာ၊ အမေ ဈေးရောင်းထွက်သွားတော့ မနက်အစောကြီးကတည်းက သွားတာ၊ ကျွန်မ အစကတော့ ကော်ဖီဝယ်တိုက်တယ်၊ ကော်ဖီက တစ်ခွက်နှစ်ဆယ်ဆိုတော့ နို့ဆီဘူးဝယ်ပြီး ဖျော်တိုက်လို့ မောင်လေး ဝမ်းပျက်နေတယ်"

မလေးနုသည် ဘာမှ ဆက်မမေးလိုတော့ပါ။ မိခင်နို့အာဟာရအပြည့်ရသည်တော့ မှန်ပါရဲ့။ နို့တိုက်ရမည့် မိခင်က လမ်းပေါ်ပြေးနေရလေတော့ မိခင်နို့မတိုက်နိုင်။ ချိုမကရော နာနီတွေလိုနို့ဘူးပြုတ်တာတို့၊ ပိုးသတ်တာတို့ ဘယ်လုပ်တတ်ပါ့မလဲ။ လုပ်တတ်လည်း ချိုမအဖို့ လုပ်ချိန်မရပါ။ အရွယ်နှင့်မမျှ လုပ်ရလွန်း၍ လုပ်ရသည့် အိမ်တာဝန်ပိပုံရသည်။ ချိုမကိုယ်တိုင် သူ့ကိုယ်သူကုဖို့ ဆေးခန်းကို ရောက်လာတတ်သည်။ ချိုမကိုကြည့်ရတာ ထွေထွေထူးထူးရောဂါ မဟုတ်ပါ။ အာဟာရချို့ယွင်းတာပါပဲ။ ဆယ့်နှစ်နှစ်လောက်အရွယ်မှာ စားကောင်း၊ ကစားကောင်းရမည့်အရွယ်။ ချိုမက အိမ်ရှင်မကြီးလို အမေအပြန်ဝယ်လာသော သားငါးတချို့နှင့် ဟင်းသီးဟင်းရွက်ကို အမေညွှန်ကြားသလို ချက်ရသည်။ ပထမတော့ ခဏခဏအခေါက်ခံရသည်။ ယခုတော့ အခေါက်မခံရတော့ပါ။ ဒါပေမဲ့



အဖေ့ဖို့ ထမင်းဘူးထည့်ပေးရ၊ မောင်လေး ညီမလေးတွေ ဟင်းခွက်မှာ လက်ရှုပ်နေတာနှင့် ချိုမသည် နောက်ဆုံးတော့ အိုးလှူးခွက်လှူးဟင်းနှင့် ငါးပိရည်ကိုပဲ စားရသည်များသည်။ ဒါ့ကြောင့် ပိန်လှီသည်။ ဒါပေမဲ့ ချိုမ အလုပ်နှင့်လက် မပြတ်၊ ဖွပ်တာလျှော်တာလည်း သူပါပဲ။ ကစားဖို့ဆိုတာကို သတိမရ။ ကလေးဘဝဆိုတာကိုတောင် ချိုမ မေ့ကောင်းမေ့နေမည်။ ဒါကိုတော့ မလေးနု ချီးကျူးသည်။ မစိန်အေးလို မရှိလည်း မရှိ၊ မသိလည်း မသိ၍ ဖြစ်ရသောရောဂါများကို သူ ဟောရ ပြောရသည်ကို တစ်ခါတစ်ရံ စိတ်မရှည်တော့ပါ။

ငွေကြေးခန်းက သူတို့ငွေနှင့် သူတို့ တတ်နိုင်သူတွေ။ စေတနာခန်းက ဆင်းရဲသူတွေများလေတော့ မရှိခြင်း၊ မသိခြင်းပြဿနာတွေက အများကြီး။ တတ်နိုင်သလောက် သည်းခံဖြေရှင်းပေးရသည်ပဲ ဖြစ်သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com



## - ၁၇ -

တော်သလင်းလပြည့်နေ့မှာတော့ မလေးမွေးနေ့ဖြစ်၍ ဘုရားတက်ချင်သည်။ ဒါပေမဲ့ လပြည့်နေ့မှာ သူ့ဂျူတီက ခွဲစိတ်ရမည့်နေ့ဖြစ်၍ ဘုရားကို သွားနိုင်မည်မဟုတ်၊ နံနက်ပိုင်း ခွဲခန်းဝင်ပြီး ညနေမှာတော့ ဘုရားတက်နိုင်သည်။ ဘာပဲဖြစ်ဖြစ် ရွှေတိဂုံဘုရားမသွားနိုင်လည်း သူ့အခန်းက ဘုရားမှာပဲ ပန်းကပ်တော့မည်။

သူသည် ဦးစံမောင်ကို ခေါ်လိုက်သည်။

"ဦးစံမောင် နက်ဖြန် မလေး မွေးနေ့မို့လို့ ဘုရားမှာ ပန်းသက်စေ့ကပ်ချင်လို့၊ မနက် ဈေးသွားရင် သစ္စာပန်းအဖြူ လေးဆယ့်ရှစ်ခိုင်ဝယ်ခဲ့ပါ"

"ကောင်းပါပြီ"

ဦးစံမောင်က ပြန်လှည့်ထွက်သွားသည်။ မကြာခင် သူဇာဝင်လာသည်။

"ဟင်… သူဇာ ကျောင်းမသွားဘူးလား"

မလေးနုက မေးလိုက်၏။

"ဖေဖေ့ကို ထမင်းကျွေးပြီးမှသွားမယ်၊ ဒီနေ့ကလပ်စ်က ညနေပိုင်းမှ၊ ခုန ဦးစံမောင်က ဟင်းတွေလာပို့ရင်း ပြောသွားတယ်၊ နက်ဖြန် အန်တီမလေး မွေးနေ့ဆို"

"အေး…"

"အန်တီမလေး လေးဆယ့်ရှစ်နှစ်ရှိပြီလား၊ ဘုရားပန်း လေးဆယ့်ရှစ်ခိုင် မှာတယ်ဆို"

"အန်တီမလေး အသက်က လေးဆယ့်ငါးနှစ် ဘုရား၊ တရား၊ သံဃာ သုံးပါး စုစုပေါင်း လေးဆယ့်ရှစ်ပေါ့၊ နက်ဖြန် ဘုရားသွားချင်မှ သွားနိုင်မှာမို့ အိမ်မှာပဲ ကပ်မယ်"

"ထွန်းမောင် မေးကြည့်ဦးမယ်၊ အားရင် ညနေ သွားတာပေါ့၊ သူဇာရော ဖြူပြာပါ လိုက်မယ်"

သူဇာက ပြောပြောဆိုဆို ထွက်သွားသည်။

နောက်နေ့မှာ မလေးနုသည် ခွဲစိတ်ခန်းဝင်ရင်း ဒီတစ်နေ့အဖို့ သူ၏ မွေးနေ့အလှူအဖြစ် လူနာများကို ခွဲစိတ်ကုသခြင်းဟု အာရုံပြုကာ သူခွဲစိတ်သည်။ ခါတိုင်းလည်း မခွဲခင် ဘုရားကိုအာရုံပြု၊ လူနာကို မေတ္တာပို့ပြီးမှ ခွဲသည်။ ယနေ့ခွဲစိတ်သော လူနာအမျိုးသမီးများမှာ ငွေကြေးခန်းက သုံးယောက်၊ စေတနာခန်းက နှစ်ယောက်။ ရောဂါကြီးသူ နှစ်ယောက်က ငွေကြေးခန်းဖြစ်သည်။ ထိုနေ့ ငါးယောက်အတွက် သူ ခွဲစိတ်ခ မယူ၊ လှူဒါန်းမည်ဟု ဆုံးဖြတ်လိုက်သည်။ ငွေရှင်းသည့်အချိန်ကျလျှင် ထိုနေ့ရသည့်ငွေကို စေတနာခန်း ရန်ပုံငွေကို လှူလိုက်ရုံပဲ။

နေ့လယ် နှစ်ချက်တီးကျော်မှ ခွဲစိတ်ပြီး၍ တင်သက်မာနှင့်အတူ ထမင်းစားခန်းကို ဝင်လာသည်။ သူတို့နှစ်ယောက် ထမင်းစားခန်းထဲ ဝင်ဝင်ချင်း "Happy Birthday to you" ဟု သံပြိုင်ဆိုလိုက်သော အသံများကို ကြားရ၍ မလေးနုမှာ အံ့အားသင့်ရင်း ခြေလှမ်းတုံ့သွားသည်။ စားပွဲမှာရပ်၍ သံပြိုင်ဆိုနေသူများက ရှိန်း၊ သူဇာ၊ ဖြူပြာနှင့် ဦးပြုး။

"လာပါ အန်တီမလေးရဲ့၊ ဒီမှာ အန်တီမလေးအတွက် မွေးနေ့ကိတ်မုန့်"

ဖြူပြာက ခေါ်လိုက်သည်။

မလေးနုမှာ စားပွဲမှာထိုင်လိုက်ရင်း ဝမ်းသာသွားသည်။ တင်သက်မာကလည်း သားအဖများမျက်နှာကို လှမ်းကြည့်ရင်း ငေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူဇာ မနေ့က အားလုံးစီစဉ်ထားတာ၊ အန်တီမလေးက ဒီနေ့ သူ့မွေးနေ့ဆိုတာ ဦးစံမောင်ကို ပြောကတည်းက အန်တီမလေး အတွက် ကိတ်မုန့်ကို မှာလိုက်တယ်၊ ပြီးတော့ ဒီနေ့ စေတနာခန်းကို ထမင်းမကျွေးဘဲ ခေါက်ဆွဲကြော် စပါယ်ရှယ်ကျွေးတယ်၊ အလှူရှင် က ဒေါက်တာမလေးနုလို့ ပြောလိုက်တယ်၊ သူဇာနဲ့ ဖြူပြာက မှာလိုက်တဲ့၊ အန်တီမလေးအတွက် မွေးနေ့ကိတ် မလှဘူးလား ကြည့်ပါဦး'

သူဇာက ကိတ်မုန့်ကို လက်ညှိုးထိုးကာ ပြောလိုက်သည်။ မလေးနုသည် သူ့ကို အရေးတယူစီစဉ်ပေး၍ ဝမ်းသာကြည်နူးမိပါ သည်။ သူသည် ယခုလို မိသားစုသိုက်သိုက်ဝန်းဝန်း၏ ကရုဏာ ထားမှုကို မခံစားရသည်မှာ ကြာပြီ။ ကိတ်မုန့်အဝိုင်းလေး၏ အနား သတ်မှာ ပန်းခွေနှင့်သတ်ထား၍ အလယ်မှာ အသည်းပုံလေးနှင့် စာတန်းရေးထိုးထားသည်။

*အန်တီမလေး ချမ်းမြေ့ရွှင်လန်းပါစေ*

*ရှိန်းမိသားစု*

'ကျေးဇူးတင်လိုက်တာ ဖြူပြာနဲ့ သူဇာရယ်၊ အန်တီမလေး ပျော်သွားတာပဲ'

'ဦးပြုံးကိုလည်း ကျေးဇူးတင်၊ မနေ့က သူဇာ ကမန်း ကတန်း သူ့ကို ခိုင်းရတာ'

'ကျေးဇူးတင်ပါတယ် ဦးပြုံးရယ်'

ဦးပြုံးမျက်နှာကလည်း ပြုံးပြုံးကြီး။

'ကဲ… ဖေဖေ့ကို မနေ့က သူဇာပြောထားလို့ ဖေဖေက လည်း အန်တီမလေးကို မွေးနေ့လက်ဆောင် ပေးမယ်ဆို'

'ပေးမှာပေါ့'

ရှိန်းက စားပွဲထိပ်မှ ထလိုက်သည်။ မလေးနုက တအံ့ တသြနှင့် ရှိန်းရှိရာသို့ ကြည့်လိုက်သည်။ ဦးပြုံးက နံရံကပ်စားပွဲခုံ



ပေါ်မှ ပိုးပဝါဖြူလေးအုပ်ထားသော ငွေလင်ပန်းလေးကို ရှိန်း လက် သို့ ပေးလိုက်သည်။ ရှိန်းသည် ငွေလင်ပန်းလေးကိုယူကာ မလေးနု အနားကပ်လာသည်။ ငွေလင်ပန်းပေါ်မှ ပဝါပါးလေးကို ဖွင့်လိုက် တော့ မလေးနုရင်တွေ တလှပ်လှပ်ခုန်လာသည်။ လင်ပန်းပေါ်မှာ စံပယ်ကုံးတစ်ခွေအလယ်တွင် ကတ္တီပါဘူးလေး။ ရှိန်းက စံပယ်ကုံး ကိုယူကာ မလေးနုလည်မှာ စွပ်လိုက်သည်။ ပြီးတော့ ကတ္တီပါဘူး လေးထဲမှ လက်စွပ်ကိုယူကာ မလေးနု ညာဘက်လက်ခလယ်မှာ စွပ်လိုက်သည်။ လက်စွပ်က တစ်လုံးတည်းလက်စွပ်လေး။

'ဟော…'

သူဇာနှင့် ဖြူပြာတို့က သံပြိုင်အော်ကာ လက်ခုပ်တီးလိုက် တော့ ရှိန်း၊ သက်မာနှင့် ဦးပြုံးတို့ပါ မနေနိုင် လက်ခုပ်တီးကြသည်။

'ကျေးဇူးတင်လိုက်တာ ရှိန်းရယ်'

မလေးနုက အသံတုန်ယင်စွာပြောရင်း မျက်ရည်များလည် လာသည်။ ဖြူပြာနှင့် သူဇာတို့က အနားကပ်ကာ မလေးနုပါးကို တစ်ဖက်စီနမ်းကြသည်။ မလေးနုသည် တော်တော်နှင့် စကားပြန် မပြောနိုင်။

'ကဲ… အန်တီမလေး၊ ကိတ်မုန့် ဓားနဲ့လှီးလေ၊ ဒီနေ့ ခေါက်ဆွဲကြော် အန်တီမလေးအလှူ၊ အန်တီမလေး ပြန်စားပေတော့'

သူဇာက မုန့်လှီးဓားလေး လာပေးသည်။ မလေးနုသည် မုန့်ကိုခွဲစိတ်ကာ မုန့်စားပန်းကန်ပြားပေါ် ထည့်လိုက်စဉ် ဦးပြုံးက ခေါက်ဆွဲပန်းကန်များ လိုက်ချပေးသည်။

မလေးနုက စားရင်းမှ 'ဒီနေ့ အန်တီမလေး အလှူဆိုတော့ စေတနာခန်းအတွက် ကုန်သမျှ ခေါက်ဆွဲကြော်ဖိုး အန်တီမလေး လှူမယ်နော်'ဟု ပြောလိုက်သည်။

'ဦးပြုံး ပြန်ရင်လည်း ကိတ်မုန့်နဲ့ ခေါက်ဆွဲကြော်အိမ်က လူတွေအတွက် ယူသွားပါ၊ မလေးက လှူပါတယ်လို့ ပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



ဦးပြုံးက ဝမ်းသာအားရ ခေါင်းညိတ်ပြသည်။

'ဖေဖေ ညနေ ဘယ်မှမသွားရင် ကားပေးပါ၊ သမီးတို့ အန်တီမလေးနဲ့ ဘုရားတက်မလို့'

'ညနေ ခြောက်နာရီဆို အားပါပြီ'

'အိုကေ… အန်တီမလေး ညနေ ဘုရားသွားမယ်နော်၊ အန်တီသက်မာရော အဆက်ကြီးဆီ ခွင့်တောင်းပြီး လိုက်ခဲ့ပါလား'

'ကြိုတင်ချိန်းမထားတော့ အန်တီသက်မာ တခြားအစီအစဉ် ရှိလို့ ခွင့်ပြုပါ'

သူဇာသည် ဝမ်းသာအားရ တက်ကြွနေသည်။ မလေးနု၏ မွေးနေ့ပွဲလေးကို သိပ်သိပ်သည်းသည်း စီစဉ်ပေးရ၍ သူ ကျေနပ်နေသည်။

★ ★ ★

- ၁၈ -

မလေးနုအဖို့ လေးဆယ့်ငါးနှစ်မြောက် မွေးနေ့ပွဲလေးကို ဘယ်တော့မှ မမေ့ပါ။

ဦးပြုံးက အိမ်ပြန်ရောက်လာသည်။ သူသည် ထမင်းချိုင့်ကြီးကို စားပွဲပေါ်တင်လိုက်တော့ ဦးထွန်းနှင့် ဒေါ်သိန်းမေတို့က အနားရောက်လာသည်။

'ဟော… ဦးပြုံး ပြန်လာပြီလား၊ မနက်က ဘာမှ ချက်ယူမသွားဘူး၊ ဒီချိုင့်ကြီးက ဘာလဲ'

ဒေါ်သိန်းမေက မေးရင်း ချိုင့်ကို တစ်ခုစီဖြုတ်နေသည်။ အေးသည် လှေကားမှဆင်းလာကာ ထမင်းစားခန်းဝ ခန်းဆီးအကွယ်မှာ ရပ်နေသည်။

'ဟယ်… ခေါက်ဆွဲကြော်တွေပါလား'

ဒေါ်သိန်းမေက အော်ဟစ်ပြောလိုက်သည်။

'ဟုတ်တယ်၊ ဒီနေ့ ဒေါက်တာမလေးနု မွေးနေ့လေ၊ မွေးနေ့ အထိမ်းအမှတ် ဆေးတိုက်တစ်ခုလုံး ခေါက်ဆွဲကြော် ကျွေးတယ်'

အေးသည် ဦးပြုံးစကားပြောသံကို ဆက်နားထောင်နေသည်။

'ကိတ်မုန့်တွေလည်း ပါတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'အေး… ဒေါက်တာမလေးနုက အိမ်ကလူတွေစားဖို့တဲ့ ထည့်ပေးလိုက်တာ၊ မမကို ဦးချပြီး ခွဲထား၊ မင်းတို့ ယူပြီး စားပစ်၊ မွေးနေ့လေးက ပျော်စရာပါ'

အေးရင်ထဲမှာ တုန်လှုပ်လာသော်လည်း လူက လှုပ်မရ။

'မနေ့ကတည်းက သူဇာက ငါ့ကို မွေးနေ့ကိတ်မှာခိုင်းလို့ မှာရတာ၊ ဒီနေ့ ဆေးတိုက် မီးဖိုမှာ ခေါက်ဆွဲကြော်ဖို့ သူဇာက အားလုံးစီစဉ်တယ်၊ ထမင်းစားခန်းမှာ ပျော်စရာကောင်းလိုက်တာ၊ မလေးနု ဝင်လာတော့ ဆရာတို့သားအဖတွေ အံ့လိပ်လို အော်တယ်'

အေးသည် နားထောင်နေရာမှ လည်ပတ်နေသော သွေးများ ရပ်တန့်သွားသလိုပင် တောင့်တောင့်ကြီးဖြစ်သွားသည်။

'ငါမေးကြည့်တော့ 'ပျော်ရွှင်ဖွယ်မွေးနေ့ ဖြစ်ပါစေ'လို့ ဆုတောင်းတာတဲ့၊ ပြီးတော့ သူဇာက ဖေဖေကလည်း အန်တီမလေး အတွက် မွေးနေ့လက်ဆောင်ပေးပါလိမ့်မယ်လို့ ပြောတော့…'

ဦးပြုံးပြောသံကို ဆက်၍ကြားရသောအခါ…

အေး အသက်မရှူနိုင်။

'ငါကလေ ဆရာ စီစဉ်ထားတဲ့အတိုင်း ပိုးပဝါဖြူလေး အုပ်ထားတဲ့ ငွေလင်ပန်းလေးကို ဆရာ့လက်ထဲ ထည့်လိုက်တယ်၊ ဆရာက လင်ပန်းကိုယူသွားပြီး မလေးနုအနားမှာ ရပ်လိုက်တယ်၊ ပဝါလေးကို ဖွင့်လိုက်တော့ အထဲမှာ စံပယ်ပန်းကုံး၊ ဆရာကလေ စံပယ်ကုံးကိုယူပြီး မလေးနုလည်တိုင်မှာ စွပ်လိုက်တယ်'

အေးသည် ယိုင်မသွားအောင် စိတ်ကို ထိန်းထားသည်။ သွေးများက နားထင်မှာ တဒိတ်ဒိတ်နှင့် တိုးလာသည်။

'ပြီးတော့ ငွေလင်ပန်းထဲက ကတ္တီပါဘူးလေးထဲက လက်စွပ်လေးယူပြီး ဆရာက ဒေါက်တာမလေးနုလက်ကို စွပ်ပေးလိုက်တော့ တို့အားလုံးက လက်ခုပ်ဝိုင်းတီးကြတယ်၊ ပြီးတော့ သူဇာတို့ညီအစ်မ ကလေ ဒေါက်တာမလေးနုပါးကို တစ်ဖက်စီနမ်းကြတယ်၊ သူတို့ ညီအစ်မ မလေးနုနဲ့ ဒီညနေ ဘုရားသွားကြလိမ့်မယ်'



အေးသည် ရင်တွေပါ တဒိတ်ဒိတ်ခုန်လာသည်။ မျက်လုံးမှ မျက်ရည်တွေ တွေတွေစီးကျလာသည်။ တစ်စုံတစ်ခုစားဖို့ ထမင်းစားခန်းကို ဆင်းလာခြင်းပဲ။ ဘာမှ စားလိုစိတ် မရှိတော့ပါ။ ဟိုတစ်ခါ ခန်းဆီးနောက်မှာ ရပ်၍ ဦးပြုံးတို့ စကားပြောသည်ကို နားထောင်ခဲ့ဖူးသည်။ ဒီတုန်းက ဒေါသတွေ ပေါက်ကွဲခဲ့ရသည်။ ယခုတော့ ဘာစကားမှ မဆိုချင်။ ဖြည်းညင်းစွာ လှမ်း၍ လှေကားရှိရာ ရောက်လာကာ တစ်ထစ်ချင်း ဖြည်းဖြည်းတက်လာသည်။ အိပ်ခန်းထဲဝင်၍ ခုတင်ပေါ်လှဲပြီးချိန်မှာ ဒေါသကတော့ ဖြစ်မလာ၊ ကြေကွဲဝမ်းနည်းခြင်း၊ ဆွေးမြည်းခြင်းက ရင်ထဲမှာ ပိုကဲလာသည်။

ယခင်အခါက ရှိန်း မိန်းမတွေပွေတိုင်း သူဇာသည် အမေ့ဘက်မှ အမြဲရပ်တည်ခဲ့သည်။ သန္တာလှိုင် အေးတို့အိမ်ကို ဝင်ထွက်နေသည်ကိုပင် သူဇာက မကြိုက်။ သန္တာလှိုင်ကို အရောတဝင်နေသည်ကို ဆူပူဆူပူ လုပ်ခဲ့သည်။ ယခုတော့ သူဇာကိုယ်တိုင်က မလေးနု မွေးနေ့ပွဲကျင်းပပေးသည်တဲ့။ မလေးနုကိုလည်း ရှိန်းက မွေးနေ့လက်ဆောင် စိန်လက်စွပ်လေးကို မလေးနုလက်မှာ ကိုယ်တိုင်ဝတ်ပေးသတဲ့။ ဪ… ဘယ်လိုအဖြစ်များပါလိမ့်။ သူ့မှာတော့ တစ်ယောက်တည်း။ အခန်းကျယ်ကြီးထဲက အိပ်ရာပေါ်မှာ အာကာတို့၊ ဝဏ္ဏတို့လည်း မရှိ၊ သမီးတွေ အားလုံးကလည်း မလေးနုနှင့် ဘုရားပေါ်မှာတဲ့။ စိတ်မမှန်သူ သမီးမူရာ တစ်ယောက်ပဲ ခြေရင်းခန်းမှာ ရှိသည်။

မလေးနုဆိုသော မိန်းမသည် ဘယ်လိုမိန်းမလဲ သူသိချင်လိုက်တာ။ တဖြည်းဖြည်းနှင့် သူ၏မိသားစုကို ထိုးဖောက်ဝင်ရောက်ခိုမ်းသွင်းလာလိုက်သည်မှာ အမာခံ သူဇာပင် ပါသွားသည်။

အေးသည် သက်ပြင်းရှိုက်ရာမှ တစိမ့်စိမ့်နှင့် ငိုကြွေးနေမိသည်။ ရှိန်းတစ်ယောက် သူ့ဆီပြန်လာဖို့ တဖြည်းဖြည်း ဝေးပြီထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



သူဇာတို့ ညီအစ်မကတော့ မလေးနုနှင့်အတူ ရွှေတိဂုံဘုရား ရင်ပြင်မှာ လှည့်လည်ဖူးမြော်ကြရင်း မလေးနုနှင့် မွေးနံကြာသပတေး ထောင့်မှာ ဆီမီးသက်စေ့၊ ပန်းသက်စေ့၊ ရေသက်စေ့ ပူဇော်ကြသည်။ မလေးနု ရင်ထဲမှာတော့ မြတ်စွာဘုရားရိပ်မှာ ကြည်နူးအေးချမ်း၍နေ ပေသည်။ သူတို့သုံးယောက် အနောက်ဘက် စောင်းတန်းကို ဆင်း အလာ မလေးနုကို လူတစ်ယောက် လှမ်းနှုတ်ဆက်သည်။ မလေးနု မှာ ခေတ္တအံ့အားသင့်နေပြီးမှ…

'ကိုစိန်မောင်'ဟု နာမည်ကို လှမ်းခေါ်လိုက်သည်။

'မမ ဘုရားလာလား'

'ဟုတ်ပါတယ်'

'ကျွန်တော်လည်း ဘုရားလာပါတယ်၊ နည်းနည်းနေကောင်း လို့၊ ဒါနဲ့ မမကို ကျွန်တော်တို့ ပြောရဦးမယ်၊ ကျွန်တော်တို့ ဘဝမြင့် ရိပ်သာကို ဖျက်လိုက်ပြီ၊ လျော်ကြေးရတဲ့ငွေနဲ့ သန်လျင်ဘက်မှာ ကျွန်တော်တို့သားအဖ မြေလေးတစ်ကွက်ရပြီး တဲထိုးနေတယ်'

'ဝမ်းသာတယ် ကိုစိန်မောင်၊ လေကောင်းလေသန့်ရဖို့လို တယ်၊ အိမ်ပတ်ဝန်းကျင်လည်း ဂရုစိုက်၊ ဆေးလည်း မှန်မှန်သောက်'

'သွားလိုက်ပါဦးမယ် မမ'

ကိုစိန်မောင်က နှုတ်ဆက်ထွက်သွားသည်။

'အန်တီမလေး လူနာလား၊ အန်တီမလေးကလည်း သွား လေရာ အသိပေါလိုက်တာ'

'ဟုတ်တယ်၊ သူတို့ အရင်နေတဲ့ရပ်ကွက်က နာမည်က ဘဝမြင့်ရိပ်သာတဲ့၊ လူတွေကတော့ ဆင်းရဲလားမပြောနဲ့၊ ရပ်ကွက် ကလည်း ရေသွားမြောင်းမရှိ၊ ညစ်ပတ်နံစော်နေတာပဲ၊ ခု သန်လျင် ပြောင်းရတယ်ဆိုတော့ လေကောင်းလေသန့်ရရင် သူက အဆုတ်နာ သမားဆိုတော့ ကျန်းမာရေးအတွက် ကောင်းပါတယ်'

သူတို့သုံးယောက် အနောက်ဘက်စောင်းတန်းမှဆင်း၍ ပြန်



လာခဲ့သည်။ မလေးနုကို ဆေးတိုက်ချခဲ့ကာ သူဇာတို့ အိမ်ပြန်လာ ခဲ့သည်။

အိမ်မှာ ဖေးဖေးသည် သူတို့ကို ဘာမှမမေး၊ တိတ်ဆိတ် စွာပင် အိပ်နေသည်။ ဖြူဖြူက အနားကပ်လာသည်။

'မေမေ နေကောင်းလား၊ ဒီညစာ ဘာစားမလဲ'

တယုတယမေးကာ လက်ကို ဆုပ်ကိုင်လိုက်သည်။ ဖေး သည် ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။

'မေမေ အိပ်ချင်တယ်၊ ဘာမှ မစားချင်ဘူး'

'အိပ်ခါနီး အိုဗာတင်းနဲ့ ဆေးတော့ သောက်လိုက်ပါ'

ဖြူဖြူက အိုဗာတင်းယူဖို့ အောက်ဆင်းသွားသည်။ သူ့သမီး သူဇာသည် သူ့ထံ မလာလိုတော့ဘူး ထင်ပါရဲ့။ ဖေးသည် သူဇာ တစ်ယောက် အခန်းထဲကို ဝင်လာလို လာငြား မျှော်မိသည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## - ၁၉ -

ဦးပြုံးသည် ထမင်းချိုင့်ကြီးနှင့် ဆေးတိုက်ပေါ် တက်လာသည်။ မလေးနုကို လိုက်ရှာသည်မှာ မတွေ့၊ မွေးခန်းထဲ ဝင်နေသည်ဟု ဆိုသည်။ ရုံးခန်းထဲဝင်ကာ ဖြူပြာကို အခန်းအပြင်သို့ ခေါ်လာခဲ့သည်။

'ဘာကိစ္စရှိလို့လဲ ဦးပြုံး'

ဖြူပြာက မေးလိုက်၏။

'ဆရာ မရောက်လာသေးဘူးလား'

'ဒီနေ့ နောက်ကျမယ်၊ စုပါမားကက်မှာ အစည်းအဝေးရှိလို့၊ ဘာကိစ္စရှိလို့လဲ၊ ဦးပြုံးကလည်း ပြောမှာ ပြောပါ'

'ပြောမှာပါ၊ ဆရာနဲ့မှ ဖြေရှင်းလို့ရမှာမို့လို့'

'ဘာဖြစ်လို့လဲ'

'အာကာမိန်းမ ခိုးလာတယ်'

ဖြူပြာက မျက်နှာရှုံ့လိုက်သည်။

'ဟင်း… ဖြစ်ရမယ်၊ ခိုးလာရော ဘာနဲ့ရှာကျွေးမှာလဲ'

'ဆရာက ကျွေးပေါ့၊ ယောလောဆယ် မမနဲ့ ပြဿနာ ဖြစ်နေကြတယ်'

'ဘယ်လို၊ မမေနဲ့လား'

'ဟုတ်တာပေါ့၊ သူ့အိမ်ပေါ် ဒီကောင်မလေး မတင်ရဘူးတဲ့၊ ဦးပြုံးတို့ကလည်း ကလေးမလေး အားနာလို့ ဟိုကားဂိုဒေါင်



ဟောင်းထဲ ခဏထားလိုက်ရတယ်၊ ဒီလို ကြာကြာနေလို့ ဘယ်ဖြစ်ပါ့မလဲ'

ဖြူပြာသည် ခေါင်းစုံကုတ်ကာ ခုံတန်းပေါ် ထိုင်ချလိုက်သည်။

'ခက်လိုက်တာနော်၊ ဖြူပြာတို့မောင် ယူရင်တော့ ဒုက္ခခါးစည်းခံပေတော့၊ ဆေးသမားကိုများ ကြိုက်တဲ့လူရှိသေးတယ်၊ သူတို့ ဒုက္ခရောက်မှာစိုးလို့ ဖြူပြာပြောတာပါ၊ ကဲ… ဦးပြုံးရယ်၊ ထမင်းစားခန်းကသာ စောင့်နေ၊ ဖေဖေ ရောက်ရောက်ချင်းလည်း ဘာမှမပြောနဲ့ဦး၊ အန်တီမလေးလည်း ခွဲစိတ်ခန်းထဲ ဝင်နေတယ်၊ ထမင်းစားခန်း နောက်ကျမှာပဲ၊ အဲဒီတော့မှ တိုင်ပင်ကြသေးတာပေါ့'

ဖြူပြာက ပြောကာ ရုံးခန်းထဲပြန်ဝင်သွားသည်။ ဦးပြုံးကတော့ အပေါ်ထပ် ထမင်းစားခန်းထဲဝင်သွားကာ စောင့်နေသည်။ ယနေ့မှာ တင်သက်မာအလှည့်မဟုတ်၍ မလေးနုတစ်ယောက်တည်း တခြားအကူဆရာဝန်နှင့်အတူ မွေးလူနာများမွေးပြီး၍ ထွက်လာကြသည်။

မလေးနုက ရုတ်တရက် ထမင်းစားချင်စိတ် မရှိသေး၍ သူ့အခန်းပြန်ကာ ရေချိုးနေသည်။ မလေးနု ရေချိုးခန်းကထွက်လာတော့ ဖြူပြာ အပြင်မှာစောင့်နေသည်။ မလေးနုသည် အဝတ်အစားလဲကာ ထွက်လာသည်။

'ဖြူပြာ ကိစ္စရှိလို့လား'

ဖြူပြာ့ကို လှမ်းမေးလိုက်သည်။

'ရှိတယ် အန်တီမလေး၊ ထိုင်ပါဦး၊ ဖေဖေက ဖုန်းဆက်တယ်၊ သူ ထမင်းစားပြန် နောက်ကျမယ်၊ ခု နှစ်ချက်တီးဆိုတော့ လာတော့မယ် ထင်တယ်၊ အန်တီမလေး မဆာသေးရင် ဖေဖေနဲ့မှ စားပါလား'

'ဖြူပြာရော'

www.burmeseclassic.com

www.burmeseclassic.com



'ဖြူပြာက မနက်က စားပြီးပြီ၊ ဦးပြုံး ထမင်းစားခန်းမှာ စောင့်နေတယ်'

'ဘာဖြစ်လို့လဲ၊ အန်တီမလေး ကောင်းကောင်းမဆာသေးပါဘူး'

'ဒီလို အန်တီမလေးရေ၊ အာကာရယ် မိန်းမခိုးလာတယ်'

မလေးနုက အံ့အားသင့်နေသည်။ အာကာ မိန်းမခိုးခြင်းကို သူဘာလုပ်ရမလဲ။

'ဦးပြုံးက ဖေဖေ့ကို ဘယ်လိုပြောရမှန်းမသိဘူး၊ ဒါနဲ့ ဖြူပြာက ထမင်းစားခန်းထဲက စောင့်နေလို့ ပြောထားတယ်၊ ဖေဖေလာတော့ အန်တီမလေးနဲ့ ဖေဖေနဲ့အတူတူ ထမင်းစားပေါ့၊ ထမင်းစားပြီးမှ စကားစရှာပြီး အန်တီမလေးက အာကာအကြောင်း ဖေဖေ့ကို ပြောပေးပါ၊ မနက်က ဆေးတိုက်ကို ထွက်လာချိန်က ပြဿနာမပေါ်သေးဘူး'

မလေးနုမှာ သက်ပြင်းကြီးချလိုက်မိသည်။

'ဖြူပြာအနေနဲ့ ဆေးသမား လင်လုပ်ရမယ့် မိန်းကလေးကို သနားလို့ပါ၊ ခုပဲ မေမေက အိပ်ပေါ်ခေါ်မတင်ရဘူးဆိုတော့ ကိုကိုကြီးသေတဲ့ ဂိုဒေါင်ထဲမှာ သူတို့ ခဏထားခဲ့ရတယ်လို့ ဦးပြုံးက ပြောတယ်'

မလေးနုသည် ဘာမှပြန်မပြောနိုင်ပါပေ။ ဖြူပြာ့ဆန္ဒကို သဘောတူလိုက်ရပါသည်။

ရှိန်း ရောက်လာလျှင် ထမင်းစားကြတော့ အတူစားဖြစ်သည်။ ဦးပြုံးက ဟင်းလိုက်ထည့်ပေးသည်။

'ရှုပါမားကက်ကို တိုးချဲ့ချင်တယ်လို့ မန်နေဂျာက ပြောနေလို့ ရှိန်း အစည်းအဝေး လုပ်နေတာ၊ မလေး စားပွဲကောင်းရဲ့လား၊ ထမင်း းတာ တို့နေးတို့နေးနဲ့'

ရေနွေးခန်းထဲ ဝင်ရတာ တစ်ယောက်က ခက်တော့ ဒီနေ့



နည်းနည်းပင်ပန်းသလိုပဲ၊ ဒါကြောင့် ထမင်းမစားချင်ဘူး'

ရှိန်းသည် မလေးနုမျက်နှာကို အသာလေးကြည့်နေသည်။

'ဟုတ်တယ်နော်၊ ခွဲစိတ်နေတုန်း မွေးပေးနေရတုန်းဆို စိတ်ရော လူရော လူနာအပေါ် ပုံထားရတာ၊ လူနာအသက်ကလည်း မလေးနုတို့ လက်ထဲမှာ၊ မလေး ပင်ပန်းမှာပေါ့၊ မလေး ကြည့်ရတာ နွမ်းနေသလိုပဲ'

မလေးနု ရင်ထဲမှာတော့ ပြောနေမိသည်။ မလေး လူနာတွေအတွက် မပင်ပန်းပါ။ ရှိန်း မိသားစုကိစ္စ စိတ်မောနေခြင်းသာဟု ပြောလိုက်ချင်သည်။ ပြောမထွက်သေး။ ဘယ်က စပြောရမည်ကို စဉ်းစားနေသည်။

'ဒီလိုလုပ်ပါလား မလေးရယ်၊ ရှိန်းကို မန်နေဂျာက ကုန်ပစ္စည်းတွေဝယ်ဖို့၊ ရှုပါမားကက်တိုးချဲ့ဖို့၊ ပြင်သစ်နဲ့ အင်္ဂလန်သွားဖို့ ပြောနေတယ်၊ မလေး နားနားနေနေ ရှိန်းနဲ့ အပန်းဖြေလိုက်ခဲ့ပါလား၊ မလေး ကြာရင် လဲသွားမှာစိုးတယ်'

အနားမှာ စားပွဲထိုးနေသော ဦးပြုံးက ဝေဒနာနှစ်ခုကို ခံစားနေရသည်။ ရှိန်းက မလေးနုကို ကြင်ကြင်နာနာ ပြောနေသံကြားတော့ သူ မနာလိုမဖြစ်ပါ။ မလေးနု သဘောထားကို သူသိပြီးဖြစ်သည်။ ဆရာ့မျက်နှာကလည်း တကယ့်စိတ်ရင်းနှင့် ပြောနေမှန်းသိသာသည်။ ဒီလို ကြင်နာယုယသော ဆက်ဆံမှုမျိုး သူ့မမနှင့် ဆရာ့ကြားမှာတော့ ရှိစေလိုသည်။ ရှိန်းက ဂရုတစိုက် မလေးနုကို ပြောသံကြားရ၍ ကြည်နူးမိသလို ဆရာက မမအပေါ် တစ်ခါမှ ဒီလိုပြောသံ မကြားသည်ကိုတော့ ဝမ်းနည်းမိသည်။ ဒီလို ထမင်းစားပွဲမျိုးကို သူ အမြဲတမ်း စားပွဲထိုးချင်သည်။ အိမ်မှာ ဒီလို ထမင်းစားချိန်ရှိလျှင် ဘယ်လောက်ကောင်းမည်လဲ။ ရှိန်းက ထမင်းစားပြီးသွား၍ အချိုပွဲ ပူတင်းပန်းကန်ကို ဦးပြုံးက ရှိန်းရှေ့ ချပေးလိုက်သည်။ ရှိန်းက ပူတင်းစားရင်း...

www.burmeseclassic.com

www.burmeseclassic.com



'မလေးဖို့ရော မရှိတော့ဘူးလား' ဟု ဂရုတစိုက် မေးလိုက်သည်။ ဦးပြုံးက တစ်ယောက်စာပဲ ယူလာမိသည်။

'တော်ပြီ ရှိန်း၊ မလေး ငှက်ပျောသီးပဲ စားမယ်'

မလေးသည် သူ့ အဆင်သင့်ဝယ်ထားသော ငှက်ပျောသီးကို ယူ၍စားနေသည်။

'ပြင်သစ်တွေ အင်္ဂလန်တွေသွားဖို့ မစဉ်းစားနိုင်သေးပါဘူး ရှိန်းရယ်၊ ကြည်ကြည်သန်းနဲ့ ညှိပြီး ကြည်ကြည်သန်းက တာဝန်ယူနိုင်တယ်ဆို မလေး ခဏခွင့်ယူပြီး ကလောကိုပဲ ပြန်ချင်တယ်၊ ရှိန်းဆေးတိုက်ကလည်း အရှိန်ရနေပါပြီ'

'ဟုတ်ပါတယ်လေ၊ မလေး သွားရင် ရှိန်းလည်းလိုက်မယ်'

ရှိန်းသည် ကလေးလေးတစ်ယောက်လို ပြောနေသည်။

'အဲဒီအချိန်အခါကျမှ စဉ်းစားပေါ့၊ လိုပါသေးတယ်၊ ခု လောလောဆယ် ရှိန်း လုပ်စရာတွေရှိတယ်'

'ဘာလဲဟင်'

ရှိန်းက အချို့ပွဲကို လက်စသတ်ခါ ပြောလိုက်သည်။ မလေးနက အသံကို အေးနိုင်သမျှ အေးအေးထားကာ ပြောပြလိုက်သည်။

'ပြောစရာရှိတယ် ရှိန်း၊ ထမင်းစားပြီးတာအောင် စောင့်နေတာ၊ အာကာလေ…'

'အာကာ ဘာဖြစ်လဲ'

'အာကာ မိန်းမခိုးလာလို့'

'ဟုတ်လား'

ရှိန်းက အံ့သြသွားသည်။

'ဦးပြုံး ခင်ဗျားသိလာတာလား'

'ဟုတ်ပါတယ်၊ ဆရာ့ကို မပြောရဲလို့ ဒေါက်တာ့ကို ပြောနိုင်းရတာပါ၊ အခု အိမ်မှာ'

ဦးပြုံးက တုန်တုန်ယင်ယင် ပြောလိုက်သည်။



'အဲဒါ ရှိန်းတစ်ခု စဉ်းစားပေါ့၊ ဒီကလေးတွေ ဘယ်လို နေရာချမလဲ၊ ဖြစ်လာပြီလေ'

မလေးနက တစ်ဆက်တည်း ပြောလိုက်တော့ ရှိန်းသည် နဖူးကြောကြီးထောင်မတတ် စဉ်းစားနေသည်။

'ခက်တာပဲ၊ အလုပ်သာ လက်ကြောတင်းအောင် မလုပ်တတ်တာ၊ မိန်းတော့ ယူတတ်တယ်၊ မိန်းမကို ဘာလုပ်ကျွေးမလဲ'

'နောက်မှ လုပ်ငန်းကိုင်ငန်းတွေ စဉ်းစားပေးတာပေါ့ ရှိန်းရယ်၊ လောလောဆယ် နေဖို့ခက်တယ်'

'အိမ်ပေါ်တင်ထားရမှာပေါ့'

'ရှိန်းခံစားရသလို သူ့အမေကလည်း ခံစားနေရမှာပေါ့၊ ဒီတော့ သူ့အိမ်ပေါ် ဘယ်လက်ခံချင်မလဲ'

မလေးနက သွယ်ဝိုက်ပြောလိုက်သည်။

'ဦးပြုံး အခု ကလေးတွေ ဘယ်မှာလဲ'

'ဟို ကားဂိုဒေါင်အဟောင်းထဲမှာ'

ရှိန်းသည် စိတ်ရှုပ်သွားပုံရသည်။ အတန်ကြာ စဉ်းစားနေသည်။

'သွား… သွား… ဦးပြုံး၊ ထွန်းမောင်ကို ခေါ်သွား၊ အာကာတို့နှစ်ယောက်ကို သွားခေါ်ချည်၊ ကားဝပ်ရှော့(ပ်) အပေါ်ထပ်မှာ အခန်းနှစ်ခန်းရှိတယ်၊ တစ်ခန်းမှာထား၊ နောက်မှ ကြည့်လုပ်၊ အဘွားကြီးတော့ ဒုက္ခပဲ'

ရှိန်းသည် ဒီလိုတော့လည်း အေးအပေါ် စာနာမှုရှိပေသားဟု မလေးက မှတ်ချက်ချသည်။

'မလေး… ကိုယ် ကားဝပ်ရှော့(ပ်)ကို လုမ်းဖုန်းဆက်လိုက်ဦးမယ်၊ အဲဒီမှာ ရှိန်း မလေးကိုပြောတဲ့ ကားပြင်တဲ့ကောင်လေး မောင်တွေးရှိတယ်၊ ကရိန်းနဲ့ခိုက်မိလို့ ရှိန်း ဆေးကုထားတာ၊ သူက ဆရာကြီးမြင့်သောင်းရဲ့ လက်ထောက်၊ ကားပြင်တာလည်း ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com

သင်တယ်၊ အုပ်ချုပ်မှုလည်း တော်တယ်၊ ရှိန်းက သူ့ကို မိန်းမ မယူသေးဘူးလားဆိုတော့ ငွေစုရဦးမယ်တဲ့၊ သူများသားသမီးများ တော်လိုက်တာ၊ သူက တစ်ခန်းနေတော့ အာကာတို့အတွက် ကျန် တစ်ခန်းပြင်ဖို့ ပြောလိုက်ဦးမယ်၊ တို့က မိန်းကလေးကို စာနာရမယ်"

ရှိန်းသည် ညည်းတွားရင်း တယ်လီဖုန်းရှိရာ သူ့အခန်းသို့ ထသွားတော့သည်။

"ဒေါက်တာ့ကို ကျေးဇူးတင်လိုက်တာ"

ဦးပြုံးက မလေးနှကို ပြောလိုက်ရင်း သူ့ရင်ထဲမှ အလုံး ကြီးကျသွားသည်။ ကမန်းကတန်း ဖြူပြာကိုနှုတ်ဆက်၍ အိမ်ပြန် ပြေးတော့သည်။

မလေးနှကတော့ ပြဿနာတစ်ခု ပြေလည်သွား၍ စိတ် အေးရပါသည်။ သို့ပေမဲ့ ရေရှည် စိတ်အေးရသောကိစ္စ မဟုတ်ပါ။ သုံးလေးလလောက်ပဲ စိတ်အေးရသည်။ ညဘက်ကြီး သူ့အိပ်ရာဝင် ခါနီး တံခါးဝေါင့် ကိုအောင်သန်းက နှပ်စိမလေးတစ်ယောက်နှင့် အတူ တံခါးလာခေါက်၍ မလေးနှက တံခါးဖွင့်လိုက်သည်။

"ကိုအောင်သန်း ဘာကိစ္စလဲ၊ ညဉ့်နက်ပြီ"

"မိန်းကလေးတစ်ယောက် ဆရာကြီးကို တွေ့ချင်လို့တဲ့၊ ကျွန်တော်တို့လည်း မနိုးရဲဘူး"

"ဒီမိန်းကလေး ဘယ်မှာလဲ"

"အောက်ထပ် ဂျူတီခန်းမှာ စောင့်ခိုင်းထားပါတယ်"

မလေးနှသည် ကိုအောင်သန်း၊ သူနာပြုဆရာမလေးတို့နှင့် အတူ ဆင်းလာခဲ့သည်။

မိန်းကလေးက ဖြူဖြူ မဂိုဆင်၊ ပိန်ပိန်သွယ်သွယ်၊ အသက် နှစ်ဆယ်လောက်ပဲ ရှိဦးမည်။

"မိန်းကလေး ဘာကိစ္စရှိလို့လဲ"

မလေးနှက မေးလိုက်သည်။



"အန်ကယ်ရှိန်းကို တွေ့ပါရစေ"

မိန်းကလေးက တုန်တုန်ယင်ယင်နှင့် ဖြေ၏။

"ကိစ္စကို ပြောပါဦး"

"ကျွန်မ··· ကျွန်မက ကိုအာကာရှိန်းရဲ့ဇနီး သီသီပါ၊ ကိုအာကာရှိန်းကို ဖမ်းသွားလို့ အခု မရမ်းကုန်းရဲဌာနမှာ"

"ဟင်··· ဘယ်တုန်းက ဖမ်းလဲ"

"ခုပဲ သူက သူ့အိမ်ကိုသွားပြီး အရက်တွေမူးပြီး ဆဲတယ်၊ အိမ်ကိုလည်း ခဲနဲ့ပေါက်၊ ဝင်းတံခါးတွေကိုဖျက်လို့ ဂိတ်ပေါက်က မီးလုံးတွေလည်း ကွဲကုန်လို့ အရပ်ကဝိုင်းပြီး ရဲလက်ကိုအပ်တယ် တဲ့၊ ရိုးရိုးမူးတာ မဟုတ်ဘူး၊ သူ့အိတ်ထဲမှာ ဘိန်းဖြူတွေ့လို့ ရဲက ဖမ်းသွားတယ်တဲ့၊ ဌာနက ဝပ်ရှော့(ပ်)ကို လာအကြောင်းကြားသွား လို့ အာကာက သူ့ဖေဖေကို သွားပြောပေးပါဆိုလို့ ကျွန်မ လာတာပါ"

ပြောရင်း မိန်းကလေးက ငိုတော့သည်။

မလေးနှမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ချက် ချင်းပဲ ဂျူတီခန်းထဲမှ ဖြူပြာတို့အိမ်ကို ဆက်လိုက်သည်။ တစ်ဖက် မှ ဖြူပြာက ကိုင်သည်။

"အန်တီမလေးဆီ ဖြူပြာ ခုပဲဆက်မလို့"

"အေး··· ဘယ်လိုဖြစ်ကြတာလဲ"

"အာကာရယ် ဆေးထလား၊ အရက်မူးလားမသိဘူး၊ အိမ် ရှေ့လာဆဲတယ်၊ ဝင်းတံခါးကိုလည်း ရိုက်ချိုး၊ ဂိတ်ပေါက်အုတ်တိုင် ထိပ်က မီးလုံးတွေလည်း ရိုက်ခွဲလုပ်နေတာ၊ ဦးပြုံးတို့က ပထမ သူမှန်းမသိဘူး၊ အိမ်နီးချင်းတွေက ရဲလှမ်းအကြောင်းကြားပြီး ဖမ်း တော့မှ အာကာမှန်း သိတယ်၊ သူ့ကို ဌာနခေါ်သွားပြီ၊ ဖြူပြာတို့ လည်း သူ့ကို ဦးပြုံးတို့နဲ့လွှတ်ထားပြီး မေမေ့ကို ပြုစုနေရတယ်၊ မေမေ လန့်ပြီး သတိလစ်သွားလို့"

"ဘယ်ဆရာဝန်ခေါ်လဲ"

www.burmeseclassic.com

www.burmeseclassic.com



‘ဒေါ်ချိုချိုအေး၊ ဖေဖေ့ကို ဘယ်လိုပြောမလဲ အန်တီမလေး’

‘ဆေးတိုက်ကို အာကာ့မိန်းမ ရောက်လာတယ်၊ သူက လည်း ရှိန်းကို တွေ့ချင်လို့တဲ့၊ အာကာက ဖေဖေ့ကို သွားပြောခိုင်း တယ်ပြောတယ်၊ အန်တီမလေး ဘာလုပ်ရမလဲ’

‘လူခွဲလွှတ်စရာလည်း မရှိဘူး အန်တီမလေးရယ်၊ ဝဏ္ဏက မူးလဲနေပြီ၊ သူ့လည်း ခိုင်းလို့ရမှာမဟုတ်ဘူး၊ ဖေဖေ့ကို အန်တီမလေး ပြောရဲ့လား’

‘ဖြူပြာတို့ ပြောခိုင်းရင် ပြောရတာပေါ့’

‘ပြောလိုက်ပါ၊ ဖြူပြာတို့တော့ မေမေ့ကို ဂရုစိုက်ရဦးမယ်၊ ဖေဖေ့ကိုလည်း မေမေ သတိလစ်သွားတာ ပြောလိုက်ပါ’

‘အေးအေးအတွက် ဆေးတိုက်က ဆရာဝန်လွှတ်ပေးရမလား’

‘မလိုဘူး၊ မလိုဘူး’

ဖြူပြာက ဖုန်းချသွားသည်။ မလေးနုသည် မတတ်နိုင်တော့ ပါ။ ကိုအောင်သန်း ထားခဲ့၍ သူနာပြုဆရာမလေးနှင့် သီသီကိုခေါ် ကာ ရှိန်းအခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့ရသည်။ တံခါးခေါက် လိုက်တော့ ရှိန်းက တံခါးဖွင့်ပေးသည်။

‘အန်ကယ်ရဲ့ လုပ်ပါဦး၊ အာကာကို ဖမ်းသွားပြီ၊ အာကာ ရဲ့ဌာနမှာ၊ ဖေဖေ့ကို သွားပြောဆိုလို့ လာပြောတာ’

ကလေးမလေးက ရှိန်းခြေကိုဖက်ကာ ငို၍ပြောသည်။ ရှိန်း က သူတို့ကို ကုလားထိုင်များအပေါ် ထိုင်ခိုင်းသည်။

‘ဘယ်လိုဖြစ်တာလဲ’

သီသီက ဖြစ်သမျှကို ပြောပြသည်။

‘ခက်တာပဲ၊ ဒီကောင်က သူ့ကို အိမ်မှာ မထားတာနဲ့ အသွားကြီးကို မကျေနပ်လို့ လာဆဲတာဖြစ်မယ်’

‘ဖြူပြာက ဆက်တယ်၊ ဒေါ်အေးအေးလည်း လန့်ပြီးမူးလဲ သွားလို့တဲ့’



မလေးနုက ပြောလိုက်သည်။

‘ကဲ… ရှိန်း အခု ရဲဌာနလိုက်သွားမယ်’

မလေးနု စိုးရိမ်သွားသည်။

‘ဒရိုင်ဘာလည်း မရှိဘူး’

‘ရှိန်းကိုယ်တိုင် မောင်းသွားမယ်’

‘ကားက ဟုတ်ပါတယ်၊ ယောကျ်ားအဖော်တစ်ယောက် ခေါ်သွားလေ၊ စေတနာခန်းက ဂျူတီကျနေတဲ့ ဆရာဝန်လေးခေါ် သွား၊ ဇလေး သူ့ဂျူတီ ယူလိုက်မယ်’

မလေးနု စီစဉ်ရန် အောက်ထပ်ကို ဆင်းလာခဲ့သည်။ မကြာ ခင် ရှိန်း၊ ဆရာဝန်လေးနှင့် သီသီတို့ ကားတစ်စီးနှင့် မရမ်းကုန်းရဲဌာန ကို ထွက်သွားကြသည်။

မလေးနုကတော့ စိတ်မော၍ ကျန်ခဲ့သည်။ ဂျူတီခန်းထဲမှာ လည်း နေမရ၊ ဂိတ်စောင့် ကိုအောင်သန်း အခန်းလေးနှင့် လူနာခန်း များကို ကူးနေသည်။ ကိုအောင်သန်းကတော့ စာကျက်နေသည်။

‘ဘာကျက်နေတာလဲ ကိုအောင်သန်း’

‘ကျွန်တော် ဆယ်တန်းဝင်ဖြေမလို့၊ မနှစ်က ဘီနဲ့ပဲအောင် ထားလို့၊ အစ်ကို့လို တက္ကသိုလ်ရောက်ချင်လို့’

‘မင်းအစ်ကိုက တက္ကသိုလ်မှာလား’

‘မဟုတ်ပါဘူး၊ ဆရာကြီး ဝပ်ရှော့(ပ်)မှာ လုပ်တာ၊ ဆယ် တန်းအောင်ပြီးပါပြီ၊ အခု အလုပ်လုပ်ရင်း စာပေးစာယူ ဒုတိယနှစ် ပါ၊ အစ်ကို့ခေါင်းမှာ ဒဏ်ရာရလို့ ဆေးရုံတင်တော့ ကျွန်တော် သွားစောင့်ရတာ၊ အဲဒီကတည်းက ဆရာကြီးနဲ့သိတာပါ၊ ဆရာကြီး က ဒီဆေးတိုက်ဖွင့်တော့ ကျွန်တော့်ကို တံခါးစောင့်ခန့်တာ’

‘အေး… အေး… ကြိုးစား၊ ကြိုးစား’

ရှိန်းပြောလည်း ပြောစရာ၊ ကြိုးစားချင်သူတွေကျတော့ လည်း အလုပ်တစ်ဖက်နှင့် ဂျူတီစောင့်ရင်း စာကြိုးစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မလေးနုသည် ခေါက်တုံ့ခေါက်ပြန် အခန်းတွင်းမှာလျှောက်ရင်း နာရီကိုကြည့်လိုက်တော့ နှစ်ချက်တီးကျော်နေပြီ။

မကြာခင် ရှိန်းတို့ ပြန်ရောက်လာကြသည်။ ရှိန်းက ဘာမှ မပြော၊ အပေါ်ထပ်တက်သွား၍ ဧည့်ခန်းမှာ ထိုင်လိုက်သည်။ မလေးနုကလည်း အဖော်သူနာပြုဆရာမလေးနှင့် အတူလိုက်သွား၍ မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်သည်။

'တွေ့ခဲ့လား ရှိန်း'

မလေးနုက စတင်မေးရသည်။

'ဟင်း…'

ရှိန်းက သက်ပြင်းရှည်ကြီး ချလိုက်၏။

'တွေ့ခဲ့ပါတယ်၊ အာကာက အိမ်ကိုရောက်မလာခင် ကတည်းက သောင်းကျန်းလာတာတဲ့၊ သူအရက်သောက်တဲ့ 'အဋ္ဌာဝါ' ဟိုတယ်က ဘားမှာ ပုလင်းတွေရိုက်ခွဲ၊ မှန်တွေရိုက်ခွဲ၊ လမ်းမှာလည်း ဓာတ်တိုင်မီးလုံးတွေ၊ ဘတ်စ်ကားမှတ်တိုင်က မှန်တွေခွဲပြီးတော့ အိမ်နားရောက်တော့ အရာရှိကြီးတစ်ဦးရဲ့ အိမ်ထိပ်ဝင်းတံခါးက မီးလုံးလည်း ရိုက်ခွဲလို့၊ ဟိုတယ်နဲ့ အဲဒီ အရာရှိက ရဲကို အကြောင်းကြားတယ်၊ လုံထိန်း ဒီကောင့်နောက် လိုက်လာတာ၊ အိမ်ရှေ့မှာ သောင်းကျန်းနေတုန်း မိသွားတာ'

'အခု အချုပ်ထဲမှာလား'

'ဟုတ်တယ်လေ၊ အရက်မူးတာလောက်ဆို ကိစ္စမရှိဘူး၊ ရိုက်ခွဲတာတွေကိုလည်း ဟိုတယ်ပိုင်ရှင်နဲ့ နားလည်မှုယူပြီး လျော်လိုက်ရပဲ၊ အရာရှိကြီးကလည်း အလျှော်မပေးဘူး၊ လမ်းမီးလုံးနဲ့ ဘတ်စ်ကားမှတ်တိုင် မှန်တွေရိုက်ခွဲတာက အစိုးရပစ္စည်းမို့လို့ ပုဒ်မ ခြောက်တစ်တဲ့၊ ပြီးတော့ သူ့အိတ်ထဲမှာ ဘိန်းဖြူရော ဆေးခြောက်ရောတွေ့လို့ အာမခံမပေးနိုင်ဘူးတဲ့၊ မောရဦးမှာပေါ့လေ'

ရှိန်းက ရှင်းပြရင်း စိတ်ပျက်လက်ပျက် ဖြစ်နေပုံရသည်။



'သိသိကရော'

မလေးနုက အာကာရှိန်းမိန်းမအကြောင်း မေးကြည့်ရပြန်သည်။

'ကောင်မလေးကို သူ့မိဘအိမ်ကို လိုက်သွားပြီး ပြန်အပ်ခဲ့ရတယ်၊ ဝပ်ရှော့(ပ်)မှာ မိန်းကလေးတစ်ယောက်တည်းထားလို့ ဘယ်ဖြစ်မလဲ၊ သူများသားသမီး ယူထားပြီး ဒီကောင်တွေ ဝတ္တရားလည်း မကျေနိုင်ဘူး'

'ကဲ… ရှိန်းရယ်၊ မိုးလင်းတော့မယ်၊ နားလိုက်ဦး၊ မအိပ်ခင် ဆေးတစ်လုံးသောက်လိုက်၊ ဆရာမ ဗီလီယံဖိုက်တစ်လုံးလောက် သွားယူပါ'

ဆရာမလေး ထသွားတော့ သူတို့နှစ်ယောက်တည်း ကျန်ရစ်သည်။ ရှိန်းက မလေးနုမျက်နှာကို စူးစိုက်ကြည့်ရင်းမှ ပြောလိုက်သည်။

'အရေးအကြောင်းဆို မလေး ကိုယ့်အနားမှာရှိလို့ တော်သေးတာပေါ့'

မလေးနုကတော့ ဘာမှပြန်မပြောနိုင်ပါ။ မကြာခင် သူနာပြုဆရာမလေး ဆေးလာပေး၍ ရှိန်းကို မလေးနုက တိုက်လိုက်သည်။

'ကဲ… ရှိန်းလည်း အိပ်တော့၊ မလေးတို့လည်း သွားတော့မယ်'

မလေးနုက နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## - ၂၀ -

အာကာ့ကိစ္စကို ဆက်လက်ဆောင်ရွက်ဖို့ သက်ဆိုင်ရာ ဝတ်လုံတစ်ယောက်ငှားရန် ရှိန်းက တာဝန်ပေးလိုက်ပါသည်။ အာမခံတော့ မရပါ။

မလေးနှမှာတော့ ချမ်းသာသူတွေ၏ ချမ်းသာခြင်းရောဂါကိုတွေးရင်း ကုသိုလ်၊ အကုသိုလ်တရားတွေကို ပြန်စဉ်းစားမိသည်။ ရှိန်းတို့မိသားစုကျတော့လည်း ပစ္စည်းက ချမ်းသာလိုက်တာ၊ လင်မယားက တကွဲတပြား၊ သားတွေက အမူးသမား၊ အသောက်သမား။ ရှိန်း မြင်ရသည်မှာ စိတ်ချမ်းသာပုံ မရသလို ရှိန်းဇနီး အေးကလည်း လင်သည်က သူ့အနားမကပ်၊ သားတွေကလည်း မကြင်နာ၊ ဘယ်လောက် အထီးကျန်လိုက်မလဲ၊ ရှိန်းကလည်း သူ့ကိုယ်သူ အထီးကျန်သူတဲ့၊ သူတို့နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကိုယ် သနားနေကြသူတွေဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် သနားလွန်းတော့လည်း ကိုယ့်အမှားကိုယ် မမြင်နိုင်တော့ပေ။ အမြဲလို ကိုယ့်ဘက် ငုံ့ကွက်တတ်ကာ ကိုယ့်ဘက်ကချည်း မှန်သည်ထင်သောအခါ နှစ်ယောက်အစေးမကပ်နိုင်တော့ပေ။

တစ်ခါတလေတော့လည်း မလေးနှသည် ဘဝမြင့်ရပ်ကွက်က ကိုစိန်မောင်တို့၊ သစ်သီးသည် မစိန်အေးတို့နှင့် စေတနာခန်းက ဆင်းရဲသား လူနာများကို တွေ့ရလေတော့ ရှိန်းတို့လို ချမ်းသာသူတွေ



သည် ကိုယ့်ဒုက္ခကိုယ်ရှာကာ စိတ်ဆင်းရဲနေကြသည် ထင်သည်။ ကုသိုလ်ကံကြောင့် ငွေကြေးချမ်းသာပြီး အကုသိုလ်အမှုတွေကြောင့် စိတ်ဆင်းရဲရလေသလား။ ဆေးရုံပေါ်က လူနာများမှာလည်း ငွေကြေးခန့်တက်သူတွေကျတော့ ကော်ဇောကြီးတွေခင်းကာ လူနာစောင့်တွေ၊ လူနာမိတ်ဆွေတွေ ဝိုင်းဖွဲ့စားသောက်နေကြသည်မှာ ပွဲတော်လိုပါပဲ။ သူတို့ ခွဲစိတ်နေ့ဆိုလျှင်လည်း ချမ်းသာသူတွေက ခွဲစိတ်ဆရာဝန်နှင့် အဖွဲ့ကို ခွဲစိတ်ပြီး ခေါက်ဆွဲ၊ ဒံပေါက်ထမင်းဟင်း ကျွေးလိုက်ကြသည်မှာ အားတောင်နာယူရသည်။

စေတနာခန်းကျတော့လည်း ကြက်ဥ၊ ဆေးတို့ကို ရောင်းစားရသောဘဝ၊ သူတို့မှာ ဆင်းရဲခြင်းပြဿနာကို ရင်ဆိုင်ဖြေရှင်းနေရသည်နှင့် တခြား လူမှုရေးကိစ္စကို မစဉ်းစားနိုင်၍ လူမှုရေး၊ အိမ်ထောင်ရေးဖောက်ပြန်မှု ပြဿနာတွေ နည်းပါးကြခြင်း ဖြစ်လေမလား။ ရှိန်းတို့မိသားစု ကြည့်ရင်းမှ ဘာ့ကြောင့်များ စာရိတ္တချို့ယွင်းမှုနှင့် အိမ်ထောင်ရေးဖောက်ပြန်မှုတွေ ဖြစ်နေသည်ကို မလေးနှ မစဉ်းစားတတ်။ သူသည် ဆေးတိုက်မှာ အုပ်ချုပ်ရေးတာဝန်ယူရသော ဆရာမတစ်ယောက်။ ဒါပေမဲ့ ရှိန်း၏ ကိုယ်ရေးကိုယ်တာကိစ္စတွေမှာ သူပါဝင်ပတ်သက်နေသည်မှာ စိတ်မောလှသည်။

ဘယ်လောက်ကြာကြာ ဒီ စိတ်မောမှုဒဏ်ကို သူခံနိုင်ပါ့မည်လဲ၊ ကြာတော့ ယခုခေတ်အခေါ် သူသည် ရှိန်း၏ ကိုယ်ရေးကိုယ်တာ အတွင်းရေးမှူး ဖြစ်နေတော့သည်။ ဒါပေမဲ့ ဆရာဝန်ပီပီ လူနာတွေအပေါ် စိတ်ရော ကိုယ်ရော မြှုပ်ထားရ၍ ရှိန်းတို့ အိမ်ပြဿနာတွေ သူ့ခေါင်းထဲ ကြာကြာမနေရပါ။

သူ့လူနာများကို နံနက်ပိုင်း လိုက်လံကြည့်ရှုပြီး ရုံးခန်းကို ပြန်လာချိန်မှာ တယ်လီဖုန်းလာနေသည်။

"အန်တီမလေး"

ဖြူပြာ၏အသံ။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ အန်တီမလေး ပြောနေတယ်'

'ဒီနေ့ ဖြူပြာ ရုံးမတက်နိုင်ဘူးလို့ ရုံးအုပ်ကြီးကိုပြောပေးပါ'

ဖြူပြာ့အသံက တုန်တုန်ယင်ယင် ဖြစ်နေသည်။

'ပြောလိုက်မယ်လေ ဖြူပြာ၊ ဘာဖြစ်နေတာလဲ'

'ဟိုဒင်း အန်တီသက်မာ ရောက်လာရင်လည်း အမြန်ဆုံး မေမေ့ဆီ ဖုန်းဆက်ပါလို့ ပြောပေးပါ၊ အန်တီမလေးရယ် ဖြူပြာလည်း စိတ်ညစ်တယ်၊ သူဇာ လင်နောက်လိုက်သွားလို့၊ ဖေဖေကားကုမ္ပဏီမှာ ရောက်နေလို့ ဖုန်းဆက်လိုက်တယ်၊ သိသွားပြီ၊ ဒါပဲ'

ဖြူဂြာက ဖုန်းချလိုက်သည်။

မလေးနုသည် ဖုန်းချလိုက်ရင်း ငိုင်နေမိသည်။ သူ ဟိုတစ်ခါ မြယမုံဟိုတယ်မှာ တွေ့ခဲ့သော သူငယ်လေးနှင့်များလား၊ သူသည် ဒီအကြောင်း စကားစပ်၍ ဖြူပြာကို မပြောမိ၊ သူ့စိတ်ထဲမှာလည်း ထင်သည်။ တက္ကသိုလ်မှာ သူဇာသည် ပထမနှစ်ဖြစ်၍ ဒီဂရီရမှပဲယူမည်ဟု ထင်ခဲ့မိသည်။

တင်သက်မာကို လိုက်ရှာ၍ အကျိုးအကြောင်း ပြောပြလိုက်ရသည်။ တင်သက်မာကလည်း အံ့အားသင့်နေသည်။ အေးထံ ဖုန်းဆက်လိုက်သောအခါ…

'အခု အမြန်လာပါ' ဆိုတာကလွဲ၍ အေးက ဘာမှမပြောပေ။ တင်သက်မာက အမြန်ဆုံး ရှိန်းတို့အိမ် ခြောက်မိုင်ခွဲသို့ ထွက်သွားသည်။

မလေးနုကတော့ ရှိန်းဆေးတိုက်ကိုလာလျှင် သူ့အပြစ်ကိုသာ ဖွင့်ဟဝန်ခံဖို့ စိတ်ကူးနေသည်။ ဒါပေမဲ့ သူဇာ လိုက်သွားသည်က သူတို့တွေ့သော လူငယ်နှင့် ဟုတ်မဟုတ် မသိ။

တင်သက်မာ အေးတို့အိမ်ရောက်တော့ ဖြူပြာက ဆီးကြိုကာ အိပ်ခန်းထဲခေါ်သွားသည်။ အေးသည် အိပ်ရာပေါ်လှဲနေသည်။



တင်သက်မာကိုတွေ့တော့ လက်ကိုကိုင်ကာ ငိုတော့သည်။ အေး၏ ခုတင်ပေါ်ထိုင်ရင်း တင်သက်မာက အားပေးရသည်။

'ကဲ… သက်မာတို့ ဘာလုပ်ပေးရမလဲ၊ အေး စုံစမ်းလို့ ရောရပြီလား'

အေးသည် ငို၍ပြီးတော့မှ ပြောပြသည်။

'အေးတို့ စုံစမ်းတာမရဘူး၊ သန္တာလှိုင်က ဖုန်းဆက်တယ်၊ 'အင်ကြင်းမြိုင်' ကုမ္ပဏီက ဘမောင်ချိန်ဆိုတာ မန်နေဂျင်းဒါရိုက်တာတဲ့၊ သူက သန္တာလှိုင်ကို ဖုန်းဆက်ပြောတယ်တဲ့၊ ခင်ဗျားရဲ့ ဗညားရှိန်း သမီး သူဇာကို ကျွန်တော်ခိုးသွားတယ်လို့ ပြောတယ်တဲ့၊ အဲဒါ ဗညားရှိန်းကို ပြောလိုက်ပါ၊ လိုက်မရှာပါနဲ့လို့၊ လာတွေ့ပါလို့တဲ့'

'ဟင်… ရှိန်းသိပြီးပြီလား'

'သိပြီ၊ ဒါပေမဲ့ အဲဒီသူငယ်က မယားကြီးနဲ့တဲ့၊ ရှိန်းကတော့ ဘယ်နည်းနဲ့မှ သွားတွေ့မှာမဟုတ်ဘူး၊ သက်မာ ကူပါဦး။ သန္တာလှိုင်က သက်မာတို့ဆီမှာ ဆေးလာကုတယ်ဆို၊ သန္တာလှိုင်ဆီ စုံစမ်းပြီး သက်မာ အဲဒီ ဘမောင်ချိန်ဆိုတာကို သွားတွေ့ပါ၊ အေးတော့ ဘာလုပ်ရမှန်း မသိဘူး၊ သက်မာကို အားလုံးအပ်ပါတယ်'

အေး စကားဆုံးတော့ တင်သက်မာလည်း စဉ်းစားနေသည်။

'အေးလေ… သက်မာ အခုပြန်လိုက်ဦးမယ်၊ ဆေးတိုက်ကျမှ မလေးနုနဲ့ တိုင်ပင်ပြီး လုပ်ပါ့မယ်၊ စိတ်အေးအေးထားပါ၊ ကဲ… သက်မာ သွားမယ်၊ ကျန်းမာရေးသာ ဂရုစိုက်နော်'

တင်သက်မာက အေးကို စိတ်ငြိမ်ဆေးတစ်လုံးတိုက်ကာ ပြန်လာခဲ့သည်။ ဆေးတိုက်ရောက်တော့ မလေးနုကို ရုံးခန်းမှာရော ပြင်ပလူနာခန်းမှာရော ရှာမတွေ့၊ အခန်းစောင့်သူငယ်လေး မေးကြည့်မှ ရှိန်း အခန်းထဲမှာဆို၍ လိုက်သွားရသည်။ အခန်းထဲမှာ မျက်နှာချင်းဆိုင်ထိုင်၍ ရှိန်းနှင့် မလေး စကားပြောနေသည်။ သူဝင်လာသည်

www.burmeseclassic.com

www.burmeseclassic.com



ကိုမြင်တော့ ရှိန်းက လှမ်းခေါ်သည်။

'သက်မာ ထိုင်၊ မလေးကို အကျိုးအကြောင်း ပြောပြနေတာ၊ သန္တာလှိုင်ဆီက သတင်း တင်သက်မာ ကြားပြီးရောပေါ့၊ ကိုယ်ရှိတဲ့ မော်တော်ကားကုမ္ပဏီကို လှမ်းအကြောင်းကြားတယ်'

'အေးက ပြောပြတယ်'

ရှိန်းသည် တော်တော် စိတ်ထိခိုက်နေပုံရသည်။ စကားဆက်မပြောနိုင်ဘဲ တွေးနေသည်။

'တစ်ခု လုပ်စေချင်တယ်၊ တင်သက်မာနဲ့ မလေး ဒီဘမောင်ချိန်ဆိုတဲ့ သူငယ်ကို သွားတွေ့ပါ၊ ရှိန်းတို့က မိန်းကလေးရှင်၊ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လောက်အထိ လိုက်လျှောနိုင်မယ်ဆိုတာ အပေးအယူ ညှိကြည့်စေချင်တယ်'

တင်သက်မာ ခေါင်းညိတ်လိုက်သည်။ မလေးကတော့ စဉ်းစားနေရာမှ...

'ဟို မြယမုံ ဟိုတယ်မှာ သူဇာနဲ့အတူတွေ့တဲ့ သူငယ်ဆိုရင်တော့ ပြင်ပအမြင်နဲ့ ရည်ရည်မွန်မွန် လူကောင်းသူကောင်းပုံပါပဲ၊ စီးပွားကလည်း အက်စ်အီးလီမိတက်၊ မယားကြီးရှိတယ်ဆိုတာ တစ်ခုပဲ စဉ်းစားရမှာ' ဟု ပြောလိုက်သည်။

'ဘာပဲဖြစ်ဖြစ်လေ၊ အခြေအနေကို လက်တွေ့တွေ့မှ အဲဒီအပေါ်တည်ပြီး ဖြေရှင်းရမှာ၊ သန္တာလှိုင်ဆီစုံစမ်းပြီး မလေးနဲ့ သက်မာ ဒီကောင်လေးကို သွားတွေ့ပါ'

ခေါင်းမီးတောက်သည်ဆိုသည်မှာ ဒါမျိုးပဲထင်ပါရဲ့။ သမီးကိုထိလာတော့ ရှိန်း ကြည့်ရသည်မှာ ဆောက်တည်ရာမရသလို ထိုင်လိုက်ထလိုက် ဖြစ်နေသည်။ ရှိန်း ဒီလို မတည်မငြိမ်ဖြစ်တာမျိုး ရှိန်းနှင့် ဆက်ဆံလာသော ကာလတစ်လျှောက် မလေးနှ မမြင်ဖူးပေ။ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်နှင့် လောကကို ရင်ဆိုင်လာသူတစ်ယောက်။ သူ့မေမေကိစ္စတုန်းက ငိုင်ကျသွားသည်လောက်ပဲ။



ယခုလောက် ယောက်ယက်ခတ်ခြင်းမရှိ။ ခုတော့လည်း မျက်နှာက ရုတ်တရက် အိုမင်းသွားသည် တင်ရလောက်အောင် ညှိုးငယ်နေတော့သည်။

'သက်မာတို့ သန္တာလှိုင်ကို ဆက်သွယ်ပြီး သွားမယ်နော်'

'အေး... ကောင်းပြီ၊ ရှိန်း ဒီနေ့ ဘယ်မှမသွားဘူး၊ ဒီဆေးတိုက်က စောင့်နေမယ်'

သက်မာနှင့် မလေးနုသည် ရှိန်းကိုနှုတ်ဆက်ကာ အခန်းပြင်ထွက်လာကြသည်။ သန္တာလှိုင်သည် မလေးနု လူနာဟောင်းဖြစ်သည့်အတိုင်း အလွယ်တကူ ဆက်သွယ်၍ရကာ သန္တာလှိုင်ပေးသော လိပ်စာအတိုင်း အင်ကြင်းမြိုင်ကုမ္ပဏီရှိရာ ကုန်သည်လမ်းကို သူတို့နှစ်ယောက် ထွက်လာကြသည်။

ကုမ္ပဏီက လေးထပ်၊ ဒုတိယထပ်မှာ ရှိသည်။ ကျယ်ပြောသော ဧည့်ခန်းမကြီး၊ ရုံးအဖွဲ့၊ ဒါရိုက်တာများ၊ မန်နေဂျာများနေသော မှန်လုံအခန်းတွေနှင့် စနစ်တကျ ဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်သည်။ သူတို့နှစ်ယောက် ဧည့်ခန်းမှာထိုင်ရင်း ရုံးစောင့်သူငယ်လေးကို သူတို့ရောက်ကြောင်း ဦးဘမောင်ချိန်ကို ပြောပေးရန် ပြောလိုက်သည်။ မကြာခင် သူငယ်လေးပြန်လာ၍ သူတို့ကို အခန်းတစ်ခုထဲ ခေါ်သွားသည်။ မှန်ပြတင်းရှည်များနှင့် အလင်းရောင်ကောင်းစွာဝင်သော အခန်းကြီးတစ်ခုထဲ သူတို့ ရောက်သွားသည်။ အခန်းဝတွင် ကျွန်းပန်းပု လိုက်ကာကာထားသည်ကို တွေ့ရပြီး မဟော်ဂနီရောင် ပြောင်လက်သော စားပွဲမှာ ထိုင်လျက်ရှိသောသူ၊ ထိုသူမှာ သက်မာနှင့် မလေး မြယမုံမှာတွေ့ခဲ့သော သူဇာနှင့် တွဲလာသည့် သူငယ်ပါပဲ။

သူငယ်က သူတို့ကို အရိုအသေပေး၍ မတ်တတ်ရပ် ကြိုဆိုလိုက်သည်။

'ကြွပါခင်ဗျား၊ ထိုင်ပါဦး'

မျက်နှာချင်းဆိုင် ကြိမ်ကုလားထိုင်များကို ညွှန်ပြ၍ သူက

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထိုင်သည်။ မလေးနုနှင့် သက်မာလည်း ထိုင်လိုက်သည်။

'ကျွန်တော် စောစောကပဲ ဒေါ်သန္တာလှိုင်ဆီက တယ်လီဖုန်း ရပါတယ်၊ အန်တီတို့ လာမယ်ဆိုတာ'

သူငယ်က ရည်မွန်စွာ ပြောလိုက်သည်။ အနားကပ်ကြည့်မှ အသားဖြူဖြူ၊ မျက်ခုံးထူထူ၊ မျက်ဝန်းကျယ်ကျယ်၊ နှာတံပေါ်ပေါ်နှင့် လူချောတစ်ယောက်၊ ပါးလျားသော နှုတ်ခမ်းက စကားရည်မွန်စွာ ပြောတတ်သည်ကို ဖော်ပြနေသည်။

'ကော်ဖီ တည့်ပါ့သလားခင်ဗျ၊ အအေးဖြစ်ဖြစ် တစ်ခုခု သောက်ပါ'

'ရှိပါစေတော့ကွယ်၊ အန်တီတို့က မောင် မောင်'

နာမည်ကို သေချာအောင် သက်မာက စကားစလိုက်သည်။

'ကျွန်တော့်နာမည် ဘမောင်ချိန်ပါ၊ အင်ကြင်းမြိုင်ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာပါ၊ ဟုတ်ကဲ့ … တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ၊ လာတဲ့ကိစ္စက'

သက်မာက တွေနေသည်။ မလေးနုကလည်း အကဲသာခတ်နေသည်။ စကားတစ်လုံးမှ မထွက်သေး။

'ဦးဗညားရှိန်းက လွှတ်လိုက်လို့ပါ၊ ကိုဘမောင်ချိန်က လာတွေ့လှည့်ပါဆိုလို့'

သက်မာကပြောလိုက်တော့ …

သူငယ်သည် ခပ်ထေ့ထေ့ပြုံးလိုက်သည်။

'အန်တီတို့က ဦးဗညားရှိန်းရဲ့ အာဏာကုန်လွှဲအပ်ခြင်းခံရသော သံတမန်ကြီးများ ဆိုပါတော့'

ဘမောင်ချိန်အသံသည် သူတို့ဝင်လာစက ဆီးကြိုသော ယဉ်ကျေးဖွယ်စကားသံ မဟုတ်။ ခနိုးခနဲ့သံ ပါလာသည်။

'ဆိုပါတော့၊ အန်တီတို့နှစ်ယောက်စလုံးက ရှိန်းဆေးတိုက်မှာ လုပ်ကြတာပါ'



သက်မာက ခပ်အေးအေးပဲ ပြောလိုက်သည်။

'အမှန်တော့ သူ့သမီးကိစ္စ ဦးဗညားရှိန်းကိုယ်တိုင် လာသင့်တာပေါ့ဗျာ၊ ဒါပေမဲ့ လူကြီးလူကောင်းတစ်ယောက်ဆိုတော့လည်း သူ့သိက္ခာကို ထိန်းဖို့လိုသေးတာကိုး၊ ဒါ့ကြောင့် အန်တီတို့ကို ကိုယ်စားလှယ်လွှဲလိုက်တာပေါ့လေ'

'ဟုတ်ပါတယ်'

'ဒီတော့ ဦးဗညားရှိန်းကို ပြောလိုသမျှ ကျွန်တော် အန်တီတို့ကို ပြောနိုင်တာပေါ့'

'ပြောနိုင်ပါတယ်၊ မောင်ဘမောင်ချိန်ရဲ့ဆန္ဒ ဘယ်လိုရှိတယ်၊ ဘာတွေဖြစ်စေချင်တယ်၊ ပြီးတော့ သမီးသူဇာနဲ့လည်း အန်တီတို့ တွေ့ပါရစေ'

သက်မာကပဲ တောက်လျှောက်ပြောသည်။ မလေးနုသည် စကားတစ်လုံးမှ ဝင်မဆိုသေး။

'အန်တီတို့က တစ်ယောက်က မေ့ဆေးဆရာဝန်၊ တစ်ယောက်က အိုဂျီသားဖွားမီးယပ်အထူးကုဆိုတော့ စိတ်ရောဂါနဲ့တော့ မဆိုင်ဘူးပေါ့နော်'

ရင်ထဲမှာတော့ မလေးနု ဒေါသထွက်လာသည်။ သူငယ် ပြောပုံဆိုပုံကို မကြိုက်။ မေးခွန်းက ဘာမေးမှန်းမသိ။ သက်မာကတော့ ရင်ထဲက ခံစားမှုကို ထိန်းထား၍ စကားပြန်ပြောနိုင်သည်။

'ဆိုင်တော့ မဆိုင်ဘူးပေါ့လေ'

'ဒီတော့ လူတစ်ယောက်ရဲ့ စိတ်ခံစားမှုဆိုတာကို အန်တီတို့ နားလည်ပါ့မလား၊ ကျွန်တော့်စကား အန်တီတို့ကို insult (စော်ကားသလို) လုပ်သလိုဖြစ်ရင် ခွင့်လွှတ်ပါ'

'ကိုဘမောင်ချိန် ဘာကိုဆိုလိုပါသလဲ'

သက်မာကပဲ မေးသည်။

'လူတစ်ယော[illegible] အပြုအမူဟာ သူ့စိတ်မှာ ခံစားရတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတနာဆိုပါတော့၊ အဲဒီအတိုင်း ဖြစ်တတ်ကြတယ်၊ အခု အန်တီတို့လာတဲ့ကိစ္စက ဦးဗညားရှိန်းရဲ့သမီး သူဇာကိစ္စ'

'ဟုတ်ပါတယ်'

'ကျွန်တော့်ဘက်က ဘယ်လိုဖြစ်စေချင်သလဲဆိုတာကို မပြောခင် ကျွန်တော် ဘာ့ကြောင့် သူဇာကို ခိုးပြေးရသလဲဆိုတာ ပြောပါရစေ၊ ဦးဗညားရှိန်းဟာ လူကြီးလူကောင်းတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းတဲ့အနေနဲ့ သူကိုယ်တိုင်တောင် မလာနိုင်ဘူး၊ ရှိပါစေ၊ အဲဒီလို ကိုယ့်ဂုဏ်သရေကို လွှမ်းခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ထိန်းတတ်ခဲ့ရင် ကျွန်တော် သူဇာ့ကို ခိုးတဲ့အဖြစ် ဖြစ်မလာပါဘူးခင်ဗျာ'

မလေးနုတို့သည် ငြိမ်သက်စွာပဲ နားထောင်နေသည်။ သူငယ့်စကားကို ဝင်မစွက်။ သူငယ်သည် စကားကို စိတ်ဝင်စားဖွယ် 'ချီ'လာသည်။

'ကျွန်တော်ဟာ ကလေးနှစ်ယောက်အဖေ၊ အလုပ်အကိုင်ကတော့ အန်တီတို့သိပြီးပေမယ့် ထပ်ပြောပါရစေ၊ အင်ကြင်းမြိုင်ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာပါ၊ ကျွန်တော့်ဇနီးက တက္ကသိုလ်ကဆရာမ၊ ခုတော့ အနားယူလိုက်ပါပြီ၊ လူကြီးလူကောင်းသမီးတစ်ယောက်ပါပဲ၊ ပါမောက္ခဦးသွင်ရဲ့ သမီးပါ၊ အန်တီတို့ကိုတော့ ကျွန်တော်သနားပါတယ်၊ အန်တီတို့ကလည်း အန်တီတို့ရဲ့ အလုပ်ရှင်ခေါ်မလား၊ Boss ခေါ်မလား၊ ဦးဗညားရှိန်းရဲ့အကြောင်းကို သေသေချာချာ သိမယ် မထင်ပါဘူး၊ ဒီကိုလည်း သူခိုင်းလို့ လာရတာကိုး'

သူငယ်သည် ပြောသာနေသည်။ ဆိုလိုချက်ကို မရောက်သေး။ နိဒါန်းက ရှည်လှသည်။

'သည်းခံပြီး နားထောင်ပါခင်ဗျာ၊ ဟိုလွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက် ကျွန်တော်မမွေးခင်၊ ကျွန်တော်က အခု အသက်သုံးဆယ်ပြည့်ပြီကိုး၊ ဦးဗညားရှိန်းဟာ ခုထက်လည်း သွက်လက်နုပျို



မှာပါ၊ ခုတောင် တော်တော်ချောသေးတာပဲ၊ ဒါပေမဲ့ ကလေးငါးယောက်အဖေ ခြောက်ယောက်လို့ ပြောလည်း ရပါတယ်၊ အကြီးဆုံးသီဟရှိန်းက သေသွားတာကိုး၊ သူက အမျိုးသမီးတစ်ယောက်ကို ရည်းစားထားပါတယ်၊ မချစ်ချစ်အောင် အမျိုးမျိုးလုပ်ခဲ့ပါတယ်၊ ဦးဗညားရှိန်းဟာ မိန်းမ မှော်အောင်တယ်ဆိုတာရော အန်တီတို့သိပါသလား၊ သိမယ် မထင်ပါဘူးနော်'

သူ့စကား သူမေး၍ သူ့ဘာသာ သူဖြေသည်။

'နားနဲ့မနာ ဖဝါးနဲ့နာပါ၊ ဦးဗညားရှိန်းဟာ ဒီတစ်ချက်တော့တော်ပါတယ်၊ အဲဒီအမျိုးသမီးကို သမီးရည်းစားထက်တော့ နယ်မလွန်ပါဘူး၊ ဒါပေမဲ့ ချိန်းတွေ့ကြ၊ ပြကြနဲ့ တွေ့တိုင်း သမီးရည်းစားလိုတော့ ဆက်ဆံခဲ့တယ်၊ သူက ကလေးခြောက်ယောက်အဖေ၊ ဟိုအမျိုးသမီးက အပျိုဆိုတော့ ယောကျာ်းတစ်ယောက်ရဲ့ အထိအတွေ့မှာ အဲဒီအမျိုးသမီးဟာ အစိမ်းသက်သက်ဆိုတော့လည်း စွဲလမ်းတာပေါ့၊ ဦးဗညားရှိန်းကို ဘယ်လောက်ချစ်ခဲ့သလဲဆိုရင် သူ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်ရင် ထိခိုက်ပါစေ၊ အငယ်ဘဝနဲ့ပဲဖြစ်ဖြစ်နေပါ့မယ်၊ သူ့ကို လက်ထပ်ပါလို့ ဦးဗညားရှိန်းကို ပြောခဲ့တယ်၊ ဒီအမျိုးသမီးက ဒီဂရီရ အရာရှိတစ်ယောက်ပါခင်ဗျာ၊ လာစပ်တဲ့လူတွေလည်း ရှိတာပေါ့၊ ခင်ဗျားတို့ရဲ့ ဦးဗညားရှိန်း သူတော်ကောင်းကြီးက သူဟာ ကလေးခြောက်ယောက်အဖေမို့လို့ မယူပါရစေနဲ့တဲ့လေ'

သူငယ်သည် အသံတွေ တုန်ယင်လာသည်။ သက်မာတို့နှစ်ယောက်လည်း မလှုပ်ဝံ့သလို ငြိမ်သက်နေသည်။

'သိပ်တော်တဲ့ ဂုဏ်သရေရှိ သူတော်ကောင်းကြီး၊ ဒီအမျိုးသမီးကို မချစ်ခင်က မစဉ်းစားဘူးလား၊ ငါ ကလေးခြောက်ယောက်အဖေဆိုတာ၊ ခုမှ လင်မယားအရာသာ မမြောက်တာ၊ အပွေ့အပိုက်အယုအယတွေ ဒီအမျိုးသမီးကို ပေး၊ ဒီအမျိုးသမီးက စွဲလမ်းလာ

www.burmeseclassic.com

www.burmeseclassic.com

တော့မှ မယူပါရစေနဲ့တဲ့၊ တခြား လာစပ်တဲ့လူကို ယူပါတဲ့လေး တရားသလား၊ ဒါ တရားသလား'

ခုကိုပုတ်ကာ သူငယ်က အော်လိုက်သည်။

'ပြီးတော့ ဘာလဲဗျ၊ ကလေးခြောက်ယောက်အဖေမို့လို့ ဒီအမျိုးသမီး အငယ်ဖြစ်တာကို မလိုလားလို့ပါဆိုတဲ့ အကြောင်းက ပြသေး၊ သူကပဲ အနှစ်နာခံ စွန့်လွှတ်ပါတယ်ဆိုတဲ့ သူရဲကောင်း နာမည်ကလည်း ခံချင်သေး၊ အန်တီတို့က အမျိုးသမီးတွေပါ၊ မိန်းမ တစ်ယောက်ရဲ့ နှလုံးသားမှာ တကယ်အချစ်နဲ့ တွေ့လာရင် ဘယ်လို ခံစားရမယ်ဆိုတာ စာနာကြည့်ပါ'

သူငယ်သည် စိတ်မထိန်းနိုင်သလို ထိုင်ရာမှထ၍ သူတို့ကို ကျောခိုင်းကာ ပြတင်းမှာ သွားရပ်သည်။ သက်မာနှင့် မလေးနုတို့ ကလည်း စိတ်ပြေအောင် ဘာပြောရမှန်းမသိ။ လာရင်းအကြောင်းနှင့် ဘယ်လိုများ ဆက်နွှယ်နေပါလိမ့်။ သူငယ်သည် ပြတင်းဘက်မှ ပြန်လှောက်လာသည်။ စားပွဲဘေးမှာပင် မတ်တတ်ရပ်ရင်းမှ ဆက် ပြောသည်။ သူ့အသံမှာ ငိုသံပါလာသည်။

'အဲဒီအမျိုးသမီးဟာ ဘယ်သူလဲ၊ သိလား'

သူ့အမေးကို သက်မာတို့နှစ်ယောက်သား ခေါင်းခါပြကြ သည်။

'ကျွန်တော့်အမေ ဒေါ်သဇင်ရွှေ၊ သိပြီလား'

သက်မာတို့ မျက်လုံးပြူးသွားသည်။

'အန်တီတို့က မီးယပ်ရောဂါ ကုတာရယ်၊ လူကို သတိမေ့ အောင်သာ လုပ်တတ်တဲ့ မေ့ဆေးဆရာဝန်ရယ်ဆိုတော့ လူတစ် ယောက်ရဲ့ နှလုံးသားက မမေ့နိုင်အောင် ခံစားချက်ကို ဘာမှသိမယ့် လူတွေ မဟုတ်ဘူး၊ ကျွန်တော့်အမေဟာ ကျွန်တော့်အဖေ ဦးကောင်း မြတ်ချိန်ကို လက်သာထပ်ခဲ့ရတယ်၊ ချစ်လို့ မရခဲ့ဘူး၊ သူ့ရင်ထဲက ပထမခံစားရတဲ့ဝေဒနာကို ပျောက်အောင်ကုစားလို့မရဘူး၊ ကျွန်တော်



မွေးပြီး ကျွန်တော် ဆယ်တန်းနှစ်မှာ ဒီစိတ်နဲ့ သေသွားပြီလေ'

'ဟင်…'

သက်မာက အသံထွက်သွားသည်။ မလေးနုရင်ထဲမှာ ကြေကွဲဖွယ်ဇာတ်လမ်းကို ထပ်တူထပ်မျှ ခံစားနေရသည်။

'ကျွန်တော်ကတော့ ထင်တယ်လေ၊ ကျွန်တော့်အမေဟာ သူ့ကိုယ်သူ သတ်သေတယ်လို့၊ ဘာဖြစ်လို့လဲဆိုတော့ သူသေရတာ ကားတိုက်ခံရလို့သေတာ၊ အမှုကတော့ ကားမတော်တဆတိုက်ခံရမှု ပေါ့၊ ဈာပနကိစ္စပြီးလို့ ကျွန်တော် မေမေ့ပစ္စည်းတွေ အိမ်မှာသိမ်း တော့ မေမေ့ဒိုင်ယာရီကို ဖတ်ရတယ်၊ ခင်ဗျားတို့ ဦးဗညားရှိန်းကြီး နဲ့တွေ့ရပုံတွေ အသေးစိတ်ရေးထားတယ်လေ၊ ဘယ်လောက်ဖွဲ့လမ်း လဲဆို ကျွန်တော့်ကိုမွေးပြီးလည်း မေ့မရဘူးတဲ့၊ ကြာကြာနေလေ သမျှ လင်သားဖြစ်သူ ဦးကောင်းမြတ်ချိန်ကို သူ သစ္စာဖောက်ရာ ကျနေလို့ ဒီဘဝမှာ မနေလိုဘူးလို့ ရေးထားတယ်၊ အညာကို ဘုရား ဖူးသွားရင်း ကားတိုက်ခံရပြီး သေသွားတယ်'

စကားပြောနေရင်း သူငယ်သည် မျက်ရည်တွေကျလာ သည်။

'သူ့ကိုယ်သူ သတ်သေတာ ဟုတ်ချင်မှဟုတ်မှာပါ သား ရယ်'

သက်မာက ပြောလိုက်၏။

'အေးပေါ့လေ၊ မသေချာလို့ ကျွန်တော် တစ်ဆုံးတစ်ဆ မလုပ်တာ'

သူ့စကားကို သက်မာတို့ နားမလည်။

'အဲဒီတော့ ကျွန်တော်ပြောလိုတာက ကျွန်တော်ပြောသမျှ ဦးဗညားရှိန်ကို ပြောပြပါ၊ ကျွန်တော်ဟာ ကလေးနှစ်ယောက်အဖေ၊ ကျွန်တော့်အမေ ဒိုင်ယာရီဖတ်ပြီး ဗညားရှိန်းဆိုသူကို စုံစမ်းခြေရာခံ နေတာ ကြာပြီ၊ ခင်ဗျားတို့ မသိတာတွေတောင် ကျွန်တော်သိတယ်

www.burmeseclassic.com

www.burmeseclassic.com



မှတ်၊ ဦးဗညားရှိန်းဟာ ကျွန်တော့်အမေကို အပျိုရည်မဖျက်ပေမယ့် နှလုံးသားကို ခြေမွဖျက်ဆီးခဲ့လို့ ကျွန်တော့်အဖေ ဦးကောင်းမြတ်ချိန်ကို နှလုံးသားနဲ့ အချစ် မပေးခဲ့နိုင်ဘူး၊ ပေးတောင် သူ့များခြေမွထားတဲ့ နှလုံးသားအစုတ်အပြတ် ပေးတာ၊ ကျွန်တော့်အဖေဘက်က ဘယ်လောက်နာကြည်းစရာကောင်းလဲ၊ ကျွန်တော် ကလေးနှစ်ယောက် ရအောင်စောင့်ပြီးမှ သူဇာ့ကို ရအောင်၊ ချစ်အောင် ကျွန်တော် မရ မကပိုးတယ်၊ သူဇာက အရွယ်လည်းငယ်တယ်၊ စိတ်ကပျော့တော့ ပိုးရလွယ်တယ်၊ ဖြူပြာက စာကြိုးစားနေတာနဲ့ သူ့ကိုယ်သူ ထိန်းနိုင်တော့ မလွယ်ဘူးလေ၊ သူဇာက ကျွန်တော့်ကိုချစ်လာပြီး မမြင်ရ မနေနိုင်အောင် ဖြစ်လာတော့မှ ရအောင် ကျွန်တော် ခိုးခဲ့တယ်"

မလေးနုမှာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"တစ်ခုတော့ ပြောပါမယ်၊ သူဇာ့ကို ကျွန်တော် ရည်းစားအဖြစ်ထားစဉ် ဦးဗညားရှိန်း မေမေ့ကို ပွေ့သလောက် ထိသလောက်ပဲ ထိခဲ့ပါတယ်၊ နယ်မလွန်ပါဘူး၊ ခုလည်း ညက ခိုးလာပေမယ့် ဟိုတစ်အိမ်မှာပဲ ထားတယ်၊ ကျွန်တော်သွားလည်း မအိပ်ဘူး၊ လက်များနဲ့မတို့ပါဘူး၊ ဟဲ... ဟဲ... ကလေးနှစ်ယောက်အဖေလေ၊ ဦးဗညားရှိန်း လမ်းစဉ်အတိုင်း မိန်းကလေးတစ်ယောက်ကို ချစ်ရုံနမ်းရုံလုပ်ခဲ့တာပါ၊ အပျိုရည် မဖျက်ခဲ့ပါဘူး၊ ကျွန်တော် မယူပါဘူး၊ အငယ်အဖြစ် မထားပါဘူး၊ အန်တီတို့ အခုအပြန် သူဇာကို အိမ်ခေါ်သွားနိုင်ပါတယ်"

"ဘာ... ဘယ်လိုကွယ့်"

သက်မာသည် နားမလည်သလို မေးလိုက်၏။

"ကျွန်တော် ဘယ်လိုမှ သူဇာ့ကို မယူနိုင်ပါဘူး၊ ရှင်းပါတယ်၊ "အချစ်ဆိုတာ" ဘာဆိုတာပဲ ဦးဗညားရှိန်း စာနာတတ်အောင် ကျွန်တော်လုပ်တာ၊ သူ့သမီးကိုထိမှ ဦးဗညားရှိန်းဆိုတဲ့လူရဲ့ ကျောက်သားလိုနှလုံးသားက ကွဲအက်လာမှာကိုး၊ ကျွန်တော့်လုပ်ရပ် မှားတယ်



ဆိုတာ ဝန်ခံပါတယ်၊ လျော်ကြေးအနေနဲ့လည်း ဘယ်နှသိန်းလိုချင်ပါသလဲ ပြောပါ၊ ကျွန်တော်ကတော့ သူဇာ့ကို မယူနိုင်ပါဘူး၊ ဘယ်နည်းနဲ့မှ မယူနိုင်ပါဘူး"

သူငယ်သည် ဝဲလာသော မျက်ရည်ကိုထိန်းရင်း ကုလားထိုင်ပေါ် ပြန်ထိုင်သည်။ သူသည် ပြောချင်သမျှ ပြောလိုက်ရ၍ ပေါ့ပါးသွားဟန်ရှိပေမယ့် နာကြည်းခံခက်သော ဝေဒနာကတော့ မျက်နှာမှာ ပေါ်နေသည်။ မလေးနုနှင့် သက်မာကလည်း ဘာစကားမှ မဆိုနိုင်၊ အာစေးထည့်ထားသလို ဖြစ်နေသည်။

"ကျွန်တော့်အပြောအဆိုမှားရင်၊ ရင့်သီးတာတွေပါခဲ့ရင် ခွင့်လွှတ်ပါ၊ သူဇာရှိတဲ့အိမ်ကို ကျွန်တော် လူတစ်ယောက်ထည့်လိုက်ပါ့မယ်၊ ကားပါပါရဲ့လား၊ မပါရင် ကျွန်တော့်ကားနဲ့ ပို့ပေးပါ့မယ်"

"မလိုပါဘူးကွယ်၊ အန်တီတို့မှာ ကားပါပါတယ်"

သက်မာက ခပ်မာမာပဲ ပြောလိုက်သည်။

"တကယ်လို့များ ကျွန်တော့်အမေဟာ သူ့ကိုယ်သူ သတ်သေတယ်လို့များ သေချာအောင် စုံစမ်းလို့ရရင်တော့ အဲဒီဦးဗညားရှိန်းလည်း သူ့ကိုယ်သူ သတ်သေရတဲ့အဖြစ်အထိ ကျွန်တော် လုပ်မယ်ဆိုတာ ယုံပါ"

"ခုလောက် လက်စားချေရရင်ပဲ တော်လောက်ပါပြီ ကိုဘမောင်ချိန်ရယ်၊ လူတစ်ယောက်ရဲ့ မှားယွင်းတဲ့အပြုအမူကြောင့် အပြစ်မဲ့သူတွေ ခံရတာတော့ မတော်ပါဘူး"

သက်မာက ပြောလိုက်သည်။

"ဟုတ်ကဲ့... အဲဒီတရားကို ဦးဗညားရှိန်းကိုပဲ ဟောပါ မေ့ဆေးဆရာဝန်ကြီးခင်ဗျား၊ ကျွန်တော် မှားတယ်ဆိုရင် များများမမှားပါဘူး၊ ဦးဗညားရှိန်း မှားသလောက်ပဲ မှားတာပါလို့ ပြောပြပါ"

ဘမောင်ချိန်က စားပွဲအောက်မှ ခေါင်းလောင်းကိုနှိပ်လိုက်ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… အန်တီတို့ အခုဝင်လာတဲ့ သူငယ်လေးနောက် လိုက်သွားပါခင်ဗျား၊ ပြန်နိုင်ပါပြီ'

သူငယ်လေးတစ်ယောက် အခန်းထဲဝင်လာသည်။ ကိုဘမောင်ချိန်က နှင်ပြီဆိုတော့မှ သူတို့နှစ်ယောက် ထပြန်လာခဲ့သည်။ လမ်းပြသူငယ်ကလေးကို ကားပေါ်တင်ခေါ်လာကာ မောင်းလာရပေမယ့် မလေးနု ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေသည်။ ကိုယ့်ဘက်ကတာက ပေါက်နေလေတော့ ဘာစကား ပြန်ပြောရမှန်းမသိ။ ဘမောင်ချိန်ပြောပုံတွေ မခိုးမခန့်နိုင်လိုက်တာ။ မလေးနုစိတ်ထဲ သူ့ကိုယ်ရေးကိုယ်တာများဖြင့် ဒါလောက်အပြောခံရလျှင် လဲသေလောက်ပါရဲ့။

သူဇာ့ကိုထားရာ အိမ်မှာ မဂ်လာဒုံမရောက်ခင် စော်ဘွားကြီးကုန်းမှ ခြံတစ်ခြံဖြစ်သည်။ သူတို့ကိုထားခဲ့ပြီး လိုက်ပို့သူ သူငယ်လေးက ပြန်သွားသည်။ တိုက်မှာ နှစ်ထပ်တိုက်ဖြစ်သည်။

တိုက်ဝ သံဆွဲတံခါးမှာ အမျိုးသမီးတစ်ယောက်က စောင့်နေသည်။ လိုက်ပို့သူ သူငယ်လေးနှင့် သိပုံရသည်။ သူတို့ကို တံခါးဖွင့်ပေး၍ ဧည့်ခန်းခေါ်သွားသည်။

'ထိုင်ပါဦး၊ ဦးဘမောင်ချိန်က ဖုန်းဆက်ထားပါတယ်၊ ဖော်ဝင်းလာပို့တဲ့ အမျိုးသမီးနှစ်ယောက်ကို သူဇာနဲ့ တွေ့ပေးပါတဲ့၊ အန်တီတို့နာမည်က'

'ဒေါက်တာ တင်သက်မာနဲ့ ဒေါက်တာ မလေးနုပါ'

'ဟုတ်ပြီ၊ ဒါဆို ကျွန်မနဲ့အတူလိုက်ခဲ့ပါ'

ဘမောင်ချိန်က သူတို့နာမည်များကို ပြောထားဟန်ရှိသည်။ အမျိုးသမီးခေါ်ရာ အိမ်အပေါ်ထပ်သို့ သူတို့နှစ်ယောက် လိုက်သွားသည်။ အခန်းတံခါးတစ်ခုကို ဖွင့်လိုက်တော့ တစ်ယောက်အိပ် ခုတင်ပေါ်မှာ သူဇာ လှဲအိပ်နေသည်။ အမျိုးသမီးက သူတို့ကိုထားရစ်၍ ထွက်သွားသည်။ သူဇာသည် ထထိုင်၍ကြောင်ကြည့်နေရာမှ…

'အန်တီမလေး'ဟု အော်ခေါ်ကာ ပြေးဖက်သည်။ မလေးနု



က ပခုံးကိုပွေ့လိုက်တော့ ရှိုက်ကြီးတငင် ငိုတော့သည်။ ခုတင်ရှိရာသို့ မလေးနုက ဆွဲခေါ်သွား၍ ထိုင်လိုက်ကြသည်။ တစ်ဖက်မှာ တင်သက်မာက ထိုင်သည်။

မလေးနုက တင်သက်မာကို မျက်ရိပ်ပြလိုက်သည်။ တင်သက်မာ သူဇာ့ကိုဖက်ရင်း ပြောရသည်။

'တိတ် သူဇာ၊ အန်တီရောက်လာပြီ၊ တိတ်တော့လေ'

သူဇာသည် ရှိုက်နေဆဲ၊ သူ့ခမျာ အကြောင်းစုံ ဘာမှမသိသေး၍ တော်တော့သည်။ ချက်ချင်းသိလျှင်လည်း ရင်ကွဲရှာမည်။

'ဖေဖေက ဘာပြောလဲဟင်၊ မေမေရော နေကောင်းလား'

သူဇာက ရှိုက်ရင်းမေးသည်။ တင်သက်မာက သူဇာ့မျက်ရည်များကို တယုတယ ပဝါဖြူနှင့် သုတ်ပေးသည်။

'အန်တီမလေးတို့ကို ဖေဖေ လွှတ်လိုက်လို့ လာတာ'

မလေးနုသည် ကြိုးစား၍ စကားကို ပြောနေရသည်။ သူဇာ အခံရသက်သာအောင် စကားလုံးကို ရွေးရမည်။ နောင်အခါကျမှ ပြဿနာကို တစ်မျိုးရှင်းရမည်ပေါ့။

'ဟင်… ဟုတ်လား၊ ဖေဖေ သူဇာ့ကို စိတ်မဆိုးဘူးလား'

'မဆိုးပါဘူး၊ အခု သူဇာနဲ့ ဘမောင်ချိန်ကို တွေ့ပါတဲ့၊ သမီးတို့ဖြစ်ချင်တာ ဖေဖေက လုပ်ပေးမယ်တဲ့'

သူဇာ့မျက်နှာလေးသည် ရုတ်တရက် ဝင်းပသွားသည်။

'ဟုတ်လား၊ ဖေဖေ သူဇာ့ကို စိတ်မဆိုးဘူးနော်'

မလေးနုက တင်သက်မာကို လှမ်းကြည့်ပြန်သည်။ တင်သက်မာက စကားဆက်ပြောသည်။

'အန်တီသက်မာကတော့ မေမေ့ကို သွားတွေ့ရတာပေါ့၊ မေမေက သမီးတို့ သိတဲ့အတိုင်း နှလုံးရောဂါသမားဆိုတော့ သူဇာ ခုလိုလုပ်သွားတော့ ရောဂါပြန်ထတာပေါ့၊ အန်တီသက်မာ သူ့ကို ဆေးပေးပြီး သိပ်ထားခဲ့ရတယ်'

www.burmeseclassic.com

www.burmeseclassic.com



‘မေမေ နေမကောင်းဘူးလား’

‘ဟုတ်တယ်၊ အန်တီသက်မာ သူဇာကို လာခေါ်တဲ့ အကြောင်း ဘမောင်ချိန်ကို ပြောပြီးပြီ၊ အိမ်ကို ပြန်လိုက်ခဲ့ပါ၊ မေမေ့အခြေအနေက ရုတ်တရက် တစ်စုံတစ်ခုဖြစ်နိုင်တယ်၊ သူဇာ ပြန်မလာရင် နောင်တရစရာ ဖြစ်နေမယ်၊ သမီးတို့ ဖြစ်ချင်သလိုဖြစ် အောင် စီစဉ်ပေးမယ်လို့ ဖေဖေကလည်း မလေးနုကို မှာလိုက်တယ်၊ အန်တီတို့ ဘမောင်ချိန်နဲ့တွေ့ပြီး အကျိုးအကြောင်းပြောပြီးလို့ ဒီကို ဘမောင်ချိန် လွှတ်လိုက်တာ’

‘အန်တီတို့ တွေ့ခဲ့တယ်လား၊ ကိုကိုက သူဇာကို မနေ့က ခေါ်လာပြီး ဒီအိမ်မှာ ထားတယ်၊ ညကလည်း လာမအိပ်ဘူး၊ ဒီနေ့ များ လာမလားမသိ၊ သူလာရင် သူဇာ့ကိုမတွေ့တော့ ကိုကို စိတ် ဆိုးမှာပေါ့’

ဘာမှမသိသော အရိုးခံသက်သက်နှင့် သူဇာ ပြောနေသည် ကို မလေးနု မကြည့်ရက်။ ဇာတ်ဆရာမကြီးနှင့်တူသော တင်သက် မာက သူဇာတ်လမ်း သူ ဆက်နေသည်။

‘ဒီလိုလေ… အန်တီတို့ ဘမောင်ချိန်နဲ့တွေ့ပြီး အကျိုး အကြောင်း ပြောပြတယ်၊ သူက ခေါ်သွားပါတဲ့၊ ရှိန်းနဲ့ အေးတို့က လက်ခံရင် လူကြီးစုံရာနဲ့ သူလာတောင်းပါ့မယ်တဲ့’

‘ဟုတ်လား’

‘ဟုတ်ပါတယ်၊ ဖေဖေ့ဂုဏ်နဲ့ ဒီလိုလိုက်ပြေးတယ်ဆိုတာ မကောင်းပါဘူးကွယ်၊ လူမသိခင် အန်တီတို့က အုပ်မိအောင်လာတာ၊ ပြန်လိုက်ခဲ့ပါ၊ ဒီ တစ်ပတ်အတွင်း ဘမောင်ချိန် လာတောင်းမယ်၊ ဒီတော့ လက်ထပ်ပွဲဖြစ်အောင် ဖေဖေတို့က လုပ်ပေးမှာပေါ့’

သူဇာသည် ငေးနေ၍ စဉ်းစားနေပုံရသည်။ ပြီးတော့မှ အကြံရပုံပေါ်သည်။

‘သူဇာ ကိုကို့ကို ဖုန်းဆက်မေးမယ်၊ ကိုကိုက ခွင့်ပြုရင် လိုက်ခဲ့မယ်’



တင်သက်မာက သဘောတူလိုက်သည်။ သူတို့တွေ့ခဲ့သော ဘမောင်ချိန်က သူဇာကို ပြန်ခေါ်သွားဖို့ ပြောပြီးသည့်နောက် အခု သူဇာက ဆက်မေးလည်း ပြန်လိုက်သွားဟု ပြောမည်ပဲဖြစ်သည်။ မထူးတော့ပါ။ သူဇာ ဖုန်းဆက်စဉ်သာ စိတ်မကောင်းစရာ၊ နာကြည်း စရာတွေ မဖြစ်ပါစေနဲ့ဟု သက်မာက ဆုတောင်းနေသည်။

‘ဖုန်းက အောက်မှာလား၊ သွားလေ ဆက်မေးပေါ့၊ အန်တီ တို့ လိုက်ခဲ့မယ်’

သက်မာက ဖုန်းဆက်မေးဆိုတော့ ယုတ္တိရှိသွားသည်။ သူဇာ အောက်ထပ်ဆင်း၍ ဖုန်းဆက်ချိန်မှာ သူတို့နှစ်ယောက် အနား မှာရှိသည်။ သူဇာသည် ဖုန်းကိုလှည့်၍ ပြောနေသည်။

‘ကိုကိုလား’

‘ဟုတ်တယ်’

‘အန်တီသက်မာနဲ့ အန်တီမလေးတို့ လာနေတယ်၊ ကိုကိုနဲ့ တွေ့ပြီးပြီဆို’

‘ဟုတ်တယ်’

‘သူဇာ ပြန်လိုက်သွားရမလား၊ ကိုကို ဘယ်တော့ လာခေါ် မလဲ၊ တစ်ပတ်အတွင်း လာတောင်းမယ်ဆို’

‘ဟုတ်တယ်’

‘သူဇာ လိုက်သွားမယ်၊ ကိုကို စိတ်မဆိုးဘူးနော်’

‘လိုက်သွားပါ’

သူဇာက ဖုန်းချလိုက်ပြီး မလေးနုတို့မျက်နှာကို သံသယ ကင်းစွာနှင့် ကြည့်လေလေ မလေးနုက ရင်နာလေ။

‘ညက ဘယ်ရောက်နေလဲ မသိဘူး၊ အိမ်ပြန်သွားတယ်ထင် တယ်၊ ဆက်မရဘူး၊ သူဇာက ကိုကို့ရဲ့ရုံးခန်းပဲ သိတာ၊ ကဲ… ခေါ်ကြည့်၊ သူဇာ အန်တီတို့နဲ့ လိုက်သွားမယ်နော်၊ ပစ္စည်းတွေ သွားသိမ်းဦးမယ်’

www.burmeseclassic.com

www.burmeseclassic.com



သူဇာက လှေကားပေါ် ပြန်တက်သွားသည်။ တင်သက်မာတို့နှစ်ယောက် ကျန်ရစ်မှ မကြည်ဆိုသူ အစောင့်အမျိုးသမီးက ပြောပြသည်။

'ဆရာက အန်တီတို့မလာခင် ဖုန်းဆက်ထားတယ်၊ အန်တီတို့ သူဇာကို လာခေါ်ရင် ထည့်လိုက်ပါဆိုတယ်၊ တခြား ဘယ်သူနဲ့မှ ပေးမ‌ခေါ်ရဘူး'

'ဟုတ်ပါတယ်'

သူတို့သည် စကားရှည်ရှည် ဆက်မပြော။ ဒီမိန်းမက ဘာလဲမသိ။ စကားတိတ်နေကြစဉ် သူဇာ သေတ္တာတစ်လုံးနှင့် ဆင်းလာသည်။ ပစ္စည်းအနည်းငယ်ပဲ ပါပုံရသည်။ မကြည်ကို နှုတ်ဆက်ကာ သူတို့နှစ်ယောက် သူဇာ့ကို ခေါ်လာခဲ့သည်။ ကားပေါ်မှာလည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်။ မလေးနုသည် အေးတို့ခြံဘက်သို့ ကားမောင်းလာသည်။ ကား အိမ်ဘက်မရောက်ခင်…

'သက်မာနဲ့ သူဇာကို အိမ်မှာ ချရစ်မယ်၊ မလေးနု ဆေးတိုက်ကိုပြန်မယ်၊ ဟိုမှာ ရှိန်းက စောင့်နေမယ်လေ'

'ဟုတ်ပြီ'

သက်မာက ဖြေလိုက်သည်။ သူဇာကတော့ ငြိမ်သက်စွာ တွေးနေရင်း လိုက်ပါလာသည်။ မလေးနုက ကားဆင်ဝင်မှာရပ်၍ သူတို့နှစ်ယောက်ကို ချထားပြီး ပြန်ထွက်သွားသည်။ တင်သက်မာနှင့် သူဇာကို ဖြူပြာက တံခါးလာဖွင့်ပေးတော့ သူဇာသည် ဖြူပြာကိုဖက်၍ငိုသည်။

'ကဲ… ကဲ… ဖြူပြာ၊ သူဇာကို အပေါ်ခေါ်သွား၊ မေမေရော အပေါ်မှာလား'

'ဟုတ်ကဲ့'

ဖြူပြာက ဖြေရင်း လှေကားပေါ်တက်သွားသည်။ သက်မာကတော့ ဖြည်းဖြည်းပဲလိုက်သွားရင်း အေးကို ဘယ်လိုပြောရမည်ကို



စဉ်းစားလာသည်။ နောက်မှ သတိရကာ အေးအခန်းထဲ သူဇာထက် မြန်မြန်လျှောက်ကာ အရင်ဝင်နှင့်သည်။ အေးကိုတွေ့တော့…

'အေး သူဇာပါလာပြီ၊ ဘာမှမဆူနဲ့၊ သူဇာပြောသမျှ နားထောင်၊ နောက်မှ အကြောင်းစုံ မင်းကို ကိုယ်ပြောပြမယ်'

အေးနားနားကပ်ကာ သက်မာက တီးတိုးပြောလိုက်သည်။ မကြာခင် သူဇာက အပြေးဝင်လာကာ အေးကိုဖက်လိုက်သည်။

'မေမေ နေကောင်းတယ်နော်၊ သူဇာ့ကို ခွင့်လွှတ်ပါ၊ ကိုကို လာတောင်းရင် ဖေဖေက ပေးစားမယ်ဆို'

'ဟုတ်တယ်၊ ဟုတ်တယ်'

အေးက မျက်ရည်တွေ တွေတွေကျရင်း သမီးနဖူးကိုနမ်းကာ ပြောလိုက်သည်။

'အခု ဘယ်လိုနေလဲ၊ နှလုံးခုန်သေးလား'

'သက်မာ ဆေးတိုက်ထားလို့ သက်သာပါတယ်'

'ကဲ… သူဇာ လာ၊ မေမေ နားပါစေဦး'

ဖြူပြာက သူဇာကို ခေါ်လိုက်သည်။

'သမီးမျက်နှာ မြင်ရလို့ မေမေ စိတ်အေးသွားပြီ၊ မေမေ နားလိုက်ဦးမယ်၊ ညက တစ်ညလုံး အိပ်မရဘူး'

သူဇာသည် မေမေ့ပါးကိုနမ်းကာ သူ့အခန်းကိုသူ ဖြူပြာနှင့်အတူ ထွက်သွားမှ တင်သက်မာက တံခါးကို ချက်ထိုးလိုက်သည်။ အေး ခုတင်ဘေး ဝင်ထိုင်လိုက်၏။

'အေး ရောဂါအခံရှိပေမယ့် သက်မာ ပြောတာတွေ နားထောင်ပါ၊ သမီးရှင်ဆိုတာ ဒီပြဿနာတွေ တစ်နေ့မတွေ့ တစ်နေ့ တွေ့ရမှာပဲ၊ သက်မာလည်း သမီးနဲ့ပဲ၊ အပျိုဖော်ဝင်လာရင် သတိထားရမှာပဲ'

အေးသည် သံသယဝင်သော မျက်လုံးနှင့် တင်သက်မာ ပြောနေသည်ကို ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူ့ဇာပြောတာ ဟုတ်လား၊ သူငယ်လေး လာတောင်းမှာလား'

တင်သက်မာသည် ဘာမှပြန်မပြောနိုင်သေး။ မပြော၍လည်းမဖြစ်။ အေးက အဓိက ကာယကရှင်။

'သူ့ဇာ ပြန်ရောက်လာပြီပဲ၊ စိတ်အေးတော့၊ အပျိုရည်မပျက် ပြန်ရောက်လာတာကို ဝမ်းသာရမယ်၊ သက်မာ ပြောပြမယ်'

သက်မာသည် ဘမောင်ချိန်နှင့် တွေ့သမျှ အကြောင်းစုံကို တစ်လုံးမကျန် ပြောပြလိုက်သည်။ အေးသည် အိပ်ရာပေါ်လှဲချလိုက်၏။ အံ့သြခြင်း၊ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်းတွေနှင့် သူဘာပြောရမှန်းမသိ၊ အံကြိတ်ထားမိသည်။ သက်မာကလည်း အခြေအနေကို ကြည့်နေသည်။ စောစောက ဆေးတိုက်ထား၍ အေး ခံနိုင်ရည်ရှိပုံရသည်။ အေးသည် အားယူ၍ တဖြည်းဖြည်းပြောရင်း မျက်ရည်ကဝေ့လာသည်။

'ဒီသူငယ်က သဇင်ရွှေရဲ့သားကိုး'

'ဟုတ်တယ်၊ သဇင်ရွှေကို အေးသိလား'

'သိတယ်၊ သားကြီးဆုံးပြီး ကိုယ့်ကို စိတ်နာတယ်ဆိုပြီး ရှိန်း ပထမဆုံးတွဲတဲ့ ရုံးက အရာရှိအမျိုးသမီးလေ၊ လက်စသတ်တော့ သူ့သားက လက်စားချေတာကိုး'

'ဟုတ်တယ်၊ ဒါပေမဲ့ တော်ပါသေးတယ်၊ သူ့ဇာက ပြောပါတယ်၊ သူ့ကို ဘမောင်ချိန်က ခိုးလာပြီး တို့တွေ့ခဲ့တဲ့ ဇော်ဘွားကြီးကုန်းအိမ်မှာ ထားခဲ့တယ်တဲ့၊ ညက လာမအိပ်ဘူးတဲ့၊ ကိုယ့်သမီး အပျိုရည်မပျက်ဘူးပေါ့လေ'

အေးက မဲ့လိုက်သည်။

'အေးပေါ့လေ၊ သူ့ဇာ ပြန်ပါလာတာပဲ တော်ပြီအောက်မေ့ရတာပေါ့၊ သဇင်ရွှေ သဇင်ရွှေ၊ အေးက သူ့ကို သတင်းကြားတာကြာပြီ၊ နေ့လယ်ဆို ရှိန်းက သူ့ရုံးကို ကားနဲ့သွားခေါ်ပြီးမှ စထရင်းမှာ နေ့လယ်စာစားကြတယ်၊ ရုပ်ရှင်လည်း အမြဲတွဲကြည့်တယ်ဆိုတာ သိနေတာကြာပြီ၊ တစ်နေ့ ရုပ်ရှင်ရုံပေါက်ဝမှာ သူတို့စုံတွဲကို အေး ပက်ပင်းတိုးတာ၊ အေးက တမင် ရှိန်းမှာ ကားပါမှန်းသိပေမယ့် အေး လိုက်ပို့မယ်လို့ ပြောလိုက်တယ်၊ ရှိန်းမျက်နှာကြီး မည်းသွားတယ်လေ၊ ကောင်မကို ဆွဲခေါ်သွားပြီး လူထဲတိုးဝင်သွားတယ်'



သက်မာက ဘာမှပြန်မပြောတော့ပေ။

'သူ့အဖေက ဘာပြောလဲ'

'မလေးနု သွားပြီလေ၊ ဆေးတိုက်မှာ ရှိန်း စောင့်နေတယ်၊ မလေးနုက ရှိန်းကို ပြောပြလိမ့်မယ်'

'တို့ ဘာလုပ်ရင် ကောင်းမလဲ သက်မာ'

အေးက သက်မာကို အကြံတောင်းလိုက်သည်။

'ရှိန်း ဘာပြောမလဲ မသိဘူး၊ သူ့ဇာလည်း အပျိုရည်မပျက် ပြန်ရောက်လာပြီပဲ၊ ဒီကိစ္စ သူများတွေလည်း မသိသေးဘူး၊ ဒီလိုပဲ နေသွားသင့်တယ်၊ ကြာတော့ ဘမောင်ချိန် လာမတောင်းရင် သူ့ဇာကလည်း ဘမောင်ချိန် အချစ်ကို သံသယဝင်လာမှာပေါ့၊ သူ့ဇာ စိတ်မညစ်အောင်ဘဲ မင်း လိမ်လိမ်မာမာနဲ့ ကြည့်ထိန်း၊ တစ်ခုပဲ ရှိန်းအကြောင်းကလေးတွေကို ဘာမှမပြောပါနဲ့၊ သူ့ဇာတို့ အဖေ့အကြောင်းတွေသိပြီး အဖေကို အထင်သေးရင် မကောင်းဘူး'

အေးက မချိပြုံး ပြုံးလိုက်သည်။

'သက်မာရယ်၊ သဇင်ရွှေနဲ့ ပတ်သက်ပြီး ရန်ဖြစ်တော့မှ ရှိသမျှဓာတ်ပုံတွေ အေး ရိုက်ခွဲ၊ နှစ်ယောက်သား ရန်ဖြစ်လိုက်တာ၊ တစ်အိမ်လုံး မသိချင်အဆုံး၊ ဒီ သန္တာလှိုင်နဲ့ကလည်း အကုန်လုံးသိ၊ သူ့ဇာကတော့ သန္တာလှိုင်ကို ကြည့်မရဘူးလေ၊ တော်ပါတော့ သက်မာရယ်၊ အေးလည်း မပြောချင်တော့ဘူး၊ အေး ကံပေါ့၊ အေးက သားတွေကို အချစ်လွန်တဲ့ အပြစ်ကြောင့် ခါးစည်းပြီး ခံနေရပေမယ့် ဒီသားတွေကလည်း အေးကို ကျေးဇူးတင်လားဆိုတော့ အေးကို

www.burmeseclassic.com

www.burmeseclassic.com

ပြန်မရိုက်တာပဲ ကံကောင်း၊ အခု သူတို့အဖေက အေးရဲ့ နှလုံးသား ကို ကွဲအောင်ခွဲတော့ အခု သူ့နှလုံးသားကို ဘမောင်ချိန်က ပြန်ခွဲ ပြီလေ၊ ကာလဝိပါက် နောက်ပိုးတက်တတ်တယ်တဲ့၊ မင်းတို့ ရှိန်း ကို ကလဲ့စားချေမယ့်သူ ပေါ်လာတာပေါ့၊ မှတ်ထား၊ ဒီတစ်ချီ ကောင်းကောင်း မင်းတို့ ရှိန်း ခံရပြီ၊ ဒါတောင် သတိရပါ့မလား မသိ'

အေး စကားကို တင်သက်မာ အံ့ဩနေသည်။ ရှိန်းအပေါ် သူလည်း နာကြည်းနေလေတော့ သူ လက်စားချေချင်သော စိတ်ရှိနေပေမည်။ အေးသည် သူကိုယ်တိုင် လက်စားချေနိုင်သော အခြေအနေ မရှိခင် ခုလို ရှိန်းကို လက်စားချေမည့်သူ ပေါ်လာသည်ကို ဝမ်းသာ နေလေသလား၊ အေး စိတ်ကို သူ ဘယ်လိုနားလည်ရပါ့။

'လက်စားချေခံရတာက အေးရဲ့သမီး သူဇာ ဖြစ်နေတယ် လေ၊ ဒီလို သူဇာခံရတာကို မင်းက ဝမ်းသာနေလား၊ ရှိန်းနဲ့ သူဇာ ကို ခွဲမြင်မှပေါ့၊ အခု သမီးကိစ္စမှာ မင်းတို့နှစ်ယောက်က လက်တွဲ ဖြေရှင်းရမယ့်အချိန်၊ ဘယ့်နှယ့် ရှိန်းကို လက်စားချေမယ့်သူ ပေါ် လာတာကို ကောင်းကောင်းခံရပြီ ပြောနေလဲ၊ အေး... သတိထားပါ'

'ငါ့သမီးလေးမှာ အပြစ်မရှိပါဘူး၊ သမီးက ယုတ်မာသူ တွေ ထောင်ချောက်ကို ဝင်တိုးမိတာကိုး၊ သူတို့ ထောင်ချက်က ပန်းတွေဆင်ထားတော့ သမီးက ဝင်တိုးမိတာပဲ၊ သမီးလေးကိုတော့ သနားပါတယ်၊ လွတ်လပ်တဲ့သူဆိုရင် ဘယ်သူ့ဖြစ်ဖြစ် ပေးစားပါ တယ်'

'ဘမောင်ချိန်က ချစ်တယ်ဆိုရင် ဟုတ်တာပေါ့'

'အေးပေါ့... တော်တော်တတ်နိုင်တဲ့ ယောကျ်ားတွေ၊ ရင် ထဲက အချစ်မရှိဘဲလည်း မိန်းမတွေကို ချစ်ဟန်ဆောင်နိုင်တယ်၊ တကယ်ချစ်ပါတယ်ဆိုပြီးမှလည်း သစ္စာဖောက်ကြတယ်၊ ဘယ်သူမှ မကောင်းဘူး သက်မာ'



အေးစကားသံက ကျားနာ၏ ရေရွတ်အော်မြည်နေသံပါပဲ။

'ဖြစ်ပြီးတာတွေ ဆက်မတွေးနဲ့တော့၊ အေး ဘာဆက်လုပ် သင့်တယ်ဆိုတာ အေးနဲ့ ရှိန်း နှစ်ယောက် တိုင်တိုင်ပင်ပင်နဲ့လုပ်ပါ၊ မင်းလည်း မိခင်တစ်ယောက်အနေနဲ့ စဉ်းစား၊ တို့လည်း စဉ်းစားမယ်၊ ဘမောင်ချိန်က ချစ်လို့ သူဇာကို ခိုးတာမဟုတ်တော့ နောက်ထပ် လည်း တွေ့မှာမဟုတ်ဘူး၊ သူဇာ့ကိုလည်း ပြန်လိုက်သွားမှာ မစိုးရိမ် ရဘူး၊ သူဇာရဲ့ဘဝ ဖရိုဖရဲ မဖြစ်သွားအောင်သာ ကြည့်ထိန်း'

'ဝေးပါသေး ဝေးပါသေး၊ သူနဲ့ တိုင်ပင်ဖို့က မင်းတို့ရှိန်း က အိမ်ပေါ်တောင် ပြန်တက်မလာဘူး'

သက်မာက သက်ပြင်းချလိုက်၏။

'အေး မင်း လိမ္မာရမယ်၊ ဒီအချိန်မှာ သမီးကိစ္စ အကြောင်း ပြပြီး ရှိန်း အိမ်ပေါ်ပြန်တက်အောင် မင်း လုပ်ရမှာ'

'တော်ပြီ သက်မာ၊ ငါ့သမီး သူ့ကြောင့် လက်စားချေခံရ တာ၊ ငါကလည်း မင်းတို့ ရှိန်းကို ကမ္ဘာမကျေဘဲ အောက်မေ့'

အေးသည် သူ့ထုံးစံအတိုင်း စီးကရက်ကိုသာ မီးညှိ၍ ရှိုက်ဖွာလိုက်သည်။ သက်မာ ဘာမှ စကားမဆက်ချင်တော့ဘဲ နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## - ၂၁ -

ဘမောင်ချိန်ထံမှ ပြန်လာကတည်းက မလေးနု ရင်ထဲမှာ ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်းတွေ အရှိန်တွေနှင့် တည်ငြိမ်မှုမရ။ အိပ်ခန်းထဲမှာ ယောက်ယက်ခတ်နေသည်။ တစ်နေရာတည်းမှာလည်း ထိုင်မရ။ မျက်စိအောက်မှာ အရွယ်ရောက်လာသူတစ်ယောက်အနေနှင့် သူ့ဇာ၏ လှုပ်ရှားမှုများကို သတိရနေသည်။ သူ့ခမျာ ရင်မှာပွင့်သော ပထမဆုံး အချစ်ပွင့်ကိုမှ ပန်းကောင်းအညွန့်ချိုးခံရသည်။ အပြစ်မဲ့သူတစ်ယောက် ဖြစ်ပါလျက်နှင့် ဓားစာခံသက်သက်ဘဝ ရောက်ရသည်ကိုက နာကြည်းခံခက်စရာ။ ဘမောင်ချိန်ကတော့ မိခင်အတွက် လက်စားချေခဲ့သူ။ ဒါပေမဲ့ တော်ပါသေး၊ သူ့ဇာကို အပျိုရည်မဖျက်ဆီးခဲ့၍ ကျေးဇူးတင်ရပါဦးမည်။ ဘမောင်ချိန် စကားလုံးများကို ပြန်လည်ကြားယောင်မိသည်။

"ကျွန်တော့်အယူအဆ ပြောရရင် ခင်ဗျားတို့ရဲ့ ဦးဗညားရှိန်းဟာ ကျွန်တော့်အမေကို အပျိုရည်မဖျက်ခဲ့ပေမယ့် နှလုံးသားတွေကို ခြေမွခဲ့လို့ စိတ်ဓာတ်ပျက်ပြားရပြီ၊ ခင်ဗျားတို့ မိန်းမတွေက အပျိုရည်ကို တန်ဖိုးထားသလို ကျွန်တော် ယောကျ်ားသားအနေနဲ့ မိန်းမတစ်ယောက်နှလုံးသားကို တန်ဖိုးထားတယ်၊ မေမေ့နှလုံးသားကို ဗညားရှိန်းဆိုသူက မွမွခြေခဲ့လေတော့ ကျွန်တော့်အဖေကို နှလုံးအကြေအမွ အစုတ်အပဲ့ကိုသာ မေမေက ပေးခဲ့တာ၊ ကျွန်တော် အပျိုရည်ဖျက်တာထက် နာကြည်းတယ်၊ မေမေဟာ ဖေဖေ့ကို ခန္ဓာကိုယ်သာ ပူးပေါင်းတာ စိတ်က မပူးပေါင်းခဲ့တာဟာ ခင်ဗျားတို့ ဦးဗညားရှိန်းကြီး တစ်တရားခံ၊ မြဲမြဲမှတ်ထားပါ၊ မေမေ့အတွက်လည်း မကျေနပ်ဘူး၊ ဖေဖေ့အတွက်လည်း နည်းနည်းမှ မကျေနပ်ဘူး"

ဘမောင်ချိန်က အနားကပ်အော်ဟစ်နေသလိုပါပဲ။ မလေးနု ရင်မှာ ဘမောင်ချိန်၏ စကားလုံးတွေက ရိုက်ခတ်နေသည်။ အခန်းထဲမှာ တစ်နေရာတည်း ထိုင်၍မရသောကြောင့် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ ရှိန်းကလည်း သူ့အခန်းထဲမှာ သူ့ကို စောင့်နေမည်ဖြစ်သည်။ သမီးသတင်းကို ကြားချင်မှာပဲဖြစ်သည်။ သူကတော့ ရှိန်းကို ရင်ဆိုင်ဖို့ ပြင်ဆင်နေရသည်။ တင်သက်မာကတော့ အေးကို ဘယ်လိုရင်ဆိုင်မည် မသိ၊ ရောဂါအခံရှိသူဖြစ်၍ ဘယ်လိုကိုင်တွယ်ရမည်ကို ဆရာဝန်တစ်ယောက်ဖြစ်သော တင်သက်မာ သိမှာပါ။ သူကတော့ ရှိန်းကို ရဲရဲရင်ဆိုင်ဝံ့သည်။ ကြောက်ရွံ့စရာ မရှိ။ သို့သော် သူ့ရင်ထဲမှာ ခံစားမှုက ရှိနေသည်။ သူ့ဇာ့အကြောင်းကို မပြောရက်သလို သူ့ဇာ ခံစားရသည်ကိုလည်း စာနာမိသည်။ ရည်းစားပျက်နည်းမျိုးလည်း မဟုတ်သော အဖြစ်မျိုး။ ချစ်ဦးသူကို သူ့ခမျာ အချစ်ပုံပေးကာမှ ချစ်သူ၏ ကလဲ့စားချေမှုကို ဘာမှမသိဘဲ အပြစ်မဲ့စွာ ခံစားရသော သူ့ဇာ၏ နှလုံးသားနုနုတွင် ရရှိမည့်ဒဏ်ရာကို သူ ဘယ်လိုကုစားရမည်နည်း။ ပြီးတော့ သူ့အပေါ်တွင် တွယ်တာမှုပိုသော သူ့ဇာကို သူကလည်း သံယောဇဉ်ကြီးခဲ့ပါသည်။

တကယ်တော့ သူသည် ရှိန်းနှင့် လုပ်ဖော်ကိုင်ဖက် ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်သည်။ ယခုကိစ္စမှာ ရှိန်းက တာဝန်တစ်ရပ်အနေနှင့် သူ့ကို ပေးအပ်လိုက်ခြင်းဖြစ်သည်။ တာဝန်ကို ထမ်းဆောင်ခြင်းသက်သက်ဆိုလျှင် ရှိန်းကို အကျိုးအကြောင်း ပြန်ပြောဆိုရုံပဲ။ သူ့ရင်မှာ ခံစားမှုကလည်း ရှိနေလေတော့ တာဝန်နှင့် ခံစားမှုတို့သည် သူ့ရင်ထဲမှာ တိုက်ခိုက်နေသည်။ ခံစားမှုကို ရှေ့တန်း

www.burmeseclassic.com

www.burmeseclassic.com

တင်ရလျှင်တော့ ရှိန်းကို တွေ့ဖို့ပင်မလိုပေ။ သို့သော် ရှိန်းမိသား ကိစ္စကို ကူညီရမည့်တာဝန်အနေနှင့် ရှိန်းကို တွေ့ဆုံရဦးမည်။

ရှိန်းအပေါ် ဒေါသကလည်း ထွက်နေမိသည်။ ပေါက်ကွဲလုဆဲဆဲ ဒေါသကို ထိန်းချုပ်ကာ ရှိန်းကိုတွေ့ဖို့ ပြင်ဆင်ရသည်။ ရှိန်းအခန်းဘက်ကို လျှောက်သွားသည်။ တံခါးက စေ့ရုံသာ စေ့ထားသော်လည်း သူက တံခါးကို ခေါက်လိုက်သည်။

'ဝင်ခဲ့ပါ'

အထဲမှ ရှိန်းအသံ။

မလေးနု အခန်းထဲဝင်သွားတော့ ဆိုဖာတစ်လုံးပေါ်မှာ လျော့ရိလျော့ရဲ ထိုင်နေသော ရှိန်းကို တွေ့ရသည်။ ရှိန်းက စားပွဲပေါ်မှာ အရက်ဖန်ခွက်နှင့်။

မလေးနုသည် ရှိန်းရှိရာသို့ တန်းတန်းမတ်မတ် လျှောက်သွားသည်။

'မလေး ထိုင်၊ မလေး လာမယ်ဆိုတာ ကိုယ်သိနေတယ်'

မလေးနုက မထိုင်။ ရှိန်းအရှေ့ရှိ အရက်ဖန်ခွက်ကို လှမ်းယူကာ ပြတင်းရှိရာ လျှောက်သွားသည်။ သူ့ဒေါသကို ဖန်ခွက်ထဲထည့်လိုက်ကာ ဖန်ခွက်ကို ပြတင်းအပြင် ပေါက်ထည့်လိုက်သည်။ စိတ်ထဲမှာလည်း ဒေါသတွေ ဖန်ခွက်ထဲ ပါသွားသလိုပဲ၊ ကျေနပ်သွားသလို ဖြစ်သွားသည်။ ရှိန်းရှေ့ ကုလားထိုင်မှာ ဝင်ထိုင်ရင်း မလေးနုသည် ဝင်းဝင်းတောက်သော မျက်လုံးများနှင့် ရှိန်းကို စူးစိုက်ကြည့်နေသည်။

'ဘယ်လိုလဲ ဦးဗညားရှိန်းကြီးရဲ့'

မခေါ်စဖူး နာမည်အပြည့်အစုံကို မလေးနုက ခေါ်လိုက်၍ ရှိန်းက အံ့အားသင့်သွားသည်။ ပြီးတော့ ယခုလို စူးရှသောအကြည့်နှင့် မလေးနု ရဲရဲရင့်ရင့် ကြည့်သည်ကို မတွေ့ဖူး၍ ကိုယ်ကို ခပ်မတ်မတ် ပြင်ထိုင်လိုက်သည်။



'ဒီဆေးတိုက်ဖွင့်ဖို့ စည်းကမ်းတွေရေးဆွဲစဉ်က ရှိန်းနဲ့တကွ ဒီဆေးတိုက်မှာ တာဝန်ထမ်းဆောင်သူအားလုံး ဒီဆေးတိုက်အပေါ်မှာ အရက်မသောက်ရဆို၊ ခုတော့ စည်းကမ်းရေးဆွဲတဲ့ ဦးဗညားရှိန်းကြီးက အရက်သောက်လို့ပါလား၊ အရက်သောက်ထားတဲ့ လူတစ်ယောက်နဲ့ စကားမပြောနိုင်ဘူး'

ထူးခြားသော မလေးနုမျက်နှာကိုကြည့်ရင်း စိတ်ထဲမှာ အတူးအံ့ဩနေသည်။ ဘာကို ကြောက်ရွံ့နေမှန်းမသိ၊ အလိုလို ခံစားနေရသည်။ ခြင်္သေ့တစ်ကောင်ရှေ့ ရောက်နေသော ယုန်တစ်ကောင်လို အနေကျုံ့သွားသည်။ သူ့ဘက်က မှားသွားလေတော့ သူ မျက်နှာလေးငယ်ငယ်နှင့် စကားဆိုသည်။

'မလေး ဖန်ခွက်ကို လွှင့်ပစ်လိုက်ပြီမို့လား၊ ရှိန်း မသောက်တော့ပါဘူး၊ သမီး… သမီးအတွက် စိတ်ညစ်လွန်းလို့ သောက်မိတာ၊ အဆင်ပြေခဲ့ရဲ့လား'

မလေးနုသည် နှုတ်ခမ်းတွေ ဆတ်ဆတ်တုန်နေသည်။

'ကောင်လေးမှာ မယားကြီးရှိတယ်ဆိုတာရော ဟုတ်လား၊ မလေးတို့ ဘယ်လိုစီစဉ်ခဲ့လဲ၊ သမီးကို ပြန်အပ်မှာတဲ့လား၊ ရှိန်းတို့ဘက်က ဘာလုပ်ပေးရမလဲ'

'ဟုတ်တယ်၊ ဒီသူငယ်က မယားကြီးနဲ့ ကလေးနှစ်ယောက်အဖေ၊ ဦးဗညားရှိန်းလိုတော့ ကလေးခြောက်ယောက်အဖေ မဟုတ်ဘူး'

'မလေးရယ်… ကိုယ့်ကို ဦးဗညားရှိန်းဆိုတဲ့ နာမည်ကြီး မခေါ်ပါနဲ့၊ ရှိန်းလို့ပဲ ခေါ်စမ်းပါ'

'တမင် ကိုယ့်အမည်ကို ကိုယ်လေးစားအောင်လို့၊ ဗညားဆိုတာ သူရဲကောင်းတွေရှေ့က နာမည်လေ၊ ဗညားဆိုတဲ့အမည်ကြီးတိုင်း ငါဟာ သူရဲကောင်းစိတ်ဓာတ်ရှိရမယ်ဆိုတာ သတိရအောင်လို့၊ ရှိန်းဆိုတဲ့ လူတစ်ယောက်က တစ်ခါတုန်းက မိန်းမလေးအပျိုတစ်ယောက်ကို ကလေးခြောက်ယောက်အဖေအဖြစ်နဲ့ မကြိုက်ကြိုက်

www.burmeseclassic.com

www.burmeseclassic.com

အောင် သွေးဆောင်၊ သမီးရည်းစားအဖြစ် ထားခဲ့ပြီးမှ ဒီမိန်းကလေးကို မယူဘူး၊ တခြားယောကျ်ားကိုယူဖို့ တိုက်တွန်းခဲ့တယ်ဆို၊ အဲဒီအပြုအမူဟာ သူရဲကောင်းတစ်ယောက် အပြုအမူမဟုတ်ဘူး'

ရှိန်းသည် ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူးသွားသည်။ မလေးကတော့ ဒေါနှင့် မောနှင့် စကားပြောနေဆဲ…

'အခုလည်း သူ့ဇာရဲ့ယောကျ်ား ခေါ်မလား၊ ချစ်သူခေါ်မလား၊ ဘမောင်ချိန်က သူဇာ့ကို ခိုးယူသွားပေမယ့် ကလေးနှစ်ယောက်အဖေဖြစ်နေလို့ မယူပါရစေနဲ့တဲ့၊ ပြန်ခေါ်သွားပါတဲ့၊ ကြိုက်တဲ့လူနဲ့ ပေးစားနိုင်ပါတယ်တဲ့'

'တောက်'

ရှိန်းသည် တောက်ခေါက်လိုက်သည်။ ရင်ထဲမှာ သမီးထိတော့ ပေါက်ကွဲလာသည်။

'ဒီကောင်က ဒီလိုပဲပြောလား'

'ပြောလိုက်တယ်လေ၊ အေးအေးနားထောင်စမ်းပါ၊ သူဇာကို မလေးတို့ ပြန်ခေါ်လာပြီး အိမ်မှာထားခဲ့တယ်၊ သူဇာ ဒီလိုဖြစ်ရတာ ရှိန်း တစ်တရားခံ သိလား'

ရှိန်းသည် နားလည်သဘောပေါက်ပုံ မပေါ်သေး။ မလေးက လေသံပျော့လိုက်၍ သက်ပြင်းချလိုက်ကာ ကိုယ်ကို နောက်မှီလိုက်သည်။ ဆရာမကြီးတစ်ယောက်လို ရှိန်းကို မေးခွန်းထုတ်လိုက်သည်။

'ဘမောင်ချိန်ဟာ ဘယ်သူ့သားလဲ၊ သိလား'

'မသိဘူး'

'ရှိန်း ကလေးခြောက်ယောက်အဖေအဖြစ်နဲ့ ရည်းစားထားခဲ့တဲ့ မသဇင်ရွှေရဲ့သား၊ သဇင်ရွှေဟာ ကားတိုက်ခံရလို့ သေသွားပြီတဲ့၊ သူ့သားကတော့ သူ့အမေဟာ သူ့ကိုယ်သူ သတ်သေတယ်လို့ ထင်တယ်၊ သူ့အမေသေတော့မှ သူ့အမေရဲ့ ဒိုင်ယာရီကို ဖတ်မိတော့



မှ ရှိန်းတို့ဇာတ်ထုပ်ကို သူသိရတယ်၊ သူ့အမေဟာ ဦးကောင်းမြတ်ချိန်ကို လက်ထပ်ခဲ့ပေမယ့် ချစ်လို့မရခဲ့ဘူး၊ သူတို့အိမ်ထောင်ရေးဟာ အဆင်မပြေခဲ့ဘူး၊ သူ့ကို ချစ်အောင်သွေးဆောင်ခဲ့တဲ့ ရှိန်းကို မေ့မရဘူး၊ ရှိန်းနဲ့ ချစ်နေတုန်းက သဇင်ရွှေက ဖြစ်မိမှ မထူးတော့ဘူး၊ အငယ်ဘဝနဲ့ပဲ နေပါရစေဆိုတော့ သူတော်ကောင်းကြီး ဦးဗညားရှိန်းက ကလေးခြောက်ယောက်အဖေမို့လို့ မယူပါရစေနဲ့ဆို၊ ဦးကောင်းမြတ်ချိန်ကို လက်ထပ်ဖို့ တိုက်တွန်းခဲ့တယ်ဆို၊ အချစ်သူရဲကောင်းကြီး လုပ်လိုက်တာပေါ့လေ၊ သိပ်တော်တာပဲ၊ မိန်းမတစ်ယောက်ကို မချစ်ချစ်အောင်လုပ်၊ စွဲလမ်းအောင်လုပ်၊ ဒီမိန်းမကို မချစ်ခင်ကငါ ကလေးခြောက်ယောက်အဖေ မယားကြီးနဲ့ အပျိုစင်တစ်ယောက်ကို ရည်းစားမထားသင့်ဘူးဆိုတာ မစဉ်းစားမိဘူးလား'

ရှိန်း၏မျက်နှာကြီးသည် ညိုမည်းလာကာ သူ့လက်ဝါးထဲမှာမြှုပ်၍ ရင်ထဲမှာ ရှိုက်နေသည်။

'ရှိန်းတို့ စိတ်ထဲမှာ မိန်းမတွေ နှလုံးသားကို ဘယ်လိုထင်လဲဟင်၊ မိန်းမတွေနှလုံးသားမှာ ခံစားတတ်တယ်၊ စွဲလမ်းတတ်တယ်ဆိုတဲ့ အရည်အသွေးရှိတယ်ဆိုတာ ပြည့်တန်ဆာမတွေတောင် သူတို့စွဲလမ်းတဲ့လူကို ချစ်တဲ့နှလုံးသားရှိတယ်၊ ရှိန်းဆက်ဆံခဲ့တဲ့ အပေါစားမိန်းမတွေလို မိန်းမတိုင်းကို တစ်တန်းစားတည်း ထားသလား၊ ရှိန်း နှလုံးသားတွေကရော ကျောက်သားနဲ့ ထုထားသလား၊ ခံစားမှုမရှိဘူးပေါ့၊ မိန်းမတစ်ယောက်ကို မချစ်ချစ်အောင်လုပ်၊ မိန်းကလေးက ချစ်လာတော့ လွယ်လွယ်နဲ့ စွန့်လွှတ်နိုင်း၊ တခြားလူယူခိုင်း၊ ဟိုမိန်းမနှလုံးသားကို စာနာတွယ်တာမှု နည်းနည်းမှ မရှိဘူးပေါ့လေ၊ အခုတော့ ကိုယ့်သမီးထိပြီ၊ ရှိန်းခင်းလာတဲ့ ဇာတ်လမ်းအတိုင်း ဘမောင်ချိန်က ဇာတ်ထုပ်ခင်းပြီး သူဇာကို သူ့အမေကိုယ်စား ကလဲ့စားချေတာတဲ့၊ သိပြီလား'

မလေးနုသည် ဒေါသထွက်ထွက်နှင့် ဘမောင်ချိန်ပြော

www.burmeseclassic.com

www.burmeseclassic.com



သမျှ အားလုံးပြောပြသည်။ ရှိန်းက ခေါင်းမဖော်နိုင်တော့ပေ။

'သူငယ်လေး အယူအဆက သူ့အမေဟာ သူ့အဖေအပေါ်မှာ ဒီလိုပဲ ဆက်ဆံသွားရတာ၊ သစ္စာဖောက်ရာကျတယ်လို့ ယူဆပြီး သူ့ကိုယ်သူ ကားတိုက်ခံသေသွားတယ်လို့ ယူဆတယ်၊ သူ့အမေ ဒိုင်ယာရီဖတ်ပြီး ကလဲ့စားချေဖို့ ရှိန်းတို့မိသားစုကို စုံစမ်းရင်း သူဇာနဲ့ သွားတွေ့တာပဲ၊ ဒီနေ့ သူဇာနဲ့တွေ့တော့ သူဇာက ပြောပါတယ်၊ သူ့ကိုနိုးလာပြီး မလေးတို့ သွားတွေ့တဲ့အိမ်မှာ ထားခဲ့တယ်၊ ညလာမအိပ်ဘူးတဲ့၊ မလေးနဲ့ တင်သက်မာ သူဇာကို ချော့ခေါ်ပြီး ရှိန်းတို့အိမ်မှာ ထားခဲ့ပြီ၊ အေးအေးကိုတော့ တင်သက်မာအကြောင်း စုံ ရှင်းပြလိမ့်မယ်၊ မလေး ပြန်လာခဲ့တယ်၊ ရှိန်းတို့လင်မယားနှစ်ယောက် သူဇာကို ဖျောင်းဖျပါ၊ တဖြည်းဖြည်းတော့ ခံရဦးမှာပေါ့လေ၊ ကြာရင် နာကြည်းစိတ်နဲ့ ဒီသူငယ်အပေါ် စိတ်ကုန်လာတဲ့အခါ တစ်ယောက်ယောက်နဲ့ ပေးစားလိုက်ပါ၊ ပေးစာတဲ့အခါမှာ သူဇာအကြောင်း မကွယ်မဝှက် ဖွင့်ပြောပြပြီး ခွင့်လွှတ်နိုင်တဲ့လူမှ ပေးစားပါ၊ သူဇာကို အပျိုရည်မဖျက်လိုက်တာပဲ ကျေးဇူးတင်ရမယ်၊ တော်ပြီ ရှိန်း၊ မလေး ရှေ့ဆက်စကားပြောရရင် ရှိန်းကို စော်ကားတာတွေပါလာမယ်၊ သွားမယ်'

ခဏလေးပါ မလေး၊ ရှိန်း ပြောစကားကို ခဏလေးနားထောင်ပါ၊ အဲဒီအချိန်က အေးနဲ့ကိုယ် အိမ်ထောင်ရေးသဘောကွဲလွဲမှုတွေ စလာပြီ၊ အိမ်ပြန်ရောက်ရင် ရန်ဖြစ်၊ မျက်နှာချင်းဆိုင်လို့မရဘူး၊ ရှိန်း စိတ်ညစ်လွန်းလို့ (·······)ဌာနက ရုံးအုပ် သဇင်ရွှေနဲ့ ရည်းစားထားခဲ့တာပါ၊ စိတ်ပျော်အောင်လို့၊ ဒါ အမှန်ပါပဲ၊ မလေးကို ဖွင့်ဟ ဝန်ခံပါတယ်'

'ဘာ··· စိတ်ပျော်အောင်ပေါ့၊ ဟုတ်လား၊ သူတစ်ပါး အသည်းကွဲအောင်လုပ်ပြီး ပျော်တဲ့အပျော်ပေါ့၊ အဲဒီ ရှိန်းအဖို့ အပျော်တမ်း မိန်းမတစ်ယောက်ကို နှလုံးသားနာကျင်အောင်လုပ်ခဲ့တဲ့ အလုပ်



ဟာ ဝန်ခံပါတယ်၊ ဝန်ခံပါတယ်ဆိုတာနဲ့ ကျူးလွန်တဲ့အပြစ်က ပျောက်မသွားဘူး၊ ဟင်း··· အတောင်နှစ်ဆယ်ဝတ် ယောကျ်ားကြီးရဲ့၊ ရှိန်းတို့မှာ စိတ်ညစ်လို့ အရက်သောက်ရတာနဲ့၊ မယားကြီးရှိရက်နဲ့ ရည်းစားထားရ၊ မယားငယ်ထားရတာနဲ့၊ လောကရဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်တဲ့ နှလုံးသား မရှိဘူးလား၊ အရက်ဝင်မှ ရည်းစားအပျော်ထားမှ ခံနိုင်ရည်ရှိသတဲ့လား၊ သူရဲကောင်းကြီးရဲ့ ဗညားဘွဲ့ခံကြီးရဲ့' မလေးနုသည် မထိန်းချုပ်နိုင်လောက်အောင် ရင့်သီးသော စကားလုံးတွေနှင့် ရှိန်းကို ပစ်ပေါက်နေသည်။

'ဟိုတစ်ဖက်သား မိန်းကလေးမှာ ရှိန်းကတော့ အပျော်ရည်းစားထားတာ၊ သူ့မှာတော့ တစ်သက်ခံသွားရပြီ၊ မလေးတို့မိန်းမတွေမှာဖြင့် ဗလာချီ နှလုံးသားသက်သက်နဲ့ တွေ့သမျှ ကြုံသမျှဒဏ်ကို ရင်ဆိုင်ရတယ်၊ ဘာအရက်မှလည်း မသောက်ရဘူး၊ ဘယ်အငယ်ကောင်နဲ့မှလည်း မတွဲရဘူး၊ တော်ပြီ ရှိန်း၊ မလေး ဆက်မပြောပါရစေနဲ့၊ တစ်ခုပဲ ဆင်ခြေတွေ သိပ်ပေးမနေနဲ့၊ ငါလုပ်တာတွေ ဘာမှားလဲသာ ပြန်စဉ်းစားပါ၊ ရှိန်းတို့လင်မယား မပြေလည်တိုင်း အစေးမကပ်နိုင်တဲ့ ပဋိပက္ခကြောင့် သမီးသူဇာ ခံသွားရပြီ၊ ဒါကို လင်မယားနှစ်ယောက်စလုံး သတိမရသေးရင်ဖြင့် ဆက်ပြီးဖြစ်ကြဦးပေါ့၊ မလေးတော့ ဘာမှဝင်မပါချင်တော့ဘူး၊ သွားမယ်'

မလေးနုသည် တိုင်ရာမှထ၍ ခြေသံပြင်းပြင်းနှင့် အပြင်ကို ထွက်သွားသည်။

ရှိန်းသည် ဆိုဖာပေါ် ပစ်လှဲလိုက်သည်။ သူသည် ကြုံကြုံပါအောင် ငိုမိ၏။ သူကတော့ အတိတ်ကဖြစ်ခဲ့သောအရာတွေ ပြည်ဖုံးကားချလိုက်ပြီးပြီ။ မလေးပြောသလို သူ့နှလုံးသားက ကျောက်တုံးများလား၊ ဘာမှ ဒဏ်ရာမရှိခဲ့။ သူက အပျော်၊ သူ၏ တဏှာစိတ် ချမ်းသာမှုကို လိုချင်၍ သဇင်ရွှေကို ရည်းစားထားခဲ့ခြင်း။ ယခုတော့ သူ့အတိတ်၏ လုပ်ရပ်သည် ပျောက်ပျက်မသွား။ သူလုပ်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုကို ကလဲ့စားချေမည့်သူ ပေါ်လာပြီ။ ဒီတော့လည်း သူ့နှလုံးသားကို နင်းခြေသလိုခံရပြီး သဇင်ရွှေကလည်း သူ့ကိုယ်သူ သတ်သေသွားပြီတဲ့။ သူ လူသတ်သမား ဖြစ်သွားပြီပေါ့။ သဇင်ရွှေသားက သူ့အမေ သူ့ကိုယ်သူ သတ်သေသွားသည်မှာ မသေချာသေး၍တဲ့။ သေများသေချာလျှင် ရှိန်းကိုလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေသည့်အဖြစ်ရောက်အောင် လက်စားချေမတဲ့။ လောလောဆယ် သမီးသူဇာရော သူ့ကိုယ်သူ သတ်သေသွားမှဖြင့်၊ သူသည် အသက်ရှူကျပ်လာသည်။ အရက်သောက်လို့လည်း မဖြစ်တော့၊ သူ့လေးစားသော မလေးနု၏ တားမြစ်ချက်ကို သူ မချိုးဖောက်လိုပါ။ မလေးကလည်း သူ့အပေါ် အတော်နာကြည်းသွားပုံရသည်။ ပြင်းထန်သောစကားလုံးတွေနှင့် သူ့ကို ပစ်ပေါက်ခဲ့သည်။ သူသည် မလေးနုအခန်းကို လိုက်သွားချင်ပေမယ့် မတော်သောကြောင့် အခန်းစောင့်သူငယ်လေးကို ခေါ်လိုက်သည်။ သူငယ်လေး ဝင်လာတော့မှ…

"သွား… ဒေါက်တာမလေးနုကို အန်ကယ် ခေါ်နေတယ်လို့သွားပြောပါ" ဟု ပြောလိုက်သည်။ သူငယ်လေးသွားပြီး မကြာခင် မလေးနု ဝင်လာသည်။ မလေးနုသည် သူ့ရှေ့တွင် ထိုင်လိုက်သည်။ မျက်နှာထားကတော့ ခပ်တင်းတင်းပဲ။

"မလေးနု ရှိန်းကို သိပ်စိတ်ဆိုးနေပြီလား"

သူသည် အသံကို အေးနိုင်သမျှအေးအောင် ထိန်းလိုက်သည်။

"ရှိန်းကို စိတ်ဆိုးတာထက် သူဇာအတွက် ဘာလုပ်ရမယ်ဆိုတာ စဉ်းစားရင်း ရင်နာနေတာပါ"

မလေးနုသည် ရှိန်း၏လေသံအေးအေးကိုကြားတော့ သူ့အသံကိုလျှော့ကာ မျက်နှာထားကို ပြင်လိုက်သည်။ ရှိန်းသည် ရှည်လျားသော သက်ပြင်းကြီးကို ချလိုက်သည်။

"မလေးနု စိတ်ကို အေးအေးထားပြီး ရှိန်းစကားကို နားထောင်ပါ၊ ရှိန်း ဆင်ခြေတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နေတယ်လို့



မလေး မထင်ပါနဲ့၊ ရှိန်း ဖြစ်ခဲ့သမျှတွေကို ဖွင့်ဟပြောပြချင်တယ်၊ ရှိန်းတို့ဖြစ်နေတဲ့ ပြဿနာတွေကိုလည်း ရှိန်းတစ်ယောက်တည်း မဖြေရှင်းနိုင်ဘူးဆိုတာ ရှိန်း ဝန်ခံတယ်၊ ခုချိန်မှာ ရှိန်း မျိုးဇင်ကို သိပ်သတိရတယ်၊ ကျောင်းတုန်းကလည်း ရှိန်း ကျောင်းသူတွေနဲ့ အဆက်များခဲ့တာ၊ အရက်သောက်လွန်တာတွေ ဖြစ်ခဲ့ရင် မျိုးဇင်ဟာ ရှိန်းကို ထိန်းခဲ့တယ်၊ ခု ကိုယ့်သူငယ်ချင်း မရှိတော့ဘူး၊ မလေး ကိုယ့်ကို ပြောခဲ့တဲ့ သဇင်ရွှေနဲ့ကိစ္စလည်း အမှန်ပါပဲ၊ ဒါတင်မဟုတ်ဘူး၊ ဗိုလ်ချုပ်ဈေးထဲက သန္တာလှိုင်နဲ့က တိတ်တိတ်အတူပေါင်းခဲ့တာ ကြာပြီ၊ ခုတော့ သူလည်း ရှိန်းထက်ငယ်တဲ့ ကောင်လေးတွေနဲ့ တွဲနေလို့ ပြတ်သွားတာ"

ရှိန်းစကားကို မလေးက ဝင်ဖြတ်လိုက်သည်။

"ဒီအကြောင်းက ရှိန်း မပြောခင်က မလေး သိပြီးသား၊ ဒီမိန်းမ သားအိမ်ခွဲထုတ်ဖို့ လာကုစဉ်ကတည်းက သူ အပျိုမဟုတ်ဘူးဆိုတာသိတယ်၊ ဆရာဝန်ဆိုတာ လူနာရဲ့လျှို့ဝှက်ချက်ကို မပေါက်ကြားရဘူးဆိုတဲ့ စည်းရှိတယ်လေ၊ ဒါပေမဲ့ သူ့နောက်ကြောင်းကို ထုတ်ဖော်ပြောတာက တင်သက်မာနဲ့ ဖြူပြာ"

မလေးစကားကြားတော့ ရှိန်းက မအံ့သြသလို ငြိမ်သက်မြဲငြိမ်သက်နေရာမှ ဆက်ပြောသည်။

"သူ့အမေနဲ့ ရှိန်း အဆင်မပြေကတည်းက ရှိန်း သန္တာလှိုင်နဲ့ ဆက်သွယ်နေတာကို ဖြူပြာသိတယ်၊ သဇင်ရွှေကိစ္စလည်း ရှိန်းနဲ့အေးအေး အကြီးအကျယ်ရန်ဖြစ်တော့ ဖြူပြာရော သားတော့ရော သိတယ်"

မလေးနုသည် ဖြည်းညင်းစွာ ခေါင်းယမ်းလိုက်သည်။ ရှိန်းမျက်နှာကို စေ့စေ့ကြည့်ရဲလာသလို စိမ်းစိမ်းကြီးကြည့်ရင်း စိတ်ပျက်လာသည်။ ရှိန်းအကြောင်းတွေကို တင်သက်မာထံမှ တစ်စိတ်တစ်ပိုင်းသိပြီးဖြစ်ခဲ့ပေမယ့် ယခု ရှိန်းထံမှ ဖွင့်ဟပြောပြသောအခါ သူ

www.burmeseclassic.com

www.burmeseclassic.com



သည် ရှိန်းကို ဘယ်လိုနားလည်ရမှန်း မသိ။ ဘယ်လိုလူစားပါလိမ့်။ နှမြောရမှာလား၊ စက်ဆုပ်ရမှာလား။ သူ ဝေခွဲမရ။

"ရှိန်းဟာ မိန်းမတွေကို လေးစားပါတယ်၊ အထူးသဖြင့် မေမေ့ကိုလည်း ချစ်တယ်၊ အမေ့ကို လေးစားတယ်၊ ကိုယ်ချစ်တဲ့ အမေကိုမှ အေးဟာ လျစ်လျူဘယ်လောက်ရှုတယ်ဆိုတာ မလေး အသိပါ၊ ပြီးတော့ ရှိန်းက လုပ်ငန်းကြီးတွေထူထောင်ပြီး အုပ်ချုပ် လုပ်ကိုင်နေပေတဲ့ ရှိန်း အုပ်ချုပ်ခံချင်တယ်၊ ပြင်သစ်သမ္မတ ဒီဂေါလ် ရဲ့မိန်းမက ပြောဖူးတယ်၊ 'ရှင်ဟာ ပြင်သစ်နိုင်ငံသားတွေအတွက် ပြင်သစ်နိုင်ငံကို အုပ်ချုပ်တဲ့ သမ္မတကြီးပါတဲ့၊ အိမ်မှာတော့ ကျွန်မ ဟာ သမ္မတပဲ'တဲ့၊ မလေး ဒီစကားကို နားလည်မှာပါ၊ အိမ်မှာ အိမ်ရှင်မရဲ့ အုပ်ချုပ်မှုကို ဒီဂေါလ် ခံရမှာပဲ၊ ရှိန်းလည်း သမ္မတလို အိမ်မှာ အုပ်ချုပ်တဲ့မိန်းမ လိုချင်ပါတယ်၊ ရှိန်းက အုပ်ချုပ်ခံအိမ်သား တစ်ယောက်လို နေပြပါ့မယ်၊ အေးကို အဲဒီလို ထိန်းချုပ်နိုင်တဲ့ မိန်းမတစ်ယောက်လို့ ယူဆပြီး ချစ်ခဲ့တာ၊ ဒါပေမဲ့ လက်ထပ်ပြီး တော့မှ ဒီမိန်းမစွမ်းရည်ကို သိလာရတယ်၊ မီးဖိုမဝင်နိုင်ဘူးဆိုလို့ မေမေက ထမင်းချက်ပို့ပေးပါတယ်၊ ကိုယ်ဟာ အခုထိ သူ့လက်ရာ မစားဖူးဘူးဆိုရင် မလေး ယုံမလား၊ ဒီအထိလည်း ခွင့်လွှတ်နိုင်သေး တယ်၊ လုပ်ငန်းခွင်ဝင်နေရတဲ့ မိန်းမတွေ မီးဖိုပြန်မကြည့်နိုင်တဲ့ အဖြစ်တွေရှိတာပဲ၊ ကိုယ်ခွင့်မလွှတ်နိုင်တာက သားသမီးတွေအပေါ် မှာလည်း သူ ဘာစည်းကမ်းမှ မပေးတတ်ဘူး၊ မအုပ်ချုပ်တတ်ဘူး၊ တစ်ဖက်က ရှိန်း ငွေရေးကြေးရေးတာဝန် လုံးဝယူခဲ့ပြီး ရှိန်း အယူ အဆက အိမ်ထောင်တစ်ခုမှာ မိန်းမတွေကဏ္ဍ ပိုပြီးကျယ်ဝန်းလာ တယ်လို့ ယူဆပါတယ်၊

ဂျူလီယက်ဆီဇာတို့ အလက်ဇန္ဒားသည်ဂရိတ်တို့လို လူ တွေတောင် စစ်မြေပြင်မှာ ဝက်ဝက်ကွဲအောင် တိုက်ခဲ့ပေမယ့် နားနေ ခိုလှုံဖို့ ချစ်သူရင်ခွင်ကို တောင့်တကြတာပဲ၊ ရှိန်းအဖြစ်က အပြင်မှာ



အလုပ်အကိုင်ကြောင့် ဘယ်လောက်ပင်ပန်းပင်ပန်း အိမ်ရောက်တော့ အပန်းဖြေစရာမရှိဘူး၊ အေးက သိတဲ့အတိုင်း အရိပ်အခြည် နား မလည်ဘူး၊ ရှိန်း ဒါ့ကြောင့် အပြင်မှာ အပျော်ရှာတာ၊ ရှိန်းအပြစ်လို့ ဆိုလည်း ရှိန်း ခံပါတယ်၊

ဒါပေမဲ့ ရှိန်း အေးကို ခွင့်မလွှတ်နိုင်တာက သားကြီး သီဟရှိန်းကိစ္စ၊ ပိုးစိုးပက်စက် သေသွားရပြီး သားကြီးကိစ္စမှာ အေး မလိမ္မာတာတွေ အများကြီးရှိပါတယ်၊ ဒုတိယ မေမေ့ကိစ္စ၊ ရှိန်းက မေမေ့ကို လေးစားတယ်၊ ချစ်တယ်၊ သူအသိပဲ၊ ဒါကို မနာလိုဘူး၊ မေမေ့ကို ဂရုမစိုက်ဘူး၊ မေမေ့အချစ်ကို အစားဝင်ချင်ရင် မေမေ့လို မိခင်မေတ္တာမျိုး ရှိန်းအပေါ် ထားနိုင်ရမယ်၊ မထားနိုင်တဲ့အပြင် မေမေ့အပေါ် သူဆက်ဆံပုံ မလေးတို့ အသိပဲ၊

ရှိန်းဟာ မလေးနဲ့ မတွေ့ခင်က ရှိန်း မိန်းမတွေနဲ့ပတ် သက်တဲ့ အရှုပ်အထွေးတွေ ရှိခဲ့တယ်၊ ဒါတွေကို တို့နှစ်ယောက် လက်တွဲအလုပ်မလုပ်ခင်က မလေးကို ရှိန်း ဖွင့်ဟပြီးပြောသင့်တယ်၊ မပြောခဲ့မိတဲ့အတွက် ရှိန်းကို မလေး ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ဆေးတိုက် ဖွင့်ပြီးမှ ရှိန်းအပြုအမူတွေဟာ မလေး စိတ်ထိခိုက်စရာ ဖြစ်ခဲ့ပါ သလား၊ အတိတ်က အကြောင်းတွေကို မဆိုလိုဘူး"

ခဏနားပြီး စကားဆက်ပြန်သည်။

"မလေးနဲ့အတူ ဒီ ရှိန်း ဆေးတိုက်ကြီးကို ထူထောင်ပြီးမှ မလေးစကားကို ရှိန်း နားထောင်ခဲ့တယ်၊ အနေအထိုင် ဆင်ခြင်တယ်၊ အင်မတန်ကြိုက်တဲ့ အရက်ကို လျှော့သောက်တယ်၊ အခုတော့ ဂ...ဝ မသောက်တော့ဘူး၊ ကိုယ်ဆက်ဆံခဲ့တဲ့ မိန်းမတွေ အများကြီး...ခဲ့ တယ်၊ သူတို့ဆီလည်း ခြေဦးမလှည့်ခဲ့ဘူး၊ ရှိန်း ညနေ...ကျ ဒီဆေးခန်းကို ပြန်လာရရင် စိတ်အေးချမ်းတယ်၊ ဒီအခန်းလေးမှာ အိပ်ရတာ ပျော်တယ်၊ ဘာလို့လဲဆိုတော့ 'ငါ ကယ်တင်ခဲ့တဲ့ ကူညီ ခဲ့တဲ့ လူနာတွေနဲ့ အတူအိပ်တဲ့နေရာ'ဆိုပြီး ရင်ထဲမှာ နှစ်သိမ့်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လူနာတွေဟာ ဒီဆေးခန်းမှာ ကုသခွင့်ရအောင် ရှိန်း မဝာည် ဆောင်ရွက်ပေးလို့ ရောဂါတွေ ပျောက်ကင်းသွားတဲ့အခါ စိတ်ချမ်းသာသွားသလို ရှိန်းရင်ထဲမှာလည်း နှစ်သိမ့်အေးချမ်းသွားတယ်၊ ဒီကုသိုလ်တစ်ခုကိုတော့ ရှိန်း ပြုခဲ့ပါတယ်၊ မလေးနု အယူအဆနဲ့ မိန်းမတွေမွေ၊ အရက်တွေသောက်တဲ့ လူဆိုးကြီးရှိန်းဟာ သူတော်ကောင်းကြီး ဖြစ်မသွားသော်လည်း တစ်စိတ်တစ်ပိုင်း ပြုပြင်ခဲ့တယ်၊ မှားခဲ့တာတွေကိုလည်း ရှိန်း ဖွင့်ဟဝန်ခံခဲ့ပြီ၊ ရှိန်းတို့မိသားစု ပြဿနာတွေကို ကိုယ်ရောစိတ်ပါ ဝင်ကူညီလို့လည်း ရှိန်း အများကြီး မလေးကို ကျေးဇူးတင်ပါတယ်၊ ရှေ့ဆက်လည်း ဝင်ပြီးကူညီစေချင်တယ်၊ မလေးအပေါ် ကိုယ် လေးစားတယ်ဆိုတာတော့ မလေး ယုံပါ'

ရှည်လျားသော ရှိန်း၏ ဖွင့်ဟဝန်ခံချက်က ပြီးသွားတော့ ပြောသူက မောမမော မသိ၊ မလေးကတော့ မောသွားသည်။ စိတ်ထဲမှာလည်း မကောင်းပါ။ ရှိန်းက အမှားတွေကိုသာ ဝန်ခံနေသည်။ မှားခဲ့၍ဖြစ်လာသော ပြဿနာက ပြေ၍မသွား။ မှားခြင်း၏အပြစ်ကလည်း ပြေပျောက်သွားမည်မဟုတ်။ ထပ်မံမကျူးလွန်ဖို့ ရှိန်းကို ဘယ်လိုပြောရပါ့။

မိမိပြုသော ကောင်းမှု၊ မကောင်းမှုသာ ကိုယ်ပိုင်ဥစ္စာဖြစ်သည်ဟူသော တရားတော်လို ရှိန်းပြုသောပြစ်မှုအတွက် ရှိန်း ခံရခြင်းပါပဲ။ မလေးနုသည် မိသားစုကိစ္စကိုပဲ လွှဲပြောင်းပြောလိုက်သည်။

'ဖြစ်လာတဲ့ကိစ္စမှာ ဘယ်သူ့ကြောင့် ဘယ်ဝါကြောင့် တရားခံရှာနေရင် အပိုပဲ၊ အမှုတစ်ခုမှာ တရားခံရှာတွေ့လို့ ဖမ်းမိ အပြစ်ပေးပြီးသွားပေမယ့် ပြဿနာက မပြီးဘူး၊ ဖြစ်လာတဲ့ ပြဿနာကို ဆက်လက် ဘယ်လိုဖြေရှင်းမလဲဆိုတာပဲ အရေးကြီးတယ်၊ အိမ်တွင်းရေးကိစ္စမှာ တစ်ယောက်နဲ့တစ်ယောက် အပြစ်တင်စကားလုံးတွေက လွန်ကျွံလာပြီး စိတ်ဝမ်းကွဲစရာပဲ ဖြစ်မယ်၊ နှစ်ယောက်ပြန်လည်သင့်မြတ်ဖို့ မလွယ်ဘူး၊ အိမ်မှာ ဦးစီးခေါင်းဆောင်ဖြစ်နေ



တဲ့ ရှိန်းတို့နှစ်ယောက်က မျက်နှာချင်းမဆိုင်နိုင်လောက်အောင် ဖြစ်နေမှ သားတွေ သမီးတွေ ဖရိုဖရဲဖြစ်နေတာ မဆန်းဘူး'

'တရားခံရှာပြီး အပြစ်ဖို့နေတာ မဟုတ်ဘူး၊ မလေး ပြောသလို လက်တွဲဖြေရှင်းဖို့နေနေသာသာ သူ့အိမ်ခေါင်းထဲက မထွက်ဘူး၊ ကိုယ် ဘယ်လိုပဲ မိန်းမမွေမွေ၊ ရှုပ်ပွေးကုက်က ကိုယ့်လက်အောက်က မိန်းကလေးတွေအပေါ်မှာ ကုဟ္မ ပွမ္မ်းနှတွေလိုပဲ ဆက်ဆံတယ်၊ မယုံရင် မလေးတို့ စုံစမ်းနိုင်တယ်၊ အေးက ဒီမိန်းကလေးတွေနဲ့လည်း စွပ်စွဲတယ်၊ ရှိန်းက ဝပ်ရှော့က သူငယ်ကလေးတွေ၊ ရုပ်မားကက်က အရောင်းစာရေးမလေးတွေနဲ့ အေးနဲ့ အရောတဝင်ရှိစေချင်တယ်၊ အိမ်ခေါ် ထမင်းကျွေးတာတောင် သူက မကြိုက်ဘူး၊ သူ့အဖေ အရေးပိုင်ဆိုပြီး မြူရိုကရက်စိတ်က ရှိတယ်၊ ကိုယ့်အလုပ်သမားတွေကြောင့် ကို့ ထမင်းစားနေရတာ၊ ထမင်းရှင် ဟင်းရှင်တွေအဖြစ် ဒီအလုပ်သမားတွေအပေါ်မှာ အေးက သဘောမထားနိုင်ဘူး၊ ရှိန်းတို့ ဖေဖေက စောင့်စက်ပိုင်ရှင်၊ အလုပ်သမားတွေကို ဘယ်လို ဆက်ဆံရမယ်ဆိုတာ ရှိန်းတို့ကို လက်တွေ့ပြခဲ့တာ၊ အေးအေးက ငွေတော့ တွင်တွင်တောင်းတယ်၊ သားတွေ အရက်ဖိုး၊ ဘိန်းဖိုးပေးဖို့သာ ရက်ရောတာ၊ အလုပ်သမားတွေကို နှစ်ပတ်လည်လို့ အပိုဆု ငွေပေးရင် သူက မကျေနပ် ကန့်ကွက်တယ်၊ အရင် 'ကြည်'ကြ တုန်းက ရှိန်းက သူ့ကို တိုင်ပင်တယ်၊ အခုတော့ ဘာမှမတိုင်ပင်ဘူး၊ ပေးချင်တာ ပေးတယ်၊ လှူချင်တာ လှူတယ်၊ သူလည်း မပါတော့ဘူးလေ'

မလေးနုသည် သူ့ယောကျ်ားမလောင်းများ ပြောစကားကို သွားသတိရသည်။ ရှိန်းကုမ္ပဏီက လှူတိုင်း သူ့ဇနီး အေးအေးညို မပါဘူးဟု ပြောခဲ့ဖူးသည်။ မလေးနုသည် သင်္ကာပြင်းချလိုက်မိ၏။

'တစ်ခုတော့ ရှိတယ်၊ ရှိန်းက အေးထက် ပညာတတ်တယ်၊ အေးရဲ့ ပျော့ညံ့ချက်တွေကို မသိမသာ လက်တွဲသွားရင်း ပညာ

www.burmeseclassic.com

www.burmeseclassic.com

ပေးမှပေါ့၊ ရှိန်းဇနီး ညံ့တာဟာ ရှိန်း ခေါင်းဆောင်မှုညံ့လို့ပေါ့"

"မလေး မိန်းမတွေဘက်က တစ်ဖက်သတ် မပြောနဲ့၊ ရှိန်း ခေါင်းဆောင်မှုညံ့ရင် ရှိန်းလုပ်ငန်းတွေ အောင်မြင်မလား၊ မိန်းမက လည်း အမြင်ကျယ်ဖို့လိုတယ်၊ အိမ်ထောင်ပဲဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခု ပဲဖြစ်ဖြစ် ခေါင်းဆောင်နဲ့ အမြင်ကျယ်ပြီး ခေါင်းဆောင်မှုကောင်းဖို့ လိုသလို နောက်လိုက်ကလည်း အကင်းပါးရတယ်၊ ခေါင်းဆောင်နဲ့ နောက်လိုက်ဆိုတာ ၄၂ပြန်အလှန် အပေးအယူရှိရတယ်၊ ရှိန်းနဲ့ညားစ က "ကြည်"ကြတုန်းကပေါ့၊ ရှိန်း အမျိုးမျိုးရှင်းပြတယ်၊ အလုပ်သမား တွေအပေါ် ထားရှိဖို့ သဘောထား၊ အိမ်က သားသမီးတွေအပေါ် အုပ်ချုပ်ရေး အကုန်သင်တယ်၊ သူက ထင်တာက သူတောင်း သလောက် ငွေမပေးချင်တာ ရှိန်းက သူ့ကို ချုပ်ချယ်တယ်ထင်တယ်၊ ခုတော့ ဘာမှမပြောတော့ဘူး၊ ပုတ်ပြတ် တစ်လတစ်သိန်း၊ သူ့ဟာ သူသုံးပဲ၊ ကျန်တာ လှည့်မကြည့်ဘူး၊ ရှိန်းမှာ သားတွေဆုံးရှုံးပြီးတဲ့ နောက် သူ့ဆီက ဘာမှ မမျှော်လင့်တော့ဘူး၊ ကန်တော့ပါရဲ့၊ ကိုယ့် စကားရိုင်းရင် ခွင့်လွှတ်ပါ၊ သူ့အပေါ် Sexual Feeling လုံးဝ မရှိတော့ဘူး၊ ရှိန်းလည်း ထင်သလိုနေတယ်၊ ရှိန်းအပြစ်ဆိုရင်လည်း ခုနပြောသလိုပဲ ရှိန်း ခံမယ်၊ မလေး အခု ရှိန်းဆေးတိုက်လုပ်ငန်းမှာ မလေးနဲ့ ရှိန်း အတူလက်တွဲလုပ်တယ်၊ ရှိန်းသဘောကို သိရောပေါ့၊ ရှိန်းက ခေါင်းဆောင်မှုပေးတယ်၊ မလေးက လက်တွေ့လုပ်ငန်း (Carryout) အကောင်အထည် ဖော်ပေးနိုင်တယ်၊ ဒီလိုပဲရှိရမယ်၊ ရှိန်းက နေရာတိုင်း ထောင့်စေ့အောင် ကုလားမကြမ်းတိုက်တာက အစ ဝင်မပါနိုင်ဘူး၊ မလေး အကြံဉာဏ်ပေးတာတွေ ကျေးဇူးတင် ပါတယ်၊ ရှိန်းတို့ အခြေအနေကိုသာ တင်ပြတာ၊ ရှိန်းကို ခွင့်လွှတ်ပါ၊ ရှိန်းမှာ အပြစ်မရှိပါဘူးလို့ လျှောက်လဲနေတာ မဟုတ်ဘူး၊ တကယ် တော့... တကယ့်တော့"

ရှိန်းသည် အသံတိမ်ဝင်သွားကာ ငိုသံပါနှင့် ဆက်ပြောသည်။



"စီးပွားရေးမှာ ဗညားရှိန်းဆိုတဲ့ လူတစ်ယောက် "ရှိန်း" လုပ်ငန်းအမည်နဲ့ အလုပ်တွေ အောင်မြင်နေသလောက် ရှိန်းရဲ့ စာရိတ္တ ဘက်မှာ ချို့ယွင်းခဲ့ရတဲ့အတွက် ရှိန်း အမြဲပဲ ယူကျုံးမရဖြစ်နေတယ် ဆိုတာတော့ မလေး ယုံပါ၊ ကဲ... ကဲ... မလေး သွားနိုင်ပြီ"

ရှိန်းသည် စကားဆက်မပြောတော့ဘဲ ဆိုဖာကိုမှီလိုက်၍ ခေါင်းနောက်မှာ လက်နှစ်ဖက်ယှက်ထားကာ မျက်စိမှိတ်နေသည်။ မလေးနုက ဘာမှပြန်မပြောနိုင်သေး၊ ရှိန်းကိုကြည့်ရင်း တွေးနေသည်။ သူပြောသလို လုပ်ငန်းတွေအနေနှင့် အောင်မြင်ခဲ့သည်မှာ အမှန်ပါပဲ။ အတူတွဲလုပ်တော့ ရှိန်း စေတနာနှင့် လုပ်ရည်ကိုင်ရည်ကို သိရသည်။ လူတော်တစ်ယောက်ပါပဲ။ စာရိတ္တနှင့်ပတ်သက်၍ လူကောင်းတစ် ယောက် မဖြစ်လာခဲ့။ လူတော်လူကောင်း စွယ်စုံတော်ဖို့ ဆိုသည်မှာ မလွယ်ပါလား။ မလေးနုရင်ထဲမှာ လှုပ်ခတ်နေသော ဒေါသများ ငြိမ်စပြုလာသည်။ ပထမတော့ သူ့အနှင့်ပတ်သက်၍ သူသည် အလုပ်ရှင်ကပေးအပ်သော အလုပ်တစ်ခုကို အစီရင်ခံသလို ပြောပြ ခြင်းပဲဖြစ်သည်။ နောက်တော့ စာနာခံစားချက်ပါလာကာ ကရုဏာ ဒေါသောတွေနှင့် သူ ပေါက်ကွဲခဲ့သည်။ ယခုတော့လည်း ရှိန်းမှာ ဒီလိုအခက်အခဲတွေ့ချိန်တွင် ရှိန်းကို ပြစ်တင်နေခြင်းထက် ဘယ်လို ပူးပေါင်းဆောင်ရွက်သင့်သည်ကို သူ သတိရလိုက်သည်။ ရှိန်းသည် သူ၏ ကျေးဇူးရှင်လည်း ဟုတ်သည်။ သူ၏ချစ်ဦးသူ မျိုးဇင်၏ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်၊ ရှိန်းဆေးတိုက် ဖွင့်မည့်အကြောင်း ရှိန်း သူ့ကို လာရောက်တိုင်ပင်စဉ်က ရှိန်းပြောသည့်စကား သူ ပြန်သတိရသည်။

"အခု မျိုးဇင် မရှိတော့ဘူး၊ ရှိန်းအပေါ်မှာ နောက်ဆုံး ခွဲခွာကြရတဲ့အချိန်အထိ အနစ်နာခံချစ်လာတဲ့ သူငယ်ချင်း မျိုးဇင်၊ သေရေး ရှင်ရေးအထိ လက်တွဲပြီး သစ္စာရှိခဲ့တဲ့ သူငယ်ချင်းမျိုးဇင်၊ သူမရှိတဲ့နောက် မျိုးဇင်အပေါ် ရှိန်းချစ်တဲ့ Comrade ရဲ့ဘော်အနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မလေးကို ဆက်လက်စောင့်ရှောက်ဖို့ ရှိန်းမှာ တာဝန်ရှိတယ်လို့ ယူဆတယ်၊ မလေးကို မျိုးဇင်အစား ပြန်ပြီး ရှိန်း သစ္စာရှိရမယ်'

ရှိန်းသည် ပြောစကားအတိုင်း သူ့အပေါ် အစစ ကူညီရုံမက ယုံကြည်စိတ်ချ အားကိုးခဲ့သည်။ ယခု ရှိန်းမှာ သမီးအတွက် ပြင်းစွာ ဝေဒနာခံစားရချိန်တွင် သူ စိတ်ခံပြင်းသမျှ သည်းမခံနိုင်ဘဲ ပြောချင်သလို ပြောခဲ့ပြီ။ သို့သော် ရှိန်း၏ အဆိုးဆုံးအချိန်မှာ အပြစ်တင်နေသည်ထက် ရှိန်း ပြဿနာတွေကို ကူညီလက်တွဲဖြေရှင်းဖို့ လိုသည်။ သူလက်တွဲရမည့် ရှိန်း၏လက်တွေ ညစ်ပတ်ပေရေနေတာတော့ အမှန်ပဲ။ ဒီလက်ကို သူလက်တွဲခေါ်ယူ၍ ဆေးကြောပေးသင့်သည်။ ရှိန်း၏ သစ္စာတရားအပေါ် သူ ပြန်လည်သိတတ်ရမည်။ ယခုအချိန် သူပြောချင်သလို ပြောခဲ့စဉ်အခါတုန်းကလည်း အပြစ်ကျူးလွန်မိသော ကလေးတစ်ယောက် မိခင်ရှေ့ ရှိုရှိုလေးထိုင်နေသလို သူပြောသမျှ ခေါင်းငုံ့ခံနေသည်ကိုလည်း အံ့ဩမိသည်။

'ရှိန်း'

မလေးနုက အသံအေးအေးနှင့် ခေါ်လိုက်သည်။

'ဟင်… မင်း မသွားသေးဘူးလား'

ရှိန်းသည် မျက်လုံးဖွင့်လိုက်ကာ မတ်မတ်ကြီးပြန်ထိုင်ရင်း မေးလိုက်သည်။

'မသွားသေးပါဘူး'

'ဘာဖြစ်လို့လဲ၊ အခုထိ ပြောစရာတွေ မကုန်သေးဘူးလားဟင်၊ ကျောက်တုံးလို အသည်းနှလုံးနဲ့ကောင် အရက်တွေသောက်၊ မိန်းမတွေပွေတဲ့အကောင် ဒီလိုကောင်ကို မလေး အထင်သေးနေတုန်း မဟုတ်လား၊ ဘာပြောချင်သလဲ၊ အားရအောင် ပြောသွားပါ'

သူသည် ဝမ်းနည်းကြေကွဲသံကြီးနှင့် ပြောနေသည်။

'မသွားပါဘူး ရှိန်း၊ မသွားပါဘူး၊ ရှိန်းလက်တွေ ပေနေတယ်ဆိုတာ မလေး သိပါတယ်၊ ဒီလက်ကို စင်အောင်ဆေးပေးပြီးမှ



မလေး ရှိန်း အနားက ခွာသင့်ခွာရမှာပေါ့၊ ရှိန်းထားတဲ့ Comrade ဆိုတဲ့ ရဲဘော်ချစ်မျိုး မလေးမှာ ရှိပါတယ်၊ ရှိန်း ဒုက္ခရောက်နေတုန်း သစ္စာရှိရမယ်ဆိုတာ မလေး နားလည်ပါတယ်'

'တကယ်လား မလေး၊ မင်း ကိုယ့်ကို နားလည်တယ်'

မလေးနုသည် ရုတ်တရက် သူဘာကို ဆိုလိုသည်ကို နားမလည်၊ ရှိန်းက ဆက်ပြောနေသည်။

'မျိုးဇင်လေ ရှိန်းကျောင်းမှာ အရက်တွေသောက်၊ အဆက်တွေနဲ့ တွဲပေမယ့် ကိုယ့်ကိုနားလည်တယ်၊ ကိုယ့်အပြစ်တွေ ခွင့်လွှတ်ပြီး သူနဲ့ စာအတူကျက်အောင် ကြိုးစားပြီး ကိုယ့်ကို သိမ်းသွင်းတယ်၊ ရှိန်း ဒါ့ကြောင့် ဘယ်လိုပွေပွေ စာမေးပွဲတစ်တန်းမှ မကျခဲ့ဘူး၊ မျိုးဇင်လိုပဲ အမှတ်ကောင်းကောင်းနဲ့ အောင်ခဲ့တယ်၊ မေမေလည်း ကိုယ့်အပေါ်မှာ ကိုယ် အရက်တွေမူးပြန်လာလည်း ကိုယ့်ကို ဆီးကြိုပြီး သူ့ရင်ခွင်မှာ သိပ်တယ်၊ အမူးပြေမှ ဒီသား ငမူးကိုချော့တယ်၊ အရက်မကောင်းတာတွေ ပြောပြတယ်၊ မေမေ ကိုယ့်ကို နားလည်တယ်၊ ဒါ့ကြောင့် ရှိန်း အရက်သောက်ပေမယ့် ရှိန်းလုပ်ငန်းတွေကို မထိခိုက်စေရဘူး၊ ဒါလောက် ကိုယ့်အပေါ်မှာ နားလည်တဲ့ မေမေကို ကိုယ့်မိန်းမက မကြည်ဘူး၊ မနာလိုဝန်တိုတယ်၊ နေမကောင်းတာလည်း မလာဘူး၊ သေတာလည်း မလာဘူး၊ ဒါ့ကြောင့် ရှိန်း ပိုပိုဆိုးသွားတာပါ၊ ခုတော့ မျိုးဇင်တို့ မေမေတို့ ပြန်ရှင်လာကြပြီ၊ သူတို့လို စေတနာမျိုးနဲ့ ကိုယ့်အပေါ်ချစ်မယ့်၊ နားလည်မယ့် မလေး ရှိလာပြီပေါ့'

'ဟုတ်တယ်၊ ဒါ့ကြောင့် ဖြစ်လာတဲ့ ပြဿနာကို မလေးတို့ ရန်မဖြစ်ဘဲ ဖြေရှင်းရအောင်၊ အစကတော့ မလေးရင်ထဲမှာ သူခံစားရတာကို ခံပြင်းလွန်းလို့ ရှိန်းကိုလည်း ဘမောင်ချိန် [illegible] စကားနဲ့ ဒေါသထွက်လွန်းလို့ မလေး ပြောခဲ့တာပါ'

'မလေး ဒေါသထွက်မယ်ဆိုလည်း ထွက်စရာပါ'

'တစ်ခု မလေးပြောချင်တာက ဟို ဆေး[illegible]က်မှာ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတွေ၊ ဆေးပြဿနာတွေ၊ ဆေးမသောက်ဘဲ ရောင်းစားလို့သေတဲ့ လူနာတွေကိစ္စဖြစ်တုန်းက ရှိန်း ပြောခဲ့ဖူးတယ်'

'ဘာပြောခဲ့သလဲ၊ ကိုယ် မမှတ်မိဘူး'

'လူနာတွေဟာ ဆင်းရဲတော့ အကုသိုလ်အလုပ်ကို လုပ်ကြတယ်တဲ့၊ ပြီးတော့ မရှိတော့ မသိ၊ မသိလို့ မလုပ်သင့်တာတွေ လုပ်ကြတယ်လို့ ပြောခဲ့တယ်လေ၊ သတိရလား'

ရှိန်းက တွေတွေလေးငေးပြီး စဉ်းစားနေရာမှ…

'ဆိုပါဦး၊ သတိရပြီ'ဟု ပြောလိုက်သည်။

'အခု ရှိန်းဟာ ချမ်းသာတယ်၊ ရှိန်း သားတွေဟာလည်း ငွေကို လိုသလောက်ရနေတယ်၊ အဲဒါ ဘာလို့ ရှိန်းတို့ဟာ မလုပ်သင့်တာတွေ လုပ်နေကြလဲ'

ရှိန်းသည် မလေးနုစကားကို တွေတွေလေးစဉ်းစားနေသည်။

'လူတွေ ပျက်စီးရတာဟာ ဆင်းရဲလို့ဆိုတာ လုံလောက်တဲ့အကြောင်း မဟုတ်ပါဘူး၊ ဆင်းရဲတာဟာ ပျက်စီးဖို့၊ အကုသိုလ်အမှုတွေလုပ်ဖို့ လွယ်ကူစေတဲ့အကြောင်းတစ်ခုတော့ ဖြစ်ချင်ဖြစ်မယ်၊ ရှိန်းတို့မိသားစုကိုပဲ ကြည့်လေ၊ ရှိန်းဟာ လုပ်ငန်းကြီးတွေကို ဦးစီးခေါင်းဆောင်နိုင်တဲ့ လူတစ်ယောက်၊ အရည်အချင်းလည်း ရှိပါလျက်နဲ့ ရှိန်းသားတွေ အရွယ်ရောက်သူရော အရွယ်မတိုင်ခင်ရော ပျက်စီးကြရတာ ဆင်းရဲလို့လား၊ ဖြစ်သင့်တာက သားတွေကို အားကစားကွင်း၊ စာကြည့်တိုက် တစ်ခုခုကို ပို့သင့်တယ်၊ ဒါမှမဟုတ် အသက်မွေးဝမ်းကျောင်း ရှိန်းရဲ့ လုပ်ငန်းတစ်ခုထဲကို သွင်းပေးသင့်တယ်လေ'

ရှိန်းက ခေါင်းတညိတ်ညိတ် လုပ်နေသည်။

'ရှိန်းပြောရင် မလေးက ရှိန်းအပြစ်လို့ ဆိုမယ်၊ ရှိန်းလည်း ပြောခဲ့ပြီးပါပြီ၊ မလေး ကလေးတွေအပေါ် နားလည်သလို အေးက နားမလည်ဘူး၊ အမြင်မကျယ်ဘူး၊ အိမ်ထောင်လည်း မထိန်းသိမ်းတတ်ဘူး၊ သားသမီးလည်း မထိန်းတတ်ဘူး၊ ကိုယ် ဘယ်လို ဒီမိန်းမ



ကို နားလည်ရမလဲ၊ စူပါမားကက်ဆိုရင် ရှိန်း စည်းကမ်းကိုထားတာ၊ အဲဒီမှာလုပ်တဲ့ မိန်းကလေးတွေကို ကိုယ်ကျင့်တရားကောင်းရမယ်၊ လူတကာ ချိန်းခေါ်လိုက်တဲ့ မိန်းကလေးမျိုးဆိုရင် မထားရဘူးဆိုပြီး မန်နေဂျာကို ရှိန်းက အမိန့်ထုတ်ထားတယ်၊ မိန်းကလေးတွေဟာ ရိုးရိုးသားသား ရှာစားနေတာပါ၊ စည်းကမ်းလည်း လိုက်နာပါတယ်၊ ဒါပေမဲ့ အေးက မယုံ၊ ရှိန်း ခြေတော်တင်ခံတဲ့ ကောင်မလေးတွေဆိုပြီး ဒီ စူပါမားကက်ကို ခြေဦးမလှည့်ဘူး၊ အမြင်က တိုလွန်းတယ်'

'ရှိန်းကလည်း မသင်္ကာချင်စရာ လုပ်ခဲ့ဖူးတယ်လေ၊ ဒီတော့ မိန်းမတစ်ယောက်အနေနဲ့ ဘယ်စိတ်ချမလဲ'

'သူများနဲ့ စိတ်မချရင် ကိုယ့်ရင်ခွင်မှာ ပျော်အောင်လည်း သူ မကြိုးစားဘူး'

'ကဲ… ကဲ… တော်တော့၊ ဒီအကြောင်းရောက်ရင် မလေးနဲ့ ရှိန်း ရန်ဖြစ်ရလိမ့်မယ်၊ မလေး ရန်မဖြစ်ချင်ဘူး၊ နာကြည်းစရာတွေ မပြောချင်ဘူး၊ မလေးပြောချင်တာက သူ့ဇာ့ကိစ္စ၊ သားတွေကိစ္စလည်း ရှိန်းနဲ့ အေး တတ်နိုင်သလောက် လက်တွဲဖြေရှင်းပါ၊ အချိန် နောက်မကျသေးပါဘူး၊ သူဇာကတော့ မိန်းကလေးလည်းဖြစ်ပြန်၊ ငယ်ရွယ်သူဆိုတော့ စိတ်မလေဖို့ အရေးကြီးတယ်၊ မလေးနဲ့သက်မာ ကြိုးစားကြည့်မယ်၊ အခု မလေး စဉ်းစားမိတာက ဒီဆေးတိုက်မှာ လူနာတွေ စားသောက်ဖို့ စီမံခန့်ခွဲတဲ့နေရာမှာ သူဇာကို သုံးကြည့်ချင်တယ်၊ သူ့ခမျာလည်း ဒီစိတ်နဲ့ ကျောင်းပြန်တက်ချင်တဲ့စိတ်လည်း ရှိမယ်မထင်ဘူး'

ရှိန်းသည် မလေးနုကို စူးစိုက်ကြည့်ရင်း မျက်ရည်များဝဲလာသည်။ ရင်ထဲမှာ မလေးနုအပေါ် ကျေးဇူးတင်နေမိသည်။ သူ့ဇာ့ကိုယ်ရေးကိုယ်တာကိစ္စမှာ သူနှင့် ထပ်တူခံစားရ၍ ဖြေရှင်းပေးသူ၊ ပြဿနာကိုလည်း လိမ္မာပါးနပ်စွာ ကိုင်တွယ်တတ်သူပါလား။

'ရှိန်းအပေါ်မှာ နားလည်တဲ့ မိန်းမတစ်ယောက်လည်း

www.burmeseclassic.com

www.burmeseclassic.com

ရှိသေးတယ်နော်၊ ကိုယ့်ရဲ့ အဆိုးဆုံးအချိန်မှာ မင်းဝင်ပြီး လက်ဆွဲလာတာ ကျေးဇူးတင်ပါတယ်၊ ကိုယ့်ရဲ့လက်တွေ ညစ်ပတ်ပေရေနေတာတော့ မင်းသိပါတယ်နော်"

မလေးနုက ရှိန်းစကားနားထောင်ရင်း ရယ်ချင်လာသည်။

"မလေးတို့က ဆရာဝန်ပဲ၊ ရှိန်း လက်ပေနေရင် လက်အိတ်နဲ့ ကိုင်မှာပေါ့"

တမင် မလေးနုသည် အရွှန်းဖောက်လိုက်ခြင်း ဖြစ်သည်။ ပြောရသည့် စကားတွေက အင်မတန် စိတ်ပျက်စရာအကြောင်းတွေကို ရှည်လျားစွာ ဆွေးနွေးနေကြရခြင်းမှာ ကြာတော့ စိတ် "ညောင်း" လာပြီ ဆိုရမည်။

"တစ်ခုတော့ ရှိတယ်၊ ပေနေတဲ့လက်ကို ဆေးဖို့ ရေပေးပေမယ့် ကာယကံရှင်က ဆေးဦးမှ စင်မှာနော်၊ ကဲ... ဒါပါပဲ။ မလေးတို့ စကားပြောတာ ရှည်လှပြီ၊ သွားမယ်"

မလေးနုက ထပြန်လာခဲ့သည်။ သူသည် အခန်းရောက်သည်အထိ ရှိန်းအကြောင်း စဉ်းစားလာခဲ့သည်။ ရှိန်းတို့က ဘာပဲဖြစ်ဖြစ် ငွေရေးကြေးရေး၊ အခြေအနေ၊ အသိုင်းအဝိုင်း၊ ယောကျ်ားဆိုသော ဘဝပေးကြောင့် မလေးတို့ထက် အင်အားသာပါသည်။ သူနှင့် ရှိန်းဆိုလျှင် ခြင်္သေ့နှင့် ကြွက်လိုပါပဲ။

ကြွက်ကလေး၏အသက်ကို လွှတ်လိုက်၍ ကြွက်ကလေးက ခြင်္သေ့ကြီးကျေးဇူးကို ပြန်ဆပ်မည်ဆိုသည်။ ခြင်္သေ့ကြီးက ရယ်မောသည်။ ဒါလောက်သေးငယ်သော ကြွက်ကလေးက သူ့ကျေးဇူး ပြန်ဆပ်မည်ဆိုသည်ကို ပြက်ရယ်ပြုခြင်း ခံရသည်။ အသိုင်းအဝိုင်းနှင့် ငွေကြေးဓနနှင့် အင်နှင့် အားနှင့် ပြည့်စုံသူတွေဆိုတော့ ကြွက်ကလေးကို အထင်သေးမှာပါပဲ။ သူတို့တွေမှာ ထင်တိုင်းပေါက်အောင် အခြေအနေပေးနေလေတော့ အနတ္တဟူသော မစိုးမပိုင်သောတရားကို သတိမရကြပေဘူးပေါ့။ ကြွက်ကလေးမှာလည်း ကြွက်အင်အားနှင့်ပါပဲ။



ခြင်္သေ့ကြီး ထောင်ချောက်မှာ မိနေသောအခါ ကြွက်ကလေး ရောက်လာသည်။ ခြင်္သေ့ကြီးကို ထောင်ထားသော ထောင်ချောက်ကြိုးများကို သူ့သွားငယ်နှင့် တစ်စစီ ကိုက်ဖြတ်ပစ်သည်။ ခြင်္သေ့ကြီးက အလွန်အံ့ဩသွားသည်။ အင်အားသေးသည်ဟူ၍ အထင်မသေးသင့်ကြောင်းကို ကြွက်ကလေးက အထင်အရှား ခြင်္သေ့ကြီးကို ပြသွားသည်။

ရှိန်း ကျေးဇူးတရားများက သူ့အပေါ် အများကြီးရှိခဲ့ပါသည်။ ရှိန်းက သူနှင့်နှိုင်းလျှင် မယှဉ်သာအောင် ငွေအင်အား အသိုင်းအဝိုင်းသာသူဆိုတော့ မလေးနု၏ အရည်အသွေးကို ခေါင်းထဲစဉ်းစားချင်မှ စဉ်းစားမိပေမည်။ မလေးနုတို့ကလည်း အထင်သေးစရာ။ အားနွဲ့သူမိန်းမသား သူ့လက်အောက်ငယ်သားလိုပါပဲ။ ယခုတော့လည်း ကံကြမ္မာသည် ရှိန်းအား မစိုးမပိုင်ခြင်းသဘောကို ပြဆိုလာခဲ့သည်။ သူ မမျှော်မှန်းသောအဖြစ် သမီးဖြစ်သူ သူ့ဓာမှာ ဖြစ်လာလေတော့ အလှည့်ကျ မနွဲ့ရစိတ်ထားနှင့် မလေးနုသည် သူ့ကျရာနေရာမှ ပါဝင်ကူညီခဲ့ခြင်းပါပဲ။

ပြီးတော့လည်း ဘာပဲဖြစ်ဖြစ် ရှိန်းကို တုပ်နှောင်ထားသော နှောင်ကြိုးများက ရှိသေးသည်။ ချမ်းသာသူတို့ ရောဂါလား၊ ရှိန်း၏ ပင်ကိုစရိုက်ပဲလား။ အရက်များ၊ မိန်းမများနှင့် ရှိန်း ပျားရည်အိုင်မှာ နစ်မြုပ်နေသည်ကိုလည်း မလေးနု မကြည့်ချင်။ ပြဿနာကို အရက်၊ မိန်းမနှင့် ဖြေရှင်းလို့ရသည်ဆိုသော ရှိန်းတို့ဓလေ့ကို သူ လက်မခံနိုင်။ သူနှင့်လက်တွဲ၍ ဆေးခန်းမှာ တာဝန်ထမ်းဆောင်စဉ်တော့ သူသည် ပျားရည်အိုင်မှ နွံများနှင့် ပေကျံနေသည့် ရှိန်းလက်ကို ဆွဲယူ၍ ဆေးကြောပစ်ချင်ပါသည်။

ပျားရည်၏ အညှိအချွဲကို သန့်စင်သောရေက ဆေးပစ်နိုင်စွမ်းရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## - ၂၂ -

နောက်တစ်ပတ်ထဲမှာ သူဇာကို ရှိန်းက တွေ့လိုသည်ဆို၍ ဖြူပြာဆေးတိုက်အလာ လိုက်လာသည်။ အဖေကိုတွေ့တော့ သူဇာသည် ရင်ခွင်ထဲတိုးဝင်ကာ ငိုရှာသည်။ သူ့ဇာ့ပခုံးလေးများကို ညင်သာစွာ ရှိန်းက ဖက်ရင်း...

'သမီး မငိုနဲ့လေ၊ မငိုနဲ့' ချော့နေသည်။

'ဖေဖေ သမီးကို ခွင့်လွှတ်ပါတယ်နော်'

'ခွင့်လွှတ်ပါတယ် သမီး၊ ဖေဖေတို့ဟာ သမီးဆန္ဒကို လိုက်လျောလိုပါတယ်၊ သမီး သူငယ်ကသာ မိဘားဖသားပီပီ လာတောင်းရင် ဖေဖေတို့ ပေးစားမှာပါ၊ လာမတောင်းရင် နေပါစေ၊ သမီးကိုရော တွေ့ဖို့ ဆက်သွယ်သေးလား'

ရှိန်းသည် မလေးနုထံမှ အကြောင်းစုံ သိပြီးပေမယ့် မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။ သူဇာသည် ရှိုက်၍ငိုနေရာမှ မျှော်လင့်ချက်ကင်းသော မျက်နှာနှင့် အဖေကို ကြည့်လိုက်သည်။ သူသည် မိဘကို စွန့်ခွာ၍ လိုက်သွားခဲ့သည်ကိုတောင် သူ့ချစ်သူ ဘမောင်ချိန်က လာလည်းမခေါ်တောင်း၊ အဆက်အသွယ်လည်း မလုပ်၊ သူသိသောဖုန်းနှင့် အိမ်ကနေ ဆက်သွယ်တော့လည်း ဖုန်းက ခေါ်မရ။ စိတ်ထဲကတော့ သံသယရှိလာသည်။

'ဆက်သွယ်လို့မရပါဘူး ဖေဖေ'



'ဖေဖေက ဒီသူငယ်နဲ့ မဆက်သွယ်နဲ့တော့လို့ မပြောလိုပါဘူး၊ ဒါပေမဲ့ သမီးကိုယ်တိုင် လိုက်သွားတာတောင် သူက လိုလိုလားလား လက်ခံချင်တဲ့စိတ် မရှိလို့ပေါ့၊ သမီးကို ပြန်ထည့်လိုက်တာ၊ ဖေဖေတို့ကလည်း တကယ်လာတောင်းမယ်ထင်လို့ အခုချိန်အထိ စောင့်နေတယ်၊ သူ့ဆီက ဘာစကားမှမလာတော့ စဉ်းစားရခက်တယ်'

ရှိန်းသည် စကား ခဏရပ်ထားသည်။ ဘမောင်ချိန် မယားကြီးရှိသည်ကို သူဇာ သိလေမလား၊ မသိလေသလား။ မလေးကလည်း ဘာမှပြောမသွား။ နောက်မှပဲ သူ့ဇာ့ဘာသာ သိပါစေ၊ သူက ဘာမှမပြောပါ။

'ဖေဖေခေါ်တာက မင်းကို အန်တီမလေးက ဒီဆေးတိုက်မှာ အလုပ်လုပ်စေချင်တယ်တဲ့၊ သမီး ကျောင်းပြန်နေချင်သေးလား'

သူဇာသည် ခေါင်းခါပြ၏။

'တစ်နေ့ နေချင်တဲ့ စိတ်ရှိလည်း နေပေါ့၊ အပြင်ကဖြေလည်း အဝေးသင်အနေနဲ့ စာမေးပွဲက အောင်ပါတယ်၊ လောလောဆယ် အိမ်မှာ အလကားနေမယ့်အတူ အန်တီမလေးကို ကူပါလား'

သူဇာသည် စိတ်ပြေလက်ပျောက် တစ်ခုခုလုပ်နေခြင်းက သူ စိတ်သက်သာရာရဖို့ ဖြစ်သည်ကို စဉ်းစားမိသည်။

'ဖေဖေ့သမီးတွေ ဖေဖေ့လုပ်ငန်းခွင်မှာရှိနေတော့ ဖေဖေလည်း စိတ်အေးတာပေါ့၊ ဖေဖေ့မျက်စိအောက်မှာ မဟုတ်လား'

'ဟုတ်ပါတယ် ဖေဖေ၊ သူဇာ လုပ်ပါ့မယ်၊ ဘာလုပ်ရမှာလဲ'

'အန်တီမလေး ပြောလိမ့်မယ်လေ၊ ကဲလာ ... ဖေဖေနဲ့ လိုက်ခဲ့'

မလေးနု ရုံးခန်းကို ရှိန်းက သူဇာကို ခေါ်လာခဲ့သည်။ ရုံးခန်းထဲမှာ မလေးနုကို အဆင်သင့်တွေ့ရသည်။

'ကဲ... မလေးရေ၊ အလုပ်လျှောက်တဲ့လူတော့ လာပြီ' သူဇာက မလေးနုထံ အပြေးလေးသွားကာ လက်ကိုဆွဲ၍

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်နယ်နေသည်။ မျက်ရည် ဝေ့လာပြန်သည်။

'ကဲ… ဖေဖေသွားမယ်၊ သမီး နေရစ်ပေတော့'

ရှိန်းက နှုတ်ဆက်ကာ ထွက်သွားသည်။

'သူဇာ ထိုင်လေ'

မလေးနုက ပြောလိုက်သည်။ သူဇာသည် စားပွဲဘေးမှ ကုလားထိုင်ကို မလေးနုအနား ဆွဲယူ၍ နီးနီးကပ်ကပ်ထိုင်လိုက်သည်။

'အန်တီမလေး… သူဇာကို အလုပ်ပေးမလို့ဆို'

'ဟုတ်တယ်'

'သူဇာက ဘာလုပ်ရမလဲဟင်'

'အန်တီမလေးတို့ ဆေးတိုက်က သိတဲ့အတိုင်း လူနာကို ထမင်းကျွေးတယ်လေ၊ မီးဖိုမှာ စားဖိုမှူးရော ဘဏ္ဍာထိန်းရော ရှိပါတယ်၊ စေတနာခန်းက အခမဲ့ကျွေးရတယ်။ ငွေကြေးခန်းက ငွေယူကျွေးတော့ ဗိုလ်ဆန်ဆန်အစားအစာတွေပေါ့၊ ဒါ့အတွက် စားဖိုမှူးက ကျွမ်းကျင်ပြီးသား၊ စေတနာခန်းကတော့ မြန်မာစာပဲ၊ အသားတစ်ခွက်၊ အရည်တစ်ခွက်၊ အသီးအရွက်တစ်ခွက်ကြော် သုံးမျိုးပေးတယ်၊ ဦးစံမောင်တို့က တာဝန်ယူချက်တယ်၊ သူက ဈေးမသွားနိုင်တော့ သူငယ်လေးတွေ သတ်သတ်ထားရတယ်၊ သမီးက ဖြစ်နိုင်ရင် ဈေးဝယ်လာတာတွေ မှန်မမှန် စစ်ဆေးရမယ်၊ အလေးပြည့် မပြည့်၊ အများကြီးဝယ်ရတာကိုး၊ ဦးစံမောင်နဲ့ တိုင်ပင်ပြီး ဟင်းအမည်လည်း စီစဉ်ပေါ့၊ မြန်မာဟင်းပဲ၊ မခက်ပါဘူး၊ ဦးစံမောင်က ထမင်းလည်း ချက်ရတော့ မနိုင်ဘူး'

သူဇာက ပခုံးလေးတွန့်ကာ ပြုံးလိုက်ရင်း…

'သူဇာတို့အိမ်မှာ ဦးထွန်းချက်တာပဲ စားတာ၊ ဘာမှမချက်တတ်ဘူး၊ ဈေးလည်း ဒေါ်သိန်းမေ သွားတာ၊ မေမေကလည်း တစ်ခါမှမခိုင်းဘူး၊ သူလည်း ဈေးမသွားဘူး' ဟု ပြောပြသည်။

www.burmeseclassic.com



'အခု သမီးက ဈေးသွားဖို့မလိုဘူး၊ သူတို့ဝယ်လာတာတွေ မှန်မမှန် စစ်ဆေးဖို့ပဲ၊ ဦးစံမောင်နဲ့ တွဲလုပ်ရင်းက သူဇာ စိတ်ဝင်စားလာမှာပါ၊ တော်ကြာ ဟင်းတောင် စီမံတတ်မှာ၊ အန်တီမလေးမှာ ရုံးကိစ္စနဲ့တင်ပဲ ဦးနှောက်ခြောက်လွန်းလို့ သူဇာ အခက်အခဲတွေ့ရင် အန်တီမလေးကို ပြော၊ အန်တီမလေး ကူမှာပေါ့၊ ဖေဖေက လူနာတွေကို စေတနာနဲ့ကျွေးတာ ဖြစ်ပေမယ့် မကုန်သင့်တာ မကုန်ရအောင် သူဇာက ကြပ်မတ်တော့ ဖေဖေ့လုပ်ငန်း ရေရှည်တည်တံ့နိုင်တာပေါ့'

သူဇာသည် ငေး၍စဉ်းစားနေသည်။ တင်သက်မာက အခန်းထဲဝင်လာသည်။

'အန်တီသက်မာ'

သူဇာက ဆီးကြိုနှုတ်ဆက်လိုက်သည်။

'အန်တီမလေးကလေ သူဇာကို အလုပ်ပေးမလို့တဲ့'

သက်မာက ကုလားထိုင်မှာ ဝင်ထိုင်ရင်း သူဇာ့စကားကို ပြုံး၍နားထောင်နေသည်။

'ကောင်းတာပေါ့၊ ဖြူပြာက ငွေစာရင်းကိုင်၊ သူဇာကရော ဘာလုပ်မှာလဲ'

'စားဖိုမှူးရဲ့ လက်ထောက်ပေါ့၊ မီးဖိုအတွက် ဝယ်တာခြမ်းတာတွေ မလေလွင့်အောင် စိစစ်ရမယ်တဲ့၊ ဟင်းအမျိုးအမည်လည်း စီစဉ်ရမယ်တဲ့'

သူဇာက ပြောပြသည်။

'အေးပေါ့၊ စာရင်းအင်းကို ဖြူပြာက ထိန်းနိုင်ပြီး သူဇာက မီးဖိုကိုထိန်းနိုင်ရင် ဖေဖေ့လုပ်ငန်းက ဟာကွက်မရှိတော့ဘူးပေါ့၊ အာကာတို့၊ ဝဏ္ဏတို့ ပါဝင်ပြီး လုပ်နိုင်ရင် ဒီဆေးတိုက်ကို [illegible]တို့ မိသားစု ဦးစီးနိုင်တယ်'

တင်သက်မာက ပြောပြသည်။ သူဇာသည် ခေါင်းလေးကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

www.burmeseclassic.com



'သူတို့က မှုးရှူးနေတာပဲ၊ မေမေ့ကို မလေးစားပါဘူး၊ ဖေဖေ့ကို ကြောက်တယ်ဆိုပေမယ့် ဖေဖေက နိုင်ငံခြားသွားနေတာ များတယ်၊ အိမ်မှာရှိတာ နည်းတယ်မို့လား၊ ခုတော့ ဖေဖေက အိမ်ကို ပြန်မလာတော့ ပိုဆိုးတယ်၊ သူဇာတို့လည်း အိမ်မှာနေရတာ မပျော်ပါဘူး၊ ဒါနဲ့ အန်တီသက်မာတို့ ကိုကိုနဲ့တွေ့တုန်းက ကိုကို လာတောင်းမယ်ဆိုတာ တကယ်ပြောတာလားဟင်'

တင်သက်မာရော မလေးနုပါ ပါးစပ်အဟောင်းသားနဲ့ ဘာမှမဖြေနိုင်သေး။ တင်သက်မာကတော့ စကားလုံးရှာနေသည်။

'လာတောင်းမယ်ဆို အခုအချိန် လာသင့်တာပေါ့နော်၊ တစ်လကျော်သွားပြီ၊ သူဇာ ကိုကို့ရဲ့ဖုန်းကို ဆက်တာလည်း မရဘူး၊ ရုံးဖုန်းပဲသိတယ်'

'အဆက်အသွယ် မရဘူးပေါ့'

တင်သက်မာက မေးလိုက်သည်။

'ဟုတ်တယ် အန်တီသက်မာ'

'တစ်ခုတော့ရှိတယ် သူဇာရယ်၊ သမီးကို သူ တကယ်ချစ်ရင် သမီးအိမ်ကို တိုက်ရိုက် ဒါမှမဟုတ် အန်တီသက်မာတို့ဆီက တစ်ဆင့် ဆက်သွယ်နိုင်ပါတယ်၊ ဟုတ်တယ်မို့လား၊ သူ့မှာ သူဇာ့ကို ဆက်သွယ်ဖို့ အခက်အခဲတစ်ခုခု ရှိချင်ရှိနေမှာ၊ ဒါမှမဟုတ် အရေးပေါ် နိုင်ငံခြားခရီးတွေ ဘာတွေ ထွက်သွားရလား မသိ'

သူဇာသည် တွေးနေရာမှ ပြန်မေးလိုက်သည်။

'မဖြစ်နိုင်ပါဘူး အန်တီသက်မာရယ်၊ နိုင်ငံခြားသွားလည်း သူဇာ့ကို ဖုန်းနဲ့နှုတ်ဆက်မှာပေါ့၊ အန်တီသက်မာပြောတဲ့ သူဇာ့ကို ဆက်သွယ်ဖို့ အခက်အခဲဆိုတာ ဘာလဲ'

'ဪ... သူ့မိဘက သဘောမတူနိုင်လို့လားလို့ တွေးရတာလေ၊ သဘောမတူလို့သာ သူဇာ့ကို ခိုးယူတာ၊ နို့မို့ရင် မိဘဆီမှာ တောင်းယူမှာပေါ့'



သူဇာသည် မျက်ရည်များကျကာ ရှိုက်၍ ရှိုက်၍ ငိုပါတော့သည်။ မလေးနုသည် ဘာပြော၍ ဘာလုပ်ရမှန်းမသိ။ သူဇာ့ကို ကြာကြာလိမ် မနေချင်။ ဖွင့်သာပြောလိုက်ချင်သည်။ ဒါပေမဲ့ အချိန် က အဖြေပေးမည်ပဲဖြစ်သည်။ မလေးနုသည် သူဇာ၏ ပခုံးလေးကို ယုယစွာ ဆုပ်နယ်လိုက်သည်။

'သူဇာ နက်ဖြန်မှာ အလုပ်ဆင်းတော့နော်၊ ကဲ... ဘုရား ရှိခိုးလိုက်၊ အန်တီမလေး အခန်းထဲမှာ ဘုရားစင်ရှိတယ်၊ ဘုရားဂုဏ် တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တွေ ရွတ်'

'ဘာတွေ ရွတ်ရမယ်'

သူဇာ့မေးခွန်းကြောင့် မလေးနု အံ့အားသင့်သွားသည်။

'သူဇာတို့ ဘုရားရှိခိုးပြီး ဘာမှမရွတ်ဘူးလား'

'ဟင့်အင်း... မရွတ်ပါဘူး၊ ရှိလည်း တစ်ခါမှမခိုးဘူး၊ သူဇာတို့အိမ်မှာ ဘုရားစင်မှမရှိဘဲ'

မလေးနုသည် တင်သက်မာမျက်နှာကို ကြည့်လိုက်သည်။ တင်သက်မာကလည်း ပါးစပ်အဟောင်းသားနှင့် ဖြစ်နေသည်။

'ကဲ... ဖြူပြာကို သွားတွေ့ပြီး မီးဖိုတွေ ဘာတွေဆင်း ကြည့်၊ အန်တီမလေးလည်း ဦးစံမောင်ကိုရော ဘဏ္ဍာစိုးကို ပြောပြ ထားမယ်၊ သူဇာ သွားနိုင်ပြီ'

သူဇာသည် ခပ်ကြောင်ကြောင်လေး သူတို့ကိုကြည့်ကာ ထသွားသည်။

'တင်သက်မာရေ... ရှိန်းတို့မိသားစုကြီး ဖရိုဖရဲဖြစ်နေတာ မဆန်းဘူး၊ ရှိန်းကိုယ်တိုင်က ဘုရား၊ တရား မရှိ၊ အေးကလည်း ရှိပုံမရဘူး၊ မိဘကိုရိုသေဖို့ ကိုယ်ကျင့်တရားကောင်းဖို့ ကလေးတွေ ကို သူတို့ ဘယ်လိုဆုံးမလဲ မသိ၊ အေးကလည်း ဗုဒ္ဓဘာသာပဲမဟုတ် လား'

'ကျောင်းမှာတုန်းက တို့ ဘုရားအတူတူရှိခိုးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဗုဒ္ဓဘာသာမှ မဟုတ်ပါဘူး၊ ဘာသာတရားတစ်ခုခုတော့ ရှိသင့်တာပေါ့၊ မင်းတို့ ရင်းနှီးတဲ့ ရှိန်းအစ်ကို ကိုဇေယျာရှိန်းက ကွန်မြူနစ်မို့လို့ ဘာသာတရားမရှိတာ မလေး ဘာမှမပြောလိုဘူး၊ အဲဒီ ရှိန်းဟာ တစ်ခါတစ်ခါ တစ်ဖက်စွန်းရောက်ပြီး သူလုပ်တာတွေဟာ အရမ်းကာရော (desperate) ဖြစ်တတ်တာ ထင်တယ်၊ သူတို့တစ်အိမ်လုံး အထိန်းအချုပ် ဘာမှမရှိဘူး'

မလေးနုသည် ရှိန်းအတွက် အတော်စိတ်ပျက်သွားသည်။

'သူ့မိဘတွေ ဦးမင်းရှိန်း၊ ဒေါ်အေးသွယ်တို့ဟာ မန္တလေးမှာ ဘုရားဒကာ ကျောင်းဒကာတွေပဲ သက်မာထင်တာ၊ အေးက လည်း ညံ့ပါတယ်၊ သူက နမူနာ ဘာမှမပြနိုင်ဘဲ၊ လင်တွေ သားတွေ သမီးတွေကလည်း ထင်သလိုနေကြမှာပေါ့'

'တော်တော် စိတ်ပျက်စရာကောင်းတာပဲ သက်မာရယ်၊ မလေးတော့ ကလေးတွေကို သနားပါတယ်'

'ကဲ… မလေးလည်း မီးဖိုဘက်ဆင်းလိုက်ပြီး သူဇာကို မီးဖိုမှာ အုပ်ချုပ်ဖို့ထားမယ့်အကြောင်း ဘဏ္ဍာစိုးဦးကြည်နဲ့ စားဖိုမှူး ဦးစံမောင်ကို ပြောပြမယ်လေ၊ ဦးစံမောင်က လူစိမ်းမှမဟုတ်ဘဲ၊ သူဇာ့အဘိုးစက်ရုံက အလုပ်သမားဆို၊ ကိုယ်သွားမယ်'

သက်မာကတော့ မလေးနုသွားရာကို ငေးကြည့်နေမိသည်။

★ ★ ★

## - ၂၃ -

သူဇာသည် ညနေ ဖြူပြာနှင့်အတူ အိမ်ပြန်ရောက်တော့ အေးအေး အခန်းကို ပြေးတက်သွားသည်။

'မေမေ သမီး အလုပ်ရလာပြီ'

သူဇာက အမေဖြစ်သူ ထိုင်နေသော ကုလားထိုင်ရှေ့ ကြမ်းပြင်တွင် ထိုင်ချရင်း ပြောလိုက်သည်။

'ဘယ်မှာလဲ၊ ဘာအလုပ်လဲ'

အေးက မေးလိုက်သည်။

'ဖေဖေ့ရဲ့ ဆေးတိုက်မှာလေ၊ ဘဏ္ဍာစိုးကို ကူရမယ်တဲ့၊ အန်တီမလေးက ပြောတယ်၊ မီးဖိုမှာ ဝယ်တာ၊ ခြမ်းတာတွေ အသီး၊ အရွက်၊ သားငါး စိစစ်ရမယ်၊ ပြီးတော့ ဟင်းစပ်လည်း စီစဉ်ရမယ်'

'ဘာ…'

အေးက အသံမာမာနှင့်အော်လိုက်၍ သူဇာပင် လန့်သွားသည်။

'ဒီကောင်မက ငါ့သမီးကို ထမင်းချက်ခိုင်းတယ်၊ ပြောလိုက်ပါလား၊ ကိုယ့်အိမ်မှာတောင် ကိုယ်မချက်ဘူးလို့၊ ဒီကောင်မက လူပါးဝလို့ ဒီအလုပ် မလုပ်ရပါဘူး'

'မဟုတ်ဘူး မေမေ၊ ထမင်းချက်က ဦးစံမောင်တို့ရှိတယ်လေ၊ သမီး မချက်ရပါဘူး၊ အုပ်ချုပ်ရ စီမံရမှာ'

www.burmeseclassic.com

www.burmeseclassic.com



'သမီးတို့ ဘာမှနားမလည်ပါဘူး၊ မင်းတို့အမေလေးက ဆေးတိုက်ရော သားသမီးတွေရော သူက လက်ဝါးကြီးအုပ်မှာ၊ သူ့သြဇာ နာခံအောင်လို့ သိမ်းသွင်းနေတာ၊ သမီးတို့ တော်နေလို့လား၊ ဒီအလုပ် လုပ်ရအောင်၊ ဖြူပြာတောင် စာရင်းကိုင်မို့လို့ မေမေ ခွင့်ပြုတာ'

အေး အော်သံက အပြင်ထွက်လာ၍ ဖြူပြာကပါ ထိတ်လန့်တကြား ပြေးဝင်လာသည်။

'ဘာဖြစ်လဲ မေမေ၊ ဖြူပြာနဲ့အတူတူ သူဇာ လုပ်ရတာပဲ၊ ဘာဖြစ်လို့လဲ'

ဖြူပြာက သူဇာ့အနားထိုင်ကာ ပြောပြန်သည်။

'လာပြန်ပြီလား တစ်ယောက်၊ ငါ့သမီးကိုနှိမ်ပြီး နင်တို့အမေလေးက ထမင်းချက်ခိုင်းလို့၊ ဒါကို နားမလည်ဘူးလား၊ ဟို အဖေလုပ်တဲ့ လူကလည်း ကိုယ့်သမီးတစ်ယောက်လုံးကို ထမင်းချက် ခိုင်းတာ ကြည့်နေတယ်'

'မေမေကလည်း ထမင်းချက်လည်း မဟုတ်ပါဘူး၊ ပြီးတော့ အန်တီမလေးကို အမေလေး အမေလေးနဲ့ မပြောပါနဲ့'

'ပြောတယ် ပြောတယ်၊ ပျော့ပျော့ ပျော့ပျော့နွဲ့နွဲ့တဲ့ ကြောင်ချေး၊ နင်တို့အဖေကို အပိုင်စီး၊ သားသမီးတွေကို သူ့လက်အောက် သိမ်းသွင်း၊ ဆေးတိုက်တစ်ခုလုံး အပိုင်စီးတော့မှာ၊ သိလား'

ခက်ကပြီ၊ သူဇာရော ဖြူပြာပါ ပါးစပ်အဟောင်းသားလေးတွေနှင့် ဘာပြောရမှန်းမသိ။

'နင်တို့က နာသလား၊ အဲဒီဟာမက တမင်နှိမ်ပြီး ငါ့သမီးကို ထမင်းချက်ခိုင်းတာ'

'မဟုတ်ပါဘူးလို့ဆို၊ မေမေကလည်း'

ဖြူပြာက ခေါင်းကုတ်ရင်း စိတ်ရှုပ်စွာပြောလိုက်သည်။

'ငါ့ကိုလည်း သမီးတို့အဖေက ရစက ထမင်းချက်ခိုင်းတယ်၊ ဘာရမလဲ မချက်တတ်ဘူး၊ ထမင်းချက်ရှာပေးလို့ ပြောလိုက်တယ်၊ အရေးပိုင်သမီး တစ်သက်လုံးလုပ်လာတာ၊ ခြေမွေး မီးမလောင်၊ လက်မွေးမီးမလောင် ဘွိုင်နဲ့နေလာတာ၊ သူ့ကို ချက်ကျွေးရမယ်လို့ အစကတည်းက ဦးကျိုးအောင်နှိမ်တာ၊ ငါက ဘာခံမလဲ၊ အခု ဒါ့ကြောင့် မင်းတို့အဘွားက ထမင်းချက် ဦးထွန်းတို့လင်မယားကို ပို့ပေးတာ'

'မေမေ သူများကို ထမင်းချက်မကျွေးရင်နေပေါ့၊ ဖေဖေကိုတော့ ချက်ကျွေးရမှာပေါ့'

ဖြူပြာက ပြောလိုက်သည်။

'လာပြန်ပြီလား မိဖြူပြာ၊ ညည်းက ငါ့ကို သြဇာပေးစရာမလိုဘူး၊ နင်တို့အဖေကို ငါ ဘယ်တော့မှ ထမင်းချက်မကျွေးဘူးမှတ်၊ ငါ့အပေါ် မကောင်းတဲ့လူကို ငါ မကောင်းနိုင်ဘူး၊ အခုလည်း သူဇာ မင်းအဖေ မကောင်းလို့၊ သိလား'

ဖြူပြာမှာ အမေလုပ်သူ ပါးစပ်မှ ထွက်လာမည့် စကားလုံးတွေကို မကြားရဲသလို အလန့်တကြား ကြည့်နေသည်။

'မိန်းမတွေနဲ့ မင်းတို့အဖေက ပွေ၊ အခု သူဇာကိုနိုးတဲ့ အကောင် ဘမောင်ချိန်က ဘယ်သူ့သားလဲ၊ သိလား'

သူဇာက ခေါင်းခါပြသည်။ ဖြူပြာကတော့ မအေဖွင့်ပြောမှာကို စိုးရိမ်တကြီးနှင့် တားနေသည့်ကြားက အေးက ဆက်ပြောသည်။

'မင်းတို့အဖေ ပွေပြီး ရည်းစားထားတဲ့ သစင်ရွှေရဲ့သား၊ ဒါ့ကြောင့် ငါ့သမီးကို ကလဲ့စားချေတာ၊ မကြိုက်ဘဲနဲ့ ငါ့သမီးကို နိုးယူပြီး အခု ပစ်ထားတာ'

'ဘာ... ဘာပြောတယ် မေမေ'

သူဇာသည် မယုံနိုင်သလို ပျာပျာသလဲ အထိတ်တလန့် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ ဘမောင်ချိန်က မယားကြီးနဲ့၊ မင်းတို့အဖေဟာ မယားကြီးရှိလျက်နဲ့ သဖင်ရွှေကို ရည်းစားထားပြီး မယားကြီးရှိလို့ မယူပါရစေနဲ့ဆိုပြီး အကြောင်းပြ စွန့်ပစ်ခဲ့လို့ ဘမောင်ချိန်ကလည်း ငါ့သမီးကို မယားကြီးရှိလျက်နဲ့ မချစ်ချစ်အောင် ရည်းစားထားပြီး အခု ပြန်လွှတ်လိုက်တာ၊ သမီးကို မယူတာ သိပြီလား၊ သူ့အမေ ဟိုယ်စား လက်စားချေတာ'

သူဇာက ချုံးပွဲချငိုတော့သည်။ ဖြူဖြူကတော့ 'မေမေ ဘာတွေပြောနေလဲ'ဟု အော်ရင်း အချိန်မီ ဖုံးကွယ်ချင်ပေမယ့် မရ။ အန်တီသက်မာတို့က ဘမောင်ချိန့်အကြောင်း ဖွင့်မပြောဖို့ ပြောထား၍ ဖြူဖြူက ထိန်းရသည်။ အချိန်တန်မှ သူ့အလိုလို သိပါစေတဲ့၊ ယခုတော့ မေမေက ဖွင့်ပြောလိုက်ပြီ။

'ဘာ တစ်ယောက်က ဖုံးထားမလို့လဲ၊ ငါ မှန်တာပြောတာ၊ သွား… အကုန်လုံးထွက်သွား၊ ငါ့အခန်းထဲ မလာကြနဲ့'

အေးကအော်ထုတ်လိုက်၍ ညီအစ်မနှစ်ယောက် ထွက်လာကြသည်။ ဖြူဖြူက သက်မာကို အကျိုးအကြောင်း ဖုန်းလှမ်းဆက်သည်။

'အေးကွယ်၊ ဒီကိစ္စက လိမ်လိမ်မာမာနဲ့ ကိုင်တွယ်ရမှာ၊ အေးက အတော်ခက်တာပဲ'

'ပြီးတော့ ပြောသေးတယ်၊ သူဇာ ဆေးတိုက်မှာ အလုပ် မလုပ်ရဘူးတဲ့'

'အဲဒါ ဘယ်ဟုတ်မလဲ၊ တဖြည်းဖြည်းတော့ ရှင်းပြ၊ ကိုယ့်အဖေ အလုပ်တိုက်၊ ကိုယ့်အဖေ အရှိန်အဝါအောက်မှာ အလုပ်လုပ်ရတာ လုံခြုံမှုရှိတာပေါ့၊ သူဇာက ငယ်သေးတယ်၊ စိတ်လေနေတဲ့ အခါ တခြားမှာ အလုပ်လုပ်ရတာ အန္တရာယ်က များပါဘိ၊ ဖြူဖြူလည်း အနားမှာရှိတယ်လေ'

'ထမင်းချက်မို့လို့တဲ့၊ ဖေဖေ့ကုမ္ပဏီ သူ ထမင်းချက် မကျွေးဘူးတဲ့'



'အဲဒီ မာနတွေ အေးကို နှိပ်စက်နေတာ၊ အန်တီသက်မာတို့ ကိုယ့်ပညာ ကိုယ့်အလုပ်နဲ့ပေမယ့် မီးဖိုချောင်ဝင်ရတာပဲ၊ အခုဟာကလည်း ထမင်းချက်ရမှာ မဟုတ်ဘူး၊ မီးဖိုကို စီစစ်ပေးဖို့ပဲ၊ အန်တီသက်မာ သူ့ကို ဖြည်းဖြည်းတော့ ပြောပြပါဦးမယ်၊ သူဇာကို စိတ်သက်သာအောင် နှစ်သိမ့်လိုက်ပါဦး၊ ဒါပဲ ဖြူဖြူ'

အန်တီသက်မာက ဖုန်းချသွားသည်။ ဖြူဖြူသည် သူဇာ့ အနား သွားထိုင်သည်။ သူဇာကတော့ မျက်ရည်မကျပေမယ့် ရှိုက်နေဆဲ။ မိခင်ဖြစ်သူ၏ လိမ္မာပါးနပ်မှု၊ အကင်းပါးမှု မရှိသည်ကို ဖြူဖြူ စိတ်ညစ်သည်။ ဖေဖေ့ကို ထိန်းမရသည့်ကိစ္စမှာ မေမေ အိမ်ထောင်ရေးပညာ နည်းမှုတွေ ပါသည်ကို ဖြူဖြူက နားလည်ပါသည်။

'သူဇာရယ်၊ မငိုပါနဲ့တော့ဟယ်၊ ဖေဖေ့ကိုလည်း နာကြည်းမနေပါနဲ့၊ ဖြူဖြူ ဖေဖေ့ဘက်က ကာကွယ်နေတာမဟုတ်ဘူး၊ ဖေဖေဟာ ဟိုတုန်းက မေမေနဲ့ အဆင်မပြေလို့ အဲဒီမိန်းမတွေနဲ့ ဖြစ်ခဲ့တာ၊ ဖေဖေ တကယ်ဆိုးရင် တစ်ယောက်ယောက်ယူသွားပြီး တို့ကို ပစ်ထားခဲ့မှာပါ၊ ခုတော့ ဘယ်သူ့ကိုမှ တရားဝင်မယူဘူး၊ မေမေ့ကိုလည်း ဝင်ငွေကောင်းလာတယ်ဆို တစ်လ တစ်သိန်းပေးတယ်၊ ဘယ်သူ ဒီဝင်ငွေ ရှာပေးနိုင်မှာလဲ၊ သားသမီးတွေကို ကောင်းကောင်း ထားတာပဲ၊ တိုက်နဲ့ ကားနဲ့၊ ပြီးတော့ ဖြူဖြူ့ကို အန်တီသက်မာက ပြောတယ်၊ ဘမောင်ချိန် အမေကို ဖေဖေက ရည်းစားအဖြစ်သာ ထားတာ၊ သားမယားလို မကျူးလွန်ဘူးတဲ့၊ ဒါ့ကြောင့် သူဇာ့ကို ဘမောင်ချိန်က ရည်းစားပဲထားတာ၊ မိန်းမအဖြစ် မယူတာတဲ့၊ မငိုပါနဲ့တော့ သူဇာရယ်၊ ဖေဖေဟာ တို့ကိုချစ်ပါတယ်'

သူဇာသည် ဘာမှမပြောတော့ဘဲ မျက်နှာကြက်ကို … သည်။ ဖြူဖြူက ဆက်ပြောသည်။

'ဖြူဖြူ စဉ်းစားမိတယ်၊ သူဇာ အလုပ်တော့ လုပ်ရှာသဲ

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ဆေးတိုက်က ရုံးအဖွဲ့မှာလို့ မေမေ့ကို ပြောထားပေါ့၊ တခြားရုံးတွေ ကုမ္ပဏီတွေမှာ သူဇာ လုပ်ဖို့တော့ ဖြူပြာရော ဖေဖေရော စိတ်မချပါဘူး၊ အန်တီမလေးဟာ တို့အပေါ် ဘယ်လောက်ကောင်းလဲ၊ မေမေပြောသလို မဟုတ်ပါဘူး'

သူဇာသည် နားထောင်ရင်း သက်ပြင်းကြီးချလိုက်သည်။

'ဖြူပြာရယ်... ဖေဖေနဲ့ မေမေ ပဋိပက္ခမှာ သူဇာက ခံစားခံပေါ့နော်၊ ဘယ်တော့မှ ဖေဖေနဲ့ မေမေလည်း ပြန်တည့်ပါ့မလဲ မသိဘူး၊ သူဇာတော့ ကိုကို့ကို စိတ်လျှော့လိုက်ပါပြီ၊ ဒီအကြောင်း ဖေဖေလည်း သိပြီပေါ့'

'သိပါတယ်၊ ဖေဖေက ဒါ့ကြောင့် အန်တီမလေးနဲ့တိုင်ပင်ပြီး သူဇာ စိတ်မလေအောင် အလုပ်ခန့်တာ၊ ထမင်းလည်း မချက်ရပါဘူး သူဇာရယ်၊ ချက်ရလည်း ဖြူပြာအမြင်မှာတော့ ဖေဖေ့အလုပ်တိုက် ဖေဖေ့အတွက်ပဲ လုပ်ရမှာပေါ့၊ တစ်နေ့ သူဇာ၊ ဖြူပြာရော လင်ယူမှာပဲ၊ ဖေဖေနဲ့ မေမေ့ကို သင်ခန်းစာယူရမယ်၊ မီးဖိုချောင် မေမေဝင်ပြီး မစီမံတာ မခန့်ခွဲတာလည်း မေမေ့ရဲ့ ပျော့ညံ့ချက်ပဲ၊ တို့က မိန်းမ၊ မီးဖိုချောင်နဲ့ မကင်းနိုင်ဘူး၊ တို့ကိုယ်တိုင် ချက်ရတာမှ မဟုတ်ဘဲ၊ တို့လက်အောက်မှာ ထမင်းချက်ရှိတယ်၊ ဖေဖေကလည်း မေမေက တယုတယနဲ့ သူကိုယ်တိုင် အစားအသောက်ကို ဂရုစိုက်တယ်ဆိုတာ လိုချင်တယ်၊ ဖေဖေချစ်တဲ့ သူ့အမေကိုလည်း ပြုစုတယ်၊ ဂရုစိုက်တယ်ဆိုတာ လိုချင်တယ်၊ တို့မေမေကလည်း သိတဲ့အတိုင်း အရွဲ့တိုက်တာတို့ ကတ်ဖဲ့လုပ်တာတွေရှိတော့ ဖေဖေက ပြန်အရွဲ့တိုက်တာပေါ့၊ ဖေဖေရွဲ့တော့ မေမေက ပိုခံရတာပေါ့'

'တော်ပါတော့ ဖြူပြာရယ်၊ သူဇာလည်း အိမ်မနေချင်ပါဘူး၊ မေမေ့စိတ်လည်း မမှန်ဘူး ထင်တယ်'

'အေးလေ... သူ့ပျော့ကွက်ကြောင့်ဆိုပေမယ့် သားစိတ်၊ လင်စိတ်၊ စိတ်ဆင်းရဲပါများတော့ သူ့စိတ်လည်း ကစဥ့်ကလျားဖြစ်



လာတယ်ထင်တယ်၊ မေမေ့ကိုလည်း ဖြူပြာ သနားပါတယ်၊ ကဲကွယ် ဖြစ်လာတဲ့အထဲက အကောင်းဆုံး လုပ်ရမှာပဲ၊ နောက်တစ်ခါသာ သူဇာ မမှားစေချင်ဘူး'

ဖြူပြာ့စကားကို သူဇာက တစ်လုံးမှ ပြန်မဖြေတော့ပေ။ သူ့အကြောင်း တွေးလေလေ၊ ပထမဆုံး ခံစားရသော အချစ်၏ထိုးနှက်မှု ပြင်းထန်ပုံကို မချိတင်ကဲဖြစ်မိသည်။ ယောက်ျားများ၏ အချစ်မှာ တစ်စုံတစ်ရာသော အတိုင်းအတာပဲချစ်မည်။ ပြီးတော့ ပိုင်းဖြတ်လိုက်မည်။ ဆို၍ ရပါသလား။ ရ၍ပဲ ဘမောင်ချိန်က သူ့ကို အနိုင်နှင့်ပိုင်းခဲ့ပြီ။ တကယ်ခံစားရသော သူ့အတွက်ကတော့ ရရှိသော ဒဏ်ရာကို ဘယ်လိုကုစားရပါ့။ ဘမောင်ချိန်၏မေမေ သဖင်ရွှေခံရသလို သူဇာ ခံစားသွားရပြီကို၊ ကိုကိုတစ်ယောက် စာနာမှုနှင့် မတွေးတော့ပြီလော၊ ကိုကိုက ပြန်လည်ဆက်သွယ်ဦးတော့ မယားကြီးရှိသူတစ်ယောက်ကို လက်ခံဖို့ဆိုသည်မှာ သူဇာ့အဖို့ မလွယ်တော့ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## - ၂၄ -

မန္တလေးမှ အေး မေမေ အသည်းအသန်ဖြစ်နေသည်ဟု သံကြိုးရ၍ သူဇာနှင့် အေး လိုက်သွားကြသည်။ အေးတို့မသွားခင် ဆေးတိုက်မှာ ရှိန်းကို ဖြူပြာက အကျိုးအကြောင်း သွားပြောတော့ ရှိန်းက ငွေ တစ်သိန်းထုတ်ပေးသည်။

'ဆေးကုဖို့ရော ဟကယ်လို့ နားရေးဖြစ်ရင် သုံးဖို့ သမီးတို့ မေမေ့လက်ထဲ ထည့်လိုက်'

ဖြူပြာသည် ငွေကို လက်ခံရင်း အဖေ့အရိပ်အကဲကို ကြည့်နေသည်။ သူ့စိတ်ထဲမှာတော့ ရှိန်းပါ လိုက်သွားစေချင်သည်။

'ဖေဖေရော အလုပ်က ခဏနားတဲ့သဘောလည်း ဖြစ်တာပေါ့၊ မေမေနဲ့ လိုက်သွားပါလား'

ရှိန်းကလည်း သမီးသဘော သိပါသည်။

'အလုပ်က ပင်ပန်းရင် အပန်းဖြေဖို့ ပင်လယ်ကမ်းခြေတို့ ဘာတို့ သွားရမှာပေါ့၊ အခု မင်းတို့ဘွားဘွားက မမာနေတာ၊ ပြီးတော့ သွားရမှာက မင်းတို့မေမေနဲ့လည်း အတူသွားရမှာ၊ ဖေဖေ ဘယ်လိုလုပ် စိတ်အပန်းဖြေနိုင်မှာလဲ'

ရှိန်းက ခေတ္တရပ်ပြီးမှ စကားဆက်သည်။

'သမီး အားလုံးသိပါတယ်၊ ဖေဖေ့မေမေ နေမကောင်းတော့ အေးဟာ အဖက်လုပ်ပြီး မမာတာလည်း လာမကြည့်၊ သေတော့လည်း မလာ၊ အငြိုးကြီးကြီး ဖေဖေ့ရဲ့ မေမေအပေါ်မှာ သူ ဒီလို



ဆက်ဆံတာတော့ ဖေဖေ ဘယ်လိုမှခွင့်မလွှတ်နိုင်ဘူး၊ ဝတ္တရားပို ကျေချင်ရင် သမီးပါ လိုက်သွား၊ ဖေဖေတော့ မသွားနိုင်ဘူး၊ ငွေရေး ကြေးရေးလိုရင် ထပ်တောင်းလို့ သူဇာ့ကို မှာလိုက်'

ဖြူပြာက ဘာမှဆက်မပြောတော့ပါ။ ငွေကိုသာယူ၍ အိမ် ပြန်လာလိုက်သည်။ သူဇာ့လက်ထဲ ငွေထည့်၍ အကျိုးအကြောင်း မှာလိုက်သည်။ အိမ်ကကားနှင့်ပဲ ဒရိုင်ဘာနှင့် ဦးထွန်း အဖော်လုပ်၍ သူဇာတို့သားအမိ လိုက်သွားကြသည်။

မန္တလေးရောက်တော့ ဒေါ်လေးလေးခင် အခြေအနေ မကောင်းပါ။

'မေမေ ဘွားဘွားကို အားရှိအောင်ပြောလိုက်ပါ၊ ဖေဖေက ငွေတစ်သိန်းပေးလိုက်တယ်၊ ဘွားဘွားကြိုက်တာ လှူရအောင်လေ'

သူဇာက အေးလက်ထဲကို ငွေတစ်သိန်းထည့်သည်။ အေးက မကိုင်။

'သမီး အဘွားကို ကိုယ့်ဘာသာပေး၊ သူ့ဆန္ဒကိုလည်း မေး၊ သူလုပ်ချင်တာကို လုပ်ပေးလိုက်'

သူဇာမှာ စိတ်ပျက်သွားသည်။ မေမေသည် သူ့မိခင်အနား ထိုင်၍ စီးကရက် တစ်လိပ်ပြီးတစ်လိပ်သာ ဖွာနေသည်။ ဒေါ်လေး လေးခင်က တီးတိုးပြောသည်။

'အေး စီးကရက်သောက်လှချည်လား၊ မေမေ အနံ့မခံနိုင်ဘူး'

ဒီတော့လည်း အေးသည် စီးကရက်ဘူးကြီးယူကာ အခန်း အပြင်ထွက်သောက်သည်။ အဖေဖြစ်သူ ဦးစန်းမောင်နှင့်လည်း စကား ဟဟာမပြောပါ။

'မသူဇာ... မင်းတို့ မေမေ ရန်ကုန်မှာနေလည်း ဒီလိုပဲလား၊ အရင်က စီးကရက်မသောက်တတ်ပါဘူး'

သူဇာသည် ဘိုးအေကို ဘာပြန်ပြောရမှန်းမသိ။ ရှိန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အေး အခြေအနေကို ဖွင့်ဟပြောလိုက်ရင်ကောင်းမည်လား၊ ဘွား ဘွားအခြေအနေက ဆိုးဝါးနေချိန် မေမေ့အကြောင်းကို ဆိုရလျှင် သူ့ဘိုးအေ ပို၍စိတ်ဆင်းရဲမည်ဖြစ်သည်။

'သူ့သား သီဟရှိန်း သေပြီးကတည်းက မေမေက စိတ် ညစ်တယ်ဆိုပြီး စီးကရက်သောက်တာ ဘိုးဘိုး၊ အခု မောင်လေး အာကာတို့၊ ဝဏ္ဏတို့ ဆေးစွဲနေတော့ မေမေ ပိုစိတ်ညစ်တာပါ'

'ခက်တာပါပဲ'

ဦးစန်းမောင်က ညည်းလိုက်သည်။

'ဘွားဘွားကိုပဲ မေးရမလား၊ ဘိုးဘိုးကပဲ စီစဉ်မလား၊ ဘွားဘွား ဆေးကုဖို့ရော ဘွားဘွား လှူချင်တာတွေ လှူရအောင် ဖေဖေက ငွေတစ်သိန်းပေးလိုက်တယ်'

ဦးစန်းမောင်သည် အံ့အားသင့်သွားပုံရသည်။

'အေးကွယ်… မင်းတို့အဖေ ရှိန်းကို ဘိုးဘိုးက ကျေးဇူး တင်တယ်လို့ ပြောပြပါ၊ ဆေးဖိုးကတော့ သိတဲ့အတိုင်းပဲ၊ အလွန်ကုန် နေတုန်း ခုလို သူပေးတာသိရရင် မင်းဘွားဘွားလည်း အားတက်မှာ၊ ကဲ… လာ… သူ အလှူဘာလုပ်ချင်လဲ သွားမေးရအောင်'

မြေးအဘိုးနှစ်ယောက် ဒေါ်လေးလေးခင်အနား ရောက်သွား ကြသည်။ ဦးစန်းမောင်က ရှိန်း ငွေပေးလိုက်သည်ကို ပြောပြ၍ ဘာလှူချင်သည်ကိုလည်း ဒေါ်လေးလေးခင် ဆန္ဒကို မေးသည်။

'ဘွားဘွား သက်စေ့ သံဃာတွေဆွမ်းကျွေးပြီး သင်္ကန်းလှူ ပေးပါ'

ဒေါ်လေးလေးခင်က ဒါပဲပြောသည်။ အဘွားကြီးအသက် ရှစ်ဆယ့်တစ်နှစ်ရှိပြီဖြစ်၍ စည်ရှင်ကျောင်းတိုက်သွား သံဃာအပါး ရှစ်ဆယ့်တစ်ပါးကို ဆွမ်းကပ်ရသည်။ အေးက မလိုက်နာ၍ သူဇာနှင့် ဦးစန်းမောင်ပဲ သွားရသည်။

သူဇာသည် လူကြီးလေးတစ်ယောက်လို လုပ်နေရသည်။



ရန်ကုန်ကိုလည်း ဖုန်းလှမ်းဆက်ရသည်။ ရှိန်းနှင့် တိုက်ရိုက်ပြောပါ ရစေဆို၍ ရှိန်းက ပြောသည်။

'ဖေဖေ သူဇာပါ၊ ဘိုးဘိုးတို့မှာလေ သိပ်ပိုက်ဆံရှိပုံမရဘူး၊ ဆေးဖိုးပဲ ဟိုနေ့က ချေးနေတာ ငါးသောင်းကျော်တယ်'

'တချို့ဆေးတွေ ဘာလိုလဲ၊ ဖေဖေတို့ဆေးတိုက်က ပို့ပေး မယ်'

'မလိုဘူး ဖေဖေ၊ ဘိုးဘိုးနဲ့ ဆရာဝန်ပြောတော့ ဘွားဘွား အခြေအနေက တစ်ပတ်ပဲခံမှာတဲ့၊ ဟိုနေ့က ဘွားဘွားအတွက် စည်ရှင်ဝိသုဒ္ဓါရုံတိုက်မှာ သံဃာသက်စေ့ ဆွမ်းကျွေးပြီး သင်္ကန်းလှူ တယ်၊ သမီးပြောချင်တာက ဘိုးဘိုးလက်ထဲ ငွေသိပ်ကျန်မှာမဟုတ် ဘူး၊ ဘွားဘွားဆုံးရင် သုံးဖို့ ဖေဖေ ငွေထပ်ပို့လိုက်ပါ'

'အေး… အေး… ပို့လိုက်မယ်'

ရှိန်းသည် နောက်နေ့မှာ ဖြူပြာကိုပြော၍ ငွေတစ်သိန်း ထပ်မံပို့လိုက်ပါသည်။

ဘွားဘွားကို သူဇာက ဖေဖေ့ထံက ငွေထပ်မံရောက်ရှိလာ တာတွေကို ပြောပြသည်။ မျက်လုံးလေးမှ ဝမ်းသာသည့် အရိပ် အရောင်သာပြ၍ ဘွားဘွားက မလှုပ်ရှားနိုင်တော့ပါ။

'သာဓု' ဆိုသော စကားလုံးကိုပင် တီးတိုးရေရွတ်သည်။

ဘွားဘွားဆုံးသည့်နေ့က သူဇာပင် မနေနိုင်။ ဝမ်းနည်းပမ်း နည်း ရှိုက်ကြီးတငင် ငိုမိသည်။ အေးကတော့ မငို၊ ကြောင်တောင် တောင်ကြီး ကြည့်နေသည်။ သူ့မေမေမျက်နှာသည် ပါးလျား၍ ဖြူနေသည်။ တစ်စုံတစ်ရာသော အရိပ်အရောင်ကို မမြင်ရ၊ သူဇာတို့ ထပ်များကိုလည်း မေမေ ဘာမှသိပုံမရ၊ သိအောင်လည်း ဆုံးခါနီး အချိန်မှာ အေးက ဘာကိုမှ မပြောလိုပါ။ ခြည့်သည်များ လာသည် ကိုလည်း ခြည့်မခံပါ။

ရက်လည်ဆွမ်းအမီ ဖြူပြာ လိုက်လာသည်။ ရက်လည်

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကျွေးပြီးတော့ ဘိုးဘိုးက သူတို့ညီအစ်မကို မေးသည်။

"ရှိန်း အရက်တွေဘာတွေ သောက်သေးလား"

ဘိုးဘိုးလည်း ဖေဖေ့သတင်းများကို သိဟန်တူပါသည်။

"အရင်လို မသောက်တော့ဘူး ဘိုးဘိုးရဲ့၊ ရှိန်း ဆေးတိုက်ဖွင့်ပြီးမှ အသောက်လျှော့သွားတယ်၊ ဘိုးဘိုး စိတ်ပြေလက်ပျောက် ရန်ကုန် လိုက်ခဲ့ပါလား"

ဦးစန်းမောင်က တွေးနေသည်။

"ဘိုးဘိုးကြားတော့ ရှိန်းက ဆေးခန်းမှာ ပြောင်းနေတယ်ဆို"

"ဟုတ်ပါတယ်"

ညီအစ်မနှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဖြေလိုက်သည်။

"ဒီအကြောင်းတွေ မလေးခင် မသွေးခင်က အားလုံးကြားတယ်၊ ဘိုးဘိုး နောက်မှပဲ အေးအေးဆေးဆေး လာပါ့မယ်၊ ရန်ကုန်ရောက်ရင်သာ မင်းတို့အမေကို ဂရုစိုက်၊ ဒီလို စီးကရက်သောက်ပုံနဲ့ သက်တမ်းရှည်မှာမဟုတ်ဘူး"

သူတို့ညီအစ်မနှစ်ယောက် ဘာမှမပြောပြတော့ပါ။ ရက်လည်ဆွမ်းကျွေးပြီး နောက်တစ်ပတ်မှာ သားအမိသုံးယောက် ရန်ကုန် ပြန်ခဲ့ကြသည်။

* * *

# - ၂၉ -

"ရှိန်း Pass port လျှောက်ဖို့ စီစဉ်ထားတယ်၊ ယူကေ သွားစရာရှိတယ်၊ စူပါမားကက် ကိစ္စအတွက်ပဲ၊ မလေး သမီးတို့နဲ့ ဆေးတိုက်မှာ ဖြစ်ပါတယ်နော်"

ရှိန်းက မလေးနု စားပွဲရှေ့မှာ ထိုင်ပြောနေသည်။ မလေးနုက စဉ်းစားနေရာမှ မေးလိုက်သည်။

"ဘယ်လောက်ကြာမှာလဲ ရှိန်း"

"ခြောက်လလောက်ကြာမယ်"

"သမီးတွေက အေးပါတယ်၊ ဆိုနိုင်ခက်ခဲတဲ့ ပုံစံမျိုး မဟုတ်ပါဘူး၊ ရှိန်း ခုလို နိုင်ငံခြားသွားတဲ့အခါ သားတစ်ယောက်ယောက်ကို အလည့်ကျခေါ်သွားပါလား"

"ဘာလုပ်ဖို့၊ သူတို့က ကုန်သွယ်ရေးလုပ်ငန်း ဘာနားလည်တာလိုက်လို့"

"ချက်ချင်းလုပ်ခိုင်းဖို့ မဟုတ်ပါဘူး၊ ရှိန်းနဲ့အတူ သားတစ်ယောက်ခေါ်သွားပြီး ဟိုမှာ လူငယ်တွေဟာ ဆယ့်ရှစ်နှစ်အရွယ်ကျော်တယ်ဆို ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်ဝမ်းစာ ရှာစားရတယ်ဆိုတာ သိအောင်လို့ပါ၊ ဒီမှာက မိဘအရိပ်ကိုပဲ ခိုပြီး အသက်နှစ်ဆယ်နီးလာပြီ၊ သူတို့ အသက်နှစ်ဆယ်နီးလာပြီ၊ ဆယ်တန်းတောင် မအောင်ကြသေးဘူးလေ၊ ဒီအတိုင်းသွားလို့လည်း မဖြစ်သေးဘူး"

www.burmeseclassic.com



ရှိန်းက မလေးနပြောသည်ကို စဉ်းစားနေသည်။

"မြန်မာပြည်ရဲ့ ခေလ့ထုံးစံက မိဘက ရင်အုပ်မကွာ ပြုစုကြတာ အိမ်ထောင်ခွဲသွားတဲ့အထိပဲ၊ ကောင်းတော့ ကောင်းပါတယ်၊ နားမလည်တဲ့ လူငယ်တွေအတွက် ရေသာခိုစိတ် မွေးပေးသလိုဖြစ်နေတယ်၊ မိဘရဲ့စေတနာကို နားမလည်ဘူး၊ အစွမ်းအစ မထုတ်တော့ဘဲ ထိုင်စားနေချင်တယ်၊ နိုင်ငံခြားမှာ လူငယ်တွေ ဘယ်လိုလုပ်ကိုင်ရှာဖွေစားသောက်ရတယ်ဆိုတာ အဲဒီလို လူငယ်မျိုးတွေ သိစေချင်တယ်၊ ဂျပန်သွားတဲ့ လူငယ်တွေလည်း သိန်းချီရလို့သာ၊ ဒီမှာ အိပ်ကောင်းချိန် သန်းခေါင်လွဲအထိ ဟိုမှာ ပန်းကန်ဆေးအလုပ် လုပ်ရတယ်၊ မလေးရှားမှာဆို လူတန်းစေ့မနေရဘဲ ပင်ပင်ပန်းပန်းလုပ်ရတယ်ဆိုတာ ရှိန်းသားတွေ သိစေချင်တယ်၊ သူတို့ကြည့်ရတာ အချိန်တွေ နှမြောလိုက်တာ၊ ဒီလိုထားရင် သီဟရှိန်းလို ဘဝဆုံးမှာပေါ့၊ အခုပဲ အာကာရှိန်းက ရဲဘက်ရောက်နေပြီ"

"ဟုတ်ပြီလေ၊ ဒါကြောင့် ဝဏ္ဏကို ခေါ်သွားမယ်၊ ဒီနေ့ Pass port နိုင်ငံကူးလက်မှတ်အတွက် လက်မှတ်ထိုးစရာတွေ ထိုးဖို့ ခေါ်ရဦးမယ်၊ သမီးတို့ကို သွားတွေ့ဦးမယ်"

ရှိန်းက မလေးနအခန်းမှထွက်ကာ ဖြူပြာနှင့် မူရာကို သွားတွေ့သည်။ သမီးများ အလုပ်အခက်အခဲ ရှိမရှိမေးပြီး ကားကုမ္ပဏီဘက် ထွက်ခဲ့သည်။ ကုမ္ပဏီရောက်မှ အိမ်ကို ဖုန်းလှမ်းဆက်လိုက်သည်။

အိမ်မှာ အေးတစ်ယောက်ပဲ ဖုန်းကိုင်မည့်သူ ရှိသည်။ အေးသည် ရှိန်းအသံမှန်း သိသည်။

"ဝဏ္ဏ မရှိဘူး"

"ဘယ်သွားလဲ"

"မြရည်ဦးဆီလေ၊ သိတယ်မို့လား"

"ဘာ… မြရည်ဦး"



"ဟုတ်ပါ့… ရှင့်ရဲ့ မယားငယ်ဆီသွားတယ်"

အေးက တယ်လီဖုန်းကို ဆောင့်ချလိုက်သည်။

ရှိန်းကလည်း ဖုန်းကိုကိုင်ကြည့်ရင်း ကြက်သေသေ ငိုင်နေသည်။ ဝဏ္ဏ ခြေလှမ်းပျက်နေသည်ကို သူ မသိရပါလား။

မြရည်ဦးထံ သားဝဏ္ဏ ရောက်၍နေပါပကော။ တစ်ခါက သူသည် မြရည်ဦးကို အစွဲကြီးစွဲခဲ့သည်။ ပျားရည်အိုင်ဟိုတယ်မှာ မြရည်ဦးကို တွေ့စက အညှုဆုံး၊ အခရာဆုံး အဆိုကျော်အဖြစ် သူက ပန်းကုံးစွပ်ခဲ့ရသည်မှာ ခဏခဏ။ လက်ဆွဲနှုတ်ဆက်စဉ်မှာလည်း မြရည်ဦးလက်ကို မလွှတ်ဘဲ ဆွဲထား၍ ရွှေပွဲလာပရိသတ်က ဝိုင်းဟားကြသည်။ မူးရူးနေသော သူက ဘာမှ မသိ၊ ရှက်ရမှန်းမသိဆိုလျှင် ပိုမှန်မည်။ အရှိန်လွန်လာသည့်အခါတွင် မြရည်ဦးနှင့် စင်မြင့်ပေါ်မှာ နှစ်ပါးသွားသီချင်းဆိုကာ တွဲကခဲ့သေးသည်။

နောက်တော့ မြရည်ဦးကို ပျားရည်အိုင်ဟိုတယ်တွင်မကကြိုက်ရာနေရာမှာ ချိန်းတွေ့ခဲ့သည်။ မြရည်ဦးကို တစ်သက်မမေ့ဆိုသော စကားများက သူ့လက်သုံးစကား။ မြရည်ဦး၏ စုံ့စုံ့ထူထူ နှင်းဆီငုံလို နှုတ်ခမ်းကို သူ စုပ်ယူနမ်းခဲ့သည်ကိုလည်း သူ ဂုဏ်ယူ၍ ပျားရည်အိုင်ပရိသတ်ကို ပြောနေကျ။ ဟိုတယ်အတွင်းမှာပဲ မြရည်ဦးအမည်ကို တမ်းတမ်းတတခေါ်၍ မြရည်ဦး သီချင်းဆိုနေစဉ် ဣန္ဒြေပျက်လောင်အောင် သူသောင်းကျန်းလွန်း၍ သူငယ်ချင်းက ဆွဲထုတ်ခဲ့ရသည်။

ဒီတုန်းကလည်း နွားသိုးကြိုးပြတ်ပါပဲ။ အခုတော့ သူ့ကို မြရည်ဦးကပဲ စိတ်ကုန်လေသလား၊ သူကပဲ စိတ်မလာလေသ[illegible] မသိ၊ ပျားရည်အိုင်ကို မရောက်မိ။

ယခုအချိန်မှာ မြရည်ဦး သီချင်းဆိုချိန်မဟုတ်၍ ပျားရည်အိုင်မှာ မရှိနိုင်၊ နေ့ခင်းဖြစ်၍ အိမ်မှာပဲရှိရမည်။

မြရည်ဦးကတော့ သူမလာလည်း တ[illegible]လူနှင့် တွဲနေကျ။

www.burmeseclassic.com

www.burmeseclassic.com



ယခုပဲ သူ့နေရာမှာ သား ဝဏ္ဏကို အစားထိုးနေပေမည်။ ဒီလိုကျတော့လည်း ဝဏ္ဏကို မြရည်ဦး၏သားကောင်း အဖြစ်မခံနိုင်ပါ။ သားအတွက် သူ စိုးရိမ်သွားသည်။ သူ့မန်နေဂျာကို ခေါ်လိုက်၏။

'ကျွန်တော် နိုင်ငံကူးလက်မှတ်နဲ့အတူ သားအတွက်လည်း ထည့်လုပ်မယ်၊ လိုအပ်တာတွေဖြည့်ဖို့ ကျွန်တော့်သားကို သွားခေါ်လိုက်ဦးမယ်'

သူသည် မန်နေဂျာကို မှာခဲ့ကာ မြရည်ဦးတို့အိမ်ရှိရာ ကမ္ဘာအေးဘုရားလမ်းသို့ လာခဲ့သည်။ အိမ်ရောက်တော့ မြရည်ဦးအစ်ကိုဆိုသူက ဆီးကြိုသည်။

'ဒေါက်တာရှိန်း မလာတာ ကြာပြီ၊ ထိုင်ပါဦး'

မြရည်ဦး အစ်ကိုဆိုသူ၏ မျက်နှာပေးကို သူက မကြိုက်၊ မြရည်ဦးအတွက် အစ်ကိုဆိုသူက များသား။

'ရှိပါတယ် အန်ကယ်ကြီးရဲ့၊ မီးမီးနဲ့ တွေ့နေတယ်'

သူ့အစ်ကို ပြောသလိုပါပဲ။ မြရည်ဦးက သူ့သမီးလောက်ပဲ ရှိသည်။

'မြရည်ဦးနဲ့ ခဏလောက်တွေ့ချင်တယ်'

'ကျွန်တော် သွားခေါ်လိုက်ပါဦးမယ်'

သူ့အစ်ကို အိမ်ခန်းထဲသွားပြီး မကြာခင် မြရည်ဦးက ကပိုကရိုဟန်နှင့် ဧည့်ခန်းမှာ ပေါ်လာသည်။

'အန်ကယ်ကြီးကို၊ မီးမီးက ဘယ်သူလဲလို့၊ အန်ကယ်ကြီးတို့များ နေနိုင်လိုက်တာ၊ မီးမီးဆီ မလာတာကြာပြီ၊ ဘယ်ကိုခြေဦးလှည့်နေလဲ'

မြရည်ဦးသည် သူ့ထုံးစံအတိုင်း ခပ်ညုညုလေးပြောကာ ရှိန်းဘေးမှာ ပူးကပ်ထိုင်လိုက်သည်။

'ကဲ… မွေးမွေးလိုချင်သေးလား'

ယခင်က တွေ့ကြတော့ ထုံးစံအတိုင်း ရှိန်းကို ပါးချင်းအပ်ကာ နှုတ်ဆက်လိုက်သည်။



'ဝဏ္ဏကိုတွေ့ချင်လို့လာတာ၊ မြရည်ဦး ကိုယ့်သားကို မဖျက်ဆီးပါနဲ့'

'ဟား… ဟား… အန်ကယ်ကြီးသားက နဂိုကတည်းက အပျက်ပါ၊ အန်ကယ်ကြီးကလည်း အမှုအရာတွေပြောင်းလို့၊ ဘယ်လိုဖြစ်တာလဲ၊ မီးမီး အံ့သြလိုက်တာ၊ မီးမီးတို့က ယောကျ်ားတွေကို မဖျက်ဆီးပါဘူး၊ မီးမီးတို့ကိုသာ အန်ကယ်ကြီးတို့ ယောကျ်ားတွေက ဖျက်ဆီးတာ'

'မင်းကို ငါ ဖျက်ဆီးတာ မဟုတ်ဘူး၊ မင်း ထည်လဲတွဲပြီးမှ ငါ့လက်ထဲ ရောက်လာတာပါ၊ ကဲ… အခု ဝဏ္ဏကိုခေါ်ပေးပါ၊ ငါ့သားက ငယ်သေးတယ်'

'ဘယ့်နှယ့် ငယ်သေးတယ်လဲ'

ဝဏ္ဏက စကားပြောရင်း ဧည့်ခန်းထဲဝင်လာသည်။

'ဖေဖေ့လို အန်ကယ်ကြီးအရွယ်နဲ့ အန်ကယ်နဲ့ မီးမီးဇာတ်လမ်းခင်းရတာ အတိုးကြီးစော်နံလို့တဲ့၊ မြက ကျွန်တော်တို့လို နုနုထွတ်ထွတ်ဘက်လှည့်တာ ဆန်းလို့လား ဖေဖေ'

မခိုးမခန့်ပြောလိုက်သော ဝဏ္ဏ စကားသံကြောင့် ရှိန်းက ဒေါသထွက်လာသည်။

ဝဏ္ဏအပြောက ပိုဆိုးလာသည်ကို ရှိန်းက မခံမရပ်နိုင်ဖြစ်ကာ ခုန်ထသွား၍ ဝဏ္ဏကို ဆွဲထိုးလိုက်သည်။ ဆေးသမား လူပျော့ဖြစ်၍ ရှိန်း လက်သီးဒဏ်မခံနိုင်ဘဲ လဲကျအသွားတွင် ဧည့်ခန်းအလယ် စားပွဲခုံစွန်းနှင့် ခေါင်းထိကာ သွေးတွေဖြာကျလာသည်။ မြရည်ဦးက ဝဏ္ဏရှိန်းထံပြေးသွား၍ ပွေ့ထူလိုက်သည်။ ရန်ရှင်းဆန်ခတ်ဖြစ်နေဆဲ အစ်ကိုဖြစ်သူ ဝင်လာသည်။

'ဘယ်လိုဖြစ်ကြတာလဲ လူကြီးလူကောင်းရဲ့'

ရှိန်းသည် စားမတတ် ဝါးမတတ် မျက်လုံးများနှင့် ထိုသူကို ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲဝင်ပြီး မီးမီးနဲ့ အန်ကယ်ကြီးတို့ အရင်က နှစ်ပါးသွားတဲ့ဓာတ်လမ်း၊ ဓာတ်ပုံတွေ သွားယူတာ၊ ဒီမှာ ကြည့်ပါဦး"

ရှိန်းနားကို တိုးကပ်ကာ ဓာတ်ပုံတွေကို ထိုးပြလိုက်သည်။ ရှိန်း မြရည်ဦးဆီ ဝင်ထွက်စဉ်က နှစ်ပါးသွားခဲ့သော အပြာဓာတ်လမ်းဓာတ်ပုံများ။

"မင်းက ဒါ ဘာလုပ်မလို့လဲ"

"အန်ကယ်ကြီးကို အရေးယူမလို့ အန်ကယ်ကြီးရဲ့ မီးမီးက ကျွန်တော့်မိန်းမလေ၊ ကျွန်တော့်လက်ထပ်မယား လက်ထပ်စာချုပ်ရှိတယ်၊ ဒီတော့ အန်ကယ်ကြီးကို မယားခိုးမှုနဲ့ စွဲရမယ်၊ ဟဲ... ဟဲ... ကျွန်တော်နဲ့ယှဉ်ပြီး တရားရုံး တက်ရဲပါသလား လူကြီးမင်းရဲ့"

ရှိန်း နားလည်လိုက်ပါပြီ။ သူ့ကို ငွေညှစ်နေပြီဆိုသည်ကို။ အခုတော့ အစ်ကိုဆိုသူ၏ ထောင်ချောက်ကို သူဝင်တိုးမိခြင်းဖြစ်သည်။ ရှိန်း သားကိုလှမ်းကြည့်လိုက်တော့ သွေးများက မြင်မကောင်း။

"မင်း ဘယ်လောက်လိုချင်လဲ၊ အဲဒီ ဓာတ်ပုံရော ဖလင်ရောပေး၊ မင်း သဘောတူလို့ မြရည်ဦးကို ငါနဲ့လွှတ်ပေးတာပါဆိုတာ လက်မှတ်ထိုးရင် ငါ ငွေပေးမယ်"

"ထိုးမယ်၊ နှစ်သိန်းနော်၊ နှစ်သိန်းပေးရမယ်၊ ဘယ်လာယူရမလဲ"

"ငါ မင်းဆီ လူလွှတ်ပေးမယ်၊ အခု အမြန်ဆုံး ဝဏ္ဏကို ကားပေါ်တင်ပေး"

မြရည်ဦးပါ ဝင်ကူမှ ဝဏ္ဏရှိန်းကို ကားပေါ်တင်ပေးလိုက်သည်။ ရှိန်းသည် ဆေးတိုက်ရှိရာ ကားမောင်းသွား၍ သားကိုတင်ခဲ့သည်။ မလေးနုရော တင်သက်မာပါ သက်ဆိုင်ရာဆရာဝန်နှင့် တွေ့ပေးပြီး ခေါင်းမှဒဏ်ရာကို ချုပ်လိုက်ကြရသည်။ ပြီးမှ အခန်းထဲ ရွှေ့ထားကြသည်။ ဘယ်လိုဖြစ်လာသည်ကို ဘယ်သူမှ



မသိကြပေ။ မကြာခင် ဖြူပြာနှင့် သူဓာတ်တို့ပါ ဝဏ္ဏအနားရောက်လာသည်။ မလေးနု နှုတ်ဆက်ကာ သူ့အခန်းသူ ပြန်လာသည်။

ညဥ့်ရောက်မှ ရှိန်းသည် မလေးနုကို ခေါ်တွေ့သည်။ သူနှင့် ဝဏ္ဏဖြစ်ခဲ့သည့်အကြောင်းတွေ အားလုံးပြောပြလိုက်သည်။ မလေးနုကတော့ တစ်လုံးမှ ပြန်မပြောချင်တော့။ ရှိန်းဓာတ်ထုပ်က သူသိသည်ထက် ပို၍ရှုပ်ပါကလား။

"ကဲ... မလေးကို ရှိန်း အားလုံးဖွင့်ပြောခဲ့တယ်၊ ရှိန်းဆိုတဲ့ အကောင်ကို မလေး သိပ်ရွံသွားပြီလား"

မလေးနုသည် ရှိန်းမျက်နှာကို စေ့စေ့ကြည့်နေသည်။ ရှိန်းက ထိုအကြည့်ကို မခံနိုင်။ ခေါင်းငိုက်စိုက်ချလိုက်သည်။

"ဘယ်ဘာသာတရားကမှ ခွင့်မပြုဘူး"

"သူက ကြေးတန်းစား၊ အစကတည်းက ခေါ်ရင် လိုက်နေကျ၊ သူ့အကြောင်း လူတွေ သိပါတယ်၊ ဒါပေမဲ့ လူရွေးပြီးတော့ လိုက်တာ၊ ဒီဘဝရောက်လာတာလည်း သူဌေးကြီးတစ်ယော... သူ့ကို အမြှောင်အဖြစ်ထားရာက ဖြစ်တာ"

"ဒါတွေ မလေး မသိချင်ဘူး"

မလေးနုသည် ဒေါသဖြစ်ဖြစ်နှင့် အော်လိုက်သည်။

"ရှိန်းက ဘာလဲ၊ လမ်းပေါ်က ကြမ်းပိုးတလေလား၊ ဒီလိုမိန်းမတွေဆိုတာ ရွံ့ဗွက်ပုပ်လို မိန်းမစား၊ ဒီဗွက်ကို လက်နဲ့ပုတ်ရင် ပုတ်တဲ့လူမျက်နှာကို ဗွက်ပုပ်စင်မှာပဲ၊ ရှိန်း ဒီရန်ကုန်မှာရော မြန်မာပြည်မှာရော လူကြီးလူကောင်းတစ်ယောက်အဖြစ် နာမည်တစ်လုံးနဲ့နေတာ၊ ဒီသတင်း အပြင်မှာ ပျံ့သွားရင် ဘယ်လောက်ရှက်စရာကောင်းလဲ! ရှိန်းသိက္ခာတင်ကျတာ မဟုတ်ဘူး၊ ရှိန်းနဲ့ လက်တွဲအလုပ်လုပ်နေတဲ့ မလေးနုဆိုတဲ့ မိန်းမရဲ့ သိက္ခာပါ ကျတယ်ဆိုတာ ရှိန်း မတွေးမိဘူးလား ဟင်၊ အရင်က ဘယ်လိုနေနေ၊ အခု ရှိန်း ဆက်ပြီး လို့မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com

'ဝဏ္ဏရှိန်းကို သွားခေါ်တာပါ'

ရှိန်းက သူ့အပြစ်နှင့်သူ မပွင့်တပွင့်ပြောသည်။

'မလေး သိပ်ဝမ်းနည်းတယ် ရှိန်း၊ ရှိန်းမိန်းမ အေးဟာ ရှိန်းနဲ့ သဘောချင်း ဘယ်လိုကွဲလွဲ ကွဲလွဲ သူ့ကို ပစ်ထားပေမယ့် အိမ်ထောင်ရေး မဖောက်ပြန်ဘူး၊ အခု ရှိန်းတွဲနေတာတွေက အဆင့်အတန်းမရှိ'

'သူက အထက်တန်းလွှာကလူတွေ ခေါ်ရင် လိုက်နေကျဆိုတော့ ရှိန်းလည်း တွဲမိတာ မလေးရယ်၊ ရှိန်းကို သိပ်အထင်သေးသွားပြီပေါ့၊ အထင်သေးစရာအကြောင်းတွေက ထပ်ခါထပ်ခါဖြစ်လာတယ်လေ၊ ရှိန်း တစ်ခုတော့ ပြောပါရစေ၊ ဒီဆေးတိုက် ပြောင်းလာကတည်းက ဒီမိန်းမရှိရာကို ခြေဦးမလှည့်ခဲ့တာ အမှန်ပဲ၊ ခုတစ်ခေါက်က ဝဏ္ဏကို နိုင်ငံခြားသွားဖို့စီစဉ်ရင်း ဒီမိန်းမဆီသွားနေမှန်းသိလို့ သွားခေါ်တာ၊ ဝဏ္ဏက ကိုယ့်ကို မချေမငံပြောတာနဲ့ ဒေါသထွက်ပြီး အွဲထိုးရာက ပြဿနာဖြစ်ကြတာပဲ'

မလေးနုသည် ရှိန်းစကား နားထောင်ရင်း နားကိုသာ ပိတ်ထားလိုက်ချင်သည်။

'တော်ပြီ ရှိန်းရယ်၊ မလေးနုကို ခွင့်ပြုပါတော့၊ မလေး ဘာမှမပြောပါရစေနဲ့၊ မလေး သွားပါရစေ'

မလေးနုသည် ရှိန်းထံမှ စကားကို မစောင့်တော့ဘဲ ရှိန်းကို ထားရစ်ကာ ပြန်လာခဲ့သည်။

နောက်နေ့ကျမှပင် ဝဏ္ဏရှိန်းကို သွားကြည့်ရသည်။ ခေါင်းနည်းနည်းမူးနေ၍ အိမ်မပြန်နိုင်ခြင်းဖြစ်သည်။ ဒဏ်ရာက ဦးနှောက်မထိခိုက်သည်မှာတော့ သေချာသည်။

'ဘယ်လိုနေသေးလဲ ဝဏ္ဏ'

မလေးက နှုတ်ဆက်ရင်း အနားမှာ ဝင်ထိုင်လိုက်သည်။

'သက်သာပါတယ်၊ လှုပ်ရင် မူးမူးနေတယ်၊ ဆရာဝန်ကြီး



ဟ ဒီ..နက် ပြောသွားပါတယ်၊ ဒီညနေဆင်းရင်တောင် ရပါပြီ၊ အိမ်ကနေ ဆေးသည့်နိုင်ပါတယ်တဲ့၊ အိမ်မှာ နားပါတဲ့'

မလေးနုသည် မုဖူးကို အသာစမ်းလိုက်သည်။

'မောင်ဝဏ္ဏတို့အဖြစ်က လူကြားရင် ရှက်စရာ၊ အန်တီမလေးက ရှိန်း နိုင်ငံခြားသွားရင် ဝဏ္ဏကို ခေါ်သွားပါဆိုလို့ ဖေဖေက နိုင်ငံကူးလက်မှတ် လျှောက်ခိုင်းထားတာတဲ့၊ ဝဏ္ဏကို မှန်းဆက်တော့ အဲဒီအိမ်သွားတယ်ဆိုတာနဲ့ ဖေဖေက လိုက်သွားတာ'

ဝဏ္ဏရှိန်းသည် မျက်လွှာကို ချနေသည်။

'အရွယ်ရောက်ရင် မိန်းမတစ်ယောက်တော့ ယူရမှာပဲ၊ ကိုယ်ကြိုက်တာမှ ယူပေါ့၊ အခု ဝဏ္ဏအသက် ဘယ်လောက်လဲ'

'နှစ်ဆယ့်တစ်နှစ်'

'ဒီအရွယ်မှာ တချို့လည်း မိန်းမယူကြပါပြီ၊ ဒါပေမဲ့ ဝဏ္ဏတို့မှာ မိန်းမတစ်ယောက် ရှာကျွေးနိုင်ဖို့ အလုပ်မှမရှိဘဲ၊ ခုလိုမိန်းမတွေဆီ သွားတာလည်း မကောင်းဘူး၊ ဖေဖေကပြောတော့ ဝဏ္ဏကိုခေါ်ဖို့ အဲဒီမိန်းမအိမ် သွားတာတဲ့'

'ဟုတ်မှာပါ၊ မြရည်ဦးက ပြောတယ်၊ ဖေဖေ သူ့ဆီမလာတာ ကြာပြီတဲ့၊ ကျွန်တော်လည်း အဲဒီနေ့က အရက်က တော်တော်မူးနေတာနဲ့ ဖေဖေ့ကို မချေမငံ ပြောမိတာပါ'

'အရက်လည်း ဘာလို့ အလွန်အကျွံသောက်ကြရတာလဲ၊ အခုဆို ကြည့်စမ်း၊ ဖေဖေ့လုပ်ငန်း သုံးခုတောင်၊ ရှုပါမားကာက်ရော ကုမ္ပဏီရော၊ ဒီဆေးခန်းရော သားတို့ညီအစ်ကိုနှစ်ယောက်စလုံး တစ်နေရာရာမှာ ဝင်လုပ်ဖို့ကောင်းတယ်၊ ဖေဖေကပြောတော့ သားတို့ ဆယ်တန်းအောင်အောင် စောင့်နေတာတဲ့၊ ဆယ်တန်းမအောင်ခင် အရက်သမားကြီးတွေ ဖြစ်တာပဲ အဖတ်တင်တယ်၊ အနာဂတ်ရဲ့ဘက်က ဘယ်တော့မှလွတ်မယ် မသိဘူး၊ ဖေဖေ့ရဲ့ရှာထားတဲ့ငွေက ဘယ်လောက်အထိ ကြာကြာခံမှာလိုက်လို့ သားတို့က အနေ

www.burmeseclassic.com

www.burmeseclassic.com


ကို ဆက်ခံပြီး အလုပ်မလုပ်ရင် ဗာရာဏသီသူဌေးသား ဖြစ်မှာပဲ၊ ခွက်လက်စွဲ တောင်းစားပြီး ရွာမှထွက်လေ တောမှာသေသည်၊ ကောင်သေ လင်းတကျ၏တည်း'

ဝဏ္ဏသည် ခေါင်းငိုက်စိုက်နှင့် တွေးနေသည်။

'ဖြူဖြူနဲ့ သူဇာ ဒီဆေးတိုက် ဝင်လုပ်နေတာ ဖေဖေ ဘယ်လောက်အားရှိသလဲ၊ သားတို့ကလည်း တခြားလုပ်ငန်း ဝင်မှပေါ့၊ အရွယ်ရောက်တဲ့ လူငယ်လေးတွေ အလုပ်လုပ်ချင်လွန်းလို့ အလုပ်က မရ၊ ငွေရင်းငွေနှီးနဲ့ လုပ်ရမယ့်အလုပ်မှာလည်း ငွေရင်းကမရှိ၊ လူငယ်လေးတွေဟာ ထမင်းတစ်လုတ်စားဖို့ အင်မတန်ဒုက္ခရောက်ကြရတယ်၊ ဒါ့ကြောင့် နိုင်ငံခြားမှာ လူငယ်တွေ ဘယ်လိုနေရလဲဆိုတာ သိရအောင် ဝဏ္ဏကို နိုင်ငံခြားခေါ်သွားဖို့ အန်တီမလေး တိုက်တွန်းတာ'

ဝဏ္ဏသည် သက်ပြင်းရှည်ကြီး ချလိုက်သည်။

'ဒီဆေးရုံကဆင်းရင် အရက်ဖြတ်ဖို့ ကြိုးစားပါ့မယ်'

'ဘိန်းဖြူရော'

'ဆေးရုံတက်ပြီး ကျွန်တော် ဖြတ်ပါ့မယ်'

'ဆေးရုံက ထွက်ထွက်ပြေးတယ်ဆို'

'ဒီတစ်ခါ မပြေးပါဘူး အန်တီမလေးရယ်'

'အန်တီမလေး အသိဆရာဝန်တွေ စိတ်ကျန်းမာရေးဆေးရုံမှာ အများကြီးရှိတယ်၊ အန်တီမလေး ကြပ်မတ်ပြီး အပ်ထားမယ်၊ ငွေကြေးခန်းမှာ အစောင့်ချထားပြီး မပြေးအောင်လုပ်ဖို့ ပြောထားမယ်၊ အန်တီမလေးဘို့ကရော မင်းတို့နဲ့ ဘယ်လောက်ကြာကြာနေမှာ လိုက်လို့၊ အခုတောင် စိတ်ပျက်လှပြီ'

'ဘယ်လို'

ဝဏ္ဏက စိုးရိမ်သောမျက်နှာထားနှင့် မေးလိုက်သည်။

'အန်တီမလေးက ဒီမှာ မလုပ်ချင်တော့ဘူး၊ ဝဏ္ဏတို့အလုပ် ဝဏ္ဏတို့ ဦးစီးဖို့သာပြင်'

'ဒီလိုလည်း မလုပ်ပါနဲ့ဦး အန်တီမလေးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်'

'ကဲ... အန်တီမလေး မအားဘူး၊ သွားမယ်'

မလေးနုသည် သူ့ရုံးခန်းပြန်လာခဲ့သည်။ ရုံးခန်းမှာ သက်မာ ရှိနေသည်။ နက်ဖြန် ခွဲစိတ်ရမည့် လူနာအကြောင်းပြောပြီး မလေးနုသည် ရှိန်းနှင့် ဝဏ္ဏကိစ္စ တင်သက်မာကို ပြောပြနေသည်။

'အေးကလည်း မလိမ္မာ၊ ရှိန်းကိုယ်တိုင်ကလည်း ဘယ်လိုလူလည်းမသိ၊ ရေအရှည်ဆက်ဆံဖို့ မလေး ဒီလူကို မလေးစားတော့ဘူး၊ လေးစားမှုမရှိရင် မခက်ဘူးလား'

သက်မာကလည်း မလေးနုစိတ်ကို သဘောပေါက်ပါသည်။ ဒါတောင် မလေးအပေါ် အေး၏ ထင်မြင်ချက်များကို မလေး မသိသေး၍ တော်ပါသေးသည်။ မလေးသာသိလျှင် ပြဿနာက မလွယ်၊ သူ့သူငယ်ချင်း၏ ဖြောင့်မတ်သန့်စင်သော စိတ်ထားကိုတော့ တင်သက်မာ နားလည်ပါသည်။

'ရာဇာဓိရာဇ်လိုလူစား ထင်ပါရဲ့'

'မှန်ရာဇဝင်မှာ ရာဇာဓိရာဇ်ဟာ ထင်ရှားတဲ့ သူ့ရဲကောင်း မှန်ဘုရင်ပေါ့၊ သူ့ငယ်နာမည်က ဗညားနွဲ့၊ သူ အိမ်နိမ့်စံစဉ် မောင်နှမ တစ်ဝမ်းကွဲတော်တဲ့ တလမေဒေါ်ဆိုသူကို ယူထားတယ်၊ သားတော် တစ်ပါး ထွန်းကားတယ်၊ ဘောလောကျန်းဒေါ်တဲ့၊ ဗညားနွဲ့ဟာ ခမည်းတော်ထီးနန်းကို သူ ဆက်ခံခွင့်ရှိပေမယ့် သူ့အရီးတော် မဟာဒေဝီက သူ့သမက် သမိန်ဗရမ်းနဲ့ပေါက်ပြန်ပြီး ခမည်းတော်ဆင်ဖြူရှင် နတ်ရွာစံရင် သမိန်ဗရမ်းကို နန်းတင်ဖို့ ကြံစည်နေတယ်၊ ဗညားနွဲ့ကလည်း မဟာဒေဝီအကြံသိတော့ တိတ်တိတ်ပုန်း သူ့ထီးနန်းအတွက် ပညာရှိတွေနဲ့ တိုင်ပင်တယ်၊ ဇနီး တလမေဒေါ်ကလည်း သူ့ကိုကူညီပါတယ်၊ ပညာရှိတွေ အကြံဉာဏ်ပေးတဲ့အတိုင်း ထီးနန်းရယူဖို့၊ လူသူစုဆောင်းဖို့ ဗညားနွဲ့ ဒဂုန်ကို ထွက်သွားတဲ့အခါ ဒဂုန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆီသည်မ မွေမနိုက်ကို တွေ့တယ်လေ၊ လင်နဲ့မှန်း သိပေမယ့် မွေမနိုက်ကို ကောက်ပယူတယ်။ နောက် သူ့ရဲ့ ခမည်းတော် ဆင်ဖြူရှင် မင်းတရားကြီး နတ်ရွာစံတော့ ဟံသာဝတီထီးနန်းကို တိုက်ခိုက်သိမ်း ပယူတယ်၊ အရီးတော် မဟာဒေဝီနဲ့ သမိန်ဗရမ်းကို အနိုင်ရတယ်ဆိုပါ တော့၊ အဲဒီအခါမှာ ဘိသိက်ခံယူတဲ့အခါ ဆီသည်မ မွေမနိုက်ကို မိဖုရားခေါင်ကြီးအဖြစ် ဘိသိက်မြှောက်တယ်၊ တလမေဒေါစိတ်မှာ ဘယ်လောက်ထိခိုက်မလဲ၊ အငယ်အနှောင်း ထားတယ်ဆိုတာ ယောကျ်ားတွေအဖို့ မဆန်းပါဘူး၊ အထူးသဖြင့် ဘုရင်တွေက သာကဲ သေးတယ်၊ ဒါပေမဲ့ ဗညားနွဲ့ဟာ ရာဇာဓိရာဇ်အဖြစ် အထွတ်အထိပ် ကို ရောက်တဲ့အခါမှာတော့ တလမေဒေါ ငယ်မယားကို မဟာဒေဝီ အဖြစ် ဘိသိက်မြှောက်သင့်တာပေါ့၊ အခုလို ပစ်ပယ်တာတော့ ရက်စက်လွန်းတယ်၊ ပြီးတော့လည်း တလမေဒေါက ဘယ်စိတ် ကောင်းနိုင်မလဲ၊ စိတ်ညစ်ပြီး မခစားတယ်လို့ တလမေဒေါကို ခမည်း တော် ဆင်ဖြူရှင်မင်းတရားပေးထားတဲ့ လက်စွပ်ဆယ့်နှစ်ကွင်းကို ပြန်တောင်းခိုင်းတယ်လေ၊ တလမေဒေါက သူ့ခေါင်းက ဆံထုံးမှာ အမြဲထည့်ထားတဲ့ လက်စွပ်ဆယ့်နှစ်ကွင်းကို ပြန်ပေးပြီး သူ့ကိုယ်သူ အဆိပ်သောက်သေလိုက်တယ်"

"ဟယ် . . ."

မလေးနုက အံ့သြသွားသည်။

"သားတော် ဘောလောကျန်းဒေါကိုလည်း သားတော်က ဘုရင့်သားမို့လို့ မားရေး၊ လှံရေး၊ ဆင်ရေး၊ မြင်းရေး လေ့ကျင့်နေတာ ကို သူ့ ပုန်ကန်မယ်ဆိုပြီး ဖမ်းခိုင်းတယ်၊ သားတော်က အဖမ်းမခံဘဲ အဆိပ်သောက်သေလိုက်တယ်"

"ရက်စက်လိုက်တာဟယ်"

"သက်မာ ဆိုလိုချင်တာက သူ့ရဲကောင်း ဘုရင်ကြီးပေ မယ့်လည်း မိန်းမနဲ့ ပတ်သက်လာရင် တော် မတော်၊ ရာ မရာ



မစဉ်းစားနိုင်ဘူး၊ တစ်ဖက်က စစ်ရေးမှာ တော်ပေမယ့် နှီးပြွန်းသူ့ တလမေဒေါနဲ့ သားတော် ဘောလောကျန်းဒေါအပေါ်မှာ ရက်စက် လွန်းတယ်၊ ဒါပေမဲ့လည်း သူ့စိတ်က အဆန်း၊ ခွင့်လွှတ်တဲ့အခါတော့ လည်း နှစ်ယောက်မရှိဘူး"

"ဘယ်လို"

"သူ့အရီးတော် မဟာဒေဝီဟာ ဗညားနွဲ့ငယ်စဉ်က မိခင် ဆုံးသွားတော့ သူ့ကို ပြုစုစောင့်ရှောက်ခဲ့တယ်၊ နောက် ဗညားနွဲ့ ခမည်းတော် ဆင်ဖြူရှင်မင်းတရား နတ်ရွာစံခါနီးတော့ ထီးနန်းရယူ ချင်တာနဲ့ အရီးတော် မဟာဒေဝီဟာ သမိန်ဗရူးကို ထီးနန်းတင်ဖို့ တိတ်တိတ်ကြံစည်တယ်၊ သမိန်ဗရူးနဲ့လည်း တိတ်တိတ်ပုန်းညား နေကြတယ်၊ ဗညားနွဲ့ အသက်ကိုလည်း ကြံစည်ကြတာ အကြိမ်ကြိမ် ပဲ၊ ဒါပေမဲ့ ဗညားနွဲ့ အထွတ်အထိပ်ရောက်လို့ ရာဇာဓိရာဇ်ဖြစ်လာ တဲ့အခါ သစ္စာမဲ့တဲ့ အရီးတော် မဟာဒေဝီကို ငယ်ငယ်က သူ့ကို ပြုစုစောင့်ရှောက်တဲ့ ကျေးဇူးတရားရှိတယ်ဆိုပြီး ခွင့်လွှတ်ပြီး ကောင်း မွန်စွာချီးမြှောက်တယ်၊ သက်မာပြောဟာက ဒီနေရာကျတော့လည်း ကျေးဇူးတရား, သိတတ်ပြန်ရော၊ ပြန်တွေးရင် ရာဇာဓိရာဇ်မှာ မကောင်းတာနဲ့ ကောင်းတာ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ စရိုက်နှစ်ခု ရှိတယ်လေ၊ အခု ရှိန်းမှာလည်း ဆေးတိုက်အလုပ်နဲ့ ပတ်သက်ပြီး တော်တဲ့နေရာမှာ တော်ပါတယ်၊ တစ်ဖက်က မိန်းမနဲ့ ပတ်သက်လာ တဲ့ ထိန်းနိုင်တဲ့အမူအကျင့်လည်းရှိတော့ ရာဇာဓိရာဇ်လို လူမျိုးလို့ ပြောတာ"

မလေးနုက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရာမှ . . .

"မလေး ထင်တယ်၊ သူ့နာမည်က စီးနေလားမသိ" ဟု ပြော လိုက်သည်။

"ရှိန်းနာမည်အရှည်က ဗညားရှိန်းလေ၊ ရာဇာဓိရာဇ် ငယ် နာမည်က ဗညားနွဲ့၊ ဗညားချင်းတူလို့ စရိုက်ချင်းတူလား မသိ

www.burmeseclassic.com



မလေး သူ့ဇာနဲ့ ဘမောင်ချိန်ကိစ္စဖြစ်တုန်းက ရှိန်းကို ဒေါသထွက်ထွက်နဲ့ ပြောမိတယ်၊ မလေးက သူ့ကို ဦးဗညားရှိန်းကြီးလို့ခေါ်တာ သူမခံနိုင်ဘူး၊ မခေါ်ပါနဲ့တဲ့၊ မလေးက တမင် 'ဗညား'အမည်ကို သတိရအောင်လို့ ခေါ်တာလို့၊ ဗညားဆိုတာ သူ့ရဲကောင်းတွေရှေ့က တပ်ရမယ့်အမည်၊ ရှိန်းလုပ်ပုံတွေက သူ့ရဲကောင်းစရိုက် ပီသရဲ့လားလို့ မလေးမေးတော့ ကြက်ကြီး လည်လိမ်ထားသလို ခေါင်းငိုက်စိုက်နဲ့'

'အေးကွာ... မင်းပြောသမျှလည်း ခံပါတယ်၊ ဒါပေမဲ့ ဖြူပြာကရော ဦးပြူးကရော ပြောတယ်၊ ဒီဆေးတိုက်ပြောင်းလာမှ ရှိန်းဟာ အရက်လည်း မသောက်သလောက်ပဲတဲ့၊ အရင်က အလုပ်က ပြန်လာရင် ညသောက်ပွဲ အမြဲလုပ်ပေးရတယ်၊ သူတတ်နိုင်သလောက်တော့ ပြုပြင်လာတာ တွေ့ရတယ်'

မလေးနုသည် သက်ပြင်းကြီးချလိုက်သည်။

'မပြုပြင်လည်း မလေးနဲ့ဆက်လက်ပြီး အလုပ်တွဲလုပ်ဖို့ မလွယ်ဘူးထင်တယ်၊ သက်မာ ဒီဆေးတိုက်ဖွင့်စဉ်က ဆေးတိုက်မှာ အရက်မသောက်ရဆိုတဲ့ စည်းကမ်းတစ်ခု ထည့်ခဲ့တာက ညအိပ်ညနေ သူနာပြုဆရာမလေးတွေ၊ ဆရာဝန်၊ ဆရာဝန်မတွေ အတူနေရတာ အရက်ဝင်ရင် မှားတတ်တယ်၊ ရှုပ်ရှုပ်ယှက်ယှက်ပြဿနာ ဖြစ်တတ်လို့ မလေး ဒီစည်းကမ်းချက် ထည့်ခဲ့ရတာ'

'ဒီဆေးခန်းမှာ ရှိန်းက ဒီစည်းကမ်းကို လိုက်နာပါတယ်'

'ဒါပေမဲ့ကွယ် မလေး စိတ်လေးလှတယ်၊ ဒီမိန်းမကိစ္စ ဖြစ်ဖြစ်လာတာ ရှိန်းဂုဏ်သိက္ခာနဲ့ ဒီ ရှိန်းဆေးတိုက်ကို မထိခိုက်ဘူးလား၊ မြရည်ဦးနဲ့ကိစ္စက လူကြီးလူကောင်း အပြုအမူမဟုတ်ဘဲ သိက္ခာမရှိလိုက်တာ'

သက်မာက ဖြည်းဖြည်းစဉ်းစားရင်းမှ ပြောပြ၏။

'ရှိန်း ဂုဏ်သိက္ခာကို ထိခိုက်တာတော့ အမှန်ပဲ၊ တစ်ခုက



လည်း မင်းနဲ့ ရှိန်းက ဘာမှမတူဘဲ အရာနှစ်ခု ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ စရိုက်ရှိတဲ့သူနှစ်ယောက် အတူလက်တွဲ လုပ်မိတာကို မင်းက သိပ် rigid ဖြစ်တယ်၊ သက်မာတို့က ကျောင်းမှာ အတူနေခဲ့တဲ့ သူငယ်ချင်းဖြစ်တဲ့ မင်းစရိုက်သိပြီး ရှိန်းကိုလည်း တို့က ကိုမျိုးဇင်ကနေတစ်ဆင့် သိခဲ့ရတာ၊ ကျောင်းကတည်းက သူ့ရည်းစားမရှိတဲ့ အဆောင် ခပ်ရှားရှား၊ အရက်တမြမြကလည်း ပါသေး၊ လက်ထပ်ပြီး အလုပ်အကိုင်နဲ့ ဖြစ်လာတော့လည်း သွားလေရာ မိန်းမရရပါစေဆိုတဲ့ လူမျိုး၊ ဒါပေမဲ့ ရှိန်းဆေးတိုက်လုပ်ငန်းရော ရည်ရွယ်ချက်ကရော အင်မတန် မွန်မြတ်ပါတယ်၊ မိခင်ကိုလည်း မင်းအမြင်ပဲ၊ အလွန်လေးစားတဲ့လူ၊ မလေး အသိပါပဲ၊ ဒါနဲ့ထေပြီး မလေး ရှိန်းကို ခွင့်လွှတ်ပါ၊ မင်းစကားကိုလည်း သူနားထောင်ပါတယ်၊ တစ်ခုကလည်း ရှိန်းက ကိုမျိုးဇင်ရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်ဆိုတာ မလေး သတိရပါ'

'အေး... သက်မာ၊ မင်းရော ရှိန်းရော မလေးကို ဇင်နဲ့ ကိုင်ထားကြတာ၊ မလေးကလည်း ရှိန်းဟာ ဇင်ရဲ့ သူငယ်ချင်း၊ ဇင်တောင် ဆိုးဆိုးကောင်းကောင်း သူငယ်ချင်းကို သစ္စာရှိစွာလက်တွဲပြီး ထိန်းမတ်ပေးခဲ့သေးတာပဲဆိုပြီး အစစ မလေး ထိန်းပေးခဲ့တာ သက်မာအသိ၊ သက်မာ တစ်ခါက မလေးကို တရားဟောတယ်လေ'

'ဘာတရားလဲ'

'မလေးက ဒီ ရှိန်းဆေးတိုက်မှာ ဆက်ကိုမလုပ်ချင်တော့ဘူး၊ သူများတွေစွပ်စွဲတာ မခံနိုင်ဘူးဆိုတော့ မလေးကို အာနန္ဒာနဲ့တူတယ်လို့ မင်းပြောတာ မှတ်မိသေးလား'

'မှတ်မိပြီ၊ နေရာတိုင်းမှာ မာဂဏ္ဍီရှိတယ်လို့ ပြောတာ'

'အခုလည်း သက်မာရော ရှိန်းရော သောနုတ္တိုရ်တွေ'

'ဘာ...'

'ဒီတစ်ခါ မလေး တရားဟောတဲ့အလှည့်၊ ဆဒ္ဒန်ဆင်ခန်း

www.burmeseclassic.com

www.burmeseclassic.com



ကို သူ့ရဲ့ဗိုက်အောက်မှာ လိုက်ခေါင်းလုပ်ပြီး သောနုတ္တိုရ်က လေးနဲ့ပစ်တာ ဆဒ္ဒန်ဆင်မင်းက သိတယ်၊ ဒီမြားက ဗိုက်အောက်ကလာတယ်ဆိုတာ၊ ဒါ့ကြောင့် မဟာသုဘဒ္ဒါနဲ့ တခြားဆင်တွေကို ပရိယာယ်နဲ့ ရန်သူအရာလွှတ်လိုက်တယ်၊ တစ်ပါးတည်းကျန်မှ ခွာနဲ့ မြှဉ်ကိုရှုပ်လိုက်ပြီး နှာမောင်းနဲ့ သောနုတ္တိုရ်ကို ဆွဲတင်တယ်၊ သောနုတ္တိုရ်က သိတယ်၊ ဆင်မင်း အမျက်ထွက်ရင် သူသေတော့မယ်၊ ဆဒ္ဒန်ဆင်မင်း အလိုလားဆုံး သဗ္ဗညုတဉာဏ် ဘုရားဆုပန်ထားတာကို သတိရအောင် ကိုယ်ပေါ်က ဟန်ဆောင်ရုံထားတဲ့ သင်္ကန်း နှာမောင်းပေါ် တင်ပေးလိုက်တယ်၊ ဆင်မင်းက သင်္ကန်းကို မြင်တယ်ဆို သူဆုတောင်းပန်ထားတာကို သတိရပြီး ရန်သူ သောနုတ္တိုရ်ကို ခွင့်လွှတ်ပြီး စွယ်တော်လှူတယ်'

'အဲဒါနဲ့ ဘာဆိုင်လဲ'

'အခု မင်းတို့နှစ်ယောက် မလေး ဒေါသဖြစ်လာရင် ကိုမျိုးဖင်ကို ရှေ့တင်လာကြပြီ၊ မလေးကို နိုင်တာ ဒါပဲရှိတယ်မို့လား'

တင်သက်မာက ရယ်နေစဉ် မလေးနုက ဆက်ပြောသည်။

'မလေးဟာ ရှိန်းရဲ့ ကျေးဇူးကို မမေ့ပါဘူး၊ ဒီဆေးတိုက်မှာ အလုပ်လုပ်ရင်း ကြွေးဆပ်ခဲ့တာ နှစ်သိန်းပဲကျန်တော့တယ်၊ အဲဒီ ကျေးဇူးတရားတွေ ထောက်ထားပြီး မလေး သည်းခံခဲ့တာ၊ မလေးဟာ သက်မာကို ပြောဖူးတယ်၊ intuition ကြိုသိနေတဲ့သဘော မလေးမှာရှိတယ်၊ ဒေါ်လေးသန်းတို့ အိမ်ပြောင်းလာစကလည်း တစ်ခုခုပဲ၊ ဘာမှန်းမသိဘူး၊ အဲဒီအိမ်မှာ ကြာကြာနေရမယ် မထင်ဘူး၊ မကြာဘူး ဦးလေးကိစ္စက ပေါ်လာရော၊ ခုလည်း ဟိုတစ်ည လာသာတဲ့ ဝရန်တာမှာ မလေး ထိုင်နေတုန်း ရှိန်း ရောက်လာတယ်၊ မင်းကို ပြောပြဖူးပါတယ်၊ ဘာမှမဖြစ် ဘာမှမပြောပါဘူး၊ ဒါပေမဲ့ မလေး စိတ်မှာ ထင့်သွားတယ်။ ဒီဆေးတိုက်မှာ ကြာကြာနေဖို့ မသင့်ဘူးဆိုတာ မင်း မာဂဏ္ဍီဟောတဲ့အချိန်လေ'



'မလေးရယ်... အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မယ်၊ ဒါနဲ့ ရှိန်း နိုင်ငံခြားသွားမယ်ဆို'

'အေး... ဟုတ်တယ်၊ ဒါ့ကြောင့် မလေးက ဝဏ္ဏကိုခေါ်သွားဖို့ အကြံဉာဏ်ပေးလိုက်တယ်'

'စိတ်ထဲထင့်လည်း ဒီကိစ္စကို ရှိန်းပြန်လာမှ အေးအေးဆေးဆေး စဉ်းစားပေါ့၊ ဆေးတိုက်က အရှိန်ရပြီး လည်ပတ်နေပြီ၊ မင်းတို့နှစ်ယောက် ကြိုးပမ်းမှုနဲ့ ဆင်းရဲတဲ့လူနာတွေ ရောဂါပျောက်ကုန်ကြတာ သတိရပါ၊ ဒါနဲ့ စိတ်ဖြေပါလေ၊ ကောင်းတဲ့အလုပ်ဟာ ကောင်းကျိုးပေးမှာပါ'

သက်မာက စိတ်ဖြေသာအောင် ပြောပြရင်း လူချင်းခွဲလိုက်သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

## - ၂၆ -

နိုင်ငံခြားကို ထွက်သွားသောအခါ ဝဏ္ဏရှိန်း မလိုက်ဖြစ်ပါ။ ခေါင်းကို ထိခိုက်သော ဒဏ်ရာက မူးမူးနေ၍ ဝဏ္ဏရှိန်း အိမ်မှာ နားနေဖို့ ဆရာဝန်က အကြံဉာဏ်ပေး၍ နေရစ်ခဲ့ရသည်။

သူဇာကတော့ ဆေးတိုက်မှာ ဖြူပြာနှင့်အတူ ရုံးအဖွဲ့မှာ ဝင်လုပ်သည်ဟု အေးကို ပြောထားကာ မှန်မှန်အလုပ်ဆင်းသည်။ မီးဖိုကို ကွပ်ကဲသောအလုပ်မှာ သူပျော်ပါသည်။ တဖြည်းဖြည်းနှင့်တော့ ရင်ထဲမှ ဝေဒနာကို ကုစား၍ရလာသည်။ ပျောက်ကင်းသွားသည်တော့ မဟုတ်ပါ။ အားလပ်ချိန်များတွင် မလေးနုနှင့် စကားပြောချိန် ပိုရလာသည်။ အလုပ်လုပ်ချိန်မှာ သွက်လက်ဖျတ်လတ်သလောက် အနားယူချိန်မှာ မလေးနုတစ်ယောက် အေးဆေးငြိမ်သက်စွာ တစ်ကိုယ်တည်းနေသည်ကို သူဇာက အံ့ဩနေသည်။

ညဉ့်ဘက် ဂျူတီကျ၍ဖြစ်စေ၊ အရေးပေါ်လူနာ ခွဲစိတ်ရ၍ ဖြစ်စေ မလေးနု နေ့လယ်ဘက် နားနေချိန်တွင် သူဇာသည် နို့များ၊ ဟောလစ်များ တစ်ခုခုဖျော်၍ မလေးနု ခုတင်ဘေးမှာ၊ စားပွဲမှာ ချထားတတ်သည်။ ယနေ့တော့ မလေးနု နိုးချိန်ကို သူစောင့်နေသည်။ မလေးနု နိုးလာလျှင် အံ့အားသင့်သွားသည်။ အိပ်ရာမှ ထထိုင်လိုက်ကာ မလေးနုက ပြောလိုက်သည်။

"အန်တီမလေးကို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်ကွယ်၊ ဒုက္ခမရှာပါနဲ့"



ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်သော သူဇာကို ကြည့်ရင်း မလေးနုက ပြောသည်။

"နေ့ခင်းပိုင်း သူဇာ အားပေမယ့် အန်တီမလေးက မအားဘူး၊ ခုလို ညဂျူတီရှိချိန်မှာမှ နေ့ခင်း အန်တီမလေး နားချိန်တွေ့ရတာ၊ သူဇာ အလုပ်မများပါဘူး၊ အန်တီမလေးကိုကြည့်ပြီး တစ်ယောက်တည်း နေနေရတာ သူဇာ သနားလို့"

"မသနားပါနဲ့ကွယ်၊ အန်တီမလေးက ဒီလိုနေရတာ ရိုးနေပြီ၊ သိုက်သိုက်ဝန်းဝန်း လူများများနဲ့တောင် မနေတတ်သလိုပဲ၊ ဆေးတိုက်အလုပ်ကတော့ လူပေါင်းစုံနဲ့ ဆက်ဆံပြီး အေးအေးနေရတယ် မရှိပါဘူး၊ ခုလို နားချိန်မှာပဲ နေရတာ"

အန်တီမလေးကိုကြည့်ပြီး…

"သူဇာက စိတ်ဖြေလို့ရလို့ပါ"

"အန်တီမလေးတောင် ချစ်သူသေဆုံးသွားပြီး ဒါလောက်ကြာကြာ တစ်ယောက်တည်းနေနိုင်သေးတာပဲ၊ သူဇာကရော ဘာလို့ မနေနိုင်ရမှာလဲလို့ စိတ်တင်းပြီး ဖြေရတယ်၊ တစ်ခါတစ်ခါတော့ ကိုကို့ကို သိပ်သတိရတယ်၊ သူဇာ့ကို တစ်ခါတည်း သစ်စိမ်းချိုးချိုးသွားတာပဲ"

"ဒါတွေ မေ့လိုက်ပါတော့ သူဇာရယ်၊ မင်းကို ဘမောင်ရှိန်က တကယ်ချစ်လို့မှ မဟုတ်တာ"

"သူဇာ တွေးတယ်လေ"

"ဘာတွေးတာလဲ"

"အန်တီမလေးချစ်သူနဲ့ အန်တီမလေးက သိပ်ချစ်ကြတယ်၊ စေ့စပ်ပွဲလုပ်ပြီးမှ သေသွားရတော့ တစ်ယောက်နဲ့တစ်ယောက် အချစ်နဲ့ခွဲခွာသွားကြရတာဆိုတော့ အန်တီမလေးရင်မှာ မမေ့နိုင်အောင် တမြည့်မြည့်ဖြစ်နေမှာပေါ့၊ သူဇာကိုတော့ ကိုကိုက ရက်ရက်စက်စက် ကလဲ့စားချေသွားတာ၊ အမုန်းနဲ့ ခွဲခွာတာဆိုတော့ သူဇာ ခံစားရတာ

www.burmeseclassic.com

www.burmeseclassic.com



က နာကြည်းခံခက် ဒေါသထွက်စရာပဲ”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ သူဇာရယ်၊ ကိုယ့်မှာ အစွန်းအထင်းမှ မကျန်ရစ်တာ၊ တစ်နေ့နေ့ ကိုယ့်ကို သစ္စာရှိစွာနဲ့ မြတ်နိုးတဲ့သူ တစ်ယောက်ယောက် တွေ့လာဦးမှာပေါ့၊ အဲဒီအခါမှာ အလျှင်စလိုတော့ မဆုံးဖြတ်နဲ့ပေါ့”

“အန်တီမလေးရယ်၊ ခန္ဓာကိုယ်က မနွမ်းပေမယ့် သူဇာရဲ့နှလုံးသားကတော့ နွမ်းခဲ့ပါပြီ၊ အန်တီမလေးလိုပဲ နမူနာထားရမှာပဲ၊ နို့သောက်လိုက်ဦး၊ အန်တီမလေး အားတဲ့အချိန်ကို သူဇာ နှောင့်ယှက်သလိုဖြစ်နေပြီ”

“ကိစ္စမရှိပါဘူး၊ အန်တီမလေး အားတဲ့အချိန်ဆို အချိန်မရွေး တွေ့နိုင်ပါတယ်၊ ဒါနဲ့ ဝတ္တာရှိန်းရော နေကောင်းလား”

မလေးနုက နို့သောက်ရင်း မေးလိုက်သည်။

“နေကောင်းပါတယ် အန်တီမလေး၊ လန့်ချီ နားတာပဲ”

သူဇာက မလေးနု နို့သောက်သည်ကို စောင့်၍ ဖန်ခွက်ကိုယူကာ ထွက်သွားသည်။ သူ့ရင်ထဲမှာ မလေးနုနှင့် တွေ့ရသောအချိန်များတွင် စိတ်သက်သာရာရသလိုဖြစ်၍ ခဏခဏအကြောင်းရှာ၍ သွားခြင်းဖြစ်သည်။ ယနေ့လည်း ဆေးတိုက်က ညနေအချိန်ကုန်၍ ပြန်သွားလည်း မလေးနုနှင့် စကားပြောခဲ့သည်ကို သတိရနေသည်။ ဖြူပြာရော သူဇာပါ ထမင်းစားပြီး ဝတ္တာရှိန်းအခန်းကို ဝင်သွားကြသည်။ ဝတ္တာရှိန်းအနားမှာ အေးက ထိုင်နေသည်။

ညီအစ်မနှစ်ယောက် ဝတ္တာရှိန်း၏ တစ်ဖက်စီမှာ ထိုင်လိုက်ကြသည်။

“ယူကေကနေပြီး ဖေဖေ့ဆီက ဖုန်းလာတယ် မေမေ၊ ဝတ္တာနေကောင်းရဲ့လားတဲ့”

သူဇာက ဝတ္တာကို ပြောလိုက်သည်။

အေးသည် စီးကရက်တစ်လိပ် ညှိသောက်ရင်း သားသမီးတွေ စကားပြောသည်ကို နားထောင်နေသည်။ ဝတ္တာရှိန်းက ပြုံးနေသည်။

“ဘာပြုံးတာလဲ”

ဖြူပြာက မေးလိုက်သည်။

“မြရည်ဦးနဲ့တွေ့တော့ ဝတ္တာကို ပြောတယ်၊ ဖေဖေဟာ သူ့ဆီမလာတာ ကြာပြီတဲ့”

ဝတ္တာက ဖြေလိုက်၏။

“ဘယ်လာတော့မလဲ၊ ဟိုဆေးတိုက်မှာ ဟိုဟာမ ရှိနေတာကို၊ တမင် မြရည်ဦးဆီမှာ သားရှိနေတာတွေ့အောင်လို့ မေမေက ပြောတာ၊ သူ့သားဟာ သူ့လိုပဲ မြရည်ဦးရဲ့ ထဘီကျွန်ဖြစ်နေတာ သူသိအောင်လို့”

အေးက ကောက်ကာငင်ကာ ဖြေလိုက်၍ ဖြူပြာရော သူဇာပါ အံ့အားသင့်သွားသည်။

“ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ မေမေ၊ ဒီ စာရိတ္တမကောင်းတဲ့ မိန်းမတွေဆီ ဖေဖေ မသွားတော့ဘူးဆိုရင် ဝမ်းသာရမှာပေါ့၊ အဲဒီနေ့က ကျွန်တော်ကလည်း အရက်မူးမူးနဲ့ ဖေဖေ့ကို မချေမငံပြောမိလို့ ဖေဖေက လက်သီးနဲ့ထိုးတာ၊ သူ့မောင်ဆိုတဲ့လူကလည်း သူလွှတ်ချင်တဲ့လူနဲ့ မြရည်ဦးကို လွှတ်ပေးပြီး ခုမှ ဖေဖေ့ကို ငွေညှစ်ပေါက်ဆင်တော့ ဖေဖေက သိပ်စိတ်ဆိုးသွားတာ၊ သားကိုလည်း တော်တော်စိတ်ဆိုးတယ်ထင်တယ်၊ သားကလည်း အဲဒီနေ့က မြရည်ဦးဆီသွားမိတာကို၊ နို့မို့ရင် ခုလောက်ဆို ဖေဖေနဲ့ အင်္ဂလန်ရောက်နေပြီ”

“မှားမှန်းသိရင် နောင်ကို မသွားနဲ့ပေါ့၊ အရက်လည်း လျှော့သောက်တော့၊ ဖေဖေတောင် မသောက်တော့ဘူး”

ဖြူပြာက မောင်ကို ဆုံးမသည်။

“အန်တီမလေးနဲ့တွေ့မှ ဖေဖေက တော်တော် ခြေလှမ်းပြောင်းသွားတယ်နော်၊ အန်တီမလေးက ကိုယ့်ကိုလည်း သိပ်ဂရုစိုက်တယ်”

www.burmeseclassic.com

www.burmeseclassic.com

ဝဏ္ဏက ပြောလိုက်သည်။

'သူဇာကိုလည်း ဂရုစိုက်တယ်၊ သူဇာလေ အားရင် သူနဲ့ စကားသွားပြောနေရတာ စိတ်ချမ်းသာတယ်၊ ဘာပဲပြောပြော အန်တီ မလေးက သူ့ပတ်ဝန်းကျင်ကို ထိန်းနိုင်တယ်'

'ဘာပြောတယ်'

အေးက မိုးချုန်းသံလို အော်လိုက်ရင်း ကတုန်ကယင်ဖြစ်လာသည်။ ဖြူပြာက သူဇာ့ကို လက်ကုတ်ရမှာ အလှမ်းက ဝေးနေသည်။ သူ မျက်စိမှိတ်ပြသည်ကိုလည်း သူဇာက မမြင်၊ အေး မျက်နှာတွေက ပြာလာသလိုပင် နှုတ်ခမ်းတွေလည်း တဆတ်ဆတ် တုန်လာသည်။

'ဟုတ်ပါတယ် ဟုတ်ပါတယ်၊ နင်တို့ အမေလေးက ထိန်းတတ် သိမ်းတတ်ပါတယ်၊ နင်တို့အမေကိုလည်း ထိန်း၊ နင်တို့ကိုလည်း တစ်ယောက်ပြီးတစ်ယောက် သူ့ဘက်ပါအောင် သိမ်းသွင်းနေတာ ငါမသိဘူးမှတ်လို့၊ နင်တို့က ဒီကောင်မခြေလှမ်းကို အကောင်းထင်နေတာ၊ မကြာဘူး၊ နင်တို့ အမေရော ဆေးခန်းရော သူက အပိုင်စီးတော့မှာ သိရဲ့လား၊ သားတို့ သမီးတို့၊ အားလုံး အားလုံး မေမေ့အနားမှာ ဘယ်သူမှမရှိအောင် ဒီဆရာဝန်မ လုပ်နေတာ၊ မေမေ...'

အေးသည် အော်ဟစ်ပြောနေရာမှ စကားဆက်မပြောနိုင်ဘဲ စီးကရက် လက်ထဲက လွတ်ကျသွားသည်။ အင့်ခနဲဖြစ်ကာ ထိုးအန် လိုက်၍ ဝဏ္ဏနှင့် ဖြူပြာ ဖက်ထားလိုက်ရသည်။ ပါးစပ်ထဲမှ သွေးများထွက်လာသည်။

'မေမေ... မေမေ သတိထားပါ၊ မိသူဇာကလည်း ဘာတွေပြောမှန်းမသိဘူး၊ သွား အန်တီသက်မာကို ဖုန်းဆက်'

ဖြူပြာက အမေကိုပွေ့ကာ ပြောလိုက်သည်။ သူဇာသည် ကြောက်အား လန့်အားနှင့် တယ်လီဖုန်းရှိရာ ပြေးတော့သည်။ အေး ပါးစပ်မှ သွေးများ အခဲလိုက် အန်ကျလာသည်။ သူဇာက အခန်းထဲ ပြန်ဝင်လာသည်။



'အန်တီသက်မာ ဆေးတိုက်ကနေ သူနာပြုကား လွှတ်လိုက်မယ်၊ အခု မေမေ့ကို ခေါ်ပြီးလာခဲ့ပါတဲ့၊ ဆေးရုံတင်မှ ဖြစ်မှာတဲ့'

'ငါ မလိုက်ဘူး၊ အဲဒီကောင်မဆေးခန်း ငါ မသွားဘူး၊ အိမ်မှာ အသေခံမယ်'

အေးက အားယူ ဖျစ်ညှစ်အော်နေသည်။

'မေမေ မောမယ် စကားမပြောနဲ့၊ အန်တီသက်မာကို အကြောင်းကြားရုံကြားတာ၊ မေမေ့ကို ဆေးရုံကြီးတင်မှာ၊ ရှိန်း ဆေးခန်းကိုမခေါ်ဘူး၊ စိတ်ချ သွား၊ သူဇာ ပြင်စရာရှိတာ ပြင်'

ဖြူပြာ သူဇာ့ကို ပြောလိုက်သည်။

ဝဏ္ဏရှိန်းက အမေကို ပွေ့ထားရင်းမှ ခေါင်းက မူးနောက်နောက်ဖြစ်လာသည်။ အေးသည် နောက်တစ်ချက် သွေးခဲတစ်ခုအန်ရင်း သတိလစ်သွားသည်။

ရှိန်းဆေးတိုက်မှ သူနာပြုကားရောက်ရောက်ချင်း အေးကို တင်ကာ သူဇာနှင့် ဖြူပြာ လိုက်သွားကြသည်။ ဝဏ္ဏအနားမှာ ဦးပြူး၊ ဦးထွန်းတို့လင်မယား ဘားခဲ့ရသည်။

အေးတို့သားအမိ ဆေးတိုက်ရောက်သောအခါ တင်သက်မာနှင့် မလေးနုသည် အဆင်သင့် သက်ဆိုင်ရာ ဆရာဝန်ကြီးနှင့် စောင့်နေကြသည်။ ဆရာဝန်ကြီးက စမ်းသပ်ကြည့်ပြီး စီးကရက်သောက်လွန်း၍ အသည်းခြောက်ရာမှ သွေးအန်သည်ဟု ပြောသည်။ အေးကို သတိရအောင်လုပ်ရင်းမှ သွေး ထပ်မံမအန်အောင် ဆေးတစ်လုံးထိုးလိုက်သည်။ ချက်ချင်းပဲ သူနာပြုဆရာမလေးက သွေးတစ်ပုလင်း သွင်းလိုက်သည်။

တင်သက်မာနှင့် မလေးနုမှာ ဆရာဝန်ကြီးအနားမှာ ရှိနေသည်။ ဆရာဝန်ကြီးက မလေးနုကို တီးတိုးပြောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အခုလောလောဆယ် ငြိမ်ငြိမ်နေနိုင်းထားရမယ်၊ သွေးမအန်တော့မှ စမ်းသပ်မှုတွေ ဆက်လုပ်ရမယ်၊ ဓာတ်မှန်ရော အာထရာဆောင်းပါ ရိုက်မယ်၊ သူ့ခံနိုင်ရည်အပေါ်မှာတည်ပြီး ရင်ထဲကြည့်မှန်ပြောင်းနဲ့လည်း စမ်းသပ်ကြည့်မယ်၊ ပြီးတော့ အဖြေအားလုံးရမှ ခွဲစိတ်သင့် ခွဲရမှာပဲ'

သူတို့ စကားပြောနေစဉ် လူနာက လူးလွန့်လာ၍ ဆရာဝန်ကြီးနှင့် မလေးနုအနားကပ်သွားသည်။ မလေးနုသည် တစ်ခါမှ အေးဆိုသူကို မမြင်ဖူး။ ယခုတစ်ခါ တွေ့ခြင်းပဲ။ မျက်နှာဝိုင်းဝိုင်း၊ နှာတံမပေါ့တပေါ်၊ နှုတ်ခမ်းပါးနှင့် လူက ခပ်ဝဝပုပု၊ အသားက နဂိုဖြူရသည့်အထဲ သွေးအန်ထား၍ ဖြူဖျော့နေရာမှ အဝါဘက်သန်းနေသည်။ အေးသည် မျက်လုံးဖွင့်လိုက်ပေမယ့် မလေးနုတို့ကို မြင်ပုံမရ။

ဖြူပြာက အနားတိုးကပ်ကာ 'မေမေ သတိရလာပြီနော်' ဟု ပြောလိုက်သည်။

'ဖြူပြာ အခု မေမေ ဘယ်ရောက်နေလဲ'

အေးအသံက အုံ့သြစရာ မာမာထန်ထန်ဖြစ်နေသည်။ ဆရာဝန်ကြီးကပါ အနားတိုးကပ်သွားရသည်။ ဖြူပြာက အေးလက်ကိုကိုင်ရင်း 'ဆေးရုံကြီးလေ၊ မေမေ ဆေးရုံကြီးရောက်နေတယ်၊ ဒီမှာ မေမေ့ကိုကုတဲ့ ဆရာဝန်ကြီး ဦးခင်မောင်လွင်' ဟု ပြောကာ သူဇာ့ကို မျက်ရိပ်ပြလိုက်သည်။ မလေးနုကတော့ ဖြူပြာ ဘာလို့ ဒီလိုပြောသည်ကို နားမလည်။ အေးသည် ငြိမ်မနေ။ ဆရာဝန်ကြီးဆိုသူကို ကြည့်ရင်း စကားပြောနေသည်။

'အေးကို ရှိန်းဆေးတိုက်မတင်ပါနဲ့၊ ဟို ဒေါက်တာမလေးနုကို မကြည့်ပါရစေနဲ့၊ သူ့ဆေးကို မကုပါရစေနဲ့၊ ဖြူပြာ ဖြူပြာ'

'မေမေ ဖြူပြာ အနားမှာရှိတယ်'

'အဲဒီဟာမကို အကြောင်းမကြားနဲ့၊ မေမေ မကြည့်ချင်ဘူး၊ မိန်းမက ပျော့ပျော့ ပျော့ပျော့နဲ့ အပျော့ဆွဲ'



ဖြူပြာက မျက်စိမျက်နှာပျက်လာကာ အေးလက်ကို ဆုပ်ကိုင်ရင်း…

'သတိထားပါ မေမေ၊ အနားမှာ ဆရာဝန်ကြီး ဦးခင်မောင်လွင်လည်း ရှိပါတယ်'

'ငါ့လင်ကိုရော ငါ့သားသမီးတွေ အားလုံး အားလုံး သူက အပိုင်စီးပြီး ငါ့ကို… ငါ့ကို'

ဆက်မပြောနိုင်တော့ဘဲ အေး သတိလစ်သွားသည်။ ဆရာဝန်ကြီးက ပျာပျာသလဲ သူကိုယ်တိုင် သွေးချိန် ရင်ဘတ်ကို စမ်းသပ်ကြည့်နေသည်။ သူဇာရော ဖြူပြာရော အမေ့ကိုတစ်လှည့်၊ မလေးနုမျက်နှာကိုတစ်လှည့် သူတို့ကြည့်ရင်း မျက်စိမျက်နှာ ပျက်နေသည်။ သူဇာက မလေးနုလက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ အေးက လူးလွန့်လှုပ်ရှား၍ မျက်လုံးဖွင့်လာပြန်သည်။ မလေးနုသည် တင်သက်မာနားကပ်ကာ တီးတိုးပြောလိုက်သည်။

'တင်သက်မာ ဆရာဝန်ကြီးရော မင်းရော ရှိပြီပဲ၊ မလေးအခန်းပြန်ပါရစေ'

တင်သက်မာက မလေး အခြေအနေကို ရိပ်မိပါသည်။

'ကိစ္စရှိရင် ခေါ်လိုက်ပေါ့'

မလေးနုက ပြောကာ ထွက်သွားသည်။

တင်သက်မာ ခေါင်းညိတ်ပြလိုက်၏။ ဆရာဝန်ကြီးက နောက်ထပ်ဆေးတစ်လုံး ထပ်ထိုးလိုက်သောအခါ အေး မကြာမီ အိပ်ပျော်သွားသည်။ အေး အိပ်ပျော်သွား၍ ဆရာဝန်ကြီးက သူ့လက်ထောက်ကို ထပ်မံလုပ်စရာရှိသည်များကို ညွှန်ကြားကာ ပြန်သွားတော့သည်။

တင်သက်မာသည် သူဇာနှင့် ဖြူပြာကို လက်တို့လိုက်၍ အနားခေါ်လိုက်သည်။

'အန်တီသက်မာနဲ့ သူဇာ မလေးနောက် လိုက်သွားဦးမယ်၊ ဖြူပြာ နေရစ်ခဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com

ဖြူပြာက ခေါင်းညိတ်ပြလိုက်သည်။

တင်သက်မာနှင့် သူဇာ မလေးနုကို ရုံးခန်းမှာ မတွေ့။ အပေါ်ထပ် အိပ်ခန်းရှိရာ လိုက်သွားကြသည်။ မလေးနုသည် အိပ်ခန်းထဲမှာ ပစ္စည်းများကို သိမ်းနေသည်ကို တွေ့ရသည်။ သူဇာသည် အပြေးကလေး မလေးနုလက်ကို ဆုပ်ကိုင်လိုက်သည်။

'အန်တီမလေး ဘာလုပ်တာလဲ'

မလေးနုသည် ခုတင်ပေါ်ထိုင်လိုက်၏။

'သူဇာရော သက်မာရော အေးအေးဆေးဆေး ထိုင်ဦး'

သူက ကုလားထိုင်ကို ညွှန်ပြလိုက်၏။ သူဇာက ကုလားထိုင်ပေါ်ထိုင်ရင်း မလေးနုကို စူးစိုက်ကြည့်နေသည်။

'အခြေအနေအားလုံးကို တင်သက်မာ သိပါတယ်၊ မလေးနု ဒီဆေးတိုက်မှာ ဒါလောက်အထိပဲ လုပ်သင့်တယ်၊ မလေး ပြန်တော့မယ်၊ သူဇာတို့လည်း အရွယ်ရနေပြီပဲ၊ မင်းတို့ အန်တီသက်မာလည်း ရှိပါတယ်၊ သူက ဆက်ပြီး အလုပ်လုပ်သွားနိုင်တယ်၊ ဒီညနေ ရုံးအုပ်ကြီးကို ရုံးခန်းမှာ ခေါ်ထားတယ်၊ စာရင်းအင်း အားလုံးလွှဲပြီး နက်ဖြန် မလေး ကလောပြန်မယ်၊ ဆေးရုံအုပ်ကြီးဆီကို ဒီည မလေး ထွက်မယ့်အကြောင်း သွားပြောမယ်'

မလေး စကားဆုံးတော့ သူဇာသည် မလေးရှေ့ရှိ ကြမ်းပေါ်ထိုင်ကာ လက်နှစ်ဖက်ကို ဒူးပေါ်တင်၍ မျက်နှာလေး မော့ကာ ပြောလိုက်သည်။

'အန်တီမလေးရဲ့၊ သူဇာတို့ကို ပစ်သွားတော့မလား၊ ဖေဖေလည်း မရှိ၊ မေမေ့အခြေအနေက စိတ်မချရသေးဘူး၊ ဒီဆေးတိုက်ကြီးနဲ့ သူဇာ့တို့ကို ထားခဲ့မယ်'

'မင်းတို့မှာ အသိုင်းအဝိုင်းကြီးနဲ့ တောင့်တင်းပါတယ်၊ အန်တီမလေးက တစ်ယောက်တည်းပါ၊ ပြီးတော့လည်း သက်ဆိုင်ရာဆရာဝန်ကြီးကို မင်းတို့မေမေကို အန်တီမလေး အပ်ခဲ့ပြီးပြီ၊ လိုအပ်တာတွေ စီစဉ်ခဲ့တယ်'



မလေးနုက သူဇာ့မျက်နှာကို မကြည့်၊ ကြေကွဲစွာပြောလိုက်သည်။

'မလေးရယ် ... မင်း အနစ်နာခံလာခဲ့ပြီးမှ ရှိန်းပြန်လာတဲ့အထိတော့ စောင့်ပါ၊ ရှိန်း ပြန်လာတော့ သွားပေါ့၊ မင်းကို စိတ်ချပြီး ရှိန်းက ထားခဲ့တာ၊ တစ်သက်လုံးကောင်းခဲ့တာ သံပရာတစ်ခြမ်းနဲ့ မခြေလိုက်ပါနဲ့တော့၊ သက်မာ တောင်းပန်ပါတယ်'

သက်မာကပါ ဝင်၍ပြောလာသည်။

'ဝမ်းနည်းပါတယ် သက်မာ၊ မလေးဘက်က ကြည့်ပါဦး၊ အေးပြောတဲ့ စကားတွေဟာ ဆရာဝန်ကြီး ဦးခင်မောင်လွင်ပါ ကြားတယ်၊ သူနာပြုဆရာမတွေ၊ လက်ထောက်ဆရာဝန်တွေပါ အကုန်ကြားတယ်၊ မလေး သိက္ခာဘယ်လောက်ကျလဲ'

'မေမေကလေ သတိလစ်ပြီး ကယောင်ကတမ်းပြောတာပါ အန်တီမလေး၊ မေမေ နေကောင်းလာရင် သူဇာတို့ မေမေ့ကို ရှင်းပြပါမယ်'

'ကယောင်ကတမ်းဆိုတာ စိတ်ထဲမှာရှိနေတာကို စွဲလမ်းပြီး ပြောတာ၊ သူ့ရင်ထဲမှာ ဘယ်လောက် အစိုင်အခဲဖြစ်နေလဲမှ မသိ၊ ဘေးလူတွေ ဘယ်လိုစွပ်စွဲစွပ်စွဲ မလေး ဂရုမစိုက်ပါဘူး၊ ကာယကံရှင်ကိုယ်တိုင်က သံသယဖြစ်နေမှ မလေး ဆက်လုပ်ဖို့မလိုဘူး၊ မင်းတို့မေမေ နေကောင်းလာလို့ သံသယရှင်းသွားလည်း အန်တီမလေး ပြန်မလာတော့ဘူး'

တင်သက်မာက ခေါင်းငိုက်စိုက်ဖြစ်သွားသည်။

'သူတို့ မငဲ့တောင် မင်းလူနာတွေကို ငဲ့ပါဦး မလေးရယ်'

'လူနာတွေအတွက် အသေးစိတ်စီမံခဲ့မှာပါ၊ သက်မာ ခုပဲ မလေးနဲ့ တွဲလုပ်တဲ့ အိုဂျီကြည်ကြည်သန်းကို ဖုန်းဆက်လိုက်မယ်၊ အားလုံး ကိစ္စရှင်းပြီးမှ သွားမှာပါ'

'ဟုတ်ပါတယ် အန်တီမလေးရယ်၊ ဖေဖေ ပြန်လာမှသွားနို

www.burmeseclassic.com

သူ့ဇာ တောင်းပန်ပါတယ်၊ မေမေဟာ ခုတလော စိတ်မမှန်ပါဘူး၊ တိတ်ချင်လည်း တိတ်ဆိတ်ပြီး စကားတစ်လုံးမှ မပြောဘူး၊ ဒေါသထွက်လာရင် ကယောင်ချောက်ချားဖြစ်ပြီး ဆူပူသောင်းကျန်းလာတတ်ပါတယ်၊ အန်တီမလေးက ဆရာဝန်ဆိုတော့ မေမေ့စိတ်ဝေဒနာကို သိပါတယ်၊ စိတ်တက်ကြွတဲ့အခါလည်း အလွန်ကဲ၊ စိတ်ဓာတ်ကျရင်လည်း တစ်ယောက်တည်း ငြိမ်နေရော၊ မေမေ့ကို ခွင့်လွှတ်ပါ၊ မေမေ့ကိုယ်စား သူ့ဇာ တောင်းပန်ပါတယ်'

'ဘယ်သူ့အပြစ်မှ မရှိဘူး၊ အန်တီမလေးကို တောင်းပန်နေစရာ မလိုဘူး၊ သူ့ဇာတို့မေမေမှာလည်း အပြစ်မရှိဘူး၊ အန်တီမလေးအကျင့်က တစ်ခုခုအပြစ်ဖြစ်လာရင် အန်တီမလေးဘက်က ဘာမှားလဲဆိုတာ အမြဲပြန်ပြီး သုံးသပ်တတ်တယ်၊ ဒီဆေးခန်းမှာ ရှိန်း ရည်ရွယ်ချက်ရော အန်တီမလေး ရည်ရွယ်ချက်ရော ကောင်းပါတယ်၊ တစ်ခါ ရှိန်းကလည်း မိန်းမနဲ့စိတ်ဆိုးပြီး ဒီဆေးတိုက်ပြောင်းလာတယ်၊ ဘာပဲဖြစ်ဖြစ် မပြေးသော် ကံရာရှိဆိုသလို သူများအထင်လွဲစရာဖြစ်တယ်၊ ဖနီးတစ်ယောက်အနေနဲ့ အေးက ပိုပြီးသံသယဝင်စရာ ဖြစ်လာတာပေါ့၊ အေး အပြစ်မရှိပါဘူး၊ တစ်ခါတုန်းက ဒီကိစ္စ သက်မာကို မလေး ဖွင့်ပြောပြီး တိုင်ပင်ခဲ့ဖူးတယ်မို့လား'

'ဟုတ်ပါတယ်၊ ဒီတုန်းက သက်မာ ပြောခဲ့ပါတယ်၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူးဆိုတာ၊ ဒါပေမဲ့ ခုက ရှိန်းမရှိတဲ့အချိန် မင်းထွက်သွားရင် မင်းအပေါ် ရှိန်းက လုပ်ရက်တယ်လို့ထင်မှာစိုးတယ်'

'မပူပါနဲ့၊ ရှိန်းပြန်လာလည်း ကိုယ့်ကို တာဝန်မကျေလို့ အဆက်ဖြတ်ပါစေ၊ မလေး ခံရဲတယ်၊ ရှိန်းကိုသာ ပြောလိုက်၊ မလေးနုဆိုတဲ့ မိန်းမမှာ ကောင်းတဲ့အရည်အချင်းချည်း မရှိပါဘူးလို့၊ သူ့မှာ ပျော့ညံ့ချက်တွေလည်းရှိပါတယ်လို့၊ ကဲ… မင်းတို့နှစ်ယောက် အေးဆီပြန်သွားပါ၊ မလေး လုပ်စရာတွေလုပ်ပြီး သက်ဆိုင်ရာ



ဆရာဝန်တွေနဲ့ တွေ့ရမှာ ရှိသေးတယ်၊ မလေး လူနာတွေကိုတော့ ခွဲခွာသွားရမှာ ဝမ်းနည်းပါတယ်'

တင်သက်မာက သူ့ဇာ့လက်ကိုဆွဲကာ ထွက်လာကြသည်။ သူ့ဇာသည် တရှုပ်ရှုပ်ငို၍ လိုက်ပါလာသည်။ အေးအခန်းထဲ ရောက်တော့ အေးက အိပ်ပျော်နေဆဲ၊ သူ့ဇာသည် ဖြူပြာနားနားကပ်ကာ တီးတိုးပြောလိုက်သည်။ ဖြူပြာသည် မျက်နှာပျက်သွားသည်။ ညမှပဲ မလေးနုကို သွားတွေ့တော့မည်။ တင်သက်မာကတော့ ကိုအောင်ဝင်းထံ အကျိုးအကြောင်း ဖုန်းဆက်၍ အေးကို ညဥ့်နက်အောင် စောင့်ကြည့်လိုကြောင်း ကိုအောင်ဝင်းထံ ပြန်ပြောပြီး တင်သက်မာ အေးအနားကို ပြန်လာသည်။ အေးအနား ထိုင်သာနေရသည်။ မလေးနုအတွက် စိတ်မကောင်း၊ သူ့သူငယ်ချင်းအကြောင်း သူသိပါသည်။ ဘာလုပ်လုပ် အေးအေးနှင့် အခက်အခဲကို သည်းခံဖြတ်ကျော်တတ်ပေမယ့် စိတ်ထိခိုက်၍ ပေါက်ကွဲလျှင်တော့ တစ်ဖက်စွန်းရောက်တတ်သည်။ မလေးနုအနေနှင့် ကျောင်းကတည်းက အင်မတန် ထိန်းထိန်းသိမ်းသိမ်းနေသူ၊ ကာယကံရှင် အေးက စတင်စွပ်စွဲလေတော့ မလေးနု စိတ်ထိခိုက်မည်။ သူသည် ခုတင်ဘေးထိုင်ရင်း အေးမျက်နှာကို စိုက်ကြည့်နေမိသည်။ ဘာမဆို အရေးကို တွေးတွေးခေါ်ခေါ် မလုပ်တတ်၊ မလိမ္မာ၊ မပါးနပ်ဘူး ဆိုရမည်။ ရှိန်းဖြစ်လာသောကိစ္စ၊ သားသမီးတွေကိစ္စမှာ အေး မလိမ္မာမှုတွေက အများကြီးပါသည်။ နေမကောင်းဖြစ်လာတော့ သူ့စိတ် ပိုဆိုးလာသည်။ စိတ်ရောဂါဖြစ်ကာ အတွေးအခေါ်တွေလည်း ပုံမှန်မဖြစ်တော့ပါ။ ဖြူပြာပြောပြ၍ မြရည်ဦးဆီမှာ ဝဏ္ဏ ရောက်နေခြင်းကို တမင်အရွဲ့တိုက်ပြောခြင်းတဲ့၊ အေး အယူအဆကို နားမလည်နိုင်တော့ပေ။ သူနှင့် မလေးနုသည် ရှိန်း မိသားစုကြီးကို တတ်နိုင်သလောက် ထိန်းသိမ်းပေးကြသည်။ စေတနာ ဖြူစင်စွာထားသော မလေးနု မရှိတော့သည့်နောက် သူတစ်ယောက်တည်းစခန်းသွားရမည်ကို သက်မာက စိတ်မကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



အေးအပေါ်မှာ ငယ်သူငယ်ချင်းအဖြစ် အစစ သူ့သတိပေးပေမယ့် အေးရဲ့ အတွေးအခေါ်က တိမ်လွန်းသည်။ အေးအဖြစ်အပျက်ကို ကြည့်၍ သူ သင်ခန်းစာယူကာ ကိုအောင်ဝင်း အခြေအနေကို အချိန်မီ ထိန်းသိမ်းလိုက်နိုင်သည့်အတွက်တော့ အေးကို ကျေးဇူးတင်ပါသည်။

ထိုညက ဖြူပြာက အေးအနားအိပ်၍ သူ့ဇာက မူယာ တစ်ယောက်တည်းဖြစ်နေ၍ ပြန်သွားရသည်။ တင်သက်မာကလည်း ညဥ့်နက်မှ ပြန်ခဲ့သည်။

မလေးနုသည် ရှိန်းဆေးဟိုက်က ထွက်ခွာရမည့်ညက အိပ် ၍မရပါ။ လူနာများကို လွှဲပြောင်းပေးသောကိစ္စ၊ ငွေရေး ကြေးရေး ကိစ္စ၊ ရုံးပြဿနာတွေနှင့် တော်တော်နှင့်မပြီး။ တစ်ခုကလည်း ဆေးရုံ အုပ်ကြီးလုပ်သူ ဦးအောင်ထွန်းကို တယ်လီဖုန်းနှင့်ပြော၍မတော်သော ကြောင့် တွေ့ခွင့်တောင်းကာ အိမ်အထိလိုက်သွား၍ သူ ရှိန်းဆေးခန်း မှ နုတ်ထွက်မည့်အကြောင်း ပြောပြရသည်။

ဆရာကြီးကလည်း ရုတ်တရက်မို့ စိတ်မကောင်း၊ ရှိန်း ပြန်လာသည်အထိစောင့်ဖို့ ဝမ်းနည်းစွာပြောပြသည်။ သူကလည်း ဝမ်းနည်းစွာနှင့်ပင် ဆရာကြီးဆန္ဒကို ငြင်းပယ်ခဲ့ပါသည်။ ဆရာကြီး အိမ်ကအပြန် ဦးအေးကြူတို့ကို ဝင်ပြောရသေးသည်။ အဘိုးကြီး အဘွားကြီးကလည်း အံ့အားသင့်နေသည်။ ဆေးတိုက်မှ ပြန်ရောက်မှ ဒေါ်လေးသန်းကို ဖုန်းဆက်ပြောလိုက်သည်။ ဒေါ်လေးသန်းကလည်း မလေးနုကိုယ်တိုင် လာမပြောသည့်အတွက် ကျေနပ်ပုံမပေါ်။ သူ သည် အခုအချိန်မှာ တာဝန်ကျေသည်၊ မကျေသည်များကို စဉ်းစား၍ မရနိုင်တော့ပါ။ အလုပ်ကိစ္စများပြတ်မှ ပစ္စည်းများပြင်ဆင်၍ စားပွဲမှာ ထိုင်လိုက်သည်။ ရှိန်းထံ စာတစ်စောင်ရေးရန် ပြင်ဆင်တော့မှ မျက်ရည်များက တွေတွေကျလာသည်။ ဤမျက်ရည်များသည် ရှိန်းကို တွယ်တာသော သံယောဇဉ်၏ အတိုင်းအတာကို ဖော်ပြနေ သည်။ သူသည် မျက်ရည်စက်လက်နှင့်ပဲ စာကိုရေးလိုက်သည်။



*ချစ်လှစွာသော ရာဟုလာ*

*မလေး ဒီစာနဲ့ နှုတ်ဆက်ခဲ့ပါတယ်။ ရှိန်းကို ရာဟုလာ လို့ခေါ်လို့ မလေးကို စိတ်ဆိုးသွားပြီလား။*

*အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ တောထွက်ဖို့ဆန္ဒနဲ့ သူ့စိတ်ဟာ လမင်းလို ကြည်လင်အေးမြနေပါတယ်။ အဲဒီအချိန်မှာ သားတော်လေး မွေးလာတယ်လို့ မင်းချင်းများ လာရောက်လျှောက် ထားတဲ့အခါ သားဆိုတဲ့ အနှောင်အဖွဲ့ သံယောဇဉ်တစ်ခု ရစ်ပတ် လာတဲ့အတွက် ခုနှ တောထွက်လိုတဲ့ ကြည်လင်တဲ့စိတ်ဆန္ဒမှာ မင်းကို လင်ပုပ်ဖမ်းသလို အမှောင်နဲ့ ရစ်ပတ်ဖုံးလွှမ်း ညစ်နွမ်းစေတဲ့ အတွက် သားတော်လေးကို "ရာဟုလာ" လို့ အမည်ပေးလိုက်တယ်တဲ့။*

*မလေးရင်မှာ သန့်စင်တဲ့ စေတနာမေတ္တာနဲ့ ရှိန်း ဆေးခန်း ကြီးကို ဖြစ်မြောက်အောင် ထူထောင်ပြီး မလေး ကျေးဇူးရှင် ရှိန်းကို ကူညီဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ ကာလကြာလေလေ ရှိန်းရဲ့ စရိုက်အပြုအမူနဲ့ ရှိန်းပတ်ဝန်းကျင်ရဲ့အကြောင်းကြောင်းတွေကြောင့် မလေးရဲ့ နှလုံးသားလဝန်းကို လင်ပုပ်ဖမ်းသလို ညစ်နွမ်းစေခဲ့ပါတယ်။*

*ဒါကြောင့် မလေး ရှိန်းကို ရာဟုလာလို့ ခေါ်လိုက်တာပါ၊ ရှိန်း ဒီစာဖတ်နေချိန်မှာ မလေးတစ်ယောက် ကလောအိမ်ကြီးမှာ အေးချမ်းစွာ ရောက်နေပါပြီ။ ပြဿနာ အရပ်ရပ်ကို ရှိန်းနဲ့အတူ လက်တွဲဖြေရှင်းခဲ့တဲ့ မလေးရဲ့စေတနာကို နားလည်ရင်ဖြင့် ရှိန်း ပြန်တဲ့အထိမစောင့်ဘဲ ထွက်သွားတဲ့ မလေးအပေါ် ခွင့်လွှတ်နိုင်လိမ့် မယ်လို့ မျှော်လင့်ပါတယ်။ ရှိန်းဆေးတိုက်ကြီး တိုးတက်ပါစေ။*

*မလေးနု*

မလေးနုသည် စာကို လုံခြုံစွာပိတ်၍ တင်သက်မာမှတဆင့် ရှိန်း အင်္ဂလန်ကအပြန် ပေးဖို့ စီစဉ်ခဲ့သည်။နောက်နေ့ နံနက်စော စောမှာ ရှိန်းဆေးတိုက်ကြီးကို မလေး နောက်ခိုင်းကာ ထွက်လာခဲ့ပါ တော့သည်။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

# - ၂၇ -

ကလောဓ၏ မိုးဦး။

မုတ်သုံသည် စောစီးစွာ ဝင်ရောက်လာသည်။ ဆင်တောင်မှိုင်းလုံးတောင်တန်းများအပေါ်ရှိ ထင်းရှူးတောများသည် ကိုင်းခက်များငုံ့ယမ်း၍ အော်မြည်ဟစ်ကြွေးကာ မုတ်သုံကို ကြိုဆိုကြသည်။ ညို့မှိုင်းသော တိမ်ညိုများက ချစ်သူတောင်ထိပ်များကို ရင်ခွင်မှာ ပွေ့ဖက်လိုက်သည်။ ချစ်သူ၏ အအေးဓာတ်ဖြင့် တိမ်စိုင်တိမ်ခဲတွေ ဖွဲ့စည်းကာ မိုးအဖြစ် ရွာချလာသည်။ ချစ်၍ရွာသော ပုလဲမိုးများ တောင်ခြေရွာကလေးများနှင့် ကလောတစ်မြို့လုံးကို ကြဲဖြန့်လိုက်သည်။ မလေးနုသည် ပြတင်းမှ မိုးဦးအလှကို ငေးနေမိသည်။ အိမ်ကြီးကတော့ တိတ်ဆိတ်နေသည်။ အပြင်မှာသာ မိုးပေါက်သံတွေနှင့် သစ်ရွက်များ ရိုက်ခတ်သံတွေ ကြားနေရသည်။

'အန်တီမလေး ဖေဖေ နက်ဖြန် ပြန်လာမယ်တဲ့၊ မေမေ့ကို မီပါ့မလား မသိ၊ မေမေ့အခြေအနေက မကောင်းဘူး၊ သူတို့နှစ်ယောက် နောက်ဆုံးအချိန်မှာတော့ အေးချမ်းစွာ တွေ့ဆုံစေချင်ပါတယ်၊ တစ်သက်လုံး မတည့်ခဲ့တဲ့ လင်မယား'

ဖြူပြာထံက လူကြုံနှင့် စာရခဲ့သည်မှာ ဟိုအပတ်ကတည်းက။ မကြာမီ တင်သက်မာထံမှ အေး ဆုံးကြောင်း၊ အေးဆုံးပြီး နောက်နေ့မှာမှ ရှိန်း ရောက်လာကြောင်း၊ အေး အခြေအနေမကောင်းသည်ကို ဖုန်းဆက်ချိန်တွင် ရှိန်းက လန်ဒန်မှာ မရှိ၊ အီဒင်ဗာရာကို ရောက်နေ၍ ရှိန်း ပြန်လာချိန်တွင် အသက်မမီကြောင်းပါ တင်သက်



မာက စာထဲတွင် ရေးပြသည်။ အေး၏ နောက်ဆုံးအချိန်ကို ရေးပြသည်ကတော့…

'ဖြူပြာနဲ့ သူ့ဇာ အေးအလောင်းကို အေး အိပ်ခန်းထဲမှာပဲ ပြင်ထားတယ်၊ သူ့မေမေ မဆုံးခင်က ဝဏ္ဏနဲ့ အာကာကိုမေးတယ်၊ အာကာကလည်း ရဲဘက်က မလွတ်သေး၊ ဝဏ္ဏက ဆေးရုံတက်ရာ အကြာသေ့ရောဂါဖြစ်နေလို့ အေး ဘယ်သူနဲ့မှမတွေ့ရဘူး၊ ဆေးရုံက ဆင်းပြီး အိမ်မှာ တစ်လလောက်အကြာမှာ ပြန်ပြီး သွေးအန်တယ်၊ ဆေးရုံတင်ဖို့ အချိန်မရဘူး၊ ဆရာကြီးလာတုန်းက လမ်းမှာပဲရှိသေးတယ်၊ အေးက ဆုံးသွားတယ်၊ သူတို့မေမေဟာ ပုပန်လွန်းလို့တဲ့၊ အေး အလောင်းပြင်ထားတဲ့ အိပ်ခန်းမှာ လျှပ်စစ်မီးထွန်းမထားဘူး၊ ဖယောင်းတိုင်ကြီးတွေပဲ အလောင်းပတ်လည်မှာ ချထားတယ်၊ သူ့မျက်နှာဟာ ဖြူနုနေသလိုပဲ၊ ပန်းတွေအလယ်မှာ အိပ်ပျော်နေသလိုပဲ ကွယ်'

သက်မာထံမှ စာကိုဖတ်ရင်း မလေးနုက စိတ်မကောင်းပါ။ အေးသည် ချစ်သူဝဏ္ဏနှင့် နောက်ဆုံးအချိန်မှာ မတွေ့ရဘဲ လူ့လောကမှ ထွက်ခွာသွားရသည်။ ဖြူပြာကိုလည်းကောင်း၊ အရေးအကြောင်းဆို သူ့ထံပြေးလာသော သူ့ဇာကို သတိရသည်။ ဝဏ္ဏနှင့် အာကာတို့ အကြောင်းကလည်း စိတ်မချမ်းသာစရာ။

တင်သက်မာက သူ့အလုပ်များသည်ကို ရေးသားဖော်ပြ၍ မလေးနုသည် စေတနာခန်းမှ လူနာများနှင့် ဘဝမြင့်ရိပ်သာမှ ဘဝမမြင့်နိုင်သော ကိုစိန်မောင်တို့အုပ်စုကိုလည်း သတိရသည်။ သူ့မွေးနေ့ ရွှေတိဂုံဘုရားအပေါ် တွေ့စဉ်ကတော့ ကိုစိန်မောင် သန်လျင်ကို ပြောင်းသွားပြီတဲ့၊ ဘဝမြင့်ရိပ်သာ ရပ်ကွက်တစ်ခုလုံးကို ဖျက်လိုက်ပြီ ဟုဆိုသည်။ သန်လျင်မြို့စွန်မှာပဲ ဖြစ်ပါစေ၊ ကိုစိန်မောင်တစ်ယောက် သန့်ရှင်းသော တဲလေးထဲမှာ လေကောင်းလေသန့် ရပါစေလို့ပဲ ဆုတောင်းမိသည်။ ကျန်သောရပ်ကွက်များမှ နာလန်ထလူမမာများ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ပြန်သတိရသည်။ ကြက်ဥရောင်းဝယ်လုပ်နေသော ကုလားမလေး ညွန့်ရီနှင့် လူနာများ၊ အဆုတ်နာဆေးရုံမှာ ပေးထားသော ဆေးများ မသောက်ဘဲ ပြန်ရောင်း၍ သေသွားရသော ကိုမြအောင် ကအစ သူ အသေးစိတ် ပြန်သတိရနေသည်။

ပြီးတော့လည်း ကော်ဖောပေါ်မှာ ဟင်းခွက်မျိုးစုံ ပွဲတော်တည်၍ လူနာစောင့်နေကြသော ငွေကြေးခန်းမှ လူနာများကိုလည်း မြင်ယောင်လာသည်။ သူတို့အဖို့တော့ သိန်းဂဏန်းချီ၍ လူနာအတွက် ကုန်ကျလည်း မမှုပါ။ ငွေကိုလမ်းခင်း၍ အသက်ကိုကယ်နိုင်ကြသည်။

ဆင်းရဲသူများကျတော့လည်း ရှိန်းက ငွေကုန်ကြေးကျခံ ကုသပေးသည့်တောင်မှ အိမ်မှာကျန်ရစ်သော မိသားစုအတွက် လူနာက ငွေရှာပေးရသတဲ့၊ သူလုပ်ခဲ့သော အချိန်အတွင်းမှာ မဖြေရှင်းနိုင်သောပြဿနာ ဒီတစ်ခုပဲရှိခဲ့သည်။ အိမ်ထောင်ဦးစီး ဆေးရုံတက်နေစဉ် မိသားစု ဝင်ငွေမရှိ၍ စားစရာမရှိခြင်းပဲ။ ဆင်းရဲသားလူနာများကိုကုရ၍ ကုသိုလ်ရသည်တော့ မှန်ပါသည်။ သို့သော် တစ်နေ့တစ်နေ့ ဆင်းရဲသူတွေလည်းဖြစ်ပြန်၊ မကျန်းမာလေတော့ ပြဿနာပေါင်းစုံ မဆုံးနိုင်တော့ပါ။ အဓိက စီးပွားရေးပြဿနာဆိုတော့ သူတို့ဆရာဝန်က စေတနာသာ ပေးနိုင်သည်၊ အသပြာ မပေးနိုင်ပါ။ ရောဂါပျောက်ကင်းသွားသော စေတနာခန်းက လူနာတွေအတွက်ပဲ စိတ်ချမ်းသာမှုရယူကာ ကိုယ့်လုပ်ငန်းကို ဂုဏ်ယူစိတ်ဖြေရသည်။ တကယ်တော့ ရှိန်းဆေးတိုက်လုပ်ငန်းကြီးက သေသေချာချာလုပ်လေ မသက်သာလေနှင့် တော်တော်ပင်ပန်း၍ ပြဿနာစုံသောအလုပ်၊ ဆရာဝန်ဆိုတာ လူနာကျန်းမာအောင် ဆေးကုရုံပဲ၊ ခုတော့ မလေးနုအဖို့ ဆရာဝန်ဆိုပေမယ့် ဆေးတိုက်အုပ်ချုပ်ရေး၊ မီးဖိုလူနာတွေစားသောက်မှုပါ တာဝန်ယူရလေတော့ သူလုပ်ခဲ့သော လုပ်ငန်းများကို ပြန်တွေးကြည့်တော့မှ တော်တော်မောစရာကောင်းသော အလုပ်ပါပဲ၊ ယခု အေးဆေးစွာ ထိုင်စဉ်းစားမှ ရှိန်းဆေးတိုက်ကြီးမှာ



လုပ်စဉ်က ကြုံတွေ့ခဲ့ရသော စိတ်မော လူမော ပြဿနာတွေက ပို၍ ရုပ်လုံးပေါ်ခဲ့သည်။ ဆေးတိုက်ပြဿနာက ရှုပ်ရသည့်အထဲ ရှိန်းမိသားစုပြဿနာကတစ်မျိုး၊ သူနှင့် တင်သက်မာသည့် စာနာစိတ်နှင့် အစစ ရှိန်းမိသားစုကိုလည်း မိသားစုစိတ်ဓာတ်နှင့် ကူညီခဲ့ခြင်းပါပဲ။

အေးတစ်ယောက် အထင်လွဲရက်လေခြင်း၊ မလေးနုတို့ဘဝသည် အပြင်လောကမှာ ယောက်ျားများနှင့် တွဲဖက်လုပ်ကိုင် ရှာဖွေစားသောက်ခဲ့ရပေမယ့် ကိုယ်ကျင့်တရားကို ထိန်းသိမ်းလာခဲ့ကြသူများပါ။ ခုတော့ သူတစ်ပါးလင်ကို အပိုင်စီးလိုသည်ဟူသော စွပ်စွဲချက်မှာ လူရော ပစ္စည်းကိုပါ ဆိုလိုခြင်းဖြစ်၍ ဒါလောက်ပက်စက်သော အကြံအစည်မျိုး မလေးနုမှာ မရှိသည်ကို အေးနားလည်စေချင်ပါသည်။ သူမထွက်လာခင်က အေးကို ဖြေရှင်းဖို့ကလည်း အသည်းအသန် လူမမာနှင့် ပြဿနာရင်မဆိုင်ချင်၍ ကျန်းမာမှ တစ်နေ့နေ့ တွေ့တော့မည်ဟု သူဆုံးဖြတ်ကာ ကလောကို ထွက်လာခဲ့ခြင်းဖြစ်သည်။ အခုတော့ ဖြေရှင်းရမည့် ကာယကံရှင်က ကွယ်လွန်ခဲ့ပြီ။

သေပြီဆိုတော့ အေးအပေါ် ခွင့်လွှတ်လိုက်ပါပြီ။ ပြဿနာဆိုတာ မကိုင်တွယ်တတ်လျှင် တရားခံပြန်ဖြစ်တတ်သလို အေးအကြောင်း ပြန်စဉ်းစားလိုက်လျှင် လင်နှင့် သားသမီးပြဿနာကို မကိုင်တွယ်တတ်၍ သူ့ခမျာ တရားခံပြန်ဖြစ်သွားသည်။ စိတ်ညစ်ညူးပါများတော့ မလေးနုအပေါ်မှာလည်း အမှန်ရောက်အောင် မတွေးခေါ်နိုင်ပေဘူးပေါ့။

ရှိန်းဆိုသူကတော့ အေး သေသွားလည်း သူက ဆေးပေးမီးယူတစ်ယောက်တော့ ယူဦးမှာပဲ၊ အသက်ခုနစ်ဆယ်ကျော်သူကြီးတွေ မိန်းမသေလျှင် "ဆေးပေးမီးယူအတွက်တော့ ယူဦးမှ သားသမီးက ပြုစုနိုင်တာမဟုတ်" ဟူ၍ အကြောင်းပြကာ မိန်းမငယ်ငယ် ယူကြသေးသည်ပဲ။ မိန်းမတွေမှာ ဘယ်လောက်အိုအို ကိုယ့်အေး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ယူသောက်ရသည်။ အိုနာရွတ်တွ မိန်းမတစ်ယောက်ကိုလည်း ဘယ်ယောကျ်ားကမှ ဆေးပေးမီးယူ ပြုစုမည်မဟုတ်ပါ။ ဒေဝစ္ဆရာ ဆိုရင်တော့ အနားကမခွာ ပြုစုကောင်း ပြုစုကြမည်။ (Gentlemen Prefer Blonde) ဆိုစကားလို နွားအို မြက်နုကြိုက်ကြပါသည်။ လူအိုယောကျ်ားတွေအတွက် 'ဆေးပေးမီးယူ' ဆိုသည့် မိန်းမငယ်ငယ်ယူဖို့ လက်သုံးစကား အကြောင်းပြစကားပဲပေါ့။

ပြန်တွေးလိုက်တော့လည်း ရှိန်းတို့ မိသားစုအဖြစ်က ပူလောင်လိုက်တာ၊ ရှိန်းဆေးခန်းအလုပ်ကလည်း ပင်ပန်းလိုက်တာ။ ယခုလို ပူလောင်ခြင်း၊ ပင်ပန်းခြင်းများကို ဖြတ်သန်းလာခဲ့ရသည်ကို တွေးမိတိုင်း သူ၏ငယ်ဘဝလေး၊ အေးချမ်းမှုကို ပြန်လည်တွေးမိသည်။

သူတို့မှာ သားအမိ သားအဖ သုံးယောက်တည်း။ သူကလည်း တစ်ဦးတည်းသော သမီး။ သူငယ်စဉ်က ကစားဖော် ကစားဖက်ဆို၍ ဦးစောထီးသမီးတွေပဲ ရှိသည်။ ဦးစောထီးတို့က ခရစ်ယာန်များဖြစ်သည်။ တနင်္ဂနွေနေ့တိုင်း သူတို့ ဂါဝန်လှလှလေးတွေဝတ်၍ ဝေဘဲလ်လမ်း တောင်ခြေက ဘုရားရှိခိုးကျောင်းကို သွားကြသည်။ စန္ဒရားနှင့် သီချင်းဆိုရသည်ကို ပျော်သည်။ ပြီးတော့ တရားဟော ဆရာက ဘိုင်ဘယ်လ် Bible ကျမ်းထဲမှ ပုံပြင်တွေကို ညင်သာ အေးချမ်းစွာ ရှာဟောပြောပြသည်။

တနင်္ဂနွေနေ့မှာ သူငယ်ချင်းတွေနှင့် ဘုရားရှိခိုးကျောင်းသွား၍ အဖိတ်နေ့မှာ ဓမ္မစကြာလမ်းက သီလရှင်တိုက်က ဆရာလေး ဒေါ်ဣန္ဒာဆီကို မေမေက သူ့ကိုပို့သည်။ ဆရာလေးကလည်း ဘုရားဂုဏ်တော်တွေ သင်ကြားရင်း မင်္ဂလသုတ်ကိုလည်း သင်ပေးသည်။ အသက်စွန့်ကာ ဆွေမျိုးနောက်လိုက်ငယ်သားကို ကယ်တင်သော မျောက်မင်းအကြောင်း၊ ရပ်ရေးရွာရေး၊ အများအကျိုးကိုဆောင်ရွက်သော မာဂဓတိုင်းသား မောင်မာဃ အမှူးရှိသော ရွာသားများ အကြောင်း ဆရာလေးကလည်း ပြောပြသည်။ ဆရာလေးကလည်း



ဆရာမဲ့ခရာ့စ်စတီးလိုပင် ပုံပြောကောင်းသည်။ ဒီလို ပုံပြင်လေးတွေနှင့် သူကြီးပြင်းလာခဲ့ရသည်။ ဆယ်တန်းအောင်၍ တက္ကသိုလ်ရောက်စကများ ဆူဆူ ဆူဆူကျောင်းသားများ ပတ်ဝန်းကျင်မှာ မနေတတ်သလိုတောင် သူဖြစ်မိသည်။ နောက်မှ တဖြည်းဖြည်း အသားကျလာသည်။ ဒါပေမဲ့ အေးချမ်းတိတ်ဆိတ်စွာ မိသားစု နေခဲ့ရသော ကလောအိမ်ကြီး၏ အငွေ့အသက်ကတော့ သူ ဘယ်ရောက်နေနေ လွှမ်းမိုးလျက်ရှိသည်။

ဘဝထဲကို တိုးဝှေ့ဝင်ရောက်ရသောအခါ ခရစ်ယာန်ဆရာမများနှင့် ဓမ္မစကြာကျောင်းက ဆရာလေး ဒေါ်ဣန္ဒာတို့၏ ပုံပြင်များသည် သူ့အတွက် အဖော်ကောင်းတွေ ဖြစ်လာကြသည်။

သူသည် အရွယ်ရောက်တော့ စိတ်ကူးယဉ်သား၊ သူ့ဌာနေကလောကို ဝိုင်းရံထားသော တောင်တန်းကြီးတွေမြင်လျှင် အားတက်သည်။ ညို့မှိုင်းစိမ်းစိုသော တောင်တန်းတွေက အေးချမ်းခြင်းနှင့် ကြံ့ခိုင်ခြင်းကို သရုပ်ဆောင်နေကြသည်။ ဒါပေမဲ့ ရေငွေ့များ သယ်ဆောင်လာသော တိမ်စိုင်ခဲတွေ၊ တိမ်တောင်များ ဘဝကိုတော့ သူ သနားသည်။ စွန့်လွှတ်ရဲသူများဟု ထင်သည်။ သူတို့ အဝေးကြီးက သမုဒ္ဒရာနှင့် ရေအိုင်ကြီးများကို ဖြတ်သန်း၍ မုတ်သုံလေကို အဖော်ပြုလာကြသည်။ ချစ်သူတောင်တန်း ညို့ညို့စိမ်းစိမ်းများကို တွေ့လိုတော့ နှင်လာခဲ့ရပေမယ့် တိမ်တောင်တွေက သိပါသည်။ ချစ်သူတောင်တန်းများကို ပွေ့ဖက်နှုတ်ဆက်လိုက်သည့် တစ်ပြိုင်နက် ချစ်သူတောရိပ် တောင်ရိပ်၏ အအေးဓာတ်ကြောင့် သူ့ရင်မှ ရေငွေ့များ စုခဲကာ ပုလဲရည် ပုလဲပေါက်များအဖြစ် သွန်ချရတော့မည်ကို သိပါသည်။ တောင်တန်းကြီးများအပေါ်မှာ တိမ်စိုင်များ ရစ်သိုင်းညို့မှောင်လာလျှင် သူ့အလိုလို ဝမ်းနည်းလာသည်။ ချစ်သူတို့နှင့်ဦး တွေ့ဆုံလျှင် တိမ်တိုက်များ ရင်ခွင်မှာ တောင်ထွတ်များ ငွေ့လှုံကြခြင်းသည် ကြည်နူးစရာလိုလိုနှင့် မကြာခင် တိမ်မှိုင်တိမ်ခဲများ၏ရင်မှ

www.burmeseclassic.com

www.burmeseclassic.com



ပုလဲရည်မိုးစက်များ သွန်ကျလာသည်နှင့် တစ်ပြိုင်နက် တိမ်တောင်များ တဖြည်းဖြည်း ပျောက်ကွယ်သွားကြရသည်။

တောင်ခြေရွာများနှင့် လယ်မြေယာတွေ၊ သစ်ပင်တောတောင်တွေမှာတော့ မိုးစက်မိုးရေများနှင့် စိမ်းလန်းစိုပြည်သလောက် တိမ်တောင်များကတော့ အသက်စွန့်လွှတ်သွားကြရပြီ။

အသက်သေရတော့မည်၊ သူတို့ဘဝ ကုန်ဆုံးရမည်ကို သိပါလျက်နှင့် ချစ်သူတောင်တန်းများကို ပွေ့ဖက်နမ်းရှုပ်သော မိုးတိမ်များ၊ စွန့်လွှတ်ရဲသော မိုးသားတိမ်တိုက်များ၏ သတ္တိကို ချီးကျူးပါသည်။ သူတို့ရင်မှ မိုးပုလဲရတနာများကို မြေသားများအတွက် လယ်ယာမြေနှင့် သစ်တောကြီးများအပေါ်သို့ သွန်ချရင်း လူ့လောကမှ ထွက်ခွာသွားကြသည်။

သူ့ချစ်သူ ကိုမျိုးဇင်လည်း အသက်အန္တရာယ်ကို မသိ၍မှ မဟုတ်၊ စစ်မြေပြင်ကိုရောက်လျှင် သေခြင်းတရားဆိုတာက ဆီးကြိုနေမြဲ။ ဒါပေမဲ့ အမိမြေကိုချစ်သော အချစ်က ဇင်၏စိတ်ကို မတားနိုင်ပါ။ သူ့အသက်ကို အမိမြေကိုအပ်ကာ ဇင်လည်း လူ့လောကထဲက ထွက်ခွာသွားပါပြီ။

မလေးနုသည် ဇင်နှင့် နောက်ဆုံးထိုင်ခဲ့သော ယူကလစ်ပင်မြေမှာ ထိုင်ရင်း မျိုးစုံတွေးနေမိသည်။ တိမ်တောင်တွေ နိမ့်ဆင်းလာပြန်သည်။ လေက မိုးသက်ငွေ့ဖြင့် အေးစိမ့်နေသည်။ အဝေးထင်းရှူးပင်တန်း၏ ပင်ခြေမှာတော့ ရွှေရောင်သန်းနေသော နေခြည်မျှင်တန်းတွေကို တွေ့နေရသည်။

ခြံထဲသို့ ကားတစ်စီးဝင်လာ၍ ဦးဘသာက စောင့်ကြည့်နေသည်။ ဆင်ဝင်အောက်တွင် ကားကရပ်လိုက်၍ ကားပေါ်မှ ဆင်းလာသူကို မလေးနု ကြည့်လိုက်တော့ ရှိန်း။

"ရှိန်း"

မလေးနုသည် ထိုင်ရာမှ ရုတ်တရက်ထကာ အော်ဟစ်ခေါ်



လိုက်ပေမယ့် သူ့ခြေများ လှမ်း၍မရ၊ အားမရှိသလို တုံ့နေးနေသည်။ ရှိန်းက သူရှိရာသို့ တဖြည်းဖြည်း လျှောက်လှမ်းလာသည်။

"ရှိန်း လိုက်လာတယ်လား"

"လိုက်လာတယ်လေ၊ တွေ့ချင်လွန်းလို့"

ရှိန်းက ပြောရင်း မလေးနု စကားမဆက်ခင် မလေးနုအပါးထိုင်ချလိုက်သည်။ မလေးနုကလည်း ပြန်ထိုင်လိုက်သည်။ ရန်ကုန်က သွားစဉ်ကနှင့်မတူ ပိန်သွားသော ရှိန်းမျက်နှာကို မလေးနုက ငေးကြည့်နေမိသည်။

"အေးအတွက် မလေး စိတ်မကောင်းပါဘူး ရှိန်း၊ မလေးဟာ ဒီတစ်ခါ လုပ်သင့်တာထက် လုပ်ချင်တာကို လုပ်လိုက်လို့ မလေးကို ခွင့်လွှတ်ပါ"

မလေးနုက တောင်းပန်စကား ဆိုလိုက်သည်။

"ဒါတွေ ထားလိုက်၊ ရှိန်းပြန်လာတော့ သမီးတွေဆီကရောတင်သက်မာဆီကရော အကြောင်းစုံ ကြားပြီးပြီ၊ မလေးက ခွင့်လွှတ်ပါလို့ စကားဆိုစရာ မရှိပါဘူး၊ ရှိန်းအတွက် မလေးလုပ်သင့်လုပ်ထိုက်တာထက်တောင် ပိုလုပ်ပေးခဲ့တယ်လို့ ရှိန်း ယူဆပါတယ်၊ ဒါပေမဲ့ ရင်ထဲမှာ ပြောချင်တဲ့စကားတွေ ရှိသေးလို့ လိုက်လာရတာပါ၊ ဒီကောင့်ကို လက်ခံမယ်မို့လား"

"ညှို့သည်ကို မနှင်ပါဘူး ရှိန်း၊ ကဲ… ထမင်းစားပြီးမှ အေးအေးဆေးဆေး စကားပြောရအောင်၊ အခု ရေမိုးချိုး နားလိုက်ဦး၊ ရှိန်း ခရီးပန်းလာတယ်၊ ဦးဘသာ"

မလေးနုက ဦးဘသာကို လှမ်းခေါ်လိုက်သည်။

"သူက ရှိန်းဆေးတိုက်ပိုင်ရှင် မလေး ပြောပြောနေတဲ့ ဦးဗညားရှိန်းပဲ၊ အောက်ထပ်မှာ အိပ်ခန်းပြင်ပြီး ထားလိုက်ပါ၊ ညနေစာလည်းကျွေးမယ်၊ ဒေါ်မြကို ပြောလိုက်ပါ၊ ကားပေါ်က ပစ္စည်းတွေလည်း သယ်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ရှိန်း၏ကားကို ဂိုဒေါင်ထဲသွင်းခိုင်းလိုက်သည်။

ရှိန်း ဒီလိုလိုက်လာတော့လည်း မလေးနု ဝမ်းသာပါသည်။ အိမ်ထဲကို ရှိန်းကို ခေါ်သွားလိုက်၏။ ရှိန်းသည် တအံ့တသြ ကျွန်းသားများနှင့် မွမ်းမံထားသော အိမ်ကြီး၏ ခံ့ညားပုံကို ကြည့်နေသည်။ သူဌေးကြီးတစ်ယောက်အဖြစ် ရန်ကုန်မှာနေပေမယ့် သူနေသောအိမ်မှာ မလေးနုအိမ်လို ခမ်းနားခြင်းမရှိ။

"ဒီအိမ်ကြီးမှာ မလေးနုတစ်ယောက်တည်းနေတယ်"

အပါးမှာရပ်နေသော မလေးနုကို ရှိန်းက မေးလိုက်သည်။

"ဟုတ်တယ်၊ ဒါက ဖေဖေနဲ့ မေမေ့ပုံ"

မလေးနု ဧည့်ခန်းထိပ်တွင် ချိတ်ထားသော ဇနီးမောင်နှံစုံတွဲ ဓာတ်ပုံကြီးကို ပြလိုက်သည်။ ရှိန်းက ငေးနေမိသည်။ မလေးနုသည် ဖခင်နှင့် ရုပ်ချင်းဆင်ပုံရသည်။ ဦးမောင်မောင်ကြီးက ရှေးလူကြီး အပြင်အဆင် တောင်ရှည်ပုဆိုး၊ အပေါ်အင်္ကျီရင်ဖုံး၊ ခေါင်းပေါင်းနှင့် ဘေးက ဇနီးဖြစ်သူက ဘီးဆံထုံးကြီးထုံးကာ ပဝါစုံချထားသည်။ ချိတ်ထဘီနှင့် အတော်ကျက်သရေရှိသောပုံ ဖြစ်သည်။

"အေးကွယ်... ဒီအိမ်ကြီးကို သူ့ စိတ်တိုင်းကျ ဆောက်ထားပုံရတယ်နော်၊ အပေါ်ထပ်လည်း ကိုယ်သွားကြည့်ချင်တယ်"

မလေးနုက ရှိန်းကို အပေါ်ထပ်သို့ ခေါ်သွားသည်။ အပေါ်ထပ်မှာ ကျယ်ဝန်းသော ဧည့်ခန်းမကြီးရှိ၍ ဘေးတစ်ဖက်မှာ အိပ်ခန်းတွေရှိသည်။ အခန်းတွဲထားသည်မှာ အုတ်နံရံတွေဖြစ်ပေမယ့် ကျွန်းသားများ အပေါ်မှာထပ်၍ တပ်ထားသည်။ ဘုရားခန်းကအစ ရှိန်းက လိုက်ကြည့်သည်။

"ရှိန်းတို့အိမ်မှာ ဘုရားခန်း မရှိဘူးဆို"

"ဟုတ်တယ်လေ၊ မရှိဘူး"

ရှိန်းက တုံးတိတိဖြေလိုက်သည်။ ပြတင်းမှာ သွားရပ်ကာ အပြင်ခြံဝင်း၏အလှကို ငုံ့ကြည့်နေသည်။



"ဆောင်းဆိုရင်တော့ အလှစိုက် ဆောင်းတွင်းပန်းတွေ ခြံထဲမှာ ပြည့်နေတာပဲ၊ မိုးတွင်းမှာတော့ ဒေလီနဲ့ နှင်းဆီပဲ၊ ဟိုဘက်က ကက္ကရူနဲ့ ပင်စိမ်းနီ"

ပင်စိမ်းနီတွေမှာ ပတ္တမြားခဲလို ရဲတွတ်နေ၍ ကက္ကရူပန်းတွေက ပန်းလက်တံရှည်များ၊ အဖျားမှာ အဖြူအပွင့်ဆုပ်များ အိနေသည်။ ဒေလီယာပန်းတွေက အပွင့်ကြီးတွေ ကော်ဖီပန်းကန်ပြားလောက်ရှိသည်။ ဘဝ၏များချိန်ကို အသေအချာ ပြင်ဆင်သွားသော မလေးနုအဖေကို ရှိန်းက သတိရနေသည်။ သူ့ခမျာ ပြင်ဆင်ထားပေမယ့် နေမသွားရ။

"ဒီအိမ်ကြီးမှာ မျိုးဇင်နဲ့ မလေးတို့ စေ့စပ်တာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ ဟိုမှာလေ မလေး ခုနထိုင်နေတဲ့ ယူကလစ်ပင်ကြီးအောက်က ခုံတန်းလေး၊ ဇင်နဲ့ စေ့စပ်တဲ့နေ့ နောက်ဆုံးတွေ့ရတဲ့နေရာ"

မလေးနုက ယူကလစ်ပင်လုံး ဖြူဖြူကြီး၏ အောက်ခြေကို ညွှန်ပြနေသည်။ ရှိန်းသည် မျှော်ကြည့်ရင်း တစ်ယောက်တည်းပြောနေသည်။

"သြော်... ဘဝမှာ မမေ့နိုင်လောက်အောင် ချစ်သူနဲ့တွေ့ခဲ့တဲ့ နေရာတို့၊ ဘာတို့ မလေးတို့လို ရှိန်း ပြောပြချင်လိုက်တာ၊ ရှိန်းမှာ အမှတ်တရပြောစရာ ဘာမှလည်းမရှိဘူး၊ တွေ့ခဲ့တဲ့ မိန်းမတွေကလည်း အများကြီး"

မလေးနုသည် ရှိန်းစကားကိုနားထောင်ရင်း အံ့သြသွားသည်။

"မလေး... ဧည့်သည် ရေချိုးဖို့ ရေနွေးအဆင်သင့်ရှိပြီ"

ဦးဘသာ လာခေါ်သွား၍ ရှိန်းက အောက်ဆင်းသွားသည်။ မလေးနုသည် ဒေါ်မြနှင့်အတူ ရှိန်းကို ညစာကျွေးဖို့ ကူညီလုပ်ကိုင်ပေးနေသည်။

ထမင်းစားချိန်မှာ အပြင်မှာ အလင်းရောင်မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းကြီးထဲမှာ မီးများ ထိန်ထိန်လင်း၍နေသည်။ မိုးရွာချလာ၍ ပြတင်းတံခါးများကို ဦးဘသာ လိုက်ပိတ်နေသည်။

"ဦးဘသာရယ် ရေချိုးပြီးစ၊ ရှိန်း အေးနေမယ်၊ အပြင်က မိုးကောင်းတယ်၊ မီးလင်းဖို ထင်းထည့်ပြီး မီးဖိုလိုက်ပါ၊ ကဲ… ရှိန်း ထိုင်၊ ထမင်းစားစို့"

ထမင်းစားပွဲမှာ ဒေါ်မြက ထမင်းထည့်ထားပေမယ့် ဟင်းများကို မလေးနုက ရှိန်းပန်းကန်ထဲ ကိုယ်တိုင်ထည့်ပေးသည်။ ရှိန်းသည် ရွှေလျားနေသော မလေးနု လက်များကို စူးစိုက်ကြည့်နေမိသည်။ ညာဘက် လက်ခလယ်မှာ မလေးနု မွေးနေ့တုန်းက ရှိန်းကိုယ်တိုင် ဝတ်ပေးခဲ့သော စိန်လက်စွပ်ကလေးက တလက်လက်နှင့် ဝင်းပနေသည်။

မလေးနုသည် သူပေးသော လက်စွပ်လေးကိုတော့ အမှတ်တရ ဝတ်ဆင်နေဆဲဆိုသည်ကို သိရတော့ ကျေနပ်ဝမ်းသာမိသည်။ သို့သော် မလေးနုက သူ၏ ရှိန်းဆေးခန်းကို ပြန်လာဖို့ဆန္ဒမှ ရှိပါဦးမည်လော၊ သူကြိုးစား၍တော့ မလေးနု ပြန်လာဖို့ကို ပြောရမည်။

"ရှိန်း ဘာတွေးနေလဲ၊ စားလေ၊ မလေး အိမ်မှာရှိတာတွေပဲ ချက်ထားတယ်၊ ရှိန်းဘာကြိုက်လဲ ပြော၊ နက်ဖြန်မှ ဝယ်ချက်မယ်"

"ဟင်းတွေ စုံပါတယ်၊ စားလို့ရပါတယ်၊ စိတ်ထဲက ဆေးတိုက်မှာ ထမင်းစားရတဲ့အချိန်တွေကို ပြန်သတိရနေလို့ပါ၊ မလေးတို့ သမီးတို့နဲ့ သိုက်သိုက်ဝန်းဝန်း စားခဲ့ရတာ ရှိန်း အမြဲသတိရတယ်"

"မလေးလည်း ညနေတိုင်ဆို နေသာတဲ့ညနေမှာ ခြံထဲထွက်ထိုင်ရင်း ဆေးခန်းရော လူနာတွေရော သတိရတယ်၊ အထူးသဖြင့် ဖြူပြာနဲ့ သူ့ဓာကို သတိရတယ်၊ သူ့ဓာ မဆိုးဘူးနော်၊ မလေးတို့ ထင်တာထက် သူ့စိတ်ကို ထိန်းနိုင်သားပဲ၊ ကဲ… နောက်ကျမှပြော၊ ထမင်းစားဦး"

"ဒီမှာ ဟင်းသီးဟင်းရွက်ပေါတယ်၊ မလေးက ဟင်းသီး



ဟင်းရွက်ကြော်တာထက် အရိုးစွပ်ပြုတ်မှာ ခပ်သောက်တာ ကြိုက်တယ်၊ ဒါက ဂေါ်ရခါးညွန့်ကြော်ချက်၊ ခရမ်းချဉ်သီးတွေ ပန်တွေဖျော်၊ ကြက်သားဆီပြန် စားတယ်မို့လား"

"စားပါတယ်"

"မလေးကိုယ်တိုင် ချက်လား"

"ကျောင်းထွက်စက မချက်တတ်သေးဘူး၊ နောက်တော့ မေမေနဲ့ မီးဖိုချောင်ဝင်ကူရင်း ချက်တတ်လာတာ၊ မနက်ဖြန် ဈေးနေ့ဆိုရင် မှိုပေါတယ်၊ မှိုဝအောင် စားသွားနော်"

ရှိန်းက ထမင်းကို ငုံ့စားနေရင်းမှ အရင်းမရှိ အဖျားမရှိ ပြောလိုက်သည်။

"လူမှာ စေတနာလိုတာပဲနော်"

"ဘာကိုပြောတာလဲ ရှိန်း"

"စေတနာက ရှေ့ဆော်ရင် အလုပ်လုပ်ဖြစ်တာပဲ၊ အေးဟာ ရှိန်းနဲ့ ချစ်လို့ လက်ထပ်ခဲ့ပေမယ့် စေတနာမရှိဘူးထင်တယ်၊ စေတနာမရှိတော့ 'လင်စားပါစေလို့' ကြိုးစားချက်ချင်တဲ့စိတ် မရှိဘူး၊ ရှိန်းကို သူ တစ်ခါမှချက်မကျွေးဘူး၊ ကျွေးလည်း ပေါက်ကရ အဆီအငေါ်မတည့်ဘူး၊ ကြိုးစားရင် ဘာပဲဖြစ်ဖြစ် ဖြစ်ပါတယ်"

မလေးနုသည် ဘာဝင်၍ပြောရမည်ကို မသိသလို ကြောင်နေသည်။ တခြားစကားကို လွှဲပြောင်းလိုက်ဖို့ ကြိုးစားရသည်။

"အရင်လို ထမင်းမစားခင် အမြည်းနဲ့ သောက်တော်ရေတွေ ဘာတွေ သုံးဆောင်သေးလား"

မလေးနု ရယ်မောသလို၊ နောက်သလို ပြောလိုက်သည်။

"ဩော်… မလေးရယ်၊ မလေးကို ရှိန်း ဘယ်တော့မှ မညာဘူးဆိုတာ ယုံ၊ ဖြစ်ခဲ့တာတွေ ကြိုမပြောမိတာပဲ ရှိန်းအပြစ်၊ ရှိန်း ဝမ်းနည်းပါတယ်၊ အခုလည်း ရှိန်းဟာ ဆေးတိုက်ကိုပြောင်းလာမှ ရှိန်း ညနေခင်း သောက်ပွဲမလုပ်တော့ဘူး၊ အဲလိုနဲ့ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



တောင် သောက်ဖော်သောက်ဖက်တွေက ရှိန်းကို မစွတာဆော်ဒါတဲ့၊ အရက်က နည်းနည်း ဆော်ဒါပဲ သောက်နေလို့၊ မလေး စကားတွေကို ရှိန်း အမြဲနားထောင်တယ်မှတ်၊ လူချင်း ဘယ်လောက်ဝေးဝေးနေနေ ကိုယ့်ရင်ထဲမှာ မလေး အမြဲရှိနေတယ်၊ မလေး စကားတွေကို ကြားနေတယ်'

ရှိန်းက စကားပြောပြီး ခက်ရင်းနှင့် ဇွန်း ချလိုက်သည်။ မလေးက နေရာမှထသွားကာ အသင့်လုပ်ထားသော သီးစုံကို ယူလာခဲ့သည်။ ဦးဘသာ သိမ်းသွားသော ထမင်းပန်းကန်နေရာမှာ သီးစုံပန်းကန်နှင့် နို့ခွက်ကို ချလိုက်သည်။

'ကလောမှာ နို့ သိပ်ကောင်းတယ် ရှိန်း၊ သွေးတိုးမရှိဘူးမို့လား၊ နို့နဲ့ရောလိုက်မယ်'

'မရှိပါဘူး'

မလေးနုက သီးစုံပန်းကန်ထဲ နို့ရောလိုက်သည်။

'သီးစုံကလည်း နိုင်ငံခြားကလာတဲ့ဘူးတွေ ရှိပေမယ့် မလေး မသုံးဘူး၊ ကလောမှာ သစ်သီးစုံပေါတော့ ငှက်ပျောသီး၊ နာနတ်သီး၊ သစ်တော်သီး အစုံပဲ၊ ကိုယ့်ဘာသာလုပ်တယ်၊ ရှိန်း စားနော်'

ရှိန်းက ဇွန်းငယ်နှင့် သစ်သီးများကို ခပ်စားနေသည်။ သူ့စိတ်ထဲမှာ တစ်ခုခုတွေးနေပုံရသည်။ အချိုပွဲသိမ်းသွားမှ မလေးနုကို ရှိန်းက ပြောလိုက်သည်။

'မလေးနဲ့ ရှိန်း စကားပြောချင်တယ်၊ ဧည့်ခန်းမှာ ပြောရမလား၊ ဒီမှာပဲ ပြောရမလား'

'ကြိုက်တဲ့နေရာ ပြောလေ၊ ဒီအခန်းထဲက မီးဖိုဘေးမှာ ပြောလည်း ရတယ်'

မလေးနုသည် ဦးဘသာကို လှမ်းခေါ်ကာ မီးလင်းဖိုနားမှာ ကြိမ်ကုလားထိုင်ပုလေးများ ချခိုင်းလိုက်သည်။

'ဦးဘသာ ကော်ဖီယူခဲ့နော်'



မီးဖိုနားထိုင်ရင်း ကော်ဖီသောက်နေကြသည်။ ရှိန်း ဘာပြောမည်ကို မလေးက နားထောင်နေသည်။ ရှိန်းက ကော်ဖီကို လက်စသတ် သောက်ပြီးမှ ပြောတော့သည်။

'မလေး ဆေးတိုက်က ထွက်သွားတဲ့အကြောင်း အေးမဆုံးခင် ဖြူပြာက ရှိန်းကို ဖုန်းနဲ့ပြောပါတယ်၊ ရှိန်း တော်တော်စိတ်ထိခိုက်ပါတယ်၊ တော်ရုံတန်ရုံအကြောင်းနဲ့လည်း မလေး မထွက်သွားပါဘူး၊ ဒါပေမဲ့ ဘာ့ကြောင့်ဆိုတာကိုလည်း ရှိန်းမသိချင်ပါဘူး'

ရှိန်းသည် စကားခေတ္တရပ်ထား၏။

'မလေး ထားခဲ့တဲ့စာလည်း ဖတ်ရတယ်၊ ရှိန်းကို ချစ်လှစွာသော ရာဟုလာဟုခေါ်လို့ ရှိန်း ဝမ်းနည်းမိတယ်၊ မလေးရဲ့ သန့်ရှင်းဖြူစင်တဲ့ နှလုံးသားကို ရာဟုဖမ်းသလို၊ လငပုပ်ဖမ်းသလို ရှိန်းရဲ့ အပြုအမူတွေကြောင့် အမှောင်ဖုံးလွှမ်းပြီး ညစ်ကျူခဲ့ရတဲ့ သဘောဖြစ်နေလို့ ရှိန်း စိတ်မကောင်းဖြစ်ရပါတယ်၊ ရှိန်း တောင်းပန်ပါတယ်၊ နောက်ကို ရှိန်းကို ဘယ်တော့မှ ရာဟုလာလို့ မခေါ်ပါနဲ့၊ ရှိန်း အမှောင်ကို ကိုယ်စားပြုတဲ့ရာဟု မဖြစ်ချင်ဘူး'

လူးလွန့်နေသော မီးညွန့်များက တရှိန်ရှိန်တက်နေသည်။ မီးညွန့်ရောင်ဖြင့် ရှိန်းအသားသည် ဝင်းပနေပေမယ့် မျက်ကွင်းများ ချောင်ကာ နွမ်းနယ်နေသည်ကို မလေး သတိထားမိသည်။ ရှိန်း မျက်လုံးသည် လဟာနယ်ကို ကြည့်နေသလို အဝေးကို စူးစိုက်ကြည့်နေသည်။

'မလေးနုနဲ့ ရှိန်းဆေးတိုက်ထောင်ပြီးမှ ရှိန်း အနေအထိုင်ကို ပြောင်းလဲခဲ့တယ်ဆိုတာကိုတော့ မလေး လက်ခံပါတယ်နော်၊ မလေးမှန်ရင် ဟုတ်ကဲ့လို့ ပြောပါ'

'ဟုတ်ပါတယ်၊ ပြောင်းလဲခဲ့ပါတယ်'

'သေဆုံးသူရဲ့အကြောင်း မကောင်းမပြောရဘူးဆိုတဲ့ စကားရှိလို့ အေးအကြောင်း ဘာမှ မပြောချင်တော့ပါဘူး၊ ဒါပေမဲ့ ရှိန်းတို့

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေဟာ ဦးစီးခေါင်းဆောင်တဲ့နေရာမှာ နေရပေမယ့် ငယ်စဉ်က မိခင်ဆိုတဲ့ မိန်းမ အမျိုးသမီးက ပုံသွင်းသွန်သင်တာကို ခံရတယ်၊ ကြီးလာလို့ အိမ်ထောင်ပြုရင် ဇနီးမယားက ပုံသွင်းပြုပြင်တာကို ခံရတယ်၊ ရေဆိုရင်လည်း မှန်မယ်၊ ထည့်ရာခွက်နဲ့ ပုံသဏ္ဌာန်ကို လိုက်တယ်၊ ခွက်ပုံစံ မမှန်ပြန်ရင်လည်း ဒီလူ ပုံမပေါ်ဘူး၊ ပြီးတော့ ပုံသွင်းခံရတဲ့ ယောက်ျားရဲ့ လေးစားမှုကလည်း ရှိသေးတယ်၊ မိခင်ကို လေးစားတယ်၊ ဇနီးကို လေးစားတယ်ဆိုရင် သူတို့ရဲ့ ပုံကိုင်မှုကို ယောက်ျားတွေဟာ နာခံတယ်၊ လေးစားအပ်တဲ့ အရည်အချင်းမရှိတဲ့သူတွေလည်း ရှိပါတယ်"

ရှိန်းက ခေတ္တနားလိုက်ပြန်သည်။

"မလေးကိုတော့ ရှိန်း လေးစားတယ်၊ လေးစားတယ်ဆိုတဲ့ အရည်အချင်းရှိဖို့က မိန်းမတိုင်းမှာ ရခဲတဲ့ အရည်အချင်းပါ၊ မလေးကို ရှိန်း ပြောခဲ့ဖူးတယ်၊ မျိုးဇင်ကိုချစ်တဲ့ အချစ်ဟာ ကိုယ့်ဇနီးအေးကို ချစ်တာထက် ပိုခဲ့တယ်လို့၊ ဇင်ဟာ လေးစားအပ်၊ မြတ်နိုးအပ်တဲ့ ကိုယ့်ရဲ့သူငယ်ချင်း အဆွေခင်ပွန်းကောင်း Comrade ပဲ၊ မျိုးဇင် ကွယ်လွန်ပြီးနောက် မျိုးဇင်ကိုချစ်တဲ့ အချစ်မျိုးနဲ့ မျိုးဇင်ရဲ့ ချစ်သူ မလေးကို စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်လို့ ရှိန်းပြောခဲ့တယ်၊ မှတ်မိလား"

"မှတ်မိပါတယ်"

"မျိုးဇင်ကို ချစ်တဲ့အချစ်နဲ့ မလေးအပေါ် ချစ်ခဲ့လေတော့ မလေးကိုချစ်တာ ကိုယ့်ဇနီးထက်ပိုတယ်"

"ဘယ်လို"

မလေးက မျက်ခုံးလေးပင့်ကာ မေးလိုက်သည်။

"သည်းခံနားထောင်ပါ၊ ရတ်တရက်တော့ စကားလုံးက အချစ်ပါလာတော့ အဓိပ္ပာယ်ကောက်လွဲစရာ ဖြစ်မယ်၊ မျိုးဇင်ကို ရှိန်းချစ်ခဲ့တာ ရာဂနဲ့မှ မဟုတ်တာ၊ ဒီလိုပဲ မိန်းမကိုချစ်တဲ့ ရာဂဆိုတာကို နုတ်လိုက်ရင်တောင် မျိုးဇင်ကို ရှိန်းချစ်တဲ့ အချစ်က ပိုခဲ့ပါတယ်၊ ဒီလိုပါပဲ၊ ရာဂကင်းသောအချစ်နဲ့ မလေးကို ရှိန်း မြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ၊ အားလည်း ကိုးမိတယ် မလေး၊ မလေးတို့က ထင်တယ်၊ မိန်းမသားဟာ အားငယ်သူမို့ ယောက်ျားကို အားကိုးစိတ်နဲ့ ချစ်တာလို့၊ အားကြီးတယ်ဆိုတဲ့ ယောက်ျားတွေကလည်း မိန်းမကို အားကိုးတယ်ဆိုရင်ရော မလေး ဘယ်လိုထင်လဲ၊ မင်းတုန်းမင်းတရားကြီးဟာ ကုန်းဘောင်ဆက်မှာ ထူးချွန်တဲ့မင်းပဲ၊ အရည်အချင်းလည်းရှိတယ်၊ ဒါပေမဲ့ သူ့မိဖုရားခေါင်ကြီးကို အလွန်အားကိုးတယ်၊ ဘာမဆို အကြံဉာဏ်တောင်းယူတယ်၊ ရှိန်းလည်း မလေးနဲ့ လက်တွဲလုပ်လေလေ မလေး အရည်အချင်းကိုသိရပြီး သိပ်အားကိုးမိတယ်၊ ယုံလား"



မလေးနုက ခေါင်းညိတ်ပြ၏။ ခုမှ သက်ပြင်းချနိုင်တော့သည်။

"ယုံလို့ ရှိန်းဆေးတိုက်တစ်ခုလုံး ပုံအပ်ခဲ့တာပါ၊ ရှိန်းရဲ့ အတိတ်က ကျူးလွန်ခဲ့တဲ့ အပြစ်တွေဟာ မလေး စိတ်ကို အနှောင့်အယှက်ဖြစ်ခဲ့မှာပါ၊ မလေးချစ်ခဲ့တဲ့ မလေးတွေ့ဖူးတဲ့ ယောက်ျားသားနှစ်ယောက်ဟာ တစ်ယောက်က အဖေဖြစ်သူ သစ်တောဝန်ထောက် ဦးမောင်မောင်ကြီး၊ တစ်ယောက်က ချစ်သူ မျိုးဇင်၊ သူတို့နှစ်ယောက်ဟာ ယောက်ျားတို့နယ်မြေမှာ စံထားလောက်အောင် စာရိတ္တကိုထိန်းချုပ်တဲ့သူတွေဆိုတော့ မလေးဟာ ယောက်ျားတွေတွေ့တိုင်း ဒီစံ ဒီပေတံနဲ့ တိုင်းမှာပဲလို့ ရှိန်း ယုံကြည်တယ်၊ ဟုတ်တယ်မို့လား"

"ဟုတ်ပါတယ်"

မလေးရင်ထဲမှာ ရှိန်း ဒါလောက်စကားကို ရှည်ရှည်ဝေးဝေးစွာ ပြောလိမ့်မည်မထင်။ ပြောင်မြောက်သော စကားလုံးများကို သုံးတတ်လိမ့်မည်ဟုလည်း မထင်ခဲ့ပေ။ ရှိန်း စကားလုံးများကို ကြားရတော့ သူ့ အံ့အားသင့်နေသည်။ သူက ဟုတ်တဲ့လိုက်ရမည့်အလည်

www.burmeseclassic.com

www.burmeseclassic.com



ပေပဲ။ ရှိန်းက သူ့ကားကို ဆက်လက်ပြောသည်။

'မလေးရဲ့ပေတံနဲ့ တိုင်းတဲ့အခါ ရှိန်းဟာ ပေမမီ ကိုက်မမီပေါ့၊ မှန်ပါတယ်၊ စီးပွားရေးလုပ်ငန်းတွေနဲ့ ရှိန်းဆိုတာ ရန်ကုန်မှာရော နိုင်ငံခြားကုမ္ပဏီတွေမှာရော ထင်ရှားတဲ့လူ မြန်မာမီလျှံနာပေါ့၊ ဒါပေမဲ့ မျိုးခင်ရဲ့ စာရိတ္တကိုတော့ မမီပါဘူး၊ ဒါ့ကြောင့် ရှိန်းကို မလေးဟာ လေးစားချင်မှ လေးစားမယ်၊ ချစ်ချင်မှ ချစ်မယ်၊ ဒါပေမဲ့ အခု ရှိန်း ဒီကိုလာတာ ဘာလို့လဲ၊ သိလား'

'မသိပါဘူး'

'ရှိန်းအချစ်ကို ဖွင့်ပြောချင်လို့'

တောက်လျှောက်ကြီး ရှိန်းက ပြောလိုက်သောအခါ မလေးနှသည် ပါးစပ်လေးဟကာ အံ့အားသင့်သွားပုံရသည်။

'ဟုတ်တယ် ဆက်နားထောင်ဦး၊ ရှိန်းက မလေးကို ချစ်တယ်ဆိုတာကိုသာ ပြောဖို့လာတာ၊ မလေးရဲ့အချစ်ကို တောင်းခံဖို့လာတာ မဟုတ်ဘူး၊

'တောင်းခံလည်း မလေးကိုင်ထားတဲ့ ပေတံနဲ့ မမီတဲ့ ဒီကောင်ကို မလေးရင်ထဲက ချစ်နေရင်တောင်မှ ဒီအချစ်ကို ပေးမှာ မဟုတ်ဘူးဆိုတာလည်း ဒီကောင် သိတယ်၊ ရှိန်းမှာလေ သူတကာတွေမှာမရှိတဲ့ အရည်အချင်းတစ်ခု သူတစ်ပါးစိတ်ကို ထိုးဖောက်သိတဲ့ ဉာဏ်ဆိုတာ ရှိပါတယ်၊ မလေးရင်ထဲမှာ အချစ်ရှိချင်ရှိမယ်၊ ဒါပေမဲ့ အချစ်ကိုပေးဖို့ဆိုတာက တခြားပဲ၊ ဒါက ကာယကံရှင်က ဆုံးဖြတ်ပိုင်ခွင့်ပဲ၊ ဒါ့ကြောင့် ရှိန်းပြောချင်တာတစ်ခုက ရှိန်းဟာ မိန်းမများများကို ချစ်ခဲ့တယ်၊ ဒီနေရာမှာ 'မွေ့ရာချစ်'လို့ပဲ သုံးရမယ်၊ သူတို့ကလည်း ကိုယ့်ဆီကငွေ ဒါမှမဟုတ် ခန္ဓာကိုယ်ကို လိုချင်လို့ အလဲအလှယ် လုပ်ကြတာကိုး၊ ရှိန်းကိုလည်း သူတို့ရင်ထဲ မထည့်သလို ရှိန်း ရင်ထဲမှာလည်း သူတို့ တစ်ယောက်မှမရှိဘူး၊ ကိုယ့်မိန်းမ အေးတောင် မရှိဘူး၊ မွေ့ရာတစ်ခုတည်း အိပ်နေပေမယ့်



ကမ္ဘာခြားသလို အတွေးအခေါ်မတူတဲ့ မိန်းမတစ်ယောက်နဲ့ အတူမနေလိုလို့ ရှိန်းဆေးတိုက်ကို ဆင်းလာခဲ့တယ်၊ ရှိန်း ပြောခဲ့ဖူးတယ်၊ အမြဲလို ရှိန်း အထီးကျန်နေတယ်၊ ဒါပေမဲ့ ဆေးခန်းမှာ မလေးနဲ့ အတူ အလုပ်လုပ်ကတည်းက ရှိန်းရင်ထဲမှာ မလေး အမြဲရှိနေတယ်'

မလေးနှမှာ နားထောင်ရင်း တုန်လှုပ်သွားသည်။

'ငါ့အပေါ် နားလည်တဲ့ မိန်းမ၊ ငါ့ကို သန့်စင်တဲ့ မေတ္တာနဲ့ ချစ်တဲ့ မိန်းမတစ်ယောက် ရှိပါသေးလားဆိုပြီး ရှိန်း အားတက်တယ်၊ အခု အကြောင်းကြောင်းတွေကြောင့် မလေး ရှိန်းကိုခွဲသွားလည်း ကိုယ့်ရင်ထဲမှာ မလေး ရှိနေတယ်ဆိုတာ ထပ်ပြောပါရစေ၊ မျိုးခင်က ပြောခဲ့ဖူးတယ်၊ မလေးအပေါ် သူချစ်တဲ့အချစ်ဟာ ၅၂၈ ထက် ပိုတယ်၊ ၁၅၀၀ ထက်လည်း ပိုတယ်၊ သူ့အချစ် ဒီဂရီကို ဂဏန်းလုံးတွေနဲ့ ဖော်မပြနိုင်ဘူးတဲ့၊ ဘယ်လောက်ပဲချစ်ချစ် ဒီအချစ်မှာ မြတ်နိုးတာပါခဲ့လေတော့ မလေးကို သမီးရည်းစားဖြစ်ပေမယ့် လက်ဖျားနဲ့ မတို့ခဲ့ဘူးလို့ မျိုးခင်က ပြောခဲ့ဖူးတယ်၊ တစ်နေ့ ရှိန်းဟာ ချစ်ပေမယ့် လက်ဖျားနဲ့မတို့ရက်အောင် မြတ်နိုးအပ်တဲ့ မိန်းမတစ်ယောက်ယောက်ကို တွေ့ရဦးမှာပါတဲ့။

အခု ရှိန်း ပြောချင်တာက မျိုးခင်စိတ်ဓာတ်တွေ ရှိန်းမှာ ဝင်ခဲ့ပြီ၊ ရှိန်းမှာ မိန်းမမျိုးစုံနဲ့ တွေ့ခဲ့ ပွေခဲ့တာတွေ နှစ်ပါးသွားခဲ့တာတွေ မလေးကို ပြောခဲ့ပြီးပါပြီ၊ မလေးနဲ့ ရှိန်းနဲ့ အတူလက်တွဲလုပ်စဉ်က ရှိန်းစရိုက်တွေကို သိခဲ့ပါပြီ၊ အဲဒီစဉ်အခါကတည်းက မလေးကို ရှိန်း လက်ဖျားနဲ့ မတို့ခဲ့ပါဘူး၊ ရှိန်းကို ချစ်အောင်လည်း သွေးမဆောင်ခဲ့ပါဘူး၊ ဒါပေမဲ့ အခု မျိုးခင်စကားအတိုင်း လေးစားမြတ်နိုးအပ်တဲ့ မိန်းမတစ်ယောက်ကို တွေ့ခဲ့ပါပြီ၊ အဲဒါဟာ ဘယ်သူလဲဆိုတော့ မလေးပါပဲ'

ခေတ္တနားပြီး ရှိန်းက သူ့စကားကို ဆက်ပြန်သည်။

'မလေးကို ရှိန်း ဘယ်လောက်မြတ်နိုးတယ် ချစ်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ ပြောရာက နောက်ဆုံး တစ်ခုပြောချင်တာ ရှိပါတယ်၊ ရှိန်းကို မချစ်ချင်နေပါ၊ ရှိန်းရဲ့ ဆေးတိုက်ကိုတော့ ချစ်ပါ၊ ဆေးတိုက်က လူနာတွေကိုလည်း ချစ်တဲ့အနေနဲ့ မလေး ရန်ကုန်ပြန်လာခဲ့ပါ၊ ဒါ တစ်ခုတော့ လေးလေးနက်နက် တောင်းဆိုပါရစေ၊ မလေးရဲ့ဘဝ အာမခံချက်ကို တစ်သက်လုံး သေတဲ့အထိ ရှိန်း တာဝန်ယူတယ်လို့ ကတိပေးပါတယ်'

ရှိန်းက စကားပြောရာမှ မတ်တတ်ရပ်လိုက်ကာ…

'ကဲ… ပြောချင်တာတော့ ပြီးပြီ၊ နောက်ဆုံး ရှိန်းရဲ့ဆန္ဒ တစ်ခု ကျန်သေးတယ်၊ ခဏလောက်စောင့်ပါ'

ရှိန်းသည် သူ့အိပ်ခန်းထဲကို ဝင်သွားကာ ပြန်ထွက်လာတော့ လက်ထဲမှာပါလာသော ဘူးကို မလေးနှကို လှမ်းပေးသည်။ ဘူးလေး က အရှည် နှစ်လက်မခွဲ၊ အမြင့် တစ်လက်မခွဲလောက်ရှိသော ငွေကြုတ်လေး ဖြစ်သည်။

'ဒါကို ယူသွားပါ၊ အဲဒီ ကြုတ်ထဲမှာ ရှိန်းရဲ့ ဆံပင်လေး တွေ ရှိပါကယ်၊ မလေး ရှိန်းကို အချစ်မပေးချင်နေပါ၊ မလေး ခေါင်းက ဆံပင်နည်းနည်းဖြတ်ပြီး ဒီကြုတ်ထဲထည့်ပြီး ဒီညပဲ ရှိန်း ကို ပြန်ပေးပါ'

'ဘာလုပ်ဖို့'

ငွေကြုတ်ကိုကိုင်ရင်း မလေးနှက နားမလည်သလို မေး လိုက်သည်။ ရှိန်းသည် မလေးနှကို စူးစူးစိုက်စိုက်ပြန်ကြည့်ရင်း သက်ပြင်းချလိုက်သည်။

'ရှိန်း ကျန်းမာရေးက သိပ်မကောင်းဘူးလေ၊ နိုင်ငံခြားမှာ လည်း ဆေးစစ်ခဲ့ပါသေးတယ်၊ တို့နှစ်ယောက် ဘယ်သူအရင်သေ မယ်ဆိုတာ မသိဘူး၊ ရှိမိရှိန်နဲ့ ဂျူလီယက်တောင် သေတဲ့အခါ တူပြိုင် ဂူလိုဏ် အတူသေနိုင်ကြတဲ့ အခွင့်အရေးရှိပါတယ်၊ ရှိန်းဆိုတဲ့ အကောင်မှာ ကိုယ်ချစ်တဲ့ မလေးနဲ့ အတူနေခွင့်မရှိပါဘူး၊ ဒါပေမဲ့



မလေးကိုယ်စား ရှိန်းအပါးမှာ တစ်ခုခုရှိစေချင်တယ်၊ ရှိန်း သေရင် တောင် အုတ်ဂူထဲမှာထည့်မြှုပ်ဖို့ မလေးရဲ့ဆံပင် လိုချင်တယ်၊ တို့ နှစ်ယောက် အသက်ရှင်စဉ် လူချင်းပူးပေါင်းလို့မရတဲ့နောက် ဆံပင်ခွေ လေးနှစ်ခုတော့ သေပြီးတဲ့နောက် ပူးပေါင်းခွင့်ပြုပါ၊ ရှိန်းက ပုလောင် လွန်းလို့ တမလွန်မှာ မလေးရင်ထဲက အအေးဓာတ်ကို ရှိန်း ယူသွားပါ ရစေ၊ ဒါလောက်တော့ ရှိန်းကိုခွင့်ပြုပါ၊ ရှိန်းအလိုကို လိုက်ပါ မလေး၊ ဒီညပဲ ဒီကြုတ်ကို မလေးဆံပင်နဲ့အတူ ပြန်ပြီးပို့လိုက်ပါ၊ ဒီည ရှိန်း ချစ်သူဆံပင် ရင်မှာပိုက်ပြီး ကောင်းမွန်စွာအိပ်ပါရစေ၊ စကားပြော တာတွေ ရှည်လှပြီ၊ ရှိန်းသွားတော့မယ်၊ ဂွတ်နိုက်'

ရှိန်းက စကားစဖြတ်ကာ ထသွားတော့သည်။ မလေးနှက တော့ လှုပ်ရှား၍မရသေး။ သူ့ရင်ထဲမှာ ရှိန်းနှင့် ပတ်သက်၍ မမျှော် လင့်သော အပြုအမူ အပြောအဆိုတွေ လှိုင်းထနေသည်။ နှလုံးသား မရှိသော ရှိန်း၊ ကျောက်တုံးလို ခံစားမှုမရှိသော နှလုံးသားကို ရင်မှာပိုက်ထားသူတစ်ယောက်။ ရှိန်းပြောသလို မွေ့ရာချစ်နှင့်သာ မိန်းမတွေနှင့် နှစ်ပါးသွားသူ၊ အရက်အိုး ခေါင်းစိုက်နေသူ၊ အထိန်း အကွပ်မရှိသူ တစ်ယောက်အဖြစ် သူ ယူဆခဲ့သည်။ ဆက်ဆံခဲ့ သည်။ ပြောချင်သလို ပြောခဲ့သည်။ ယနေ့ည ရှိန်း၏ ပြောစကား နှင့် အပြုအမူတွေက ရှိန်း၏နှလုံးသားတွင် သိမ်မွေ့သန့်စင်သော အချစ်ဆိုတာ ရှိသေးသည်ကို ပြသလိုက်သည်။

ငွေကြုတ်ငယ်ကိုကိုင်ကာ မလေးနှသည် မီးပုံကို စူးစိုက် ကြည့်နေသည်။ ထင်းများ လောင်ကျွမ်း၍ ပြာပုံပေါ်မှာ မီးငွေ့ငွေ့ ပဲ ကျန်တော့သည်။ သူ မီးပုံဘေးမှ အသာထကာ လှေကားပေါ် တက်လာခဲ့သည်။

သူ့အခန်းသို့ဝင်ကာ ခုတင်ခေါင်းရင်းဘက်ရှိ စားပွဲပေါ်မှာ ငွေကြုတ်လေးကို တင်လိုက်သည်။ ပြတင်းဆီသို့ လျှောက်သွားကာ ခန်းဆီးကို ဖယ်လိုက်သည်။ အပြင်မှာ [illegible] ပြင်းကန်စွာတိုက်နေ

www.burmeseclassic.com

www.burmeseclassic.com



ဆဲ၊ ထင်းရှူးပင်များ ဖရိုဖရဲဖြစ်နေကြသည်။ မိုးသီးမိုးပေါက်တွေအောက်မှာ သစ်ကိုင်းတွေ လက်မြှောက်အော်မြည်နေသလို ထင်ရသည်။ ညနေက အလှမြင်ကွင်းလေး ပျက်သွားသည်။ ခြံထဲမှာ လုံခြုံရေးအတွက် ထွန်းထားသော အလင်းရောင် မှိန်ဝါးဝါးအောက်မှာ သစ်ပင်ရှည်ကြီးများသည် အရိပ်မည်းမည်းကြီးတွေအဖြစ် ယိမ်းယိုင်နေကြသည်။

မလေးနုသည် အပြင်ကိုပဲ စူးစိုက်ကြည့်နေမိသည်။ ညဦးက မီးဖိုဘေးမှာ ရှိန်းပြောခဲ့သော စကားများ၊ သူ့ကို ပွင့်ပွင့်လင်းလင်း အားလုံးဖွင့်ပြောသွားခဲ့သည်။ ပြီးတော့ ဆေးတိုက်ကို ပြန်လာပါတဲ့၊ လူနာများကို ချစ်ပါတဲ့။

ရှိန်းကသာ ထင်သည်။ လူတွေ၏ စိတ်အကြံကို သူက ထိုးဖောက်သိမြင်သူတဲ့။ ရှိန်းမသိတာတွေ အများကြီးရှိသေးသည်ဆိုတာကို သူပြောပြချင်သည်။

မလေးနုအနေနှင့် လူနာများအပေါ် သံယောဇဉ်မဖြတ်နိုင်၍ ပြန်သွားသည်ထားဦး။ မလေးနုအပေါ် ချစ်နေသော ရှိန်းနှင့် အချိန်ကြာမြင့်စွာ နေသွားဖို့က မလွယ်။ အထူးသဖြင့် ရှိန်းဇနီးအေးက ကွယ်လွန်သွားပြီ။ မုဆိုးဖိုတစ်ယောက်နှင့် နီးနီးကပ်ကပ် အလုပ်တွဲလုပ်သည်က သူ့ကစ်ပါး အပြောခံရသည့်အတွက် မလေးနု မမှုပါ။ နီးစပ်မှုမှ ပေါက်ပွားလာသော မလေးနုစိတ်၏ အတိုင်းအတာကို မလေးနုကိုယ်တိုင် မသိနိုင်ပါ။ ရှိန်းလည်း မသိပါပေ။ ဤနီးစပ်မှု၏ အကျိုးဆက် အရှိန်အဟုန်သည် ရှိန်းပြောသည့် ရာဂမပါသော အချစ်ထက် နယ်လွန်နိုင်သည်ကို ရှိန်း တွေးတောမိမည် မဟုတ်ပါ။ မလေးနုကတော့ မိန်းမသား၊ တွေးရပေမည်။ အသည်းနှင့် နှလုံးနှင့် ခံစားချက်နှင့် မိန်းမသားတစ်ယောက် အရွယ်မလွန်ခင် ရေရှည် နီးနီးစပ်စပ် ယောကျ်ားတစ်ယောက်နှင့် နေသွားဖို့ဆိုသည်က အန္တရာယ်ကြီးလှသည်။ အခါခပ်သိမ်း နှလုံးသားကို ထိန်းသိမ်းနိုင်ပါသည်ဟု



အာမ မခံနိုင်။ နှလုံးသား၏ အလိုကို လိုက်မိမှဖြင့် နောက်ဆက်တွဲ သက်ရောက်လာမည့် အကျိုးဆက်တွေကို မလေးနု မတွေးရဲပါ။ ကြိုတင်ကာကွယ်ဖို့က သူ့တာဝန်၊ ရန်ကုန်မှာတင် ဆင်းရဲသားလူနာရှိသည်မဟုတ်၊ တောင်ပေါ်ဒေသအနှံ့ ရောက်ခဲ့သော သူ့အဖို့ ချို့တဲ့သော လူနာမျိုးစုံကို တွေ့ခဲ့ရဖူးပြီ။ ကလောမှာပင် အခြေစိုက်ကာ သူ့မွေးရပ်မြေမှာရှိသော ချို့ငဲ့သူတွေကို သူ ကူညီသွားနိုင်သည်ပဲ။ ရှိန်း ဆေးတိုက်ကြီးက အရှိန်နှင့် လည်ပတ်နေပါပြီ။ ဒီယန္တရားကို ဘယ်သူ့တက်မောင်းမောင်း ရသည်။ မလေးနု သေသွားတော့ရော တစ်ယောက်ယောက်က ဆက်ခံရမည်ပဲ။

ရှိန်း ကျေးဇူးတရားတွေကို မေ့လျော့၍ မဟုတ်သည်ကိုလည်း ရှိန်း သိစေချင်သည်။ ရှိန်းအတွက် ၁၀ နှစ်နီးပါး ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးတစ်စိတ်တစ်ဒေသ ဆပ်ခဲ့ပါပြီ။ သူ့အတွက် ငွေကြေးခံစားမှုကို ခွင့်ပေးသော ရှိန်း၏ ကျေးဇူးတရားကို အမြဲဲ သတိရနေပေမယ့် ရှိန်း ဆေးတိုက်ကို ပြန်သွားဖို့တော့ မလွယ်ပါ။ သူသည် ရင်ထဲမှာ မတင်မကျနှင့် ရှိန်းကို ဘယ်လိုပြောရပါ့။ သွားလေသူ အေးက သူ့အပေါ် ခွဲချက်တင်ကာ တမလွန်ကို အသာ ကြီး သယ်သွားပြီကိုလည်း သူ ရှိန်းကို ဖွင့်မပြောလိုပါ။ ဘ ကာမှ အေးအပေါ် ရှိန်း၏ နာကြည်းမှု ပိုလာမှာလည်း စိုးပါ တစ်စုံတစ်ယောက်ထံမှ သူ့ဘာသာ သိပါစေတော့။

မလေးနုသည် အတွေးစဖြတ်ကာ ပြတင်းမှခွာလို စားပွဲပေါ်ရှိ ငွေကြုတ်လေးကိုလှမ်းယူ၍ ဖွင့်လိုက်သည်။ ငွေ မှာ မွေးပုံသောရေမွှေးများနှင့် စိုစွတ်နေသော ဆံပင်လေး လေး အိပ်ပျော်နေသလိုပင်။ အချစ်ကိုတန်ဖိုးမထားတတ် ဖွပ်စွဲခဲ့သော ရှိန်းက အချစ်ကို သိမ်သိမ်မွေ့မွေ့၊ ဖော်ထုတ်လိုက်ပါပကော။ ဤငွေကြုတ်လေးထဲမှာ ဆံခွေလေးများ ထာဝရ လည်ချင်းယှက်ကာ

www.burmeseclassic.com

www.burmeseclassic.com



သူသည် စားပွဲအံဆွဲကိုဖွင့်ကာ ကတ်ကြေးကို ယူလိုက်သည်။ ထုံးထားသောဆံပင်ကို ဖြေလိုက်ကာ ဆံပင်အနည်းငယ်ယူ၍ တစ်မိုက်လောက် ကတ်ကြေးနှင့် ဖြတ်လိုက်သည်။ သူ့ဆံပင်များကို ရှိန်း ဆံပင်လေးများအပေါ် ခွေ၍ထည့်လိုက်စဉ် လက်များက တုန်နေသည်။

'ရှိန်းရေ… မလေး ဒီလောက်အထိပဲ လိုက်လျောနိုင်ပါတယ်'

သူသည် တီးတိုးရေရွတ်လိုက်၍ ငွေကြုတ်ကိုပိတ်ကာ ပလာစတာနှင့် အဖုံးအစပ်ကို ပတ်လိုက်သည်။ စက္ကူအိတ်ကြီးတစ်ခုထဲတွင် ငွေကြုတ်ကို ထည့်လိုက်သည်။

တစ်ဖက်ခန်းသို့ ထွက်သွားကာ တံခါးခေါက်လိုက်သည်။

'ဒေါ်မြ… ဒေါ်မြ၊ အိပ်ပျော်နေပြီလား'

'မအိပ်သေးပါဘူး၊ ဘာကိစ္စရှိလို့လဲ'

ဒေါ်မြက တံခါးဖွင့်လိုက်သည်။

'ဒီအိတ်လေး အောက်ထပ်ကဗွီဒီယိုကို သွားပေးလိုက်ပါ'

ဒေါ်မြလက်ကို ငွေကြုတ်အပ်ကာ မလေးနုသည် သူ့အိပ်ခန်းကို ပြန်လာခဲ့သည်။ ထိုညက အိပ်မပျော်ပါ။ မိုးလင်းခါနီးမှ အိပ်ပျော်သလို ဖြစ်သွားသည်။ အိပ်မက်ထဲမှာ ငွေကြုတ်ကလေးထဲမှ ဆံပင်လေးများ ကောင်းကင်ပျံတက်ကာ ပန်းကုံးလေးတွေအဖြစ် တစ်ခွေနှင့်တစ်ခွေ ယှက်၍ ဝဲပျံနေကြသည်တဲ့။ သူ လန့်နိုးတော့ နေတော်တော်မြင့်နေပါပြီ။ ဒေါ်မြက သတင်းလာပို့သည်။ ဗွီဒီယိုသည် နံနက်ခြောက်နာရီလောက်က ပြန်သွားသည့်အကြောင်း၊ ဦးဘသာကို ညကတည်းက မှာထား၍ နံနက်စာ ကြက်ဥ၊ ပေါင်မုန့်နှင့် ကော်ဖီများ တိုက်လိုက်ကြောင်း ပြောပြပါသည်။

ရှိန်း မလေးနုကို နှုတ်မဆက်လိုတော့ပြီ ထင်ပါရဲ့။

★ ★ ★

- ၂၈ -

နောက်တစ်ပတ်မှာ မလေးနုထံသို့ ဦးစောထီး ရောက်လာသည်။ ကြိုတင်ချိန်းဆိုမထား၍ မလေးနု အံ့အားသင့်နေသည်။ ဘာပဲဖြစ်ဖြစ် ကျန်ငွေများကို တောင်းခံလျှင်လည်း နှစ်ရက်လောက်ပဲ အချိန်ယူ၍ သူ့လက်ကျန်ငွေနှင့် လက်ဝတ်လက်စားများကို ထုခွဲ၍ ရသောငွေကို ပေးလိုက်တော့မည်။

ကော်ဖီနှင့် ကြိုဆိုဧည့်ခံ စကားပြောနေပေမယ့် ဦးစောထီးသည် လာရင်းအကြောင်းကို စကားမစသေး။ မလေးနု ကလောပြန်လာ၍ ဝမ်းသာကြောင်းသာ ပြောနေသည်။ အတန်ကြာ လက်ထဲမှ ဖိုင်တွဲကြီးကို ဖွင့်လိုက်သည်။ စာရွက်စာတမ်းများကိုယူ၍ မလေးနုကို လှမ်းပေးသည်။

'ရော့… ဒီအိမ်ကြီးရဲ့စာချုပ်'

မလေးနုသည် နားမလည်သလို လှမ်းယူရင်း ငေးနေသည်။

'အန်ကယ် ပြောပြပါ့မယ်၊ ဟိုအပတ်ကတည်းက ဗညားရှိန်းဆိုတဲ့ လူတစ်ယောက် အန်ကယ့်ဆီလာပြီး တွေ့သွားတယ်၊ ရှိန်းဆေးတိုက်က မလေးနု လွှတ်လိုက်လို့တဲ့၊ မလေးနု အကြွေးကျန်ငွေနှစ်သိန်းနဲ့ အတိုးပါ ဆပ်သွားတယ်၊ အန်ကယ်က အပြေအလည် အတိုးရော အရင်းပါ ငွေရကြောင်း တံဆိပ်ခေါင်းကပ်ပြီး လက်မှတ်ထိုးပေးလိုက်ပါတယ်၊ သူက ပြောသွားလို့ နောက်အပတ်ထဲမှာမှ မလေးနု ကလောကို ရောက်လာမယ်၊ ဒီစာချုပ်စာတမ်းတွေ သွားပေး

www.burmeseclassic.com

www.burmeseclassic.com



ပါဆိုလို့ လာတာ၊ အန်ကယ် ဝမ်းသာလိုက်တာ၊ နီးနီးစပ်စပ် ဆရာဝန် တစ်ယောက် အန်ကယ်တို့ အနားမှာရှိလာလို့၊ ဒီမှာပဲ ပြန်နေတော့မယ် မဟုတ်လား၊ ပြန်သွားဦးမှာလား'

မလေးနုသည် ဘာမှပြန်မပြောနိုင်။ မျက်လုံးမှ ဝိုင်းလာသော မျက်ရည်ကိုသာ ထိန်းထားရသည်။

'မလေးလည်း ဖေဖေ့အိမ် ပြန်ရွေးနိုင်တော့ ဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျချင်ပါတယ်၊ နှစ်ရှည်လများ မလေးကို လိုက်လျှောပြီး ငွေစောင့်ယူတဲ့အတွက် အန်ကယ့်ကို ကျေးဇူးတင်ပါတယ်၊ မလေး ပြန်မယ်မပြန်ဘူးကတော့ အခြေအနေအရပါပဲ'

မလေးသည် တည်ငြိမ်အောင် စကားကို ကြိုးစား၍ပြောနေရသည်။ အတော်ကြာမှ ဦးစောထီး ပြန်သွားတော့သည်။ ဦးစောထီး ပြန်သွားမှ သူသည် အိမ်စာချုပ်ကိုပိုက်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ ဖေဖေ့အိမ်ကို ပြန်လည်ရွေးယူရ၍ ဝမ်းသာဝမ်းနည်း ဖြစ်သည့်အတွက်လည်း ပါသည်။ နောက်တစ်ကြောင်းက ရှိန်းအတွက်။

ရှိန်း... သူ့အပေါ် အစစ တာဝန်ယူခဲ့သော ရှိန်း၊ သူ့အကျပ်အတည်းတွေအားလုံးကို ဖြေရှင်းပေးသော ရှိန်း၊ 'မလေးရဲ့ ဘဝတည်ငြိမ်မှု အာမခံချက်ကို ရှိန်း တာဝန်ယူပါတယ်တဲ့' ဟိုညက မီးဖိုဘေးမှာ ပြောသွားသလို တကယ်ဆောင်ရွက်သွားသော ရှိန်းကို သူ ပြန်လည်ပေးနိုင်သည်က သူ့ခေါင်းမှ ဆံချည်မျှင်များပါပဲ။

ဒါပေမဲ့ 'ပျို့ခေါင်းက ဆံပင်၊ ရင်မှာဖြင့် အသည်း' ဆိုသော စကားရှိသည် မဟုတ်ပါလား။ မြတ်နိုးမှုကို ရင်မှ အသည်းဖြင့် တစ်တန်းတစ်စားတည်း တင်စားခြင်းခံရသော သူ့ခေါင်းမှ ဆံချည်မျှင်များကို ပေးအပ်ခြင်းဖြင့် သူ့အပေါ် ရှိန်းတစ်ယောက် ကျေနပ်လောက်ကောင်းပါရဲ့။

*ချမ်းမြေ့ရွှင်လန်းပါစေ*

**ခင်နှင်းယု**

BURMESE CLASSIC .com

www.burmeseclassic.com